
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက် - ၁၇၀၄/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက် - ၅၉/၂၀၀၄ (၁)

- ၂၀၀၄ - ခုနှစ်
မတ်လ ဒုတိယအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ - ၀၃၇၆၉)
ရွှေသမင် စာပေ
၃၇၊ ၄၄-လမ်း၊ဗိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း။

အတွင်း/အဖုံး ပုံနှိပ်သူ - ဦးကျော်ဇင် (မြ - ၀၄၂၂၉)
ခိုင်ရည်မွန်ပုံနှိပ်တိုက်၊ တိုက်ခွဲ၁၄/
မဟာသုခလမ်းနှင့် ၈၁၊ဗိုလ်ချုပ်လ
ပုဇွန်တောင်မြို့နယ်။


## နိုင်ငံတော်၏ အဓိကရည်မှန်းချက်ကြီး (၃) ပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

ရွှေသမင်စာပေ၏ တင်ဆက်မှု

# စိုးသိကျား

မြန် မာ မြန်

# စိတ်ကြမ်းကိုယ်ကြမ်း

BURMESE CLASSIC

ENFORCER
by
WESLEY MORGAN

စ–ဆုံး
လုံးချင်း



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အချိန်ကား မတ်လအလယ်ဖြစ်သည့်အလျောက် အလွန်ပူပြင်းလျက်ရှိသည်။ အပူချိန်ဒီဂရီမှာ တစ်နာရီပြီး တစ်နာရီ တရိပ်ရိပ် တက်လာနေဆဲ ဖြစ်သည်။ မွန်းတည့်ချိန်တွင် ၉၀-ကျော် ၁၀၀ နီးပါး ဖြစ်လာသည်။

ဒါတင်မကသေး ။ သမုဒ္ဒရာပြင်ကြီးဆီမှ အေးစိမ့်သော လေပြည်လေညင်းကလေး တိုက်ခတ်ခြင်းလည်း စိုးစဉ်းမျှမရှိ။ ပူအိုက်သောဒုက္ခကို လျော့နည်းစေခြင်း မရှိသည့် လေပူကြီးသာလျှင် တစ်ခါတစ်ရံ တိုက်ခိုက်တတ်သည်။ ပူလောင်သော လေသည် ငြိမ်သက်လျက်ရှိ၏။ အရာဝတ္ထုအားလုံးလည်း ပူနေသည်။ ဤအပူလှိုင်းဒဏ်ကြီးကို ယခုသီတင်းပတ်သုံးရက်အထိ လှိမ့်ခံကြရမည်ဟု ရုပ်မြင်သံကြားမှ မိုးလေဝသ ပညာရှင်များက ကြေညာထားကြသည်။

မီကီသည် မော်တော်ကားလမ်းဘေးတွင် မတ်တတ်ရပ်နေသည်။ မည်းပြောင်နေသော ကတ္တရာလမ်းမကြီးပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့များက သူမအား မီးဖိုတစ်ခုဘေး၌ ရပ်နေသလို ချွေးပြန်စေ၏။ လီဗိုင်းစ် ဂျင်းဘောင်းဘီ တိုနံ့နံ့ကလေးနှင့် ခါးပြတ်အင်္ကျီတိုကလေးတို့ကို ဝတ်ထားလင့်ကစား သူမအဖို့ နေမထိ ထိုင်မသာ ဖြစ်နေလေသည်။ သူမသည် အတွင်းခံ ဘရာစီယာကိုလည်း ဝတ်မထားပေ။ ချွေးသီးချွေးပေါက်များ သည် ပခုံးနှင့် ကုပ်ပိုးကြားမှနေ၍ ကျောရိုးတစ်လျှောက်စီးကျ ပြီး မြီးညှောင့်ရိုးနားတွင် အိုင်ထွန်းနေသဖြင့် သူမ ယားကျိကျိ ဖြစ်နေသည်။ အပူရှိန်က သူမအား ခေါင်းမူးဝေစေသည်။ ဘော်ဘီမှာရှိသော ဆေးခြောက်အပြင်းစားကို ရှူရသည်နှင့် တူသလိုလိုရှိ၏။ သို့သော် ယခုခံစားမှုမျိုးက လုံးဝဇိမ်မရှိ။ အပူရှိန်က ပို၍ပြင်းထန် ဆိုးရွားလာဆဲ။

မိကီသည် နဖူးကို ချွေးသုတ်လိုက်သည်။ အထက် ကောင်းကင်မှ တောက်ပြောင် ပြေးနေသော နေမင်းကြီးကို မော့ကြည့်သည်။

အင်း ... အပူဒီဂရီ ဘယ်လောက်များရှိမလဲ မသိဘူး။ ကိုးဆယ့်ငါးလား အနည်းဆုံးတော့ အဲသလောက်ရှိမည်။ တစ်ရာလည်းဖြစ်နိုင်သည်။ အပူချိန်ဒီဂရီ တစ်ရာအထိ ရောက်မည်ဟု မိုးလေဝသဌာနမှ ကြေညာချက်တွင် ပါရှိ ထား၏။ ငရဲပြည်တံခါးဝတွင် သွားရပ်နေခဲ့သလိုပါပဲလား။

"မိကီဝါလက်စ်ကာ" အနီးမှ ဖြတ်သွားသောသူများ သည် သူမအား ချစ်စဖွယ် ကောလိပ်ကျောင်းသူကလေး တစ်ယောက်ဟု ယူဆမိကြပေလိမ့်မည်။ သူမ၏ရုပ်ရည်



ခန္ဓာကိုယ်အချိုးအစား ပုံပန်းသဏ္ဌာန်တို့မှာ ကောလိပ်ကျောင်း သားလေးများ စိတ်ကူးယဉ် တောင့်တလေ့ရှိတတ်သော မိန်း ကလေးမျိုးဖြစ်၏။

သူမ၏ဆံပင်မှာ ရွှေဝါရောင်ဖြစ်သည်။ သူမ၏ အပြာ ရောင် မျက်လုံးများက ကျယ်ဝန်းသည်။ သူမ၏ ကိုယ်လုံးက အဆီနည်းပြီး သွယ်လျပြေပြစ်သည်။ သူမသည် အသက်ကြီး ရင့်သွားသည့်တိုင် ဝဖီးလာမည့်သူမျိုး မဟုတ်ဟု ယူဆရ၏။ သူမရင်သားများ အနည်းငယ် သေးသော်လည်း လှပသည်။ သူမခြေတံများက ရှည်လျားလှပပြီး အသားအရေ ညက်ညော သည်။ သူမ၏အပေါ် လန်နေသော နှာခေါင်းကလေးပေါ်တွင် မှည့်ခြောက်ကလေးများ အနည်းငယ်ရှိသည်။ သူမသည် တစ်စုံတစ်ယောက်၏ အရွယ်ရောက်ခါစ နှမငယ်တစ်ဦး ဖြစ်နိုင်သည်။

တကယ်တော့ သူမသည် ပြည့်တန်ဆာမလေးတစ်ဦး ဖြစ်လေသည်။

အသက် ၂၃ နှစ်ရှိ မိကီသည် ပြည့်တန်ဆာအလုပ်ဖြင့် အသက်မွေးခဲ့သည်မှာ သုံးနှစ်တိုင်တိုင် ရှိခဲ့လေပြီ။ ဤအလုပ် ကို လုပ်ရသဖြင့် သူမပျော်သည်ဟုလည်း ဝန်မခံလို။ မုန်းတီး စက်ဆုပ်သည်ဟုလည်း မဆိုသာချေ။ ဤ"အလုပ်" သည် အလုပ်တစ်ခုသာဖြစ်၏။

သူမ အသက် ၁၄ နှစ်အရွယ် အပျိုဖြစ်လာကတည်းက ယောကျ်ားတွေ ဝိုင်းဝိုင်းလည် ဖြစ်ခဲ့ကြသည် မဟုတ်လား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ငယ်ရွယ်နုပျိုလန်းဆန်းသော၊ အပြစ်မဲ့သော အသွင်သဏ္ဌာန်ကြောင့် သူတို့တွေ ဤမျှ တပ်မက်ကြခြင်းဖြစ်မည်။

ဤအလုပ်၌ ဆိုးကျိုးများ မရှိ၍ဟူတော့ မဆိုလိုပါ။ "ဖောက်သည်ယောကျ်ားများသည် တစ်ခါတစ်ရံ မိမိအား အကြမ်းပတမ်း လုပ်ကြသည်။ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကြသည်။ တစ်ချို့ဆိုလျှင် ပိုက်ဆံပေးပြီး ခိုင်းတာပဲဆိုပြီး ပေါက်တတ်ကရ ရူးကြောင်ကြောင်စိတ်ကူးတွေကို လက်တွေ့လုပ်ခိုင်းကြသည်။

ဒါပေမယ့် ဘော်ဘီရှိနေလို့ တော်ပါသေးရဲ့။

ဘော်ဘီက ဤပြဿနာမျိုးကို ဖြေရှင်းပေးစမြဲဖြစ်၏။ နောက်ပြီး အဖမ်းခံရသည့် ပြဿနာတွေလည်း ရှိသေးသည်။ မနှစ်က မိကီ နှစ်ကြိမ် အဖမ်းခံခဲ့ရ၏။ ဘော်ဘီကပင် သူမပြဿနာကို ကြည့်ရှင်းပေးခဲ့သည်။ အာမခံလုပ်ပေးခဲ့သည်။ ရှေ့နေငှားပေးသည်။ ဒဏ်ငွေဆောင်ပေးသည်။ ဘော်ဘီသည် သူ့ကောင်မလေးများအတွက် အမြဲတာဝန်ယူသည်။ စောင့်ရှောက်သည်။ ကာကွယ်ပေးသည်။ ဘော်ဘီသည် အလွန်အံ့ဩဖွယ်၊ နှစ်လိုဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။ ဘော်ဘီရှိနေသမျှ သူမတို့ဘဝမှာ အေးချမ်းနေမည်သာ။

လမ်းကွေ့တွင် အမိုးဖွင့် ကက်ဒီလက် ကားအနီကြီးတစ်စီး ပေါ်လာသည်။ မိကီသည် သူမ၏ လက်မကို ထောင်ပြပြီး ခြေနှစ်ဖက်ကို တောင့်တောင့်ရပ်လိုက်သည်။ သူမသည် ကားကြုံလိုက်စီးရန် ခွင့်တောင်းခြင်းဖြစ်၏။



ကက်ဒီလက်ကားကြီးသည် မိကီ့အနား ရောက်သောအခါ အရှိန်လျှော့ချပြီး လမ်းဘေးသို့ အနည်းငယ် ထိုးကပ်ရပ်လိုက်သည်။ နှုတ်ခမ်းမွေး မျှင်မျှင်ကလေးနှင့် ဆံပင်ကျဲကျဲရှိသူ လူကြီးတစ်ယောက် ပြတင်းပေါက်မှ ခေါင်းပြူထွက်လာသည်။

စိတ်ကူးတွေယဉ်ပြီး လက်တွေ့ကျတော့ ပိုက်ဆံအကုန်မခံလိုသော ကပ်စေးနှဲကြီးမျိုးပါပဲ။

"ဟဲ့ … သူငယ်မ ကားကြုံလိုက်မလို့လား။ မင်းဘယ်သွားမလို့တုံး ပြောလေ"

ကားပေါ်မှလူကြီးက စပ်ဖြဲဖြဲနှင့်မေးသည်။

မိကီက အချိန်ဆွဲပြီး သူ့ကို အေးတိအေးစက်ကြည့်သည်။ ငနဲကြီး ချွေးပြန်သွားအောင် လုပ်ဦးမှ။

"ကျွန်မ … ရှင်နဲ့ဆို ဘယ်မှ မလိုက်ချင်ပေါင်၊ ဖက်တီးဘုတ်ကြီး၊ ဒီကထွက်သွားစမ်းပါတော်"

မိကီက လူကြီးကို ပြောလိုက်သည်။

ကားပေါ်မှ လူကြီး၏မျက်နှာ နီရဲသွားပြီး သူ့အပြုံးလည်း ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

လူကြီးက ရေရွတ်ပြီး ကားလက်ကိုင်ဘီး နောက်ပြန်ရွှေ့ထိုင်သည်။ ကက်ဒီလက်ကားကြီး ဖုန်တထောင်းထောင်းထ,အောင် အရှိန်ပြင်းစွာဖြင့် ဆောင့်ထွက်သွားသည်။ ပူပြင်းသော ကတ္တရာနှင့် မော်တော်ကားတာယာတို့ ပွတ်တိုက်ခြင်းကြောင့် ရော်ဘာနံ့ ညှော်သွား၏။ ကားမောင်းသူလူကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှနေ၍ သူ့လက်သီးကိုဆုပ်ပြီး လက်ခလယ်ကို မိုးပေါ်ထောင်ပြသွားသည်။ မိကီအား ပြန်ဆဲဆိုသွားသည့် လက္ခဏာဖြစ်၏။

"မကျေနပ်ရင်လည်း လဲပြီးသေလိုက်ပေါ့"

မိကီကလည်း ပြန်အော်သည်။

ကက်ဒီလက်ကားကြီး ပျောက်ကွယ်သွားလေပြီ။ မိကီက နှာခေါင်းရှုံ့ပြီး လမ်းဆက်လျှောက်သွားသည်။ အလကား လူကြီး။ ထွီ...။

ရှေ့ကိုက် တစ်ရာခန့် ဆက်လျှောက်ပြီးသောအခါ မိကီသည် လမ်းဘေး စားသောက်ဆိုင်တစ်ခုရှေ့တွင် ရပ်လိုက်သည်။ "ဂျော့ချ်နှင့် အာမာတို့၏ စားသောက်ဆိုင်"ဟူသော ဆိုင်းဘုတ်ကို ချိတ်ထားသည်။ အဝေးပြေး ကုန်ကားကြီးများ ရပ်နားစားသောက်ရာ ဆိုင်ဖြစ်သည်။ ဆိုင်မှာ အတော်အိုမင်းဟောင်းနွမ်းနေပြီး အဖြူရောင် အဆောက်အအုံမှာ အရောင်အဆင်းမရှိတော့။ ဆေးတွေ ကွာကျနေပြီ။ ပြတင်းပေါက်မှန်ချပ်များ ညစ်ပတ်နေသည်။ ဆိုင်တွင်းရှိ ဓာတ်ပြားဖွင့်စက်ကြီးမှ ကျေးလက်သီချင်းသံသည် ခြင်လုံသံဆန်ခါ တံခါးချပ်ကို ထိုးဖောက်၍ အပြင်သို့ ပျံ့လွင့်ထွက်လာသည်။ ကုန်ကားများနှင့် ကုန်ကားမောင်းသူများအကြောင်း သီဆိုထားသည့် ဂျွန်နီကက်ရှ်၏ သီချင်းတစ်ပုဒ်ဖြစ်သည်။ အဆုံးမရှိသော လမ်းပေါ်မှ သေခြင်းနှင့်ရှင်ခြင်းအကြောင်း။

ကောင်တာတွင် စားပွဲထိုးမလေးအား စကားပြောနေ



သော ယောကျ်ားနှစ်ယောက်ကို မိကီ ပြတင်းပေါက်မှ မြင်ရသည်။

မိကီ ပြုံးလိုက်သည်။

သူမသည် စားသောက်ဆိုင်ကလေးရှေ့တွင် ရပ်ထားသော တစ်စီးတည်းသော မော်တော်ကားကြီးကို အာရုံစိုက်ကြည့်လိုက်သည်။ ကားဘေး၌ "ဝက်စ်တင်းဓာတ်ငွေ့ကုမ္ပဏီ" ဟူသော စာတန်းပါရှိသည့် အညိုရင့်ရောင် ထရပ်ကားကြီးတစ်စီးဖြစ်သည်။ ကားသည် အမိုးမြင့်မြင့်နှင့် လေးထောင့်ကျကျ ကိုယ်ထည်ပါရှိသည်။ ပစ္စည်းကိရိယာများ ဖြန့်ဖြူးပို့ဆောင်ပေးရာ၌ အသုံးပြုသော ထရပ်ကားကြီးမျိုးဖြစ်သည်။

သူမသည် ထိုကားကြီးကို အတန်ကြာအောင် အကဲခတ်ပြီး လမ်းဘေးတစ်နေရာရှိ ကျောက်တုံးကြီးတစ်တုံးပေါ်၌ ထိုင်ချလိုက်သည်။ ကျောက်တုံးက ပူနေသည်။ မိကီသည် ခြေထောက်အပူလောင်သည့်ဒဏ် မခံနိုင်သဖြင့် ဖင်ဂနာငြိမ်အောင် မထိုင်နိုင်ရှာပေ။ သူမသည် မျက်လုံးမှိတ်ပြီး နှုတ်ခမ်းကို တံတွေးဆွတ်လိုက်သည်။ မခံမရပ်နိုင်သော အပူရှိန်ကို အလွန်မုန်းတီးမိလေသည်။

သူမ သိပ်ကြာကြာ မစောင့်လိုက်ရပါ။ မိနစ်အနည်းငယ်အကြာ၌ စားသောက်ဆိုင်၏ ခြင်ကာဆန်ခါတပ်တံခါး ပွင့်လာပြီး သူမ စောစောကတွေ့ထားသော လူနှစ်ယောက် ကားရပ်ကွက်လပ်သို့ ထွက်လာသည်ကို တွေ့ရ၏။ ထိုလူနှစ်ယောက်စလုံး ဓာတ်ငွေ့ကုမ္ပဏီ၏ ဝန်ထမ်းဝတ်စုံများ ဝတ်ထားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်ပိုင်ယ်သော အလုပ်သမားသည် ရွှေရောင်ဆံပင် ကောက်တိကောက်ကွေးနှင့် ပြုံးရွှင်သော မျက်နှာထားရှိ၏။ သူသည် ဆိုင်ထဲသို့ ပြန်လှည့်ကြည့်ကာ၊

"နောက် ကြာသပတေးနေ့ကျမှ ပြန်တွေ့ကြမယ်လေ။ ကျွန်တော် အဲဒီလောက်အထိ အတော်အောင့်အည်းသည်းခံ စောင့်ရဦးမယ်။ မလွယ်ဘူး မချောလေးရေ့"ဟု ချိုသာသော အသံဖြင့် ပြောလိုက်သည်။ သူတံခါးပြန်ပိတ်လိုက်သဖြင့် ဆိုင်ထဲမှ စားပွဲထိုးမလေး၏ ရယ်သံသွဲ့သွဲ့နှင့် ခွက်ပြားစက်မှ သီချင်းသံတို့ တိုးဝင်ပျောက်ကွယ်သွား၏။

ထိုနောက် လူငယ်သည် သူ့ရှေ့မှ သွားနှင့်နေသော လူကြီးနောက်သို့ အမီပြေးလိုက်သွားသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဖွျန်နီရယ်"

လူကြီးက မေးသည်။

ဖွျန်နီအမည်ရှိ လူငယ်က ဝင်းပစွာပြုံးပြီး သူ့မိတ်ဆွေကြီး၏ ကျောကုန်းကို လက်ဝါးနှင့်ပုတ်လိုက်သည်။

"ခင်ဗျား ခုထိ အဲဒါ မသိသေးဘူးလား၊ ကျွန်တော့်မှာက ပါရမီခေတ်ခံရှိပြီးသားဗျ၊ မိန်းမတွေ ကျွန်တော်နဲ့တွေ့လျှင် တစ်ခါတည်း ကောက်ကောက်ပါလာတာချည်းပဲ"

လူကြီးက သူ့ကို ခါးသည်းစွာဖြင့်ကြည့်သည်။

"မင်းမှာ ပါရမီရှိရင် ငါက အလကားကောင်ပေါ့"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ တူတာတစ်ခုတော့ရှိတယ်ဗျ။ အင်ဒီရဲ့"



"ကြားရတာ ဝမ်းသာလိုက်တာ"

"ခင်ဗျားနဲ့ ကျွန်တော် စိတ်တူ သဘောတူပါပဲဗျာ"

သူတို့၏ ထရပ်ကားကြီးဆီသို့ ရောက်ခါနီးတွင် ဖွျန်နီသည် လက်မ ထောင်ပြပြီး သူတို့ဆီကျောပေး၍ နောက်ပြန်လျှောက်လာသော မိကီအား တွေ့ရလေသည်။ ဖွျန်နီသည် သူမ၏ ရှည်လျားသော ခြေတံများနှင့် လုံးဝန်းကျစ်လျစ်သော တင်ပါးတို့ကို အငမ်းမရ ကြည့်လိုက်မိ၏။

"အာပါး ...တယ်မိုက်ပါလား"

မိကီသည် သူတို့နှစ်ဦးအပါးမှ ဖြတ်ကျော်သွားသည်။ ဖွျန်နီက သူမအား အားရပါးရ ပြုံးပြသည်။

"မင်းဟာ ဒီလောက်ပူအိုက်တဲ့ နေ့မျိုးကျမှပဲ ကားကြုံလိုက် ခရီးထွက်ရသလားကွယ်"

ဖွျန်နီက စကား စ,သည်။

မိကီက ရပ်ပြီး သူ့ကို ပြန်ပြုံးပြသည်။

"အိုး...ရှင်ပြောစရာမလိုဘူး၊ ကျွန်မသိတယ်၊ ပူလွန်းလို့ အပူလျှပ်ပြီး သေရတော့မယ်ရှင့်၊ ဒီနေ့အပူချိန် ကိုးဆယ့်ငါး လောက် ရှိမယ်နော်"

"ကိုးဆယ့်ရှစ်တဲ့၊ ခုန ရေဒီယိုက ကြားလိုက်တယ်"

ဖွျန်နီ ညာပြောခြင်းဖြစ်သည်။ သို့သော် ကောင်မလေးနှင့် စကားဆက်ပြောရန် အခွင့်အရေး လုပ်ယူရခြင်းဖြစ်ပေသည်။ ဖွျန်နီသည် လှပချစ်စဖွယ်ကောင်းသော ကောင်မလေးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောဆိုရာ၌ ကျွမ်းကျင်သူတစ်ဦးအဖြစ် မိမိဘာသာ ခံယူထားသူဖြစ်သည်။

မီကီသည် သူ့မမျက်နှာပေါ်မှ ဆံပင်များကို ကျင့်သားရနေသောလက်ဖြင့် ဖတ်ခနဲ ဖယ်ထုတ်ပစ်လိုက်သည်။

"ကျွန်မ ဒီနေ့ ကံဆိုးတာရှင့်၊ "စတင်ဆင်"ကမ်းခြေမှာ ကျွန်မ ဗောက်(စ်)ဝက်ဂွန်းကား ပျက်လို့ထားခဲ့ရတယ်၊ ကားကို ဝပ်ရှော့တစ်ခုကို ကရိန်းကားနဲ့ ဆွဲယူသွားခိုင်းလိုက်ပြီ၊ ခု ကျွန်မ ကားကြုံစီးပြီး အိမ်ပြန်မလို့"

ဂျွန်နီက မိမိအား စိတ်မရှည်စွာဖြင့် ကြည့်နေသော အင်ဒီ့အား လှမ်းကြည့်သည်။ ဒီလူကြီး အရိုပ်သုံးပါး နားမလည်ပါကလား။ ညှာတာစိတ်လေး ထားဖို့သင့်တယ်။ တယ်ခက်တာပဲ။ သူသိတာ သူ့အလုပ်ပဲရှိတယ်။ ဂျွန်နီ့အဖို့ သူ့ဘဝမှာ လုပ်စရာ ကိုင်စရာတွေ အများကြီး မဟုတ်လား။

ဂျွန်နီက မီကီဘက် ပြန်လှည့်ကြည့်သည်။

"မင်း ဘယ်သွားမလို့လဲ"

"မီးလ်တောင်ကြားလမ်းကိုပေါ့၊ အဲဒီတောင်ကြားမှာ ကျွန်မ ကိုယ်ပိုင်အိမ်ကလေး ရှိတယ်လေ၊ ဪ ...ရှင်တို့လည်း အဲဒီဘက်သွားမယ့်ပုံ မပေါ်ပါဘူး၊ နေပါစေလေ၊ ကျွန်မ ဒီနေ့ ကားကြုံစီးရဖို့ အခွင့်အရေးကို မရသေးဘူး၊ ကံဆိုးတာပဲ၊ ရှင်တို့ လိုက်ပို့ပေးနိုင်ရင်တော့ သိပ်ကောင်းမှာပဲ"

ဂျွန်နီက အင်ဒီ့အား လှမ်းကြည့်ပြန်သည်။



"ကျွန်တော်တို့ မီးလ်တောင်ကြားလမ်းက ဖြတ်မောင်းမှာ မဟုတ်လားဗျ"

အင်ဒီက အံ့အားသင့်စွာဖြင့် မျက်ခုံးတစ်ဖက် ပင့်လိုက်၏။

"မီးလ်တောင်ကြားလမ်းလား၊ ပေါက်ကရ ငါတို့သွားမယ့်လမ်းနဲ့ တခြားစီပဲကွ၊ နောက်ပြီး ငါတို့ကားပေါ် ခရီးသည် တင်ခွင့်မရှိဘူးဆိုတာ မင်းမေ့နေပြီလား"

ဂျွန်နီက ရှက်ကိုးရှက်ကန်းဖြင့်ပြုံး၍ ပခုံးတွန့်ပြသည်။

"ဟာဗျာ လုပ်စမ်းပါ၊ ဘာအရေးလဲ၊ သိပ်မဝေးပါဘူး"

"ဒီမယ် ...ဆွာဆာလီတိုမြို့ကို ကားပေါ်က ပစ္စည်းတွေ အရောက်သွားပို့ရဦးမှာကွ"

အင်ဒီက အင်္ကျီလက်မောင်းပင့်တင်ကာ လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ကဲ ...နှစ်နာရီထိုးတော့မယ်၊ တို့ အဲဒါ အချိန်မီသွားမပို့ပေးရင် တို့သူဌေး ဒေါကန်နေလိမ့်မယ်"

"အချိန်ရှိသေးတာပဲဗျာ၊ ကျွန်တော်တို့သွားမယ့်လမ်းနဲ့ မိုင်နည်းနည်းပဲဝေးတာ ဘယ်လောက်ကြာမှာမို့တုန်း၊ ဒါ ဘယ်သူမှ သိမှာမဟုတ်ဘူး၊ "တီဘရွန်"က ကိစ္စက ထင်တာထက် အချိန်ပိုကြာသွားတယ်လို့ ဖြီးတာပေါ့၊ အဲဒါ သူတို့ ဖုန်းဆက်ပြီး ဟုတ်,မဟုတ် စစ်ဆေးမှာ မဟုတ်ပါဘူး"

"ကျွန်မအိမ်မှာ ရေခဲစိမ် ဘီယာပုလင်းတွေ ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပူတဲ့အခါမျိုးမှာ အဲဒါသောက်ရရင် သိပ်ဓိမ်ရှိမှာပဲ နော်”

မိကီက ဂျွန်နီတို့၏စိတ်ကူးကို ဆွပေးနေသည်။

“လာစမ်းပါဗျာ၊ ပူရအိုက်ရတဲ့အထဲ”

အင်ဒီက ခဏမျှ စဉ်းစားနေသည်။ အင်ဒီ သူ့ဘက်ပါလာတာ သေချာပြီဟု ဂျွန်နီယူဆ၏။ နောက်ဆုံး၌ အင်ဒီက ခေါင်းညိတ်ပြသည်။

“အေး ဒီလိုဆိုလည်း သွားကြတာပေါ့၊ သိပ်တော့ကြာလို့ မဖြစ်ဘူးကွ”

အင်ဒီက သက်ပြင်းချရင်း ပြောသည်။ မိကီအား လှမ်းကြည့်ပြီး ...

“ကဲ ... ကလေးမ ကားပေါ်တက်၊ သွားကြရအောင်၊ တို့မှာ သိပ်အချိန်မရှိဘူးကွ”

သူတို့သုံးဦး ထရပ်ကားရှေ့ခန်းသို့ တက်ကြသည်။ အင်ဒီနှင့် ဂျွန်နီတို့ကြား၌ မိကီထိုင်သည်။ အင်ဒီသည် ကားစက်နှိုးပြီး အဝေးပြေးကားလမ်းမကြီးပေါ် မောင်းထွက်သည်။

“ငါ့နာမည် ဂျွန်နီ၊ သူ့နာမည်က အင်ဒီတဲ့”

ဂျွန်နီက စီးကရက်မီးညှိရင်း ပြောသည်။ စီးကရက်တစ်လိပ်ကို မိကီအားပေးသည်။ သူမက ခေါင်းယမ်းပြသည်။

“ကျွန်မ ဆေးလိပ်မသောက်ဘူး”

“မင်းနာမည် ဘယ်လိုခေါ်လဲ”

မိကီက ချက်ချင်းမဖြေ။ သူတို့ကို နာမည်အတု



တစ်ခုခု ပြောရလျှင် ကောင်းမလား။ ကိစ္စမရှိ သူတို့တွေ ဘယ်သူမှ ပြန်ပြောနိုင်မည်မှ မဟုတ်တာဘဲ။

“မိကီလို့ ခေါ်ပါတယ်”

ဂျွန်နီက ရယ်သည်။

“မစ်ကီ ဟုတ်လား၊ မစ်ကီမောက်(စ်) ကြွက်ကလေး နာမည်လား”

ဂျွန်နီက နောက်သည်။

မိကီက မျက်နှာရှုံ့မဲ့ပြီး ခေါင်းခါပြသည်။

“ကျွန်မကို ငယ်ငယ်ကတည်းက ကျောင်းမှာ အဲသလို နောက်နေကြတာ အကြိမ်ပေါင်း တစ်သန်းမကတော့ဘူး၊ ကျွန်မအဖို့တော့ ရိုးနေပြီသိလား”

“ဟေ ... ဟုတ်လား၊ သိပေါင်”

“ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မ အရေထူနေပြီပဲ၊ အမှန်တော့ ကျွန်မနာမည်က အဲသလို စာလုံးမပေါင်းဘူး၊ မစ်ကီလို့လည်း မခေါ်ဘူး၊ အမ်အိုင်ကေအိုင် “မစ်ကီ” ရှင့်”

“ဟာ ... ဒါဆို တစ်မျိုးဆန်းတာပေါ့၊ အဲဒါတော့ ကြိုက်သွားပြီ၊ မင်း ကျောင်းမှာတုန်းက “ချီးယားလီဒါ” လုပ်ခဲ့ရတယ်မဟုတ်လား”

ဂျွန်နီက စီးကရက်ကို အားပါးတရရှိုက်ပြီးမှ မေးသည်။

“ဟုတ်တယ်။ ရှင် ဘယ်လိုသိလဲ”

ဂျွန်နီက သူမတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို မင်းဟာ ချီးယားလီဒါတွေရဲ့ ပုံစံမျိုးပဲဟာ၊ မင်း ဘယ်ကျောင်းမှာနေခဲ့လဲ"

"ပါလိုအဲ(လ်)တိုမှာ"

"ဩော် ဟုတ်သလား၊ ငါက ရက်(ဒ်)ဝု(ဒ်)မြို့တော်မှာ မွေးပြီး အဲဒီမှာကြီးတာ၊ မင်းနဲ့ငါ လက်စသတ်တော့ အိမ်နီး ချင်းတွေပဲ၊ ငါက ဘတ်စကက်ဘောနဲ့ ပြေးခုန်ပစ်မှာပါတယ်"

မီကီက ခေါင်းညိတ်ပြသည်။ စိတ်ဝင်စားမှုရှိချင်ဟန် ဆောင်နေသည်။ ဂျန်နီဆိုသော ငနဲသည် အားကစားသမား တစ်ယောက်နှင့်တူ၏။

"အတော်စိတ်ဝင်စားစရာကောင်းတာပဲ"

တကယ်တော့ သူမ စိတ်မဝင်စားပါ။ ဤစကားမျိုး သူမ ကြားဖူးနေကျဖြစ်၏။ သို့သော် ဂျန်နီသည် သူမ ညာသမျှ ယုံနေ၏။ ယောကျ်ားတွေကို လိမ်ညာဖြီးဖြန်းခြင်း သည် သူမလုပ်ငန်း။

**အားကစားပြိုင်ပွဲများတွင် ပြိုင်ဘက် အသင်းများ ဘက်မှ ပန်းပွားလေးများ ကိုင်မြှောက်၍ ကခုန်ရင်း ဦးဆောင် ဆော်ဩ အားပေးကြရသော စကတ်တိုနန့်နန့်ဝတ်ကျောင်းသူမ ချောလေးများ၏ တစ်စိတ် တစ်ပိုင်းဖြစ်၏။ ဒါကိုသူမ တတ်မြောက် နားလည်ခဲ့သည်မှာ ကြာခဲ့ပြီ။ ဒီတစ်ယောက်က တော့ အတော့်ကို လွယ်သည်။ ထို့ကြောင့် ဘော်ဘီပြောသည့် အတိုင်း အားလုံး စီစဉ်ထားသလို ဖြစ်လာဖို့ သေချာနေပြီ။

✧ ✧ ✧



ဘော်ဘီမက်(ခ်)ဝဲ(လ်)သည် အသက် နှစ်ဆယ့်ရှစ်နှစ် အရွယ်တွင် အလွန်ကြည့်ကောင်းသော ယောကျ်ားတစ်ယောက် ဖြစ်လေသည်။ သူ၏ ထူထဲသော ရွှေရောင်ဆံပင်သည် ပခုံး အထိ ရှည်လျား၏။ မိန်းကလေးတစ်ဦး၏ ဆံပင်နှင့် ပို၍တူ ၏။ သူသည် အရပ်မြင့်ပြီး ကိုယ်လုံး တောင့်တင်းသန်မာ သည်။ အသားအရေမှာ နေရောင်ကောင်းကောင်း ခံထားရ သဖြင့် ညိုနေသည်။ သူ့ကို ဘယ်လိုကြည့်ကြည့် လူချော လူခန့် တစ်ယောက်ဟု သတ်မှတ်ရမည်ပင်တည်း။

သူ လှုပ်ရှားသောအခါ ကြောင်တစ်ကောင်ကဲ့သို့ ညင် သာလှသည်။ သူသည် လေ့ကျင့်ခန်း ကောင်းစွာလုပ်ထား သော အားကစားသမားတစ်ဦးပမာ လှပကျစ်လျစ်စွာဖြင့် လှုပ်ရှားနိုင်သူ ဖြစ်သည်။

သို့သော် ဘော်ဘီတစ်ကိုယ်လုံး၌ လေးစားစရာ၊ အထင် ကြီးစရာ အကောင်းဆုံးသော အင်္ဂါအစိတ်အပိုင်းမှာမူ သူ၏ မျက်လုံးများဖြစ်သည်။ စူးရှခြင်း၊ ရိုင်းစိုင်းခြင်း နိမိတ်လက္ခဏာ တို့ ပေါ်လွင်နေသော သူ့မျက်လုံးများသည် သူ၏ ကြောက်မက် ဖွယ် ကောင်းလှသော၊ ရက်စက်ကြမ်းတမ်းသော အတွင်း သဏ္ဍာန်ကို ဖုံးအုပ်ထားနိုင်ခြင်း မရှိကြပေ။ သူ့မျက်လုံးများ သည် မုဆိုးမျက်လုံးများဖြစ်၏။ ဘော်ဘီ၏ တည်ငြိမ်အေး ဆေးသော ပြင်ပသဏ္ဍာန်က ရက်စက်ကြမ်းတမ်းစွာ လုပ်ကိုင် နိုင်မှုကို အသာလေး ကွယ်ဝှက်ထားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီမက်(ခ်)ဝဲ(လ်)သည် လူသတ်သမား တစ်ဦး ဖြစ်လေသည်။

ဘော်ဘီသည် အိမ်ငယ်လေး၏ ရှေ့ဘက် သစ်ပင် တစ်ပင်အောက်တွင် ပင်စည်ကိုမှီ၍ထိုင်ရင်း သူဌေးဖြစ်ရေးကို စိတ်ကူးယဉ်နေသည်။ သူတစ်နေ့နေ့ သူဌေးဖြစ်ရမည်ဟု သူမျှော်လင့်ထားပြီးသား ဖြစ်၏။ အချိန်သာလိုမည်။ အခွင့် အရေးကောင်းတစ်ခု ပေါ်လာလျှင် လက်မလွှတ်ဖို့ နေရာမှန် မှာ ရောက်ရှိနေဖို့သာ အရေးကြီးသည်။

ထိုအချိန်သို့ ရောက်သောအခါ ဘာပဲဖြစ်ဖြစ် ဂရုမစိုက် ဘဲ ၎င်းအခွင့်အရေးကို လက်မလွှတ်တမ်း အမိအရ ဖမ်းယူနိုင် ဖို့ အဓိကဖြစ်သည်။ ရက်စက်တန်လျှင် ရက်စက်ရမည်။ ကြမ်းစရာရှိလျှင် ကြမ်းပစ်ရမည်။

ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်မျိုး ထားရ မည်။

ဤကမ္ဘာလောကကြီးသည် ကြမ်းတမ်းသော၊ ခက်ခဲ သော ကမ္ဘာကြီးဖြစ်လေရာ မိမိကောင်းစားရေးအတွက် သူများ တကာတွေထက် ပိုပြီးကြမ်းနိုင်၊ ရမ်းနိုင်၊ မိုက်နိုင်မှ တော်ကာ ကျလိမ့်မည်ဟု ဘော်ဘီ နားလည်ထားသည်။

ဘော်ဘီ ဤအချက်ကို ခြွင်းချက်မရှိ ယုံကြည်သည်။ ဤကား အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်။ တစ်ခုတည်းသော စည်းကမ်းဥပဒေဖြစ်သည်။



မိမိ၏ လမ်းခရီးရှေ့တွင် မည်သည့်အရာ၊ မည်သူ့ကိုမျှ ပိတ်ဆို့ခွင့်၊ ဟန့်တားခွင့် မပေးရ။ မိမိလိုချင်သော အရာတစ်ခု ကို မြင်လျှင် ရအောင်ယူရမည်။ ထိုအရာကို ယူလို့မရအောင် တစ်စုံတစ်ယောက်က ဝင်ရှုပ်မည်ဆိုပါက ထိုလူကို သတ်ပစ် ရုံသာရှိ၏။ ရှင်းရှင်းကလေး မဟုတ်လား။

လောကမှာ မိမိကောင်းစားရေး၊ ထိပ်ဆုံးရောက်ရှိရေး ထက် ပိုပြီး အဓိကကျတာ မရှိ။

သို့မှသာ ကမ္ဘာလောကကြီးထဲ၌ မိမိရှင်သန် နေထိုင်လိမ့် မည်။ ဘော်ဘီမက်(စ်)ဝဲ(လ်)သည် အသက်ရှင်သန် ကျန်ရစ် အောင် နေနိုင်သူဖြစ်၏။

အဝေးမှ ချဉ်းကပ်လာသော မော်တော်ကားစက်သံကို ကြားကြားချင်း ဘော်ဘီသည် အနံ့ရသော တိရစ္ဆာန်တစ်ကောင် အလား ဆတ်ခနဲ ခေါင်းထောင်လာသည်။ မြေကြီးတွင် ခေါင်းငုံ့ ချောင်း၍ နားထောင်ကြည့်သည်။ ထရပ်ကားတစ်စီး၏ စက်သံ ပါကလား။ မီကီသည် တာဝန်ကျေပွန်စွာ ထမ်းဆောင် နိုင်ခဲ့ ပြီဟု အဓိပ္ပာယ်ရ၏။

ဘော်ဘီသည် ညင်သာသိမ်မွေ့စွာ မတ်တတ်ထပြီး မြေကြီးပေါ်ချထားသော နှစ်လုံးပြူးသေနတ်ကို ကောက်ယူ သည်။ အိမ်ငယ်လေး၏ ဘေးတစ်ဖက်ခြမ်းရှိ အရိပ်များ အောက်သို့ ခပ်မှန်မှန်လေး လျှောက်သွားသည်။ သူသည် လူမမြင်နိုင်ရန် နေရာတစ်ခုရွေးပြီး ပုန်းနေသည်။ လမ်းကွေ့နှင့် အများတွင် အိမ်ငယ်လေးရှိရာသို့ ကွေ့ဝင်လာသော ထရပ်

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကို လှမ်းမြင်ရသည်။ မိနစ်အနည်းငယ်အတွင်း၌ ဖုန်ထနေသော ကားလမ်းသွယ်ကလေးတွင် ထိုးရပ်သည်။

ဂျွန်နီသည် ယာဉ်မောင်းခန်းထဲမှ ဆင်းလာသည်။ မိကီအား လက်ကမ်းပေးပြီး ဆင်းစေ၏။ ဂျွန်နီသည် လမ်းဆုံးရှိ တောင်ကမ်းပါးအစွန်းတွင် တည်ရှိသော သစ်သားအိမ်အဟောင်းနှင့် ကားဂိုဒေါင်တို့ကို ကြည့်လိုက်သည်။

အင်မတန် ချောင်ကျသော နေရာကလေးပါလား။ ဤနေရာကို ကောင်းကောင်း မှတ်မိအောင်တော့ လုပ်ထားရဦးမည်။

"တယ်ကောင်းပါကလား။ မင်းအိမ်ပေါ်ကနေကြည့်ရင် အောက်ဘက်က တောင်ကြားဒေသတစ်ခုလုံးကို ကောင်းကောင်းမြင်ရမှာပေါ့။ ညဘက်ဆိုရင်လည်း ဖိမ်ပဲနော်"

ဂျွန်နီက ပြုံးစိစိနှင့်ပြောသည်။

"အိမ်က ပြန်ပြင်ရဦးမယ်လေ၊ ကျွန်မ အဘွားဆီက အမွေရထားတာ၊ ပြင်မလို့ဟာ ဒီပြင် အလုပ်တွေရှုပ်နေတာနဲ့ မပြင်အားသေးဘူး၊ ဒီခေတ်မှာ အစစအရာရာ စရိတ်ကလည်း အတော်ကြီးသားကလား၊ ဘယ်သူ့မှလည်း ပိုက်ဆံပေးပြီး မခိုင်းနိုင်ဘူး၊ ကိုယ့်ဘာသာပဲ လုပ်ရတယ်၊ ကျွန်မ အချိန်ပိုရှိမှပဲ လုပ်ဖြစ်တယ်၊ ကြာတော့ကြာတာပေါ့"

"အင်း ... မင်းပြောတာ ငါသဘောပေါက်တယ်၊ ငါက အိမ်ဆေးသုတ်တာတို့၊ လက်သမားလုပ်တာတို့လောက်တော့ နည်းနည်းရပါတယ်၊ ငါ့မှာ ပစ္စည်းသယ်ဖို့ ထရပ်ကားတစ်စီးလည်း ရှိတယ်၊ မင်းအကူအညီလိုရင် ငါ့ကိုအချိန်မရွေးခေါ်စမ်းပါ"



"ကျွန်မ ဒါဆို တကယ်ခေါ်လိုက်မှာနော်"

"ခေါ်ပါ တကယ်လုပ်ပေးမှာပါ"

မိကီသည် အိမ်သို့ လမ်းလျှောက်သွားသည်။

"လာလေ၊ ရှင်တို့ကို ကျွန်မ ဘီယာတိုက်ဖို့ အကြွေးရှိသေးတယ်လေ"

ဂျွန်နီက သူမနောက်က လိုက်သွားသည်။ အင်ဒီသည် ယာဉ်မောင်းဘက်ခြမ်းမှ ဆင်းလာပြီး သူ့နဖူးကို ချွေးစို့နေသော အနီရောင် လည်စည်းပဝါ အဟောင်းကြီးဖြင့် ချွေးသုတ်သည်။

"ငါ ခုလိုက်လာခဲ့မယ်ဟေ့၊ အင်ဂျင်ပူနေလို့ ရေဒီယေတာ အဖုံးဖွင့်ထားရဦးမယ်။ ကလေးမ ရေတစ်ပုံးလောက် ရနိုင်မလား"

မိကီသည် အိမ်ရှေ့တံခါးဝ၌ရပ်ပြီး ကားဂိုဒေါင်ဘေးရှိ အစိမ်းရောင် ရေပိုက်လုံးခွေဆီ လက်ညှိုးထိုးပြသည်။

"အဲဒီမှာ ရေပိုက်ရှိတယ်၊ ရှင့်ဘာသာ ငုံ့ယူချေ၊ ရေပိုက်ဖွင့်ဖို့ ပလာယာတော့ လိုမှာပဲ၊ ဘုံပိုင်ခေါင်းမရှိဘူး၊ အဲဒါလည်း ကျွန်မ ပြင်မလို့ဟာ ခုထိမပြင်ဖြစ်ဘူး"

"ငါ့မှာ ပလာယာ ပါပါတယ်"

မိကီနှင့် ဂျွန်နီတို့နှစ်ဦး အိမ်ထဲဝင်သွားကြသည်။

အင်ဒီသည် ထရပ်ကားရှေ့ တည့်တည့်သို့ ဖြည်းညင်းစွာ

www.burmeseclassic.com



လျှောက်သွားပြီး စိတ်ပျက်စွာဖြင့် ကြည့်လိုက်သည်။ လေးလံသော ကားစက်ဖုံးကိုဖွင့်ပြီး သတ္တုတံတစ်ချောင်းဖြင့် ထောက်လိုက်သည်။ ရေဒီယေတာမှာ အခိုးတလူလူ ထွက်နေသည်။ အနီရောင် လည်စည်းပဝါဖြင့် အဖုံးကို သတိထားအုပ်ပြီး လှည့်ဖွင့်သည်။ သူ့လက်များ အပူမလောင်အောင် သတိထားရသေးသည်။ အဖုံးကလေးကို တစ်ချက်လှည့်ဖွင့်လိုက်သည်နှင့် ရေနွေးငွေ့များ ရှူးခနဲ ပန်းထွက်လာသည်။ အင်ဒီသည် ကျယ်လောင်စွာဖြင့် ရေရွတ်ရင်း သူ့လက်ချောင်းများကို ပွတ်မိသည်။

သူသည် အိမ်ကို ကျောပေးရပ်နေသောကြောင့် အိမ်၏ အရိပ်ကိုခိုကာ သူ့ကို ချောင်းကြည့်နေသော ဘော်ဘီမက်(ခ်)ဝဲ(လ်)အား မမြင်မိပေ။ တစ်မိနစ်နီးပါးခန့် ကြာသည်အထိ ဘော်ဘီ မလှုပ်ရှားသေး။ သူ့ရှေ့ဘက်ရှိလူကို အကဲခတ်နေသည်။ ဒီလူကို သူ သတ်ပစ်ရတော့မည်။ ဘော်ဘီ မသတ်ရဲသောကြောင့်မဟုတ်။ ထိုလူ့ကို သနားသောကြောင့်မဟုတ်။ ဘော်ဘီသည် လူသတ်ရမှာကို သဘောကျနေ၏။ လူသတ်ခြင်းသည် ဘော်ဘီအား ဆေးရှူခြင်းထက် ပို၍ဖိမ်တွေ့စေသည်။ ထူးခြားသော ခံစားမှုတစ်မျိုးကို ရရှိစေ၏။ အခြားယောကျ်ားများ ကာမရောဂါကိစ္စကြောင့် စိတ်တက်ကြွသကဲ့သို့ လူသတ်ခြင်းဖြင့် သူလည်း စိတ်တက်ကြွစမြဲ ဖြစ်၏။

ဒါနန်းမြို့အနီး စပါးကွင်းထဲတွင် ပုန်းအောင်းနေသော ဗီယက်ကောင်း လက်ဖြောင့်သေနတ်သမားတစ်ဦးမှာ ဘော်ဘီ၏ ပထမဆုံးသားကောင် ဖြစ်ခဲ့ရပုံကို သူ ဝိုးတဝါး မှတ်မိနိုင်သေး၏။



ဘော်ဘီသည် ရန်သူ၏နောက်မှ အသာလေး ကပ်ဝင်ပြီး လက်တစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ကာ အခြားလက်တစ်ဖက်ဖြင့် ဝမ်းဗိုက်ကို ဓားဖြင့်ထိုးသွင်းလိုက်သည်။ ဤနည်းကို အထူးထပ်ဖွဲ့ ကွန်မန်ဒိုသင်တန်းတွင် တတ်မြောက်ခဲ့၏။ အင်မတန် လွယ်ကူသော နည်းဖြစ်၏။

ဗီယက်ကောင်းငနဲသည် ကြောက်လန့်သော၊ နားမလည်သော မျက်လုံးများဖြင့် သူ့ကိုပြန်မော့ကြည့်မိသည်။ ၎င်းဘာသာ သေမင်းလက်ထဲ ကျရောက်ရခြင်းကို မယုံကြည်နိုင်ရှာသေးချေ။ သို့သော် သူသေရပြီဖြစ်ကြောင်းတော့ သိသွားပြီ။

တစ်စက္ကန့်တွင် သူသည် အသက်ရှူနေသော၊ အသက်ရှင်နေသော လူသားတစ်ဦးဖြစ်သည်။

နောက်တစ်စက္ကန့်တွင် သူသည် ဘာမျှအသုံးမဝင်သော သက်မဲ့ခန္ဓာကိုယ်တစ်ခု ဖြစ်သွားလေသည်။

အမဲသားတစ်တုံးနှင့် ဘာမျှမခြားတော့ပါ။

ထိုအခိုက် ဘော်ဘီသည် ခေါင်းထဲ ရှာရှာလည်သွားပြီး နားထဲ၌ တဝီဝီမြည်လာသည်။

သူ့တစ်ကိုယ်လုံး လျှပ်စစ်ဓာတ်အားများ ထိုးသွင်းပေးလိုက်သလို၊ စွမ်းအားသစ်တစ်မျိုး ဖြည့်ဆည်းပေးလိုက်သလို၊ အသက်သွင်းပေးသလို ဖြစ်သွားသည်။

ထိုနောက်ပိုင်းတွင် ဘော်ဘီသည် ရန်သူများကို ထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ခဲ့ရသည်။ ဗီယက်နမ်မှာရော အမေရိကန်ပြည်ထောင်စုမှာရော လူတွေသတ်ပစ်ခဲ့သည်။

သို့သော် သူသည် လူတစ်ယောက်ကိုသတ်ရတိုင်း ၎င်းခံစားမှုအဆန်းတစ်မျိုးကို အမြဲတမ်းခံစားရပြီး သဘောကျကျေနပ်မိသည်သာ ဖြစ်၏။

ဘော်ဘီသည် ထိုခံစားမှုကို ပြန်စဉ်းစားရင်း ထရပ်ကာ ရှေ့ရှိလူ၏ နောက်ကျောသို့ အသာလေး ချဉ်းကပ်သွားသည်။ ဆီသုတ်ထားသော ဓားအိမ်ထဲမှ ကွန်မန်ဒို ဓားမြှောင်ကို ဆွဲထုတ်၍ အင်ဒီအား ထိုးထည့်လိုက်သည်။

အင်ဒီသည် အသက်ထွက်ထွက်ချင်း ဆန့်ငင် ဆန့်ငင်ဖြစ်သွားသည်။ အင်ဒီ လုံးဝငြိမ်ကျသွားသည်အထိ သူ၏ ပျော့ခွေသွားသော လေးလံလှသော ခန္ဓာကိုယ်ကြီးကို ဘော်ဘီ တင်းကျပ်စွာ သိုင်းဖက်ထားသည်။ စက္ကန့်အနည်းငယ်အတွင်း ၌ပင် ကိစ္စပြီးစီးသွား၏။

ဘော်ဘီသည် မျက်လုံးများကို မှိတ်ထားသည်။ သူ့တစ်ကိုယ်လုံး စိတ်တက်ကြွမှုကြောင့် ကြက်သီးဖြန်းဖြန်းထနေသည်။ သူ့နားထင်မှာ တဒိတ်ဒိတ်နှင့် သွေးကြောများခုန်နေသည်။

သူသည် ဆယ်မိုင်အမြင့်မှ အာကာသကိုဖြတ်ပြီး ပြုတ်ကျလာသော လူတစ်ယောက်ဖြစ်သည်။

သူသည် တိမ်တိုက်များကို ထိုးဖောက်ထွက်လာသော မိုးကြိုးဖြစ်သည်။



သူသည် နတ်ဘုရားတစ်ပါးဖြစ်၏။

ဘော်ဘီသည် လက်တွေ့အခြေအနေသို့ အာရုံပြန်ပြောင်းပြီး အလောင်းကို မြေကြီးပေါ် ဂရုတစိုက်ချသည်။ မိမိအဝတ်အစားများပေါ် သွေးမပေရန် အထူးသတိထားရ၏။ ဓားသွားပေါ်မှသွေးများကို အလောင်း၏ ရှပ်အင်္ကျီဖြင့်သုတ်ပြီး ဓားအိမ်ထဲ ပြန်ထည့်သည်။ အင်ဒီသည် သွေးအိုင်ထဲတွင် ပက်လက်လဲနေပြီး သူ့ပါးစပ်ကြီးမှာ ဟောင်းလောင်းပွင့်နေသည်။ သူ့အော်သံကို မည်သူမျှ ကြားနိုင်မည်မဟုတ်။

အင်ဒီသည် အလောင်းကောင်တို့၏ ထုံးစံအတိုင်း အကျည်းတန်သော လူတစ်ယောက်ဖြစ်နေချေပြီ။

ဘော်ဘီသည် စောစောက ပုန်းနေရာသို့ ပြန်သွားသည်။ သူထားရစ်ခဲ့သော နှစ်လုံးပြူးကို ပြန်မ,ယူသည်။ အိမ်ထဲမှ မီကီနှင့် ဂျွန်နီတို့၏ ရယ်မောသံများကို ကြားရ၏။ ဘော်ဘီသည် အနီးဆုံး ပြတင်းပေါက် တစ်ပေါက်နား တိုးသွားသည်။ မီးဖိုခန်းထဲတွင် လက်ဆေးခွက်အနီး၌ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း ရပ်နေကြသည်။ ဂျွန်နီက မီကီ၏နှုတ်ခမ်းကို ဖွဖွကလေး ကုန်းနမ်းရန်ကြံသည်။ မီကီက ကန့်ကလျနှင့် တွန်းထုတ်သည်။ တစ်စုံတစ်ခု ခပ်တိုးတိုးလေး ပြောသည်။ ဘော်ဘီမကြားရ။ သူမက တံခါးပေါက်ဆီ မေးထိုးပြသည်။ နှစ်ယောက်သား ရယ်လိုက်ကြပြန်သည်။ ဘော်ဘီသည် ပြတင်းပေါက်နားမှ ပြန်ဆုတ်ခွာသည်။ မှောင်ရိပ်ခိုပြီး အိမ်ဘေးကပ်လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားဆီ ရောက်သောအခါ အင်ဒီ၏အလောင်းကို တစ်ချက်ငုံ့မကြည့်ဘဲ ကျော်သွားသည်။ ယာဉ်မောင်းခန်း ပြတင်းပေါက်မှ လက်တစ်ဖက်လျှိုသွင်းပြီး ကားဟွန်းကို သုံးကြိမ်ဆက်တိုက် တီးလိုက်သည်။ တောင်ကြားဒေသအတွင်း ၌ ပဲ့တင်ထပ်သွားသည်။

ထိုနောက် ဘော်ဘီသည် ကားကို ဟန်ကျကျ မှီရပ်ပြီး နှစ်လုံးပြူးကို ပင့်၍ကိုင်ထားသည်။ သေနတ်မောင်းနှစ်ခု စလုံးကိုပါ ချောက်ခနဲမြည်အောင် တင်လိုက်၏။

အတန်ကြာသောအခါ အိမ်ငယ်လေး၏ တံခါးပေါက်မှ ဂျွန်နီထွက်လာသည်။ ဂျွန်နီသည် မိမိပြင်းရိဖွယ်ရာကောင်း သော နေ့တစ်နေ့မှာ အခြေအနေ ပြောင်းလဲတိုးတက်လာခြင်း ကြောင့် အလွန်ပီတိဖြစ်လျက် ရယ်မောနေဆဲရှိ၏။

"ဗျို့ ... အင်ဒီ၊ ခင်ဗျားကြီးကလည်း ကြာလှချေလား။ ခင်ဗျားလည်း အဲ ... အဲ"

မြေကြီးပေါ်မှာ တောင့်တောင့်ကြီးသေနေသော အင်ဒီ၏ အလောင်းကို မြင်သောအခါ ဂျွန်နီ စကားပြတ်သွားလေသည်။ သူ မျက်နှာလွှဲရန် ကြိုးသော်လည်း မအောင်မြင်ချေ။

"ဘုရား ... ဘုရား"

ဂျွန်နီသည် မယုံနိုင်စွာဖြင့် ခေါင်းယမ်းလိုက်၏။

သူမြင်ရသော မြင်ကွင်းကို သူလုံးဝ လက်မခံနိုင်။ နားမလည်ပါ။ သောက်ထားသော ဘီယာများပင် ရင်ထဲပျို့ တက်လာသည်။ သူ အန်ချင်လာပြီ။ မအန်မိအောင် မနည်း

ထိန်းချုပ်ထားပြီး အင်ဒီ အလောင်းမှ မျက်နှာလွှဲပစ်လိုက် သည်။

ဘော်ဘီမက်(ခ်)ဝဲ(လ်)သည် ထရပ်ကားကိုမှီရပ်ပြီး နှစ်လုံးပြူးနှင့် သူ့ကိုချိန်ထားကြောင်း တွေ့ရလေသည်။ နှစ်လုံးပြူးမှ ပြောင်းနှစ်ခုသည် ဥမင်လိုဏ်ခေါင်းနှစ်ခုနှင့် တူ၏။

ဂျွန်နီသည် သေရတော့မည်ဟု သိလိုက်၏။

ကျွန်တော့်ကို မသတ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ရှိခိုး ပါတယ်ဗျာ။ ကျွန်တော့်ကို မသတ်ပါနဲ့ ခင်ဗျားကို ကျွန်တော် မသိပါဘူး၊ ခင်ဗျားလိုချင်တာ အကုန်ယူသွားပါ။ လုပ်ချင် တာလုပ်ပါ။ ကျွန်တော့်အသက်တော့ ချမ်းသာပေးပါ"

ဂျွန်နီသည် တုန်လှုပ်စွာဖြင့် လက်နှစ်ဖက်မြှောက်ပြ ရင်း တောင်းပန်နေသည်။ ဘော်ဘီက စကားတစ်ခွန်းမဟ။ ပြုံးနေသည်။

"ကျွန်တော့်ပိုက်ဆံအိတ် လိုချင်သလား၊ ယူသွားပါ၊ ဒေါ်လာလေးဆယ်ပဲ ပါတယ်ဗျ၊ ဒါပေမယ့် ယူသွားစမ်းပါ ဟုတ်လား၊ ကျွန်တော့်မှာ ဒါပဲပါလို့ပါ"

ဂျွန်နီသည် ပိုက်ဆံအိတ်ကို ဘောင်းဘီဖင်ကပ်အိတ်ထဲမှ ကတုန်ကယင်နှင့် ဆွဲထုတ်သည်။ ငွေစက္ကူများကိုထုတ်ပြီး ပိုက်ဆံအိတ်ကို မြေကြီးပေါ်ပစ်ချလိုက်သည်။ ဘော်ဘီ မြင် ရအောင် အစိမ်းရောင် ငွေစက္ကူ ရွက်များကို ရှေ့တိုး၍ ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်ပါ ဒါအကုန်ပဲ" ကျွန်တော် ကျိန်ရဲပါတယ်၊ ရော့ ... ခင်ဗျားအပိုင်ယူသွား"

ငွန်နီသည် ဘော်ဘီဆီသို့ ပြဇာတ်ထဲက လူမြှက်တစ်ဦး လမ်းလျှောက်သလို ကိုးရိုးကားရားနှင့် လျှောက်ရင်း ချဉ်းကပ်သွားသည်။ သူ့အသံက ပို၍ တိုးဝင်သွား၏။

"ရော့ ... ယူလေဗျာ၊ လာယူပါ"

ငွန်နီ ရှေ့ဆက်ပြောခွင့် မရှိလိုက်ချေ။ နှစ်လုံးပြူး ကျည်ဆန်များက သူ့မျက်နှာနှင့် ရင်ဘတ်သို့ လာမှန်သည်။ လည်ပင်း ပြတ်လုမတတ်ဖြစ်သွားပြီး သူ့တစ်ကိုယ်လုံး သဲပြင်ပေါ်သို့ လဲကျသွားသည်။ မြေကြီးပေါ် မကျမီပင် သူ့အသက်ထွက်သွား၏။

အိမ်ငယ်လေးထဲမှ မိကီထွက်လာသည်။ သူမသည် မြေကြီးပေါ်မှ အလောင်းနှစ်လောင်းကို စိတ်မဝင်စားစွာဖြင့် ငုံ့ကြည့်လိုက်သည်။ သွေးနံ့ကြောင့် ယင်ကောင်များပင် အုံလာပြီ။

ဘော်ဘီသည် နှစ်လုံးပြူးကို ပြန်ချပြီး မိကီ့ဆီ လျှောက်လာသည်။

"ကျွန်မ တာဝန်ကျေရဲ့လား"

သူမက ဘော်ဘီ့ထံမှ ချီးမွမ်းစကားတောင်းခံသော လေသံဖြင့် မေးသည်။

"ကျေပါတယ်၊ မင်းတော်တယ် သိပ်တော်တယ်၊ ကဲ ... ဒီအလောင်းတွေကို ဒီကဖယ်ပြီး တောင်ကြားအောက်က



လှိုဏ်ထဲမှာ သွားမြှုပ်ကြရအောင်။ ပြီးရင် အဖွဲ့သားတွေကို တို့အစီအစဉ်အားလုံး ချောမောကြောင်း သတင်းပို့ရမယ်"

မိကီက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ... ဘော်ဘီ"

ဘော်ဘီက သူမအား စူးရှစွာ ငုံ့ကြည့်သည်။ သူမ၏ ဝါးပြင်ကို သူ့လက်ဖမိုးဖြင့် အသာလေးပွတ်သပ်လိုက်၏။ မိကီကပြုံးသည်။

"ငါ သိပ်ပျော်တယ်ကွာ"

ဘော်ဘီက ပြောသည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မိုးကောင်းကင်ပေါ်မှ ငုံ့ကြည့်လျှင် ဆန်ဖရန်စစ္စကိုမြို့တော်ကြီးသည် အလွန်ကြီးမားကျယ်ပြန့်ပြီး ရင်သပ်ရှုမောဖွယ်ရာ ကောင်းလှသော မြင်ကွင်းတစ်ခု ဖြစ်လေသည်။ Golden Gate တံတားကြီးသည် ပင်လယ်အော်ကို မင်းမှုစိုးစံထားပြီး နေရောင်ခြည်ထဲ၌ လိမ္မော်ရောင် တောက်ပနေသည်။ ကြေးနန်း ကုန်းမြင့်ပေါ်ရှိ ကျိုက်မျှော်စင် အဆောက်အအုံသည် မိုးသားထဲအထိ ထိုးထောင်ထွက်နေသည်။ ၎င်းအနီးရှိ ပိရမစ်ပုံသဏ္ဌာန် ထရန်(စ်)အမေရိကန်ရုံး-အဆောက်အအုံကြီးသည် မြို့လယ်ကောင်တစ်ဝိုက်ရှိ မိုးမျှော်တိုက်ကြီးများကြားဝယ် နာဆာအဖွဲ့ကြီးမှ လွှတ်တင်မည့် ဒုံးပျံကြီးတစ်ခုအလားပေါ်လွင်လျက်ရှိ၏။ တရုတ်တန်းရပ်ကွက်နှင့် မြောက်ဘက်ကမ်းခြေရပ်ကွက်တို့ရှိ လမ်းများသည် ပုရွက်ဆိတ်များကဲ့သို့များပြားလှသော ခရီးသည်များဖြင့် ပြည့်ကျပ်မြိရှိသည်။ ရောင်ပြန်ထနေသော ပင်လယ်အော်ကြီးထဲတွင် ကုန်တင်



သင်္ဘောများ၊ အပျော်စီးလှေများ၊ ကမ္ဘာလှည့်ခရီးသည်တို့ဆောင်နေး မော်တော်ယာဉ်များဖြင့် ရှုပ်ယှက်ခတ်နေသည်။

အယ်(လ်)ကာ ထရာ့(ဇ်) အကျဉ်းထောင်ဟောင်းကြီး၏ အရောင်မှိန်နေသော မီးခိုးရောင် အုတ်နံရံများပင်လျှင်သခင်လို သြဇာအာဏာ ဟိတ်ဟန်မရှိတော့ဘဲ ဒဏ္ဍာရီပုံပြင်ထဲက ကျွန်းတစ်ကျွန်းပေါ်ရှိ ရဲတိုက်ကြီးတစ်ခုအသွင်ကို ဆောင်နေသည်။

ဤမြို့တော်ကြီးသည် အံ့သြရှုမငြီးဖွယ်ကောင်းသော အလှအပနှင့် ခံ့ညားမှု ကျက်သရေတို့ဖြင့် အတိပြီးသော မြို့တော်ဖြစ်၏။

သံမဏိ အဆောက်အအုံများနှင့် ကွန်ကရစ် လမ်းမများကိုသာ ဖျောက်ပစ်လိုက်ပါက မာကိုပိုလို၏ စိတ်ကူးထဲက ရှုရောင်လွှမ်းသော ဆိပ်ကမ်းတစ်ခု ဖြစ်လာပေလိမ့်မည်။

ပင်လယ်အော်လမ်းမှ အနောက်ဘက်သို့ ဦးတည်ဆောင်း၍လာသော အမှတ်အသားမဲ့ဆိုပ် စသည်တို့ လုံးဝမပါရှိသည့် ရဲကားကို မောင်းနှင်နေသော ဟယ်ရီကယ်လဟန်က ဆန်ဖရန်စစ္စကို မြို့တော်ကြီးကို ယင်းသို့ မကြည့်တတ်၊ မမြင်တတ်ပါချေ။

ဆန်ဖရန်စစ္စကိုမြို့ ရဲတပ်ဖွဲ့ကြီး၏ လူသတ်မှုစုံစမ်းရေးဌာနခွဲမှ ရဲစုံထောက်တစ်ဦးအနေဖြင့် ဟယ်ရီသည် သူ့ပတ်ဝန်းကျင်ကို လူသတ်သမားများ၊ သူခိုးများ၊ လုယက်သူများ၊ ဓားမြသမားများ၊ ပြည့်တန်ဆာများ၊ ဖိမ်ခေါင်းများ၊ ဆေးသမား

www.burmeseclassic.com

www.burmeseclassic.com



များ၊ ဆေးရောင်းသူများ၊ လူလိမ်လူရှုပ်များ ပြည့်လျှံနေသော မြို့ကြီးတစ်မြို့အဖြစ်သာ မြင်မိလေသည်။

ကမ္ဘာလှည့် ခရီးသည်တစ်ဦးက အလှအပ ကျက်သရေ အပေါင်းတို့ကို မြင်တွေ့သော်လည်း ဟယ်ရီကတော့ ရာဇဝတ်မှု ပေါက်ဖွားရာ ဒေသတစ်ခုအဖြစ်သာ မြင်တွေ့တတ်သည်။

ရဲဝန်ထမ်းအဖြစ် လုပ်သက် ၂၀ ရခဲ့ပြီ ဖြစ်သော ဟယ်ရီသည် ဆန်ဖရန်စစ္စကိုမြို့တော်၏ အမှောင်ဘက်ခြမ်း အကျည်း တန်သောမျက်နှာကို ကောင်းစွာမြင်တွေ့ဖူးပြီးခဲ့ လေပြီ။ ရင်းနှီး ကျွမ်းဝင်ခဲ့လေပြီ။

မှောင်မည်းသော လမ်းကြိုလမ်းကြားများ၊ ဆောင် ကြာမြိုင်များ၊ အကြောနှိပ်ခန်းများ၊ ဆင်းရဲသားတို့ နေထိုင်ရာ တိုက်ခန်းများ၊ တစ်ညတာအိပ်ခ တစ်ဒေါ်လာယူသော ဟိုတယ် အစုတ်ပလုတ်များ၊ အပေါစား ဘားဆိုင်များ ဘယ်နေရာမှာ ရှိကြသည်ကို ဟယ်ရီသိ၏။

စာရင်းဇယားများအရ ပြီးခဲ့သော ငါးနှစ်တာအတွင်း ဆန်ဖရန်စစ္စကို မြို့တော်၌ ရာဇဝတ်မှုကြီးများ ဖြစ်ပွားမှု နှစ်ဆတိုးတက်ခဲ့ကြောင်း သိရသည်။ မနှစ်ကနှင့် ယှဉ်လျှင် လူသတ်မှု ဆယ်ရာခိုင်နှုန်း တိုးပွားလာသည်။ မုဒိမ်းမှု နှစ်ဆယ့်ခြောက်ရာခိုင်နှုန်း၊ ခိုးမှု လေးဆယ့်နှစ် ရာခိုင်နှုန်း၊ လိမ်လည်မှု နှစ်ဆယ့်ကိုး ရာခိုင်နှုန်း၊ မော်တော်ကားခိုးမှု သုံးဆယ့်တစ် ရာခိုင်နှုန်း စသည်စသည်ဖြင့် တိုးလာသည်။ လျော့သွားသည့် ပြစ်မှုဟူ၍ မရှိ။



ဤကိန်းဂဏန်းများကို လိုက်မှတ်ရင်းနှင့် လူတစ်ဦး ရူးသွားနိုင်သည်။ စိတ်မာတက်ကျဖွယ် ကောင်းလေစွ။

ကမ္ဘာပေါ်၌ အတော်ဆုံးသော ရဲတပ်ဖွဲ့များထဲမှ ရဲ ဝန်ထမ်း တစ်ဦးအနေနှင့် ဟယ်ရီသည် အခြေအနေ အရပ် ရပ်တို့မှာ ပို၍ဆိုးရွားလာလျက်ရှိကြောင်း ကောင်းစွာ သဘော ပေါက်မိလေသည်။ ဆန်ဖရန်စစ္စကိုမြို့ကြီးသည်လည်း အမေရိ ကန်ပြည်ထောင်စု၏ အခြားအခြားသော မြို့တော်ကြီးများနှင့် ညီသို့မျှ ခြားနားချက်မရှိပါပေ။

အခြေအနေက အားလုံးအတူတူပင် ဖြစ်ကြသည်။

လက်ရှိအခြေအနေအတိုင်းသာ ဆက်သွားမည်ဆိုပါက နောင်အနှစ်နှစ်ဆယ်အကြာတွင် မြို့တော်ကြီးများသည် နေထိုင် ရန် လုံးဝ သင့်တော်တော့မည် မဟုတ်ပေ။

"ဟော့ ဟယ်ရီ"

ဟယ်ရီသည် သူ့ဘေးတွင် ထိုင်နေရင်း အိတ်ဆောင် ရေဒီယိုလေးကို နားထောင်နေသော ဝ,တုတ်ကြီး ဖရန့်(ခ်) ဒီဂျော်ဂျီယိုအား လှည့်ကြည့်လိုက်သည်။

"ဘာလဲ"

"နက်ဖြန်ည ငါ့အိမ်လာပြီး ညစာစားပါလား"

ဒီဂျော်ဂျီယိုက သံမှန်ဖြင့် ပြောလိုက်သည်။

"ငါ့မိန်းမ အိုင်ရင်းက မင်းကြိုက်တဲ့ဟင်းတွေ ချက်ထား မယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက သူ့တွဲဘက်ဖြစ်သူအား မသင်္ကာသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ကဲ... ဒီတခါ ဘယ်တစ်ယောက်တုံးဗျာ"

"ဘယ့်နှယ်.... ဘယ့်နှယ်"

"ကျွန်တော်နဲ့ မိတ်ဆက်ပေးဖို့ ခင်ဗျားတို့ စီစဉ်ထားတဲ့ မိန်းကလေးကိုမေးတာ"

"ဟော"

"အံမယ်... ဖရန့်(ခ်)ရယ် လုပ်မနေပါနဲ့၊ ခင်ဗျား အကြောင်း ကျွန်တော်သိပါတယ်"

ဒီကျော်ဂျီယို စိတ်ထိခိုက်သွားပုံရ၏။

"ဟယ်ရီရယ် ပေါက်ပေါက်ရှာရှာကွာ၊ မင်းနဲ့ငါ သူငယ်ချင်းတွေမဟုတ်လား၊ ငါအဲသလို လုပ်ရက်ပါ့မလားကွ"

"ဟုတ်ပါတယ် သူငယ်ချင်းတွေပဲ ဒီတစ်ခါ ကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ"

"မင်းကိုငါ ညာလို့မရပါဘူး ဟယ်ရီ"

"အေး... ခင်ဗျားမညာပေမယ့် အိုင်ရင်းက ညာမှာပဲ၊ သူက ကျွန်တော့်ကို အမြဲတမ်း ကောင်မလေးတစ်ယောက် ယောက်နဲ့ ရည်းစားဖြစ်အောင် လုပ်ပေးနေတာ၊ ကျွန်တော် နောက်အိမ်ထောင် ပြုသင့်ပြီလို့ သူယူဆမှန်း ခင်ဗျားရော ကျွန်တော်ပါ သိသားနဲ့၊ အရင် လတုန်းကလည်း ကျွန်တော့်ကို ကလေးနှစ်ယောက်အမေ တစ်ခုလပ်မိန်းမ တစ်ယောက်နဲ့ တွေ့ပေးခဲ့သေးတယ်၊ သူ့ အရင်တုန်းကတော့ မိခင်နဲ့ အတူ



နေတဲ့ ကျောင်းဆရာမတစ်ဦး၊ "ဗိုဗီယန် ဘယ်သူ" ဆိုလားပဲ၊ နောက်က နာမည်တစ်လုံးတော့ မေ့သွားပြီ၊ ကျွန်တော် ဘာကိုဆိုလိုသလဲ ခင်ဗျားသဘောပေါက်မှာပါ၊ ခင်ဗျားအိမ်မှာ ကျွန်တော် ညစာလာစားတိုင်း ကျွန်တော်နဲ့ မိတ်ဆက်ပေးမယ့် မိန်းမ တစ်ယောက်မဟုတ် တစ်ယောက် အမြဲရှိနေတာ တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ဘူးဗျ၊ ဒီတစ်ခါ ဘယ်သူလဲဗျာ၊ ပြောစမ်းပါ ဖရန့်(ခ်)"

ဒီကျော်ဂျီယိုသည် စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်သည်။ ဤအကြံ အောင်မြင်မည်မဟုတ်ကြောင်း စောစော ကတည်းက သူသိပြီးသား။ အိုင်ရင်းကိုလည်း ပြောခဲ့ပြီးပြီ။ အင်း... အိုင်ရင်းအကြံကို မိမိဘာကြောင့် လက်ခံနားထောင် မိရသလဲ ။

"အဲ... သူက အိုင်ရင်းရဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ စာကြည့်တိုက်မှူး တစ်ယောက်ဆိုလားဘာလား၊ အိုင်ရင်းက သူနဲ့မင်းနဲ့ဆို သိပ်အတွဲညီမှာပဲလို့ ယူဆထားတယ်ကွာ"

"ကောင်း... သိပ်ကောင်း"

ဒီကျော်ဂျီယို ခေါင်းညိတ်လိုက်သည်။

"သူ ရုပ်မဆိုးပါဘူး ဟယ်ရီရာ၊ ခြေတံလည်း လှ တယ်"

ဟယ်ရီက မယုံနိုင်ပါ။

"စာကြည့်တိုက်မှူးတဲ့၊ သိပ်ထူးခြားတဲ့ မိန်းမပဲ"

ဟယ်ရီက ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ကားထဲရှိ ရဲအဖွဲ့ ရေဒီယိုစက်မှ အသံဗလံများ မြည်လာသည်။

"စာဗင်တီး(စ်) ရိပ်သာလမ်းမှ ကားတစ်စီးနောက်ကို ကားတစ်စီးက ဝင်တိုက်မှုဖြစ်နေတယ်၊ အခင်းဖြစ်ပွားရာမှာ ယာဉ်ထိန်း ရဲအဖွဲ့ဝင်တွေ ရောက်နေပြီ၊ လမ်းပိတ်ဆို့မှု ဖြစ်သွားလို့ တခြားယာဉ်တွေကို လမ်းပြောင်းမောင်းနိုင်းရ တယ်၊ ရဲကားအားလုံး တခြားလမ်းတွေက သွားကြဖို့ အကြံ ပေးပါရစေ"

ဆက်သွယ်ရေးအရာရှိ ရဲကြပ်ကြီး တွမ်မီးလား၏အသံ မှန်း ဟယ်ရီသိလိုက်သည်။ ရဲသင်တန်းကျောင်းမှာတုန်းက မီးလားနှင့် ဟယ်ရီမှာ သူငယ်ချင်းများ ဖြစ်ကြ၏။

"ဒီကနေ ဘယ်ဘက်ချိုးလိုက်ရင် ကောင်းမယ် ဟယ်ရီ"

ဒီရော်ဂျီယိုက အကြံပေးသည်။

ဟယ်ရီက ခေါင်းညိတ်ပြီး ကားကို ဆတ်ခနဲ ကွေ့ချ သည်။ တက္ကစီကားတစ်စီးကဲ့သို့ အဝါရောင်သုတ်ထားသော မာ့(စ်)တိုင်း(ဂ်) ဆလွန်းကားကြီးတစ်စီးသည် ကားဆားဗစ်ရုံ တစ်ခုမှ ဖြုန်းခနဲထွက်လာပြီး ဟယ်ရီတို့ကားရှေ့မှ ကန့်လန့် ဖြတ်ဝင်သည်။ ဟယ်ရီက ကားချင်းမတိုက်မိအောင် ဘရိတ် ဆောင့်ဖမ်းသည်။ ကားဟွန်းကို လက်ဝါးနှင့် တအားဆောင့်ရိုက် ချသည်။ ဟယ်ရီ ပြတင်းပေါက်မှ ခေါင်းထုတ်ပြီးအော်သည်။

"မျက်စိ ကန်းနေရင် ကားမမောင်းနဲ့ဟေ့ ... သူတောင်း စားရဲ့"



မာ့(စ်)တိုင်း(ဂ်) ကားမောင်းသူသည် ဟယ်ရီဆဲသည်ကို မမှုဘဲ အိတ်ဇောပိုက်မှ မီးခိုးငွေ့များ မှုတ်ထုတ်ကာ မောင်း ထွက်သွားသည်။

"တောက် ... ကြည့်စမ်းပါဦး၊ ဒီကောင့်ကားကြောင့် လေထုညစ်ညမ်းမှု ဘယ်လောက်ဖြစ်ရသလဲဆိုတာ၊ ဒီကောင် မျိုးကို ဘော့(စ်)ဘော(လ်) ရိုက်တံတစ်ခုနဲ့ စအိုထဲထိုးထည့် ပြီး ..."

ဟယ်ရီသည် ရှေ့၌ တစ်စုံတစ်ခုကိုတွေ့သဖြင့် စကား တန်းလန်း ရပ်သွား၏။ ကုတ်အင်္ကျီအဖြူရောင် ဝတ်ဆင်ထား သော စားပွဲထိုးတစ်ယောက်သည် ထိတ်လန့်တုန်လှုပ်သော မျက်နှာထားဖြင့် "ပလေ့(စ)ပီဂေါ(လ်)" စားသောက်ဆိုင်၏ ရှေ့တံခါးပေါက်ဝမှထွက်လာပြီး လမ်းကို ဘယ်ပြန်ညာပြန် ကြည့်နေသည်။ သူ့နောက်နားတွင် လမ်းသွားလမ်းလာများ တဖြည်းဖြည်း စုရုံးလာပြီး ဆိုင်တံခါးပေါက်မှ အတွင်းသို့ ဝိုင်းအုံကြည့်နေကြသည်။

"တစ်ခုခုဖြစ်နေပြီထင်တယ်"

ဟယ်ရီက ပြောပြောဆိုဆိုဖြင့် ကားကို ပလက်ဖောင်း ဆီး ထိုးရပ်သည်။ စားပွဲထိုးကို လှမ်းကြည့်၍ ပြောသည်။

"ကျုပ် ရဲအဖွဲ့ဝင်ပါ၊ ဘာပြဿနာပေါ်လို့လဲ"

ဟယ်ရီက မေးလိုက်သည်။

စားပွဲထိုးက ဟယ်ရီ့လက်မောင်းကို အားရပါးရ လာဆွဲ သည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်တို့ဆိုင်ထဲမှာ လာစားနေတဲ့လူတစ်ယောက် နှလုံးရောဂါဖြစ်ပြီး စားပွဲပေါ်မှာ မှောက်လျက်ကျသွားတယ်။ သူ့အခြေအနေ သိပ်မကောင်းဘူး၊ ဆေးရုံကားကို ဖုန်းဆက်ခေါ်ထားတယ်၊ ဆယ်မိနစ်လောက်ရှိသွားပြီ။ ခုထိမရောက်လာသေးဘူး၊ ဒီရောဂါသည် ကျွန်တော်တို့လည်း ဘယ်လိုပြုစုရမှန်း မသိဘူးဗျ၊ ခင်ဗျားကူညီနိုင်မလားဟင်"

"ကြည့်သေးတာပေါ့လေ"

ဟယ်ရီက ဒီဂျော်ဂျီယိုအား လှမ်းကြည့်ပြီး

"ကျွန်တော်တစ်ယောက်တည်း သွားကြည့်မယ်"

ဟယ်ရီ တံခါးဖွင့်ပြီး ကားပေါ်မှဆင်းသည်။

စားပွဲထိုးက ဟယ်ရီ့အား လူအုပ်ကြားထဲမှ တိုးဝင်ပြီး ဆိုင်ထဲခေါ်သွားသည်။ ဆိုင်ထဲတွင် အနည်းငယ်မှောင်ပြီး အေးစိမ့်နေသည်။ အပြင်ဘက်ရှိ ပူလောင်မှုဒဏ်မှ ကင်းဝေးစေရန် ကောင်းမြတ်သော ကြိုဆိုမှုဟု ဆိုရမည်။ ဟယ်ရီသည် ဆိုင်၏ နောက်ဘက်ပိုင်း၌ စက်ဝန်းခြမ်း ပုံသဏ္ဌာန် စုရုံးရပ်နေကြသော စားပွဲထိုးများနှင့် စားသောက်သူများအား တွန်းထုတ်၍ ဝင်လာလေသည်။

"ရဲအဖွဲ့ကပါ နောက်ဆုတ်ကြပါ"

ပရိသတ်က သူ့ကို လမ်းဖယ်ပေးကြသည်။

သတိမေ့နေသော နှလုံးရောဂါသည်သည် ကြမ်းပေါ်၌ ပက်လက်လဲနေသည်။ သူ့လက်တစ်ဖက်၌ ငွေမရှင်းရသေးသော ပြေစာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သူ့မျက်နှာက နီရဲနေသည်။ သူ့ပါးစပ်ကြီးမှာ ဟထားပြီး အသက်ကို မနည်းရှူသွင်းနေရသည်။ သူသည် နှလုံးရောဂါဝေဒနာ ရုတ်တရက် ဖိစီးခံရခြင်းကြောင့် သူ့စားပွဲ၊ ပန်းကန်ပြားများ၊ ဖန်ခွက်များ၊ ငွေထည်ပစ္စည်းအားလုံးကို ကြမ်းပေါ် မှောက်ကျသွားစေခဲ့၏။



ဟယ်ရီက နှုတ်ခမ်းမွေး သပ်သပ်ရပ်ရပ်နှင့် ခပ်ဝဝဖြစ်သူ စားပွဲထိုးဦးစီးအား ခေါင်းညိတ်ပြသည်။ စားပွဲထိုးဦးစီးသည် ဤအဖြစ်မျိုး မိမိဆိုင်ထဲမှာမှ လာဖြစ်ရလေခြင်းဟူသော စိတ်ထားဖြင့် မျက်နှာညှိုးငယ်နေသည်။ စားပွဲထိုးတစ်ယောက်သည် ရောဂါသည်ဘေးတွင် ဒူးထောက်ပြီး ၎င်း၏ လည်စည်းနှင့် ရှပ်အင်္ကျီကော်လန်တို့ကို လျှော့ချပေးနေသည်။

စားပွဲထိုးဦးစီးသည် ဟယ်ရီအား ဆေးရုံဝန်ထမ်းတစ်ဦး ထင်မှတ်ပြီး မေးလိုက်သည်။

"မလိုပါဘူး"

ဟယ်ရီကပြန်ဖြေပြီး ကြမ်းပြင်ပေါ်မှ လူနာ၏ နံရိုးများကို ခြေနှင့် ဆောင့်ကန်လိုက်သည်။

"ကဲ ဟော့၊ ထစမ်း ... ထစမ်း"

စားပွဲထိုး မျက်လုံးပြူးသွားသည်။

"ခင်ဗျား ဘာလုပ်လိုက်တာလဲ၊ ဒီလူ နှလုံးရောဂါဖြစ်နေတာ သေသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက စားပွဲထိုး၏စကားကို မကြားချင်ယောင်ဆောင်ပြီး ဆက်၍ ကန်နေသည်။

"ကဲ အက်ဒီ၊ ထတော့လေကွာ"

ကြမ်းပေါ်မှလူသည် မတိုးမကျယ် ညည်းတွားရင်း မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် ဖွင့်ကြည့်သည်။ အကန်ခံရသော ဒဏ်ကြောင့် နာကျင်စွာဖြင့် ချောင်းဆိုးသည်။

ဟယ်ရီက ခပ်ပြင်းပြင်း ကန်ထည့်ပြန်သည်။

"ကဲ ငါပြောနေတယ်။ သွားမယ်ဆိုမှ မတ်တတ်ရပ်စမ်း။ အပိုဆာလာတွေ လုပ်မနေနဲ့တော့ဟေ့"

စားပွဲထိုးနှင့် ပရိသတ်အားလုံးသည် ထိတ်လန့်စွာဖြင့် အသံမထွက်ဝံ့ပဲ ငေးကြည့်နေကြသည်။

ကြမ်းပေါ်မှလူက တုတ်တုတ်မျှမလှုပ်။

ဟယ်ရီသည် နောက်ဆုံးတစ်ကြိမ် အားရပါးရဆောင့်ကန်ပြီး လူနာ၏လည်စည်းကို ဆောင့်ဆွဲလိုက်သည်။

လူနာက လည်ပင်းအစ်၍အော်သည်။ ဟယ်ရီက သူ့ကို မတ်တတ်ဆွဲထူသည်။

"ဆေးရုံကားခေါ်ထားတာ မလာနဲ့တော့လို့ ဖုန်းပြန်ဆက်လိုက်ချေ"

ဟယ်ရီက စားပွဲထိုးအား အမိန့်ပေးပြီး လည်ပင်းအစ်နေသော လူနာကို ဆိုင်ပေါက်ဝသို့ ဆွဲထုတ်သွားသည်။ အပြင်ဘက်ရောက်သောအခါ ဝိုင်းအုံကြည့်နေသော ပရိသတ်ကို ဟယ်ရီက ဘုကြည့်ကြည့်ပြီး ...



"ကဲ ... ကဲ ... ခင်ဗျားတို့ကြည့်စရာ ဘာမှမရှိတော့ဘူး၊ ဘယ်သူမှလည်း မသေပါဘူး၊ သွားကြပါတော့"

လူအုပ်ကြီးသည် ဘာဖြစ်မှန်း မသိရသဖြင့် ချက်ချင်းလူစု ကွဲမသွားသေးချေ။ အချို့က ရပ်မြဲရပ်နေကြသည်။အတော်လေးကြာမှ လူရှင်းသွားသည်။ ဟယ်ရီက နှလုံးရောဂါသည်၏ လည်စည်းကို ပြန်လွှတ်ပေးလိုက်သည်။ လူနာသည် လေကို တဝကြီး ရှူနေ၏။

"တော်ပါသေးရဲ့ ဟယ်ရီရာ၊ ခင်ဗျားလုပ်တာ ကျုပ်ကံကောင်းလို့ အသက်ရှူကျပ်ပြီး မသေတယ်"

လူနာသည် သူ့လည်ပင်းကို လက်နှင့်ပွတ်သပ်ပြီး ပြောသည်။

"မင်းညစာ အလကားစားပြီးပြီပဲအက်ဒီ၊ ဘာမကျေနပ်စရာ ရှိသေးလို့လဲ"

ဟယ်ရီကပြောသည်။

"လူလိမ် လူရှုပ်" အက်ဒီသည် ဟယ်ရီအား သွားဖြဲပြပြီး ပခုံးတွန့်လိုက်သည်။

"ကျွန်တော်ဆေးရုံကားစီးရတာ သိပ်ပျော်တယ်ဗျ"

"အေး ... ဒီနေ့တော့ ဆေးရုံကားတောင် မင်းအလကားစီးခွင့်မရတော့ဘူး၊ မင်းနားထင်ကို ငါဆောင့်မကန်မိခင် ဒီအနားက မြန်မြန်ထွက်သွားစမ်း၊ မင်းကို အခြေအနေမဲ့နေထိုင်မှု ပုဒ်မတပ်ပြီး ငါမဖမ်းချုပ်တာကိုပဲ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်မှတ်၊ နောက်တခါ ဒီမှာ ဒါမျိုးလုပ်တာမိရင် မင်းခေါင်းကိုဖြတ်ပြီး ငါဘောလုံးလုပ်ကန်ပစ်မယ် သိလား"

အက်ဒီက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ဟယ်ရီ၊ စိတ်ချပါ၊ ကျွန်တော် ခုတလော သိပ်ကံမကောင်းဘူးဗျ၊ အဲဒါကြောင့်ပါ၊ ဒီမယ် ခင်ဗျား ကျွန်တော့်ကို နှစ်ဒေါ်လာလောက်များ ခဏချေးနိုင်မလားဟင်၊ တစ်ရက်နှစ်ရက်ပဲကြာမယ် ခင်ဗျားနဲ့ကျွန်တော် နောက်တခါ ပြန်တွေ့ရင် ပြန်ဆပ်ပါ့မယ်ဗျာ၊ တကယ်ပါ"

လူလိမ် အက်ဒီသည် ခြေထောက် ဂနာမငြိမ်စွာဖြင့် သူ့မေးစေ့ကို လက်နှင့်ပွတ်သပ်ရင်း ပြောနေသည်။

ဟယ်ရီက အက်ဒီအား စူးစူးဝါးဝါးကြည့်ပြီး စက်ဆုပ်စွာဖြင့် ပိုက်ဆံအိတ်ထဲမှ ငါးဒေါ်လာတန် ငွေစက္ကူတစ်ရွက် နှိုက်ထုတ်ပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာ ဟယ်ရီရယ်၊ ကျွန်တော်ပြန်ဆပ်ပါ့မယ်၊ မမေ့ပါဘူး၊ ကျွန်တော့်ကိုယုံပါ၊ ကျွန်တော် ပိုက်ဆံရရချင်း ပြန်ဆပ်မယ်နော်၊ တကယ်ပြောတာ"

အက်ဒီသည် ဟယ်ရီ၏ ပိုက်ဆံကိုခေါက်ပြီး ကုတ်အကျႌအိတ်ထဲ ထိုးထည့်လိုက်သည်။

"အေးပါ ... အေးပါ"

ဟယ်ရီသည် စိတ်မရှည်တော့ဘဲ အက်ဒီအား လမ်းမဘက် ဆွဲလှည့်ပြီး တင်ပါးကို ခြေနှင့် ဘောတိုက်ကန်ထုတ်



လိုက်လေသည်။ အက်ဒီလည်း တစ်ကြိုးတည်း သုတ်သုတ်ကလေး လစ်သွား၏။

ကားထဲသို့ ဟယ်ရီပြန်ဝင်လာသောအခါ သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပါးစပ်ဖြဲထားသော ဒီဂျော်ဂျီယိုအား တွေ့ရသည်။

"မင်း သိပ်မိုက်တယ်ဟယ်ရီ"

"သွားသေလိုက်"

ဟယ်ရီက ကားကို ဂီယာပြောင်းပြီး ပလက်ဖောင်းဘေးမှ မောင်းထွက်လိုက်သည်။

"ဟို ... ခုနပြောတဲ့ ညစာစားဖို့ကိစ္စ"

"လုပ်မနေနဲ့ ကျွန်တော် မလာနိုင်ဘူး၊ ကျွန်တော် ဘယ်မိန်းမနဲ့မှ မသိချင်ဘူး၊ ကျွန်တော့်မှာ မိန်းမမိတ်ဆွေအများကြီးရှိပြီးသား"

"ဘယ်သူတွေလဲ"

"ခင်ဗျားအလုပ်မဟုတ်ဘူး"

"ဟာ ... ဟယ်ရီကလည်းကွာ၊ ညစာစားဖို့ သက်သက်ဖိတ်တာပဲဟာ၊ ဒီအမျိုးသမီးကို လက်ထပ်ရမယ်လို့ ဘယ်သူက ပြောနေလို့လဲ၊ အေး ... မင်း ဒီညမလာရင် အိုင်ရင်းက ငါနဲ့ နောက်တစ်ပတ်လုံးလုံး စကားမပြောဘူးလို့ ကြိမ်းထားသကွ"

"မလာပါဘူးဆိုမှပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ရှေ့ဆက်ဘာလုပ်မလဲ၊ လူဝီအတွက် မင်းဆက်ပြီး "ဆွေး"နေမှာလား၊ မင်း သူ့ကို ဘယ်တော့မေ့လို့ရမှာလဲ"

ဟယ်ရီက အံတင်းလိုက်သည်။

"ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး၊ ဒါ ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စပါဗျာ"

ဒီဂျော်ဂျီယိုသည် အတန်ကြာအောင် တိတ်သွားသည်။

"မင်းနဲ့ငါ သူငယ်ချင်းဖြစ်တာ နှစ်ပေါင်း မနည်းတော့ဘူးနော်"

ဟယ်ရီက ရှုံ့မဲ့ပြသည်။

"ဘာလဲ.... ခင်ဗျားကို ကျွန်တော် ကျေးဇူးဆပ်စရာရှိသေးတယ် ထပ်ပြောဦးမလို့လား၊ ဟုတ်တယ် ခင်ဗျားနဲ့ ကျွန်တော် သူငယ်ချင်းတွေပဲ၊ ဒါပေမယ့် မလာဘူးဗျာ။ ဒီကိစ္စ တော်တော့"

"အိုကေ ငါအတင်းအကျပ်မလုပ်တော့ပါဘူး၊ ဒါပေမယ့် စိတ်ကူးပြောင်းပြီ"

"ခင်ဗျားပါးစပ် ပိတ်မထားနိုင်ဘူးလား"

"အေး.... ပိတ်မယ်၊ ပိတ်မယ်၊ ညစာအကြောင်း ပြောလက်စနဲ့ ဗိုက်တောင် ဆာလာပြီ၊ တစ်နေရာမှာရပ်ပြီး တခုခု ဝယ်စားကြရအောင်ကွာ"

ဒီဂျော်ဂျီယိုသည် ဘေးပတ်ဝန်းကျင်မှ မော်တော်ကားများကို ကြည့်ရင်းပြောသည်။



ဟယ်ရီက ဒီဂျော်ဂျီယို၏ ဆူဖြိုးသော ဗိုက်ပူကြီးကို လှမ်းကြည့်ပြီး ...

"ဗိုက်ဆာတယ် ဟုတ်လား၊ ခင်ဗျားခန္ဓာကိုယ်ကြီးကို ကျားကိုးစီးစားလို့တောင် မကုန်ဘူး၊ ခင်ဗျားဘယ်တော့ ပိန်အောင်လုပ်မှာလဲ ပြဿနာကြီးရယ်"

"အင်း.... အိုင်ရင်းကြောင့်ပေါ့ကွာ၊ သူက ဟင်းချက်တော်တယ်၊ ငါက အစားကောင်းတယ်၊ ငါလည်း ထိန်းလို့ကို မရဘူး၊ ပေါင်ချိန် တိုးပြီးရင်း တိုးရင်းပဲ၊ နောက်အပတ်က စ,ပြီး ရဲစခန်းက အားကစားရုံမှာ လေ့ကျင့်ခန်းသွားလုပ်တော့မယ်၊ မင်း လိုက်ဦးမလား"

"ဟင့်အင်း"

"မင်း ဒီလောက်ပိန်ကပ်နေအောင် ဘယ်လိုလုပ်နေသလဲကွာ ပြောစမ်း၊ မင်းကြည့်လိုက်ရင် ဘယ်တော့မှ ဝ,လာတယ် မရှိဘူး၊ မင်းစားတော့လည်း မြင်းတစ်ကောင်လောက်စားတာ"

ဟယ်ရီက ပခုံးတွန့်ပြလိုက်ပြီး ...

"ခင်ဗျားမသိဘူးလား၊ ကျွန်တော် "ဂျယ်ရီတော်(လ်)" အားတိုးဆေးတွေ မှန်မှန်စားတာကိုးဗျ"

နောက်လမ်းထောင့်တစ်ခုတွင် "ဒေါ်ဂီစားသောက်ဆိုင်" ရှေ့၌ ကားရပ်လိုက်သည်။ ဒိန်ခဲညှပ်ပေါင်မုန့်များနှင့် ကုတ်(ခ်) ပုလင်းကြီး တစ်ပုလင်းမှာသည်။ ဒီဂျော်ဂျီယိုကတော့ သူ့ကြိုက်ရာ မှာစားသည်။

ကားထဲပြန်ရောက်ကြသောအခါ ဟယ်ရီပေါင်မုန့်စား

www.burmeseclassic.com

www.burmeseclassic.com



မပြီးမီ၌ ဒီရော်ဂျီယိုသည် ရေဒီယိုမှ ခေါ်သံကြားသဖြင့် ပြန်ထူးရသည်။

"ယူနစ်အားလုံး နားထောင်ကြပါ။ ဂီရိနဲ့ ကယ်လီဖိုးနီးယား လမ်းထောင့်မှာ တစ်ဆယ်–ဆယ့်သုံး (ဓားပြမှု)ဖြစ်နေတယ်။

ယူနစ်အားလုံး၊ ယူနစ်အားလုံး ဂီရိနဲ့ ကယ်လီဖိုးနီးယား လမ်းထောင့်မှာ တစ်ဆယ်–ဆယ့်သုံး ဖြစ်နေတယ်။ အရေးပေါ် လျှို့ဝှက်သင်္ကေတ "အနီရောင် အဆင့်(၂)နဲ့ ကြေညာလိုက်တယ်"

"ကဲ....ဒါဆို ကျွန်တော်တို့နဲ့ အနီးဆုံးပဲ"

ဟယ်ရီက ပလုတ်ပလောင်းဝါးရင်းပြောသည်။ ကားစက်နှိုးသည်။

"ကောင်းကွာ၊ ခုပဲ ညနေ ငါးနာရီထိုးတော့မယ်၊ ဒီနေ့တော့ အိမ်ပြန်နောက်ကျပါပြီ၊ အိုင်ရင်းတော့ ငါ့ကို သတ်ပစ်ချင်နေမှာပဲ၊ သူက ငါ့အတွက် စပါယ်ရှယ်ဟင်းတွေ ချက်ထားမှာ၊ ငါကလည်း အိမ်စောစော ပြန်လာမယ်လို့ ပြောထားပြီးသားကွ"

"ဘဝဆိုတာ ဒီလိုပါပဲ"

ဟယ်ရီက ကားကို ကျွိခနဲမြည်အောင် ခပ်ကြမ်းကြမ်းလေး ကွေ့ထွက်လိုက်သည်။

နောက် ငါးမိနစ်အကြာတွင် ဟယ်ရီတို့ ကားသည်



ဂီရိနှင့် ကယ်လီဖိုးနီးယား လမ်းထောင့်၌ ရပ်ထားသော အနက်နှင့်အဖြူ နှစ်ရောင်စပ် ရဲကား တပ်ပြုကြီးနောက်၌ ရပ်လိုက်သည်။ ထိုရဲကား အစုအပြုံကြီး၏ နောက်နား၌ ကပ်လျှက်၍ ဆေးရုံဝန်ထမ်းနှစ်ဦးသည် ရဲသားပေါက်စတစ်ဦးအား ထမ်းစင် ဖြင့် ဆေးရုံကားပေါ် တင်ပေးနေကြသည်။

ဟယ်ရီနှင့် ဒီရော်ဂျီယိုတို့ ကားပေါ်မှဆင်းလိုက်ကြသည်။ ရဲကားတစ်စီးနောက်၌ ဝပ်နေသော ရဲကြပ်ကြီးတစ်ဦးဆီ ချည်းကပ်သွားသည်။

"ကျွန်တော် ကယ်လဟန်ပါ၊ ဒီမှာဘာဖြစ်လို့တုန်း"

ဟယ်ရီက သူ၏ ကြယ်ပွင့်ပုံသဏ္ဍာန် ရဲအဖွဲ့ဝင် ရင်ထိုးတံဆိပ်ပြားကို ဆတ်ခနဲ ထုတ်ပြရင်း ပြောသည်။

ရဲကြပ်ကြီးက မလှမ်းမကမ်းရှိ အရက်ပုလင်းမျိုးစုံရောင်းသောစတိုးဆိုင်ကို လက်ညှိုးထိုးပြသည်။

"အဲဒီ အရက်ပုလင်းဆိုင်ကို သေနာလေးတွေတစ်စုက ဓားပြတိုက်ပြီး အကြမ်းဖက် အပိုင်စီးထားကြတယ်၊ ကျုပ်တို့ တပ်ဖွဲ့က ရဲသားအော်လူးဟာ သူတို့နဲ့ ပက်ပင်းဝင်တိုးတော့ သေနတ်နဲ့ ပစ်ထည့်လိုက်ကြပြီး အခု ဓားစာခံလေးယောက်ကို ခန်းထားကြတယ်လေ၊ သူတို့ ဒီကထွက်သွားဖို့ မော်တော်ကားတစ်စီးမပေးရင် ဓားစာခံတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်လို့ ပြောတယ်ဗျ"

ရဲကြပ်ကြီးက ရှင်းပြသည်။

ဆေးရုံကားသည် ဥသြသံပေး၍ အရေးပေါ် မီးနီပြပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်သွားသည်။ ဟယ်ရီက ဆေးရုံကားဖွဲကို ငေးကြည့်နေပြီး ရဲကြပ်ကြီးဘက် ပြန်လှည့်ကြည့်သည်။

"ခင်ဗျား ဘယ်သူ့ကိုစောင့်နေတာလဲ"

"ဒု-ရဲမှူး ဘရက်ဆလာကို စောင့်နေတာ၊ သူက တတ်နိုင်သမျှ သူမရောက်မချင်း အချိန်ဆွဲထားလို့ မှာလို့၊ "ဗျူဟာတပ်ဖွဲ့"ကိုလည်း လွှတ်လိုက်ပြီတဲ့"

"ရှီး....."

ဟယ်ရီက မျက်နှာမဲ့လိုက်သည်။

အရက်ဆိုင်ရှေ့တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ မက္ကဆီကန် ကပြားဖြစ်ပုံရသော အသားညိုညိုနှင့် ဆံပင်ရှည် လူရွယ်တစ်ယောက်သည် ကြောက်လန့်နေသော အဘွားကြီး တစ်ဦးကို သူ့ရှေ့တွင် ဖမ်းချုပ်ထားကာ ဆိုင်တံခါးဝသို့ ထွက်လာသည်။ သူ၏ အခြားလက်တစ်ဖက်မှ ပြောင်းဖြတ်နှလုံးပြူးသေနတ်ကြီးဖြင့် အဘွားကြီး၏ နားထင်ကို တေ့ထားသည်။

"ဘုရားသခင် ကယ်တော်မူပါ၊ တပည့်တော် မသေပါရစေနဲ့" လူမည်းအဘွားကြီးသည် တုန်လှုပ်စွာဖြင့် ညည်းတွားလိုက်သည်။

မက္ကဆီကန် ကပြားနဲ့သည် အဘွားကြီးအား လမ်းမအလယ်ကောင်သို့ ဆွဲထုတ်လာသည်။

"ဟေ့ ပုလိပ်စုတ်တွေ နားထောင်ကြစမ်း၊ ကျုပ်တို့အတွက် မော်တော်ကားတစ်စီး မြန်မြန်လာပို့ပေး၊ နို့မို့ရင်



ကျုပ်တို့ ဟောဒီဓားစာခံတွေအားလုံးကို သတ်ပစ်တော့မယ်၊ ဒါပဲ"

ဟယ်ရီက ရဲကြပ်ကြီး၏ အသံချဲ့စက်အော်လံကြီးကို ဆွဲယူပြီး မတ်တတ် ထ,ရပ်လိုက်သည်။

"မင်းတို့ဆီ ငါလာပြီး စကားပြောချင်တယ်၊ ပြီးမှ မင်းတို့တောင်းဆိုတာ လုပ်ပေးမယ်ဟေ့"

မက္ကဆီကန် ကပြားငနဲလေးက ခဏရပ်စဉ်းစားပြီး ခေါင်းညိတ်ပြသည်။

"ကောင်းပြီ စကားပြောမယ်၊ တခြားဘယ်သူ့မှ မပြောဘူး။ ခင်ဗျားသေနတ်ကို မော်တော်ကားစက်ဖုံးပေါ် တင်ထားလိုက်"

ဟယ်ရီက သူ၏ စမစ်အင်ဝက်ဆန် ဒသမလေးလေး ခြောက်လုံးပြူးကြီးကို စလွယ်သိုင်းအိတ်မှ နှိုက်ယူပြီး ရဲကားစက်ခေါင်းဖုံးပေါ် တင်လိုက်သည်။

ထို့နောက် ကားစက်ခေါင်းရှေ့သို့ ထွက်လာပြီးရပ်သည်။

"ကောင်းပြီ ပုလိပ်စုတ်၊ ဆိုင်ထဲကိုဝင်လာခဲ့"

မက္ကဆီကန် ကပြားဂျပိုးလေးက အော်ပြောသည်။

သူသည် အဘွားကြီးကိုဖမ်းထားရင်း ဆိုင်ထဲနောက်ပြန်ဆုတ်၍ ဝင်သွားသည်။ တံခါးကိုပြန်ပိတ်သည်။

ဟယ်ရီသည် စတိုးဆိုင်ဆီသို့ စတင်လျှောက်သွားသည်။

"ဟေ့ ...ဟယ်ရီ ငါ့ကို ဘာလို့ထားခဲ့လဲ၊ မင်းနဲ့ငါ ပါတနာတွေဆိုတာ မေ့နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အသာနေစမ်းပါဗျာ၊ ကျွန်တော် ပြေးရလွှားရတဲ့အခါ ဝက်ပုတ်ကြီးတွေနဲ့ ဝင်မတိုက်မိချင်ဘူးဗျို့"

"မင်းဟာ တကာယ်အဆင့်မြင့်တဲ့ကောင်ပဲ ဟယ်ရီ၊ ရုံတပ်ဖွဲ့ထဲကို ဘယ်လိုငတုံးတွေများ ဝင်လေ့ရှိသလဲဆိုတာ မင်းသိလို့လား"

"ခင်ဗျားသိရင်လည်း ကျွန်တော့်ကို ပြောပြစမ်းပါ"

ဒီဂျော်ဂျီယိုသည် လမ်းမပေါ်၌ တစ်ယောက်တည်း လျှောက်သွားသော ဟယ်ရီ့အား ငေးကြည့်နေသည်။

"သတိထားလုပ်ဟေ့၊ ငါ အသုဘပို့တာ ဝါသနာမပါဘူး"

ဟယ်ရီသည် ဆိုင်ရှေ့တည့်တည့်၌ ရပ်လိုက်သည်။

အရက်ပုလင်းဆိုင်သည် အဆောက်အအုံကောင်းတစ်ခု ဖြစ်သည်။ ဘေးတစ်ဖက်စီတွင် အာမခံကုမ္ပဏီတစ်ခုနှင့် လျှပ်စစ်အဝတ်လျှော် လုပ်ငန်းဆိုင်တို့ ရှိကြသည်။ အရက်ပုလင်းဆိုင်၏ ရှေ့မျက်နှာစာရှိ မှန်ချပ်ကြီးများမှ အလင်းပြန်သော ပုံရိပ်များကြောင့် ဆိုင်ထဲသို့ ဘာမျှမမြင်နိုင်ပေ။

ဆိုင်တံခါးဖွင့်ပေးသဖြင့် ဟယ်ရီ အထဲဝင်သည်။ တံခါးပေါက်မှ ဝင်လိုက်သည်နှင့် သူ့မျက်နှာသို့ နှစ်လုံးပြူးပြောင်းဝက တိုးဝင်လာသည်။ နှစ်လုံးပြူး ကိုင်ထားသူမှာ သားရေဂျာကင်ဝတ်ထားသော တရုတ်လူမျိုး လူဆိုးပေါက်စကလေး တစ်ယောက်ဖြစ်သည်။

"ငြိမ်ငြိမ်နေစမ်းပါ"



လူဆိုးလေးက အမိန့်ပေးသည်။

ဟယ်ရီ တုတ်တုတ်မလှုပ်ဝံ့။ ရှေ့နားတွင် မိမိအား နှစ်လုံးပြူးနှင့်ချိန်ထားသော စောစောက မက္ကဆီကန် ကပြားလေးအား တွေ့ရသည်။

နံရံကို ကပ်လျက်ရပ်နေသော လူလေးဦးမှာ ဓားစာခံများ ဖြစ်ကြသည်။

လူမည်းအဘွားကြီးတစ်ယောက်၊ စာရေးတစ်ယောက်၊ ဆိုင်ပိုင်ရှင်ဖြစ်ပုံရသော လူကြီးတစ်ယောက်၊ အပြာရောင် ဂျင်း(န်)ဘောင်းဘီဝတ်ထားသော မိန်းမပျို တစ်ယောက်။

သူတို့လေးဦးအား နောက်လူဆိုးနှစ်ဦးက စောင့်ကြည့်နေသည်။ တစ်ယောက်က မျက်နှာမှာ ဝက်ခြံဗရပျစ်နှင့် လူဖြူကောင်လေးတစ်ယောက်၊ အသက်(၂၀) ဝန်းကျင်ခန့် ရှိမည်။ ကျန်တစ်ယောက်က မက္ကဆီကန် ကပြား၊ မျက်နှာ ခပ်ပြားပြား၊ လက်သီးနှင့် အကြိမ်ပေါင်းများစွာ အထိုးခံထားရသော မျက်ခွက်မျိုး။

"ကြမ်းပေါ်မှာမှောက်ချစမ်း ပုလိပ်စုတ်"

လူဆိုးခေါင်းဆောင်က အမိန့်ပေးသည်။

ဟယ်ရီက ညစ်ပတ်နေသောကြမ်းပြင်ကို ငုံ့ကြည့်သည်။

"ဒီကြမ်းပေါ် မှောက်ရမှာလား"

"ဒုက္ခပါပဲ ရှင်ကလဲတော်၊ သူတို့ပြောသလို လုပ်ပေး လိုက်စမ်းပါ။ နို့မို့ ရှင်သေသွားမယ်"

လူမည်းအဘွားကြီးက အစိုးရိမ်ကြီးစွာဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဝတ်စုံက ကျုပ် ပင်းမင်းဆိုင်က ခုပဲရွေးပြီး ကောက်ဝတ်လာတာ"

ဟယ်ရီကပြောသည်။

လူဆိုးခေါင်းဆောင်သည် ရှေ့သို့လာသည်။

"ကြမ်းပေါ် မှောက်လိုက်လို့ ကျုပ်ဘယ်နှစ်ခါပြောရမလဲ သေနာကြီးရဲ့၊ ကဲ .... လုပ်စမ်း"

တရုတ်ကလေး ဟယ်ရီ၏ဝမ်းဗိုက်ကို နှစ်လုံးပြူးဖြင့် ဆောင့်ထိုးသည်။

"လုပ်လေဗျာ၊ သူပြောသလိုလုပ်လိုက်လေ"

ဟယ်ရီက သက်ပြင်းမှုတ်ထုတ်ပြီး ကြမ်းပေါ်မှောက်ချသည်။ လူဆိုးခေါင်းဆောင်သည် ရှေ့သို့လျှောက်လာပြီး ဟယ်ရီမျက်နှာကို နှစ်လုံးပြူးဖြင့် ချိန်ထားသည်။ သေနတ်ပြောင်းဝက ဟယ်ရီနှာခေါင်းဝတွင် ကပ်နေ၏။

"ခင်ဗျား လက်နဲ့ ခြေထောက်တွေကို ဘေးကားထုတ်လိုက်စမ်း"

ဟယ်ရီက ခြေထောက်နှင့်လက်ကို ကားထုတ်ပေးသည်။

တရုတ်လေးသည် သူ့သေနတ်ကို ဟယ်ရီနှင့် ခပ်ဝေးဝေးတွင် ချထားကာ ဟယ်ရီ၏ကိုယ်ပေါ်၌ အခြားလက်နက်ပုန်းများ ပါမပါ ခပ်မြန်မြန် စမ်းသပ်ရှာဖွေသည်။

"သူ့မှာ ဘာလက်နက်မှ မပါဘူး"

တရုတ်ကလေးကပြောပြီး နောက်ပြန်ဆုတ်ကာ သူ့နှစ်လုံးပြူးကို ပြန်ကောက်ယူသည်။



"ကဲ... ကဲ... မအေပေးကြီး ကျုပ်ပြောတာ သေသေချာချာနားထောင်၊ နံပါတ်တစ်အချက် ခင်ဗျားတို့ပုလိပ်တွေအားလုံး ဒီနေရာက ဖယ်ပေးရမယ်၊ ဒီဆိုင်ရဲ့ တစ်မိုင်ပတ်လည်မှာ ပုလိပ်တစ်ယောက်မှ မရှိစေရဘူး၊ နံပါတ်နှစ်၊ ရဲအဖွဲ့သုံး ရေဒီယိုစက်ပါတဲ့ ရဲကားတစ်စီး ဓာတ်ဆီအပြည့်ဖြည့်ပြီး ကျုပ်တို့လက်ထဲ လာပေးရမယ်၊ ဟောဒီဆိုင်ရှေ့အရောက် လာရပ်ပေးပါ"

ခေါင်းဆောင်ဖြစ်သူက ပြောသည်။

"အိုကေ" ဟယ်ရီကဖြေသည်။

"လမ်းကိုရှင်းပြီးတဲ့အခါ ကျုပ်တို့ ဓားစာခံနှစ်ယောက်ကို အတူခေါ်သွားမယ်၊ ဓားစာခံနှစ်ယောက်က မိန်းမတွေဖြစ်လိမ့်မယ်၊ ကျုပ်တို့ကို ဟန့်တားမယ်၊ နောက်ယောင်ခံလိုက်မယ်၊ နှောင့်ယှက်မယ်ဆိုရင် ဓားစာခံတွေရဲ့ ဦးနှောက်ထဲ ကျုပ် ကျည်ဆန် ထည့်ပေးမှာပဲ၊ ကျုပ်ပြောတာရှင်းလား"

"သိပ်ရှင်းပါတယ်"

ခေါင်းဆောင်က ကျေနပ်အားရစွာ ပြုံးလိုက်သည်။

"ကောင်းပြီ၊ ခင်ဗျား ဆိုင်ထဲကနေ ပြန်ထွက်ပြီး ကျုပ်တောင်းဆိုတာတွေ လုပ်ပေးပေတော့၊ ခင်ဗျားကို ငါးမိနစ်တိတိ အချိန်ပေးမယ် ပုလိပ်စုတ်၊ ငါးမိနစ် စေ့သွားတာနဲ့ ဟောဒီဆိုင်ထဲကနေ အလောင်းတွေ တစ်လောင်းပြီး တစ်လောင်း ပစ်ထုတ်လိုက်မယ်၊ ဒီမယ် မမေ့သွားနဲ့နော်၊ ခင်ဗျားတို့တွေ ကူလီကူမာလုပ်တာနဲ့ ဓားစာခံအားလုံး သေမယ်မှတ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီသည် ကြမ်းပေါ်မှ မတ်တတ်ပြန်ထသည်။ သူ့ဦးခေါင်းကို နှစ်လုံးပြူးနှင့် ချိန်ထားကြဆဲ။ သူတံခါးပေါက်ဆီသို့ လျှောက်သွားသည်။

"ပြေးစမ်းပုလိပ်၊ ကျုပ်ခင်ဗျားဖင်ကို သေနတ်နဲ့ပစ်လိုက်ရမလား၊ ဟင်း...."

လူဆိုးခေါင်းဆောင်သည် ဟယ်ရီ၏တင်ပါးကို ခြေနှင့်အားရပါးရ ဆောင့်ကန်ထည့်လိုက်ရာ ဟယ်ရီသည် ပလက်ဖောင်းပေါ်သို့ မှောက်လျက်ကျသွားလေသည်။

ဟယ်ရီ ဖြည်းညင်းစွာ ပြန်ကုန်းထသည်။ ညစ်ပတ်တွန့်ကြေသွားသော သူ့ဝတ်စုံကို ငုံ့ကြည့်သည်။ ရစရာမရှိအောင် ပျက်စီးသွားပြီ။

"ပြေးစမ်းပုလိပ်၊ ပြေးစမ်းဆိုမှပဲ"

ဟယ်ရီသည် ဆိုင်တံခါးပေါက်တွင် စပ်ဖြဲဖြဲနှင့် ရပ်ကြည့်နေသော မက္ကဆီကန် ကပြား လူဆိုးခေါင်းဆောင်ကို တစ်ချက်လှည့်ကြည့်ပြီး လမ်းအဆုံးရှိ ရဲကားများဆီ ပြေးသွားသည်။

"ဘာပြောလိုက်သလဲ"

ဟယ်ရီရောက်လာသည်နှင့် ရဲကြပ်ကြီးကမေးသည်။

"သူတို့တောင်းဆိုတဲ့အတိုင်း လုပ်ပေးရမယ်၊ ဟောဒီက ရဲကားအားလုံး ဖယ်ပေးလိုက်ပါ"

"ဒု–ရဲမှူး ဘရက်ဆလာပြောတာက...."

"ဘရက်ဆလာ ဘာပြောပြော ကျုပ် သောက်ဂရုမစိုက်နိုင်ဘူး၊ ဒီ ကလေကချေကောင်တွေကို အချိန်ဆွဲနေရင်



လမ်းမပေါ် အလောင်းတွေပုံသွားမယ်၊ ဒီကောင်တွေ အပျော်အပြက်လုပ်နေတာ မဟုတ်ဘူး၊ တကယ်လုပ်နေတာ၊ ဓားစာခံတွေ အားလုံးကို သတ်ပစ်လိမ့်မယ်၊ ခင်ဗျား အဲသလို အဖြစ်ခံမလား"

"ဟင့်အင်း"

"ဒါဆို ကျုပ်ပြောတာ လုပ်ပေး"

ရဲကြပ်ကြီးသည် ဟယ်ရီအား ဒွိဟစိတ်ဖြင့် ကြည့်နေပြီးမှ အခြားယူနီဖောင်းဝတ် ရဲသားများဘက် လှည့်လိုက်သည်။

"ကဲဟေ့...ဟောဒီက ဆရာသမားပြောတာ ကြားတယ်မဟုတ်လား၊ ဒီကားတွေ ဒီနေရာက မောင်းထုတ်သွားကြစမ်း

ဒီနယ်မြေကို ရှင်းပေးလိုက်"

ရဲကြပ်ကြီး ထွက်သွားသောအခါ ဒီဂျော်ဂျီယိုက ဟယ်ရီ့အား သူ့မဂ္ဂနမ်သေနတ်ကြီးကို ပြန်ပေးသည်။

"ခင်ဗျားကို သူ သိပ်ကြည့်မရဘူးထင်တယ် ဟယ်ရီ"

"ကျွန်တော့်ကို သောက်မြင်မကပ်တဲ့လူ ဘယ်သူရှိသေးလို့တုန်းဗျာ"

ခပ်ငယ်ငယ် ဆင်းရဲသားတစ်ယောက်သည် ရဲကားဆီသို့အသွား သူတို့နှစ်ဦး ရှေ့မှဖြတ်လျှောက်သွားသည်။ ဟယ်ရီက ထိုရဲသားထံမှ မျက်ရည်ယိုဓာတ်ငွေ့ကျည်ဆန်သုံး သေနတ်ကို ဆွဲယူပြီး ဒီဂျော်ဂျီယို၏ လက်ထဲ ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဒါ ခင်ဗျားအတွက်၊ ဟောဟို ထောင့်ကနေ ကျွန်တော့်ကို ကာဗာလုပ်ပေး၊ ရုဝ်ရုတ်သဲသဲ ဖြစ်ပြီဆိုတာနဲ့ အဲဒီစတိုးဆိုင်ထဲကို မျက်ရည်ယိုဓာတ်ငွေ့ဗုံးတွေ ပစ်သွင်းပေတော့"

"မင်းကရော ဘာလုပ်မှာတုန်း"

"မီးစင်ကြည့် က,တာပေါ့"

ဟယ်ရီသည် မဂ္ဂနမ်သေနတ်မှ ကျည်ဆန်ဆလင်ဒါကို ဖွင့်ကြည့်ပြီး ကျည်ဆန်ခြောက်တောင့် အပြည့်ရှိမရှိ စစ်ဆေးသည်။

"သတိထားလုပ်ကွာ"

ဒီကျော်ဂျီယိုက သတိပေးသည်။

"ခင်ဗျားအပူမဟုတ်ပါဘူး"

ရဲကားများ တစ်စီးပြီးတစ်စီး ထွက်ခွာသွားကြသည်။ နောက်ဆုံး၌ ဟယ်ရီ့ကားတစ်စီးသာ ကျန်ရစ်သည်။ ဒီကျော်ဂျီယိုသည် လမ်းထောင့်ရှိ ဆေးနှင့်ကုန်စုံဆိုင်လေးကို အကာအကွယ်ယူရန် နေရာပြောင်းသွားသည်။

ဟယ်ရီသည် ဒီကျော်ဂျီယို နေရာယူပြီးသောအခါမှ သူ့ကားထဲသို့ဝင်သည်။ မဂ္ဂနမ်ကို ထိုင်ခုံနောက်မှီနှင့် ကူရှင်ကြားတွင် အသာလေး ထိုးထည့်ထားသည်။ မော်တော်ကား မောင်းလျှင် သေနတ်မရွေ့လျားနိုင်စေရန်ဖြစ်၏။ ဟယ်ရီ့ လက်တကမ်းအကွာ၌သာ ရှိသည်။

ထို့နောက် ဟယ်ရီသည် ဒီကျော်ဂျီယိုအား နောက်ဆုံးအကြိမ် လှမ်းကြည့်ပြီး မော်တော်ကားကို မောင်းထွက်လာလေသည်။



မော်တော်ကားသည် စတိုးဆိုင်သို့ ဦးတည်ချဉ်းကပ်လာစဉ် လူဆိုးခေါင်းဆောင်သည် နှစ်လုံးပြူးကိုင်လျက် တံခါးဝတွင် ရပ်နေဆဲရှိသည်။

သူက ဟယ်ရီအား ရပ်ရန်လက်ပြသည်။

သို့သော် ဟယ်ရီက လီဗာကို အဆုံးဖိနင်းချပြီး လက်ကိုင်သီးကို ဆွဲလှည့်သည်။ မော်တော်ကားသည် ရိပ်ခနဲ ရှေ့သို့ ခုန်ထွက်ပြီး စတိုးဆိုင်ရှိရာ ညာဘက်သို့ခေါင်းတည် သွားသည်။

အခြေအနေကို ရိပ်စားမိသည်နှင့် ခေါင်းဆောင်သည် နှစ်လုံးပြူးနှင့် လှမ်းပစ်တော့သည်။

ပထမဆုံးကျည်ဆန်က ကားရှေ့မှန်ချပ်ကြီးကို အစိတ်စိတ်အမြွာမြွာ ခွဲပစ်လိုက်သည်။ ဟယ်ရီသည် ဒက်(ရှ်)ဘုတ်ကို အကာအကွယ်ယူကာ ခေါင်းငုံ့ထားရသည်။ ကားလက်ကိုင်ဘီးကိုထိန်း၍ မောင်းနေဆဲ။

မော်တော်ကားသည် စတိုးဆိုင်၏ အုတ်နံရံနှင့် ပြတင်းပေါက်တို့ကို ဝင်တိုက်ချပြီး ဆိုင်ထဲဝင်လာသည်။ လူဆိုးခေါင်းဆောင်လည်း ရပ်နေရာမှ ဆိုင်ထဲသို့ ဒိုင်ဗင်ထိုးဝင်လိုက်သည်။ ဟယ်ရီသည် လီဗာကို ဖိနင်းထားဆဲ။

မော်တော်ကားသည် ပစ္စည်းများ အလှပြသထားရာ ကောင်တာကို ဝင်တိုက်လိုက်သည်။ ကောင်တာပေါ်မှ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသော "ဆိတာ့(စ်)တီယာနီ" ဝိုင်ပုလင်းများ တစ်တန်းလုံး ကျကွဲကုန်သည်။

နောက်ဆုံး၌ စတိုးဆိုင်၏ အလယ်ကောင်တွင် မော်တော်ကားကြီး ရပ်သွားသည်။

မော်တော်ကားမရပ်မီပင် ဟယ်ရီသည် တံခါးဖွင့်ပြီး မဂ္ဂနမ်ကို ကိုင်ပြီးသားဖြစ်နေသည်။

စတိုးဆိုင်ထဲမှာ ပွက်ပွက်ညံသွား၏။ ဈေးစာခံများသည် အော်သူအော် ပြေးသူပြေး ဖြစ်နေကြသည်။

ဟယ်ရီ ကားပေါ်မှဆင်းလာစဉ် လူဆိုးခေါင်းဆောင် မက္ကဆီကန် ကပြားသည် ပြိုကျသွားသော အုတ်နံရံအပျက်အစီး အုတ်ကျိုးအုတ်ပဲ့ အပုံကြီးအောက်မှ ပြန်ထပြီး သူ့နှစ်လုံးပြူးကို ဆွဲယူနေသည်။

ဟယ်ရီနှင့် ခေါင်းဆောင်တို့ တစ်ယောက်ကိုတစ်ယောက် တစ်ပြိုင်တည်း တွေ့သွားကြသည်။

ခေါင်းဆောင်ငနဲ သေနတ်ခလုတ်မဆွဲနိုင်မီ ဟယ်ရီက မဂ္ဂနမ်သေနတ်ခလုတ်ကို ဆွဲလိုက်သည်။

မဂ္ဂနမ်၏ ပေါက်ကွဲသံကြီး ဆိုင်ထဲ၌ ဗုံးပေါက်သလို ဟိန်းသွားသည်။

ကျည်ဆန်သည် ခေါင်းဆောင်၏ ရင်ဘတ်ထဲ စိုက်ဝင်သွားသည်။ ခေါင်းဆောင်သည် အရုပ်ကြိုးပြတ်တစ်ခုနှယ် နောက်သို့ လွင့်ထွက်သွားသည်။ အောက်သို့ လဲအကျ၌ သူ့နှစ်လုံးပြူးကြီးများ ကျည်ဆန်ထွက်သွားသည်။ ဟယ်ရီ့ကို



ထိမှန်ဘဲ မျက်နှာကြက်ကို အပေါက်ကြီးဖောက်ပစ်လိုက်သည်။

ခေါင်းဆောင်သည် ကိုယ်ကိုတစ်ပတ်လှိမ့်ပြီး သွေးရွဲနေသော ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် အုပ်ကိုင်ကာ တော်တတ်ထရန် ကြံစည်သည်။

သူ့အကြံ မအောင်။

အုတ်ကျိုးပုံပေါ် ပက်လက်လန်ကျပြီး ငြိမ်သွားလေသည်။

ထိုအခိုက်အတန့်အတွင်း ဈေးစာခံများသည် ဆေးအန္တရာယ်ကင်းရာသို့ ရှောင်ပြေးလျက်ရှိကြသည်။ လူမည်းအဘွားကြီးတစ်ယောက်သာ အခန်းအလယ်၌ ကြောင်တောင်တောင်နှင့် ရပ်နေသည်။

"ရှင့်နောက်မှာ"

ဟယ်ရီက ထိုအဘွားကြီးဆီအသွား သူမက လှမ်းသတိပေးသည်။ ဟယ်ရီက နောက်သို့လှည့်ကြည့်ရာ မော်တော်ကား၏ ဖင်ပိုင်းနားမှ ပတ်၍ထွက်လာသော တရုတ်ကလေးကို တွေ့ရသည်။

သူကအော်ပြီး သေနတ်နှင့် လှမ်းပစ်သည်။

ဟယ်ရီ၏ ခြေထောက်ကို နှစ်လုံးပြူးကျည်ဆန် မှန်သွား၏။ ဟယ်ရီသည် မဂ္ဂနမ်ကို မချိန်ပဲနှင့်ပစ်သည်။ တရုတ်ကလေးပေါင်ကို ထိမှန်ပြီး မုန့်အချိုများထည့်ထားသည့် မှန်ဗီရိုပေါ် ဝုန်းခနဲ နောက်ပြန်လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟိုး အနောက်မှာ တစ်ယောက်”

လူမည်းအဘွားကြီးက ဆိုင်နောက်ဖေးဘက် လက်ညှိုး ထိုးရင်း အော်လိုက်ပြန်သည်။

“အဘွားကြီး ဝပ်နေစမ်း”

ဟယ်ရီက အော်သည်။ အဘွားကြီးသည် လဲကျနေသော စာအုပ်စင်နောက်သို့ သွားဝပ်နေလိုက်၏။

ထိုအခိုက် ဒီကျော်ဂျီယိုသည် မျက်ရည်ယိုဓာတ်ငွေ့ဗုံးကို ပစ်သွင်းလိုက်သည်။

ရဲကား၏ စက်ဖုံးပေါ်သို့ ကျကွဲပြီး ခုန်ထွက်ကာ ကြမ်းတွင်လိမ့်သွားသည်။ အခန်းထောင့်တွင်ရပ်သွားပြီး ဓာတ်ငွေ့များ ရှူးခနဲ ပန်းထွက်လာသည်။

စတိုးဆိုင်တစ်ခုလုံး အဖြူရောင်မီးခိုးငွေ့များ ပြည့်လျှံ လာလေသည်။

ဟယ်ရီသည် မီးခိုးများကြား၌ ကျောက်ပေါက်မာနှင့် ချာတိတ်ကလေး ချောင်းတဟွပ်ဟွပ်ဆိုးလျက် ပါးစပ်ကို လက်နှင့်အုပ်ပြီး ဆိုင်နောက်ဖေးသို့ ပြေးသွားသည်ကိုတွေ့ရ၏။ ချာတိတ်သည် နောက်ဖေးတံခါးပေါက် ရောက်သောအခါ လက်ကိုင်ဘုကို လှည့်၍ဖွင့်ကြည့်သည်။ သော့ခတ်ထား၏။ ထို့ကြောင့် ခြေထောက်နှင့် အကြိမ်များစွာ ဆောင့်ကန်သည်။ တံခါးပွင့်သွားသည်။

နောက်ဖေး စတိုခန်းထဲ ဝင်သွားသည်။

ဟယ်ရီက ခလုတ်ဆွဲလိုက်သည်။ ကျည်ဆန်သည်



ကောင်လေး၏တင်ပါးထဲ ဝင်သွား၏။ ကောင်လေးသည် ကျည်ဆန်တွန်းကန်အားကြောင့် တန်းစီထားသည့် ဂျပ်စက္ကူ သေတ္တာများကြားထဲ အရှိန်နှင့် ပစ်လဲကျသွားသည်။

လူဆိုးသုံးယောက်ကျသွားပြီ။ တစ်ယောက်ကျန်သေး သည်။ ဟယ်ရီ ရေတွက်ထား၏။

အဖြူရောင်အခိုးအငွေ့များသည် ဟယ်ရီ့မျက်နှာသို့ တိုးဝင်လာသည်။ ဟယ်ရီ့မျက်နှာရှုံ့မဲ့ပြီး နောက်သို့ဆုတ်သည်။ သူ့မျက်လုံးများ မျက်ရည်ဝဲပြီး ကျိန်းစပ်လာသည်။ မျက်လုံးကို မနည်းကြိုးစားဖွင့်နေရသည်။ ဆိုင်အတွင်း ပတ်ပတ်လည်ကို လိုက်ကြည့်သည်။

လူဆိုးတစ်ယောက် ဘယ်သွားပုန်းနေပါလိမ့်။

တံခါးပေါက်နားမှ တစ်စုံတစ်ခု လှုပ်သွားသည်။ နှာခေါင်းကျိုးနှင့် မက္ကဆီကန် ကပြား ငနဲလေးသည် ငွေကိုင် စာရေး၏ ကောင်တာကို အကာအကွယ်ယူကာ တံခါးပေါက်ဆီ တိုးသွားလျက် ရှိ၏။

ဟယ်ရီသည် ရဲကားနောက်တွင်ဝပ်ပြီး လူဆိုးအရင် ရောက်အောင် တံခါးဆီသို့ သွားသည်။ မော်တော်ကား နောက်မြီးပိုင်းမှပတ်၍ ထွက်အလာတွင် “နှာခေါင်းကျိုး” လေးသည် ဟယ်ရီ့အားတွေ့သွားပြီး ဒသမ ၃၈ သေနတ်နှင့် လှမ်းပစ်သည်။ ဟယ်ရီနားရွက်နားမှ ကျည်ဆန်ပွတ်၍ ဖြတ်ပြေးသွားသည်။

“ဟေ့ကောင် မလှုပ်နဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက အော်လိုက်သည်။

"နှာခေါင်းကျိုး"သည် ဟယ်ရီ့အား ဇဝေဇဝါနှင့် စိုက်ကြည့်နေသည်။ ဆက်ပစ်ရမလား၊ လက်မြှောက်ရကောင်းမလား၊ သူဆုံးဖြတ်၍ မရသေး။

သူ့မျက်နှာထားက တင်းမာသွားပြီး ခလုတ်ကိုဆွဲညှစ်လိုက်သည်။

ဟယ်ရီသည်လည်း မိမိအား "နှာခေါင်းကျိုး"က ထပ်ပစ်တော့မည်ဖြစ်ကြောင်း ရိပ်မိသောကြောင့် ပစ်ထည့်လိုက်သည်။ ကျည်ဆန်သည် "နှာခေါင်းကျိုး"၏ ဗိုက်ကိုမှန်ပြီး ဆိုင်ပြင်သို့ တံခါးပေါက်မှ နောက်ပြန်လန်ထွက်သွားစေ၏။

"နှာခေါင်းကျိုး"သည် ပလက်ဖောင်းပေါ်ရှိ အဖြူနှင့် အပြာရောင် ဆေးသုတ်ထားသော စာတိုက်ပုံးကို ဝင်ဆောင့်မိသည်။ သူ လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

ဟယ်ရီသည် အသက်ရှူကျပ်လျက်၊ ချောင်းဆိုးလျက်ဖြင့် ဆိုင်ပြင်သို့ ထွက်လာသည်။ မျက်ရည်ယို ဓာတ်ငွေ့များသည် လမ်းပေါ်သို့ လွင့်ထွက်လာ၏။

ဟယ်ရီသည် လူဆိုးလေး၏ အလောင်းကို ငုံ့ကြည့်သည်။ ဖိနပ်ဦးဖြင့် ၎င်း၏ ပခုံးအောက်မှတွန်းပြီး ပက်လက်လှန်ကြည့်သည်။

ငနဲလေး သေပြီ။

ဟယ်ရီ အနီးကပ် လေ့လာစရာမလို။ ဟယ်ရီသည် "မရဏ၏ရုပ်သွင်"ကို ကောင်းကောင်းမြင်ဖူးထားပြီးသူဖြစ်၏။



ဟယ်ရီ၏ နောက်ဘက်တွင် စတိုးဆိုင် ပိုင်ရှင်ကြီးသည် မျက်နှာပေါ် လက်ကိုင်ပဝါအုပ်ရင်း မျက်ထောင့်နီကြီးများဖြင့် မျက်ရည်ယိုလျက် ယိုင်တိယိုင်ထိုး ထွက်လာသည်။ ၎င်းသည် အရပ်ပုပု၊ ထိပ်ပြောင်ပြောင်နှင့် မျက်မှန်ထူထူ တပ်ထားသူဖြစ်သည်။ မျက်မှန်ကိုချွတ်ပြီး လက်ကိုင်ပဝါနှင့် သုတ်သည်။ သူသည် သူ့ဆိုင်၏ အခြေအနေကို အကဲခတ်လိုက်ပြီး

"ကျုပ်.... ကျုပ်ဆိုင်ပျက်သွားပြီ၊ ဘယ်သူလျော်ပေးမှာလဲ"

ဆိုင်ရှင်လူကြီး လက်နှစ်ဖက် မိုးပေါ်မြှောက်ရင်း ဦးသံပါကြီးနှင့် အော်ပြောသည်။

ဟယ်ရီက ဆိုင်ရှင်ကြီးကို အေးတိအေးစက်ကြည့်ပြီး ပလက်ဖောင်းပေါ်မှ အလောင်းကြီးကို မေးထိုးပြသည်။

"သူ့မေးကြည့်ပေါ့ဗျာ"

ဟယ်ရီသည် နံ့ချည့်ဗွာဖြင့် သူ့မဂ္ဂနမ်ကို စလွယ်သိုင်းအိတ်ထဲ ပြန်ထည့်သည်။ သူ့အဝတ်အစားများကို ပြန်စစ်ဆေးသည်။ သွားပြီ။ သူ၏ အကောင်းဆုံးဝတ်စုံကတော့ သုံးမရအောင် ပျက်စီးသွားပါပြီ။ တစ်ရာ့ငါးဆယ့်ငါးဒေါ်လာဖိုး ရေထဲမျှောလိုက်ရပြီပေါ့။ ဘာအတွက်လဲ။ ဘယ်သူ့အတွက်လဲ။

ဒီရော်ဂျီယို သူ့ဆီပြေးလာသည်။

"ဟေ့ ဟယ်ရီ၊ မင်းဘာဖြစ်သွားသေးလဲ"

ဒီရော်ဂျီယိုသည် အမောတကောနှင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ပြုံးပြသည်။

"ဘာမှမဖြစ်ပါဘူး"

ဒီဂျော်ဂျီယိုသည် ဓားပြတိုက်ခံရသော ကုန်စုံဆိုင်၊ ပျက်စီးသွားသော မော်တော်ကားနှင့် အလောင်းများကိုကြည့်ပြီး အံ့အားသင့်စွာဖြင့် ခေါင်းခါလိုက်သည်။

"မင်းဟာ ဘာလို့များ အလုပ်တစ်ခုကို ခက်ခက်ခဲခဲ လုပ်ချင်နေရတာတုန်းကွာ"

"အိုး ... ဒါဘာခက်လို့တုန်းဗျာ"

ဟယ်ရီက ပခုံးတွန့်၍ပြောလိုက်လေသည်။

✧ ✧ ✧

## အခန်း(၃)

ဟယ်ရီနှင့် ဒီဂျော်ဂျီယိုတို့ ဝင်လာသောအခါ လူသတ်မှု စုံစမ်းရေးဌာနခွဲ၏ ရုံးခန်းမှာ ခြောက်ကပ်နေသည်။ စုံထောက်တစ်ဒါဇင်၏ စားပွဲများအနက် စားပွဲနှစ်လုံး၌သာ လူရှိသည်။ စုံထောက် ကင်ချူးသည် အစီရင်ခံစာကို လက်နှိပ်စက်ရိုက်နေသည်။ သူ့တွဲဖက်ဖြစ်သူ ရစ်(ချ်) အင်ဒါဆင်ကား စားပွဲရှေ့ ကုန်း၍ထိုင်ကာ အဝတ်အစား ပိုသိပတ်သိနှင့် အလွန်ဝဖီးသော အီတာလျံလူမျိုး မိန်းမကြီးတစ်ယောက်နှင့် စကားပြောနေသည်။ သူတို့နှစ်ယောက် တစ်စုံတစ်ခုနှင့်ပတ်သက်၍ အကြီးအကျယ် ငြင်းခုံနေကြပုံရ၏။

မိန်းမကြီးသည် ပါးစပ်ပြန်ပိတ်ပြီး နှုတ်ခမ်းများ တွန့်သိမ်သွားသည်။ တစ်ဖန် သူမက အင်ဒါဆင်အား လက်ညှိုး တငေါက်ငေါက်ထိုး၍ တစ်စုံတစ်ခုကို ရေးကြီးခွင်ကျယ်လုပ်ပြောနေသည်။

အင်ဒါဆင်က မော့်ကြည့်လိုက်ရာ ဟယ်ရီနှင့် ဂျော်ဂျီ

www.burmeseclassic.com

www.burmeseclassic.com



ယိုတို့အား တွေ့သွားသဖြင့် စိတ်ဓာတ်အကြီးအကျယ် ကျနေပါသည်ဟူသော အဓိပ္ပာယ်ဖြင့် မျက်လုံးများ အပေါ်စိုက်ပြလိုက်၏။ အလွန်ချေးများသော အမှုသည်များနှင့်မှ ကြုံရတတ်သော အင်ဒါဆင်ခမျာ သနားစရာကောင်းလှပေသည်ဟု ဟယ်ရီ တွေးလိုက်သည်။

ဒီဂျော်ဂျီယို ကုတ်အင်္ကျီချိတ်နေစဉ် ဟယ်ရီသည် အခန်းတစ်ဖက်ထောင့်စားပွဲရှိ ကော်ဖီအိုးဆီသို့ လျှောက်သွားသည်။ ၎င်းစားပွဲအောက်တွင် စုတ်ပြတ်ယောင်းနွမ်းနေသော ရေခဲသေတ္တာကြီးတစ်ခုရှိသည်။ လူသတ်မှုစုံစမ်းရေးဌာနမှ စုံထောက်များသည် တစ်ခါတစ်ရံ အမှုတစ်ခုကို အိမ်ပြန်အနားယူခြင်းမပြုဘဲ ရုံးမှာပင် ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားပြီး အမှုလိုက်ကြရသည်။

ထို့ကြောင့် ရေခဲသေတ္တာကြီးထဲတွင် အဆင်သင့်စားနိုင်သော အစားအစာများ အမြဲဖြည့်ပေးထားသည်။ နွားနို့၊ အမဲသားညှပ်ပေါင်မုန့်များ၊ ဒိန်ခဲများ၊ ကြက်ဥပြုတ်များနှင့် ရုံဖန်ရံခါ အင်ဒါဆင်၏ဇနီးက အားလပ်၍ လုပ်ပို့ပေးသော ပန်းသီး"ပိုင်" ကိတ်မုန့်များပါဝင်တတ်သည်။

ဟယ်ရီသည် ကော်ဖီတစ်ခွက်ငှဲ့ပြီးနောက် ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်သည်။ သူစားချင်ရာများကို ရွေးထုတ်သည်။ အမေရိကန် ဒိန်ခဲနှင့် ပေါင်မုန့်လုံးရှည်တို့ဖြစ်သည်။ ဒိန်ခဲနှင့် ပေါင်မုန့်ကိုညှပ်ပြီး နှစ်လုတ်တည်း အပြတ်ဝါးမျိုပစ်လိုက်သည်။

လူသတ်မှုစုံစမ်းရေးဌာနခွဲရှိ ရဲစုံထောက်များထဲတွင်



ဟယ်ရီကယ်လ်ဟန်၏ စားသောက်ပုံအလေ့အထများမှာ သူ၏ သေနတ် အသုံးပြုပုံကဲ့သို့ပင်။ ဒဏ္ဍာရီဆန်ဆန် ပြောစရာဖြစ်နေသည်။ သူသည် ဒိန်ခဲ၊ ဝက်သားနှင့် ငှက်ပျောသီး ညှပ် ပေါင်မုန့်တို့ကိုစားပြီး မည်သည့်ရောဂါဝေဒနာမှမဖြစ်ဘဲ နေနိုင်သူ ဖြစ်သည်။

ကင်ချူးသည် စားပွဲတွင် မတ်တတ်ထပြီး ဟယ်ရီအား မြူးပြသည်။

"ဒု-ရဲမှူး ဘရက်ဆလာက ခင်ဗျားကို လိုက်ရှာနေတယ်၊ သူ ဒေါကန်နေပုံရတယ်"

"အို ....သူက အမြဲဒေါကန်နေတာပဲဟာ"

ဟယ်ရီကပြန်ဖြေသည်။

"ခင်ဗျား သူ့ကို မက်ကေးရဲ့ရုံးခန်းမှာ အခုသွားတွေ့လို့ရတယ်"

ဟယ်ရီက နှာခေါင်းရှုံ့သည်။

"ငါတို့ရဲ့ စခန်းမှူးကြီး ဘာလိုချင်ပြန်ပြီလည်း မသိဘူး၊ သူ့ဖင်ယားလို့ ကုတ်ပေးမယ့်လူ လိုတယ်ထင်ပါရဲ့၊ မက်ကေးနဲ့ ဘရက်ဆလာပေါင်းပြီး ဘယ်ဘက်လက်နဲ့ လုပ်ခိုင်းရမလဲလို့ ခေါင်းချင်းဆိုင် စဉ်းစားနေသလားမသိဘူး"

ချူးကရယ်သည်။

"အဲဒါ မက်ကေးမကြားသွားစေနဲ့"

"အို သူ့ကိုငါ စာနဲ့ရေးပြလိုက်မယ်၊ ဒါပေမယ့် သူ ခုထိ စာမဖတ်တတ်သေးဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သိပ်ဆိုးတဲ့လူပဲ ဟယ်ရီ၊ ခင်ဗျားလိုလူတွေ ကြောင့် ဟောဒီရဲအဖွဲ့ဂုဏ်သိက္ခာ ထိခိုက်ရတာပေါ့"

ဟယ်ရီက ဘုကြည့်ကြည့်သည်။

"မင်း နောက်ဒါမျိုး ဆက်ပြောရင် မင်းလျှာကို ငါဖြတ်ပြီး အိမ်သာစက္ကူ လုပ်ပစ်မယ် ချူး"

ချူးက ခစ်ခနဲရယ်ပြီး လက်နှိပ်စက် ပြန်ထိုင်ရိုက်သည်။

ဟယ်ရီသည် ကော်ဖီခွက်ကို သူ့စားပွဲဆီယူသွားပြီး ကုလားထိုင်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

နံရံပေါ်မှနာရီကို ကြည့်သည်။ ခြောက်နာရီခွဲပြီ။

အပြင်ဘက်တွင် ဘရိုင်ယင် လမ်းမပေါ်မှနေ၍ "ပင်လယ်အော် တံတားကြီး"ကို ဖြတ်ကာ အုတ်(စ်)လင်းနှင့် ၎င်း၏ နောက်ပိုင်းဒေသသို့ သွားနေကြသော ရုံးဆင်းအိမ်ပြန် မော်တော်ကားများ၏ မီးရောင်များကို မှိတ်တုတ် မှိတ်တုတ် မြင်ရ၏။ တစ်နေရာရာ တစ်အိမ်အိမ်တွင် လူတစ်ယောက်သည် ယခုအချိန်၌ အေးအေးဆေးဆေး ထမင်းစားပွဲ၌ထိုင်ပြီး အိမ်က ချစ်ဇနီးချော ချက်ပြုတ်ကျွေးသော ညစာဟင်းလျာများကို မြိန်ရှက်စွာ စားသောက်ရန် အသင့်ပြင်နေရှာရော့မည်။ ထို့နောက် သူတို့ဇနီးမောင်နှံသည် အိမ်ပေါ်ထပ်သို့တက်ပြီး ချစ်ဗျူဟာခင်းကြမည်။ တနေရာရာမှာ ....။ တနေရာရာမှာ ....။ ဒီနေရာတော့ မဟုတ်ပါ။ ဒီလိုမဟုတ်ပါ။

ဒီမှာတော့ ရဲစုံထောက် ဟယ်ရီကယ်လဟန်သည် သူ့



ထိုင်ခုံမှာထိုင်ရင်း ပြတင်းပေါက်မှ အပြင်သို့ငေးနေသည်။ အလုပ်မလုပ်ဘဲ စိတ်ကူးယဉ်နေသည်။

ဟယ်ရီသည် စိတ်ပျက်လက်ပျော့စွာဖြင့် သက်ပြင်းတစ်ချက်ချပြီး သူ့စားပွဲမှ အလုပ်များဘက် အာရုံပြောင်းလိုက်သည်။

ဟယ်ရီ၏စားပွဲသည် အခြားသောစုံထောက်များ၏ စားပွဲကဲ့သို့ သပ်သပ်ရပ်ရပ်မဟုတ်။ ရှုပ်ပွလျက်ရှိသည်။ အစီရင်ခံစာများ၊ စာအုပ်များ၊ မှတ်တမ်းများ၊ လုံးခြေထားသော စက္ကူများ စသည်တို့ဖြင့် ဖုံးလွှမ်းနေသည်။

ဟယ်ရီသည် "မြောက်ဘက်ကမ်းခြေ"ရပ်ကွက်မှ မိမိချစ်သူ မိန်းကလေးအား သတ်ဖြတ်မှုဖြင့် အဖမ်းခံရသော ဘိန်းဖြူလက်လီရောင်းသူ ငနဲတစ်ဦးနှင့် ပတ်သက်၍ မပြီးသေးသော အစီရင်ခံစာကို ကောက်ဖတ်သည်။ တရားခံကို လွန်ခဲ့သောနှစ်ရက်က ဖမ်းဆီးခဲ့ပြီးဖြစ်သော်လည်း ယခုထိ ဟယ်ရီ အစီရင်ခံစာပြီးအောင် မရေးရသေး။ မနက်ဖြန်မှ မပြီးလျှင် ဘရက်ဆလာနှင့် ရင်ဆိုင်ရပေလိမ့်မည်။

ဟယ်ရီသည် သန့်ပြန့်သော ရဲဌာနသုံး အစီရင်ခံလွှာပုံစံ စာရွက်တစ်စောင်ကို ကောက်ယူပြီး လက်နှိပ်စက်ထဲထည့်၍ ဖြည်းဖြည်းချင်း စရိုက်သည်။ ရဲအဖွဲ့၌ လုပ်သက် ၁၉ နှစ် ရခဲ့ပြီဖြစ်သည့်တိုင် ဟယ်ရီသည် လက်နှိပ်စက် ကျွမ်းကျင်စွာ မရိုက်တတ်သေးပေ။ တစ်နေ့နေ့တော့ လက်နှိပ်စက်ပညာကို ပြည့်စုံစွာ တတ်မြောက်အောင် သင်မှဖြစ်မည်ဟု သူ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



က သန္နိဋ္ဌာန်ချထားသော်လည်း လောလောဆယ်တော့ ထိုကိစ္စ သည် သူ့အဖို့ ပထမဦးစားပေး ဆောင်ရွက်ရမည့် အလုပ်တစ်ခု မဟုတ်ပါချေ။

ဟော ....ခု ပြောရင်းဆိုရင်း တစ်လုံးမှားသွားပြီ။ ဒုက္ခပါပဲကွာ။ ဟယ်ရီသည် ခဲဖျက်ကိုယူပြီး မှားသွားသော စာလုံးကို ဖျက်ပစ်ကာ ဆက်လက် ရိုက်ပြန်သည်။ နေ့စဉ် တာဝန်ဝတ္တရား အမျိုးမျိုးရှိသည့်အနက် ဟယ်ရီသည် လက်နှိပ် စက်ရိုက်ခြင်းကို အမုန်းဆုံးဖြစ်လေသည်။

ရုံးခန်းတံခါး ဝုန်းခနဲပွင့်လာသည်။ တံခါးဝတွင် ရပ်လိုက်သူကား ဒု–ရဲမှူး ဘရက်ဆလာ။

ဘရက်ဆလာသည် ကျောက်ပေါက်မာများ ပြည့်နေ သော နီရဲရဲမျက်နှာကြီးနှင့် ကိုယ်လုံးထွားကျိုင်းလှသူ ဖြစ် သည်။ လမ်းလျှောက်လျှင် ခြေထောက်ကို ရှပ်တိုက်သွားသည်။ အရောင်တောက်ပသော တန်ဖိုးကြီးဝတ်စုံများ ဝတ်ဆင် တတ်သည်။ ထိုအဝတ်အစားများကြောင့် ဘရက်ဆလာ သည် အာမခံ စာချုပ်ရောင်းသမားတစ်ဦးနှင့် တူချင်သလိုလို ရှိ၏။

သူ့မျက်နှာပေါက်၊ သူ့ကိုယ်လုံးကြောင့် သူသည် အသက် ကြီးနေပြီဖြစ်သော အလုပ်အလွန်လုပ်တတ်သော ရဲဝန်ထမ်း တစ်ဦး ပုံသဏ္ဍာန် ပီသ,နေပေသည်။

ဘရက်ဆလာသည် အမျက်ဒေါသပါသော မျက်လုံး အစုံတို့ဖြင့် ရုံးခန်းတစ်ခုလုံးကို လျှောက်ကြည့်သည်။ နောက်ဆုံး



ဟယ်ရီ့ကိုတွေ့သွားသည်။ ဘရက်ဆလာ၏မျက်နှာကြီးက ၀ိုဠ်နီသွားသည်။

“ကယ်လဟန် မင်းဘယ်ရောက်နေလဲ”

ဘရက်ဆလာက ဟယ်ရီ့အား အပြစ်တင်စွပ်စွဲသော လေသံဖြင့် အော်မေးလိုက်သည်။

“ဓိမ်နန်းမှာ သွားအိပ်နေတာ”

ဟယ်ရီက ပြန်ဖြေသည်။

“ငါအတည်ပြောနေတာဟယ်ရီ။ မင်း နောက်ချင် ပြောင်ချင် နောက်မှလုပ်”

ဒီဂျော်ဂျီယိုက ဟယ်ရီ့အား သတိထားဟူသော အကြည့် ဖြင့် လှမ်းကြည့်ပြီး ဘရက်ဆလာဘက်သို့ လှည့်သည်။

“ကျွန်တော်တို့နှစ်ယောက် ဆေးရုံကိုသွားပြီး ဟိုအရက် ဆိုင်ကို ဓားပြတိုက်တဲ့ သူတောင်းစားလေးတွေဆီက စစ်ချက်ယူ နေလို့ပါ အယ်(လ်)”

ဒီဂျော်ဂျီယိုကပြောသည်။

ဘရက်ဆလာက ခေါင်းညိတ်ပြသည်။ သူ့မျက်လုံးများ က ဟယ်ရီ့အားကြည့်နေဆဲ။

“ကဲ ....သွားစို့ကယ်လဟန်”

“ဘယ်ကိုလဲ”

“ဟိုဘက်နားတင်ပါ၊ စခန်းမှူး မက်ကေးက မင်းနဲ့ စကားနည်းနည်းပြောချင်လို့တဲ့။ မင်းနဲ့သူနဲ့ နှစ်ယောက်တည်း တွေ့ရမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီအဲ့အားသင့်သွားသည်။ မက်ကေးက ခေါ်တွေ့တာပါကလား။ စခန်းမှူး မက်ကေးသည် လူသတ်မှုစုံစမ်းရေးမှ လက်အောက်ငယ်သားများနဲ့ တိုက်ရိုက် စကားပြောရိုးထုံးစံမရှိ၊ ဘရက်ဆလာနှင့်သာ လွှဲထားသည်။

အမိန့်ပေးစရာရှိလည်း ဘရက်ဆလာမှတစ်ဆင့် ပေးသည်။

မက်ကေးသည် မြို့တော်ကောင်စီ နေ့လယ်စာ စားပွဲတက်ခြင်း၊ မြို့တော်ဝန်နှင့် ဂေါက်သီးရိုက်ခြင်း စသော အခြားပိုအရေးကြီးသည့် ကိစ္စများ လျှောက်လုပ်ရင်း အမြဲတစေ အလုပ်များနေသူ ဖြစ်၏။

မက်ကေးက ဟယ်ရီ့အား သူ့ရုံးခန်း၌ စကားပြောချင်သည် ဆိုခြင်းမှာ အတော်အရေးကြီး၍ ဖြစ်ရမည်။ ဘာကိစ္စမှန်း ဟယ်ရီသိလိုက်ပြီ။

ဟယ်ရီသည် သူ့ကုလားထိုင်ကို စားပွဲနှင့်ခွာထုတ်ပြီး ကော်ဖီကို နောက်ဆုံးတစ်ကျိုက် မော့ချကာ မတ်တတ်ထသည်။ ဘရက်ဆလာနောက်က လိုက်သွားသည်။ စကြံ လမ်းမကြီးကို ဖြတ်ပြီး ဖောက်ထွင်းခိုးယူမှု စုံစမ်းရေး အဖွဲ့ငယ်ရုံးခန်းကို ကျော်သွားသည်။ လမ်းအဆုံး၌ မက်ကေး၏ရုံးခန်းရှိ၏။

မက်ကေး၏ လူမည်း အတွင်းရေးမှူးမလေး ဖြစ်သူ အန်နာမာလာ(ဗ်)သည် မက်ကေး၏ အပြင်ဘက်ရုံးခန်းသို့ ဝင်လာသောအခါ ဟယ်ရီတို့အား ခေါင်းညိတ်ပြသည်။

“ဝင်သွားလေ၊ သူအထဲမှာ စောင့်နေပါတယ်”



ဘရက်ဆလာက ဟယ်ရီအား လှည့်ကြည့်ပြီး ...

“ဒီမယ် ဟယ်ရီ၊ မင်းအခန်းထဲရောက်ရင် ဆင်ခြင်ပါကွာ၊ မင်း ဘုကျကျ ပြောရင် သူ့ စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး”

“ကျွန်တော်ကလည်း သိပ်စိတ်မရှည်ဘူးဗျာ”

“တော်စမ်းကွာ၊ မင်းကို အေးအေးဆေးဆေးနေဖို့ ငါ တောင်းပန်နေတာ၊ မင်းနဲ့ငါ နှစ်ဦးစလုံး ကောင်းကျိုးအတွက် ပြောနေတာကွ”

ဘရက်ဆလာက တံခါးဖွင့်ပြီး အထဲသို့ ဦးဆောင်ဝင်သွားသည်။ မက်ကေး၏ရုံးခန်းသည် ကျယ်ဝန်းသည်။ သားနားလှပသည်။ နေရထိုင်ရ အဆင်ပြေမည်။ ဇိမ်ရှိမည်။ ရဲဝန်ထမ်းတစ်ဦး၏ ရုံးခန်းနှင့်မတူဘဲ ပုဂ္ဂလိက လုပ်ငန်းတစ်ခုမှ အရာရှိ တစ်ဦး၏ ရုံးခန်းနှင့် ပိုတူနေသည်။

နံရံများပေါ်တွင် ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ၊ ဓာတ်ပုံများ ချိတ်ဆွဲထားသည်။ အထင်ရှားဆုံး ဓာတ်ပုံကြီး တစ်ပုံမှာ မာရင်မြို့နယ် ဂေါက်သီးကလပ်တွင် ရိုက်ကူးခဲ့သော မက်ကေးနှင့် မြို့တော်ဝန်တို့၏ နှစ်ယောက်တွဲ အမှတ်တရ ဓာတ်ပုံဖြစ်သည်။ ဟယ်ရီသည် ထိုဓာတ်ပုံကြီးကို မြင်မြင်ချင်း စက်ဆုပ်သွား၏။

ဘရက်(ဒ်)ဖို့(ဒ်)မက်ကေးသည် စားပွဲနောက်၌ ထိုင်နေသည်။ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးရှိသော အေးစက်၍ ကြမ်းတမ်းကြွခိုင်မည့် လူကြီးတစ်ယောက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝတ်စားပုံ သပ်ရပ်သည်။ ဟယ်ရီသည် သူ့အထက် ဆရာသမားကို မျက်နှာသေကလေးနှင့် စိုက်ကြည့်နေသည်။

မက်ကေးကို ပုဂ္ဂိုလ်ရေးအရ မုန်းတီးသည်တော့မဟုတ်။ မက်ကေး၏ ဟန်ပန် အသွင်အပြင်ကိုသာ သူ မနှစ်မြို့ခြင်းဖြစ်သည်။

မက်ကေးသည် သူများကို ဖော်လံဖားတတ်သူ၊ အရေးပါသော ပုဂ္ဂိုလ်ကြီးများနှင့် မိတ်ဆွေဖွဲ့တတ်သူ၊ နိုင်ငံရေးကျားကွက်ကစားသူ၊ မျက်နှာရမည့်ကိစ္စများ လုပ်ပေးတတ်သူဖြစ်သည်ဟု ဟယ်ရီယူဆသည်။ မက်ကေးသည် ရည်မှန်းချက်ကြီးမားပြီး ထိပ်ဆုံးရောက်အောင် တက်လှမ်းရန် သန္နိဋ္ဌာန်ပြင်းထန်စွာ ချထားသူဖြစ်သည်။ မက်ကေးသည် တစ်နေ့သော အခါ၌ ရဲမင်းကြီးဖြစ်လာဖွယ်ရှိ၏။ သူ့မှာ အရေးပါသော မိတ်ဆွေသင်္ဂဟများ ရှိပြီးသားမဟုတ်လား။ ရဲမင်းကြီးဖြစ်လာသည့်အခါ၌လည်း ဟယ်ရီသည် ယခုအတိုင်းပင် သူ့ကို ဆက်လက်မုန်းတီးနေဦးမည်သာဖြစ်၏။

ဘရက်ဆလာက တံခါးပိတ်လိုက်သည်။

"ကဲ....ထိုင်ပေါ့ ကယ်လဟန်"

မက်ကေးက အမိန့်ပေးသည်။ မက်ကေးသည် သူတစ်ပါးအား မည်သည့်အခါမျှ တောင်းဆိုခြင်းမပြု။ အမိန့်ပေးညွှန်ကြားခြင်းသာပြု၏။

ဟယ်ရီသည် မက်ကေး၏ အရာရှိသုံးစားပွဲရှေ့ရှိ ကုလားထိုင်၌ အသာလေးဝင်ထိုင်သည်။



ဘရက်ဆလာကား တံခါးပေါက်နား၌ မတ်တတ်ရပ်နေကြောင်း ဟယ်ရီသတိပြုမိသည်။

မက်ကေးသည် သူ့ထိုင်ခုံ၌ နောက်မှီချပြီး သူ၏လက်ချောင်း ထိပ်ဖျားများကို ပေါင်းမိုးကလေးလို ပုံသဏ္ဌာန်ဖြစ်အောင် ပြုလုပ်လိုက်သည်။ သူသည် ဘုတ်အဖွဲ့အစည်းအဝေး၌ မိန့်ခွန်းပြောမည့် "ဂျင်နရယ်မော်တော်ကား" ကုမ္ပဏီကြီးမှ ဥက္ကဋ္ဌကြီးနှင့် တူနေ၏။

"ငါ အပေါ်ထပ်က ရဲမင်းကြီးရဲ့ ရုံးခန်းထဲမှာ တစ်နာရီကြာကြာ သွားစကားပြောခဲ့ပြီးပြီ၊ ဘာကိစ္စသွားပြောသလဲဆိုတာ မင်းသိသလား ကယ်လဟန်"

ဟယ်ရီက မက်ကေးအား အပြစ်ကင်းမဲ့သော အမူအရာဖြင့် ကြည့်နေသည်။ သူ့ကိုဒီလို ပဟေဠိ အမေးအဖြေလုပ်တာမျိုး သိပ်မုန်းသည်။ လိုရင်းကို တိုတိုပြောတာပဲကြိုက်သည်။

"ဆရာ့အော်တိုလက်မှတ် လိုချင်လို့ထင်ပါရဲ့"

"ပေါ့ကောင် ပေါက်ကရ မပြောစမ်းနဲ့၊ ငါ ဟာဒယရွှင်ဆေး နားမထောင်ချင်ဘူး၊ ငါ့အဖို့ ဒီနေ့ ပြဿဒါးနေ့ကွ၊ ခင်းကိုငါ မနှိပ်စက်ပါရစေနဲ့၊ မင်းငါ့စိတ်ကို လာဆွရင်တော့ ငါလုပ်ရလိမ့်မယ်၊ ဒါဆို ငါပျော်သွားမယ်"

မက်ကေး၏မျက်နှာသည် ပန်းနုရောင်သမ်းစ ပြုလာသည်။ စားပွဲရှေ့သို့ ကုန်းပြီးဆက်ပြောသည်။

"ဒီနေ့ နေ့လယ်တုန်းက မင်းလုပ်ပြတဲ့ သပ်ကပ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကလေးက ပိုက်ဆံဘယ်လောက် ကုန်ကျသွားတယ်ဆိုတာ မင်းသိရဲ့လားဟင်"

ဟယ်ရီမသိပါ။ သိလည်းမသိချင်ပါ။

"မသိဘူး၊ ဆရာပဲ ပြောပြပါလား"

မက်ကေးသည် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ကောက်ယူပြီး ဒေါသထွက်စွာဖြင့် ဝှေ့ယမ်းပြလိုက်သည်။

"ဒေါ်လာပေါင်း ၁၄၃၇၉ ကုန်ကျသွားတယ်ကွ၊ ဒါတောင် ပုဂ္ဂိုလ်တစ်ဦးချင်းစီ ထိခိုက်မှု လျော်ကြေးပေးရတာ မပါသေးဘူး၊ အဲဒါတွေပါ ထပ်ပေါင်းရင် ပိုများသွားလိမ့်မယ်"

ထိုကိန်းဂဏန်းများကို ကြားကြားချင်း ဟယ်ရီအံ့သြသွားသည်။

"ဘယ်လိုဖြစ်ရတာလဲ"

"စာရင်းအသေးစိတ်ကို မင်းသိချင်တယ်ပေါ့"

မက်ကေးသည် သူ့လက်ထဲမှ စာရွက်ကိုဖတ်ပြသည်။

"မင်းရဲ့ ထူးကဲတဲ့စွမ်းအားကြောင့် ဆိုင်တံခါးနှစ်ချပ် ပြုတ်ထွက်သွားတယ်၊ ဆိုင်ရှေ့ အလှပြမှန်ပြတင်းကြီး ကွဲသွားတယ်၊ ဆယ့်နှစ်ပေမြင့်တဲ့ အုတ်နံရံကြီး ပြိုလဲသွားတယ်၊ ပစ္စည်းအလှတင် ဗီရိုငါးလုံး၊ မီးချောင်းသုံးချောင်း၊ ပိုက်ဆံစာရင်း တွက်စက်တစ်လုံး ပျက်စီးသွားတယ်၊ ဆိုင်ထဲက သိုလှောင်ထားတဲ့ အရက်ပုလင်းတွေ ပျက်စီးကုန်တယ်၊ ဝိုင်အရက် လေးဆယ့်သုံးပုလင်း၊ ပြည်ပက တင်သွင်းတဲ့ ရှမ်ပိန် အရက် နှစ်ဆယ့်ခြောက်လုံး၊ စကော့(ချ်)အရက် ဆယ့်ခြောက်



လုံး၊ ဘာဘွန် နှစ်ဆယ့်တစ်လုံး၊ တခြားအရက်မျိုးစုံ ဆယ့်ရှစ်လုံး ကွဲကုန်တယ် ...

နောက်ပြီး မြို့တော်ရဲအဖွဲ့ပိုင် ရဲကားတစ်စီး သုံးမရအောင် ပျက်စီးကြေမွသွားတယ်၊ ၁၉၇၄ ခုနှစ် ထုတ် အင်ပါလာ ကားကြီးပေါ့ကွာ၊ တရားခံသုံးယောက် ဆေးရုံတင်ထားရတယ်၊ သူတို့သုံးဦးစလုံးက မြို့တော်ကောင်စီကို ပြန်တရားစွဲကြလိမ့်ဦးမယ်"

"ဘာအတွက်လဲ"

မက်ကေးက ဟယ်ရီအား ဘုကြည့်ကြည့်သည်။

"မလိုအပ်ဘဲ ခွန်အားအလွန်အကျွံ အသုံးပြုတဲ့အတွက် ပေါ့ကွ၊ မင်းအနေနဲ့ မော်တော်ကားတစ်စီးကို ဆိုင်တစ်ခုရဲ့ ပြတင်းပေါက်ထဲ ထိုးဝင် မောင်းပိုင်ခွင့်ရှိကြောင်း ဘယ် စည်းကမ်းဥပဒေစာအုပ်ထဲမှာ ဖော်ပြထားသလဲ ကယ်လဟန်။ ဓားစာခံ တစ်ယောက်ယောက်ကို မင်းကားနဲ့ ဝင်တိုက်မိရင် သေနိုင်သကွ"

အဲဒီအချိန်မှာတော့ အဲသလိုပဲ လုပ်စရာရှိလို့ပါ၊ တခြား ဖြေရှင်းနည်း တစ်ခုမှမရှိပါဘူး။

"ဒု-ရဲမှူး ဘရက်ဆလာဟာ တိုက်ခိုက်ရေးတပ်ဖွဲ့ ဗျူဟာနဲ့အတူ အခင်းဖြစ်ရာကို လာနေဆဲရှိတယ်၊ ဒါကိုမင်း သိတယ်၊ အခင်းဖြစ်ရာမှာ ရှိနေတဲ့ ရဲကြပ်ကြီးဝါသင်က မင်းကိုပြောပြီးသား၊ ဘရက်ဆလာ ရောက်လာတဲ့အထိ မင်း စောင့်ဆိုင်းသင့်တယ်၊ တိုက်ခိုက်ရေးဗျူဟာတပ်ဖွဲ့ဟာ ဒီလို

www.burmeseclassic.com



ဖြစ်ရပ်မျိုးကို ဖြေရှင်းဖို့ လေ့ကျင့်ထားကြတာကွ၊ မင်း ဒါလည်း သိသားနဲ့ ... တောက်"

"ဆရာ မသိသေးရင်လည်း ကျွန်တော် ပြောပြပါရစေဦး၊ ဟို ကလေကချေကောင်တွေက ဓားစာခံတွေကို သတ်ပစ်ခါနီးဆဲဆဲ ရှိနေတယ်၊ ရဲသားတစ်ဦးကိုတောင် သေနတ်နဲ့ ပစ်ထည့်လိုက်လို့ သူ ဆေးရုံရောက်သွားတာ သေမလား ရှင်မလား ခုထိမပြောနိုင်သေးဘူး၊ ရှင်ဖို့ သိပ်မနီးစပ်ဘူးလို့ ဆေးရုံက ထင်ကြေးပေးကြတယ်၊ ကျွန်တော် ဆုံးဖြတ်ချက်ချဖို့ ငါးမိနစ်ပဲ အချိန်ရတယ်၊ တိုက်ခိုက်ရေးတပ်ဖွဲ့ ရောက်လာချိန်မှာ အလောင်းတွေလမ်းပေါ်မှာ စုပုံသွားနိုင်ပါတယ်"

မက်ကေးက သူ့နှုတ်ခမ်းများကို လျှာနှင့်လျက်ပြီး ကိုယ့်ကို ပြန်မတ်လိုက်သည်။

"မင်း လူဆိုးတွေကို အချိန်ဆွဲထားသင့်တယ်"

ဟယ်ရီ၏အသံမှာ ခါးသီးစက်ဆုပ်မှု ပြည့်နေ၏။

"ဩော် ... နှစ်လုံးပြူးတွေနဲ့၊ ဒသမ ၃၈ ခြောက်လုံးပြူးတွေ ကိုင်ထားတဲ့ လူဆိုး လေးယောက်ကို ကျွန်တော် တစ်ယောက်တည်း ဘယ်လိုအချိန်ဆွဲထားလို့ ရမှာလဲ၊ ကျွန်တော် သီချင်းဆိုပြီး မကပြတတ်ဘူး။ သူတို့ကို ရယ်စရာလည်း မပြောပြတတ်ဘူးဗျ၊ သူတို့ကို ရေပူဖောင်းလေးတွေနဲ့ ပစ်ပျော်ကစားနေရမှာလား"

မက်ကေး အကြီးအကျယ် ဒေါသထွက်သွားပြီး ဘရက်ဆလာဘက် လှည့်ကြည့်သည်။



"ဒဏ်ရာရထားတဲ့ တရားခံတွေရဲ့ ဆေးရုံမှတ်တမ်းတွေကို ခင်ဗျားရထားပြီလား"

"ဖရန့်(ခ်)နဲ့ ကျွန်တော် အဲဒီသွားပြီးပြီ၊ တစ်ယောက်တော့ ဆေးရုံကို အသေရောက်လာတယ်၊ ကျန်တဲ့ကောင်တွေတော့ ရှင်မှာပါ"

ဟယ်ရီက ဘရက်ဆလာမဖြေနိုင်မီ ကြားဖြတ်ဖြေသည်။

"သူတို့ ဘယ်နေရာမှာ ထိမှန်သွားသလဲ"

"တစ်ယောက်က ရင်ဘတ်၊ တစ်ယောက်က တင်ပါးမှာ"

"နောက်တစ်ယောက်ကရော"

"အဲဒီ ငနဲကတော့ ယောကျ်ားဘဝ မဆုံးရုံတမည်ဖြစ်သွားတယ်ဆိုပါတော့"

ဟယ်ရီက ပြုံးစိစိနှင့် ဖြေသည်။

"မင်းက ဒီဟာအားလုံး ရယ်စရာကောင်းတယ် ထင်နေသလား ကယ်လဟန်"

မက်ကေးသည် မတ်တတ်ထပြီး စားပွဲရှေ့သို့ ပတ်၍ လျှောက်လာသည်။ စားပွဲအစွန်းတွင် တက်ထိုင်ပြီး ဟယ်ရီအား အေးစက်ခါးသီးစွာဖြင့် ငုံ့ကြည့်နေသည်။

"မထင်ပါဘူးဆရာ"

"ဒီမယ် ကယ်လဟန်၊ ဒီမြို့က လူမျိုးခြားတွေဟာ ဒီလို ရဲအဖွဲ့ရဲ့ လုပ်ရပ်မျိုးကို သည်းမခံနိုင်ကြတော့ဘူးကွ၊ ဒီလုပ်ရပ်ဟာ အင်မတန် အရုပ်ဆိုးလွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ မျက်မှောင်ကြုတ်လိုက်သည်။

"လူမျိုးခြားဆိုတာ လူဆိုးဂိုဏ်းတွေကို ဆိုလိုတာလား"

"အေး ... သူတို့တွေဟာလည်း အမေရိကန်ပြည်ထောင်စု သားတွေပဲကွ၊ သူတို့မှာ ဒီနိုင်ငံသားတွေရဲ့ ရပိုင်ခွင့်တွေ ရှိကြတယ်"

"ဟုတ်တာပေါ့၊ နားထင်မှာ ပြောင်းဖြတ် နှစ်လုံးပြူး သေနတ်ကြီးနဲ့ အတော့ခံရတဲ့ အဘွားကြီးလည်း ရပိုင်ခွင့်ရှိတာ ပဲ၊ သူ့ကိုရော ထည့်မစဉ်းစားကြဘူးလား၊ ဒီရုံးမှာ ဘာဖြစ်ကုန် တာလဲ၊ ကျွန်တော်တို့ ရဲအဖွဲ့အစည်းဟာ ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်ရမယ့်သူတွေ အကျိုးထက် ရာဇဝတ် ကောင်တွေရဲ့ အကျိုးစီးပွားကို ပိုအရေးစိုက်နေပါကရောလား၊ ဘယ့်နှယ်ဖြစ်တာလဲ၊ ကြည့်ရတာတော့ ကျွန်တော်တို့တွေ ဦးစားပေးရမယ့်စာရင်းကို ပြောင်းပြန်လုပ်ကြည့်နေမိပြီထင် ပါရဲ့"

"မင်းတာဝန်က ဥပဒေတွေကို လိုက်နာဖို့ပါ ကယ်လ ဟန်။ မင်းဘာသာမင်း မြင်းစီး နွားကျောင်းသား လုပ်ချင်စိတ် ပေါက်လာတိုင်း ဥပဒေကို လွယ်လွယ်ချိုးဖောက်ပစ်လို့ မရ ဘူး၊ မင်းဟာ ဝိုင်း(လ်ဒ်)ဘီ(လ်) ဟစ်ကောက် မဟုတ်ဘူးကွ၊ မင်းဟာ ရဲတစ်ဦး၊ အဲ ... မင်းဟာ ရဲတစ်ဦးလို နေထိုင်ပြုမူ ရမယ့် လူတစ်ယောက်၊ မင်းဟာ ဒီမြို့တော်အတွက် တာဝန် ရှိသူ၊ ဒီရဲအဖွဲ့အတွက် တာဝန်ရှိစွာ ထမ်းဆောင်ပေးရမယ့် လူဖြစ်တယ်၊ ဒီဌာနကလူတိုင်းဟာ မင်းလုပ်သလိုမျိုးသာ



ဆောက်လုပ်ကြမယ်ဆိုရင် တစ်ပတ်အတွင်းမှာ တို့အားလုံး အလုပ်ပြုတ်ကုန်မယ်၊ အလုပ်လက်မဲ့ ထောက်ပံ့ငွေပဲ သွား ထုတ်ယူရလိမ့်မယ်"

"ဒီရဲအဖွဲ့က လူတွေအားလုံး ကျွန်တော်လုပ်သလို လိုက်လုပ်ကြရင် ကျွန်တော်တို့မြို့က လမ်းတွေဟာ ပိုပြီးလုံခြုံ စိတ်ချရမယ်၊ ကျွန်တော့်အိတ်ထဲက သေနတ်ဆွဲထုတ်လိုက် တိုင်း အထက်လူကြီးတစ်ယောက်ယောက်က ဂနာမငြိမ်ဘဲ ဆူကြိမ်း မောင်းနေမယ်ဆိုရင် ဒီမြို့မှာ ရာဇဝတ်မှု ကျဆင်း အောင် ဘယ်လိုသွားလုပ်ဦးမှာလဲ"

"ငါ ကြည့်လိုက်တိုင်း မင်းဟာ ပြဿနာနဲ့ချည်းပဲ တယ်လဟာန်၊ မင်းဒုက္ခရောက်တာ ဒါပထမဆုံးအကြိမ် မဟုတ် ဘူး၊ မနှစ်ကလည်း ဟို ၁၆ နှစ်သား ကောင်လေးကို မင်း ရိုက်နှက်လိုက်တာ ဆေးရုံမှာ "အထူးအရေးစိုက်ကုသဌာန" အထိ ပို့လိုက်ရတယ် မဟုတ်လား"

"ခင်ဗျား သနားကြင်နာမိတဲ့ ဘုရားကျောင်းက မမွှ ဆားသီချင်းဆိုတဲ့ ၁၆ နှစ် သားလေးက ဆပ်မရှင်းဂန်းကြီး တစ်လက်နဲ့ဗျ၊ ကျွန်တော့်အမြင်ပြောရရင် သူကံကောင်း သွားပါတယ်"

"အေး ... သူ့လက်မောင်း တစ်ဖက် ကျိုးသွားတယ်၊ နံရိုးတွေရယ်၊ နှာခေါင်းရယ်ကျိုးပြီး ခေါင်းကွဲသွားတာကိုရော မင်းဘာပြောဦးမလဲ"

"ကျွန်တော် အသေမသတ်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မက်ကေး ဒေါသူပုန်ထနေလေပြီ။ ထို့ကြောင့် ဟယ်ရီအား ရူးရူးဝါးဝါး ကြည့်လိုက်သည်။

"အဲဒီအမှုမတိုင်ခင် ဟို "ကင်းမြီးကောက်"ဆိုတဲ့ လက်ဖြောင့်သေနတ်သမား အရှုးတစ်ကောင်ကိစ္စရှိသေးတယ် *မင်း အဲဒီတုန်းကလည်း ဥပဒေအားလုံး ချိုးဖောက်ပြီး လုပ်ခဲ့တာ ကံကောင်းလို့ အလုပ်မပြုတ်တယ်။ မင်းဟာလေ ပြဿနာ တစ်ခုပြီးတစ်ခု လျှောက်လုပ်ရင်း ငါတို့ရဲ့ အဖွဲ့ကြီး တစ်ခုလုံးကိုပါ တရွတ်ဆွဲ ခေါ်သွားတဲ့ကောင်ပဲ၊ ရဲဝန်ထမ်း တစ်ယောက်ဖြစ်ရဲ့နဲ့ မင်းကိုယ်မင်း ရုပ်ရှင်ထဲက စတန့်မင်းသား လို လျှောက်လုပ်လို့ မရဘူးဆိုတာ မင်းဘယ်တော့မှ နားလည် ပါ့မလဲ ကယ်လဟန်ရယ်"

"ကျွန်တော့်အလုပ် ကျွန်တော်လုပ်တာပါ"

ဟယ်ရီက အေးတိအေးစက်ပြောသည်။

"မင်းဟာ သုံးမရတဲ့ကောင်ဘဲ၊ မင်းရဲ့ ကလေးဆန်တဲ့ မိုက်မဲမှုကြောင့် စာနယ်ဇင်းတွေက ရဲအဖွဲ့ရဲ့ ရက်စက်ကြမ်း ကြုတ်မှုနဲ့ပတ်သက်ပြီး..."

"အိုး...ဒါဘာဆိုင်လို့လဲဗျာ"

"ပွစိပွစိ လုပ်နေကြတယ်၊ မြို့တော်ကောင်စီကလည်း ခေါင်းခဲနေတယ်၊ မကြာခင်မှာ ရွေးကောင်းပွဲလာတော့မယ်၊ ဒီမြို့က နိုင်ငံရေးသမားတိုင်းဟာ ကိုယ့်ကို ထောက်ခံမဲထည့်

* စိုးသိဏ်း (မြန်မာပြန်) စိတ္တဇပစ်မှတ် ကြည့်ပါ



မယ့်လူတွေကို စည်းရုံးနိုင်ဖို့ အခွင့်ကောင်းတစ်ခုခုကို ရှာဖွေနေကြတာကွ၊ ခုတော့ မင်းက သူတို့လိုချင်တာကို ငွေလင်ပန်းနဲ့ ဆက်သလိုက်ပြီလေ"

"ကျွန်တော် နိုင်ငံရေးသမားမဟုတ်ဘူး၊ ရဲတစ်ဦးပါ"

မက်ကေးသည် စားပွဲပေါ်မှ မဟော်ဂနီဖြင့် ပြုလုပ်ထားသော ဆေးပြင်းလိပ်ဘူးကိုဖွင့်ပြီး ဆေးလိပ်တစ်လိပ်နိုက်သည်။ သူသည် အခြားသူများအား ဆေးလိပ်တိုက်ခြင်း မပြုပေ။

"မင်းကို ငါဒီကိစ္စနဲ့ပတ်သက်ပြီး အငြင်းအခုန်မလုပ်ချင်ဘူး ကယ်လဟန်၊ ဒီမနက် မြို့တော်ဝန်နဲ့ ငါ ဖုန်းနှစ်ခါပြောပြီးသွားပြီ၊ သူ ဒီအမှုနဲ့ပတ်သက်ပြီး အတော်စိတ်ဆိုးသွားတယ်၊ ရှင်းရှင်းပြောရရင် ဒီကိစ္စမှာ သူဟာ ရဲမင်းကြီးထက်တောင် ဒေါသဖြစ်နေသေးတယ်၊ ခုလို ရွေးကောက်ပွဲနီးကပ်နေချိန်မှာ ရဲအဖွဲ့ရဲ့ ရက်စက်ကြမ်းတမ်းမှုမျိုးနဲ့ ပတ်သက်တဲ့ အသံဗလံတွေ သူမကြားချင်ဆုံးပဲတဲ့ကွ"

မက်ကေး ဆေးလိပ်မီးညှိပြီးသည်အထိ ဟယ်ရီ စောင့်နေသည်။ ထို့နောက်...

"အစည်းအဝေးအကြောင်း သူ့ကိုပြောလိုက်သေးလား"

"ဘာအစည်းအဝေးလဲ"

"ဒီရုံးခန်းမှာ အရင်နှစ်လတုန်းက လုပ်ခဲ့တဲ့အစည်းအဝေးလေ၊ အဲဒီအစည်းအဝေးတုန်းက မြို့တော်ဝန်ဟာ လူဆိုးတွေကို ဆန်ဖရန်စစ္စကိုက ဖယ်ထုတ်ဖို့ ဒီရဲအဖွဲ့အနေနဲ့ နံပါတ်(၁) ဦးစားပေးလုပ်စေလိုတဲ့အကြောင်း ဆရာပဲ ပြောခဲ့

www.burmeseclassic.com



ဖူးတယ်၊ အန္တရာယ် ကင်းရှင်းတဲ့လမ်းတွေ ရှိစေချင်တယ်၊ ညဘက်ကို စိတ်ချလက်ချ လမ်းလျှောက်လို့ရတဲ့ မြို့တော် ဖြစ်လာစေချင်တယ်လို့ ဆရာပြောခဲ့တယ်၊ အဲဒါတွေ ဆရာ သတိရသေးရဲ့လား"

"အကြမ်းဖက်ရမယ်လို့တော့ ငါမပြောခဲ့ပါဘူး"

မက်ကေးက ဆေးလိပ်မီးခိုးများ မှုတ်ထုတ်ရင်းပြော သည်။

"ဟုတ်သားပဲ ကျွန်တော်တို့ ဒီတော့ ဘာလုပ်ရမလဲ၊ လမ်းမီးတိုင်နောက်မှာပုန်းပြီး လူဆိုးတွေကို ဝါးခနဲ ဖြဲခြောက် ရမှာလား"

"တော်လောက်ပြီထင်တယ် ဟယ်ရီ"

ဘရက်ဆလာက အခန်းထဲဝင်လာပြီး နောက်ပိုင်း ပထမဦးဆုံးအကြိမ် စကားပြောလိုက်သည်။

"ဒါမှမဟုတ် လူဆိုးတွေရဲ့လက်ဝါးကို ပေတံနဲ့ရိုက် ဆုံးမရမလား၊ ဒါတောင် ဖွဖွလေးရိုက်မှာပါ၊ နို့မို့ အကြမ်းဖက် တယ်လို့ အပြောခံရဦးမယ်၊ မြို့တော်ဝန်ကြီး စိတ်မကောင်း ဖြစ်သွားမယ်လေ၊ ဒါတော့ အဖြစ်မခံနိုင်ဘူး၊ ဟုတ်တယ် မဟုတ်လားဆရာ"

မက်ကေးသည် ဆေးလိပ်ပြာကို ကြေးနီရောင်ပြာခွက်ထဲ ခြွေချလိုက်သည်။

"မင်းကို ငါ တစ်ခုပြောမယ်၊ ဟောဒီ ရဲတပ်ဖွဲ့မှာ မင်းရော ကျန်တဲ့လူတွေပါ စိတ်ထိန်းချုပ်ပြီး ဝတ္တရား



ဆောင်ရွက်ကြစေချင်တယ်၊ ဒါမှမဟုတ်ရင် နုတ်ထွက်စာ တင်နိုင်တယ်၊ ခုချိန်ကစပြီး မင်းကိုငါ နို့တစ်ပေးလိုက်မယ်။ မင်းသတိထားပါ၊ ရှေ့ဆက်ပြီး မင်း ဒီနေ့လုပ်တဲ့ ကောင်းဘွိုင် ဇာတ်ကား တိုက်ပွဲခန်းမျိုးကို ဒီရဲအဖွဲ့က သည်းခံခွင့်လွှတ် မှာမှာ မဟုတ်ဘူး၊ ငါပြောတာ ရှင်းလား"

"ဟုတ်ကဲ့ဆရာ သဘောပေါက်ပါတယ်"

"ကဲ ... ဆရာ၊ ဒါပဲမဟုတ်လား၊ ကျွန်တော်သွားတော့ မယ်၊ ကျွန်တော် ဒီမှာဆက်နေချင်သေးပေမယ့် အလုပ်လုပ် စရာရှိသေးလို့ပါ"

ဟယ်ရီက အလွန်ယဉ်ကျေးသိမ်မွေ့သော လေသံဖြင့် ပြောသည်။

မက်ကေးက ခနဲ့သလို ပြုံးလိုက်၏။

"အေး ... လူသတ်မှုစုံစမ်းရေးဌာနမှာတော့ မင်းအလုပ် လုပ်စရာ မရှိတော့ပါဘူး"

"ဗျာ ... ဘာဖြစ်လို့လဲ"

"ငါ ပြောပြီးပါပကော၊ ရဲမင်းကြီးနဲ့ငါ ဆွေးနွေးခဲ့ပါ တယ်လို့၊ ခုချိန်ကစပြီး မင်းကို ငါတို့ လူသတ်မှုစုံစမ်းရေး ဌာနက ဖယ်ထုတ်ပြီး ဝန်ထမ်းရေးရာဌာနကို လွှဲပြောင်းပေး လိုက်ပြီကွ"

ဟယ်ရီတစ်ကိုယ်လုံး ဖတောင့်တင်းသွားသည်။

"ဝန်ထမ်းရေးရာ ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မက်ကေးက ၎ခေါင်းညိတ်ရင်းပြောသည်။ သူ ဤအဖြစ်ကို အရသာခံ၍ပြောနေကြောင်း ဟယ်ရီသိသည်။ ဤအချိန် ဤကာလမျိုးသို့ မက်ကေးစောင့်နေခဲ့တာ ကြာပြီ။ ကျန်တာတွေက အလကား။ အပိုလုပ်ပြောခဲ့တာတွေချည်း ဖြစ်သည်။

"မင်း နက်ဖြန်မနက် ကိုးနာရီကျရင် နှုတ်ဖြေစာမေးပွဲမှာ ဝင်စစ်ဆေးပေးရမယ်၊ သူတို့ဘုတ်အဖွဲ့က ရဲစုံထောက် (စစ်ဆေးရေးမှူး) လစ်လပ်ရာထူးအတွက် လျှောက်ထားသူတွေအားလုံးကို ခေါ်စစ်မှာ၊ မင်းလိုအရည်အချင်းရှိတဲ့ လူတစ်ယောက်ဟာ အဲဒီတာဝန်အသစ်နဲ့ဆို သိပ်တန်ဖိုးရှိသွားမယ်လို့ ငါနဲ့ ရဲမင်းကြီးက ဆုံးဖြတ်မိတယ်လေ"

ဟယ်ရီက မတ်တတ်ထပြီး မက်ကေးအား အေးစက်စွာကြည့်သည်။

"ဝမ်းသာပါတယ်ဆရာ၊ ဆရာလုပ်ချင်တာ လုပ်လိုက်ရပြီ မဟုတ်လား"

"ဘာတုန်းကွ"

"လူသတ်မှုစုံစမ်းရေးကနေ ကျွန်တော့်ကို ထုတ်ပစ်ချင်နေတာ ဆရာ လပေါင်းများစွာ စောင့်ခဲ့ရတယ်မဟုတ်လား၊ ကိစ္စမရှိပါဘူး ရပါတယ်၊ ကျွန်တော်သာ ဆရာ့နေရာမှာဆိုရင် ဇိမ်ကျနေမှာမဟုတ်ဘူး၊ ကျွန်တော် ဒီဌာနကို တစ်နေ့ပြန်လာခဲ့မယ်"

"ငါကလည်း မင်းပြန်မရောက်လာအောင် လုပ်ရလိမ့်မယ်"



မက်ကေးက ပြန်ပြောသည်။

ဟယ်ရီသည် သူ့အထက်အရာရှိဖြစ်သူ မက်ကေးအား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ရုံးခန်းထဲမှ ဆတ်ခနဲလှည့် ထွက်သွားလေသည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်နေ့မနက် ကိုးနာရီတွင် ဟယ်ရီသည် သူ၏ အစိမ်းရောင် ကော်ဇက် ပြိုင်ကားကြီးကို ဗဟိုတရားရုံးချုပ်ရှေ့ရှိ ကားရပ်ကွက်လပ်ထဲသို့ မောင်းဝင်လာပြီး သူ့လမ်းရှေ့၌ ဝင်ပိတ်လိုက်သော ရဲကားတစ်စီး၏ ခေါင်းရှေ့မှ ကျိုခနဲမြည် အောင် ကွေ့ရှောင်ကာ သူ့ရပ်နေကျ ကွက်လပ်၌ အသာလေး ထိုးဝင်ရပ်လိုက်လေသည်။

ဟယ်ရီသည် လက်ပတ်နာရီကိုငုံ့ကြည့်ပြီး စိတ်ပျက်စွာ ဖြင့် မကျေမချမ်း သက်ပြင်းမှုတ်လိုက်သည်။

ယနေ့မှ အလုပ်စဝင်ရသည်။ နာရီဝက် နောက်ကျသွား ပြီ။ ကောင်းရော။

ဝန်ထမ်းရေးရာဌာနမှတော့ နာမည်ကြီးဦးတော့မှာပဲ။ အို... သူတို့ကို ဂရုစိုက်စရာမလိုပါဘူး။ သူတို့က မိမိ၏ ရဲစုံထောက်မှတ်ပုံတင်၊ ရင်ထိုးတံဆိပ်ကို ဒီလောက်တောင် ပြန်လိုချင်နေရင်လည်း ယူသွားကြပါစေ။ မိမိ ဤအတွက်



နီးရိမ်ပူပန်နေမည်မဟုတ်။ ယခု အလုပ်ကိုလည်း မိမိက သိုလားတောင့်တခဲ့ခြင်းမဟုတ်။ မက်ကေး၏ လက်ချက် မဟုတ် သား။

ဟယ်ရီသည် ကားထဲကထွက်ပြီး တံခါးသော့နှိပ်ချကာ ဆောင့်ပိတ်လိုက်သည်။ ရုံး၏ဘေးပေါက်သို့ ခပ်မှန်မှန်လျှောက် သွားသည်။ မိမိအား ဤသို့ မက်ကေးက ဌာနပြောင်းပေး ခြင်းကို စဉ်းစားမိသောအခါ ဟိုတစ်နေ့က မိမိဒေါသအရှိန်မှာ ပို၍ အားကောင်းလာသည်။

လောကမှာ ဒီလို သူကောင်းသား(သကောင့်သား)တွေ ဟာ ဘာကြောင့် အမြဲ ထိပ်ဆုံးရောက်နေကြရပါလိမ့်။

ရဲတစ်ယောက်၏ ဘဝဆိုတာ သူတို့လို လူစားတွေ ဘာမှန်းမသိကြ။ နားမလည်ကြ။

ဟယ်ရီ သိသလောက် ပြောရရင် မက်ကေးသည် လမ်းပေါ်မှာ တစ်ခါမှ တာဝန်မထမ်းဖူးခဲ့သေးချေ။ မက်ကေး သည် စားပွဲထိုင်၊ ရုံးထိုင် ရဲတစ်ဦးသာ ဖြစ်သည်။

မက်ကေးသည် အတွေ့အကြုံပေါ် အခြေမခံဘဲ နိုင်ငံရေး သမားများနှင့် အရေးပါသော ပုဂ္ဂိုလ်များအပေါ် စိုးမိုးနိုင်မှု တို့ကြောင့်သာ လွန်ခဲ့သော နှစ်နှစ်က လက်ရှိရာထူးဖြစ်သော စခန်းမှူးအဖြစ်သို့ တိုးမြှင့်ခြင်း ခံရခြင်းဖြစ်လေသည်။ ဤကဲ့သို့ သော လူမျိုးက ရာထူးတိုးပြီး ၎င်းထက် အရည်အချင်း ပိုပြည့်ဝသော လူများမှာ လျစ်လျူရှုထားခံရခြင်းသည် တရား နည်းလမ်း မကျပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်လည်း တော်သေးသည်ဟု ဆိုရချေ ည်။ ခက်ကေးသည် ရုံးမှာထိုင်နေမည့်အစား တကယ်အရေး ပါသော လမ်းပေါ် တစ်နေရာရာ၌ ပြဿနာတွေပေါ်အောင် အမှားမှားအယွင်းယွင်း လျှောက်လုပ်နေပါက ပိုခက်ချေဦးမည် မဟုတ်လား။

သေနတ်ကိုင်ထားသော မက်ကေးအကြောင်း စဉ်းစား ကြည့်လျှင် ကြက်သီးထစရာကောင်း၏။ မက်ကေးတစ်ယောက် ခြောက်လုံးပြူး ကိုင်ခွင့်ရခဲ့သည်မှာ နှစ်ပရိစ္ဆေဒပေါင်း မည်မျှ ကြာမြင့်ခဲ့ပြီနည်း။

သူသည် အခြားသော အထက်အရာရှိများကဲ့သို့ ပင် ယခုအခါ လက်အကျင့်ပျက်ပြီး ဘာတစ်ခုမှ သေနတ်ဖြင့် မှန်အောင် ပစ်နိုင်တော့မည်မဟုတ်ဟု ဟယ်ရီတွေးမိ၏။

မြေညီထပ်၏ ခန်းမဆောင်အဆုံး၌ရှိသော ဓာတ်လှေ ကားထဲသို့ ဟယ်ရီဝင်သွားသည်။ တတိယထပ် ရောက်သော် ဓာတ်လှေကားထဲမှ ထွက်သည်။ တရားရုံးခန်းထဲသို့ ပြည့်တန် ဆာမ တစ်ဦးအား ရဲသားနှစ်ဦးက ခေါ်သွားသည်ကို တွေ့လိုက် ရသည်။

"ဟေး ... ဟယ်ရီ၊ ဘာလာလုပ်တာလဲ"

ပြည့်တန်ဆာမတစ်ဦးက ဟယ်ရီအား ပြုံး၍နှုတ်ဆက် သည်။ သူမသည် လူမည်းမတစ်ဦးဖြစ်ပြီး အသက်လေးဆယ် နီးပါးရှိပြီဖြစ်သော်လည်း ဆွဲဆောင်မှုရှိသေးသော မိန်းမ တစ်ယောက်ဖြစ်သည်။ သူမ၏ သက်မွေးမှုလုပ်ငန်း၏ "ဒဏ်"



ဒဏ်ရာများကြားမှ သူမ၏အလှက - ပေါ်လွင်နေဆဲ။ သူမသည် အလွန်ဆန်းပြားသော ပန်းနုရောင် ဖင်ကျပ်ဘောင်းဘီတို ဘလေးနှင့် ဝတ်စုံတို့ကို ဝတ်ထားပြီး မိတ်ကပ်များ လွန်ကဲ စွာ လိမ်းခြယ်ထားသည်။

"ဘယ်လိုလဲ ဂျင်နီ"

ဟယ်ရီကလည်း ရင်းနှီးစွာ ပြုံးပြရင်း ပြန်မေးသည်။

သူမသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆယ်ကျော် သက် ကောင်မလေးတစ်ယောက်နှင့် ပတ်သက်သော လူသတ်မှု တစ်ခု၌ မျက်မြင်သက်သေ ဖြစ်ခဲ့ဖူးသည်။

ဂျင်နီဆိုသော ပြည့်တန်ဆာမက ပခုံးတစ်ချက်တွန့် ပြပြီး ...

"ရှင်သိတဲ့အတိုင်းပေါ့ အချစ်ရယ်၊ ထုံးစံအတိုင်းပါပဲ၊ ကျွန်မ တခြား ဘာလုပ်စရာရှိလို့လဲ"

"သိပါဘူး၊ မင်း အငြိမ်းစားယူလိုက်ပြီ မှတ်တာ"

ဟယ်ရီက ရယ်ရင်း လမ်းဆက်လျှောက်သွားသည်။

"အားတဲ့အခါကျ "နမူနာ" လာပြည့်ဦးလေ"

သူမက ဟယ်ရီနောက်သို့ လှမ်းအော်ပြောလိုက်သည်။

"ဟာ ... နေပါစေ၊ အားနာစရာကြီး"

ဟယ်ရီကလည်း ပြန်နောက်သည်။

ကျန် ပြည့်တန်ဆာမများက ကျွက်ကျွက်ညံအောင် ဝိုင်း[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ဖြေ စစ်ဆေးရေး ဘုတ်အဖွဲ့"ရုံးခန်းသည် စကြ်လမ်း ခန်းမကြီး၏ အဆုံးပိုင်းနားတွင် ရှိသည်။ နံရံကိုကပ်လျက် ရဲသားဆယ့်ငါးဦးခန့် ထိုင်ခုံများတွင် ထိုင်နေကြသည်။ ၎င်းတို့အနက် လေးဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ဟယ်ရီ သတိထားမိသည်။ အမျိုးသမီးရဲဝန်ထမ်းများ ဖြစ်ကြကြောင်း ဟယ်ရီ့ဦးနှောက်က ယခုထိ လက်မခံတတ်သေး။ ဟယ်ရီသည် မဟာဖိုဝါဒကြီးစိုးရေးသမားတစ်ဦး မဟုတ်။ သူသည် အမျိုးသမီးလွတ်မြောက်ရေးဝါဒီ အများစုကို မကြိုက်သော်လည်း လိင်နှစ်မျိုးနှစ်စားလုံးအဖို့ တန်းတူအခွင့်အရေး ရရှိရန်ကိစ္စကို ထောက်ခံသည်။

သို့သော်....

ဟယ်ရီသည် ရဲဝန်ထမ်းလုပ်သက် ရင့်ပြီဖြစ်သည့် အလျောက် ရဲအလုပ်မှာ မည်မျှ ပင်ပန်းခက်ခဲကြောင်း၊ အန္တရာယ်များပြားကြောင်း ကောင်းကောင်း သိထားသည်။ ဤအလုပ်ကို မိန်းမအများစု လုပ်နိုင်မည်ဟု သူမထင်ပါ။ ဤအလုပ်သည် မိန်းမ အလုပ်မဟုတ်။ ယောကျ်ားတိုင်းပင် လျှင် ကောင်းကောင်း မလုပ်နိုင်ကြချေ။

ဘုတ်အဖွဲ့ ရုံးခန်းထဲတွင် စားပွဲရှည်ကြီးတစ်လုံးနောက်၌ လူလေးယောက်ထိုင်နေသည်။ ဟယ်ရီသည် မိမိနှင့် အကြိမ်များစွာ အငြင်းပွား သဘောကွဲလွဲဖူးသော ဒု-ရဲမှူး ချား(လ်၊စ်) ဒေါ်(ဘ်၊စ်)နှင့် ရဲစုံထောက် မိုက်(ခ်)ကရော့(စ်)တို့ကို မှတ်မိသည်။ ဒေါ်(ဘ်၊စ်)သည် သူနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော



...သားတစ်ဦးနှင့် လက်ဟန်ခြေဟန်ပါပါ စကားပြောနေသည်။ ...ရဲသားကို ဟယ်ရီမြင်ဖူးသော်လည်း သိပ်မသိ။ သူ့နာမည် "...မဆင်"ဆိုလား၊ သောမတ်(စ်)ဆိုလား၊ စတုတ္ထမြောက် ...ကိုတော့ သူ လုံးဝမသိ။ သူသည် သက်လတ်ပိုင်းအရွယ် ...မိန်းမတစ်ယောက်ဖြစ်သည်။ သူမ၏ မျက်နှာမှာ တင်းမာသော ...အရေးအကြောင်းကလေးများ ပြည့်နေ၏။

"ကောင်းပြီ၊ အခင်းဖြစ်ပုံကို ငါပြောပြမယ်။ ငါကမားပြ ...င်းကရဲဟုတ်လား၊ ငါက ဈေးမ ကုန်တိုက်ကြီးတစ်ခုထဲမှာ ...နေမယ်၊ မင်းက ငါ့ကို ပုဒ်မ ၂/၁၁အရ လက်ပူးလက်ကြပ် ...မ်းမယ်"

ဒေါ်(ဘ်၊စ်)သည် သူ့စားပွဲရှေ့မှ ရဲသားအား ပြောပြ ...ကျက်ရှိသည်။ ဒေါ်(ဘ်၊စ်)သည် သူ့စိတ်ကူးကို အထူးအာရုံ ...ကာ ပြောနေသောကြောင့် တံခါးဝ၌ရပ်၍ မိမိအား ပြုံးစိစိနှင့် ကြည့်နေသော ဟယ်ရီ့အား မမြင်သေးပေ။

"မင်းက ငါ့ကို လက်နက်ချပြီး လက်နှစ်ဖက်အပေါ် ...ြှောက်ထားဖို့ အမိန့်ပေးမယ်၊ဒါပေမယ့် ငါက မင်းခိုင်းသလို ...လုပ်ဘဲ ငါနဲ့လက်တစ်ကမ်းမှာရှိတဲ့ (၁၁)နှစ်အရွယ် ကောင် ...လေးတစ်ယောက်ကို ဖမ်းချုပ်ပြီး ဓားစာခံလုပ်လိုက်မယ်၊ ...င်းမှာ တခြားရဲကို အကူအညီတောင်းဖို့ အချိန်မရဘူး၊ ...ငါက ကောင်လေးကို ဖမ်းထားတယ်၊ လက်ထဲမှာ သေနတ်ရှိ ...တယ်၊ ကောင်လေးရဲ့နားထင်ကို ပြောင်းတေ့ထားတယ်၊ ...င်း ငါ့ကို အရင်ဖမ်းလို့ရမှာမဟုတ်ဘူး၊ ကဲ... ငါ...မယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းဆုံးဖြတ်ချက်ချဖို့ ဆယ်စက္ကန့်ပဲ အချိန်ရမယ်၊ မင်းဘာလုပ်မလဲ"

ဒေါ်(ဘ်၊စ်)သည် စားပွဲကိုပတ်၍ ရှေ့သို့ထွက်လာသည်။ သူ့လက်တစ်ဖက်ကို သေနတ်ကိုင်သလို ချိန်ရွယ်ထားသည်။ အခြားလက်တစ်ဖက်က ဓားစာခံ ချာတိတ်ကလေးကို ဖမ်းချုပ်ထားသည့်ဟန် လုပ်ပြထားသည်။

"လုပ်လေ၊ ဆယ်စက္ကန့်နော်၊ ကဲ... တစ် နှစ် သုံး ..."

နှုတ်ဖြေမေးခံရသော ရဲသားငယ်လေးသည် ဖြစ်ပေါ်နေသော အခြေအနေအရ အကြောသေသလို တုတ်တုတ်မလှုပ်နိုင်ရှာ။ သူဘာလုပ်ရမှန်းမသိ။ သူသည် ဒေါ်(ဘ၊စ်)အား မျက်လုံးပြူးလျက် ကြောင်တောင်တောင်ကြီး ကြည့်နေသည်။ သူ ဤမေးခွန်းမျိုး၊ ဤအခြေအနေမျိုးအတွက် အသင့်ပြင်မထားမိခဲ့ပေ။

ဒေါ်(ဘ်၊စ်)သည် ရဲသားလေးနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ ရဲသားလေးထိုင်ရင်း နောက်သို့ဆုတ်သွားသည်။

"လေး... ငါး၊ ဟေ့ ရဲဘော် တစ်ခုခုလုပ်လေကွာ၊ ချိုးတဲ့မှပဲ၊ ငြိမ်မနေနဲ့၊ ငါက ချာတိတ်လေးကို သတ်ပစ်တော့မှာနော်။ ခုနစ် ... ရှစ် ..."

ရဲသားလေးသည် လုံးဝမလှုပ်ဘဲ ဆက်ထိုင်နေသည်။ သူသည် ပါးစပ် ဟထားသော်လည်း စကားမပြောနိုင်ရှာ။



သူသည် အမှန်တကယ် ထိတ်လန့်နေရှာသဖြင့် လက်ချောင်းများ တုန်ခါနေသည်။

ထိုအခိုက် ...

ဟယ်ရီသည် သူ့လက်ညှိုး လက်မတို့ဖြင့် သေနတ်ပုံလုပ်ကာ ဒေါ်(ဘ်၊စ်)၏ နားထင်ကိုချိန်ပြီး ...

"ဒိုင်း.... ခင်ဗျားသေပြီ" ဟု ပြောလိုက်သည်။

ဒေါ်(ဘ်၊စ်)က ချာခနဲ လှည့်ကြည့်သည်။ သူလန့်သွား၏။ သူ့လက်များက သေနတ်ကိုင်ပြီး ဓားစာခံကို ဖမ်းချုပ်ဟန် လုပ်ထားဆဲ။ သူက ဟယ်ရီ့အား ဘုကြည့်ကြည့်ပြီး သူ့လက်များကို ဘေးချလိုက်သည်။

"မင်း နာရီဝက်တောင် နောက်ကျတယ် ကယ်လဟန်၊ ငါတို့ဒီမှာ ၉ နာရီ တိတို စတယ်၊ မင်း ဒါကိုမသိဘူးလား"

"ကျွန်တော် လမ်းမှာ ကားလမ်းပိတ်ဆို့တာနဲ့ တိုးမိလို့ နောက်ကျသွားတယ်၊ မစ်ရှင်လမ်းမှာ ယာဉ်တိုက်မှု အကြီးအကျယ်ဖြစ်တယ်၊ ကျွန်တော် ဒီကို မသေဘဲ ရောက်လာတာ ခင်ဗျား ကံကောင်းတယ်မှတ်"

ဟယ်ရီသည် မိုက်(ခ်)ကရော့(စ်)ဘက်လှည့်ပြီး...

"ဟေး.... မိုက်(ခ်) ဘယ်လိုလဲ၊ နေကောင်းလား"

ကရော့(စ်)ကလည်း ထိုင်ရင်း တုန်သွားသည်။

"မင်းကို ဒီမှာလာတွေ့ရတာ ငါအံ့သြသွားတယ် ဟယ်ရီ၊ ဘာလဲ၊ မင်း လူသတ်မှုစုံစမ်းရေးဌာနမှာ လုပ်ရတာ ငြီးငွေ့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ သူတို့က ငါ့ကို ငြီးငွေ့လို့"

"ဘာလဲ … မင်းကို မက်ကေးက သည်းမခံနိုင်တော့လို့ ကန့်ထုတ်လိုက်တာပေါ့"

"ယာယီပါကွာ၊ ငါ လူချစ်လူခင် ပေါများလာတာကို သူ မနာလိုဘူးလေ"

"အေး … ဟုတ်တယ် ဟယ်ရီ၊ မင်းဟာ ကာလဝမ်းရောဂါတစ်ခုလိုပဲ၊ လူကြိုက်များလှပါတယ်ကွာ"

"ကောင်းပြီ သွမ်မဆင်၊ မင်း သွားနိုင်ပြီ၊ မင်း ဒီနှုတ်ဖြေစာမေးပွဲမှာ ရတဲ့အမှတ်ကို တို့အကြောင်းကြားလိုက်မယ်"

ဒေါ့(ဘ်၊စ်)က ရဲသားလေးအားပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ၊ ကျွန်တော် ခုနက ကြက်သေသေသွားလို့ပါ၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး"

"အေး … အဲသလို တကယ်ဖြစ်နေတုန်းမှာ မင်းဒီလိုသာ ကြောင်နေရင် ဘေးလူတွေရော မင်းပါ အသက်ခံရလိမ့်မယ်ကွ"

ဟယ်ရီက ခပ်ပြတ်ပြတ်ဝင်ပြောသည်။

သွမ်မဆင်လည်း မျက်လွှာချပြီး ရုံးခန်းထဲမှ ထွက်သွားသည်။ ဒေါ့(ဘ်၊စ်)လည်း ဟယ်ရီဘက်ပြန်လှည့်သည်။

"ကဲ … ဒီနေ့ကစပြီး မင်းဒီရုံးကို အချိန်အတိအကျလာပါ ကယ်လဟန်၊ ငါတို့မှာ နေ့တိုင်း လုပ်စရာတွေ



နိုင်းစိနေတယ်ကွ၊ နှုတ်ဖြေစစ်ပေးဖို့ နောက်ထပ် ရဲသား ယောက်ငါးဆယ် ရှိသေးတယ်"

"လစ်လပ်ရာထူး ဘယ်နှစ်နေရာ ရှိလို့လဲ"

"ရှစ်ခုရှိတယ်၊ ယောကျ်ားငါးယောက်၊ မိန်းမသုံးယောက် ချယ်ပြီး ရဲစုံထောက်(စစ်ဆေးရေးမှူး)ရာထူး ခန့်အပ်ရမယ်"

"မိန်းမသုံးယောက်ကို စစ်ဆေးရေးမှူးခန့်မယ် ဟုတ်လား။ မဖြစ်နိုင်လိုက်တာဗျာ"

ဟယ်ရီက အံ့အားသင့်စွာဖြင့် ပြောသည်။

"တကယ်ပြောတာ၊ ဘာလဲ မိန်းမတွေကို စုံထောက်ထုပ်ခိုင်းမှာ ရှင် ကန့်ကွက်ချင်လို့လား"

သက်လတ်ပိုင်းအရွယ်ရှိ ဘုတ်အဖွဲ့ဝင်အမျိုးသမီးက ဉ်မေးသည်။

"အဲ … ဒါကတော့ မြို့တော်ဝန်ရုံးက မစ္စဂရေးပဲ၊ သူဟာ ဒီစာမေးပွဲတွေမှာ ကြီးကြပ်ပေးဖို့ တာဝန်အရ ရောက်လာသူပဲ"

ဒေါ့(ဘ်၊စ်)က ရှင်းပြသည်။

"ဟုတ်တယ်"

မစ္စဂရေးက ဂုဏ်ယူစွာဖြေသည်။

ဒေါ့(ဘ်၊စ်)က ဟယ်ရီ့အား သတိပေးသည့် မျက်နှာထားဖြင့် ကြည့်သည်။ ထို့နောက် …

"မစ္စဂရေး၊ ဒီလူကတော့ ရဲစုံထောက် ဟယ်ရီကယ်

www.burmeseclassic.com

www.burmeseclassic.com



လဟာန် ဖြစ်ပါတယ်၊ သူက မကြာခင်ကမှ လူသတ်မှုစုံစမ်းရေးကနေ ဝန်ထမ်းရေးရာကို ပြောင်းလာသူ ဖြစ်ပါတယ်”

မစ္စဂရေးက ခေါင်းညိတ်သည်။

“ဟုတ်ကဲ့၊ ကျွန်မ စုံထောက်ကယ်လဟာန်အကြောင်း ကြားဖူးပါတယ်”

သူမ ကြားဖူးသော မိမိအကြောင်းမှာ အကောင်းဘက်က မဟုတ်နိုင်ကြောင်း သူမ၏ လေသံအရ ဟယ်ရီ ရိပ်မိလိုက်သည်။

“ဟုတ်ကဲ့၊ ကျွန်တော်လည်း အဲသလိုပဲထင်ပါတယ်”

“တစ်ခုတော့ ကျွန်မပြောထားပါရစေ မစ္စတာကယ်လဟာန်ရှင့်၊ ဒီဌာနကို နှစ်ဆယ့်ရာစု အတွေးအခေါ်နဲ့ညီညွတ်အောင် လုပ်ပေးဖို့ မြို့တော်ဝန်မင်းက အစီကရည်ရွယ်ထားတယ်ဆိုတာပါပဲ”

ဟယ်ရီက အားတင်း၍ ပြုံးသည်။

“သြော် ... သြော် ... အဲဒီတော့ သူ အဲဒါဘယ်လိုလုပ်မှာတဲ့လဲ”

“ပထမဆုံးတစ်ခုကတော့ ရဲအဖွဲ့အစည်းမှာ အမျိုးသမီးတွေကို တိုးပွားထားရှိပေးဖို့ ရည်ရွယ်ပါတယ်၊ ခေတ်ကြီးဟာ ပြောင်းလဲသွားခဲ့ပါပြီ မစ္စတာကယ်လဟာန်၊ ရှင် သတိထားမိပါ့မလားမသိဘူး၊ မိန်းမတွေဟာ ဒုတိယအဆင့် နိုင်ငံသားတွေ မဟုတ်ကြတော့ပါဘူး၊ သူတို့ဟာ လွတ်မြောက်သွားပါပြီ၊ သူတို့ဟာ လူ့ယဉ်ကျေးမှုရဲ့ တူညီမျှတတဲ့ အစိတ်



အပိုင်းတစ်ပိုင်း ဖြစ်နေပြီ၊ အလုပ်မှာလည်း ယောကျ်ားတွေနဲ့ ဘန်းတူဝင်လုပ်ကိုင်ခွင့် ရှိတယ်၊ ဆန်ဖရန်စစ္စကို မြို့တော်ကောင်စီဟာ ဒီနိုင်ငံရဲ့ ကျန်ဒေသတွေအတွက် သမိုင်းမှတ်တိုင်သစ်တွေ၊ စံချိန်သစ်တွေ စိုက်ထူပေးလိမ့်မယ်”

“တယ်ဟုတ်ပါလား”

ဟယ်ရီက စိတ်တက်ကြွဟန်နဲ့ ပြောသည်။

မစ္စဂရေးက ဟယ်ရီ့အား မျက်စောင်းခဲလိုက်၏။

“နောက်ပြီး မြို့တော်ဝန်မင်းက ဒီဌာနမှာရှိတဲ့ ကမ္ဘာဦးကျောက်ခေတ်လူသားတွေကို ဖယ်ရှားပစ်ဖို့လည်း ဆန္ဒရှိပုံရတယ်ရှင့်”

“သိပ်ဟုတ်တာပေါ့ဗျာ”

ဟယ်ရီက ခါးသီးစွာပြောသည်။

ဒေါ့(ဘ်ရစ်)က လည်ချောင်းရှင်းလိုက်သည်။

“မင်း နောက်ကျသွားလို့ ငါတို့အချိန်လုလုပ်နေရတယ် ကယ်လဟာန်၊ ဒီတော့ စကားပြောတာ ဖြတ်ထားပြီး အလုပ်ဆက်လုပ်ကြရအောင်၊ ကဲ ... ဟော့ နောက်တစ်ယောက်”

ဒေါ့(ဘ်ရစ်)သည် တံခါးဖွင့်ပြီး အပြင်ဘက်သို့ခေါင်းပြူ၍ လှမ်းအော်ခေါ်လိုက်သည်။

ရဲယူနီဖောင်းဝတ် မိန်းမတစ်ယောက် တံခါးပေါက်မှ ဝင်လာသည်။ သူမသည် အနည်းငယ်မျှသာ ဆွဲဆောင်မှုရှိသူ ဖြစ်သည်။ မာကျောကျောဟန် ရှိ၏။ သူမခြေသလုံးများ

www.burmeseclassic.com

www.burmeseclassic.com



လှသည်ဟု ဟယ်ရီယူဆ၏။ ဟယ်ရီသည် သူမအားသဘော
ကျ၍ ပြုံးလိုက်ပြီး သူ့ဘာသာ မျက်နှာပိုး သတ်လိုက်ရ၏

ဒေါ့(ဘ်၊စ်)က စာရွက်တစ်ရွက်ကို ယူဖတ်ကြည့်သည်။

"မင်းက ရဲတပ်သား ကက်သရင်းမိုး(ရ်)လား"

"ဟုတ်ကဲ့ပါဆရာ"

"ထိုင်ပါဦး"

ရဲသား မိုး(ရ်) ထိုင်ချလိုက်သည်။ ဒေါ့(ဘ်၊စ်)နှင့်
ဟယ်ရီတို့ နှစ်ယောက်လုံး စားပွဲရှည်ကြီးနောက်ရှိ ကုလား
ထိုင်များ၌ ဝင်ထိုင်ကြသည်။

"မင်းသိတဲ့အတိုင်း ဒီဥစ္စာ မင်းရဲ့စာမေးပွဲ နောက်ဆုံး
အဆင့်ပါပဲ၊ ဒီစာမေးပွဲကတော့ မင်းဝတ္တရား ဆောင်ရွက်ချိန်မှာ
မင်းရဲ့ လျှပ်တစ်ပြက်စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ပတ်ဝန်းကျင်
အခြေအနေ ဖိနှိပ်မှုနဲ့ စိတ်တင်းကျပ်မှုဒဏ်ကို တုံ့ပြန်မှု
တွေးခေါ်ယူဆဖန်တီးတဲ့ အခြေအနေတစ်ရပ်မှာ မင်းရဲ့ တရား
ဥပဒေပုဒ်မ မှန်ကန်အောင် အသုံးပြုနိုင်စွမ်း စတဲ့ အရည်အချင်း
ကို စစ်ဆေးဖို့ပဲ၊ မင်း ဘာမှ မကြောက်ပါနဲ့၊ မင်းကိုတို့
နှိပ်စက်မလို့ မဟုတ်ပါဘူး၊ တို့ကို မင်းသူငယ်ချင်းတွေလိုပဲ
သဘောထားပါ"

"ဟုတ်ကဲ့ ဆရာ"

"မင်း ရဲတပ်ဖွဲ့ထဲ ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ကိုးနှစ် ရှိပါပြီ"



"ဘယ်ဌာနမှာလဲ"

"ဝန်ထမ်းရေးရာနဲ့ မှတ်တမ်းဌာနမှာပါ"

ထိုအဖြေ ကြားသဖြင့် ဟယ်ရီ ဦးကနဲ နှာခေါင်းရှုံ့လိုက်
သည်။

"ဘာဖြစ်တာလဲ ကယ်လဟန်"

ဒေါ့(ဘ်၊စ်)က မေးသည်။

"ဒါကတော့ အခြေအနေပေါ် မူတည်တာပဲ"

"ဘယ်လိုလဲ"

ဟယ်ရီက လက်ပိုက်လိုက်သည်။

"သူ့မှာ ကွင်းဆင်းလက်တွေ့ အတွေ့အကြုံရှိရင်
ပိုပြီးကောင်းမယ်လို့ ကျွန်တော်ထင်တယ်"

"အို ... သူ ရရာဌာနမှာတော့ စ,ပြီးလုပ်ရမှာပေါ့"

မစ္စဂရေးက ဝင်ပြောသည်။

ဟယ်ရီက မြို့တော်ဝန်ရုံးမှ မိန်းမကို လှမ်းကြည့်သည်။

"ဒါက ရဲတပ်ဖွဲ့ပါ၊ စက်မှုလက်မှုလုပ်ငန်း သင်တန်း
ကျောင်းမဟုတ်ဘူး၊ ဒီမှာက ကျွမ်းကျင်ပြီးသား လူတွေသာ
အဓိက လိုအပ်တယ်ခင်ဗျ"

"ကယ်လဟန် မင်း တပ်သားမိုး(ရ်)ကို မေးစရာရှိသေး
လား"

ဒေါ့(ဘ်၊စ်)က ဝင်မေးသည်။

"ဟာ ... ဟုတ်ကဲ့၊ မေးစရာရှိတာပေါ့၊ ကဲ ဖြေစမ်း၊

www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်က,နေ တစ်ရာအထိ ဘယ်လောက်မြန်မြန် ရွတ်
နိုင်သလဲကွာ”

ဟယ်ရီက မျက်မှောင်ကြုတ် စဉ်းစားပြီးနောက် မေး
လိုက်သည်။

“ဟော့ ကာယ်လဟန် လုပ်မနေစမ်းပါနဲ့ကွာ၊ ဒီဘုတ်အဖွဲ့
ဘယ်လို လုပ်ဆောင်သလဲဆိုတာ မင်းသိသားနဲ့”

ဒေါ်(ဘ်၊စ်)က စိတ်မရှည်စွာဖြင့် ပြောသည်။

“ဆောရီးဗျာ”

ဟယ်ရီသည် ထိုင်ရာမှထပြီး ရေခဲစက်သို့ လျှောက်သွား
သည်။ စက္ကူခွက်၌ ရေထည့်နေစဉ် လှမ်းပြောသေးသည်။

“ကဲ … ရဲတပ်သား မိုး(ရ်)၊ မင်းကို ငါမေးဦးမယ်
မြို့တော်ဝန်ရဲ့ လမ်းညွှန်ချက်အသစ်နဲ့အညီ မင်းဟာ စစ်ဆေး
ရေးမှူးတစ်ယောက် ဖြစ်လာတဲ့အခါ ကားပေါ်လိုက်ပြီး မင်း
တာဝန်ထမ်းရလိမ့်မယ်ဆိုတာ သိပြီးသား မဟုတ်လား”

တပ်သားမိုး(ရ်)က ခေါင်းညိတ်ပြပြီး …

“ဟုတ်ကဲ့၊ ကျွန်မ အဲသလို လုပ်ခွင့်ရဖို့ မျှော်မှန်းထား
ပါတယ်”

“ကောင်းပြီ”

ဟယ်ရီက သူ့ရေခွက်မှရေကို အကုန်မော့ချပြီး နောက်
တစ်ခွက် ထပ်ဖြည့်သည်။

“မင်း အရေးကြီးဆုံး ရာဇဝတ်မှုကြီး တစ်ခုခု ဖမ်းဆီး
အရေးယူဖူးခဲ့တာရှိရင် တို့ကို ပြောပြပါလား”



“ကျွန်မ အဲဒီပြစ်မှုမျိုး တစ်ခါမှ မဖမ်းဘူးပါဘူး”

“ဒါဖြင့် မင်း အလွဲအမှား ပြုကျင့်မှုတော့ ဖမ်းဖူးမှာပေါ့”

တပ်သားမိုး(ရ်) ထိုင်ခုံ၌ ရွစိရွစိဖြစ်လာပြီ။ သူမ
အနေရခက်လာပြီ မဟုတ်လား။

“အမှန်အတိုင်းပြောရရင် ကျွန်မ အဲဒီပြစ်မှုမျိုးလည်း
တစ်ခါမှ မဖမ်းဖူးသေးပါဘူးဆရာ”

“အေး … ဒီတော့ မင်း ဘာအမှုမှ မဖမ်းဖူးသေးဘဲနဲ့
ချား ရဲကားပေါ် လိုက်ခွင့်ရလောက်အောင် မင်းမှာအရည်
အချင်းရှိတယ်လို့ ထင်ထားရတာတုန်း၊ လမ်းပေါ်မှာ တာဝန်
ကျနေကြတဲ့ ရဲတွေဟာ အနည်းဆုံး ဆယ်နှစ် ဆယ့်ငါးနှစ်
လုပ်သက်ရှိတဲ့ လူတွေချည်းပဲကွ”

ဟယ်ရီသည် စက္ကူခွက်လေးကို ခြေမွပြီး အမှိုက်ပုံးထဲသို့
ပစ်ထည့်လိုက်သည်။

မစ္စဂုရေးမှာ ရှုံ့ရှုံ့ရှဲရှဲ ဖြစ်လာ၏။

“ဘာလဲ မစ္စတာကယ်လဟန်၊ မိန်းမဆိုတာ အိမ်မှာပဲ
နေရမယ်ဆိုတဲ့ သဘောနဲ့ ရှင်ပြောနေတာလား၊ မိန်းမတွေဟာ
ယောကျ်ားတွေရဲ့ ကမ္ဘာထဲမှာ ပါဝင်ခွင့်မရှိဘူးလား”

ဟယ်ရီက ဆတ်ခနဲ လှည့်ကြည့်ပြီး …

“ကျွန်တော် လူတတ်ကြီးလုပ်နေတာပါ၊ လမ်းပေါ်
တာဝန်ထမ်းရတာ ခင်ဗျားလွယ်တယ်မှတ်နေလား၊ အဲသလို
ထင်ရင် အကြီးအကျယ်မှားသွားမယ် အစ်မကြီး”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်စကား ကြည့်ပြောပါ"

"ကဲ ... ဒါဖြင့် ကျွန်တော် မေးမယ်၊ ဟောဒီ ရဲသား မိုး(ရ်)ရဲ့ မျက်နှာကို ရွှးကြောင်ကြောင် ငနဲတစ်ကောင်က ခြောက်လုံးပြူးတော့ပြီး "ဟဲ့ ... သောက်ကမြင်းမ၊ နင့်ခေါင်းကို ငါ သေနတ်နဲ့ပစ်မခွဲခင် ကြမ်းပေါ်မှောက်ချလိုက်စမ်း" လို့ ပြောရင် ဘာတွေဖြစ်ကုန်မလဲ"

မစ္စဂရေးသည် ဒေါသကြောင့် မျက်လုံးများ ပြူးထွက်လျက်က ရှေ့သို့ ကုန်းထွက်လာသည်။

"ရှင် ... တမင်သက်သက် ဒီတပ်သားကို စာမေးပွဲကျအောင် လုပ်နေတာပဲ၊ ဟုတ်တယ် မဟုတ်လား"

"သိပ်မှန်တာပေါ့၊ သူဒီမှာ စာမေးပွဲကျရင် သူ့လက်ရှိ ဝန်ထမ်းရေးရာဌာနကိုပဲ ပြန်သွားရမယ်။အဲ ... သူလမ်းပေါ်မှာ သာ ဝတ္တရားဆောင်ရွက်မှု ညံ့ဖျင်းရင်တော့ မသာပေါ်သွားမယ်ဗျို့"

"ကိစ္စမရှိပါဘူး၊ ကျွန်မကဲလို့ပဲ သဘောထားလိုက်ပါ့မယ်"

တပ်သားမိုး(ရ်)က ဟယ်ရီ၏ လေသံအတိုင်း ပြောလိုက်သည်။

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ၊ ဘာလို့ဆို မင်းမှာက တွဲဖက် ရဲဘော်တစ်ဦး ပါလာဦးမှာလေ၊ မင်းရဲ့တွဲဖက်ဟာ မင်းအပေါ်မှာလည်း အမှီပြုနေရတယ်၊ တကယ်လို့ မင်းက ချွတ်ယွင်းချက်ကြောင့် မင်းအသတ်ခံရရင် မင်းတွဲဖက်လည်း



လိုက်သေရဖို့ နီးစပ်တယ်၊ ဒီတော့ ရဲသားနှစ်ယောက်နဲ့ ပြည်သူအတော်များများပါ သေရုံပဲရှိမယ်၊ ငါတို့ရဲ့ မြို့တော်ဝန်ကြီးရဲ့ လမ်းညွှန်ချက်ကြောင့် ရရှိတဲ့အမှတ်ကတော့ အဲဒါပါပဲ"

ဟယ်ရီနှင့် တပ်သားမိုး(ရ်)တို့သည် တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြပြီး တစ်ဦးကိုတစ်ဦး လုံးဝမနှစ်မြို့ကြပေ။ ဟယ်ရီ မမှုပါ။ သူ့ကို သူများတကာမုန်းတီးတာ အဆန်းမဟုတ်။ သူကလည်း သူများတွေကို သဘောကျခဲလှသည်ပဲ။

နောက်ဆုံး၌ ဒေါ့(ဘ်၊စ်)က အခန်းထဲမှ တိတ်ဆိတ်မှုကို ဖျက်ဆီးလိုက်၏။

"မင်း မေးစရာကုန်ပြီကား ကယ်လဟန်၊ ငါတို့မှာ အချိန်သိပ်မရှိတော့ဘူး"

"ဟင့်အင်း ... အချိန်ရမယ်ဆိုရင် တစ်ခုတော့မေးချင်သေးတယ်"

ဟယ်ရီက ထိုင်ရာမှ ထ,လိုက်သည်။

"ဒါဖြင့်မေးကွာ၊ ခပ်မြန်မြန်လုပ်"

ဟယ်ရီသည် တပ်သားမိုး(ရ်)အား အရေးတယူကြည့်ရင်း ရှေ့သို့ ကုန်းလိုက်သည်။

"ငါ မင်းအတွက် စိတ်ကူးယဉ်အမှုအခင်းတစ်ခု ပြောပြမယ် ဟုတ်လား"

သူမက သူမ၏ စကတ်ကို အသာလေးဆွဲဆန့်ရင်း ဟယ်ရီ့အား မသက်မသာ လှမ်းကြည့်နေသည်။

"ဘယ်လို အမှုမျိုးပါလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လမ်းထောင့်တစ်ခုမှာ ငါ့ဘာသာတစ်ယောက်တည်း မတ်တတ်ရပ်နေတုန်း ဟောဒီက မစ္စဂရေးက ငါ့ကိုလာပြီ မြှူဆွယ်မယ်၊ ဈေးခေါ်မယ် ဆိုပါစို့"

ဟယ်ရီက မျက်နှာကြီး နီရဲစပြုလာသော မစ္စဂရေးအား လှမ်းကြည့်သည်။ သူမ ဘာထပ်ကန့်ကွက်မလဲ။ ဘာမျှမပြော ထို့ကြောင့်ဟယ်ရီ ဆက်ပြောသည်။

"သူက သူ့အိမ်မှာ ရက်တလင်း မြင်းပုကလေးနဲ့ သူနဲ့ နှစ်ပါးသွားတာ ကြည့်ချင်ရင် ငါးဒေါ်လာ ပေးရမယ် အိမ်လိုက်ခဲ့လို့ ပြောတယ်ပေါ့"

မစ္စဂရေးသည် သည်းမခံနိုင်တော့ပေ။ သူမသည် ဝုန်းခနဲ ထရပ်လိုက်သည်။

"ရှင်နောက်တာ လွန်လွန်းပြီ"

"မင်း ဘာကြဲနေတာလဲကွ ကယ်လဟန်"

ဒေါ့(ဘ်၊စ်)ကလည်း ဝင်အော်သည်။

ဟယ်ရီက သူတို့နှစ်ယောက်စလုံးကို တည်ငြိမ်စွာဖြင့် ကြည့်နေပြီး ...

"ဒီအမှုမှာ ဘယ်ဥပဒေပုဒ်မတွေနဲ့ ငြိစွန်းသလဲဆိုတာ သိချင်လို့ပါ၊ တိရစ္ဆာန်တွေ အပေါ် နှိပ်စက်ညှဉ်းပန်းမှုလည်း ပါတယ်ဆိုတာတော့ ထင်ရှားသားပဲ"

တပ်သားမိုး(ရ်)သည် လျှင်မြန်စွာ ဖြေလိုက်သည်။

"ကျွန်မ ဖြေပါ့မယ်ဆရာ၊ ကယ်လီဖိုးနီးယားပြည်နယ်



[illegible]ဥပဒေ(ကဏ္ဍခုနစ်)၊ ပုဒ်မ တစ်ရာရှစ်ဆယ့်နှစ်၊ အပိုဒ်ခွဲ(...)အရ ပူးပေါင်းကြံစည်မှု မြောက်ပါတယ်"

ဟယ်ရီသည် သူမ အဖြေကြောင့် အံ့အားသင့်သွားသည်။

"အေး ... အေး၊ ဟုတ်တယ် မှန်တယ်"

သို့သော် တပ်သားမိုး(ရ်)သည် စကားမဆုံးသေး။

"ပြည်သူနဲ့ ဘက်(ရ်)ရှီး၊ ၁၉၆၅ စီရင်ထုံးအရ ဒီပြစ်မှုအတွက် အများဆုံး ထောင်ဒဏ်သုံးနှစ်၊ ဒါမှမဟုတ် ဒဏ်ငွေ ဒေါ်လာငါးရာ၊ ဒါမှမဟုတ် နှစ်မျိုးစလုံး ပူးတွဲအပြစ်ပေးနိုင်ပါတယ်"

သူမက ဟယ်ရီ့အား "ကိုင်း ဘယ့်နှယ့်ရှိစ" ဟူသော မျက်နှာထားဖြင့် ပြန်ကြည့်နေသည်။

ရုံးခန်းထဲ၌ အားလုံးနေသားတကျ ပြန်ဖြစ်သွားသည်။ မစ္စဂရေးသည် သူမထိုင်ခုံ၌ ပြန်ထိုင်နေသည်။ သူမသည် ဒေါင့်တောင့်ကြီးဖြစ်နေသည်။ ဟယ်ရီ့အား အေးတိအေးစက် ကြည့်နေ၏။ ဒေါ့(ဘ်၊စ်)သည် ဟယ်ရီကဲ့သို့ပင် တပ်သားမိုး(ရ်)၏ အဖြေကြောင့် အံ့အားသင့်ပြီး ပြုံးပြလိုက်သည်။

"သိပ်ကောင်းတဲ့အဖြေပဲ၊ မင်း စာကျေပြီးသားဖြစ်သလို ဥပဒေစာအုပ်တွေလည်း ကောင်းကောင်း ဖတ်ထားပုံရတယ်၊ ကောင်းတယ် တပ်သားမိုး(ရ်)၊ ကဲ ... ဒီလောက်ဆိုတော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ တစ်ရက်နှစ်ရက်အတွင်း မင်းရဲ့ရမှတ် အဆင့်ကို တို့ ကြေညာအသိပေးပါ့မယ်"

www.burmeseclassic.com



တပ်သားမိုး(ရ်)သည် သူမ၏ လက်ကိုင်အိတ်ကိုယူပြီး ဟယ်ရီ့အား ဝင့်ကြွားတက်ကြွစွာဖြင့် တစ်ချက်ကြည့်ပြီး ထွက်သွားသည်။

သူမ ထွက်သွားပြီး တံခါးပေါက် ပိတ်သွားသောအခါ ဒေါ်(ဘ်၊စ်)က အခြားသူများအား လှည့်ကြည့်သည်။

"ကဲ ...ဘယ်လိုသဘောရသလဲ"

ဟယ်ရီက သူ့အောက်နှုတ်ခမ်းကို သွားနှင့်ကိုက်ပြီး "ရဲတပ်ဖွဲ့ကြီးကို အုပ်ချုပ်ရတာ မလွယ်ပါကလား"ဟု မှတ်ချက် ချလိုက်သည်။

❂ ❂ ❂

နေ့လယ်စာ စားချိန်တွင် ဟယ်ရီသည် ဖရန့်(ခ်)ဒီကျော်ဂျီယိုအား 'ရဲစခန်း၏' စားသောက်ဆိုင်၌ တွေ့ရသည်။ ဒီကျော်ဂျီယိုသည် စားပွဲတစ်လုံး၌ တစ်ယောက်တည်းထိုင်နေပြီး အီတာလျံ ခေါက်ဆွဲတစ်ပွဲကို အားရပါးရ စားနေသည်။

"ဘယ်လိုလဲဟေ့ ဟယ်ရီ"

ဒီကျော်ဂျီယိုက ပလုတ်ပလောင်းဝါးရင်း လှမ်းမေးသည်။

ဟယ်ရီသည် ခုံ၌ဝင်ထိုင်ကာ သူ၏လင်ဗန်းကိုချပြီး ပန်းကန်ကို ငုံ့ကြည့်နေသည်။

"တစ်မနက်လုံး စစ်ဆေးရေးမှူးဖြစ်ချင်တဲ့ ကျပ်မပြည့်တဲ့ ငနဲတစ်စုနဲ့ စကားပြောခဲ့ရတယ်လေ၊ သူတို့အားလုံးဟာ



ကိုယ့်ကိုယ်ကို "အပြာရောင်သူရဲကောင်းကြီး"တွေလို့ ထင်နေကြတယ်၊ (ရဲတပ်ဖွဲ့မှ ထူးချွန်သော လူစွမ်းကောင်း ရဲတပ်ဖွဲ့ဝင်များကို ဆိုလိုသည်) နောက်ပြီး သူတို့ တစ်ယောက်မှ ဘာမှမလုပ်တတ် မကိုင်တတ်ကြဘူး၊ ရဲသင်တန်းကျောင်းဆင်းတွေဟာလည်း တစ်နှစ်ထက် တစ်နှစ် ညံ့ဖျင်းလာကြတယ်၊ အင်း ...နောင်တခေတ်မှာ ဘာတွေဖြစ်လာဦးမလဲ မသိပါဘူး"

ဟယ်ရီသည် စက္ကူဂျပ်ဘူးထဲမှ နွားနို့ကို ပလတ်စတစ်ပိုက်ထဲ ငုံ့ထည့်ပြီး ဂျပ်ဘူးကိုခြေပစ်ကာ လင်ဗန်းထဲ ပြန်ချသွားသည်။

"သူတို့ဟာ သေနတ်ကိုင်ပြီး ဘယ်ဘက်လှည့်ချိန်ရွယ်ရန်တောင် မသိကြဘူး ဖရန့်(ခ်)ရဲ့၊ ပိုဆိုးတာက ကျွန်တော်ပြောပြရင် ခင်ဗျားယုံမှာမဟုတ်ဘူး၊ ဒီတစ်ခေါက် မြို့တော်ဝန်က ခေတ်မီချင်တာနဲ့ ရဲမေသုံးဦးကိုပါ စစ်ဆေးရေးမှူးခန့်တော့မယ်တဲ့ဗျို့"

"တကယ်လား၊ ငါ နားစွန်နားဖျားကြားမိလား၊ ရဲမေတွေက ချောရဲ့လားကွ"

ဟယ်ရီ မျက်နှာမဲ့သွားသည်။

"အို ...သူတို့အားလုံး ပုံမလာပါဘူး၊ မိန်းမအင်္ဂါစပက်ကောက်တဲ့ ထွီ၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့တော့ ရေစုန်မျောပါပြီ ဖရန့်(ခ်)ရာ၊ ကျွန်တော် အော့နလုံးနာတယ်၊ ကျွန်တော် ဒီက အလုပ်ထွက်ပြီး ကားရပ် ကွက်လပ်မှာ အစောင့်လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဓာတ်ဆီဆိုင်မှာသွားလုပ်ရ ကောင်းမလားမသိဘူး ဒီထက်ကောင်းတဲ့ အလုပ်တော့ ရှိဦးမှာပါ”

ဟယ်ရီသည် သူ့စားစရာများကို စိတ်ဝင်စားမှုမရှိဘဲ ကောက်ယူသည်။

ဒီရော်ဂျီယိုက ရယ်သည်။

“သွားစမ်းပါကွာ၊ မင်းဟာ ရဲအလုပ်ကလွဲလို့ ဘာမှ အပေါက်အလမ်းတည့်အောင် လုပ်တတ်တဲ့ကောင် မဟုတ်ဘူး ဒီမှာ မင်းလုပ်သက်က မနည်းတော့ဘူး မဟုတ်လား”

ဟယ်ရီသည် ခရမ်းချဉ်သီးဆီအချိုပုလင်းကိုယူပြီး ဟမ် ဘာဂါပေါ်သို့ လောင်းချသည်။ ထိုနောက် အားရပါးရ ကိုက်စားသည်။

“ခင်ဗျားရော ဘယ်လိုလဲ ဖက်တီး၊ ခင်ဗျား တွဲဖက် အသစ် ရပြီလား”

“ရာ့(လ်ဖ်)ချမ်ဘာလိန်လေကွာ”

“ဟုတ်လား လူကောင်းတစ်ယောက်ပါပဲ၊ ခင်ဗျားတို့ နှစ်ယောက် အခု ဘာအမှု ကိုင်နေရသလဲ”

“ထုံးစံအတိုင်းပေါ့၊ မနေ့ညက “ဆေး”ရောင်းတဲ့ကောင် တစ်ကောင် သူ့ခေါင်းကို ဒသမ ၄၅သေနတ်နဲ့ အပစ်ခံလိုက်ရတယ်။ အလောင်းကို “Golden Gate တံတားပန်းခြံ”ထဲမှာ တွေ့တယ်။ ဓာတ်ခွဲဌာနကလူတွေ သူ့ဦးခေါင်းခွံ အပိုင်းအစ လေးတွေကို သစ်ပင်ပေါ်မှ ပြန်ခွာယူကြရတယ်၊ ဒီငနဲရဲ့



ညီးစားက သတ်ပစ်သွားတယ် ထင်တာပဲ၊ ဒီငနဲက မိန်းမ နေတယ်၊ သူ့ကောင်မလေးက မနာလိုဖြစ်ပြီး လိုက်သတ်တာ နေမှာပေါ့၊ ဒါမျိုး ရှိနေပြီ”

ဟယ်ရီ၏ မေးစေ့ပေါ်သို့ ခရမ်းချဉ်ဆီများ စီးဆင်းကျ လာသည်။ ဟယ်ရီက လက်သုတ်နှင့် သုတ်လိုက်သည်။

“ဘာမှမပူနဲ့၊ ကျွန်တော် လူသတ်မှုဌာနကို မကြာခင် ပြန်ရောက်လာမှာ”

“မပူပါဘူး၊ မက်ကေးက မင်းကို စုံထောက်ဌာနပြန်လွှတ်မယ် များ ထင်နေသလား”

“ဟုတ်တယ်၊ ခင်ဗျားစောင့်ကြည့်နေပါ၊ ကျွန်တော်က လွဲလို့ ဘယ်သူမှ မကိုင်နိုင်တဲ့ အမှုကြီးတစ်ခုခုတော့ ပေါ်လာ ဦးမှာ၊ ကျွန်တော့်ကို ပြန်ခေါ်ရမှာပဲ”

“မင်းက အင်မတန် ဣန္ဒြေသိက္ခာရှိတဲ့ လူကိုး”

ဟယ်ရီက ပခုံးတွန့်လိုက်သည်။

“ကျွန်တော် အတော်ဆုံးဆိုတာ အားလုံးသိသားပဲ ခရုန့်(ခ်) ရယ်”

ဟယ်ရီက လေးနက်စွာပြောသည်။

ဒီရော်ဂျီယို မျက်ခုံးပင့်လိုက်၏။ သူသည် ခက်ရင်း၌ ခေါက်ဆွဲမျှင်များကို သတိနှင့် ရစ်ပတ်နေသည်။

“မိန်းမ အင်စပက်တော် သုံးယောက် ဟုတ်လား”

“ဟုတ်တယ်၊ ဒီအပတ်အတွင်း ကြားရတဲ့သတင်းတွေ ထဲမှာ အဲဒါ ရယ်စရာအကောင်းဆုံးပဲ”

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ လူသတ်မှု စုံစမ်းရေးဌာနကို ရောက်လာကြဦးမှာလား"

"မရောက်ပါစေနဲ့လို့ ဆုတောင်းရမှာပေါ့ဗျာ"

ဟယ်ရီက ပါးစပ် မပွင့်တပွင့်နှင့် ပြောလိုက်သည်။

✧ ✧ ✧

## အခန်း (၅)

ည ၁၂နာရီ ထိုးတော့မည်။

ဆန်ဖရန်စစ္စကိုမြို့ ဆိပ်ကမ်းရပ်ကွက်ရှိ ကုန်လှောင်ရုံကြီး နှစ်ခုကြား မှောင်မည်းသော လမ်းကြားလေးထဲတွင် "ဒက်စတင်း" ခါတ်ငွေ့နှင့်လျှပ်စစ်ကုမ္ပဏီ၏ ထရပ်ကားကြီးတစ်စီး ကို ရပ်ထားသည်။ ထရပ်ကားမောင်းသူ ဘော်ဘီ တော်(ဓ်) ဝဲ(လ်)သည် ကားထဲ၌ ငြိမ်သက်စွာ ထိုင်စောင့်နေသည်။ အလှမ်းဝေးသော ပင်လယ်အော်အတွင်းမှ သင်္ဘောများ၏ ဥဩသံများကို ခပ်သဲ့သဲ့ ကြားနေရသည်။

ဘော်ဘီသည် သူ့လက်ပတ်နာရီကို ကြည့်လိုက်သည်။

"အချိန်ကျပြီပဲ"

သူ့ဘာသာ ခပ်တိုးတိုး ပြောလိုက်သည်။

သူသည် ထရပ်ကား နောက်ခန်းတွင်ရှိ ကြမ်းပေါ်၌ ထိုင်နေကြသော လူခြောက်ယောက်ကို လှည့်ကြည့်သည်။

သူ၏ "တပ်သား"များ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"တပ်သား"များထဲတွင် ပါဝင်သူများကား ဤထရပ်ကားကြီးကို ကူညီခိုးယူပေးသူ ချောရောင်ဆံပင်နှင့် ပြည့်တန်ဆာမလေး မီကီ။ ဗီယက်နမ်စစ်ပွဲ၌ ဘော်ဘီ သိကျွမ်းခဲ့သော မက္ကဆီကန် အမေရိကန်ကပြား လူကြမ်းကလေး "လာလို"။

ဆန်ကွင်တင် အကျဉ်းထောင်ကြီး၌ ဘော်ဘီနှင့်အတူ နှစ်နှစ်တာလုံးလုံး ခင်မင်ရင်းနှီးစွာ ပေါင်းသင်းခဲ့သော အကျဉ်းသားတစ်ဦးဖြစ်သည့် ဆံပင်နီနှင့် ပိန်ပိန်သေးသေး "တက်(ဒ်)"။

မီကီကဲ့သို့ပင် ဘော်ဘီ၏ လက်ပါးစေ ပြည့်တန်ဆာတစ်ဦးဖြစ်သော အရပ်မြင့်မြင့်၊ ဆံပင်နက်နက်နှင့် "ဝင်ဒါ"။ ဗီယက်နမ်မှ သူငယ်ချင်းတစ်ဦးဖြစ်သော လူမည်း လူမိုက်တစ်ဦးဖြစ်သည့် "ဟင်နရီလီကယ်(လ်၊ဒ်)ဝဲ(လ်)"။

နောက်ပြီး ဘီလူးကြီးတစ်ကောင်ပမာ ကိုယ်လုံးထွားကျိုင်းသော၊ နှုတ်နည်းလှသော လူတစ်ဦး၏ခါးရိုးကို သစ်သားတစ်ချောင်းကဲ့သို့ လက်နှစ်ဖက်ဖြင့် အသာလေးကိုင်ချိုးနိုင်စွမ်းရှိသော "ကား(လ်)"တို့ ဖြစ်ကြလေသည်။

သူတို့အားလုံး လူမိုက်များ၊ ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြသည်။ ဘော်ဘီ ခိုင်းစေသမျှ လုပ်ပေးမည့်သူများဖြစ်ကြသည်။

ဘော်ဘီကခေါ်လျှင် ငရဲပြည်သို့ပင် မဆိုင်းမတွ လိုက်ကြမည့် တပည့်နောက်လိုက်များ ဖြစ်ကြသည်။

"ကောင်းပြီ၊ ပြန်ညှိကြရအောင် အစောင့်ကို ငါကြည့်ရှင်းပြီး သူ့သော့တွဲကိုယူမယ်။ ကုန်လှောင်ရုံ ၅၀(က)ရဲ့



အဆုံးဘက်ကို ကားမောင်းသွားမယ်၊ လာလို ဘာဆက်လုပ်မလဲ၊ ပြောစမ်း"

လာလိုက မှောင်ထဲ၌ တောက်ပသော မျက်လုံးများဖြင့် ဆော့ကြည့်ပြီး ...

"ခင်ဗျားကို ကျွန်တော် ထားရစ်ခဲ့မယ်၊ ပြီးတော့ ဆိပ်ကမ်းဘက်ခြမ်းက တံခါးပေါက်ကြီးရှေ့ကို ကားမောင်းသွားမယ်၊ ခင်ဗျား တံခါးဖွင့်ပေးတဲ့အခါ ကျွန်တော်ကားကို ဘူတင် ကုန်းဘောင်နား ဖင်ထိုးရပ်မယ်"

"ဟုတ်ပြီ၊ ကား(လ်)နဲ့ တက်(ဒ်)ကရော"

"ကျွန်တော်တို့က အေအဲ(ရ်)-၁၅ အော်တိုမက်တစ် ရိုင်ဖယ်တွေကို ဝင်ယူမယ်၊ လက်နက်အကြီးစားတွေသယ်မယ်"

တက်(ဒ်)ကဖြေသည်။

ကား(လ်)က ခေါင်းညိတ်သည်။

ဘော်ဘီက မိန်းကလေးနှစ်ယောက်ဘက်လှည့်သည်။

"ဝင်ဒါကရော ဘာလုပ်မလဲ"

"ဗုံးမှန်သမျှ လိုက်ရှာပြီး သယ်ယူမယ်၊ ဒိုင်းနမိုက်တွေ၊ ဖောက်ခွဲကိရိယာတွေ၊ ယမ်းထိပ်ဖူးတွေ၊ နောက်ပြီး လက်စတစ်ဗုံးတွေရှိရင်လည်း တစ်ပါတည်းသယ်ယူရမယ်"

"မီကီကရော"

"ရှင်နဲ့ ကျွန်မက "လော(စ်)ဒုံးပျံ"တွေ ယူကြမယ်၊ ကုန်လှောင်ရုံ နောက်ဖေးဘက်နားမှာ ရှိမယ်"

"ဟုတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီသည် လူမည်းကြီး ကယ်(လ်)ဝဲ(လ်)အားကြည့်ပြီး ...

"ဟင်နရီလီး ပြောလေ"

"အော်တိုမက်တစ် ရိုင်ဖယ်တွေအတွက် ကျည်ဆံအားလုံးယူမယ် ဆရာသမား"

ဘော်ဘီ ပြုံးသည်။

"သိပ်ကောင်းတယ်၊ အဖွဲ့သားတိုင်း ကိုယ့်တာဝန်ကိုယ်သိရင် နာရီစက်လို တိတိကျကျ လှုပ်ရှားနိုင်ကြလိမ့်မယ်"

ဘော်ဘီက နာရီကို ကြည့်လိုက်ပြန်သည်။

"အိုကေ သွားကြစို့"

ဘော်ဘီက ကားစက်နှိုးလိုက်သည်။ ထရပ်ကားကြီးသည် ဝူးခနဲအသံမြည်၍ အရှိန်ဝင်လာသည်။ တုန်ခါလာသည်။

လာလိုသည် ကားရှေ့ခန်းသို့ကူးလာပြီး ဘော်ဘီဘေး၌ဝင်ထိုင်သည်။

"တစ်ခုတော့ သတိထား၊ အမှားအယွင်း အကြောင်းဖြစ်သွားရင် တတ်နိုင်သမျှ သေနတ်မပစ်ဘဲ နေကြရမယ်၊ သေနတ်သံကြားရင် ပုလိပ်တွေ ချက်ချင်းရောက်လာမှာကွ"

ဘော်ဘီက သတိပေးသည်။



"ဟုတ်ပါတယ်၊ အဲဒီလို အတိမ်းအစောင်း တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့ ဘာလုပ်ရမှာလဲ"

ဘော်ဘီက သွားဖြဲပြသည်။ သူ့ဘွတ်ဖိနပ်ထဲ၌ ဝှက်ထားသော ကွန်မန်ဒိုဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး ...

"ဒီဟာနဲ့ ငါ ကြည့်ရှင်းမယ်လေ၊ ဟဲဟဲ"

○ ○ ○

ဆိပ်ခံဗောတံတား အမှတ်(၅၀)အနီးရှိ အစောင့်တဲအလေးထဲတွင် "ပေါ့(ပ်)ဆီဂယ်(လ်)"အမည်ရှိ ထိပ်ပြောင်ပြောင်၊ ဝဝတုတ်တုတ် အစောင့်ကြီးသည် ကုလားထိုင်တွင် မိကျကျထိုင်ရင်း ရေဒီယိုနားထောင်လျက် "ပင့်ဟောက်(စ်)" မဂ္ဂဇင်း၏ အလယ်စာမျက်နှာမှ မလုံ့တလုံ လုံမပျိုလေး၏ ဓာတ်ပုံကို ကြည့်နေသည်။

ညစောင့်အလုပ်သည် ပင်ပန်းသောအလုပ် မဟုတ်သဖြင့် ဆီဂယ်(လ်)ကြိုက်သည်။ ဤအစောင့်တဲထဲမှာ အနွေးဓာတ်သည်း ရသည်။ ကော်ဖီပူပူနွေးနွေးကို ကရားထဲ၌ အသင့်ဖြည့်ထားလေ့ရှိပြီး ရေဒီယိုတစ်လုံးလည်း ပေးထားသည်။ ညဆယ်နာရီမှ မနက် ခြောက်နာရီ၌ မနက်ပိုင်း တာဝန်ကျအစောင့်ရောက်လာလျှင် တာဝန်လဲကြရသည်။

ဆီဂယ်(လ်)သည် သူ့ကုလားထိုင်ကို အသာလေးနောက်လှန်ထားပြီး ပင့်ဟောက်(စ်)မဂ္ဂဇင်းမှ အလယ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြန်သည်။ အားပါး လှလိုက်တဲ့ ကောင်မလေး
ရင်သားတွေကလည်း အတော်ဖွံ့ထွားသား။ ဒီလိုမိန်းမမျိုး
အိမ်မှာယူထားရရင် ဘယ်လောက်ဟန်ကျလိုက်မလဲ။

သူသည် ဓာတ်ပုံကိုကြည့်ရင်း စိတ်ကူးယဉ်ချင်တိုင်း
ယဉ်နေသော်လည်း သူ့ဇနီး နန်စီ၏ ရုပ်သဏ္ဍာန်က အာရုံထဲ
ပေါ်လာလျက်ရှိသည်။

ဆီဂယ်(လ်)သည် မဂ္ဂဇင်းကို ကြည့်နေရာမှ ပြတင်း
ပေါက် အပြင်ဘက်ရှိ "မစ်ရှင်ရော့(ခ်)လမ်း"သို့ လှမ်းကြည့်
လိုက်သည်။ မှောင်ထဲမှ နေ၍ မိမိရှိရာ ကင်းတဲသို့ ချဉ်းကပ်
လာနေသော ကားမီးလုံးများကို တွေ့လိုက်ရသဖြင့် သူအံ့ဩ
သွားသည်။ ဤရပ်ကွက်တွင် ဤအချိန်မျိုး၌ ကားအသွား
အလာ ရှိခဲလှသည်။ ကင်းလှည့်ရဲကားတစ်စီး သို့မဟုတ်
ရည်းစားနှင့်အတူ နူးနပ်ရန် ချောင်ကျကျနေရာ လိုက်ရှာနေ
သော ဆယ်ကျော်သက် ကောင်လေးတစ်ဦးဦး၏ ကားတစ်မျိုး
သာလျှင် ရံဖန်ရံခါ ရောက်လာတတ်သည်။

ဂိတ်ဝတွင် ၎င်းကား အရှိန်လျှော့ပြီး ရပ်သွားသည်ကို
ဆီဂယ်(လ်) တွေ့ရ၏။ ဘယ်သူများပါလိမ့်။ ဆီဂယ်(လ်)
မဂ္ဂဇင်းကို ဘေးချပြီး ကင်းတဲမှထွက်သည်။ အပြင်မှ အေးစက်
သောညဥ့်လေအေးက သူ့မျက်နှာသို့ တိုးဝင်လာသည်။ ပစိဖိတ်
သမုဒ္ဒရာမှလာပြီး ပင်လယ်အော်ကို ဖြတ်သန်းလာသော
လေဖြစ်သည်။

"ဗျို့ ဆရာကြီး . . ' တံခါးဖွင့်စမ်းပါ"



ကားနှင့်လာသူတစ်ဦးက ဂိတ်ဝကို အော်လိုက်သည်။

ဆီဂယ်(လ်)သည် ပွရောင်းရောင်း အစောင့်ယူနီဖောင်း ကျာကင်ကြီးကို ရင်ဘတ်ဇစ် ဆွဲစေ့ပြီး သူ့ခါးပတ်တွင် ချိတ်ထားသော လက်နှိပ်ဓာတ်မီးကို ဖြုတ်သည်။ ဂိတ်အပြင်ဘက်တွင် ရပ်ထားသော မော်တော်ကားဆီ မီးထိုးကြည့်သည်။ ပြည်သူ့လုပ်ငန်း ကုမ္ပဏီတစ်ခုမှ ထရပ်ကားကြီးတစ်စီးပါလား။ "ဝက်(စ်)တာင်းဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီ"ဟူသော စာတန်းကို ကားဘေးတွင် ရေးထားသည်။

ဆီဂယ်(လ်)သည် ဂိတ်တံခါးကို အသာလေးဖွင့်ပြီး အပြင်လျှိုထွက်လိုက်သည်။ လျှပ်စစ်ကုမ္ပဏီက အချိန်မတော်ကြီးမှာ ဘာလာလုပ်တာပါလိမ့်။ ဘာပဲဖြစ်ဖြစ် သူတို့ကိစ္စ မြန်မြန်လုပ်ပြီး မြန်မြန်ပြန်ကြရင်ကောင်းမယ်။ ဆီဂယ်(လ်)သည် သူ့အစောင့်တဲလေးထဲ၌ ပြန်အောင်းနေချင်လှပြီ မဟုတ်လား။

"ဗျို့ ဆရာကြီး"

ယာဉ်မောင်းက နှုတ်ဆက်သည်။

ဆီဂယ်(လ်)က ယာဉ်မောင်း၏ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ ဓာတ်ငွေ့ကုမ္ပဏီမှ အလုပ်သမားဝတ်စုံ ဝတ်ထားသော လူငယ်တစ်ဦး ဖြစ်သည်။ ဆံပင်ရှည်ရှည်၊ မျက်လုံးများက စူးရှရှ။ ဆီဂယ်(လ်) ယာဉ်မောင်းဘေးမှ လူ၏မျက်နှာကို မီးထိုးကြည့်ပြန်သည်။ ဆံပင်ရှည်ရှည်နှင့် နှုတ်ခမ်းမွေးရှည်ရှည် မက္ကဆီကန်လူမျိုးတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာစ်ပီနစ်ကောင်ပေကိုး။ ဒီကောင်တွေ ဘယ်လိုလုပ် ဒီလို အလုပ်ရကြပါလိမ့်။ ဒီကောင်တွေကို ဆံပင်မညှပ်ဘဲနဲ့ အလုပ်ခန့်ဖို့ မသင့်ပေ။ အင်မတန် ကျက်သရေယုတ်သည်။ ဒီနိုင်ငံမှာ ဟာစ်ပီများနှင့် လူမျိုးခြားများ နေရာတကာ ဝင်စွက်နေကြသည်။

ယဥ်ကျေးသိမ်မွေ့ အဆင့်အတန်းမြင့်ပြီး သပ်ရပ်သူတစ်ဦးအား မည်သူကမျှ အရေးမစိုက်တော့ပေ။

ဤနိုင်ငံ၏ တန်ဖိုးသည် ကျဆင်းနေလေပြီ။

"ဘာလဲ ရဲဘော်"

ဆီဂယ်(လ်)ကမေးသည်။ စိတ်တိုသောလေသံက ပေါ်လွင်နေသည်။

ယာဥ်မောင်းသည် သူ့ဂျာကင်အင်္ကျီအိတ်ထဲမှ မှတ်ပုံတင်ကတ်ပြားကို ထုတ်ယူပြသည်။

"ဓာတ်ငွေ့ကုမ္ပဏီကပါ"

ဆီဂယ်(လ်)က ၎င်းကတ်ပြားကို အရေးတယူ မကြည့်တော့ပေ။

"ဘာဖြစ်လို့လဲ"

"ဒီမှာ ဓာတ်ငွေ့ပိုက်တစ်ခု ပေါက်နေတယ်ဆိုလို့၊ ဓာတ်ငွေ့တွေပန်းထွက်နေတယ်၊ ခင်ဗျားတို့ဆီက မြေအောက်ပိုက်လိုင်းကို လာစစ်ဆေးတာပါ၊ ဒီခြံဝင်းထဲမှာ မြေအောက်ဆင်းဖို့ မြောင်းဖုံးအပေါက်တစ်ခု ရှိလိမ့်မယ်"

"ဟုတ်တယ်၊ ဟိုးအနောက်မှာ"



ဆီဂယ်(လ်)က ကုန်လှောင်ရုံကြီးတစ်ခုဆီသို့ ခေါင်းငဲ့ဆောင်းပြ၍ ပြောသည်။

"အဲဒီ အဖုံးဖွင့်ပြီး အောက်ဆင်းကြည့်ရမှာပဲ"

ဆီဂယ်(လ်)က သက်ပြင်းရှူလိုက်သည်။ သူတို့ကို မျက်ခြည်မပြတ် ကြည့်နေမှ။ ဒီတော့ မိမိပါ အအေးမိခံပြီး ရပ်နေရဦးမှာ သေချာသည်။

"ဘယ်လောက်ကြာမှာလဲ"

"မပြောတတ်ဘူး၊ အမြန်ဆုံးပြီးအောင်လုပ်မယ်"

ဆီဂယ်(လ်)က သော့တွဲကိုယူပြီး ဂိတ်တံခါးသော့ကို ဖွင့်ပေးသည်။

"ဆေးလိပ်မသောက်နဲ့နော် ဆရာ၊ ကျွန်တော်က သောက်ခွင့်ပြုမှ သောက်ပါ"

ယဥ်မောင်းက ထပ်ပြောသေးသည်။

"မသောက်ပါဘူး၊ မသောက်ပါဘူး၊ စိတ်ချ"

ဆီဂယ်(လ်)သည် ဂိတ်တံခါးကြီးကို ဆွဲဖွင့်ပေးသည်။

"ခင်ဗျားတို့ရဲ့ မိလ္လာပိုက်လိုင်းတွေထဲကို ဒီဓာတ်ငွေ့တွေ စိမ့်ဝင်သွားရင် ဟောဒီတစ်ရပ်ကွက်လုံး ပေါက်ကွဲသွားလိမ့်မယ်"

ဂိတ်ဖွင့်ပြီးဖြစ်၍ ယာဥ်မောင်းသည် ကားကြီးကို စက်နှိုး၍ လိမ့်ဝင်သည်။

"ခင်ဗျား တယ်လီဖုန်း အသုံးပြုခွင့်ပေးပါ"

ယာဥ်မောင်းက တံခါးဖွင့်ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာလေ ဆက်ပါ၊ ရပါတယ်"

ဆီဂယ်(လ်)က ကင်းတဲသို့ဦးဆောင်၍ ခေါ်သွားသည်။ အပြင်လိုင်းသို့ ဆက်လိုပါက (၉)ဂဏန်းတစ်ခုကို ဦးစွာလှည့်ရမည်ဖြစ်ကြောင်း ဆီဂယ်(လ်)က ယာဉ်မောင်းအား သတိပေးမည်အပြု သူ့ပါးစပ်မှာ အားသန်သော လက်ဝါးကြီးတစ်ဖက်ဖြင့် ဖိအုပ်ခြင်းခံလိုက်ရ၏။ ဆီဂယ်(လ်) ရုန်းထွက်ရန်ကြံသည်။

သံမဏိရောင်၊ ပစ္စည်းတစ်ခု လင်းလက်သွားသည်။ ဓားမြှောင်ဦးချွန်သည် သူ့အကျီပွပွကြီး၏ အတွင်းသားထဲ စိုက်ဝင်လာ၏။

အို...ဘုရား ဘုရား၊ ငါ သေရတော့မှာပါကလား။

ထို့နောက် ဆီဂယ်(လ်) အသက်ထွက်သွားသည်။

ဘော်ဘီသည် အလောင်းကို ကြမ်းပြင်ပေါ်ချပြီး ၎င်းကိုယ်ပေါ်မှ လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ စမ်းသပ်ရှာဖွေသည်။ စက္ကန့်အနည်းငယ်အတွင်း သူလိုချင်သောအရာကို ရရှိသည်။

သော့တွဲတစ်တွဲ ဖြစ်၏။

ဘော်ဘီသည် ရပ်စောင့်နေသော ထရပ်ကားကြီးဆီ ခပ်သုတ်သုတ် ပြန်သွားသည်။ လာလိုသည် ယာဉ်မောင်းနေရာသို့ ပြောင်းရွှေ့ပြီး လက်ကိုင်ဘီးကိုထိန်းကာ ဂီယာပြောင်းလျက်ရှိ၏။ ဘော်ဘီက ယာဉ်မောင်းဘေးခုံလွတ်သို့တက်၍ ထိုင်သည်။

"သွားစို့"



ထရပ်ကားကြီးသည် ကျွီခနဲမြည်အောင် အရှိန်ပြင်းစွာ ဆောင်းထွက်ပြီး ကုန်လှောင်ရုံကြီးများ တန်းစီတည်ရှိရာသို့ ဦးတည်သွားသည်။ လာလိုသည် ကုန်လှောင်ရုံ ၅၀(က)သို့ တန်းတန်းမတ်မတ် မောင်းသွား၏။ ထိုကုန်လှောင်ရုံ၏ ရုံးခန်းတံခါးရှေ့တွင် ကားကို အရှိန်လျှော့ချသည်။ ဘော်ဘီသည် ကားပေါ်မှခုန်ဆင်းပြီး ရုံးခန်းတံခါးကို သော့ဖွင့်၍ အထဲသို့ ဝင်သွားသည်။ လာလိုသည် ကားကို (၈)ငယ်ပုံကွေ့ပြီး ကုန် လှောင်ရုံ၏ ကုန်တင်ကုန်ချ ကုန်းပေါင်ဆီ ဖင်ထိုးရပ်သည်။

"အိုကေ"

လာလိုက ကျွန်အဖွဲ့သားများအား လှမ်းပြောသည်။

ထရပ်ကား၏ နောက်တံခါးများ ပွင့်လာပြီး "ကွန်မန်ဒို" အုပ်စု ထွက်လာသည်။ ဘော်ဘီသည် မှောင်မည်းနေသော ကုန်လှောင်ရုံကြီးထဲ ဝင်ရောက်ပျောက် ကွယ်သွားလေပြီ။

အတန်ကြာသော် တံခါးပေါက်နှင့် အနီးဆုံးရှိ ကတော့ချွန် ပုံသဏ္ဍာန် မျက်နှာကြက် မီးလုံးနှစ်တန်း လင်းလာသည်။ နောက်ဘက် နံရံကြီးတစ်ခုလုံးအပြည့် သစ်သားသေတ္တာကြီးများ ထပ်၍ တန်းစီထားသည်ကို တွေ့ရသည်။

ဘော်ဘီက သူ့တပည့်များဘက် လှည့်ကြည့်သည်။

"ကဲဟေ့ လာကြ၊ မြန်မြန်လုပ်ကြစမ်း၊ အချိန်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဓရန့်(ခ်)ဒီကျော်ဂျီယိုသည် ငရုတ်သီး အစားများ၍ ဗိုက်နာနေသည်။ ရာ့(လ်ဖ်)ချမ်ဘာလိန်က အမှတ်အသား တံဆိပ် လုံးဝမပါသော ရဲကားကို "တတိယလမ်း" ထဲသို့ ကွေ့ပြီး ကုန်လှောင် ရုံများရှိသော "ချိုင်းနားဘောဆင်" ရပ်ကွက်သို့ ဦးတည်မောင်းသွားသည်။ ဒီကျော်ဂျီယို "အော့"ခနဲ လေချဉ်တက်သည်။

"ခင်ဗျား အယ်(လ်)ကာဆဲ(လ်)ဇာ ဆေးဝင်ဝယ်ပြီး သောက်ဦးမလား။ ကားရပ်ပေးမယ်လေ"

ချမ်ဘာလိန်က မေးသည်။

"ဟာ ရပါတယ်ကွာ၊ ဒီလောက်အထိ မဆိုးသေးပါဘူး"

မိမိတို့နှစ်ယောက်သည် လုပ်ဖော်ကိုင်ဖက်များသာ မက ဘဲ သူငယ်ချင်း စစ်စစ်များလည်း ဖြစ်ကြသည်။ သူတို့ နှစ်ယောက် ငါးအတူမျှားသည်။ တောစခန်းအတူထွက်သည်။ ဒီကျော်ဂျီယို၏ ဇနီး ဒိုနာဂျင်းက နော်ရိုဂါရပ်ကွက်မှ အိမ်ဟောင်း တစ်လုံးကို ဝယ်နိုင်သောအခါ ဟယ်ရီက အိမ်ပြင်ရာ၌ စနေ၊ တနင်္ဂနွေနေ့တိုင်း လာရောက်ကူညီခဲ့သည်။ ဟယ်ရီ့ဇနီး ကားတိုက်မှုဖြင့် မသေဆုံးမီက သူတို့စုံတွဲနှစ်တွဲ မြင်းပွဲသို့ သီတင်းပတ်ဆုံးရက်များ၌ အတူတကွ သွားလေ့ရှိကြသည်။

ဒီကျော်ဂျီယိုရယ်၊ အိုင်ရင်းရယ်။

ဟယ်ရီရယ်၊ လူစီရယ်ပေါ့။

အဲဒီတုန်းက ပျော်စရာကောင်းလိုက်တာ၊ ဘာပြော ကောင်းမလဲ။



လူစီ ကွယ်လွန်ပြီးနောက်ပိုင်း ဟယ်ရီ ပြောင်းလဲသွား သည်။ ပို၍ အေးတိအေးစက်ဖြစ်လာသည်။ စကားပြောရတာ အဆင်သိပ်မပြေ။ ဟယ်ရီသည် ဒီကျော်ဂျီယိုနှင့် အနည်းငယ် ဝေးကားသွားသယောင် ရှိ၏။

သို့သော် သူတို့နှစ်ယောက် သူငယ်ချင်းများဘဝမှာပင် ရှိကြသည်။ ဟယ်ရီသည် ဒီကျော်ဂျီယို၏အသက်ကို ကယ်တင်ခဲ့ သည့် အကြိမ်ပေါင်းလည်း မနည်းလှတော့ပေ။

ဒီကျော်ဂျီယိုသည် ချမ်ဘာလိန်အား လှမ်းကြည့်လိုက် သည်။ ချမ်ဘာလိန်သည် ရဲဝန်ထမ်းကောင်းတစ်ဦး ဖြစ်သည်။ သုံးဆယ် ကိုးနှစ်ရှိပြီ။ လူသတ်မှုစုံစမ်းရေးဌာနမှာ နှစ်နှစ် လုပ်ပြီးပြီ။ စိတ်ချ အားကိုးလောက်သော တွဲဖက်တစ်ဦး ဖြစ်သည်ကား ငြင်းဖွယ်မရှိ။

သို့တစေ ဒီကျော်ဂျီယိုသည် ဟယ်ရီ့ကို အောက်မေ့ဆဲရှိ ၏။

နောက် လမ်းဆုံတစ်ခုတွင် ကားအရှိန် လျော့ကျသွား သည်။ ချမ်ဘာလိန်သည် မစ်ရှင်ရော့(ခ်)လမ်းထဲသို့ ညာဘက် ချိုးဝင်သည်။ မည်းနက်နေသော ကုန်လှောင်ရုံကြီးများရှေ့မှ ဖြတ်သန်းသွားသည်။ ဆိပ်ကမ်းတံတား အမှတ်(၅၀)သို့ နီးကပ်လာလေပြီ။

"အံ့သြစရာပဲ"

ချမ်ဘာလိန်က ရေရွတ်လိုက်သည်။

"ဘာလဲကွ"

www.burmeseclassic.com



ဒီဂျော်ဂျီယိုသည် အတွေးမှုင်ဇာကို ဖြတ်ပြီး ချမ်ဘာလိန်အား မေးသည်။

ချမ်ဘာလိန်သည် မှောင်ထဲသို့ ငေးစိုက်ကြည့်နေလေသည်။

"တံတားနံပါတ်(၅၀)ကို ဝင်တဲ့တံခါးတွေ ဟောင်းလောင်းပွင့်နေတယ်လေ"

ဒီဂျော်ဂျီယိုက လှမ်းကြည့်သည်။ ဟုတ်သည်။တံခါးနှစ်ချပ် ဟောင်းလောင်းပွင့်နေသည်။

"အေး ကင်းတဲမှာလည်း တစ်ယောက်မှမရှိပါလား ငါတို့ ဝင်စစ်ဆေးကြည့်ရင် ကောင်းမယ်"

ချမ်လာဘိန်သည် ပွင့်နေသော ဂိတ်ဝမှ ကားမောင်းဝင်သွားပြီး အစောင့်တဲရှေ့တွင် ရပ်လိုက်သည်။

ဒီဂျော်ဂျီယိုက ကားထဲမှဆင်းသည်။ ပေါ့(ပ်)ဆီဂယ်(လ်)၏ အလောင်းမှာ ကြမ်းပြင်ပေါ်တွင် ပက်လက်ကြီး လဲနေသည်။ သူ့ရင်ဘတ်မှာ အနီကွက်ကြီး စွန်းနေသည်။

ဒီဂျော်ဂျီယို တံတွေးမျိုချလိုက်သည်။ ရဲကားဆီသို့ လှည့်ကြည့်ပြီး...

"ရှာ့(လ်၊ဖ်)"ဟု ခေါ်လိုက်သည်။

ချမ်ဘာလိန် အထဲ ဝင်လာပြီး အလောင်းကိုကြည့်သည်။

"ဖြစ်မှဖြစ်ရလေ၊ပေါ့(ပ်)ဆီဂယ်(လ်)ရယ်၊ သူ နောက်ခြောက်လဆို အငြိမ်းစားယူတော့မလို့ဘဲ"



"အေး ... ခုတော့ ခြောက်လစောပြီး အငြိမ်းစားရသွားပြီ။ သူ့ကို တစ်ယောက်ယောက်က ဓားနဲ့ထိုးသတ်သွားတာကွ"

"တောက် ... ယုတ်မာလိုက်တာ"

ဒီဂျော်ဂျီယိုသည် ပြတင်းပေါက်မှနေ၍ ကုန်လှောင်ရုံကြီးများဆီ လှမ်းကြည့်သည်။ လှုပ်ရှားသောအရာ တစ်ခုမျှမတွေ့။

"မင်း အကူအညီလှမ်းတောင်းလိုက်၊ သူနာပြုကားတစ်စီးကိုပါ ခေါ်လိုက်ချေ"

ချမ်ဘာလိန်သည် တံခါးဝသို့ ထွက်သွားသည်။

"ကောင်းပြီ"

ဒီဂျော်ဂျီယိုသည် သူ့နောက်မှလိုက်လာရင်း ကုတ်အင်္ကျီအောက်မှ ရဲအဖွဲ့သုံး ဒသမ ၃၆၇မဂ္ဂနမ် ခြောက်လုံးပြူးကြီးကို ဆွဲထုတ်သည်။

"ငါ နည်းနည်းပါးပါး လျှောက်စစ်ဆေးလိုက်ဦးမယ်"

"သတိထားဗျာ၊ ဒီကောင်တွေက အစောင့်ကိုတောင် သတ်သွားပြီ၊ ရဲတစ်ဦးကိုသတ်ဖို့လည်း လက်နှေးမှာမဟုတ်ဘူး"

"အေး ..."

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားကြီး အတွင်း၌ကား လာလိုသည် စိတ်ဂနာမငြိမ် ဖြစ်နေ၏။

"မြန်မြန်လာကြပါဟ၊ လုပ်ကြစမ်းပါ"

လာလိုတစ်ယောက်တည်း ရေရွတ်နေမိသည်။ အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်မည်ပြုပြီးမှ မသောက်ဘဲနေလိုက်ဦးမည်ဟု စိတ်ပြောင်းလိုက်သည်။ ဤခြံဝင်းကြီး ပတ်ပတ်လည်၌ "ဆေးလိပ်မသောက်ရ"ဆိုင်းဘုတ်များ ချိတ်ထားသည်မဟုတ်လား။ ကျည်ဆန်တွေ၊ ဗုံးတွေ၊ လက်နက်ခဲယမ်း မီးကျောက်တွေ ဤမျှ များပြားစွာ စုပြုံရှိနေသည့်အရပ်မှာ စီးကရက်မီးညှိခြင်းသည် မသင့်လျော်သော ကိစ္စဖြစ်၏။

ထို့ကြောင့် သူသည် လက်ချောင်းများကို တဖြောက်ဖြောက်မြည်အောင် ချိုးနေသည်။ သို့မဟုတ်က သူ ဘာလုပ်ရမှန်း မသိတော့ပေ။

ကုန်လှောင်ရုံအတွင်း၌ကား အဖြစ်အပျက် အားလုံးမှာ နာရီစက်ကဲ့သို့ ကွက်တိလုပ်ရှားလျက်ရှိသည်။ အခြားလူများသည် သတ်မှတ်ထားသော တာဝန်များကို လုပ်ဆောင်နေကြသည်။ ဘော်ဘီနှင့် မိုကီတို့ကား သစ်သားသေတ္တာကြီးများ စုပြုံထားရာ နောက်ဘက်နံရံနားသို့ ရောက်သွားကြလေသည်။ ဘော်ဘီသည် သေတ္တာတစ်လုံး၏ အဖုံးကို သံတူရွင်းနှင့် ကန့်လန့်၍ဖွင့်သည်။ ယင်း သေတ္တာထဲတွင် သံလွင်သီးအစိမ်းရောင်"ဖိုက်ဘာမှန်" ပြွန်ချောင်းကြီးများရှိသည်။ အချင်းသုံးလက်မ အလျား သုံးပေခွဲရှည်သည်။ "လော(စ်)ရောကက်



လက်နက်ဖြစ်သည်။ "လော(စ်)ဆိုသည်မှာ "သံချပ်ကားပစ်အပေါ့စားလက်နက်စနစ်"ဟူသော ဝေါဟာရကို အတိုကောက်အသံထွက် ခေါ်ခြင်းဖြစ်သည်။

ဘော်ဘီသည် လော(စ်)ရော့ကက်လက်နက်ကို တွေ့တွေ့ချင်း သွားဖြဲလိုက်သည်။ သူသည် ဤလက်နက်များကို ဗီယက်နမ်၌ သုံးခဲ့ဖူးသည်။ ယင်းတို့သည် လေးပိုင်းသုံးပိုင်းလက်မ အထူရှိသော သံချပ်ကား ကိုယ်ထည်အခွံကို ဖောက်ထွင်းနိုင်စွမ်းရှိသည့် တစ်ခါသုံး ဘဇူကာတစ်မျိုးပင်ဖြစ်သည်။ သုံးပြီး လွှင့်ပစ်ရုံရှိသည်။

ဘော်ဘီသည် ဝမ်းသာလုံး ဆို့နေ၏။ ဤလော(စ်)ရောကက်များ၊ အော်တိုမက်တစ် ရိုင်ဖယ်များ၊ ဗုံးများအားလုံးသည် သူ့အဖို့ အံ့မခန်း ဝမ်းမြောက်အားတက်ဖွယ်ရာတည်း။ ဤလက်နက်များနှင့်ဆိုလျှင် မိမိတို့လူစုသည် ရဲများထက်ပင် "သာ"သွားလိမ့်ဦးမည်။ သူတို့သည် စစ်တပ်တစ်ခုကဲ့သို့ ဖြစ်လာမည်။ သူတို့စစ်တပ်မျိုးကို အမေရိကန် နိုင်ငံသားများ မတွေ့ဖူးသေး။ သူတို့သည် ဆန်ဖရန်စစ္စကို မြို့တော်ကြီးကို "တိုက်ပွဲ"နယ်မြေအဖြစ် ပြောင်းလဲပစ်ရမည်။ ဝပ်(စ်)မြို့၌ ဖြစ်ပွားခဲ့သော လူဖြူ လူမည်း အဓိကရုဏ်းမှာ မိမိတို့တိုက်ပွဲနှင့်ယှဉ်လျှင် ကလေးကစားသလို ဖြစ်သွားမည်။

မိမိတို့ကိစ္စ မပြီးခင်၌ပင် ပုလိပ်တွေရော အားလုံး ကြောက်ချေးပါကုန်ရလိမ့်မည်။ မိမိသည် နေ့ချင်းညချင်း သူဌေးတစ်ဦး ဖြစ်သွားမည်။ တယ်ပိုင်တဲ့အကြံပေပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီဟာတွေ သယ်ကြစို့"

ဘော်ဘီက မိကိုအား ပြောသည်။ သေတ္တာအဖုံး ပြန်ပိတ်သည်။ သူတို့နှစ်ဦး ထရပ်ကားဆီသို့ သေတ္တာတစ်လုံးစီ သယ်ထုတ်သွားသည်။

"ဟေ့ ... ဘော်ဘီ"

လာလိုသည် ထရပ်ကားပေါ်မှဆင်းပြီး ကုန်ရုံထဲ ဝင်လာ၏။

"ဘာလဲကွ"

ဂိတ်ဝနားမှာ မော်တော်ကားသံကြားလို့"

ဘော်ဘီက သူ့တပည့်များအား လှည့်ကြည့်သည်။ သူတို့အားလုံး လက်စသတ်ခါနီးပြီ။

"ကောင်းပြီ၊ မင်း မိကိုနဲ့ ကျန်တဲ့ ရော့ကက်တွေ ဝိုင်းသယ်လိုက်၊ ငါသွားကြည့်ဦးမယ်"

"အိုကေ ..."

တံခါးပေါက်မှ ထွက်လိုက်စဉ် ဘော်ဘီ၏ လက်တစ်ဘက်သည် သူ၏ခါးမြှောင်အရိုးပေါ် အလိုအလျောက် ရောက်ရှိသွားသည်။ သူသည် တန်းစီနေသော ကုန်လှောင်ရုံကြီးများ ရှေ့မှနေ၍ ပင်မဂိတ်ဝသို့ ခြေလျှောက်သွားသည်။ ပင်မဂိတ်ဝကို နောက်ဆုံးကုန်ရုံကြီးက သူ့မြင်ကွင်းမှ ကွယ်ထားသည်။

ထိုအခိုက် သူရပ်လိုက်ပြီး နားစွင့်သည်။

ချဉ်းကပ်လာနေသော ခြေသံများ ကြားရ၏။



တစ်စုံတစ်ယောက်သည် ခြေသံမကြားအောင် ခြေဖျား ထောက်လာနေခြင်း ဖြစ်သည်။

ဘော်ဘီသည် လျှင်မြန်စွာပင် ကုန်ရုံကြီးနှစ်ခုကြား မှောင်မည်းသော လမ်းကြားကျဉ်းကျဉ်းလေးထဲ ဝင်ပုန်းသည်။ အတန်ကြာ၍ ဒီဂျော်ဂျီယိုသည် သေနတ်ကိုင်လျက် သူ့ရှေ့မှ ဖြတ်သွားသည်။ ဘော်ဘီသည် ဝတ်စုံပွပွအိအိကြီးနှင့် လူဝကြီးကို အကဲခတ်သည်။ ပုလိပ်ဖြစ်ဖို့ သေချာသည်။ ဘော်ဘီသည် ဓားမြှောင်ကို ဓားအိမ်မှ အသာလေး ဆွဲချွတ်သည်။

လမ်းကြားလေးအလွန်ရောက်သော် ဒီဂျော်ဂျီယိုသည် တံခါးတစ်ခုနားကပ်ပြီး ကုန်တင်နေသော ထရပ်ကားကြီးဆီ လှမ်းကြည့်နေသည်။

လူခြောက်ယောက်။

ယောကျ်ားလေးယောက် မိန်းမနှစ်ယောက် ကုန်ရုံထဲမှ သေတ္တာများ ထုတ်ယူလာပြီး ထရပ်ကားပေါ်သို့ ခေါက်တုံ့ ခေါက်ပြန် သယ်ဆောင်တင်ပေးနေကြသည်။

သူတို့ ခြောက်ယောက်စလုံးကို ထင်ရှားစွာ မြင်ရမှ တံခါးနားမှ ထွက်လိုက်သည်။ သေနတ်ကို အားရပါးရ ချိန်ထား၏။

"ဟေ့ ... အားလုံးမလှုပ်နဲ့"

သေတ္တာများ မ,ထားသူအားလုံး တုံ့ခနဲ ရပ်လိုက်ကြသည်။ ဒီဂျော်ဂျီယိုသည် သူတို့နားသို့ အနည်းငယ်တိုးကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... သေတ္တာတွေကို ဖြည်းဖြည်းလေး ချလိုက်ကြ"

ခြောက်ယောက်စလုံး ဒီဂျော်ဂျီယို၏ ခိုင်းသည့်အတိုင်း လုပ်ပေးကြသည်။

"ကဲ... လက်မြှောက်လိုက်ကြစမ်း၊ တစ်ချက်မှ မလှုပ်နဲ့နော် ဒါပဲ၊ နို့မို့ ငါပစ်ထည့်မှာပဲ"

ခြောက်ယောက်စလုံး ဒီဂျော်ဂျီယို၏ အမိန့်ကို လိုက်နာကြသည်။

"ဒီမယ် ဆရာသမား၊ ခင်ဗျား မှားနေပြီနော်၊ ခင်ဗျား ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ကျုပ်တို့က အထက်အမိန့် အရ ဒီပစ္စည်းတွေ လာတင်တာဗျ"

လာလိုက အေးဆေးစွာပြောသည်။

ဒီဂျော်ဂျီယိုက ဂိတ်ဝဆီပြေး မေးထိုးပြပြီး...

"ဟိုမှာညစောင့်ကြီး ရင်ဘတ်ဒဏ်ရာနဲ့ သေနေပြီ၊ အဲဒါလည်း မင်းတို့ အထက်အမိန့်အရ လုပ်ခဲ့တာလား"

ဒီဂျော်ဂျီယို၏ နောက်ဘက်တွင် ဓားမြှောင်ကို လက်ထဲ မြှောက်ထားပြီး မှောင်ရိပ်ထဲမှထွက်ကာ ခြေဖွဖွနင်း၍ တိုးကပ် လာသော ဘော်ဘီအား လာလို မြင်ရလေသည်။

"ဘယ်ကညစောင့်လည်း ကျုပ်မသိဘူး"

လာလိုက သူ၏မြှောက်ထားသော လက်နှစ်ဖက်ကို အသာလေးချသည်။



"ငြိမ်ငြိမ်ရပ်နေစမ်း၊ နည်းနည်းလှုပ်တာနဲ့ အသေပစ်ထည့်မယ်၊ ကဲ... အားလုံး နံရံကိုမျက်နှာမူကြစမ်း၊ လုပ်..."

ဒီဂျော်ဂျီယိုက သေနတ်ပြောင်းဖြင့် ညွှန်ပြရင်း အမိန့်ပေးသည်။

ဒီဂျော်ဂျီယိုသည် မိမိနောက်မှ အသံတစ်ခုကိုကြားလိုက်ရ၏။ သူ နောက်သို့ ချာခနဲလှည့်ကြည့်သည်။ ဘော်ဘီက သူ့ကို ဓားနှင့်ထိုးချသည်။ သူက လက်မောင်းဖြင့် ခုခံကာ ကွယ်သည်။ သို့သော် သူ နည်းနည်းလေးနှေးသွားသည်။ ဒီဂျော်ဂျီယိုပခုံးထဲ ဓားမြှောင်စိုက်ဝင်သွား၏။

ဒီဂျော်ဂျီယို စူးစူးရှားရှားအော်သည်။

တစ်ပြိုင်တည်းပင် သူ့လက်ထဲမှ ဒသမ ၃၅၇ မဂ္ဂနမ်က ဆက်ကွဲသွားသည်။ ကျည်ဆန်က ကောင်မလေးတစ်ယောက် ကို ချော်ထိသည်။ ကောင်မလေး လဲကျသွားသည်။

ဘော်ဘီက သူ့ကို နောက်တစ်ကြိမ် ဓားနှင့်ထပ်ထိုး သည်။ ရင်ဘတ်ထဲစိုက်ဝင်သွား၏။ ဒီဂျော်ဂျီယို ခွေကျလာ သည်။ လက်ထဲမှသေနတ် လွတ်ကျသွားသည်။ ဓားမြှောင် သည် ရင်အုပ်ထဲသို့ နောက်တစ်ကြိမ် ထပ်စိုက်ဝင်လာပြန် ၏။ အတော်နက်နက် ဝင်သွား၏။

ဒီဂျော်ဂျီယို တစ်ကိုယ်လုံး သွေးရွဲနေသည်။ သူ လဲကျ သွားသည်။ သူ သတိမေ့သွား၏။

"ဘော်ဘီ၊ မီကီ သေနတ်မှန်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီသည် ဒီရော်ဂျီယို၏ ခန္ဓာကိုယ်ကြီးကို ငုံ့ကြည့်နေသည်။ ၎င်း၏ ရင်အုပ်ကြီးမှာ နီမှဲ့ချည်မြင့်ချည် ဖြစ်နေသည်။ ပုလိပ်စုတ် မသေသေးပါကလား။ ဘော်ဘီက ခါးမြှောင်ဖြင့် နောက်တစ်ကြိမ်ထိုးချရန် ရွယ်လိုက်သည်။

လာလို၏ အသံကြားသဖြင့် ဘော်ဘီ လှည့်ကြည့်သည်။

လာလိုသည် ထရပ်ကားနားတွင် မီကီအား ဒူးထောက်ကြည့်လျက်ရှိသည်။ သူက ဒီရော်ဂျီယိုအား ပြန်လှည့်ကြည့်သည်။ နေပစေတော့။ ဒီပုလိပ်စုတ် နောက်ငါးမိနစ်ဆို သေသွားမှာပဲ။

ဘော်ဘီ မီကီဆီ ပြေးသွားသည်။

“သူ့ ဗိုက်ကို ကျည်ဆန်ထိသွားတယ်။ သိပ်မဟန်ဘူး”

လာလိုကပြောသည်။

လာလိုက မီကီလက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

“ကဲ…သူ့ကို ထရပ်ကားပေါ် မ,တင်ရအောင်”

“နေပစေတော့၊ မထူးပါဘူးကွာ။ ဟိုင်နဲက ပုလိပ်ကွ၊ ဒီတပိုက်မှာ တခြားပုလိပ်တွေလည်း ရှိဦးမှာသေချာတယ်၊ ငါတို့ ဒီဝင်းထဲက အမြန်ဆုံးလစ်မှဖြစ်မယ်”

ဘော်ဘီကပြောသည်။

“သူ့ကို ဒီလိုထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ”

လာလိုက ထပ်တွန့်တက်သည်။



“ဘာလဲ၊ မင်း ငါတို့အားလုံး အဖမ်းခံစေချင်လို့လားကွ။ သူသေပြီလို့ ငါပြောနေတယ်”

ဘော်ဘီသည် ပြောပြောဆိုဆိုနှင့် သူ့ခါးကြားမှ ဒသမ ၃၈ ခြောက်လုံးပြူးကို ဆွဲထုတ်သည်။

“မသေသေးဘူးဗျ”

ဘော်ဘီက ခြောက်လုံးပြူးနှင့် မီကီ၏ ခန္ဓာကိုယ်ထဲသို့ ကျည်နှစ်တောင့် ပစ်ထည့်သည်။ မီကီကိုယ်လေး တုန်ခါသွားပြီး လုံးဝ ပြန်ငြိမ်သွားတော့သည်။

“ဘာလို့ မသေရမှာလဲ၊ မြင်တယ်မဟုတ်လား”

လာလိုသည် ဘော်ဘီ၏ ရီဝေနေသော မျက်လုံးများကို မော့ကြည့်မိသည်။ ဘော်ဘီ ကြောင်နေပြီ။ ပေါက်သွားပြီ။ လာလိုသည် ဘော်ဘီ ရူးကြောင်ကြောင်ဖြစ်ပုံကို မြင်တွေ့ဖူးသော်လည်း တစ်ခါမျှ ဤပုံစံမျိုး မတွေ့ဖူးသေးပါ။

ယခုအချိန်၌ ဘော်ဘီသည် မိမိတို့အားလုံးကို သတ်ပစ်ရန် ဝန်မလေးသူတစ်ဦးနှင့် တူနေ၏။

“ကဲ…ကျန်တဲ့လက်နက်တွေ ကုန်အောင်တင်ပြီးရင် သွားကြမယ်”

ဘော်ဘီက ခပ်တိုးတိုးပြောသည်။

လာလိုဘာမျှ မငြင်းဝံ့တော့။ သူ မဆိုင်းမတွပင် မီကီ သယ်ယူခဲ့သော ရော့ကက်သေတ္တာကို ကောက်ယူလိုက်သည်။ လာလို၏ လှုပ်ရှားမှုကိုမြင်သောအခါ အခြားလူများလည်း လိုက်လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်အတွင်းမှာပင် သေတ္တာအားလုံး တင်ဆောင်ပြီး သွားသည်။

"အိုကေ ... သွားကြစို့"

ဘော်ဘီက အချက်ပေးသည်။

တက်(ဖ်)က မီကိုအလောင်းကိုမေးထိုးပြပြီး ...

"ဘယ်လိုလဲဆရာ၊ သူ့အလောင်းဒီအတိုင်း ထားခဲ့မလား၊ မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော်တို့ သယ်သွားရင် ကောင်းမယ်ထင်တယ်"

တက်(ဖ်)သည် ပြောရင်း ဆိုရင်း မီကိုအလောင်းဆီ သွားမည်အပြု ဘော်ဘီက လက်ခါပြသည်။

"ထားခဲ့စမ်းပါကွာ၊ သူ့အလောင်းကိုရလို့ ငါတို့ ပုလိပ်တွေ ဆက်စပ်ပြီး လိုက်ရှာလို့မရနိုင်ပါဘူး။ ကဲ ... သွားမယ် ဟေ့"

ဘော်ဘီနှင့် လာလိုတို့ ထရပ်ကား ယာဉ်မောင်းခန်းထဲ ပြန်ဝင်ကြသည်။ ဘော်ဘီက ယာဉ်မောင်းနေရာ၌ ထိုင်သည်။ ကျန်လူများက နောက်ပေါက်မှ တက်ကြသည်။ ထရပ်ကားကြီးသည် ကုန်လှောင်ရုံကြီးရှေ့မှ အရှိန်ပြင်းစွာနှင့် ဆောင့်၍ မောင်းထွက်သည်။ နောက်ဘက် တံခါးတစ်ချပ်မှာ အရှိန်အဟုန်ကြောင့် ပွင့်ထွက်သွားသည်။

ဘော်ဘီသည် ခပ်ကြမ်းကြမ်းဖြင့် ကွေ့ချပြီး ပင်မဂိတ်ဝသို့ ဦးတည်သွားသည်။



ကင်းတဲကလေးတွင်ရှိသော ချမ်ဘာလိန်သည် သေနတ်သံများကို ဆင့်ကဲကြားလိုက်ရသည်။ ယခု ဂိတ်ဝဆီ ချဉ်းကပ်လာသော ထရပ်ကားစက်သံကြီးကို ကျယ်လောင်စွာ ကြားရပြန်သည်။ ဟော ပြည်သူ့လုပ်ငန်းကုမ္ပဏီ ထရပ်ကားကြီးတစ်စီး၏ ရှေ့မီးလုံးများကိုတွေ့ရပြီ။

ချမ်ဘာလိန်သည် ခြောက်လုံးပြူးကိုဆွဲထုတ်ပြီး ချဉ်းကပ်လာနေသော ထရပ်ကားကြီးကို ချိန်ထားသည်။

ဘော်ဘီသည် မီမီရှေ့မှ သေနတ်နှင့်လူကို တွေ့ရ၏။ ထို့ကြောင့် လီဗာကို ဖိနင်းချသည်။

"ရပ် ... ရပ်"

ချမ်ဘာလိန်သည် ငယ်သံပါအောင် အော်လိုက်သည်။

ထရပ်ကားကြီး မရပ်ဘဲ ဆက်ရွေ့လာသည်။

ချမ်ဘာလိန်က သေနတ်နှင့် နှစ်ချက်လှမ်းပစ်သည်။ ကျည်ဆန်များသည် ကားရှေ့မှန်ချပ်ကြီးကို ဖောက်ထွင်းဝင်သွားကြသည်။ မှန်ချပ်ကြီးမှာ အစိတ်စိတ်အမွှာမွှာ အက်ကြောင်းထင်သွား၏။ ဘော်ဘီကိုကျော်၍ ယာဉ်မောင်းခန်းသတ္တုနံရံထဲ ဝင်သွားကြသည်။ ချမ်ဘာလိန် ထပ်ပစ်သည်။ ဘော်ဘီက လက်ကိုင်ဘီးကို ဆွဲလှည့်သည်။

ထရပ်ကားကြီး ဘေးချော်သွားသည်။

ဘော်ဘီ ထိန်းမရတော့ပေ။ ကား၏ဖင်ပိုင်းသည် ယမ်းခါသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားကြီးသည် အစောင့်တဲလေးကို ဝင်တိုက်ပြီး တန်းတန်းမတ်မတ် ခေါင်းထိုးဝင်သွားသည်။ တဲကို ကားခေါင်းနှင့် ဝင်တိုက်စဉ် ချမ်ဘာလိန်က တဲထဲမှ ခုန်ထွက်သည်။ သို့သော် ကား၏ဖင်ပိုင်း ဖင်ဒါ(ဘီးကာ)နှင့် ဝင်ရိုက်မိသွားသည်။ ချမ်ဘာလိန်သည် လေထဲသို့ မြောက်တက်သွားပြီး ကင်းတဲနှင့် ဆယ့်ငါးပေးအကွာသို့ ဖုတ်ခနဲ ပြုတ်ကျသွားသည်။

ထရပ်ကားကြီးသည် ပင်မဂိတ်ပေါက်မှ ဖြတ်သန်းသွားပြီး ထိန်းမရဘဲ လည်ထွက်သွားကာ နောက်ဆုံး၌ ကျွိခနဲ ရပ်သွားသည်။ စက်တော့ လုံးဝမရပ်ပေ။ ဘော်ဘီသည် စက်နှိုးသည့်သော့ကိုလှည့်ပြီး လီဗာကို အနည်းငယ် ကစားပေးသည်။

အင်ဂျင်က သိပ်အားရစရာမကောင်း။

"ဟာ...ဒုက္ခပါပဲ၊ အရေးထဲ ဒီမအေပေးစက်ကလဲ"

အင်ဂျင်က ဝူးခနဲ ပြန်နိုးလာသည်။ ဘော်ဘီသည် အရှိန်ကို သိပ်မတင်ဘဲ မောင်းထွက်သည်။ ကားကြီး ကျွိခနဲ မြည်ကာ ရှေ့တိုးလာသည်။ လမ်းထောင့်တွင် ညာဘက်ချိုးပြီး လီဗာကို နင်းချသည်။

ရှစ်ပြခန်းအကွာရှိ "သတ္တမလမ်း"တွင် အဖြူအနက် နှစ်ရောင်စပ် ကင်းလှည့်ရဲကားတစ်စီးသည် ဗောဓိတားအမှတ် (၅၀)သို့ ချမ်ဘာလိန်၏ စကားဝှက်အဆင့်(သုံး)အရ "လုပ်ဖော်



ကိုင်ဖက် ရဲတစ်ဦးအား ကူညီရန်အတွက် အရှိန်ပြင်းစွာဖြင့် မောင်းလာလျက်ရှိသည်။

စက္ကန့်အနည်းငယ်အကြာတွင် ပြည်သူ့လုပ်ငန်းကုမ္ပဏီ ထရပ်ကားကြီးသည် ရှေ့နားရှိလမ်းဆုံမှ ဝူးခနဲ ဖြတ်မောင်းသွားသည်။ ရဲကားကြီးထဲမှ ရဲအရာရှိနှစ်ဦးသည် အံ့အားသင့်စွာဖြင့် တစ်ဦးကိုတစ်ဦး လှည့်ကြည့်ကြသည်။

"ဘုရား...ဘုရား၊ ဒီငနဲ တစ်နာရီ မိုင်ခြောက်ဆယ်လောက် မောင်းသွားတာပဲကွ"

ရဲအရာရှိတစ်ဦးက ပြောသည်။

"ဒါဖြင့် လိုက်ဖမ်းကြရအောင်"

သူ့တွဲဖက်က ပြန်ပြောသည်။

မာရီပိုဆာလမ်းပေါ်မှ မောင်းသွားစဉ် ဘော်ဘီသည် ရဲကား ဥသြသံကြားသဖြင့် နောက်ကြည့်မှန်ထဲ လှမ်းကြည့်သည်။ အရှိန်ထပ်တင်၍ မောင်းသည်။

သို့သော် အရှိန်ပြင်းစွာ မောင်းမရအောင် တည်ဆောက်ထားသည့် ထရပ်ကားကြီးသည် ရဲကားကိုလွတ်အောင် မောင်းပြေး၍ မရနိုင်ရှာပေ။ ရဲကားသည် ထရပ်ကားကြီးဘေးမှ ကျော်တက်ရန်ကြသည်။ ဘော်ဘီက ဘေးတိမ်း၍ ရဲကားကို "ခါ"ထုတ်သည်။

ရဲကားသည် အနည်းငယ် နောက်ကျန်ရစ်ပြီး နီးကပ်စွာ သိုက်လာဆဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်လမ်းချိုးတစ်ခုတွင် ဘော်ဘီသည် မိမိနောက်မှ လိုက်နေသော ရဲကားကို မျက်ခြည်ဖြတ်ပစ်ရန် ညာဘက်သို့ ခပ်ကြမ်းကြမ်းကပ်၍ ကွေ့ဝင်သည်။ သို့သော် ရဲကားက လိုက်လာဆဲ။

ထရပ်ကားနှင့် ရဲကားသည် "ချိုင်းနားဘေဆင်" ရပ်ကွက်၏ လမ်းများပေါ်မှ တစ်လမ်းဝင် တစ်လမ်းထွက် ကြောင်နှင့်ကြွက်လို လိုက်တမ်းပြေးတမ်း ကစားနေကြ၏။ သို့တစေ ထရပ်ကားနှင့် ရဲကား၏ အကွာအဝေးမှာ ပြောင်းလဲခြင်းမရှိပေ။

ထိုအခိုက်...

ထရပ်ကား၏ နောက်တံခါးပွင့်လာပြီး ကား(လ်)သည် အေ-အာ(ရ်) ၁၅ ရိုင်ဖယ် အသစ်စက်စက်ကြီးတစ်လက် ကိုင်၍ ကုန်းထွက်လာသည်။ သူက နောက်မှလိုက်နေသော ရဲကားကို ၎င်းသေနတ်နှင့်ချိန်ပြီး ပစ်ထည့်သည်။

စက်သေနတ် ကျည်ဆန်များသည် ရဲကား၏ ရှေ့ ... ယေတာကို အပေါက်များဖောက်ပစ်ပြီး ရှေ့မီးလုံးများ ခွဲပစ် လိုက်သည်။

ရဲကားမှ ရဲအရာရှိနှစ်ဦးမှာ ရန်သူ၏အင်အားကို ရိပ်စား မိသည့်အလျောက် ကားကို နောက်ချန်နေရစ်လိုက်ကြသည်။

ကား(က်)က ရယ်မောရင်း နောက်တစ်ကြိမ် ထပ်ပစ် သည်။

ယခု တစ်ကြိမ်တွင် ရဲကား၏ စက်ဖုံးကိုထိမှန်ပြီး ...



...ကားအင်ဂျင်ကို အပိုင်းပိုင်း ချိုးဖဲ့ပစ်ကာ ရှေ့မှန်ချပ်ကြီး တစ်ခုလုံးကို ခွဲပစ်လိုက်သည်။

ယာဉ်မောင်း ရဲအရာရှိသည် ကားကို ထိန်းမမောင်းနိုင် သဖြင့် ဘေးသို့ယိမ်းထွက်ပြီး ပလက်ဖောင်းဘက် ခေါင်းတည် ... ရပ်ထားသောကားတစ်စီးကို ဝင်တိုက်မိသည်။ ရဲကားသည် ...ပြင်းထန်သော အရှိန်ကြောင့် ပက်လက်လန်သွားပြီး လျှောထွက် သွားသည်။

ပက်လက်လန်သွားသော ရဲကား ရပ်တန့်သွားသောအခါ ကားအတွင်းမှ ရဲအရာရှိနှစ်ဦး ကုန်းရုန်းထွက်လာကြသည်။ ကားအနီးမှ အမြန်ဆုံး ထွက်ပြေးကြသည်။ ဓာတ်ဆီတိုင်ကီ ပေါက်သွားသဖြင့် ရဲကားမှာ ဝုန်းခနဲ ပေါက်ကွဲသွားသည်။ ရဲကားမှ စွဲလောင်သော လီမွှော်ရောင်မီးလုံးကြီးသည် လမ်း တစ်ခုလုံးရှိ တိုက်တာအဆောက်အအုံများကို လင်းထိန်သွား ...၏။

ရဲအရာရှိနှစ်ဦးသည် ခြောက်လုံးပြူးကိုယ်စီဆွဲထုတ်ပြီး ...ဝေးကွာသွားသော ထရပ်ကားကြီးအား လှမ်းပစ်ကြသည်။ သို့သော် သူတို့ ကျည်ဆန်ဖြုန်းတီးသလိုသာ ရှိသည်။ထရပ်ကား ကြီးသည် သူတို့နှင့် အလွန့်အလွန် ဝေးသွားလေပြီ။ စက္ကန့် အနည်းငယ်အတွင်း၌ပင် ထရပ်ကားကြီး၏ နောက်မီးလုံး လေးများ လမ်းထောင့်တစ်ခုအရောက်၌ လုံးဝပျောက်ကွယ် သွားလေ၏။

"ကောင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းရဲအရာရှိက မကျေမချမ်း ပြောသည်။ သူသည် မီးစွဲလောင်နေသော ရဲကားကို စိုက်ကြည့်လိုက်သည်။

ထို့နောက် ရဲအရာရှိနှစ်ဦးသည် ဘာမှဆက်လုပ်စရာ မရှိသဖြင့် ထိုနေရာ၌ပင် မတ်တတ်ရပ်ရင်း တဖြည်းဖြည်း နီးကပ်လာသော ရဲကားဥသြသံများကို နားထောင်နေကြလေသည်။

✧ ✧ ✧

## အခန်း (၆)

မနက် နှစ်နာရီတွင် ဟယ်ရီကယ်လဟန်၏ တယ်လီဖုန်း မြည်သည်။ ဟယ်ရီသည် အိပ်ပျော်နေရာမှ လန့်နိုးသွားသဖြင့် ကျိန်ဆဲပြီး ခေါင်းအုံးဖြင့် ခေါင်းပေါ်ဖိကာ ဖုန်းသံမကြားရအောင် နားပိတ်ထား၏။ သို့သော် အရာမရောက်ပေ။ တယ်လီဖုန်းက မရပ်မနား မြည်နေဆဲ။ နောက်ဆုံးတော့ ဟယ်ရီသည် အိပ်ရာပေါ် တစ်ပတ်လှိမ့်ထွက်ပြီး ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

"ဘယ်သူတုန်း"

"ဟယ်ရီလား"

ဟယ်ရီ မဟုတ်လို့ ခင်ဗျား အမေလင် မှတ်နေလို့လား"

"ခုပြောတာ အယ်(လ်)ဘရက်ဆလာပါ"

ဟိုက်... ဟယ်ရီ မျက်လုံးပြူးသွား၏။ သူ့ဒေါသ ပျောက်လွင့်သွားရ၏။ ဘရက်ဆလာသည် မနက်နှစ်နာရီမှာ

www.burmeseclassic.com

www.burmeseclassic.com



သူများတကာကို အိပ်ရေးပျက်အောင် အပျော်အပြက်လုပ်တာ
သူမဟုတ်ပါ။

"ဖရန့်(ခ်)ဒီဂျော်ဂျီယို ဓားထိုးခံရလို့။ ငါတို့ဆေး
ရောက်နေပြီ၊ မင်းလိုက်လာခဲ့ချေ"

ဘုရား...ဘုရား၊ ဖရန့်(ခ်)တော့ ရန်သူ့လက်ချက်
သွားပါပြီကော။ ဟယ်ရီ ခုတင်စောင်း၌ ထ,ထိုင်ပြီး မျက်လုံး
လက်ဖမိုးနှင့်ပွတ်သည်။

"ဒေါက်တာကြီးသလား အယ်(လ်)"

"သိပ်တော့မသေးဘူး၊ ချမ်ဘာလိန် အသက်ခံလိုက်
ပြီ"

"ဘယ်လိုဖြစ်တာလဲ"

"မင်းလာရင် ငါပြောပြမယ်၊ နေဦး ဟယ်ရီ"

"ဗျာ ..."

"အမြန်ဆုံးလာခဲ့ကွာ"

ဟယ်ရီတံတွေးမျိုချလိုက်၏။

"ဟုတ်ကဲ့၊ မြို့နယ်ဆေးရုံကိုနော်"

"အေး ..."

"ခုလာခဲ့မယ်"

ဟယ်ရီ ဖုန်းကိုဆောင့်ချပြီး အဝတ်အစား အမြန်
ဝတ်သည်။

နောက် ဆယ့်ငါးမိနစ်အကြာတွင် ဟယ်ရီသည် ဆေး



ချုန်စစ္စကိုမြို့နယ် ဆေးရုံကြီး၏ ကားရပ် ကွက်လပ်ထဲသို့
အားမောင်းဝင်လာသည်။

စုံစမ်းရေးဌာနမှ သူနာပြုဆရာက ဟယ်ရီအား ဒီဂျော်
ဂျီယိုကို ခွဲစိတ်ခန်းမှထုတ်ပြီး တတိယထပ်အဆောင်(၄၃)ရှိ
အထူးအရေးစိုက် ကုသရေးဌာနသို့ သယ်ဆောင်သွားပြီ
ဖြစ်ကြောင်း ပြောပြသည်။ ဟယ်ရီ ဓာတ်လှေကားဖြင့်တက်ပြီး
ကော်ပါလိုရှုပ်ထွေးသောစင်္ကြံလမ်းများမှ လျှောက်သွားသည်။
ဆေးရုံမှ ပိုးသတ်ဆေးအနံ့နှင့် ရောဂါဘယ အနံ့ဆိုးများကို
ရှူမိပြီး ကြက်သီးထမိ၏။

သူနာပြုဆရာမများ၏ စုရပ်ဌာနငယ်ရှိ ကောင်တာကို
ကိုးရပ်ပြီး အိပ်ငိုက်သောမျက်လုံးများကို လက်နှင့်ပွတ်နေသူ
ဘရက်ဆလာအား ဟယ်ရီတွေ့ရ၏။ တာဝန်ကျ ဆရာမ
နှစ်ဦးလည်း ရှိနေသည်။ တစ်ယောက်က စီးကရက်သောက်
နေပြီး တစ်ယောက်က စာအုပ်ဖတ်နေသည်။ ဟယ်ရီက
သူတို့နှစ်ဦးကို ဂရုမစိုက်ဘဲ ဘရက်ဆလာ့ဆီ တန်းသွားသည်။

ဘရက်ဆလာက သူ၏နီရဲနေသော မျက်လုံးကြီးများ
ဖြင့် မော့ကြည့်သည်။

"ဟဲလို...ဟယ်ရီ"

သူ့အခြေအနေ ဘယ်လိုလဲ"

ဟယ်ရီက မေးသည်။

"သူ့အခန်းထဲ အိုင်ရင်းရောက်နေပြီ၊ ဘုန်းကြီးတစ်ပါး
လည်း ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မေးတာတခြား ခင်ဗျားဖြေတာတခြား"

ဘရက်ဆလာက သူ့အောက်နှုတ်ခမ်းကို သွားနှင့်ကိုက်ထားလိုက်သည်။ သူ၏ကြီးမားသော ပခုံးကြီးများကို တွန့်လိုက်သည်။

"အို...ငါဘာပြောရဦးမှာလဲ၊ ငါ စိတ်မကောင်းဘူး ဟယ်ရီ"

"ကျွန်တော့်ကို ဖြစ်ပုံအားလုံး ပြောပြစမ်းပါဦး အယ်(လ်)"

"အသေးစိတ်တော့ ငါတို့တွေ မသိသေးဘူး ဟယ်ရီ ဆိပ်ကမ်းတံတား (၅၀)က ကုန်လှောင်ရုံထဲမှာ ဖောက်ထွင်းမှုဖြစ်တယ်၊ ညစောင့်အဘိုးကြီးကို သတ်သွားတယ်၊ ဖရန့်(ခ်)နဲ့ ချမ်ဘာလိန်ဟာ သူခိုးတွေနဲ့ ပက်ပင်းတိုးတယ်၊ ဖရန့်(ခ်)က ဓားနဲ့ထိုးပြီး ချမ်ဘာလိန်ကို ထရပ်ကားနဲ့တိုက်ပြီး ထွက်ပြေးသွားတယ်၊ ချမ်ဘာလိန် ဆေးရုံကို အသေရောက်လာတယ်"

ဘရက်ဆလာက ခဏရပ်ပြီး သူ့ဆံပင်များကို လက်နှင့်ဖွလိုက်သည်။

"ဆေးရုံအသွားမှာ ဖရန့်(ခ်)က သမားရိုးကျ ဓာတ်ငွေ့ကုမ္ပဏီတစ်ခုပိုင်တဲ့ ထရပ်ကားတစ်စီးလို ကားမျိုးနဲ့တူတယ်လို့ ပြောသတဲ့၊ မာရင်မြို့နယ် ရဲစခန်းကို ငါလှမ်းမေးတော့ အရင်တစ်ပတ်တုန်းက ဓာတ်ငွေ့ကုမ္ပဏီ ထရပ်ကားတစ်စီး အခိုးခံရတဲ့ အမှုတစ်ခု တိုင်ချက်ဖွင့်ထားကြောင်း သိရတယ်၊ အဲဒီကားမောင်းတဲ့ အမှုထမ်းနှစ်ဦးရဲ့အလောင်းကို လျှိုကြီးထဲ



ချထားတာ တွေ့ရတယ်၊ တစ်ယောက်က ဖရန့်(ခ်)လိုပဲ ဓားနဲ့ထိုးသတ်ခံရတာ၊ မီး(လ်)တောင်ကြားက စားသောက်ဆိုင်ကလေးက စားပွဲထိုးမလေး တစ်ဦးက အဲဒီလူနှစ်ယောက် ခပ်စောစောက ကားကြုံစီး ခရီးသွားကောင့်မလေးတစ်ယောက်ကို တင်သွားတာ တွေ့လိုက်သတဲ့၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာမှန်းတော့မသိဘူး၊ ဆက်ပြီးစုံစမ်းနေတုန်းပဲ"

"ခုထိတော့ တို့ ဒီလောက်ပဲသိသေးတယ်ကွာ"

"ကုန်လှောင်ရုံကိစ္စကရော၊ သူတို့ဘာတွေလာခိုးတာလဲ"

ဟယ်ရီသည် အမှု၏ကွင်းဆက်များကို ဆက်စပ်ယူနေလေပြီ။

"အဲဒါလည်း ငါတို့ စစ်ဆေးတုန်းပဲ၊ သေနတ်တွေ၊ ကျည်ဆန်တွေ၊ ဗုံးတွေပါမယ်ထင်တယ်၊ အဲဒါမျိုးတွေပေါ့ကွာ"

ဟယ်ရီ သက်ပြင်းရှိုက်ပြီး ဖြည်းညင်းစွာ ပြန်မှတ်ထုတ်လိုက်သည်။

"တော်လှန်ရေးသမားတွေများလား"

"ဖြစ်နိုင်တယ်"

"ကောင်းရော"

ဘရက်ဆလာက အထူးအရေးစိုက်ကုသရေးဌာန၏ အခန်းတံခါးဆီသို့ မေးထိုးပြပြီး...

"သူ မင်းကို တွေ့ချင်နေတယ် ဟယ်ရီ"

သူတို့နှစ်ယောက် အခန်းထဲဝင်သွားသည်။ ဒီဂျော်ဂျီယိုသည် အခန်းထောင့် ခုတင်ပေါ်၌ရှိသည်။ သူ့နှာခေါင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက်မှ အောက်ဆီဂျင် ပြွန်ချောင်းငယ်တစ်ချောင်း သွင်းထားသည်။ လက်မောင်းတစ်ဖက်မှ အကြောသို့ သွေး သွင်းပေးထားသည်။ သူ့ဇနီး အိုင်ရင်းသည် ရေချိုးဝတ်ရုံပေါ်မ ကုတ်အင်္ကျီရှည်ကြီးကို ထပ်ဝတ်ထားပြီး ခုတင်ဘေး၌ ရပ်နေ သည်။

သူမမျက်နှာ ဖြူရော်ရော်ဖြစ်နေပြီး မျက်လုံးများမှ မျက်ရည်ဝဲနေသည်။ ဘုန်းကြီးသည် သူမဘေး၌ ရပ်နေသည်။

"ဟယ်လို ဟယ်ရီ"

အိုင်ရင်းက ခပ်တိုးတိုးလေး နှုတ်ဆက်သည်။ ဟယ်ရီ သူမ၏ ပခုံးကို အသာလေးညှစ်လိုက်သည်။

"အိုင်ရင်း ..."

ဟယ်ရီ ဘာပြောရမှန်းမသိ။

ဘုန်းကြီးက ခေါင်းညိတ်ပြပြီး စင်္ကြံလမ်းသို့ ထွက်သွား သည်။

"သူ ဘယ့်နှယ့်နေသလဲ"

ဟယ်ရီက မေးလိုက်သည်။

အိုင်ရင်းက အံကြိတ်ထားသည်။ သူမသည် ဝေဒနာဒဏ် မခံမရပ်နိုင်ဘဲ ပေါက်ကွဲသွားတော့မည့် အခြေအနေသို့ ရောက် နေကြောင်း ဟယ်ရီ ရိပ်မိသည်။ သူမစကားပြောသောအခါ အသံမှာ တုန်ခါနေသည်။

"သူ သတိရပြီး ပြန်မေ့သွားတယ်"



သူမက ဟယ်ရီ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား လိုက်၏။

အိုင်ရင်းကို ဟယ်ရီသိကျွမ်းခဲ့သမျှ နှစ်ကာလများအတွင်း သူမ မပျော်ရွှင်သည့်အခါ၊ သူမ ငိုယိုသည့်အခါများကို တစ်ခါမျှ မတွေ့ခဲ့ဖူးသေး။ သူမသည် ရဲတစ်ဦးနှင့် အိမ်ထောင် ကျရခြင်းကို မနှစ်သက်ချေ။ တစ်နေ့နေ့ တစ်ခုခုဖြစ်မည်ဟု သူမ စိုးရိမ်လေ့ရှိသည်။

ယခုတော့ ဖြစ်ပြီပေါ့။ သို့သော် သူမ မခံနိုင်ပေ။

"ဘာလို့ ဒီလိုဖြစ်ရတာလဲ၊ ဘာလို့လဲ"

သူမပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလျက် ဟယ်ရီ့ အား မေးသည်။

ဟယ်ရီ့မှာ အဖြေမရှိ။

သူသည် ဘာသာရေးကြည်ညိုချက်များ စွဲစွဲမြဲမြဲ ရှိသူ မဟုတ်။ အဖြစ်အပျက်တို့သည် ဘာကြောင့်ဖြစ်ပျက်ရသလဲ ဟူသည်ကို သူမသိ။ သူနားမလည်။

အိုင်ရင်းသည် စိတ်ကိုကြိုးစား၍ ထိန်းထား၏။

"သူတစ်ခါက ပြောဖူးတယ် ဟယ်ရီ၊ "အိုင်ရင်း လောကမှာ ဖြစ်စရာရှိရင် ဖြစ်လာမှာပဲ၊ တားဆီးလို့မရဘူး၊ ဒါပဲ၊ ဒါဟာ တို့အလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းပဲ"လို့ ဖရန့်(ခ်) ပြောဖူးတယ်၊ ကျွန်မ သူပြောတာ ဘယ်တော့မှ နားမလည် နိုင်ဘူးလို့ ထင်ထားခဲ့တယ်၊ သူက အပြင်သွားနေရတဲ့လူ၊ ကျွန်မက အိမ်မှာနေခဲ့ရတဲ့လူ၊ စောင့်မျှော်နေရသူ၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရုံးစားပွဲထိုင် အလုပ်လုပ်ဖို့ ကျွန်မပြောဖူးတယ်၊ သူ
မလုပ်ချင်ဘူး၊ ရုံးထိုင်တဲ့ ပုလိပ်တွေဟာ သက်သက် နေ
ရှုပ်အောင် လုပ်ကြတဲ့လူတွေပဲလို့ သူပြောတယ်၊ သူ
လှုပ်လှုပ်ရှားရှားလုပ်ရတဲ့ လမ်းပေါ်ပဲ ထွက်ချင်တယ်။အဲဒါ
သူဟာ မွန်မြတ်တဲ့အလုပ် လုပ်နေတယ်လို့ ယူဆတယ်
ကျွန်မ အပြင်ထွက်ပြီး စီးကရက် သောက်ဦးမှပဲ”

သူမသည် ကုတ်အင်္ကျီထဲမှ စီးကရက်ဘူးကိုထုတ်ပြီး
စီးကရက်တစ်လိပ် နှိုက်ယူသည်။

ဟယ်ရီ၏လက်ကို နှုတ်ဆက်သည့်သဘောနှင့် ညှစ်
လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။

ဟယ်ရီသည် ခုတင်ဘေးနား ကပ်သွားသည်။ ဒီကျော်ဂျီ
ယိုသည် မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်နှင့် ပွင့်လာပြီး
ဟယ်ရီ့အား စိုက်ကြည့်သည်။

“ဟဲလို ဟယ်ရီ၊ အိုင်ရင်းကြောင့် မင်းစိတ်ညစ်သွားပြီ
လား”

ဒီကျော်ဂျီယိုအသံက ခပ်ယဲ့ယဲ့သာ ထွက်သည်။

ဟယ်ရီက အားတင်း၍ပြုံးသည်။

“နည်းနည်းပါးပါးပါဗျာ”

“ငါ့လိုပဲ မင်း သူ့ကို ဘုကျကျ ပြန်ပြောပစ်ကွ”

“မနောက်ပါနဲ့ဗျာ၊ သူက ခင်ဗျားရော ကျွန်တော့်ပါ
ကြိမ်လုံးနဲ့ ရိုက်နေဦးမယ်၊ ခင်ဗျားသိသားနဲ့”

“အေး...ဟုတ်တယ်၊ သူက မိန်းမကြမ်းတစ်ယောက်ပဲ”



“မှန်ပါ့ဗျာ”

ဒီကျော်ဂျီယိုသည် သူ့ဝေဒနာကြောင့် ဟန်မဆောင်နိုင်ဘဲ
မျက်နှာရှုံ့မဲ့သွား၏။

“ဟယ်ရီ သူ့ကို စောင့်ရှောက်လိုက်ပါကွာ”

“စိတ်ချပါ”

“မင်း မနေ့ညက ငါ့အိမ်မှာ ညစာလာစားဖို့ ကောင်း
တယ်၊ အိုင်ရင်း သူငယ်ချင်း လာတယ်လေ၊ သိပ်လှတဲ့
အမျိုးသမီးပဲ၊ မင်းကြိုက်မှာပါ”

“နောက်တစ်ခါကျ ကျွန်တော် လာစားပါ့မယ်ဗျာ၊
ကျွန်တော် ညစာကို ဣန္ဒြေရရ မစားရတာ ကြာပြီ”

“သတိလည်းထားပေါ့၊ တော်ကြာ ငါ့လို ဖက်တီးဘုတ်
ွကြီး ဖြစ်လာဦးမယ်”

“ဘယ်အဖြစ်ခံပါ့မလဲ ဖရန့်(ခ်)၊ ဘယ်လိုဖြစ်တာလဲဗျာ။
ပြောစမ်းပါဦး”

ဟယ်ရီက ဒီကျော်ဂျီယိုနား တိုးကပ်၍မေးသည်။

ဒီကျော်ဂျီယိုသည် အတန်ကြာမှ စကားပြန်ပြောနိုင်သည်။

“ငါ မှားသွားတယ်ဟယ်ရီ၊ ငါ ဒီကောင်တွေနဲ့ ပက်
ပင်းဝင်တိုးတယ်လေ၊ ငါ အသုံးမကျတာပေါ့ကွာ”

ဒီကျော်ဂျီယိုသည် ရင်ထဲမှဝေဒနာ တစ်ဆို့လာသဖြင့်
စကားဖြတ်လိုက်ရ၏။

“ဖြည်းဖြည်းပြော ဖရန့်(ခ်)”

ဘရက်ဆလာ ရှေ့တိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖရန့်(ခ်)၊ မင်း ဟယ်ရီ့ကို ပြောစရာတစ်ခုရှိတယ် ဆို၊ အဲဒါ မှတ်မိသေးလား"

ဒီရော်ဂျီယိုသည် သူ့ခေါင်းကို အနည်းငယ်ကြွလိုက်သည်။

"ဟုတ်တယ် ဟယ်ရီ၊ ငါပြောတာနားထောင်၊ ငါ့ကို ဓားနဲ့ထိုးတဲ့ငနဲကို ငါတွေ့ဖူးတယ်ကွ၊ သူ့မျက်နှာကို ငါ တစ်စက္ကန့်လောက်ပဲ မြင်လိုက်ရတယ်၊ ငါ့ကိုဓားနဲ့အထိုးမှာပေါ့။ ဒါပေမယ့် သူ့ကို ငါ မှတ်မိပါတယ်"

"ဘယ်မှာ တွေ့ဖူးသလဲ"

"အဲဒါ ခက်တာပေါ့၊ ငါ အဲဒါတော့ မပြောတတ်ဘူး။ မျက်နှာကိုသာ မှတ်မိတာ၊ ဘယ်မှာလဲ၊ ဘယ်တုန်းကလဲ။ ငါမသိဘူး"

ဟယ်ရီနှင့် ဘရက်ဆလာတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ပြန်စဉ်းစားပါဦး ဖရန့်(ခ်)၊ သူဘယ်သူလဲ"

ဒီရော်ဂျီယို စဉ်းစားနေသည်။

"အဲ…တစ်ခါက လူသတ်မှုတစ်ခု ဖြစ်တယ်၊ မင်း မှတ်မိမလားဟယ်ရီ၊ ဖီး(လ်)မိုဒေသစိတ်မှာလေ၊ အသက် ခပ်ငယ်ငယ် လူမည်း ပြည့်တန်ဆာမလေးတစ်ယောက် အသတ် ခံရမှုပေါ့၊ ၁၉၇၁ နွေရာသီတုန်းက ထင်တာပဲ"

ဟယ်ရီ မျက်မှောင်ကြုတ်ပြီး ပြန်စဉ်းစားသည်။ ဝိုးတဝါး သာ ပေါ်လာသည်။



"အဲဒါ ဘာဖြစ်လဲ"

"အဲဒီအမှုနဲ့ပတ်သက်တဲ့ ငနဲတစ်ကောင် ဖိမ်ခေါင်း တစ်ကောင်ပေါ့၊ သူ့ကို တို့ခေါ်စစ်တယ်၊ ဒီကောင့်ကို တို့ သိပ်မသင်္ကာဘူး၊ ဒါပေမယ့် ခရိုင်ရှေ့နေချုပ်က တို့မှာ သုံးလောက်တဲ့ သက်သေအထောက်အထား မရှိလို့ သူ့ကို စွဲချက်မတင်ဘူး၊ အရေးမယူဘူးလေ"

"ဟုတ်တယ်… ဈေးရဲ့ မြောက်ပိုင်းက ငနဲအားလုံးကို ကျွန်တော်တို့ နည်းနည်းမှ မသင်္ကာဘူး၊ အဲဒါကြောင့် အများကြီးကို လိုက်စစ်ဆေးခဲ့ကြတယ်"

"ဟုတ်တယ်၊ ဒီငနဲမှာ ကလေးဆန်တဲ့ နာမည်မျိုးရှိ တယ်ကွ၊ ငါလည်း ရုတ်တရက်မမှတ်မိဘူး၊ ချာလီ ဘာဆိုလဲ၊ ဆော်ဘီဘယ်သူဆိုလားပဲ၊ တောက် ငါ သတိမရတော့ဘူး ကွာ၊ သိပ်ကြာသွားပြီကိုးကွ၊ အေး အဲဒီကောင်တော့ သေချာ တယ် ဟယ်ရီ၊ သူမှသူပဲ"

ဒီရော်ဂျီယိုသည် စကားလုံးများကို မနည်းဖျစ်ညှစ်ထုတ်၍ ပြောနေရသည်။ ဟယ်ရီသည် ဒီရော်ဂျီယို၏အသံကို ကောင်းကောင်း မကြားရသဖြင့် ပါးစပ်နားသို့ နားကပ်၍ နားထောင်နေရ၏။

"မှတ်တမ်းရေးရာဌာနကို ရှာခိုင်းလို့ရတယ်၊ မင်းတို့ ရဲ့အမှုတွဲတွေ၊ မှတ်ချက်တွေ၊ ဖိုင်တွဲတွေထဲမှာရှိမယ်၊ ဒီငနဲ့ မင်းတို့ စကားပြောခဲ့တယ်ဆိုရင် နာမည်တော့ သိရမှာပဲ"

ဘရက်ဆလာက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ ဒီကောင့်ကို ရှာမရနိုင်ပါဘူးဗျာ။အလကား လူတွေပါ"

ဒီဂျော်ဂျီယိုက ချောင်းဆိုးရင်း ပြောသည်။

"ရ,ရမှာပေါ့၊ နောက်ဆုံး ကျွန်တော်ကိုယ်တိုင်လိုက်ပြီး ရှာဖမ်းရမှာပဲ၊ ဒီကောင် ခုချိန်ကစပြီး ဥပဒေလက်က ရှောင်ပြေးနေရပြီ၊ ကြာကြာ မပြေးနိုင်ပါဘူး"

"ဒီကိစ္စမှာ မင်း ကိုယ်ရေးကိုယ်တာကိစ္စလို သဘောထားပြီး လျှောက်မလုပ်နဲ့ ဟယ်ရီ၊ အဲဒီလောက် မစွန့်စားသင့်ဘူး၊ ရဲအဖွဲ့ကြီးပဲ ဆက်လုပ်ကြပါစေ"

ဒီဂျော်ဂျီယို၏ အကြောဆွဲခြင်းမှာ ပို၍ ဆိုးရွားပြင်းထန်လာသည်။

"ခင်ဗျား အနားယူလိုက်ဦး"

"မင်း ခု သွားတော့မလို့လား"

"ခင်ဗျား နေစေချင် နေပေးပါ့မယ်"

"ငါ ဒီမှာလှဲနေရင်း ဟိုတုန်းကအချိန်တွေကို ပြန်စဉ်းစားမိတယ်၊ မင်း အိမ်ထောင်ကျခါစက မှတ်မိသေးလား။ သီတင်းပတ်ဆုံးရက်မှာ မင်းနဲ့ငါ "ဘိုဒီဂါ"ပင်လယ်အော်ကို အတူသွားခဲ့ကြတယ်လေ၊ သိပ်ပျော်စရာကောင်းတယ်၊ လူဝီဟာ သိပ်သဘောကောင်းတဲ့ မိန်းကလေး တစ်ယောက်ပဲ။ မင်းနဲ့တောင် မတန်ဘူးလို့ ငါပြောလေ့ရှိတယ် မဟုတ်လား။ ငါ သူ့ကိုတော့ သိပ်သတိရတယ် ဟယ်ရီ"

"အင်း ..."



ဒီဂျော်ဂျီယိုသည် ဟယ်ရီ၏ မျက်နှာထားကို မြင်ရသဖြင့် မျက်နှာမဲ့သွား၏။

"ဆောရီးဟယ်ရီ၊ ငါ ခေါင်းမကောင်းတော့ဘူး၊ တစ်ခါတစ်ခါ ငါဒီလိုပဲ၊ ဦးနှောက်က ခပ်ထိုင်းထိုင်း၊ သေခါနီးတောင် ထိုင်းနေတုန်းပဲ"

"ခင်ဗျား ဘာလို့သေရမှာလဲ"

"ဟော့ကောင် ... ငါ့ကို မင်းညာမနေနဲ့၊ ဒီတစ်ခါ ငါမနေရတော့ဘူး၊ ငါသိတယ်၊ ရပါ့တယ်၊ ကိစ္စမရှိပါဘူး။ လောကမှာ လူဆိုတာ သေမျိုးချည်းပဲ မဟုတ်လား၊ ခုထိ ငါ ရှင်နိုင်တာပဲ လွန်လွန်းပြီကွ၊ ငါ အိုင်ရင်းအတွက်ပဲ စိုးရိမ်တယ်။ မင်း သူ့ဆီတော့ သွား သွားလည်ပါ၊ ဟုတ်လား"

"မလိုပါဘူး၊ ခင်ဗျား နောက်တစ်ပတ်ဆို ဆေးရုံက ဆင်းရမှာပဲ၊ ခင်ဗျား ဒီတစ်ခါတော့ ရုံးအလုပ်လုပ်ဖို့ စဉ်းစားရလိမ့်မယ်နော်"

"ထပ်သရီး၊ မင်းဟာ သေနတ်ပစ်တော်သလောက် လိမ်ညာတဲ့နေရာမှာ ညံ့တယ်ကွာ"

ဒီဂျော်ဂျီယို အကြောဆွဲပြန်သည်။ ပိုကြာသည်။ ပိုပြင်းထန်သည်။ မျက်လုံးများ ပြန်ဖွင့်သောအခါ စိုးရိမ်ကြီးသည့် အရိပ်အရောင်များ ပေါ်နေသည်။

"ဟယ်ရီ အိုင်ရင်းကို သွားခေါ်ပေးပါ"

ဟယ်ရီက ဒီဂျော်ဂျီယို၏လက်ကို ဆုပ်ကိုင်လိုက်ပြီးနောက် အခန်းအပြင်သို့ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ရင်း သူ ခေါ်နေတယ်"

သူမက ခေါင်းညိတ်ပြီး စီးကရက်ကို ကြမ်းပေါ်ချပြီး နင်းခြေလိုက်သည်။ မျက်ရည်ကို လက်နှင့်သုတ်ပြီး အခန်းထဲ ပြေးဝင်လာသည်။

ဟယ်ရီက ဘရက်ဆလာ့ဆီ လျှောက်သွားသည်။ ဘရက်ဆလာ မှုန်းပြောနေသည်။

"မှတ်တမ်းဌာနကို ဆက်နေတာလား"

"မပြောရသေးဘူး၊ မက်ကေးနဲ့ပြောနေတာ၊ ဟို မအေ ပေးတွေဆီက တိပ်ခွေတစ်ခွေ ရောက်လာတယ်။ ဗဟိုတရား ရုံးချုပ်ရှေ့ လမ်းတစ်ဖက်မှာရှိတဲ့ ဖုန်းရုံကလေးထဲက သွား ကောက်ယူရတာတဲ့"

ဟယ်ရီသည် မှတ်ဆိတ်မရိတ်နိုင်သေးသော မေးစေ့ကို လက်နှင့်ပွတ်လိုက်သည်။

"အဲဒီမှာ ဘာတွေပြောထားသလဲ"

"မသိသေးဘူး၊ သိပ္ပံနည်းကျ မှုခင်းသုတေသနဌာနခွဲက စစ်ဆေးနေတယ်၊ ခုဆို ပြီးလောက်ပြီ၊ ငါ မက်ကေးရုံးခန်း သွားပြီး နားထောင်လိုက်ဦးမယ်၊ မင်း အားရင် ငါ့ကို အဲဒီမှာ လာတွေ့ချေ"

"ကောင်းပြီ"

ဒီကျော်ဂျီယို၏ အခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည်။ အိုင်ရင်းသည် မျက်နှာဖြူဖွေးပြီး မျက်ရည်များ စီးကျလျက် ကမန်းကတန်း ထွက်လာ၏။



"ဆရာမ....ဆရာမ၊ လုပ်ပါဦး"

သူနာပြုဆရာမတစ်ဦး ထိုင်ရာမှထပြီး လူနာခန်းထဲ ခပ်သုတ်သုတ် ဝင်သွားသည်။ အခြားဆရာမတစ်ဦးသည် တယ်လီဖုန်းကို မ,ပြီး ဂဏန်းနှစ်ကွက်ကိုလှည့်သည်။

"အထူးအရေးစိုက်ကုသရေးဌာနကပါ၊ အရေးပေါ်ဖြစ်လို့ပါ၊ ကုတ်(ဒ်)ဘလူး၊ ကုတ်(ဒ်)ဘလူး"

[ကုတ်(ဒ်)မှာ အရေးပေါ်ကိစ္စ သတ်မှတ်ချက် သင်္ကေတ အဆင့်တစ်ခုဖြစ်သည်။]

ထိုနောက် ဖုန်းချပြီး သူမပါ ဒီကျော်ဂျီယို၏ အခန်းထဲ ဝင်သွားသည်။

ဘရက်ဆလာက သူ့လက်ညှိုးဖြင့် ရင်ဘတ်ပေါ် လက်ဝါးကပ်တိုင်ပုံ ပြုလုပ်လိုက်ပြီး "ဘုရားသခင် ကယ်တော်မူပါ"ဟု ခပ်တိုးတိုး ဆုတောင်းလိုက်၏။

❂ ❂ ❂

နောက် နှစ်နာရီအကြာတွင် ဟယ်ရီသည် ဘရက်ဆလာ၏ ရုံးခန်းတွင်း၌ လက်ဆွဲ တိပ်ရိကော်ဒါမှ အသံကို နားထောင်နေသည်။ မနက် (၄း၃၅)နာရီ ရှိပြီ။

တိပ်ခွေပေါ်မှ အသံသည် အသက် သိပ်မကြီးသေးသော မိမိကိုယ်ကို ယုံကြည်မှုရှိသော အေးစက်သော ယောကျ်ားတစ်ဦး၏ အသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆန်ဖရန့်စစ္စကိုမြို့ ပုလိပ်စုတ်များရဲ့ အဖွဲ့ကို ရည်ညွှန်းလိုက်ပါတယ်၊ ဟောဒီနိုင်ငံကြီးဟာ ဖက်ဆစ်အစိုးရအုပ်ချုပ်မှုအောက်မှာ ပိပြားနေခဲ့ရတာ သိပ်ကြာသွားပါပြီ၊ ဒီနိုင်ငံကြီးဟာ ညှစ်ထုတ်လို့ ရတော့မယ့် မှည့်နေတဲ့ ဝက်ခြံတစ်ခုလိုပါပဲ။ ကျုပ်တို့ဟာ လွတ်လပ်ရေးအတွက် အသက်နဲ့ ခန္ဓာကိုယ်ကို ပေးလှူထားတဲ့လူတွေ ဖြစ်ကြတယ်၊ ကျုပ်တို့ "ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု"အတွက် ဒေါ်လာ တစ်သန်းလိုချင်တယ်၊ အဲဒါမပေးရင် ကျုပ်တို့ ဗုံးဖောက်ခွဲဖျက်ဆီးရေး စလုပ်ရမှာပဲ၊ ကျုပ်တို့လက်ထဲမှာ လက်နက်အပြည့်အစုံရှိတယ်၊ တကယ်လုပ်မှာပါ၊ ဆိပ်ကမ်းတံတား အမှတ်(၅၀)က ကုန်ရုံဖောက်ထွင်း ခိုးယူမှုဟာ ကျုပ်တို့လုပ်ငန်းရဲ့ ပထမခြေလှမ်းပဲ၊ ကျုပ်တို့တောင်းတာကို မပေးရင် လူတွေဒီထက်မက ထပ်ပြီး သေရလိမ့်မယ်၊ ပြည်သူ့အင်အားသည် တို့အင်အား၊ လွတ်လပ်ရေးအင်အားသည် တို့အင်အား၊ ပြည်သူ့တော်လှန်ရေး တိုက်ခိုက်ရေးအဖွဲ့မှ နှုတ်ဆက်လိုက်ပါတယ်၊ ဂွတ်ဘိုင်"

ဘရက်ဆလာ တိပ်ခွေကို ရပ်လိုက်သည်။ ကော်ဖီခွက်ကိုယူပြီး တစ်ငုံ မော့လိုက်သည်။

ဟယ်ရီသည် ထိုင်ခုံကိုကျောမှီ၍ အကြောလျှော့ထိုင်ရင်း ခြေထောက်နှစ်ချောင်းကို ဘရက်ဆလာ၏ စားပွဲအစွန်းတွင် ထောက်ထားလိုက်၏။

"အဲဒီ နာမည်က ဘာလဲ "ပြည်သူ့တော်လှန်ရေးတိုက်ခိုက်ရေးတပ်ဖွဲ့" ဆိုပါကလား၊ နိုင်ငံရေးဝါဒီ၊ စစ်ဝါဒီအဖွဲ့စုတွေ စာရင်းထဲမှာ ရှာကြည့်ပြီးပြီလား"

ဟယ်ရီက မေးသည်။

ဘရက်ဆလာက မိတ္တူကူးထားသော စာရင်းစာရွက်ကို ကောက်ယူပြီး ဟယ်ရီ့အား ကမ်းပေးသည်။

"ဒီစာရင်းထဲမှာတော့ အဲဒီနာမည် မပါဘူး"

ဟယ်ရီလည်း စာရင်းကို အကြမ်းဖျင်းဖတ်ကြည့်သည်။

"ဒီတပ်ဖွဲ့ဟာ တကယ့်တပ်ဖွဲ့လား၊ နာမည်ခံသက်သက်တပ်ဖွဲ့မျိုးလား၊ ခင်ဗျားဘယ်လိုထင်လဲ"

"သိဘူးလေ ဒီ ပေါကြောင်ကြောင် မြို့တော်ကြီးမှာက ကိုယ့်ကို ထောက်ခံအားပေးမယ့်လူ လိုအပ်ရင်"ပြည်သူ့တော်လှန်ရေး"ဘာအဖွဲ့ ညာအဖွဲ့ စသဖြင့် နာမည်တပ်လိုက်ရင် ပြီးတာပဲ၊ အင်း တစ်ခါတစ်ခါတော့ ငါတွေးကြည့်မိတယ်၊ ဒီမြို့က ပေါ ကြောင်တွေကို ဇရာမ ပိုက်ကွန်ကြီးနဲ့ အုပ်ဖမ်းပြီး "နာပါတောင်ကြား"ဒေသကို စုပြီးပို့ထားရအောင်မလားလို့၊ ဒီမြို့မှာ စိတ်မမှန်တဲ့ လူကောင်းတွေကျန်မှကျန်သေးရဲ့လား မပြောတတ်ဘူး၊ မင်းတို့တောင်စိတ်မှန်သေးရဲ့လားကွာ"

"ကုန်ရုံဖောက်ထွင်းမှုနဲ့ ပတ်သက်ပြီး သူတို့ ဘာပစ္စည်းခိုးသွားတယ်ဆိုတာ သိရပြီလား"

"အင်း သိပြီလေ၊ မင်းကြားရင် ဖျားသွားမယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ခိုးသွားတဲ့ပစ္စည်းတွေ ဘာလဲဆိုတာ ငါ ကြားကြား
လန့်ဖျပ်ပြီး သေးတောင်ထွက်တော့မလို့”

ဘရက်ဆလာသည် စာရွက်တစ်ရွက်ကို ထပ်
ခေါက်ရာကို ဖြည်လိုက်သည်။

“နားထောင် ငါ ဖတ်ပြမယ်။ အေအာ(ရ်)-၁၅(၂
ကယ်လီဘာအော်တိုမက်တစ် ရိုင်ဖယ်တစ်ဒါဇင်၊ ကျည်
အတောင့် ၇၀၀၀၊ ဒိုင်းနမိုက်ပေါင် (၈၀)၊ ပေါင်(၂၀)စီ
သေတ္တာလေးလုံးပေါ့ကွာ၊ နောက်ပြီး လော့(စ်)ရော
လက်နက်တွေ အဲဒါ မင်းသိတယ် မဟုတ်လား”

ဘရက်ဆလာက ဟယ်ရီ့အား မော့ကြည့်ပြီးမေးသ

“သိတယ်၊ တစ်ခါက စမ်းသပ်ပြတာ တွေ့ဖူးတ
ကြောက်စရာကောင်းတဲ့ လက်နက်တွေပဲ”

“ဟုတ်တယ် ငါလည်းကြားဖူးတယ်”

“တိုက်တစ်လုံးကို တစ်ချက်တည်းနဲ့ ဖြိုချနိုင်တ
အဲဒါမျိုး (၁၀)လက်ရှိရင် မြို့တော်ဝန်ကြီးရုံးကို အမှုန်
သွားအောင် လုပ်လို့ရတယ်”

ဘရက်ဆလာသည် ၎င်းစာရင်းစာရွက်ကို အခြားစာ
များပေါ် ပစ်တင်ထားလိုက်၏။

“အဲဒါ အကုန်လုံးပဲ၊ ဒီလက်နက်ပစ္စည်းတွေကို
ယားနိုင်ငံကို တင်ပို့ဖို့ ခဏသိမ်းထားတာကွ၊ ဒီမသာ
ဘယ်လိုသိသွားသလဲ မပြောတတ်ဘူး၊ ဒီအချက်ကို 
စုံစမ်းရမယ်၊ အဲဒီညမှာမှ ဒီပစ္စည်းအစုံရှိနေမယ်ဆိုတာ



ဘယ်လိုသိရသလဲ၊ သူတို့အုပ်စုဝင် တစ်ဦးဦးဟာ ဒီဆိပ်ကမ်း
ဟောတဲတားက အလုပ်သမားတစ်ဦး ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲ
ဖြစ်ဖြစ် သူတို့ တနည်းနည်းနဲ့ ဆက်သွယ်မှုရှိရမယ်၊ အတွင်း
လူပါမယ်၊ အဲဒါသိရရင် ငါတို့အတွက် တန်ဖိုးရှိတဲ့ သဲလွန်စ
ဖြစ်မှာပဲ”

ဟယ်ရီက ရှေ့တိုးပြီး အခိုးခံရသော ပစ္စည်းစာရင်းကို
ဖတ်ကြည့်သည်။

“သူတို့ခိုးသွားတဲ့ လက်နက်တွေနဲ့ စစ်တပ်တစ်ခု
ဖွဲ့စည်းလို့ရတယ်၊ အိုး...ဘယ်ကမလဲ စစ်တပ်နှစ်တပ်
စာလောက်ရှိတယ်၊ ဒီမအေပေးတွေဟာ ဘာလို့ ကျွန်တော်
တို့ထက် အမြဲလက်နက်အင်အား သာနေရတာလဲ၊ တစ်နေ့နေ့
အဲဒီမသာမျိုးနဲ့ ကျွန်တော် ပက်ပင်းတိုးတဲ့အခါ ကျွန်တော့်
လည်ပင်းထဲ ဟောင်ဝစ်ဇာ အမြောက်တစ်ခုများ ထိုးထည့်
မလားမသိဘူး”

“အေး...ဘဝဆိုတာ ကြမ်းတမ်းတယ် ဟယ်ရီ၊ မင်း
မကျေနပ်ရင် ရဲအဖွဲ့သမဂ္ဂကြီးကိုသွားပြော”

ဟယ်ရီက ဘရက်ဆလာစကားကို ဂရုမစိုက်။

“ဟိုကောင်မလေးအလောင်းက ဘယ်သူလဲဆိုတာ သိပြီ
လား”

“ဟင့်အင်း၊ လက်ဗွေရာတွေ စစ်ဆေးတုန်းပဲ၊ အဲဒါ
“ချူး”လုပ်နေလေရဲ့၊ ဓာတ်ခွဲဌာနက လူတစ်ယောက်က
ပြောတယ်၊ ဒီကောင်မလေး လက်မောင်းမှာ ဆေးထိုးအပ်ရာ

www.burmeseclassic.com



တွေ တွေ့တယ်တဲ့၊ တို့ကံကောင်းရင်တော့ ဒီကောင်မလေးကို မူးယစ်ဆေးဝါးအမှုတစ်ခုခုနဲ့ ဖမ်းဖူးတဲ့မှတ်တမ်း ရှိမှာပဲ တို့ဆက်ပြီး ရှာရမှာပဲ၊ တစ်နေရာမှာတော့ သဲလွန်စကောင်း တစ်ခုရှိရမယ်၊ အချိန်ရဖို့ပဲ အရေးကြီးတယ်"

"ကျွန်တော်တို့မှာ ဖောဖောသီသီ မရှိတာကလည်း အချိန်ပဲ"

ဟယ်ရီက မကျေမချမ်းနှင့် ပြောသည်။

ဘရက်ဆလာသည် ထိုင်ခုံကိုပြန်မှီပြီး ပြတင်းပေါက် အပြင်သို့ ငေးကြည့်နေသည်။ ယူနီယံ ၇၆ အဆောက်အအုံကြီး ၏ ဘေးမှ အနီနှင့် အပြာရောင် နီယွန်းဆိုင်းဘုတ်ကြီး မီးလင်းလာသည်ကို တွေ့ရ၏။

"အိုင်ရင်း ဘယ့်နှယ်နေသေးလဲ"

"တော်တော် ခံစားနေရတယ်၊ ခင်ဗျားဘယ်လိုယူဆလဲ"

"မင်း မြင်တဲ့အတိုင်းပဲပေါ့၊ မင်းသူ့ကို အိမ်လိုက်ပို့ လိုက်သလား"

"လွန်ဘတ်(ဒ်)လမ်းက သူ့ညီမအိမ်ကို ကျွန်တော် ကားနဲ့ လိုက်ပို့ပေးတယ်၊ အိုင်ရင်းက ဖရန့်(ခ်)ရဲ့ ရုပ်ကလာ ကို ပါဆာဒီနာမြို့ကို လေယာဉ်နဲ့သယ်ဖို့ စီစဉ်လိမ့်မယ်"

ဟယ်ရီသည် လည်စည်းကိုလျှော့ပြီး ရှပ်အင်္ကျီကော်လာ ကို ကြယ်သီးဖြုတ်သည်။

"ပါဆာဒီနာမြို့ကို ဘာလို့ပို့သလဲ"



"အဲဒါ ဖရန့်(ခ်)ရဲ့ ဇာတိမြို့ပဲ၊ သူ့မိဘတွေလည်း အဲဒီမှာပဲ ခေါင်းချကြတယ်"

"ဪ...."

ဘရက်ဆလာသည် စားပွဲပေါ်ကုန်း၍ လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်၏။

"ပင်ပန်းလိုက်တာကွာ၊ မနေ့ညက ငါ လုံးလုံးမအိပ်ရဘူး"

ဘရက်ဆလာ ပြန်မော့ကြည့်သောအခါ ဟယ်ရီသည် ဘရက်ဆလာ၏ မျက်တွင်းများ ညိုမဲတွဲကျနေသည်ကို သတိထားမိ၏။

"ဟိုတုန်းကတော့ ငါ မအိပ်ဘဲ တစ်ပတ်လောက်နေလို့ ရတယ်၊ ခုတော့ မရှိတော့ဘူး၊ ဇရာထောက်လာပြီ ထင်ပါရဲ့"

"ခင်ဗျား တကယ်အိုနေပြီ"

"မင်းလည်း မငယ်တော့ပါဘူး ကယ်လဟန်ရယ်"

ဘရက်ဆလာသည် မသက်မသာ ဖင်ရွှေ့ထိုင်ရင်း ပြောလိုက်သည်။

ဟယ်ရီက ပခုံးတွန့်လိုက်ပြီး ...

"ကျွန်တော်သိပါတယ်၊ ရဲတပ်ဖွဲ့ကို အုပ်ချုပ်နေကြတာ အဘိုးအိုကြီးတစ်စု ဖြစ်နေကြပါကလား၊ ဒါကြောင့်လည်း အားလုံး ကိုးရိုးကားရား ဖြစ်နေတာပေါ့၊ ခင်ဗျား အတော် နုံးနေပုံရတယ် အယ်(လ်)၊ ခင်ဗျား သိပ်အလုပ်လုပ်တာကိုး"

ဘရက်ဆလာသည် သူ့မျက်လုံးများကို လက်နှင့်ပွတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဟယ်ရီသည် ဝါးခနဲ သမ်းချင်သော်လည်း စိတ်ထိန်းချုပ်ထားသည်။

"ရပါတယ်ကွာ၊ မနက်ဖြန် ငါ့သမီး ဘွဲ့ယူရမယ့်နေ့ကွ။ ငါ အိပ်ရင်ပျော်သွားမှာပါ"

"ဖရန်တောင် ဘွဲ့ရပြီလား"

ဘရက်ဆလာက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးပြသည်။

"သူက ကျေးဇူးတင်စကားပါ တက်ပြောဦးမှာ၊ နောက်နှစ်ကျ သူ ဘာကလီမြို့၊ ကယ်လီဖိုးနီးယားတက္ကသိုလ်ကို ပညာသင်ဆုနဲ့ တက်ခွင့်ရတယ်လေ"

ဟယ်ရီက ရယ်သည်။

"တော်ကြာ နိုင်ငံရေးသမား ကျောင်းသားတစ်ယောက် ဖြစ်သွားဦးမယ်၊ ပြတင်းပေါက်ခွဲတာနဲ့ ထိုင်ပြီးဆန္ဒပြတဲ့ အဓိကဘာသာရပ်တွေ သွားသင်မှာတဲ့လား"

ဘရက်ဆလာ မရယ်နိုင်ပါ။

"အို ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ သူ့အသက် ဆယ့်ရှစ်နှစ်ရှိပြီ၊ အဲဒါမျိုးလုပ်ရင်တော့ ဖင်လှန်ပြီး ကြိမ်နဲ့ကောင်းကောင်းရိုက် ဆုံးမရလိမ့်မယ်၊ သူက ဆရာဝန်လုပ်ဖို့ ရည်ရွယ်ထားတယ်"

ဘရက်ဆလာ၏ မျက်နှာမှာ အနည်းငယ် တင်းမာမှုပြေသွားသည်။

"သိပ်ကောင်းတာပေါ့"

ဟယ်ရီသည် တစ်ခါတစ်ရံ ဘရက်ဆလာ၏ဇနီးနှင့်



သားစုတို့ဘဝကို အားကျပြီး မနာလိုဖြစ်မိ၏။ ဟယ်ရီ့မှာ ဤကဲ့သို့ဘဝမျိုးမရှိ။ နောက်ထပ်လည်း ရတော့မည်မဟုတ်။ ဟယ်ရီ၏ဘဝတွင် အိမ်ထောင်ရေးနှင့် မိသားစုအရေးတို့ ပါလာချေ။

သူ့အသက်က အတော်ကြီးသွားပြီမို့ မဖြစ်နိုင်။

သူသည် လူပျိုကြီးဘဝဖြင့် အချိန်အတော် ကုန်ဆုံးခဲ့လေ၏။ လူဝီသာ မသေခဲ့လျှင် သူ့ဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်နိုင်သည်။ ခုချိန်မှာတော့ သူ ဤကိစ္စကို မစဉ်းစားချင်ပါ။

ဟယ်ရီနှင့် ဘရက်ဆလာတို့ အတန်ကြာတိတ်ဆိတ်သွားသည်။ ဟယ်ရီသည် အညောင်းဆန့်ပြီး သမ်းလိုက်သည်။ ပင်ပန်းနွမ်းနယ်မှုဒဏ်ကို ဆက်ပြီးသည်းမခံနိုင်တော့ပေ။

ဟယ်ရီ တစ်ခုတွေးမိသည်။

"ဒါနဲ့ ဟိုမှတ်တမ်းတွေရော၊ ဒီကျော်ဂျီယိုရဲ့ မှတ်ချက်တွေကို စစ်ပြီးပြီလား၊ ဘာတွေ့သတဲ့လဲ"

ဘရက်ဆလာလည်း ခေါက်ခနဲ ထထိုင်ပြန်သည်။

"ဟာ ငါမေ့နေတယ်၊ အဲဒီကို လွှန်ခဲ့တဲ့ တစ်နာရီခွဲလောက်က ဖုန်းဆက်ပြီးပြီ၊ ဒီကောင်တွေ ဘာလုပ်နေလဲ သိဘူး"

ဘရက်ဆလာသည် ဖုန်းကို မ,ပြီး နံပါတ်လှည့်သည်။

"ဟဲလို ခုပြောတာ ဒု–ရဲမှူး ဘရက်ဆလာပါ၊ လူသတ်မှုစုံစမ်းရေးဌာနခွဲကပါ၊ ဟိုမှတ်တမ်းတွေစစ်တာ ဘာတွေ့လဲ"

ဘရက်ဆလာ ခဏစောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိ(လ်)မို(ရ်)မြို့နယ်က လူသတ်မှု၊ ဟယ်ရီကယ်
ဟန်နဲ့ ဒီရော်ဂျီယိုတို့ တာဝန်ကျတယ်။ ၁၉၇၁၊ မင်းတို့
ငါ ခုန တစ်နာရီ ကျော်ကျော်က ဖုန်းဆက်သေးတယ်
ဘာလို့ ဒီလောက်တောင် ကြာနေရတာလဲ"

ဘရက်ဆလာသည် စိတ်ဆိုးသော မျက်နှာထား
နားထောင်နေသည်။

"ကောင်းကွာ"

သူက ဟယ်ရီအား လှမ်းကြည့်ပြီး...

"သူတို့ ခုထိ ဖိုင်တွဲတွေ မဖွင့်ကြည့်ရသေးဘူးတဲ့၊
ဘယ်လောက်တော်တဲ့ကောင်တွေလဲ"ဟု ပြောသည်။

တစ်ဖန် ဖုန်းတဲသို့ ဆက်ပြောသည်။

"ဘာလို့ မင်းတို့က တောင်းခံစာတစ်စောင် လိုအပ်
လဲ၊ သော့တွေ ဘယ်သူ့ဆီမှာ ရှိသလဲ"

ဟယ်ရီသည် ထိုင်ရာမှ ထလာပြီး ဘရက်ဆလာ
လက်ထဲမှ ဖုန်းကိုဆွဲယူသည်။

"ခုပြောနေတာ စုံထောက် ကယ်လဟန်ပါ၊ ကျုပ်
အဲဒီကို ဆယ်မိနစ်အတွင်းလာခဲ့မယ်၊ ဖိုင်တွဲတွေ အသင့်
ထားပါ။ ကျုပ်ရောက်လာလို့ မဖွင့်ထားရင် ခင်ဗျားတို့
"မြောက်ဘက်ကမ်းခြေ"အထိ လွင့်ထွက်သွားအောင် ကျုပ်
ဖနောင့်နဲ့ ပေါက်လွှတ်လိုက်ရမယ်၊ ကျုပ်ပြောတာရှင်းလား"

ဟယ်ရီသည် တစ်ဖက်မှအသံကို စက္ကန့်အနည်းငယ်
မျှသာ နားထောင်ပြီး ဖုန်းကိုဆောင့်ချလိုက်သည်။



"ကဲ ဘာတဲ့လဲ"

ဘရက်ဆလာက မေးသည်။

"သူတို့ အဆင်သင့် ဖွင့်ထားပါမယ်တဲ့"

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

နောက်နေ့မနက်တွင် ဘရက်ဖို့(ဒ်)မက်ကေး သူ့ရုံးခန်းထဲ ဝင်လာသောအခါ ဟယ်ရီသည် မက်ကေးအား ကြိုတင်၍ စောင့်နေလေသည်။ ဟယ်ရီသည် အခန်းထောင့် ကုလားထိုင်တွင် စာရွက်တစ်ရွက်ကို ဆုပ်ကိုင်ထားပြီး တင်းမာပြတ်သားသော မျက်နှာထားဖြင့် လျှော့ရိလျှော့ရဲ ထိုင်နေသည်။

မက်ကေး ဝင်လာသော်လည်း သူသည် ပုံစံပြောင်း၍ မထိုင်ပေ။

ဟယ်ရီသည် မီမီနှင့်ဒီဂျော်ဂျီယို ၁၉၇၁ခုနှစ်က လက်တွဲလုပ်ခဲ့သမျှ အမှုများနှင့်ပတ်သက်သည့် အချက်အလက်များ၊ အစီရင်ခံစာများ၊ အမှုတွဲများအားလုံးကို မှတ်တမ်းဌာန၌ လေးနာရီလုံးလုံး ပြန်လည်မွှေနှောက် လှန်လှောစစ်ဆေးခဲ့ပြီးလေပြီ။ အမှုတွဲ စာရွက်စာတမ်းများမှာ တပုံတခေါင်းကြီးဖြစ်လေရာ ဖိုင်တွဲထူကြီးများ အထပ်လိုက်ထွက်လာ၏။

ထိုဖိုင်တွဲများကို စစ်ဆေးရင်း ဟယ်ရီသည် ပင်ပန်း



...နှယ်မှုဒဏ်ကြောင့် ထိုင်ရင်း အိပ်ငိုက်မတတ် ဖြစ်သွားသည့် အကြိမ်ပေါင်းလည်း မနည်းလှပေ။

သူသည် ကော်ဖီတစ်ခွက်ပြီးတစ်ခွက် သောက်ရင်း ...အင် မကုန်ခန်းစေရန် စိတ်တင်း၍ အလုပ်ဆက်လုပ်ခဲ့ရသည်။ လွန်ခဲ့သော နာရီဝက်ကမှသာ သူလိုချင်သောအရာကို ...တွေ့ခဲ့၏။

"မင်္ဂလာနံနက်ခင်းပါ ကယ်လဟန်၊ မင်း တစ်ညလုံး အိပ်ရသေးဘူးထင်တယ်"

မက်ကေးသည် သူ၏ အဖိုးတန်ဝတ်စုံတစ်စုံကို ဝတ်ဆင်...ကျ လန်းဆန်းစွာဖြင့် နှုတ်ဆက်သည်။ ဟယ်ရီ၏ နုံးခွေ...သောအသွင်ကို သူကောင်းကောင်း ရိပ်မိသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် အလုပ်တွေရှိလို့ မအိပ်ဘူး"

"ကယ်လဟန်၊ ဒီဂျော်ဂျီယိုနဲ့ ချမ်ဘာလိန်တို့အတွက် ...ါတကယ်ဝမ်းနည်းကြောင်း ငါအရင်ဆုံး ပြောချင်တယ်ကွာ၊ ဒီဂျော်ဂျီယိုဟာ မင်းရဲ့သူငယ်ချင်းလည်း ဖြစ်တယ်ဆိုတာ ...ါသိပါတယ်၊ သူဟာ ရဲဝန်ထမ်းကောင်းတစ်ဦးလည်း ဖြစ်...တယ်၊ အေး...သူတို့နှစ်ယောက်စလုံး လူတော်လူကောင်းတွေ...ပါ၊ မနေ့ညက ဖြစ်ပုံကတော့ သိပ်ကြောက်စရာကောင်း...တာပဲ"

မက်ကေး၏ အသံက တည်ငြိမ်အေးဆေးလှသည်။ ...ခင်ထဲက ပါမပါတော့ ဟယ်ရီမသိ။

"မစ္စက်ဂျော်ဂျီယို(အိုင်ရင်း)နဲ့ ငါ ဒီမနက် ...နုန်းပြော

www.burmeseclassic.com



ပြီးပြီ၊ သူဟာ သတ္တိကောင်းတဲ့မိန်းမပေပဲ။ သူဟာ ဒီလောက် အခြေအနေဆိုးတာတောင် စိတ်ထိန်းထားနိုင်ပုံရတယ်”

အလကား ချွေးသားကြီးပဲ။ ခင်ဗျားရဲ့ ဟန်ဆောင် စကားတွေ၊ သနားကြင်နာမှုတွေ ကျုပ် မကြားချင်ဘူး ဖရန့်(ခ်)သေသွားတာထက် ခင်ဗျားသေသွားရင် ပိုကောင်း မယ်ဟု ဟယ်ရီစိတ်ထဲ ပြောမိသည်။ ဟယ်ရီသည် မက်ကေး အား ပြောချင်တာတွေ အဲများကြီးရှိသည်။ သို့သော် ယခုတော့ မပြောသေး။ မိမိမှာ အရေးတကြီး လုပ်စရာတွေ အများကြီး ရှိသေးသည် မဟုတ်လား။

မက်ကေးပြောချင်တာ ပြောပါစေဦး။ မြင်မြင်ချင်း ဆောက်နဲ့ထွင်းသလို မဖြစ်သေး။ နောက် တစ်နေ့နေ့ပေါ့။

“ကျွန်တော် ဒီအမှုကို လိုက်ပါရစေ ဆရာ။ ကျွန်တော့်ကို ဟန့်တားဖို့ မကြံပါနဲ့”

ဟယ်ရီသည် တည်ငြိမ်သောအသံဖြင့် ညင်ညင်သာသာ ပြောလိုက်သည်။

“မင်း ငါ့ကို မခြိမ်းခြောက်ပါနဲ့”

“ကျွန်တော် မခြိမ်းခြောက်ပါဘူး၊ တော်ကြာမှ ကျွန်တော် ရိုင်းစိုင်းတယ်လို့ တအံ့တသြ ပြောမှာစိုးလို့၊ ဘာလို့ဆို ကျွန်တော် ဘယ်သူဘာပြောပြော၊ ဘာဖြစ်ဖြစ် လျစ်လျူရှုပြီး တော့ ဒီဂျော်ဂျီယိုကို သတ်သွားတဲ့ကောင်ကိုရော၊ သူ့အပေါင်း ပါတွေကိုပါ လိုက်ရှာပြီး ဖမ်းတော့မယ်လေ၊ နောက်ဆုံး ကျွန်တော့်နည်းနဲ့ ကျွန်တော် တစ်ကိုယ်တော် လုပ်မှာပဲ



ဘယ်လို့ ဆရာက ကျွန်တော့်ကို တားဆီးမယ်၊ ဘေးဖယ် ထားဖို့ ကြံမယ်ဆိုရင် ဆရာနဲ့ ကျွန်တော်နဲ့ ပဋိပက္ခဖြစ်မှာ သေချာပြီ”

“မင်း ဒါတွေပြောဖို့မလိုပါဘူးလို့ ငါပြောပါပကော၊ မင်း ဒီမနက် ခြောက်နာရီကစပြီး လူသတ်မှုစုံစမ်းရေးကို ပြန်ရောက်သွားပြီလေ၊ မင်းကို ဘာရက်ဆလာ မပြောဘူးလား”

မက်ကေးသည် ဒေါသမထွက်ဘဲ တည်ငြိမ်စွာဖြင့် ပြော လိုက်သည်။

ဟယ်ရီ ခေါင်းခါပြသည်။

“သူ့ကို ခုထိမတွေ့သေးဘူး၊ ဆရာ ဘာလို့ စိတ်ပြောင်း သွားသလဲ”

မက်ကေး ထိုင်ချလိုက်သည်။

“မင်း ဘယ်လိုထင်ထင် ငါဟာ ခံစားချက်မရှိတဲ့ လူ တစ်ယောက်မဟုတ်ပါဘူး ကယ်လဟန်၊ ဒီဂျော်ဂျီယိုဟာ မင်းရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်း ငါသိတယ်၊ မင်း လူသတ်မှုစုံစမ်းရေးမှာ ဟိုတုန်းက ကောင်း ကောင်း လုပ်ခဲ့ဖူးတာပဲ၊ အဲဒီတုန်းက မင်းစိတ်ကို မင်းထိန်း နိုင်ခဲ့တယ်၊ ဒီတော့ မင်းကို ဒီအမှုလိုက်ဖို့ ငါ အခွင့်ပေးကြည့် မယ်၊ ဒါပေမယ့် ခုရှုပ်မှ နောင်ရှင်းဆိုသလို စောစောစီးစီး ပြောစရာ အချက် နည်းနည်းရှိတယ်၊ နံပါတ်(၁) မင်း ငါ့အမိန့်အားလုံးကို လိုက်နာရမယ်၊ စိတ်ထိန်းပြီး လုပ်ရမယ်။ ဟိုတစ်နေ့က ဖြစ်တာမျိုး ပရမ်းပတာ မလုပ်ရဘူး ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ရဲ့ တာဝန်တစ်ခုပဲ၊ မင်းရဲ့ခံစားချက်နဲ့ မဆိုင်ဘူ
ငါပြောတာရှင်းရဲ့လား"

"ရှင်းပါတယ်"

ဟယ်ရီက ဣန္ဒြေရစွာ ဖြေသည်။

"ဒါဆို မင်းနဲ့ငါ တစ်ယောက်အပေါ်တစ်ယော
နားလည်ပြီပေါ့"

"ဟုတ်ကဲ့"

"ကောင်းပြီ၊ မင်း အခု ဘာတွေစုံစမ်းလို့ရထားသလဲ"

ဟယ်ရီက ခါးမတ်၍ထိုင်သည်။

"ဖရန့်(ခ်) ဒီမနက် မဆုံးခင်က သူ့ကိုဓားနဲ့ထိုးသတ်
ငနဲကို သူမှတ်မိတယ်လို့ ကျွန်တော့်ကို ဖွင့်ပြောသွားတယ်
အဲဒီ ငနဲနာမည်ကို သူမမှတ်မိပေမယ့် အမှုကိုတော့ သူမှတ်
သေးသတဲ့၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဖီ(လ်)မိုး
မြို့နယ်မှာ ပြည့်တန်ဆာမတစ်ယောက် အသတ်ခံရ
ပတ်သက်တဲ့ ဓိမ်ခေါင်းတစ်ယောက်ပဲ၊ ဒါကြောင့် ကျွန်တော်
ဒီမလာခင် မှတ်တမ်းဌာနသွားပြီး ဖရန့်(ခ်)ရဲ့ မှတ်ချက်ရေး
ကို သွားစစ်ဆေးခဲ့ပါတယ်"

မက်ကေးသည် သူ့စားပွဲပေါ်မှ စာရွက်အထပ်များ
ညီညာအောင် ပြုပြင်လိုက်သည်။

"အသုံးဝင်မယ့် အချက်ကိုတွေ့လား"

"တွေ့တယ်၊ ရော့ ဒီမှာ"

ဟယ်ရီက နာမည်စာရင်း တစ်ခုကို လှမ်းပေးသည်



မက်ကေးသည် စာရင်းကို သိပ်စိတ်မဝင်စားလှဘဲ
ဖတ်ကြည့်သည်။

"မင်ဒယ်(လ်)၊ အော်စတန်၊ ကင်မရွန်၊ မက်(ခ်)ဝဲ(လ်)"

သူက ဟယ်ရီ့အား လှမ်းကြည့်ပြီး...

"ဒီကိစ္စမှာ ဘယ်သူတွေ ပါမယ်ထင်သလဲ ဟယ်ရီ၊
လူမည်း နိုင်ငံရေးဝါဒီတွေပေါ့"

"ပြည့်တန်ဆာမတွေလည်း ပါနေတယ်၊ ကုန်လှောင်ရုံ
မှာ သေနတ်နဲ့ ပစ်သတ်ခံရတဲ့ ကောင်မလေးဟာ "မီကီဝါ
လက်(စ်)ကာ"ဆိုတဲ့ နာမည်ကြီး ပြည့်တန်ဆာမတစ်ယောက်ပဲ၊
မနှစ်က နှစ်ကြိမ် အဖမ်းခံခဲ့ရဖူးတယ်"

"ဟုတ်လား ငါတော့မသိဘူး၊ ဒီအမှုမျိုးမှာ ဓိမ်ခေါင်း
တစ်ယောက်က ဘာလို့ပါရမှာလဲ၊ ဒီငနဲက ဒီသေနတ်တွေ၊
ဗုံးတွေနဲ့ ဘာလုပ်ရမှာတုန်း"

"ဖရန့်(ခ်) သူ့ကိုမှတ်မိပါတယ်"

"ဒါလည်း သိပ်မဖြစ်နိုင်ဘူး ဟယ်ရီ၊ သူက အဲဒီအချိန်မှာ
သေခါနီးနေပြီ။ သူထင်ချင်ရာထင်ပြီး ပြောတာ၊ သူသေသေ
ချာချာ မြင်လိုက်ရပုံ မပေါ်ဘူး၊ ဒီလိုအခြေအနေမျိုးမှာ
လူ့ရဲ့ ဦးနှောက်က သိပ်လှည့်စားတတ်တယ်"

ဟယ်ရီသည် မက်ကေးစကားကို သိပ်လက်မခံချင်။

"ဒီကျော်ဂျီယိုဟာ ရဲဝန်ထမ်းကောင်းတစ်ဦးပါ၊ လူတော်
တစ်ယောက်ပါ၊ သူမြင်တာ သူသိတယ်၊ သူ့မှတ်ဉာဏ်
ဒီလောက်အထိ မညံ့သေးပါဘူး၊ သူနဲ့ ဆေးရုံမှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောတယ်၊ ကျွန်တော်သိတာပေါ့၊ ဖရန့်(ခ်)ဟာ သူ့ကို သတ်တဲ့ကောင်ကို မှတ်မိတယ်လို့ပြောရင် သူ့ကိုသွားမငြင်းနဲ့ ရှုံးသွားနိုင်တယ်ဆရာ"

"ခု တို့ရင်ဆိုင်နေရတဲ့ ကောင်တွေဟာ စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးသမားတွေပဲ၊ သူတို့ဟာ ဆန်ဖရန်စစ္စကိုမြို့ကြီး တစ်ဝက်လောက်ကို ဖျက်ဆီးပစ်နိုင်တဲ့ ဗုံးတွေရထားကြတယ်။ နောက်ပြီး ဒိုင်းနမိုက်တွေရော၊ လော့(စ်)ရော့ကက် လက်နက်တွေရော ရှိသေးတယ်"

"လက်နက်စာရင်းကို ကျွန်တော်တွေ့ပြီးပါပြီဆရာ ထပ်ပြောစရာ မလိုတော့ပါဘူး"

"ယောဒီမြို့က အရှုးတိုင်းဟာ ငါတို့ ရဲသားတွေကို သေနတ်နဲ့ ပစ်သတ်ဖို့ကြံနေတာ၊ ရဲတပ်ဖွဲ့ဝင်တိုင်းဟာ "လှုပ်ရှားနေတဲ့ပစ်မှတ်"တွေချည်းပဲ၊ ယော အခု ဒီဂိုဏ်းပေါ် လာပြန်တယ်၊ ဒါကြောင့် ခုချိန်ကစပြီး တို့ ဒီဌာနက ရဲတပ်ဖွဲ့ဝင်အားလုံး ရှိသမျှကို ဒီအမှုအတွက် တာဝန်ချထားပေးတယ်၊ မင်းက ခေါင်းဆောင်ပဲ၊ မင်း ဒီအမှုပြတ်ဖို့ လိုတာရှိရင် ငါ့ကိုပြော အကုန်ရစေရမယ်၊ ရဲမင်းကြီးကလည်း ငါ့ဆီ ကိုယ်တိုင်လာတွေ့တယ်၊ ဒီအမှုရဲ့ တရားခံတွေကို အမြန်ဆုံး လက်ရဖမ်းစေချင်သတဲ့"

"ဘယ်သူ့ကို ကျွန်တော်တို့ ဖမ်းရမယ်ဆိုတာရော သူ အကြံပေးလိုက်သလား"

မက်ကေးက ဟယ်ရီ့အား ခါးသီးစွာကြည့်လိုက်၏၊



"စစ်မက်ဝါဒီအုပ်စုအားလုံးကို မင်းစစ်ဆေးကြည့်ပေါ့ကွ၊ အထူးသဖြင့် လူမည်းစစ်မက်ဝါဒီအုပ်စုတွေ ဂရုစိုက်စစ်ဆေးပါ၊ အစိုးရကြည်းတပ်က နောက် ၃၅မိနစ်အကြာမှာ ဇရဆီဒီယို သေနတ်ပစ်ကွင်းမှာ လော့(စ်)ရော့ကက်လက်နက် အသုံးပြုပုံ အစမ်းပြသလိမ့်မယ်၊ ဒီအမှုမှာ ပါဝင်နေတဲ့ နှံလောက်အားလုံး အဲဒီကို လာခဲ့စေချင်တယ်၊ မင်းတို့တွေ ဘယ်လိုအန္တရာယ်၊ လက်နက်မျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကြိုတင်သိထားစေချင်လို့"

မက်ကေးက တိုင်ကပ်နာရီကိုကြည့်ပြီးပြောလိုက်သည်။

ဟယ်ရီသည် ထိုင်ရာမှထပြီး တံခါးဆီလျှောက်သွားရန် ဟန်ပြင်လိုက်သည်။

"ဒီမယ်ဆရာ ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့ အလုပ်တွေ ရှိသေးတာမို့ စစ်တပ်က လက်နက်စမ်းပြတာ သွားမကြည့်အားသေးဘူး၊ နောက်ပြီး ကျွန်တော် လော့(စ်)ရော့ကက် ပစ်ပုံလည်း မြင်ဖူးပါတယ်"

"နေဦး ကယ်လဟန်" မက်ကေးက အော်လိုက်သည်။

ဟယ်ရီက ရပ်ပြီးပြန်လှည့်ကြည့်သည်။

"ဘာလဲ"

"မင်းက လော့(စ်)ရော့ကက် ပစ်ပုံမြင်ဖူးပေမယ့် မင်းရဲ့ တွဲဖက်အသစ်ကတော့ မတွေ့ဖူးသေးဘူးကွ"

"ဘယ်သူ"

"မင်းရဲ့တွဲဖက်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကတွဲဖက်လဲ၊ ကျွန်တော့်မှာ တွဲဖက်မရှိတော့ဘူးလေ"

"ဘယ်ဟုတ်မလဲ၊ မင်းအတွက် တွဲဖက်အသစ် တစ်ယောက် ငါကိုယ်တိုင် တာဝန်ချထားပေးလိုက်ပြီ"

မက်ကေးသည် ရုံးသုံးအင်တာကွက် စကားပြောစက်ခလုတ်ကို နှိပ်လိုက်ပြီး...

"မစ္စတာမာလေ့(ဗ်)၊ ရဲစုံထောက် မိုး(ရ်)ကို ကျုပ်ဆီလွှတ်ပေးပါ"

"ရဲစုံထောက် မိုး(ရ်) ဟုတ်လား"

ဟယ်ရီ ရင်ထဲတစ်ဆို့ဆို့ကြီး ဖြစ်သွားသည်။ ဤနာမည်ကို သူကြားဖူးသည်။ ဤနာမည်သည် မိမိအားကောင်းကျိုးပေးမည် မထင်။

ရုံးတံခါးပွင့်လာသည်။

ဟယ်ရီရင်ထဲသို့ ဆို့နင့်ရခြင်း၏ အကြောင်းအရင်းကို သူ့ဘာသာ နားလည်သွား၏။

တံခါးဝတွင် ရပ်နေသူကား လွန်ခဲ့သော ရက်အနည်းငယ်ခန့်က နူတ်ဖြေစာမေးပွဲ ဘုတ်အဖွဲ့ရုံးခန်းထဲ၌ ဟယ်ရီတွေ့ဆုံခဲ့ရသော ရဲသားမိုး(ရ်)၊ သို့မဟုတ် အမျိုးသမီး ရဲတပ်ဖွဲ့ဝင်မိုး(ရ်)ပင်ဖြစ်လေသည်။ သူမသည် မေးသမျှကို မှန်အောင်ဖြေနိုင်သောသူ ဖြစ်သည်။ သိပ်ဉာဏ်ရှိတဲ့ ကောင်မလေးယခု သူ လူသတ်မှုစုံစမ်းရေးဌာနတွင် ရဲစုံထောက်တစ်ဦးဖြစ်နေပြီ။ နောက်ပြီး ဟယ်ရီ၏ တွဲဖက်လည်း ဖြစ်၏။



"ကောင်းကွာ"

ဟယ်ရီ သူ့ဘာသာ ရေရွတ်လိုက်သည်။

မက်ကေးက သူတို့နှစ်ဦးအား မိတ်ဆက်ပေးသည်။

"ဒါ ရဲစုံထောက် ဟယ်ရီကယ်လဟန်၊ ဒါက ရဲစုံထောက်အက်သရင်းမိုး(ရ်)"

"ကျွန်မကို ကိတ်လို့ပဲခေါ်ပါ၊ ရဲစုံထောက်ကြီး ကယ်လဟန်နဲ့ ကျွန်မ တွေ့ပြီးကြပါပြီ"

ကိတ်က ဟယ်ရီ့အား ပြုံး၍ပြောသည်။

"ဟုတ်လား ဒါဆို ပိုကောင်းတာပေါ့"

မက်ကေးက ဟယ်ရီ၏ မျက်နှာထားကို အကဲခတ်ရင်းပြောသည်။

"အာ အဲ...ဆရာ ဆရာခွင့်ပြုမယ်ဆိုရင် ကျွန်တော်ဒီအမှုကို တစ်ယောက်တည်း လိုက်ပါရစေ။ ဒီအမှုအတွက် ကျွန်တော် အဖော်မလိုပါဘူး။ အဖော်ပါရင် ကျွန်တော်လုပ်ရနိုင်ရတာ လက်နှေးနေဦးမယ်"

ဟယ်ရီက လည်ချောင်းအက်ကွဲသံကြီးဖြင့် ပြောသည်။

"မင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိတယ်လို့ ဘယ်သူပြောလို့တုန်း ကယ်လဟန်၊ မင်း ရဲစုံထောက်မိုး(ရ်)နဲ့ လက်တွဲပြီးလုပ်ရင်လုပ် ဒါမှမဟုတ်ရင်တော့ မင်း ဝန်ထမ်းရေးရာဌာနကို ပြန်သွားပေတော့၊ ကြိုက်ရာရွေး"

ဤဖြစ်ရပ်အားလုံးသည် မတော်တဆဖြစ်ခြင်း မဟုတ်နိုင်ဟု ဟယ်ရီ ရိပ်စားမိသည်။ မက်ကေးသည် ဟယ်ရီ့အား

www.burmeseclassic.com

www.burmeseclassic.com



လက်တုံ့ပြန်လိုသဖြင့် တမင်စီစဉ်ခြင်းဖြစ်မည်။ ဒေါ်(ဘ်
ကလည်း ဟယ်ရီ့အား ဝန်ထမ်းရေးရာဌာနမှ ပြန်ဖယ်ရှား
ရန် မက်ကေးအား နားပူနားဆာ လုပ်ခဲ့ပုံရသည်။ ဟယ်
ဘေးကျပ် နံကျပ် ဖြစ်နေပြီ။ ကိတ်မိုး(ရ်)သည် လူဆိုး
ဟယ်ရီအတွက် "အပြစ်ဒဏ်"တစ်ရပ်ပင်ဖြစ်ချေသည်။ ခွေး
သားကြီး ခင်ဗျား ဒီတစ်ခါတော့ ကျုပ်ကို အပိုင်ထိုးနိုင်
ပေါ့လေ။

ဟယ်ရီသည် ကိုယ်ကို ချာခနဲလှည့်ပြီး မက်ကေးရုံးခန်း
ထဲမှ စကားတစ်ခွန်းမျှမပြောဘဲ ထွက်သွားသည်။ စင်္ကြံလမ်း
ရှည်ကြီး၏ တစ်ဝက်အရောက်တွင် သူ့နောက်သို့ ကိတ်မိုး(ရ်
အမီလိုက်လာသည်။

"မစ္စတာ ကယ်လဟန်"

ဟယ်ရီသည် ခြေလှမ်းမရပ်။ လမ်းလျှောက်နှုန်းလည်း
မလျှော့ချပေ။

သူ၏ ခြေလှမ်းကျဲကြီးများကြောင့် ကိတ်ခမျာ ဒ
သောပါး လိုက်နေရရှာ၏။ သူမသည် ဟယ်ရီ
လိုက်ပြောနေရခြင်း ဖြစ်သည်။

"ကျွန်မ ဒီတာဝန်ကျတဲ့အတွက် ရှင့်လိုပဲ ဝမ်းမသာ
ပါဘူး မစ္စတာကယ်လဟန်၊ ရှင်နဲ့ ကျွန်မ အတူလုပ်
ကျွန်မ အထက်လူကြီးတွေကို မတောင်းဆိုခဲ့ပါဘူး၊
ကျွန်မ စိတ်ကူးလည်း မဟုတ်ပါဘူး"

"ကောင်းတာပေါ့"



ဟယ်ရီက သူမအား တစ်ချက်လှည့်မကြည့်ဘဲ ခပ်မာမာ
ပြောသည်။

"ဘာလဲ၊ ကျွန်မ ဒီအလုပ်လုပ်ဖို့ အရည်အချင်းမပြည့်ဝ
သေးဘူးလို့ ရှင်ထင်တယ် မဟုတ်လား"

"ငါ ဘာထင်သလဲ၊ မင်းသိချင်လား"

"အင်း..."

"မင်းဟာ ငါ့အဖို့ ပြဿနာကောင်ကြီးပဲ"

စင်္ကြံလမ်းအဆုံးသို့ ရောက်လာကြသည်။ ဟယ်ရီက
ဓာတ်လှေကားခေါ်သည့် ခလုတ်ကို ဖိနှိပ်လိုက်သည်။ ကိတ်
သည် မောဟိုက်စွာဖြင့် သူ့ဘေးတွင်ရပ်နေသည်။

"ရှင်နဲ့ကျွန်မ စောစောကတည်းက အမြင်ရှင်းအောင်
ကျွန်မ ပြောထားပါရစေ၊ ရှင့်အနေနဲ့ ကျွန်မကို မိန်းကလေး
တစ်ယောက်အဖြစ် သဘောထားပြီး ကြည့်မနေပါနဲ့၊ အဲဒီ
အတွက်ကြောင့် ရှင်ကလည်း ကျွန်မကို မိန်းမသားမို့ဆိုပြီး
အထူးဂရုစိုက် သက်သက်ညှာညှာ စဉ်းစားပေးဖို့ မမျှော်လင့်
ပါဘူး၊ လိုလည်း မလိုချင်ပါဘူး။ အတိုဆုံးပြောရရင် ရှင်ဟာ
ကျွန်မကို လုပ်ဖော်ကိုင်ဖက် ရဲအရာရှိ၊ ရဲဝန်ထမ်းတစ်ဦးလို
သာ ဆက်ဆံရုံပါပဲ"

"မင်း သိပ်တော်တယ်"

ဟယ်ရီက ခနဲ့လိုက်သည်။

ဓာတ်လှေကား တံခါးများပွင့်သွားသည်။ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



အထဲဝင်သွားသည်။ ကိတ်သည် စင်္ကြံလမ်းထဲတွင်ရပ်ရင်း သူ့ကို လှမ်းကြည့်နေသည်။

"လာလေ ဘာလုပ်နေတာလဲ"

ဟယ်ရီက မေးသည်။

"မသိပါဘူး၊ ရှင် ကျွန်မကို မခေါ်ချင်ဘူးမှတ်လို့"

ကိတ်က ဓာတ်လှေကားထဲ ဝင်လာရင်း ပြောသည်။

○ ○ ○

ပရီဆီဒီယိုဒေသရှိ ကြည်းတပ် သေနတ်ပစ်ကွင်းသည် နေလောင်ထားသော ခပ်တိုတို မြက်ပင်အညှိများ ဖုံးအုပ်နေ သည့် ကျယ်ပြန့်ပြေပြစ်သော ကွင်းပြင်ကြီးဖြစ်သည်။ ကွင်း၏ အဆုံးစွန်၌ အသုံးမပြုတော့သည့် ဂျစ်ကားအစုတ်ကြီးတစ်စီး ကို ပစ်မှတ်အဖြစ် အသုံးပြုရန် ထားရှိသည်။

ဟယ်ရီနှင့် ကိတ်တို့ ရောက်လာကြသောအခါ မက်ကေး နှင့် ဘရက်ဆလာတို့သည် ရဲတပ်ဖွဲ့မှ ရဲစုံထောက်များကို စုရုံးထားပြီးနှင့်လေပြီ။ မြို့တော်ဝန်၏ လက်ထောက်ဖြစ်သော ဝေါ(လ်)တာမာတင်သည် ကိုယ်လုံးထွားထွား တပ်ကြပ်ကြီး တစ်ဦးနှင့် ခပ်တိုးတိုး စကားပြောနေသည်ကို ဟယ်ရီတွေ့ရ သည်။

"မင်းတို့ နောက်ကျတယ်ကွ"

မက်ကေးက ဟယ်ရီနှင့် ကိတ်အား ပြောသည်။



"ထုံးစံအတိုင်းပဲ"

ဘရက်ဆလာက ဝင်ထောက်သည်။

"ကျွန်တော့်ကို အပြစ်မတင်ပါနဲ့၊ ရဲစုံထောက် မိုး(ရ်) ဆါင်ဒါဝင်ရိုက်နေလို့ (၁၅)မိနစ်လောက်ပဲ ကြာသွားတာပါ"

ကိတ်က မချိပြုံးလေး ပြုံးပြီး သူမ ခြေထောက်ကို ငုံ့ ကြည့်နေလိုက်သည်။

"မင်း သူ့အပေါ် သိပ်မရက်စက်ပါနဲ့, ဟယ်ရီ၊ ဒီနေ့မှ သူ အလုပ်စ,ဝင်တာမဟုတ်လား"

ဘရက်ဆလာက ပြောသည်။

"ကျွန်တော် သိပါတယ်"

မက်ကေးက တပ်ကြပ်ကြီးအား ခေါင်းညိတ်ပြသည်။

"ခင်ဗျား အသင့်ဖြစ်ရင် ကြိုက်တဲ့အချိန် စနိုင်ပါတယ် တပ်ကြပ်ကြီး"

"ဟုတ်ကဲ့...ဆရာ"

တပ်ကြပ်ကြီးသည် သူ့ခြေထောက်နားရှိ သေတ္တာထဲမှ လော့(စ်)ရော့ကက် သေနတ်ကို ကောက်ယူလိုက်သည်။

"လူကြီးမင်းများခင်ဗျား၊ ဒီပစ္စည်းကို အမ်-၄၀ လော့(စ်) ရော့ကက်လို့ ခေါ်ပါတယ်၊ အရှည်ကောက်ကတော့ အပေါ့စား သံချပ်ကာပစ် လက်နက်စနစ် ဒုံးကျည်ပါပဲ၊ လော့(စ်)ရော့ ကက်ဟာ တစ်ခါသုံး၊ တစ်ချက်ပစ်၊ ဘဇူကာ လက်နက်တစ်မျိုး သာ ဖြစ်ပါတယ်"

တပ်ကြပ်ကြီးသည် "ဖိုက်ဘာဖန်သား"ဖြင့် ပြုလုပ်ထား

www.burmeseclassic.com



သော ရှော့ကက်လောင်ချာကို အားလုံးမြင်ရအောင် အပေါ် မြှောက်ပြပြီး ဘရက်ဆလာ့လက်ထဲ ပေးအပ်လိုက်သည်။

"ဒီလက်နက်ဟာ တခြား ဘရူကာတွေထက် ပိုပေါ့ပြီး အရွယ်အစား သေးငယ်ကျစ်လျစ်တယ်ဆိုတာ တွေ့နိုင် ပါတယ်၊ ဒါကြောင့် သယ်ဆောင်ရတာလည်း လွယ်ကူ တယ်၊ တခြား ဘရူကာတွေမှာဆိုရင် အသုံးပြုဖို့ လူနှစ်ယောက် လိုအပ်ပါတယ်၊ တစ်ယောက်က ကျည်ထည့်ပေးရပြီး တစ် ယောက်က ခလုတ်ဆွဲ ပစ်ခတ်ရပါတယ်၊ လော့(စ်)ရှော့ ကက်ကိုတော့ စစ်သားတစ်ဦးတည်း ပစ်နိုင်ပါတယ်၊ ဒီလက် နက်ဟာ ဖိုင်ဘာဖန်သား ပြွန်ချောင်းတစ်ခုသာဖြစ်ပြီး အလျား လက်မ ၄၀၊ ပြောင်းအချင်း သုံးလက်မရှိပြီး လေးပိုင် သုံးပိုင်းလက်မ အထူရှိတဲ့ သံချပ်ကား ကိုယ်ထည်ကို ကျည် တစ်တောင့်တည်းနဲ့ ပစ်ခွင်း ဖောက်ထွင်းနိုင်စွမ်းရှိပါတယ်"

လော့(စ်)ရှော့ကက်ကို တစ်ယောက်တစ်လှည့်စီ လက် ပြောင်း လှဲ့လာကြည့်နေကြစဉ် တပ်ကြပ်ကြီးက ခဏရပ် စောင့်နေသည်။ သူ့လက်ထဲ ပြန်ရောက်လာသောအခါ အားလုံး မြင်သာအောင် အပေါ်ထောင်ပြလိုက်ပြန်၏။

"ကဲ...ခင်ဗျားတို့အားလုံး ကြည့်ပြီးကြပြီဆိုရင် ဒီ ရှော့ကက်ရဲ့ အလုပ်လုပ်ပုံကို ကျွန်တော် ပြသပါ့မယ် လော့(စ်)ရှော့ကက်ကို အသုံးပြုတော့မယ်ဆိုရင် ဟောဒီနေရာ က "ပင်"ကို အနောက်ဆွဲပါ၊ ရှေ့နဲ့နောက်က အဖုံးနှစ်ခု ဖြုတ်ပါ"



တပ်ကြပ်ကြီးသည် ပင်ကိုဆွဲပြီး အဖုံးများကို ဖွင့်ချ လိုက်သည်။

"ပြီးရင် ဒီလိုဆွဲရမယ်"

တပ်ကြပ်ကြီးသည် ပြွန်ချောင်း၏ ခါးလယ်ကို လက် တစ်ဖက်ဖြင့် လည်းကောင်း၊ ဖင်ပိုင်းကို ကျန်လက်တစ်ဖက် ဖြင့် လည်းကောင်း ထိန်းကိုင်ပြီး နောက်သို့ဆွဲလိုက်ရာ ပြွန် ချောင်းသည် နောက်ထပ် အလျား ၁၈လက်မခန့် ထွက်လာ သည်။

ရှေ့နှင့်နောက် ချိန်မှတ်များသည် ထောင်တက်လာ ကြသည်။

"ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ ရှော့ကက်ပြောင်းကို အပြည့်အဝ ဆန့်ထုတ်လိုက်တဲ့အခါ ရှေ့နဲ့နောက်က ချိန်မှတ် တံလေးတွေဟာ အလိုအလျောက် ထောင်တက်လာကြပါ တယ်။ ဒီအခါကျရင် မောင်းထိန်းခလုတ်ကို ဟောဒီလို ဖြုတ်ရပါတယ်"

တပ်ကြပ်ကြီးသည် မောင်းတံငယ်ကလေးတစ်ခုကို ချောက်ကနဲမြည်အောင် ဖြုတ်လိုက်သည်။

"ခုဆို ရှော့ကက်ဟာ ကျည်တပ်ပြီး ပစ်ဖို့အသင့်ရှိ ပါတယ်။ ပစ်ဖို့ ခလုတ်ကတော့ ဟောဒီမှာရှိတယ်"

တပ်ကြပ်ကြီးသည် ပြွန်ချောင်း၏ အပေါ်ဘက်ရှိ သတ္တု ဘုလုံးကို လက်ညှိုးနှင့် ထောက်ပြသည်။

"ဘာမေးစရာ ရှိပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မေးစရာမရှိပေ။ တပ်ကြပ်ကြီးက မက်ကေး အား လှမ်းကြည့်သည်။

"ကျွန်တော် ဆက်လုပ်ရမှာလား ဆရာမက်ကေး"

မက်ကေးက ခေါင်းညိတ်ပြသည်။

"လုပ်ပါ"

တပ်ကြပ်ကြီးသည် စုံထောက်အုပ်စုနားမှ ထွက်သွားပြီး လော့(စ်)ရှောကက်ကို သူ၏ ညာဘက်ပခုံးပေါ်ထမ်းကာ ကိုက်ငါးဆယ် အကွာရှိ "ပစ်မှတ်"ဖြစ်သော ဂျစ်ကားဟောင်း ဆီ ချိန်လိုက်သည်။

ဘရက်ဆလာက ဟယ်ရီ့ဘက်လှည့်ပြီး၊

"ဩော်....ဒါနဲ့ ငါတို့ရဲ့ ရောဂါဗေဒဌာနက သတင်း ရတယ်။

မနေ့ညက ဆိပ်ကမ်းတံတား အမှတ်(၅၀)မှာ အသတ်ခံ ရတဲ့ ညစောင့်ကြီးကို ရင်ခွဲစစ်ဆေးကြည့်ကြတော့မယ်တဲ့။ နေ့ခင်း (၁၂)နာရီမှာ လုပ်မယ်တဲ့။ မင်းအဖို့ ဘာမှတော့ အထွေအထူးရမှာ မဟုတ်ဘူး။ ဒါပေမယ့် မင်း သူတို့ဆီသွား ပြီး စုံစမ်းကြည့်ဦးပေါ့"

ဟယ်ရီသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ရာ သရုပ်ပြခြင်းကို ကောင်းစွာမြင်ခွင့်ရလိုသဖြင့် တပ်ကြပ်ကြီး နားသို့ တိုးကပ်သွားသော ကိတ်အား သတိပြုမိလေသည်။ သူမသည် ရှောကက်လောင်ချာ၏ နောက်မြီးပိုင်းနှင့် တစ်တန်း တည်းရပ်နေခြင်း ဖြစ်သည်။



"ဘုရား....ဘုရား"

ဟယ်ရီသည် ရှေ့သို့ပြေးသွားပြီး ကိတ်အား ကုတ်အကျႌ ကောက်လာမှ ဆုပ်ကိုင်၍ မိမိဘက်သို့ ဆောင့်ဆွဲလိုက်သည်။

"ဟေး....ရှင် ဘာလုပ်...."

သူမ စကားမဆုံးမီ စက္ကန့်ပိုင်း၌ တပ်ကြပ်ကြီးက ရှောကက်ကို ခလုတ်ဆွဲ၍ ပစ်လိုက်သည်။ ရှောကက်လောင်ချာ ၏ နောက်မြီးမှ တောက်ပသော အဝါရောင် မီးတန်းကြီးသည် ဆာစောက ကိတ်ရပ်နေရာကိုဖြတ်၍ ပန်းထွက်သွားသည်။

တင်းနစ်ဘောလုံးပုံသဏ္ဌာန် မီးခဲသဖွယ် နီရဲတောက် လောင်နေသော ဒုံးကျည်သည် ပြွန်ချောင်းရှေ့ပေါက်မှ ထွက် သွားပြီး "ပစ်မှတ်" ဂျစ်ကားကို ထိမှန်လေသည်။ စက္ကန့် ပိုင်းအထိတော့ ဘာမှဖြစ်မလာသေး။

ပြီးတော့မှ ဂျစ်ကားသည် မီးလျှံမီးစွယ် မီးခိုးများအဖြစ် သို့ ပေါက်ကွဲပြီး ဘဝပြောင်းသွားလေသည်။ ပေါက်ကွဲသံ ကြီးက နားကွဲမတတ် ကျယ်လောင်လှပြီး အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများတစ်ဝိုက် ပဲ့တင်ရိုက်ခတ်သွားသည်။ အကျော်မြူ စုံးဖောက်သောအခါ တွေ့ရသော မှိုပွင့်ပုံသဏ္ဌာန် မီးခိုးလုံး အငယ်စားလေးသည် မီးစွဲလောင်နေသော ဂျစ်ကား၏ အထက် သို့ တက်လာသည်။

ကိတ်သည် လက်ရှိနေရာ၌ ရပ်နေရင်း ပထမဦးစွာ ပစ်မှတ်ဂျစ်ကား၏ ကြွင်းကျန်ရစ်သော အစိတ်အပိုင်းများကို ကြည့်ပြီးနောက် မိမိစောစောက ရပ်နေခဲ့သော နေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ လော့(စ်)ရှောကက်၏ နောက်မြီးမှထွက်သွားသော မီးလျှံသည် မြေကြီးနှင့် မြက်ပင် ခြောက်ပေပတ်လည်ခန့်ကို မည်းနက်အောင် လောင်ကျွမ်းသွားစေခဲ့၏။

အကယ်၍ ဟယ်ရီကသာ မိမိအား ရှောကက်နောက်မြီးနားမှ အချိန်မီ ဆွဲဖယ်ခြင်း မပြုခဲ့လျှင် မိမိမည်သို့ဖြစ်ရမည်ကို ကိတ် မတွေးဝံ့တော့ပြီ။

ကိတ်၏ ကံသီသောအဖြစ်ကို လုံးဝ သတိမထားမိသော မက်ကေးသည် သူ၏ တပည့်များဘက်သို့လှည့်ပြီး စကားပြောလေသည်။

"ကဲ...ကဲ သရုပ်ပြပွဲတော့ ပြီးသွားပြီ၊ ဒီလောက်ကြောက်စရာကောင်းတဲ့ လက်နက်မျိုးဟာ တို့အခုရင်ဆိုင်ရတဲ့ အမှုက ရှုးပေါ်ပေါ် တော်လှန်ရေးသမားတွေလက်ထဲ ရောက်သွားတဲ့အခါ ဘယ်လိုနေမလဲဆိုတာ မင်းတို့စဉ်းစားကြည့်ကြ။ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေရော လက်နက်တွေပါ ငါတို့ အမြန်ဆုံး တွေ့အောင်ရှာရမယ်။ ဒီလက်နက်တွေကို သူတို့ အသုံးမချနိုင်ခင် ဖမ်းမိမှဖြစ်မယ်။ ငါတို့မှာ အချိန်သိပ်မရှိဘူး။ ဒီတော့ တို့ မြန်မြန်အလုပ်လုပ်ကြရမယ်။ ဒါမှမဟုတ်ရင်တော့ ဟောဒီ ဆန်ဖရန်စစ္စကိုမြို့တော်ကြီးရဲ့ လမ်းတွေပေါ်မှာပဲ စစ်တိုက်ကြရလိမ့်မယ်။ အဲဒီလိုဖြစ်လာရင် တို့အခြေအနေ ဘယ်ရောက်သွားမလဲ။ စဉ်းစားကြည့်ကြ။ ငါတို့တွေဟာ အဲဒါမျိုးကို ကာကွယ်စောင့်ရှောက်ဖို့ လခယူထားတဲ့ ပြည်သူ့ဝန်ထမ်းတွေပဲ။ ဒီတော့ အလုပ် စ,လုပ်ကြစို့"



ဟယ်ရီသည် မော်တော်ကားဆီသို့ လျှောက်သွားနှင့်ပြီ။ ကိတ်အား ပြန်လှည့်ကြည့်သည်။ သူမသည် စောစောကအတိုင်း မီးလောင်ကွက်ကို ကြောင်တောင်တောင်နှင့် ငိုက်ကြည့်နေဆဲ ရှိ၏။

"ရဲစုံထောက် ကိတ်မိုး(ရ်) သွားကြစို့လေ"

ဟယ်ရီက အော်လိုက်သည်။

ကိတ်သည် ကြောင်နေရာမှ ပြန်သတိဝင်ပြီး ဟယ်ရီ့နောက်သို့ ပြေးလိုက်သွားသည်။ ဟယ်ရီ တံခါးဖွင့်နေစဉ် ကိတ်သည် တံတွေးမျိုချပြီး ဟယ်ရီ့အား ဟန်ဆောင်မှုကင်းသော အပြုံးကလေး ပြုံးပြလိုက်သည်။

"ရှင် ကျွန်မကို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါရစေ"

"အို...နေပါစေကွာ၊ မင်း အလုပ်စဝင်တဲ့နေ့မှာတော့ ဘာပဲဖြစ်ဖြစ် မင်း "ပြာပုံဘဝ" မရောက်သွားသင့်ပါဘူးလေ။ ဒီလောက်တော့ ငါ လုပ်ပေးသင့်တာပေါ့"

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဗဟိုတရားရုံးချုပ်သို့ ကားနှင့်ပြန်သွားစဉ် ဟယ်ရီနှင့် ကိတ်တို့ စကားတစ်ခွန်းမျှ မပြောဖြစ်ကြပေ။ ဟယ်ရီသည် သူမအား တစ်ချက်တစ်ချက် လှမ်းကြည့်သော်လည်း သူမသည် ဟယ်ရီအား လုံးဝမကြည့်ဘဲ လမ်းများကိုသာ ကြည့်သွားလေသည်။

အင်း... တော်ပါသေးရဲ့။ သူဟာ စကားများတဲ့ မိန်းမ တစ်ယောက် မဟုတ်ပေလို့ပဲ။ ဟယ်ရီ၏ စိတ်ထဲက မှတ်ချက်ချလိုက်သည်။ ဟယ်ရီသည် စကားများသော တွဲဖက် တစ်ဦးဦးကို လုံးဝ သည်းခံနိုင်မည် မဟုတ်ပေ။

ထိုလူစားမျိုးသည် အရေးကြီးသော ကိစ္စများ ဖြစ်ပျက်နေစဉ်၌လည်း ပါးစပ်မပိတ်ဘဲ လေပန်းနေလေ့ရှိတတ်ကြ၏။ ဟယ်ရီသည် စကားပြောရန် ဝါသနာပါသူ မဟုတ်။ လိုသလောက်သာ စကားပြောသည်။ မပြောဘဲနေသည်ကများ၏။



နောက်ပြီး ဟယ်ရီအဖို့ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာများလည်း ကြားရခဲလှသည် မဟုတ်လား။ ဟယ်ရီသည် အခြား ယောကျ်ားတကာတို့ အပြောများသော အားကစားနှင့် မိန်းမအကြောင်းတို့ကိုလည်း မပြောဆိုတတ်ချေ။ ဟယ်ရီ သိသော၊ ဟယ်ရီ စိတ်ဝင်စားသော အကြောင်းအရာမှာ သူ့အလုပ်၊ ရဲအဖွဲ့ လုပ်ငန်းကိစ္စများသာ ဖြစ်လေသည်။

သူ ဒါပဲနားလည်သည်။ ဒါပဲ အကောင်းဆုံး လုပ်တတ်သည်။ အခြားကိစ္စများလုပ်ရန် သူ့မှာ အချိန်သိပ်မရှိ။ ထိုသို့ လုပ်ခွင့် မရသဖြင့်လည်း သူ့အဖို့ အကြောင်းမဟုတ်။ သူ့အလုပ် သူလုပ်ရလျှင် သူပျော်နေသည်သာ။

သူ့ဘဝမှာ အခြားအထွေအထူးလုပ်စရာ ဘာမျှမရှိချေ။

Golden Gate တံတား ပန်းခြံ၏ အရှေ့ဘက်ခြမ်းမှ ထွက်လာ ပြီး ကနေဒီရိပ်သာလမ်းသို့ အရောက်တွင် ရဲအဖွဲ့ ရေဒီယိုစက်မှ သူ့အား လှမ်းခေါ်သံကြားရသည်။ သူက အသံအတိုးအကျယ် ခလုတ်ကို လှည့်လိုက်သည်။

“ရဲစုံထောက် ခုနစ်ဆယ့်တစ်၊ ခုနစ်ဆယ့်တစ်”

ဟယ်ရီက မိုက်ခွက်ကို ချိတ်မှ ဖြုတ်ယူပြီး ပြန်ထူးသည်။

“ရဲစုံထောက် ခုနစ်ဆယ့်တစ် ပြန်ထူးနေတယ် ပြောပါ”

“အခိုးခံရတဲ့ ဓာတ်ငွေ့ကုမ္ပဏီ ထရပ်ကားကို ဆိုး အနားမှာရှိတဲ့ ကုန်ရုံဟောင်းထဲမှာ တွေ့ရတယ်။ ကာတ်ပု(ဒ်)

www.burmeseclassic.com

www.burmeseclassic.com



လမ်းနဲ့ ဒူနာဟူး လမ်းထောင့် ကုန်ရုံဟောင်းကြီးထဲမှာရှိတယ် ဒါပဲ”

ဟယ်ရီက မိုက်ခွက်မှ စကားပြောခလုတ်ကို နှိပ်လိုက်ပြီး ....

“စုံထောက် ခုနစ်ဆယ့်တစ်၊ ထရပ်ကားတွေ့တဲ့နေရာ သွားတော့မယ်၊ ဒါပဲ”

ကုန်လှောင်ရုံဟောင်းကြီးသည် ညစ်ပတ်ဟောင်းနွမ်း မီးခိုးရောင်ရှိသည်။ ပြတင်းပေါက်များကို ပျဉ်ချပ်များဖြင့် ကာရံထားပြီး တံခါးများကို သော့ခတ်ထားသည်။ တံခါးသော့တစ်ခုကို သံတူရွင်းနှင့် ကန့်လန့်၍ ဖျက်ထားသည်။ ကုန်ရုံထဲတွင်ကား ဟောင်းလောင်းကြီးဖြစ်သည်။ ဘာမျှမရှိ နံရံတစ်ဖက်တွင် ကပ်ထားသော သံချေးတက်နေသည့် စား ပစ္စည်း အဆွေးအမြည့်အချို့သာ တွေ့ရသည်။ ဖုန်များ အလိမ်းလိမ်း ကပ်နေသည်။

အခြားတစ်ဖက်ထောင့်တွင် ဓာတ်ငွေ့ကုမ္ပဏီမှ ထရပ်ကားကြီးကို ရပ်ထားသည်။ ထိုကားကို အသုံးပြုသူများသည် ကတိုက်ကရိုက် လစ်ပြေးသွားခဲ့ကြပုံ ရ၏။

ထရပ်ကားကြီး၏ ရှေ့ခန်းတံခါး နှစ်ဖက်စလုံးကို မပိတ်ဘဲ တန်းလန်းဖွင့်ထားခဲ့ကြသည် မဟုတ်လား။

“ရှေ့မှန်ချပ်ပေါ်မှာ ကျည်ဆန်ပေါက်ရာ နှစ်ခုတွေ့တယ်”

ဟယ်ရီက ဓာတ်ခွဲဌာနမှ ပညာရှင် ဒေ့(ဗ်)ယာမာမိုတို



အား ပြောသည်။ ယာမာမိုတိုသည် ၎င်းအား ဆာမူရိုင်း ငင်လယ်စားပြနှင့်တူစေသော နှုတ်ခမ်းမွေး ရှည်ရှည်နှင့် အရပ်ပုပု ဂျပန်လူမျိုးတစ်ဦး ဖြစ်သည်။

ယာမာမိုတိုက ပလတ်စတစ်အိတ် အကြည်ကလေး တစ်ခုကို ထောင်ပြသည်။

“ယာဉ်မောင်းခန်းရဲ့ နောက်ကျော နံရံထဲက ဒီဟာလေးတွေ ကျွန်တော် နှိုက်ထုတ်ခဲ့တယ်။ ဒသမ ၃၅၇ ကျည်ဆန်တွေ ထင်တာပဲ”

ယာမာမိုတိုက ၎င်း၏ ပလတ်စတစ်အိတ်ထဲမှ ပုံပျက်ခန်းပျက် ကျည်ဆန်နှစ်တောင့်ကို ရည်ညွှန်း၍ ပြောလိုက်၏။

ဟယ်ရီက ယာမာမိုတို၏ လက်ထဲမှ အိတ်ကိုယူပြီး ကျည်ဆန်များကို အနီးကပ် စိစစ်ကြည့်သည်။

“ရာ့(လ်ဖ်) ချန်ဘာလိန်ရဲ့ သေနတ်ကျည်ဆန်ဖြစ်ဖို့ သေချာတယ်၊ သူ့သေနတ်မှာ ကျည်ဆန်နှစ်တောင့် ပစ်ထားတယ်၊ သူ့ကို ကားနဲ့ ဝင်မတိုက်ခင် သူ နှစ်ချက် ပစ်ခဲ့ပုံရတယ်”

ဟယ်ရီက ယာမာမိုတိုအား အိတ်ပြန်ပေးလိုက်သည်။

“ဖရန့်(ခ်)ရဲ့ သတင်းကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ အင်မတန် အဖြစ်ဆိုးရှာတာပဲ”

“အင်း ...”

ဟယ်ရီက စိတ်တင်းကျပ်စွာဖြင့် ဖြေသည်။

သူ ထိုအကြောင်း ထပ်မပြောချင်တော့ပေ။ သို့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဖြစ်သော သူ့ဒေါသစိတ်ကို သူ့အလုပ်တွင် ဝင်ရောက် မနှောင့်ယှက်စေလိုပေ။ ထိုအကြောင်းပြောခြင်းသည် အချိန် ဖြုန်းရုံသာ ရောက်မည်။

ဖရန့်(ခ်)ဒီရော်ဂျီယိုအတွက် မိမိ လုပ်ပေးသင့်သည်မှာ လူသတ်သမားများကို ဖမ်းပေးဖို့သာဖြစ်သည်။

"လက်ဗွေပုံစံတွေ ရသလား၊ တခြားဘာတွေ့လဲ"

ဟယ်ရီသည် ထရပ်ကားနား တိုးသွားရင်းမေးသည်။

ယာမာမိုတိုက ခေါင်းခါပြသည်။

"ကားပေါ်မှာ လက်ဗွေမကျန်ရအောင် သေသေချာချာ အဝတ်နဲ့ သုတ်သွားကြတယ်။ ခုတိုင်းဆို ကျွန်တော်တို့ ဘာမှရှာလို့ တွေ့မှာမဟုတ်ဘူး။ ဓာတ်ခွဲခန်းမှာပဲ သေသေ ချာချာ ပြန်စစ်ဆေးရမှာပဲ။ ထူးခြားတဲ့ သဲလွန်စတွေ့ရင် ခင်ဗျားကို အကြောင်းကြားပါ့မယ်၊ ဒါပေမယ့်... ကျွန်တော် သိပ်မထင်ဘူး။ ဒီငနဲတွေက "ကြေးစား"တွေလို လုပ်သွားကြ တာပဲ၊ အမှားအယွင်းလုပ်မယ့် ကောင်မျိုးတွေ မဟုတ်ဘူး ကျွန်တော်တို့ ဒီထရပ်ကားကို မကြာခင် ရှာတွေ့မှာပဲဆိုတာ သူတို့သိလို့ သဲလွန်စ မကျန်အောင် ဂရုတစိုက် လုပ်သွားကြ တာပေါ့"

ဟယ်ရီ ခေါင်းညိတ်ပြသည်။

"ဒီထရပ်ကားကို ဘယ်လိုရှာတွေ့တာလဲ"

"ရေတပ် သင်္ဘောဆိပ်ကမ်းဘက်က အစောင့် တစ် ယောက်က ဒီကုန်ရုံတံခါးသော့ ချိုးထားတာ တွေ့သွားတယ်



ဆဲ၊ တနင်္လာနေ့တုန်းက ဒီလိုမဟုတ်သေးဘူးဆိုတာ သူသိ တယ်"

ယာမာမိုတိုက ဆယ့်နှစ်ပေအကွာရှိ ရွှံ့ပေနေသော ကားဘီးရာများကို လက်ညှိုးထိုးပြသည်။

"ဟောဒီဟာကတော့ စိတ်ဝင်စားစရာပဲ၊ ဘယ်လိုမှန်း တော့ မသိဘူး၊ ခိုးရာပါပစ္စည်းတွေကို ပြောင်းပြီးသယ်ယူဖို့ ဒီမှာ တခြားကားတစ်စီး အဆင်သင့် ထားကြပုံရတယ်၊ ကားဘီးရာတွေက သိပ်မသဲကွဲဘူး၊ ပုံပျက်နေတယ်။ ဒုတိယ ကားကို ရှာတွေ့တာတောင် ဒီဘီးရာနဲ့ကားကို ဆက်စပ်ပြဖို့ လွယ်ဘူး၊ ကားဝင်ရိုးတံ အလျားနဲ့ ဘီးရဲ့အကျယ်ကိုကြည့် ပြီး ပြောရရင်တော့ ဗင်ကားတစ်စီး၊ ဒါမှမဟုတ် ထရပ်ကား တစ်စီးပဲ ဖြစ်လိမ့်မယ်"

"အင်း...ဒီလောက်သိရလည်း မဆိုးပါဘူး၊ ဒီတော့ ကျွန်တော်တို့က ဆန်ဖရန်စစ္စကိုမြို့မှာ ရှိသမျှ ထရပ်ကားနဲ့ ဗင်ကားမောင်းသူ အားလုံးကို သွားဖမ်းရအောင်"

"ကျွန်တော် အစွမ်းကုန်ကြိုးစားတာပဲဗျာ"

ဟယ်ရီက ဘေးဘီ လှည့်ကြည့်သည်။ ကိတ်ကိုမတွေ့။

"ဟာ...သူ ဘယ်ရောက်သွားပါလိမ့်"

"ခင်ဗျား တွဲဖက်ကို လိုက်ရှာနေတာလား"

ဟယ်ရီက မဲ့ရွဲ့၍ ပြောသည်။

"အလကား တွဲဖက်ပါ၊ ကိုးနှစ်လုံးလုံး ဝန်ထမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ရာနဲ့ မှတ်တမ်းဌာနမှာ လုပ်လာခဲ့သူတဲ့လေ၊ ကျွန်တော်... အများကြီး ကူညီနိုင်မယ့် တွဲဖက်ပေါ့"

ယာမာမိုတိုက ရယ်သည်။

"ခေတ်ပြောင်းသွားပြီ ဟယ်ရီ၊ နောက်မကြာ... ကျွန်တော်တို့ ရဲမင်းကြီးနေရာမှာ မိန်းမတစ်ယောက် ရော... လာလိမ့်မယ်"

ဟယ်ရီက ထိုစကားကြားရ၍ လန့်ဖျပ်သွားဟန်ဖြင့်...

"ဘုရား...ဘုရား...မိန်းမတွေကို ကျွန်တော်တို့ အ... ကတည်းက မဲပေးပိုင်ခွင့် မပေးခဲ့ဖို့ ကောင်းတယ်"

○ ○ ○

ဟယ်ရီသည် ကိတ်အား မော်တော်ကားထဲ၌ မိမိအ... စောင့်နေသည်ကို တွေ့ရသည်။

"မင်းကို ငါလိုက်ရှာနေတာ၊ ဘာလဲ...မင်း ပေါင်... သွားရိုက်နေတာလား"

ဟယ်ရီက ကားထဲ ဝင်ဝင်လာချင်း ပြောသည်။

"ရှင်က ကျွန်မကိုမှ မလိုလားပဲကိုး၊ ဒါကြော... ကျွန်မ တမင်ရှောင်နေတာ"

ကိတ်က ပြန်ရန်တွေ့သည်။

ဟယ်ရီက ကားစက်နှိုးသည်။

"မင်း ဉာဏ်ကောင်းသားပဲ"



ဟယ်ရီက ပြောသည်။

"ညစောင့်ကြီးအလောင်းကို နောက် ဆယ့်ငါးမိနစ် ...ရင် ရောဂါဗေဒဌာနမှာ ရင်ခွဲကြည့်ကြမယ်တဲ့"

သူမက သတိပေးသည်။

"ငါတို့ မီပါတယ်"

ဟယ်ရီသည် ရုံးကားများ ရှုပ်ထွေးနေသည့်ကြားမှ ...နောက်ပြန်ဆုတ်ပြီး ကားလမ်းပေါ် မောင်းထွက်သွားသည်။

"မင်းကို ငါက အမြင်ကတ်နေတယ်ထင်လား"

"တိုတိုရှင်းရှင်း ပြောရရင် "ဟုတ်တယ်"ပေါ့၊ ဟုတ် ...ာ မဟုတ်ဘူးလား"

ဟယ်ရီ ပခုံးတွန့်လိုက်သည်။

"ဟုတ်တယ် ထားပါတော့၊ ပုဂ္ဂိုလ်ရေးအရတော့ ဘာမှ ...တ်သက်ပါဘူး"

"ဒါဖြင့် ဘာလို့လဲ"

"လူသတ်မှုစုံစမ်းရေးဌာနမှာ ငါတို့ ဘယ်လိုအသက် ...း ဝမ်းကျောင်းပြုနေတယ်ဆိုတာ မင်း ဂဃနဏ မသိသေး ...ူးထင်တယ်"

"နောက် သီလာမှာပေါ့ မဟုတ်လား"

ဟယ်ရီက သူမအား မျက်မှောင်ကြုတ်၍ ကြည့်သည်။

"မင်း ခက်ခက်ခဲခဲ မသိရစေနဲ့လို့ ငါမျှော်လင့်ပါတယ်၊ ...စ်ခါတလေတော့ အင်မတန်ခက်ခဲလှတယ်၊ နှစ်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပစ်လို့ ခေါင်းပြုတ်သွားတဲ့ အလောင်းကြီးကို တွေ့ရတဲ့ နေ့လောက် စိတ်ပျက်စရာကောင်းတာ ရှိဦးမလား၊ ဒီထက် ဆိုးတာတွေလည်း ရှိသေးရဲ့၊ အလောင်းဆိုရင် ဘယ်အလောင်းမှ ကျက်သရေမရှိပါဘူးကွာ။ အကုန် ရုပ်ပျက်ဆင်းပျက် ချည်းပဲ။ ရုပ်ရှင်တွေထဲမှာလို မဟုတ်ဘူး။ မင်း အော်ဂလီဆန်အောင် ငါတွေ့ဖူးတဲ့ အဖြစ်အပျက်တွေ ပြောပြရမလား၊ မင်း မမြင်ချင် မတွေ့ချင်တာတွေ အများကြီး တွေ့ရပါလိမ့်မယ်"

"ကျွန်မ သက်လုံကောင်းပါတယ်၊ ရှင် ကျွန်မကို ခေါ်ပြသွားပါလိမ့်မယ်။ သြော်...ဒါနဲ့ ရှင့်တွဲဖက်ဟောင်းနဲ့ ...င်သက်ပြီး"

ဟယ်ရီ စကားဖြတ်ပစ်လိုက်သည်။

"အေးပါ အေးပါ၊ ငါသိပါတယ်၊ အင်း ငါ့အတွက် ဝမ်းနည်းပါတယ်ပေါ့၊ လူတိုင်း စိတ်မကောင်းကြပါဘူး"

ဟယ်ရီ၏ အသံက မာကျောသွားသည်။

ထိုအသံကြောင့် ကိတ် အတော်အားနာသွားသည်။

"ကျွန်မကို ခွင့်လွှတ်ပါ"

ဟယ်ရီက သူမအား တစ်ချက်ကြည့်ရင်း သူအပြော အဆို မာကျောသွားကြောင်း သတိပြုလိုက်မိ၏။

"မင်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဖရန့်(ခ်)နဲ့ ပတ်သက်ပြီး ငါနဲ့တွေ့သမျှ လူအားလုံး ဝမ်းနည်းကြောင်း ဖွင့်ပြောကြပါတယ်၊ ငါလာရင် သူတို့တွေ မိန့်ခွန်းအတိုလေး



...ွေ ပြောကြသလိုပဲ၊ တကယ်တော့ သူဟာ ငါဆုံးရှုံးလိုက် ...တဲ့ ပထမဆုံး တွဲဖက်တစ်ယောက် မဟုတ်ပါဘူး"

ကိတ်က ခေါင်းညိတ်ပြသည်။

"ကျွန်မသိတယ်၊ ရှင့်မှတ်တမ်းတွေ ကျွန်မဖတ်ပြီးပြီ၊ ...၇၀ ခုနှစ်က နာမည်ကြီး မူးယစ်ဆေး ကုန်သည်တစ်ယောက် ...ို သွားဖမ်းကြတုန်းက "ဂျရတ်(ဒ်)ဖန်ဒူရီ" သေနတ်မှန်ပြီး ...ဆုံးခဲ့တယ်လေ၊ နောက်ပြီး ၁၉၇၄ ခုနှစ်က "ဟာ စာတိုက် ...သတ္တာထဲက ဗုံးထောင်ချောက်ကြောင့် ပွဲချင်းပြီး သေသွား ...တယ်။ *အဲဒါအားလုံး ရှင့်အပြစ် မဟုတ်ပါဘူး"

"အဲဒါ သူတို့ရဲ့ မုဆိုးမတွေကို မင်းသွားပြော"

ဟယ်ရီက နှာခေါင်းရှုံ့ပြောသည်။

"ဒီမယ် ကျွန်မလည်း ရှင့်လိုပဲ မသေချင်ပါဘူး၊ ...နမ လေ့လာ သင်ယူစရာတွေ အများကြီး ရှိပါသေးတယ်၊ ...ီအတွက် ကျွန်မ ရှင့်ဆီမှာ ရောက်နေတာပေါ့၊ ဘာပဲ ...ဖြစ်ဖြစ် ကျွန်မကို အခွင့်အရေးလေးတော့ ပေးပါ၊ ကျွန်မ ...အမှားတစ်ခုခု လုပ်မိရင် ပြောပါ၊ အားမနာပါနဲ့၊ အမှားကနေ ...အမှန်ရောက်အောင် လုပ်ရမှာပေါ့"

"တစ်ချို့ အမှားတွေလုပ်မိရင် မင်းလေ့လာမှတ်သား ...ဖို့ အချိန်မရှိဘူး၊ မသာပေါ်သွားမယ်လေ"

ဟယ်ရီစကားကြောင့် ကိတ် နှုတ်ဆိတ်သွားပြန်၏။

---

*စိုးသိဏ်း (မြန်မာပြန်) တယူသန်ကလဲ့စား ကြည့်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဟယ်ရီအား မျက်လုံးထောင့်ကပ်၍ အကဲခတ်နေသည် ဟယ်ရီသည် ဘယ်လိုလူစားလဲ။ သူမ မည်သို့မျှ အကဲဖြတ် ၍မရ။

သူသည် ရဲဝန်ထမ်းဟောင်း တစ်ဦးဖြစ်သည်။ သူသည် အကောင်းဆုံး ဝန်ထမ်းများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

သူသည် သတ္တိပြောင်မြောက်မှုအတွက် ဂုဏ်ပြုလက်မှတ် လေးကြိမ်ရခဲ့ဖူးသည်။ သို့သော် သူသည် သူ့နည်း သူ့လမ်း အတိုင်း တဇွတ်ထိုးလုပ်တတ်သူ ဖြစ်သည်။

သူသည် အထက်အာဏာပိုင်များကို သိပ်အရေးမထား တတ်ပေ။ သူ၏ ပြေးလမ်းရှေ့မှ အဟန့်အတားများသာ ဖြစ်သည်ဟု ယူဆထားပုံရ၏။

◎ ◎ ◎

အလောင်း ခွဲစိတ်စစ်ဆေးသည့် ခွဲစိတ်ခန်းသည် တရား ရုံးချုပ်၏ မြေအောက်ထပ်တွင် ရှိလေသည်။

အဖြူရောင် အုတ်စီကျောက်ပြားချပ်များနှင့် သံမဏိ များဖြင့် တည်ဆောက်ထားသည်။ ပိုးသတ်ဆေးနံ့များ ဟောင် နေသည်။

သေဆုံးသွားသူ ညစောင့်ကြီး ပေါ့(ပ်)ဆီဂယ်(လ်)၏ ကိုယ်လုံးတီး အလောင်းကြီးကို ခွဲစိတ်ခုံတန်းများအနက်



ခွဲစိတ်ခုံတစ်ခုပေါ်တွင် အဖြူရောင်ဝတ်ရုံ တစ်ခု တစ်ပိုင်း တစ်စ ခြုံပေးထားသည်။

ခွဲစိတ်ဆရာဝန်သည် မျက်မှန်ထူတပ်ထားသော တည် ငြိမ်အေးဆေးသူ၊ ကိုယ်လုံးခပ်သေးသေး လူတစ်ဦးဖြစ်ပြီး င်းက သူ၏လက်ထောက်အား အူခွေ လက်တစ်ဆုပ်စာကို လှမ်းပေးနေသည်။

ဟယ်ရီနှင့် ကိတ်တို့ ဝင်လာကြသည်။

"ဟိုင်း ဟယ်ရီ၊ သူက ဘယ်သူတုံး"

ခွဲစိတ်ဆရာဝန်က ပြုံးရွှင်စွာမေးသည်။

ကိတ်သည် ဆရာဝန့်လက်ထဲမှ အရာကိုတွေ့သဖြင့် ဟယ်ရီ့လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက် သည်။

"ဒါ.... ကျွန်တော့် တွဲဖက်အသစ်လေ၊ ကိတ်မိုး(ရ်)တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ကိတ်"

ခွဲစိတ်ဆရာဝန်သည် သွေးများ ရွှဲစိုနေသော လက်အိတ် စွပ်ထားသည့် လက်တစ်ဖက်ကို လှမ်းပေးသည်။ ကိတ်သည် လန့်ဖျပ်ပြီး နောက်သို့ တွန့်သွားသည်။ ဆရာဝန်သည် သူ့ အမှားကို ရိပ်မိပြီး ပြုံးလိုက်သည်။

"ဆောရီးဗျာ"

လက်ထောက် ဆရာဝန်သည် အူခွေများကိုယူပြီး "ဖော် မယ်(လ်)ဒီဟိုက်" ဆေးရည်ပုလင်းကြီးထဲသို့ ထည့်သည်။ ခွဲစိတ်ဆရာဝန်သည် တံဆိပ်စာရွက်ငယ်လေးပေါ်တွင် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ကောက်ချစ်ပြီး ကျောမှ စက္ကူကိုခွာကာ အသင့်ပါရှိပြီးသားကော်ဖြင့် ပုလင်းပေါ် ကပ်လိုက်သည်။

"ကဲ...ခင်ဗျားတို့ နည်းနည်း နောက်ကျသွားတယ်ထင်တယ်။ ကျွန်တော်တို့ နေ့လယ်စာစားပြီး စောစောပြန်ရောက်တာနဲ့ စောစော စ,ဖြစ်သွားတယ်"

"နေ့လယ်စာ"ဆိုသောစကားကို ကြားသောအခါ ကိတ်သည် တံတွေးမျိုချပြီး မျက်လုံးများ မှိတ်လိုက်၏။

"အေးဗျာ မတတ်နိုင်ဘူး၊ ပရီဆီဒီယိုက သေနတ်ပစ်ကွင်းမှာ ကြာသွားတယ်၊ နောက်ပြီး မက်ကေးကလည်း ထုံးစံအတိုင်း လူဆိုးတွေကို သွားဖမ်းဖို့ မိန့်ခွန်းစကားပြောနေသေးတယ်"

"ခင်ဗျား မက်ကေးကို တစ်ချီနိုင်သွားပြန်ပြီပေါ့ ဟုတ်လား၊ မက်ကေးဟာ ပုလိပ်လုပ်တာထက် ဘောလုံး နည်းပြဆရာ ဝင်လုပ်ဖို့ကောင်းတယ်လို့ ကျွန်တော်အမြဲတွေး မိတယ်" ဆရာဝန်က ပြော၏။

ခင်ဗျား သွားပြောလိုက်ပါလား။ ဒါဆိုသူနားထောင်မှာ"

"ဟာ... မလုပ်ပါနဲ့။ ကျွန်တော်ဒီမှာ အလုပ်လုပ်ရတာကောင်းပါတယ်။ နောက်နှစ်လောက်ဆို အငြိမ်းစားယူတော့မှာ"

ခွဲစိတ်ဆရာဝန်ကြီးသည် အလောင်းဘက်ပြန်လှည့်ပြီး "အေးလေ၊ ခင်ဗျားအတွက် ကျွန်တော် တိပ်ခွေနဲ့



...သံသွင်းထားပေးပါတယ်၊ ဝမ်းဗိုက်ခွဲစိတ်မှုတော့ ခုပဲပြီး...သွားတယ်"

"ကျွန်တော် နားမထောင်ချင်ပါဘူး၊ ဒဏ်ရာကိုပဲ ...ကြည့်ဝင်စားတယ်၊ ဘာထူးခြားတာတွေ့လဲ"

"အဲ...ဒဏ်ရာက ရင်ညွန့်ရိုးအောက် လေးပိုင်း သုံးပိုင်း...က်မကာနေ ဖောက်ဝင်သွားတာ၊ ရင်အုပ်အထိ ခြောက်လက်မ...ော်ဝင်သွားတယ်၊ သွေးကြောတွေကို ဖြတ်တောက်ပစ်လိုက်...တယ်။ ဒီလိုဒဏ်ရာမျိုးရရင် စက္ကန့် အနည်းငယ်အတွင်း ...သေတာပဲ"

ဟယ်ရီသည် တဖြည်းဖြည်းနှင့် မျက်နှာကြီး ဖြူဖပ်ဖြူ...ော် ဖြစ်လာနေသော ကိတ်အား သတိပြုမိလေသည်။

"လူဆိုးက ဘယ်လိုဓားကို သုံးသလဲ"

"ရှည်ပြီး လေးလံတဲ့ ဓားမြှောင်မျိုးပဲ၊ ဟောဒါမျိုးပေါ့"

ဆရာဝန်ကြီးသည် သူ၏ သွေးရွှဲနေသော လက်ချောင်း...းဖြင့် ဓားမြှောင်၏အရှည်ကို တိုင်းထွာပြသည်။

ဟယ်ရီက စဉ်းစားသည်။

"ကွန်မန်ဒို ဓားမြှောင်မျိုးလား"

"ဟုတ်တယ်ဆိုပါတော့ ဖြစ်နိုင်တယ်။ စစ်တပ်မှာသုံးတဲ့...သတ်ဓားမြှောင်မျိုး၊ ဒါမှမဟုတ် အထူးတပ်ဖွဲ့က ရန်ဒေါ(လ်)...ဓားမြှောင်၊ ဒါမှမဟုတ် မရိန်းတပ်ဖွဲ့မှာသုံးတဲ့ ဘောင်ဝီ...ဓားမြှောင် တစ်ခုခုပဲ။ ကျုပ်ပြောတာ ခင်ဗျားသိမှာပါ"

"မျက်နှာမှာ ဒဏ်ရာဒဏ်ချက် ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက ခေါင်းညိတ်ပြသည်။

"လူသတ်သမားဟာ အစောင့်ကြီးရဲ့ ပါးစပ်ကို နောက်ကနေ ဝင်ကပ်ပြီး ဘယ်ဘက်လက်နဲ့ အုပ်ထားခဲ့ပုံ အထောက်အထားတစ်ချို့ တွေ့တယ်"

"ဒါဟာ တကယ့်ကြေးစား လူသတ်သမားတစ်ယောက် လက်ချက်ပဲ"

"စာအုပ်ကြီးအတိုင်း လုပ်တဲ့အကောင်ပေါ့"

ဟယ်ရီ မျက်နှာမှောင်ကုပ်သွားသည်။

"ဒီငနဲဟာ ဗီယက်နမ်မှာ အတော်ကြာကြာ နေခဲ့ရမယ်၊ အထူးတပ်ဖွဲ့မှာ လူသတ်နည်းကို ဒီပုံစံ သင်ကြားပေးတာပဲ"

"ကဲ...ခင်ဗျား ကြည့်ဦးမှာလား ဟယ်ရီ၊ ကျုပ်တို့ ခ ဦးခေါင်းခွံကို ခွဲစိတ်ကြည့်တော့မလို့"

ကိတ်က ဟယ်ရီ၏ အင်္ကျီလက်မောင်းစကို ဆောင့်ဆွဲပြီး မော့ကြည့်သည်။

"ကျွန်မတို့ အဲဒါကြည့်ရမှာလားဟင်"

"ဟုတ်တယ် ဒါ တို့အလုပ်ပဲ၊ မင်း ဒီမှာ ပညာယူမလို့ လာတာဆို"

ဟယ်ရီ၏ အသံက အေးစက်ပြီး ရိုင်းစိုင်းလှသည်။ ဟယ်ရီသည် တမင်တကာ ထိုသို့ပြောခြင်းဖြစ်၏။

ခွဲစိတ် ဆရာဝန်ကြီးသည် ရှေ့သို့ကုန်းပြီး အလောင်း၏ ဦးခေါင်းခွံကို သေသေချာချာ လေ့လာသည်။



"ဦးခေါင်းခွံရဲ့ အပြင်ဘက်မှာတော့ ဒဏ်ရာဒဏ်ချက်တစ်ခုမှ မတွေ့ဘူး"

သူက လက်ထောက်အား လက်ဖြန့်ပေးရာ လက်ထောက်က သူ့လက်ထဲသို့ စက်ဝိုင်းပုံ လွှယေ်လေးပါသော လေးပိုင်းတစ်ပိုင်းလက်မ လျှပ်စစ်လွှနင်ယယ်ကို ကမ်းပေးသည်။

"ကဲ...နောက်ဆုတ်ကြ၊ ဘေးကို နည်းနည်းပါးပါး စင်ကုန်ဦးမယ်၊ ကြည့်လို့တော့ကောင်းမှာ မဟုတ်ဘူး၊ ဆောရီးပဲ"

ဟယ်ရီနှင့် ကိတ်တို့ နောက်ဆုတ်သွားကြသည်။

ကိတ်သည် ပါးစပ်ကို လက်တစ်ဖက်နှင့် အုပ်ထားသည်။ ဆရာဝန်ကြီးသည် လွှနကို ခလုတ်ဖွင့်ပြီး ဦးခေါင်းခွံကို စတင်ဖြတ်တောက်လေသည်။

ဦးခေါင်းခွံ အရိုးအပိုင်းအစလေးများ ပဲ့ရွဲ့ပြီး လေထဲသို့ လွင့်စင်ထွက်ကုန်ကြသည်။ ကိတ်သည် ဟယ်ရီ၏ လက်မောင်းကို တင်းကျပ်စွာ ကိုင်ထားသည်။

ဆရာဝန်ကြီးသည် အလောင်း၏ အပေါ်နားတွင် တွဲလောင်းချိတ်ပြီး ချထားသော တိပ်ရီကော်ဒါ မိုက်ခွက်ထဲသို့ ဆူညံသော လျှပ်စစ်လွှနအသံထက် ပိုကျယ်သောအသံဖြင့် မိမိခွဲစိတ်မှု၏ တွေ့ရှိချက်များကို ရွတ်ဆို၍ အသံသွင်းသွားသည်။

မကြာမီ၌ ဦးခေါင်းခွံ၏ထိပ်ပိုင်း (ငယ်ထိပ်)ကို အပေါက်ဖြစ်အောင် ဖြတ်ပြီးသွား၏။ လွှနင်ယယ်ကို သူ့လက်ထောက်အား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးသည်။ သူတို့နှစ်ဦးစလုံး ဦးခေါင်းခွံ၏အပေါက်ကို ကုန်းကြည့်ကြသည်။

"ဘုရား...ဘုရား၊ ဟယ်ရီရေ ဒီမှာလာကြည့်စမ်း ကျုပ် ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး"

ဟယ်ရီသည် သူ့လက်မောင်းမှ ကိတ်၏လက်ကို ဆွဲဖြုတ်ချပြီး ရှေ့တိုးလာသည်။

"ဘာလဲ... ဘာလဲ"

ခွဲစိတ်ဆရာဝန်က ပြန်မော့ကြည့်ပြီး ပြုံးလျက် ဦးခေါင်းအပေါက်ကို လက်ညှိုးထိုးပြသည်။

"အထဲမှာ သေနတ်ပိတ်ပင်တားဆီးမှုကို မကန့်ကွက် ပါနဲ့လို့ စာရေးထားသဗျ။ ဟား...ဟား...ဟား..."

ဆရာဝန်ကြီးနှင့် သူ့လက်ထောက်တို့သည် သူ ပြက်လုံးကို သူတို့ဘာသာ သဘောကျပြီး အားရပါးရ ရယ် ကြသည်။

ဟယ်ရီက သူတို့ကို စိတ်ပျက်စွာဖြင့်သာ ရပ်ကြည့် နေသည်။

သူ့နောက်မှ ကိတ်၏ လှုပ်ရှားသံကို ကြားရသည်။ ကိတ်သည် အော်ဂလီဆန်၍ အော့အန်တော့မည့်ပါးစပ် လက်နှင့်အုပ်ပြီး အခန်းထဲမှ ပြေးထွက်သွားသည်။

"ဟာ...ဒီအမျိုးသမီး ခက်သေးတာပဲ၊ ရယ်စရာ ပြော ရယ်ရမှန်း မသိသေးဘူး"



ဆရာဝန်ကြီးသည် ခေါင်းတွင်တွင်ခါရင်း ဝမ်းနည်းသော အသံဖြင့် ပြောလိုက်သည်။

○ ○ ○

သားနားသပ်ရပ်သော အကောင်းစားဝတ်စုံကို ဝတ်ထားပြီး အနက်ရောင် သားရေလက်ဆွဲအိတ်ကို ကိုင်ထားသူ ဟင်နရီလီကယ်(လ်)ဝဲ(လ်)သည် ဗဟိုတရားရုံးချုပ်ရှိ မိမိအမှုသည်တစ်ဦးအား လာတွေ့သည့် တက်သစ်စ ရှေ့နေပေါက်စ တစ်ဦးနှင့်တူလှပေသည်။ တကယ်တော့လည်း ဟင်နရီလီသည် ရှေ့နေတစ်ဦးကဲ့သို့ အယောင်ဆောင်လာခြင်း ဖြစ်လေသည်။

ဘရိုင်ယန့် လမ်းပေါ်ရှိ ပင်မတံခါးပေါက်ကြီးမှ ဝင်လိုက်လျှင် ရှေ့ပိုင်း ဧည့်ခန်းမဆောင်ကြီးကို ပါတစ်ရှင်းဖြင့် ကာထားပြီး အဆောက်အုံကြီး အတွင်းပိုင်းသို့ဝင်ရန် ဝင်ပေါက် တစ်ပေါက်တည်းသာ ဖွင့်ပေးထားလေသည်။ ထိုဝင်ပေါက်သည် စက်ဝိုင်းခြမ်းပုံ၊ သစ်သားတံခါးပေါက်ကြီးဖြစ်ပြီး သတ္တုပစ္စည်းရှာဖွေကိရိယာ (လက်နက်ပုန်းများ ယူဆောင်လာခြင်း ရှိမရှိ စစ်ဆေးသည့် ကိရိယာ)နှင့် ဆက်သွယ်ထားလေသည်။

လုံခြုံရေး ရဲနှစ်ဦးသည် ၎င်းသတ္တုရှာဖွေ ကိရိယာမှနေ၍ ဗဟိုတရားရုံးထဲ ဝင်လာသမျှ လူအားလုံးကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ချင်း စစ်ဆေးလျက်ရှိကြသည်။ ဟင်နရီလီသည် အထဲဝ မည့်သူများ တန်းစီရာ၌ ဝင်စီပြီး သူ့အလှည့်ကျဖို့ စော နေသည်။

"သော့တွဲတွေနဲ့ တခြားသတ္တုပစ္စည်းတွေ ပါသမျှ အိတ်ထဲက ထုတ်ပေးကြပါခင်ဗျာ"

အစောင့်တစ်ဦးက သတ္တုရှာဖွေကိရိယာရှေ့သို့ ရောက် လာသော လူတိုင်းကို အသက်မဲ့သော အသံကြီးဖြင့် ပြောနေ ရှိသည်။

ဟင်နရီလီသည် သူ့လက်ဆွဲအိတ်ကို စားပွဲပေါ်တင်ပြီး သူ့အိတ်ထဲမှ သော့တွဲများ၊ ပိုက်ဆံအကြွေများနှင့် သတ္တု ဘီးတစ်ချောင်းတို့ကို နှိုက်ထုတ်ကာ လက်ဆွဲအိတ်ပေါ် စုပုံ လိုက်သည်။

ပထမအစောင့်က သူ့အား လက်ပြ၍ ရှေ့တိုးဝင်ခိုင်း သည်။ ထိုအခိုက် ဒုတိယအစောင့်က လက်ဆွဲအိတ်ကိုဖွင့်ပြီး အထဲမှာပါသော အရာဝတ္ထုများကို ခပ်သွက်သွက် စမ်းသပ် စစ်ဆေးသည်။ စာရွက်များသာ အထပ်လိုက်ပါ၏။

သူသည် လက်ဆွဲအိတ်ကို ပြန်ပိတ်ပြီး ဟင်နရီလီအား အခြားပစ္စည်းများနှင့်အတူ ပြန်ပေးအပ်သည်။ ဟင်နရီလီသည် သူ့ပစ္စည်းများကို အိတ်ထဲပြန်ထည့်ပြီး ဓာတ်လှေကားဆီ လျှောက်သွားသည်။ အောက်ထပ်ဆင်းသည့် ခလုတ်ကို နှိပ် သည်။

ဓာတ်လှေကားသည် အပေါ်ထပ်တစ်နေရာမှ အောက်သို့



ဆင်းလာသည်။ ဟင်နရီလီသည် ဓာတ်လှေကားဖြင့် မြေ အောက်ထပ်သို့ ဆင်းပြီးနောက် ရှည်လျားသော စင်္ကြံလမ်းမှ လျှောက်သွားသည်။

ရဲအဖွဲ့ဝင်များ စားသုံးရာ စားသောက်ဆိုင်ကို ဖြတ် လျှောက်သွားသောအခါ ဝဝအစ်အစ် ကင်းထောက်အဖွဲ့ ခေါင်းဆောင် တရုတ်ကြီးတစ်ဦးသည် တံခါးဖွင့်ထွက်လာရာ ဟင်နရီလီအား ဝင်တိုက်မိလေသည်။

"ဆောရီးဗျာ"

ကင်းထောက်ခေါင်းဆောင်က တောင်းပန်သည်။

"ရပါတယ်"

ဟင်နရီလီက ပြောသည်။

ကင်းထောက်ခေါင်းဆောင် တရုတ်ကြီးသည် စင်္ကြံလမ်း တစ်ဖက်သို့ကြည့်ပြီး ရှာဖွေရာမှ တံခါးဖွင့်ထားသော ဓာတ်လှေ ကားထဲ ဝင်လိုက် ထွက်လိုက်နှင့် ဆော့ကစားနေကြသော အသက် (၁၂)နှစ်အရွယ်ခန့်ရှိ ကောင်လေးသုံးယောက်ကို တွေ့သွားလေသည်။

"မိုက်ကယ်၊ တင်မသီ၊ ဘင်ဂျမင်၊ ငါ တစ်ကနေ တစ်ဆယ်ထိ ရေလို့မှ မင်းတို့ရောက်မလာရင်..."

တရုတ်ကြီးက ပြောလိုက်ရာ ကောင်လေးသုံးယောက် စလုံး ဒုန်းစိုင်းပြေးလာကြသည်။

ဟင်နရီလီသည် စင်္ကြံလမ်းအတိုင်း ဆက်လျှောက်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းထောက် ခေါင်းဆောင် တရုတ်ကြီးသည် ... တပည့် ကလေးများအား ကျယ်လောင်စွာ ဆူပူ ကြိမ်းမော နေသည်။

စားသောက်ဆိုင်နှင့် မလှမ်းမကမ်းအရောက်တွင် ဟင်န လီသည် "အမျိုးသား"ဟု စာရေးထားသော တံခါးကိုဖွ ဝင်သွားသည်။

ရေအိမ်ထဲတွင် ရုံးတက်ဝတ်စုံ ဝတ်ထားသော ... တစ်ယောက်သည် လက်ဆေးခွက်ပေါ်ရှိ မှန်ရှေ့တွင် ... ဖြီးရင်း ဆံပင်ကို ပုကျ ပန်းကျဖြစ်အောင် လက်တစ် ... နှင့် ဖိပေးလျက်ရှိ၏။ ဟင်နရီလီသည် ထိုလူ့အား ဂရုမ ... ဘဲ အိမ်သာခန်း တစ်ခုဆီသို့ တန်းဝင်သွားသည်။ အိမ် ... တံခါးကိုပိတ်ပြီး ချက်ထိုးသည်။ ကမုတ်ပေါ် ခြေတစ် ... တင်ပြီး လက်ဆွဲအိတ်ကို ပေါင်ပေါ်တင်ပြန်သည်။ ထိုအိတ် ... မှ စက္ကူများကို ထုတ်၍ လုံးခြေပြီး ကမုတ်ထဲ ပစ်ချလိ ... သည်။

ထိုနောက် လက်ဆွဲအိတ်ထဲမှ လက်ညှိုးတစ်ချောင်း ... အပေါက်ကလေးကို အတွင်းခံ ချုပ်ရိုးလိုင်းအတိုင်း စမ်း ... ရှာဖွေကြည့်သည်။ ထိုအပေါက်မှအားပြု၍ ဆွဲခွာရာ အိတ် ... အတွင်းခံ အသားတစ်ခုလုံး ပြုတ်ထွက်လာသည်။

လက်ဆွဲအိတ်၏ဖင်တွင် ကားဘက်ထရီနှင့် ချိန်က ... နာရီတို့ဖြင့် ဆက်သွယ်ထားသော ဒိုင်းနမိုက်တံလေးချော ... ကို စုစည်းထားလေသည်။



ဟင်နရီလီသည် နာရီကို တစ်မိနစ်တိတိ အချိန်ကိုက် ထားပြီး ခလုတ်နှိပ်လိုက်သည်။ မီးနီကလေး လင်းလာ၏။ နာရီမှ စက္ကန့်ပြ လက်တံလေးသည် နောက်ပြန်လည်သွား သည်။

ထိုနောက် သူသည် လက်ဆွဲအိတ်အတွင်းသား အတုကို ပြန်ဖုံးအုပ်ပြီး လက်ဆွဲအိတ်ကို ပိတ်ကာ သော့ခတ်သည်။ သူသည် ရေဆွဲလက်ကိုင်ကို ခြေတစ်ဖက်နှင့် ဖိနင်းချပြီး ကမုတ်ထဲရှိ ရေပိုက်တစ်လျှောက် နစ်မြုပ်သွားသော စက္ကူ များကို စိုက်ကြည့်နေသည်။

အိမ်သာခန်းထဲမှ ထွက်လာသောအခါ စောစောက လူသည် မှန်ရှေ့၌ အလှပြင်နေဆဲဖြစ်ကြောင်း ဟင်နရီ တွေ့ရလေသည်။

"ချီးမှပဲ ဘယ်လိုလူလဲဟ၊ မိန်းမလျာများလား၊ မှန်ကြည့် လို့ကို မဝနိုင်ရှာဘူး" ဟင်နရီလီက စိတ်ထဲက ပြောလိုက်၏။

ဟင်နရီလီသည် လက်ဆေးခွက်ဆီလျှောက်လာပြီး လက်ဆွဲအိတ်ကို ကြမ်းပေါ်ချကာ အချိန်ယူ၍ လက်ဆေးသည်။ အတန်ကြာသော် ရှိုးထုတ်သောပုဂ္ဂိုလ် ထွက်သွားသည်။

ထိုလူ ထွက်သွားသောအခါ ဟင်နရီသည် ရေအိမ် ထဲသို့ အခြားလူတစ်ယောက်ယောက် ဝင်လာဦးမလားဟု စောင့်ကြည့်သည်။

မည်သူမျှမလာ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမှိုက်ပုံးမှ အဖုံးကိုဖွင့်ပြီး သူ့လက်ဆွဲအိတ်ကို ပုံးထဲထည့်ကာ တွန့်ကြေနေသော စက္ကူလက်သုတ်ပဝါများဖြင့် မသိမသာ ပြန်ဖုံးအုပ်ထားလိုက်သည်။ ထို့နောက် အမှိုက်ပုံးကို အဖုံးအုပ်ပြီး သူ့လည်စည်းကို မှန်ထဲကြည့်၍ ပြုပြင်ကာ ရေအိမ်ထဲမှ ထွက်သွားလေသည်။

✧ ✧ ✧

## အခန်း(၉)

ဟယ်ရီသည် ကိတ်အား ခွဲစိတ်ခန်း၏ အပြင်ဘက်ရှိ သတ္တုအမှိုက်ပုံးရှေ့ ခပ်ကုန်းကုန်းလေး ရပ်နေသည်ကို တွေ့ရသည်။

သူမသည် အော့အန်ခြင်းမရှိသော်လည်း မျက်စိမျက်နှာ အတော်ပျက်နေ၏။

"မင်း ဘယ့်နှယ့်နေလဲ နေကောင်းရဲ့လား"

ဟယ်ရီက မေးသည်။

ကိတ်က သူ့ကို ဒေါနှင့်မောနှင့် လှည့်ကြည့်သည်။

"နေကောင်းပါတယ်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ရှင့်အလုပ်လည်း မဟုတ်ပါဘူး"

ဟယ်ရီ အံ့အားသင့်သွား၏။ သူမသည် မိမိထင်သလို ဆော့ညံ့သူ မဟုတ်ပါလားဟု နားလည်သွားသည်။ သူမအား စိတ်ဆိုးအောင်လုပ်လျှင် ကက်ကက်လန် ရန်ဖြစ်မည့်မိန်းမမျိုး ဖြစ်သည်။ ဒီလိုဆို သိပ်မဆိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်အမိ၊ မင်း မကြည့်ရဲတာ ခံနိုင်စွမ်းမရှိတာကြောင့် ငါ့ကို စိတ်မဆိုးပါနဲ့။ မင်းမလုပ်နိုင်တဲ့ အလုပ်ကို ငါက ရာထူးတိုးပြီး တာဝန်ချပေးခဲ့တာ မဟုတ်ဘူး၊ မင်းဘာသာမင်း ဒီတာဝန်ကို မရမက လိုလိုချင်ချင် ရယူခဲ့တာပဲ၊ မင်းရဲ့ အလုပ်အသစ်ကို မင်းမကြိုက်ဘူးလား၊ အဲဒါဆို မလွယ်ဘူး။ မင်းကို ဒီအလုပ်လုပ်ရင် စိတ်ချမ်းသာမှု ရပါစေ့မယ်လို့ ဘယ်သူကများ ပြောခဲ့လို့လဲကွ"

"တော်ပါ၊ ကျွန်မ မကြိုက်ဘူး၊ ကျွန်မ မခံနိုင်ဘူး။ ကဲ...ကျေနပ်ပြီလား၊ ဟုတ်တယ်၊ ကျွန်မဟာ သွေးမြင်တာနဲ့ လန့်ပြီး မူးဝေ အော့အန်တတ်တဲ့ ကလေးဆန်ဆန် မိန်းမ တစ်ယောက်ပဲ၊ ကျွန်မခုလို အထင်သေးခံရတာ စမ်းသာပါ တယ် မစွတာကယ်လဟာန်"

"အို...ဒီလိုမဟုတ်ပါရပါဘူး"

"ဟုတ်ပါတယ်၊ ရှင်ဒီလိုဖြစ်စေချင်တာပဲဟာ"

ဟယ်ရီက ခွဲစိတ်ခန်းတံခါးဆီ လက်မနှင့် ထိုးပြပြီး

"ဒီမယ် သူတို့တွေ ခုထိ သဲလွန်စ ရှာတုန်း၊ စစ်ဆေး တုန်းပဲ၊ မင်း ခုတွေ့ရတာ ဘာဟုတ်သေးတုန်း၊ ရှေ့ဆက်ရင် ဒီထက်ဗိုဆိုးဦးမယ်၊ မင်း ခံနိုင်စွမ်းမရှိရင် ငါ့အပေါ် အပြစ်ပုံ မချနဲ့၊ နောက်ပြီး မင်းဘာသာ ဝမ်းနည်းပြီး လျှောက်ငိုပြ မနေနဲ့"

ကိတ် နှပ်ရှုံ့လိုက်သည်။

"ကျွန်မ ဝမ်းမနည်းပါဘူး"



"အေး...ဝမ်းနည်းလို့ သူများပခုံးမှီပြီး ငိုချင်ရင် အားမှာ သွားလုပ်၊ ငါ့မှာတော့ အချိန်မရှိဘူး"

"ကျွန်မ မငိုပါဘူး"

ကိတ်သည် စိတ်ပြန်ထိန်းရင်း ပြောလိုက်သည်။ သူမ လုံးများကို ပွတ်လိုက်သည်။

ဟယ်ရီက ခေါင်းညိတ်ပြသည်။

"အေး...ဒီလိုမှပေါ့"

ထိုအခိုက်...

ဝုန်းခနဲ ပေါက်ကွဲသံကြီး ကြားရသည်။

ဟယ်ရီနှင့် ကိတ်တို့နှစ်ယောက်လုံး ပေါက်ကွဲမှုအရှိန် ကြောင့် လူပ်ခါသွားကြသည်။ ဟယ်ရီသည် နံရံကို ဖမ်းကိုင် သာခန်းတံခါး ဝုန်းခနဲ ပွင့်ထွက်သွားသည်ကို ဟယ်ရီ ရ၏။

"ဘုရား...ဘုရား"

ကိတ်က ရေရွတ်လိုက်သည်။

ဟယ်ရီ ဘာမှ ပြန်မပြောဘဲ အိမ်သာသို့ ပြေးသွား သည်။

အိမ်သာခန်းတံခါးပေါက်မှ တံခါးချပ်သည် ထက်ပိုင်း ပြီး စကြံလမ်း ကြမ်းပြင်ပေါ် လဲကျနေသည်။ ရေအိမ်ခန်း ခုလုံးမှာ အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားသည်။ ကြွေးမံ အားလုံး ကွဲသွားပြီး နံရံတွင် ကပ်ထားသည့် လက်ဆေးခွက် လုံး ပြုတ်ကျန်သည်။ မျက်နှာကြက်မှာလည်း ချိုင့်ခွက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ ပိုက်လုံးတစ်ခု ပေါက်သွားသဖြင့် ရေများ ပန်းထွက်လာသည်။

ရဲတစ်ဦး ဟယ်ရီနောက်သို့ ရောက်လာသည်။

"ဘာဖြစ်တာလဲ"

အသံဗလံ ဆူညံနေသည့်ကြားမှ ထိုရဲသားက မေးသည်။

"ဖုံးပေါက်တာ၊ သန့်ရှင်းရေးသမားကို ဂဏန်းလက် တစ်ချောင်းယူပြီး ဒီရေပိုက်လာပိတ်ဖို့ ခင်ဗျားသွားခေါ်လိုက်ပါ"

ရဲသားက ခေါင်းညိတ်ပြီး ခပ်သုတ်သုတ် ပြေးထွက်သွားသည်။ ရဲစုံထောက်တစ်ဦးသည် စုပြုံရောက်လာသော လူအုပ်ကြားမှ တိုးဝင်လာ၏။ ဟယ်ရီသည် သူ့အား ခိုးဝှက်မှု စုံစမ်းရေး ဌာနခွဲမှ ရဲစုံထောက် "အယ်(လ်)တင်ကာ"မှန်း သိသည်။

"ဖုံးပေါက်တော့ အိမ်သာထဲမှာ လူရှိလား"

တင်တာက မေးသည်။

"ရှိမယ် မထင်ဘူး"

တင်တာက ပျက်စီးမှုကိုကြည့်ပြီး ခေါင်းယမ်းသည်။

"ကြောက်စရာပါကလား"

ဟယ်ရီ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒီခေတ်မှာ အိမ်သာတောင် စိတ်ချလက်ချ တက်လို့မလွယ်တော့ဘူးဗျ"

အယ်(လ်)တင်တာ ရေအိမ်ကို ဆက်လက်စစ်ဆေးနေစဉ် ဟယ်ရီက စင်္ကြံလမ်းသို့ ပြန်ထွက်လာသည်။ စောစောက ကင်းထောက် ခေါင်းဆောင် ဝဝအစ်အစ်ကြီးသည် အိမ်သာထဲ သွားရန် အတင်းတိုးလာသည်။



"ခင်ဗျား ဘယ်သွားမလို့လဲ"

ဟယ်ရီက မေးသည်။

"ကျွန်တော့်တပည့်လေးနှစ်ယောက် ပျောက်နေလို့"

"အိမ်သာထဲမှာ မရှိဘူး။ စောစောကတော့ ဓာတ်လှေကားထဲ ဝင်သွားတာ ကျုပ်တွေ့လိုက်တယ်"

ကင်းထောက် ခေါင်းဆောင်ကြီးသည် သက်ပြင်းချကာ နဖူးကို အင်္ကျီလက်မောင်းစဖြင့် သုတ်လိုက်သည်။

"တော်ပါသေးရဲ့"

"ဖုံးပေါက်တော့ ခင်ဗျားဘယ်မှာရှိလဲ"

ဟယ်ရီက မေးသည်။

ကင်းထောက်ကြီးက စင်္ကြံလမ်းတစ်ဘက်သို့ လက်ညှိုး ထိုးပြသည်။

"လက်ဖက်ရည်ဆိုင် တံခါးဝနားမှာရှိတယ်၊ အဲဒီက မီးခိုးတွေ ထွက်လာပြီး..."

ဟယ်ရီက ကြားဖြတ်မေးသည်။

ဖုံးမပေါက်ခင်က အိမ်သာထဲ လူဝင်သွားတာ တွေ့မိလား"

ကင်းထောက်ကြီးက ခေါင်းခါပြသည်။

"ဟင့်အင်း၊ နေ...နေဦး၊ စဉ်းစားလိုက်ဦးမယ်။ဟုတ်ပြီ၊ ကျွန်တော်တွေ့လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်လိုပုံသဏ္ဍာန်မျိုးလဲ၊ မှတ်မိရင် ပြောပြပါ၊ သိပ်အရေးကြီးလို့ ..."

ကင်းထောက်ကြီးက စဉ်းစားနေသည်။

"ကဲ ... ပြောလေဗျာ"

"အဲဒီလူက ကိုယ်လုံးထွားထွား လူမည်းကြီးတစ်ယောက်ပဲ။ အရပ်က ခြောက်ပေလောက်ရှိမယ်"

"သူ ဘာဝတ်ထားလဲ"

"အဲ အရောင်ခပ်ရင့်ရင့် ဝတ်စုံနဲ့ပဲ၊ လက်ဆွဲအိတ်တစ်လုံးလည်း ပါတယ်၊ သူ အိမ်သာကပြန်ထွက်လာတော့ လက်ဆွဲအိတ် ပါမလာဘူးဗျ"

ကင်းထောက်ကြီးက မျက်ကလဲဆန်ပြာနှင့် ပြောသည်။

"အရောင်ရင့်ရင့်ဝတ်စုံနဲ့၊ ဒါနဲ့ သူဘယ်ဘက်ကိုသွားတယ်ဆိုတာကို ခင်ဗျား မြင်လိုက်သလား"

ကင်းထောက်ကြီးက မမြင်ကြောင်း ပြောသည်။

"ဒါပေမယ့် ကျွန်မ တွေ့လိုက်တယ်"

ဟယ်ရီက အသံရှင်ကို လှည့်ကြည့်ရာ သူ့နောက်မှာ လာရပ်နေသော ကိတ်အား တွေ့ရသည်။

"ဘာလဲ ... ဘယ်တုန်းကလဲ"

"ကျွန်မ စကြိလမ်းထဲမှာ မူးနောက်လို့ ထွက်ရပ်နေတုန်း အဲဒီ လူမည်းကြီးကို တွေ့လိုက်တယ်၊ သုတ်သီးသုတ်ပြာနဲ့ လျှောက်သွားတော့ ကျွန်မ သိပ်မသင်္ကာဘူး"

"ဒီတော့ သူ ဘယ်ဘက်သွားသလဲ"



"ဘားတံခါးပေါက်ကနေ ဘယ်ဘက်ကိုသွားတာပဲ"

ဟယ်ရီသည် ချက်ချင်းပြေးထွက်သွား၏။

"ဟေး ကျွန်မကို စောင့်ဦးလေ"

○ ○ ○

ဟယ်ရီသည် ဘာရိုင်ယန်လမ်းပေါ် လျှောက်လာရင်း ...နီးအနားမှ သွားလာနေသူ အားလုံး၏ မျက်နှာများနှင့် ...တ်အစားများကို စစ်ဆေးသွားသည်။ ဟစ်ပီများ၊ သာမန် ...များ၊ သက်ကျားရွယ်အိုများ၊ လူငယ်များ၊ ယောကျ်ား၊ ...းမ၊ ကလေး၊ လူမည်း၊ လူဖြူ၊ မက္ကဆီကန်ကပြား၊ ...ရှေ့တိုင်းသားများ၊ အရပ်မြင့်သူ၊ အရပ်ပုသူများ။

သူရှာနေသော လူ၏ ပုံပန်းသဏ္ဍာန်နှင့် နီးစပ်သူ ...စ်ယောက်မျှ မတွေ့။

ထိုအခိုက် ဟယ်ရီသည် ရှေ့နားမှ လူအုပ်ကြားထဲ၌ ...ယ်ရောင်ဖျောက်ရန် ခပ်သုတ်သုတ် တိုးဝင်သွားလျက်ရှိ ...သာ လူမည်းကြီးတစ်ဦးအား တွေ့သွားသည်။

ထိုသူသည် အရောင်ရင့်သော ဝတ်စုံကို ဝတ်ဆင်ထား ...သည်။

"မစ္စတာ ကယ်လဟန် နေဦး၊ ကျွန်မကို စောင့်ပါဦး"

ဟယ်ရီသည် သူ့နောက်မှ လိုက်လာသော ကိတ်၏ ...အသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒီကောင်မအသံကို ကပ္ပလိကြားသွားမှဖြင့် ဒုက္ခရောက်တော့မှာပဲ"ဟု ဟယ်ရီ စိတ်က ရေရွတ်လိုက်၏။

"ကယ်လဟန် …"

လူမည်းကြီးသည် နောက်သို့တစ်ချက်လှည့်ကြည့်ကာ သူ့ဆီ ချဉ်းကပ်လာနေသော ဟယ်ရီ့အား တွေ့သွားသည်နှင့် တစ်ကြိုးတည်း လစ်ပြေးလေတော့သည်။

ဟယ်ရီသည် အယုတ္တအနတ္တတွေ ရေရွတ်ပြီး ကပ္ပလိနောက်သို့ ပြေးလိုက်သွားသည်။

"မစ္စတာကယ်လဟန် ကျွန်မကို စောင့်ဦး"

လူမည်းကြီးသည် လမ်းသွားလမ်းလာတစ်ဦးနှင့် ဝင်တိုက်သဖြင့် ထိုလူလည်း လဲကျသွားသည်။ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

ဟင်နရီလီကယ်(လ်ဒ်)ဝဲ(လ်) အား လူတွေ ဝိုင်းအုံကြည့်ကြသည်။ သူ့အဖို့ လမ်းပိတ်ဆို့သွားသည်။

သူ့နောက်တွင် ဟယ်ရီသည် တစ်ဖြည်းဖြည်း နီးကပ်လာကြောင်း တွေ့ရ၏။

ဟင်နရီလီသည် သူ့ရှေ့မှ လမ်းပိတ်ထားသော လူများအား သွေးရူးသွေးတန်းနှင့် တွန်းထုတ်ပစ်ပြီး လမ်းတစ်ဖက်သို့ ပြေးကူးသွားသည်။

"ဟေ့လူ လမ်းကောင်းကောင်း ကြည့်သွားမှပေါ့ဗျ"

ဝင်တိုက်ခံရသော၊ အတွန်းခံရသော လူများက အော်ကြဟစ်ကြသည်။ ဆဲဆိုကြသည်။



ဟင်နရီလီသည် ရွေ့လျားနေသော မော်တော်ကားတစ်စီးရှေ့မှ ဖြတ်ပြေးသည်။ သူ့အား ဝင်မတိုက်အောင် မနည်းဘရိတ်အုပ် ရပ်လိုက်ရသည်။

ဟင်နရီလီသည် ကျဉ်းမြောင်းသော လမ်းကြားလေးတစ်ခုထဲ ပြေးဝင်သွားသည်။

လမ်းတစ်ဖက်ခြမ်းတွင် ကျန်ခဲ့သော ဟယ်ရီသည် လမ်းကြားလေးထဲဝင်သွားသော ဟင်နရီလီအား တွေ့လိုက်သည်။ ဟယ်ရီသည် ဤရပ်ကွက်မှ လမ်းများဖွဲ့စည်းပုံကို နားလည်ထားသူဖြစ်၏။ ၎င်းလမ်းကြားလေးသည် ဟိုဘက်ရပ်ကွက် ဘရန်နန်လမ်းသို့ ရောက်နိုင်သည်။

ဟယ်ရီသည် မီးပွိုင့်လမ်းဆုံမှ ကားလမ်းကိုဖြတ်ကူးပြီး လမ်းကြားလေးနှင့် မျဉ်းပြိုင်ကျသော "ဆင်ဒွမလမ်း"အတိုင်း ပြေးသွားသည်။

ထို့နောက် ဘရန်နန်လမ်းသို့ ချိုးဝင်သည်။ ဆယ်အိမ်ခန့် အရောက်တွင် လမ်းကြားပေါက်ဝမှ ပြေးထွက်လာသော ဟင်နရီလီအား တွေ့ရသည်။ ဟင်နရီလီသည် ဟယ်ရီ့အား တွေ့သွားသဖြင့် ဆန့်ကျင်ဘက်အရပ်သို့ လှည့်ပြီး ဘရန်နန်လမ်းအတိုင်း ပြေးသွား၏။

ဟယ်ရီက သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်။

ပလက်ဖောင်းပေါ်မှ နှစ်ယောက်သား ဒုန်းစိုင်းပြေးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတ္တမရိပ်သာလမ်း"ထောင့်တွင် စက်ပျက်နေေ
ထရပ်ကားကြီး တစ်စီးကြောင့် လမ်းပိတ်ဆို့မှု ဖြစ်ပေ
မော်တော်ကားများ စုပြုံနေသည်။ မော်တော်ကားဟွန်း
တပွမ်ပွမ် တီးနေကြသည်။ ဟင်နရီလီသည် ပလက်ဖေ
အစွန်းတွင် ရပ်လိုက်ပြီး သူ့ရှေ့ရှိ မော်တော်ကား၏ စ
ပေါ် ဆတ်ခနဲ ခုန်တက်ကာ တစ်ဖန် ခေါင်မိုးပေါ်သို့ 
တက်သည်။

"ဟေ့...ခွေးသား၊ ငါ့ကားခေါင်မိုးပေါ်ကဆင်း"

ယာဉ်မောင်းသမားက အော်သည်။

ဟင်နရီလီသည် ထိုယာဉ်မောင်းကို ဂရုမစို
နောက်ကားတစ်စီး၏ ခေါင်မိုးများပေါ် နင်းရင်း လ
အခြားတစ်ဖက်သို့ အရောက်တွင် ပလက်ဖောင်းပေါ်
ပြီး ဆက်ပြေးပြန်သည်။

ဟယ်ရီသည်လည်း ယာဉ်ကြော ပိတ်ဆို့နေရာ
အရောက်တွင် အခြေအနေကို အကဲခတ်ပြီးနောက် ဟင်န
၏ လမ်းဖြတ်ကူးနည်းအတိုင်း မော်တော်ကား ခေါင်မိုးမျ
နင်း၍ ကူးသွားသည်။ ယာဉ်မောင်းသူများ၏ ဆဲဆိုသံ
မှာ မိုးမွှန်သွား၏။

မီးပွိုင့်ရှိ ယာဉ်ကြောပိတ်ဆို့နေရာ တစ်ဖက်
တံခါးပေါက်တစ်ခုထဲဝင်သွားသော ဟင်နရီလီအား ဟ
တွေ့လိုက်သည်။ ထိုအဆောက်အအုံမှာ အပေါ်စား ဟိုတ
တစ်ခုဖြစ်ကြောင်း ဟယ်ရီသိသည်။ ဟယ်ရီ ဟိုတယ်ထဲ



ပြေးဝင်သွားသည်။ ဧည့်ခန်းမဆောင်မှာ ညစ်ပတ်နံစော်နေ၏။ ဟယ်ရီက ဧည့်ခန်းပတ်လည်ကိုကြည့်သည်။ မည်သူမျှမရှိ။ စားပွဲနောက်၌ ကြောက်လန့်ပြီး ပုန်းနေသော ကြွက်စုတ်လိုလို ဟိုတယ်စာရေးတစ်ဦးသာ ရှိ၏။

"ခုပဲ လူတစ်ယောက် ဒီထဲဝင်လာတယ်၊ သူဘယ်ရောက်သွားလဲ"

ဟယ်ရီက အော်မေးသည်။

စာရေးက ခေါင်းခါပြသည်။

"ကျွန်တော် မပါပါရစေနဲ့"

စာရေးက တောင်းပန်သည်။

ဟယ်ရီသည် သူ့အဖြေကို စောင့်နားထောင်ရန် အချိန်မရှိ။ စိတ်လည်း မရှည်နိုင်။

ဟယ်ရီသည် ကောင်တာတစ်ဖက်ရှိ စာရေးအား အကျီရင်ဘတ်စမှ ဆုပ်ကိုင်ကာ ကြမ်းနှင့်ခြေထောက်လွတ်အောင် ဆွဲမ,ယူပြီး နံရံနှင့် ကျောနှင့် ပစ်ဆောင့်လိုက်သည်။ စာရေးသည် အောင့်သွားသဖြင့် အွန့်ခနဲအော်သည်။

"သူ ဘယ်သွားလဲ ပြောစမ်း"

စာရေးသည် စက္ကန့်အနည်းငယ်အတွင်း နှလုံးရောဂါဖြင့် သေနိုင်သည့် မျက်နှာထားမျိုးဖြစ်နေသည်။

သူက လက်ညှိုးထိုးပြသည်။

"နောက်ဖေးလမ်းကြား၊ သူ နောက်ဖေးလမ်းကြားက လစ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



စာရေးသည် ကြောက်လန့်စွာဖြင့် အော်ဖြေသည်။

ဟယ်ရီသည် စာရေးအား လွှတ်ချလိုက်ရာ အဝတ်စုတ် တစ်ခုလို ဖုတ်ခနဲ ကျသွားသည်။

ဟယ်ရီသည် ဘာမှဆက်မပြော ဂရုမစိုက်အားဘဲ ချာခနဲ လှည့်ကာ စာရေး လက်ညှိုးထိုးပြသော စင်္ကြံလမ်းတိုင်း ပြေးသွားသည်။ နောက်ဖေးတံခါးချပ်သည် ပြန်ပိတ်လုဆဲဆဲ ရှိသည်။ ဟယ်ရီက ထိုတံခါးကို ခြေနှင့်ကန်ဖွင့်ပြီး ထွက်ကြည့် ရာ နောက်ဖေးလမ်းကြားမှ ကွေ့၍ ပြေးထွက်သွားသော ဟင်နရီလီအား တွေ့လိုက်ရသည်။ ဟယ်ရီသည် နောက်ဖေး လမ်းကြားထဲမှ ပြေးလိုက်သွားသည်။

ဟင်နရီလီသည် လမ်းကြားထောင့်ချိုးမှ ထွက်ပြီး အားကုန်ပြေးသည်။ ရှေ့နား၌ သူ့လမ်းကို ပိတ်ထားသော သစ်သားခြံစည်းရိုးကြီးရှိ၏။ ဟင်နရီသည် ခြံစည်းရိုး၏ ထိပ်ဖျားကို ဖမ်းဆွဲကာ ခြေနှင့်ကန်၍ အပေါ်တက်သည်။ ခြံစည်းရိုးထိပ်ပေါ်ရောက်သော် အခြားတစ်ဖက်ရှိ မြေကြီးပေါ် သို့ ခုန်ချပြီး ဆက်လက်ပြေးသည်။

စက္ကန့် အနည်းငယ်မျှအကြာတွင် ဟယ်ရီလည်း ခြံစည်း ရိုးရှေ့ ရောက်လာသည်။

ဟယ်ရီသည် ခြံစည်းရိုးကို ကျော်မတက်ဘဲ မီးရထား စက်ခေါင်းကြီးသဖွယ် ကိုယ်နှင့်ဝင်တိုက်၍ ချိုးဖောက်ထွက် သည်။

ဟယ်ရီ၏ ဦးခေါင်းအထက်နားမှ ကျည်ဆန်တစ်တောင့်



ဖြတ်သွားသည်။ ဟယ်ရီ ခေါင်းငုံ့ပြီး နံရံကို ကျောကပ်လိုက် လေ၏။ ဟင်နရီလီသည် တံခါးပေါက်တစ်ခုနားတွင် နေရာ ယူကာ ခြောက်လုံးပြူးနှင့် လှမ်းပစ်နေခြင်း ဖြစ်သည်။ ဟယ်ရီသည် သူ၏ တွဲ(ဒီ) ကုတ်အင်္ကျီအောက်မှ မဂ္ဂနမ် သေနတ်ကြီးကို ဆွဲထုတ်သည်။

ဟယ်ရီ၏ ဒသမ ၄၄ ပြောင်းရှည် သေနတ်ကြီးကို ဟင်နရီလီ တွေ့သွားသောအခါ ရင်ခုန်သွား၏။

ဟင်နရီလီသည် သူခိုလှုံရာ တံခါးပေါက်၏ လက်ကိုင် ကို သေနတ်နှင့် ပစ်ဖွင့်သည်။ တံခါးချက်နှင့် လက်ကိုင်ဘုတို့ ပြုတ်ထွက်သွားသည်။ တံခါးကို ခြေနှင့် ဆောင့်ကန်ပြီး မှောင်မည်းသော အခန်းထဲ ပြေးသွားသည်။

ဟယ်ရီသည် မဂ္ဂနမ်သေနတ်၏ ခလုတ်ကိုဆွဲလိုက် သည်။ အနည်းငယ် နောက်ကျသွားသည်။ အိမ်ထဲသို့ ဟင်နရီလီ ဝင်သွားပြီ။ ကျည်ဆန်သည် စောစောက ဟင်နရီ လီ၏ ဦးခေါင်းရှိနေခဲ့သော နေရာမှ ဖြတ်သန်းပြီး နောက် ဘက် တံခါးပေါင်ထဲသို့ စိုက်ဝင်သွားသည်။ ဟယ်ရီသည် ကျောမချမ်း ရေရွတ်ပြီး ထိုအိမ်ထဲသို့ ပြေးဝင်သွားသည်။

အိမ်အပေါ်ထပ်မှ ခြေသံများကို ဟယ်ရီကြားရသည်။

ခန်းမ၏ အဆုံးတွင် အပေါ်တက်သော လှေကားကို တွေ့ရသည်။ ဟယ်ရီသည် ခြေတစ်လှမ်း လှေကားသုံးထစ် နှုန်းနှင့် ပြေးတက်သွားသည်။

ခေါင်မိုးရောက်အောင် အတော်သွားရ၏။ မြေညီထပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အထပ်ခြောက်ထပ် ပြေးတက်ရသော ခရီးက သိပ်မလွ
လှ။ ခေါင်မိုးပေါ်ရောက်သောအခါ ဟင်နရီလီ မောဟိုက်
လေပြီ။ တံခါးပေါင်ကိုမှီရပ်ကာ ရင်ကျပ်ပန်းနာ ဝေဒနာ
တစ်ဦးကဲ့သို့ အသက်ရှူနေရသည်။

သူ့နောက်မှ လိုက်လာနေသော ဟယ်ရီ၏ ခြေသံမျာ
ကို ကြားရ၏။

ဒုက္ခပါပဲ။ ဒီမအေပေး လက်မလျှော့သေးပါကလာ

ဟင်နရီလီသည် ပုန်းအောင်းရန် အရာဝတ္ထုတစ်ခု
သို့မဟုတ် နေရာတစ်နေရာကို ရှာဖွေသည်။ ပုန်းကွယ်စရာ
တစ်ခုမျှမတွေ့။ ပုံပျက်ပန်းပျက် စိုက်ထူထားသော ရုပ်မြ
သံကြား "အင်တာနာ" ကြေးနန်းတိုင်အချို့သာရှိသော
ခေါင်မိုးကြီး ဖြစ်သည်။ ရှင်းလင်းနေသည်။ ဤတိုက်ခေါင်မိ
၏ အစွန်းတစ်ဖက်တွင် ကပ်လျက် တိုက်၏ခေါင်မိုးနှစ်ခုကြား
ကွက်လပ်ရှိသော်လည်း မိမိခုန်ကူးနိုင်မည်ဟု ယူဆရသည်။

ယခုအချိန်မှာ ချေးများနေ၍မဖြစ်။

ဟင်နရီလီ ပြေးသွားသည်။

သူသည် ခေါင်မိုးပေါ်၌ ချန်ပီယံပြိုင်မြင်းတစ်ကောင
နယ် ခြေလှမ်းကျဲကြီးများဖြင့် အားရပါးရ ပြေးသွားသည်။

ဟယ်ရီသည် ခေါင်မိုးပေါ်သို့ ဟောဟဲ...ဟောဟဲနှင့်
ရောက်လာသည်။ မိမိနှင့် ပေသုံးဆယ်အကွာ၌ ပြေးလွှားနေ
သော ဟင်နရီလီအား တွေ့သွားသည်။

"ဟော့...ရဲအဖွဲ့က အမိန့်ပေးနေတယ် ရပ်လိုက်"



ဟယ်ရီ၏အသံက ခပ်တိုးတိုးသာ ထွက်၏။

မဂ္ဂနမ်ဖြင့် ပစ်ရန်ချိန်ရွယ်သော်လည်း သူ့လက်က မတည်ငြိမ်သဖြင့် ခလုတ်ကို မဆွဲနိုင်သေး။

တိုက်နှစ်တိုက်၏ ကြားကွက်လပ်နားအရောက်တွင် ဟင်နရီလီသည် သူထင်ထားသည်ထက် အလှမ်းပိုကျယ်နေကြောင်း အံ့ဩစွာ တွေ့ရလေသည်။ အနည်းဆုံး ဆယ့်ရှစ်ပေတော့ ရှိမည်။

ဤမျှအကွာအဝေးကို သူဘယ်လိုမှ ခုန်မကူးနိုင်ပါ။ အောက်သို့ပြုတ်ကျလျှင် ပွဲချင်းပြီး သေဖို့သာ ရှိသည်။ ခြောက်ထပ်တိုက် ခေါင်မိုးပေါ်မှ ပြုတ်ကျ၍ မသေသူမှာ အင်မတန် ကံကောင်းလွန်းသူသာ ဖြစ်မည်။

သို့သော် မိမိ နောက်ကြောင်းပြန်လှည့်၍လည်း မဖြစ်တော့။ အချိန်လည်းမရှိ။

သူ စိတ်တင်း အံကြိတ်ပြီး အားနှင့်ခုန်ကူးသည်။ တစ်ဖက်တိုက်၏ ခေါင်မိုးတွင် နှစ်ပေကျယ်သော အုတ်တန်းတစ်ခု ပတ်လည်ရှိသည်။ ဟင်နရီလီသည် ထိုအုတ်တန်းပေါ်သို့ မှောက်လျက်ကျသွားသည်။ သူ့ခြေနှစ်ချောင်းက လေထဲတွဲလောင်းကျသွားသည်။ သူသည် ခြေနှစ်ချောင်းကိုပါ အပေါ်ရောက်အောင်စာင်ပြီး ခေါင်မိုးပေါ် ပြေးသွားပြန်သည်။

သူ၏ လက်ဖဝါး နှစ်ဖက်စလုံးမှာ ပွတ်တိုက်မှုကြောင့် သွေးယိုနေ၏။ သူသည် ဖုတ်ကောင်တစ်ကောင်ပမာ မိမိ

www.burmeseclassic.com

www.burmeseclassic.com



သွားသောလမ်းကို မမြင်နိုင်တော့ဘဲ မတ်မတ်ကြီး ပြေး
သည်။ သူ ပင်ပန်းနွမ်းနယ်လှပြီ မဟုတ်လား။

ရုပ်မြင်သံကြား အင်တင်နာတိုင်နှင့် ဝုန်းခနဲ ဝင်ဆောင့်
ရာ တိုင်ရော လူပါ လဲကျသွားသည်။ သူ ပြန်ထပြီး ဒယ်
ဒယိုင်နှင့် ဆက်ပြေးသည်။

အခြားတိုက် ခေါင်မိုးပေါ်တွင်ကား ဟယ်ရီသည်
အသက်မှန်မှန် ပြန်ရှုနိုင်ပြီမို့ ပြေးလိုက်လာသည်။ တိုက်နှစ်
ကြားကွက်လပ်သို့ အရောက်တွင် မျက်နှာကြီးမဲ့ပြီး ခုန်ကူး
လိုက်သည်။

တစ်ဖက် ခေါင်မိုးပေါ်သို့ လေးဘက်ထောက်ကျသွား
သည်။ သူ မတ်တတ်ပြန်ထလိုက်မှ ဘောင်းဘီဒူးခေါင်း
နေရာနှင့် ကုတ်အင်္ကျီလက်မောင်းတို့ စုတ်ပြတ်သွားကြောင်း
တွေ့ရသည်။

"ဝတ်စုံတစ်ခုတော့ သွားပြန်ပြီပေါ့"

ဒီအပတ်အတွင်း နှစ်စုံရှိပြီ၊ ဒီနှုန်းအတိုင်းသာဆိုလျှင်
နောက်တစ်လအတွင်း ဟယ်ရီ့ အဝတ်ဗီရိုတွင်း ရှိသမျှဝတ်စုံ
အားလုံး ကုန်သွားလိမ့်မည်။

ဟယ်ရီ မော့ကြည့်လိုက်ရာ ဟင်နရီလီသည် အဝတ်လှန်း
ထားသော ကြိုးတန်းတစ်ခုကို ဝင်တိုးပြီး ဘရာစီယာနှင့်
ပင်တီဘောင်းဘီ တစ်ထည်တို့ သူ့ကိုယ်ပေါ်ချိတ်၍ ပါသွား
သည်ကို တွေ့ရသည်။ ဟယ်ရီက မဂ္ဂနမ်သေနတ်ကိုမြှောက်
၍ ချိန်ပြီး အော်လိုက်သည်။



"ဟော့ကောင် ရပ်လိုက်"

ဟင်နရီလီက ဆက်ပြေးနေသည်။

ဟယ်ရီက တစ်စက္ကန့်မျှစောင့်ပြီး ခလုတ်ဆွဲသည်။
နမ်ခြောက်လုံးပြူးကြီးသည် ဟယ်ရီ့လက်ထဲ၌ လှုပ်ခါသွား
ပြီး ၎င်းအသံက ခေါင်မိုးပေါ်၌ ပဲ့တင်ဟိန်းသွားသည်။

ကျည်ဆန်သည် ဟင်နရီလီ၏ရှေ့ ပေအနည်းငယ်
အကွာရှိ ခေါင်မိုးအပိုင်းအစအချို့ကို ဖွဲ့ထုတ်ပစ်လိုက်၏။

လူမည်းကြီးသည် အရှိန်သတ်ပြီး ညာဘက်သို့ချိုးသည်။

ဟယ်ရီက သေနတ်နှင့် သေသေချာချာချိန်ကာ ထပ်မံ
ပစ်သည်။ ကျည်ဆန်သည် ဟင်နရီလီ၏ နားရွက်နားမှ
ဖြတ်သွားသည်။ ဟင်နရီလီ လန့်ဖျပ်အော်ပြီး ခြေလှမ်းပျက်ကာ
ဆောင်းနေသော ခေါင်မိုးတစ်ခုပေါ်မှ လျှောကျသွားသည်။
ဟင်နရီလီသည် ဟယ်ရီ၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွား
သည်။ ဟင်နရီလီသည် ခြေကုပ်ရနိုင်မည့်နေရာကို ကယောင်
ကတမ်း လိုက်ရှာဖွေရင်း ၎င်းခေါင်မိုးပေါ်မှလျှော၍ ခေါင်မိုး
မျက်နှာကြက်တွင် အလင်းရောင်ဝင်နိုင်ရန် တပ်ဆင်ထားသော
မှန်ချပ်ကြီးပေါ်သို့ "အားခနဲ"အော်ရင်း ပြုတ်ကျသွားသည်။

ဟင်နရီလီသည် နူးညံ့ပျော့အိသော အရာဝတ္ထုတစ်ခုပေါ်
ဘုတ်ခနဲ ပြုတ်ကျလာခြင်းဖြစ်ကြောင်း သတိပြုမိသည်။

"ဘာဖြစ်တာလဲ"

အသံတစ်ခု ကြားရသဖြင့် ဟင်နရီလီ ဘေးလှိမ့်ထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ရာ အဝတ်ဗလာနှင့် ကောင်မလေးတစ်ယောက် ဝေါ်သို့ လိမ့်ကျလာခြင်းဖြစ်မှန်း ရိပ်မိ၏။

"ရှင့် ခြေထောက်ကြီး ကျွန်မမျက်နှာနားက ဖယ်ပေးစမ်း" အိမ်ထဲရှိ အခြားယောကျ်ားတစ်ယောက်နှင့် မိန်းမနှစ်ယောက်တို့က ကပွလီကြီးအား ကြောင်၍ကြည့်နေကြသည်။

"ခင်ဗျား ဘာလုပ်တာလဲ၊ ရှင်းပြစမ်းပါဦး"

၁၆ မမ ရုပ်ရှင်ကင်မရာတစ်လုံးနှင့် အနီးဆုံးရပ်နေသောလူက မေးသည်။ ထိုလူသည် မိန်းမလျာတစ်ဦး ဖြစ်ပုံရ၏။

"အလကား တဏှာရူးကြီး၊ ရှင့်ကြောင့် ကျွန်မ တံ့ကောင်းလို့ ဇက်မကျိုးတာ"

ကောင်မလေးက ဟင်နရီလီအား အော်လိုက်သည်။

ဟင်နရီလီသည် သူတို့အားလုံးကို မျက်လုံးပြူးလျက် ကြည့်နေသည်။ ယခုဖြစ်ရပ်သည် အိပ်မက်လား၊ တကယ်လား။ သူက သူတို့တွေကို သေနတ်နှင့် ချိန်လိုက်သည်။

"ငါ့ကို လမ်းဖယ်ပေးကြစမ်း"

ကောင်မလေးက လန့်အော်သည်။

"သူ့မှာ သေနတ်ပါတယ် သတိထားကြ"

"ဟယ်...ဘုရား ဘုရား"

မိန်းမလျာနှင့်တူသောလူက ရေရွတ်လိုက်၏။

ဟင်နရီလီသည် ဒယီးဒယိုင်နှင့် မတ်တတ်ထပြီး အခန်းထဲမှလူများကို တွန်းဖယ်ရင်း ထွက်ပြေးသွားသည်။ ကင်မရာမှာ သုံးချောင်းထောက်နှင့်အတူ လဲကျသွား၏။ ဟင်နရီလီ



သည် တံခါးကိုတွန်းဖွင့်ပြီး မှောင်မည်းသော စင်္ကြံလမ်းတစ်လျှောက် ပြေးသွားသည်။

"သောက်ရူး သောက်ပေါကြီး"

မိန်းမလျာလိုလူက ကင်မရာနား ကုန်းရပ်ရင်း ပြောသည်။

"ဟော နောက်တစ်ယောက်လာပြန်ပြီ"

ကောင်မလေး အော်လိုက်ပြန်၏။

မဂ္ဂနမ်သေနတ်ကိုင်လျက် မျက်နှာကြက် မှန်ပြတင်းပေါက် အကွဲကြီးမှ ခုန်ဆင်းလာသော ဟယ်ရီအား ရုပ်ရှင်အဖွဲ့သားများ ပြိုင်တူ လှည့်ကြည့်ကြသည်။

"သူ့မှာလည်း သေနတ်ပါတယ်"

ကောင်မလေးက သွေးရူးသွေးတန်းအော်သည်။

မိန်းမလျာလိုလူကလည်း ကင်မရာကို ကပျာကယာကောက်ယူပြီး သူ့ရင်ဘတ်ပေါ် ဖိကပ်ထားလိုက်သည်။

"ဘာလုပ်ကြတာလဲဆိုတာ ရှင်းပြပါဦး မိတ်ဆွေရယ်"

သူက ဟယ်ရီ့အား တောင်းဆိုသည်။

"ကျုပ် ရဲအဖွဲ့ကပါ"

ဟယ်ရီက ပြောသည်။

"ဟာ...ဒုက္ခပဲ၊ ကျွန်တော်တို့ကို လာဖမ်းတာပေါ့"

မိန်းမလျာသည် မျက်လုံးပြူးလျက် ညည်းတွားလိုက်သည်။ ဟယ်ရီသည် အဝတ်ဗလာနှင့်လူအား ဘုကြည့်ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ဘောင်းဘီကောက်ဝတ်ထားစမ်း"

ထို့နောက် ဟယ်ရီသည် ဘာမှဆက်မပြောဘဲ ထိုလူအား တွန်းထုတ်၍ တံခါးပေါက်မှ ပြေးထွက်သွားသည်။

စင်္ကြံလမ်းအဆုံးတွင် ဟင်နရီလီ ဝင်သွားပြီးနောက် တံခါးပိတ်လိုက်ပြီဖြစ်သော ဓာတ်လှေကားကို တွေ့လိုက်ရ၏။ ဟယ်ရီက ရပ်ပြီး ဒသမ ၄၄ မဂ္ဂနမ်ကို မြှောက်၍ကိုင်ကာ နှစ်ချက်ပစ်သည်။

"ဒိုင်း.... ဒိုင်း"

ကျည်ဆန်များသည် ဓာတ်လှေကားတံခါးကို ဖောက်ထွင်းကာ ဟင်နရီလီ၏ ဦးခေါင်းနားမှဖြတ်၍ ဖောက်ထွက်ပြီး ဓာတ်လှေကားရှိသည့် လိုဏ်ခေါင်းကွန်ကရစ်နံရံမှ ပြန်၍ ကန်ထွက်သွားလေသည်။

ဟယ်ရီသည် ဓာတ်လှေကားတံခါးချပ်ဆီသွားပြီး တံခါးနှစ်ချပ်ဆက်စပ်သည့် ကြားပေါက်ကလေးထဲသို့ လက်ချောင်းများသွင်း၍ ဆွဲဖွင့်သည်။ ဖွင့်၍ မရနိုင်ပေ။ တံခါးပေါက်အပေါ်မှ အထပ်များကို ညွှန်ပြသော မီးလုံးလေးများကို သူမော့ကြည့်သည်။ ဓာတ်လှေကားသည် အောက်သို့ ဆင်းသွားလျက်ရှိ၏။

ဆဋ္ဌမထပ်၊ ပဉ္စမထပ်၊ စတုတ္ထထပ်။

ဟယ်ရီသည် ပတ်ဝန်းကျင်ကို အကဲခတ်ရာ အောက်ဆင်းသော လှေကားတစ်ခုကို တွေ့သဖြင့် လှေကားလေးငါး



ထစ်လျှင် ခြေတစ်လှမ်းနှုန်းဖြင့် ဒုန်းစိုင်း၍ ဆင်းချသွားလေသည်။

ဓာတ်လှေကားထဲတွင်ကား ဟင်နရီသည် ဓာတ်လှေကား ဖြတ်သန်း ဆင်းချလာခဲ့သော တိုက်၏အထပ်များ ညွှန်ပြသည့် ဂဏန်းများကိုကြည့်ရင်း သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်နေသော တစ္ဆတ်ထိုး ရှုးပေါ်ပေါ် ပုလိပ်နှင့် ပက်ပင်း တိုးရပါစေနှင့် မျှော်လင့်ရင်း ရင်ထဲကြိတ်၍ ဆုတောင်းနေလေသည်။

တတိယထပ်၊ ဒုတိယထပ်၊ ပထမထပ်။

တံခါးများ ဝုန်းခနဲ ပွင့်သွား၏။

ပထမထပ်မှ အဘွားကြီးနှစ်ယောက်သည် ဓာတ်လှေကားစီးရန် စောင့်နေကြသည်။

"ဘေးဖယ်စမ်း အဘွားကြီး"

ဟင်နရီလီသည် အဘွားကြီးတစ်ယောက်အား အမှိုက်ပုံးတစ်လုံးသဖွယ် အားကုန် ခဲဆောင့်တွန်းထုတ်လိုက်သည်။ သူသည် တိုက်ကြီး၏ ဧည့်ခန်းမဆောင်ထဲသို့ ပြေးဝင်သွားသည်။ ပုလိပ်ကို ရှာမတွေ့သေး။

ထိုအခိုက် ဓာတ်လှေကား လိုဏ်ခေါင်းကိုပတ်၍ တည်ဆောက်ထားသော လှေကားကိုတွေ့သည်။ အောက်ဆင်းလာသော ခြေသံများကို ကြားရသည်။

အို ...ဘုရား၊ ဘုရား၊ သူလိုက်လာနေတုန်းပါပဲလား။

www.burmeseclassic.com



လှေကားအဝသို့ ဟယ်ရီထွက်လာသည်နှင့် ဟင်နရီလီက သေနတ်နှင့် လှမ်းပစ်သည်။

ကျည်ဆန်သည် ဟယ်ရီနှင့် သီသီလေး လွဲသွား၏။ ဟယ်ရီသည် ကိုယ်ကိုဝပ်ချ၍ လှေကားနောက်သို့ ပြန်ဝင်လိုက်ရသည်။ ဟင်နရီလီသည် နောက်တစ်ချက် ထပ်ပစ်သည်။ လိုရမည်ရသဘော ဆိုပါစို့။

ထိုနောက် သူတံခါးပေါက်မှ ပြေးထွက်သွားသည်။

ထွက်ပြေးသွားသော ခြေသံများကို ကြားရသောအခါ ဟယ်ရီသည် လှေကားအိမ်မှ ပြန်ထွက်လာသည်။ ဟင်နရီလီကား မရှိတော့ပေ။ ဟယ်ရီသည် တံခါးကို ဝုန်းခနဲ တွန်းဖွင့်လိုက်ရာ နောက်ဖေးလမ်းကြားတစ်ခုကို တွေ့ရ၏။

ဟယ်ရီ ထိုလမ်းကြားအတိုင်း အားကုန်စိုက်၍ ပြေးသွားသည်။ ဟယ်ရီ အတော်အားကုန်နေပြီမို့ မှန်းသလောက် ခရီးမရောက်ပေ။

ကပ္ပလီကြီးသည် ဂိုတ်တံခါးတစ်ခုကို ခြေနှင့်ကန်ဖွင့်ပြီး ဟယ်ရီ့မြင်ကွင်းမှ ထပ်မံ ပျောက်ကွယ်သွားပြန်လေ၏။ ထိုဂိုတ်မှထွက်သော် အုတ်တိုက်နီကြီးတစ်ခု၏ နောက်ဖေးကွက်လပ်တစ်ခုသို့ ရောက်နိုင်ကြောင်း ဟယ်ရီတွေ့ရ၏။ လူမည်းကြီးအား အစအနပင် မပြင်ရ။ ၎င်းဝင်စရာနေရာ တစ်ပေါက်သာရှိသည်။ ယင်းကား အဆိုပါအုတ်တိုက်နီကြီး၏ နောက်ဖေးတံခါးပေါက်ပင် ဖြစ်၏။ ဤကွက်လပ်တစ်ခုလုံး၌ အခြားထွက်ပေါက် တစ်ခုမျှမရှိ။ အသေပိတ်ထား၏။



တောင်ပတ်လည်ရှိ အုတ်တံတိုင်းကြီးများမှာ မြင့်မားလွန်းသဖြင့် ကျော်တက်ရန် မလွယ်။

ဟယ်ရီသည် အုတ်တိုက်ကြီး၏ တံခါးပေါက်ကို ဖွင့်ကြည့်ရာ သော့ခတ်ထားကြောင်း တွေ့ရသည်။ ဟယ်ရီသည် အားယူပြီး ခြေနှင့်ကန်ဖွင့်သည်။ တံခါးပွင့်ပွင့်ချင်း ရှေ့မှပြေးနေသော ဟင်နရီလီအား လှမ်းမြင်ရသည်။

“ရပ်လိုက်”

ဟယ်ရီက အော်သည်။

ဟင်နရီလီသည် ချာခနဲ နောက်ပြန်လှည့်ပြီး သူ့ခြောက်လုံးပြူးဖြင့် ချိန်၍ လှမ်းပစ်သည်။ ဘာမှမဖြစ်၊ အသံမထွက်။ သူ့မှာ ကျည်ဆန်ကုန်ပြီ။ သူက ဟယ်ရီ့အား သေနတ်နှင့် လှမ်းပေါက်သည်။ သေနတ်သည်ဟယ်ရီ့ကိုမထိ၊ နံရံကိုထိပြီး အောက်ကျသွားသည်။ ဟယ်ရီက ပြေးရင်းနှင့် ဟင်နရီထံ ခုန်အုပ်သည်။ နှစ်ယောက်သား စင်္ကြံလမ်း၏ အဆုံးရှိ တံခါးဝ၌ ခင်းထားသော ကော်ဇောချပ် နီနီကြီးပေါ် လျှောသွားကြသည်။ ဟင်နရီလီသည် ဟယ်ရီ့လက်မှ အလွတ်ရုန်းထွက်ရန် ကြံသည်။ သို့သော် ဟယ်ရီက သူ့ကို အတင်းအဓမ္မ ချုပ်ထားလိုက်ပြီးနောက် မျက်နှာကို မဂ္ဂနမ်သေနတ်ပြောင်းဝ ဆော့ကပ်ထားလိုက်သည်။

“ကဲ... မာရသွန်အပြေးသမားကြီး၊ မင်း ကျည်ဆန်ချိမချရင်တော့ ဆက်ပြေးဖို့ မကြိုးစားနဲ့တော့”

www.burmeseclassic.com



ဟယ်ရီသည် အသက်မှန်မှန် မရှူနိုင်သေးဘဲ လေသံမှုန်းမှုန်းကလေးဖြင့် ပြောလိုက်သည်။

ဆက်လက်၍ ရှန်းကန်ထွက်ပြေးရန် မလွယ်တော့ကြောင်း ရိပ်မိသည့်အလျောက် ဟင်နရီလီသည် လက်လျှော့အရှုံးပေးလိုက်လေသည်။ ဟယ်ရီက ၎င်းအား တစ်ဖက်သို့လိမ့်ချပြီး လက်နှစ်ဖက်ကို နောက်သို့ဆွဲယူကာ လက်ထိတ်ခတ်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဒါဘာလုပ်တာလဲ"

ဟယ်ရီ၏ ကျောဘက်မှ ကျယ်လောင်သော အသံကြီးတစ်ခု ထွက်ပေါ်လာသည်။

ဟယ်ရီက လှည့်ကြည့်သည်။ ဘုန်းကြီးတစ်ပါး ခပ်သုတ်သုတ် ပြေးလာနေသည်။ ဟယ်ရီသည် အံ့အားသင့်စွာဖြင့် မိမိရောက်ရှိနေရာ ပတ်ဝန်းကျင်ကို ပထမဆုံးအကြိမ် အကဲခတ်လေ့လာမိ၏။ လက်စသတ်တော့ ကက်သလစ်ဘုရားရှိခိုးကျောင်းငယ် တစ်ခုအတွင်းသို့ ရောက်ရှိနေပါကလား။

"ကျွန်တော်တို့ ဘယ်ရောက်နေပါလိမ့်"

ဟယ်ရီက ဟင်နရီလီအား မတ်တတ်ထရန် ဆွဲထူရင်း ရေရွတ်လိုက်သည်။

ကျုပ်က ဖာသာဂျွန်ဗော့(စ်)ပါ၊ ခင်ဗျားတို့ ကျုပ်ရဲ့ စိန့်အမ်ဘရို့(စ်) ဘုရားရှိခိုးကျောင်းထဲ ရောက်နေကြတယ်လေ၊ ခင်ဗျားတို့ ဘာလုပ်တာလဲ၊ ပြောစမ်းပါဦး"



ဖာသာဂျွန်ဗော့(စ်)သည် အသက်သုံးဆယ်ခန့်ရှိ ဆံပင်ကောက်ကောက်၊ နှုတ်ခမ်းမွေး ထူထူနှင့် လူငယ်တစ်ဦး ဖြစ်သည်။

"ကျွန်တော်က ရဲအဖွဲ့ဝင် တစ်ဦးပါ။ ဟောဒီလူကို ဗဟိုတရားရုံးချုပ်မှာ ဗုံးဖောက်ခွဲမှုနဲ့ပတ်သက်ပြီး လိုက်ဖမ်းဆီးရတာပါ"

"သူ ညာပြောတာ ဖာသာ၊ ကျွန်တော်ဘာမှ မလုပ်ပါဘူး၊ သူကျွန်တော့်ကို တမင်သက်သက် လိုက်ရန်ရှာတာပါ"

ဟင်နရီလီက ဘုန်းကြီး ဗော့(စ်)အား လှမ်းပြောရင်း ဟယ်ရီ၏ ချုပ်နှောင်မှုမှ ရုန်းထွက်သည်။ သို့သော် ဟယ်ရီက ၎င်းအား လက်မောင်းနှစ်ဖက်မှ ချုပ်ထားလိုက်၏။

"ဟော့လူ ...ကျုပ်လက်မောင်း ကျိုးသွားလိမ့်မယ်ဗျ"

ဟင်နရီလီက ထပ်မံရုန်းထွက်ပြန်၏။

"ခင်ဗျားရဲ့ မှတ်ပုံတင် ကြည့်ပါရစေ"

ဖာသာဗော့(စ်)က တောင်းဆိုသည်။

ဟယ်ရီသည် တရားခံအား မနည်းထိန်းချုပ်ထားရသဖြင့် သက်နှစ်ဖက်လုံး မအားသေးပေ။

"မောင်ရင်ရဲ့ မှတ်ပုံတင် သက်သေခံကတ်ပြား တစ်ခုခု ကျုပ်ကြည့်ပါရစေ"

ဖာသာဘော့(စ်)က ထပ်ပြောသည်။

"ဖာသာ၊ ဟောဒီငနဲကို ကျွန်တော် လွှတ်လိုက်ရင် သူ ထွက်ပြေးသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟင်နရီလီက ဟယ်ရီ၏ဗိုက်ကို တံတောင်ဆစ်ဖြင့် တွက်လိုက်သည်။

"ခင်ဗျား မှတ်ပုံတင် ကျုပ်ကို ပြမလား၊ မပြဘူးလား ပြော"

ဖာသာဖော့(စ်)က ခပ်မာမာ တောင်းဆိုသည်။

"ကောင်းပါပြီ ဖာသာ၊ ကျွန်တော်ပြပါ့မယ်"

ဟယ်ရီသည် မဂ္ဂနမ်သေနတ်ကိုမြှောက်ရင်း ဟင်နရီ အား ကျောပေးအောင် ဆွဲလှည့်လိုက်ပြီး နောက်ကျော သေနတ်ဒင်နှင့် ထုချလိုက်သည်။

ဟင်နရီလီသည် ရဲဒင်းနှင့် အခုတ်ခံရသော ... တစ်ကောင်လို ခွေကျသွားသည်။

ဟယ်ရီသည် ကုတ်အင်္ကျီထဲမှ ကြယ်ပုံသဏ္ဍာန် ... ထောက်အဖွဲ့ဝင် ရင်ထိုးတံဆိပ်လေးကို နှိုက်ယူပြသည်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

ဖာသာဖော့(စ်)က မေးသည်။

"ကယ်လဟန်၊ ရဲစုံထောက် ဟယ်ရီကယ်လဟန်ပါ"

"အင်း ကယ်လဟန်ရေ မောင်ရင်ဟာ ဟောဒီမြို့ ... ကျက်သရေယုတ်စေတဲ့ လူတစ်ယောက်ပေပဲ"

ထိုအခိုက် ဘုရားရှိခိုးကျောင်း၏ ရှေ့တံခါးချပ်ကြီး ... ဝုန်းကနဲပွင့်သွားပြီး မောဟိုက်နေသော ပုံပျက်ပန်းပျက်ဖြစ်နေ သော ရဲစုံထောက်လက်သစ် ကီတ်မိုး(ရ်) သေနတ်ကိုင်လျက် ဝင်လာသည်။



"ကိုင်း ဘယ်သူမှ မလှုပ်နဲ့" သူမက အော်သည်။

ဟယ်ရီက သူမအား မျက်စောင်းခဲရင်း ခေါင်းကိုယမ်း လိုက်သည်။

"အင်မတန် အားကိုးရပါပေတယ်"ဟု ဟယ်ရီက စိတ်ဓာတ်ကျစွာဖြင့် တစ်ယောက်တည်း ရေရွတ်လိုက် လေသည်။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

လူသတ်မှုစုံစမ်းရေးဌာနခွဲ ရုံးခန်းအတွင်းသို့ ဟယ်ရီ ဝင်လာသောအခါ ကင်ချူးသည် စစ်ဆေးမေးမြန်းရေး အခန်း ထဲမှ ထွက်လာသည်ကို တွေ့ရ၏။

"အခြေအနေ ဘယ်လိုလဲ"

ဟယ်ရီက မေးသည်။

"သူ့အိမ်က အဝတ်ဗီရိုကြီးထဲမှာ ဒိုင်းနမိုက်သေတ္တာ တစ်လုံးတွေ့တယ်၊ နှစ်လုံးပြူးနှစ်လက်နဲ့ အေအာ(ရ်)-၁၅ ရိုင်ဖယ်တစ်လက်လည်း တွေ့တယ်၊ အခိုးခံရတဲ့ အေအာ(ရ်)-၁၅ နံပါတ် အတူတူဖြစ်နေတယ်"

"ဒီကောင့်ကိုရော မေးလို့ရရဲ့လား"

ချူးက ပခုံးတွန့်ပြသည်။

"ဒီကောင် "ရေငုံ့"နေတယ်၊ ကျွန်တော်တို့ပြောတာ သူ တစ်ခုမှ နားမလည်ချင်ယောင် ဆောင်နေတယ်၊ ဒိုင်းနမိုက်



ကိစ္စလည်း သူဘာမှမသိဘူးတဲ့။ထုံးစံအတိုင်းပေါ့ဗျာ။ ဒီကောင် လူမှုဆက်ဆံရေး ညံ့ဖျင်းတဲ့ကောင်ပဲ"

ဟယ်ရီသည် စစ်ဆေးမေးမြန်းရေး အခန်းထဲသို့ ဝင်သွားလေသည်။ ဟင်နရီလီကယ်(လ်)ဝဲ(လ်) အမည်ရှိ လူမည်းကြီးအား ဖမ်းချုပ်ထားပြီး ရစ်(ချ်)အင်ဒါဆင်နှင့် အခြားအဆောက်တစ်ဦးဖြစ်သော "ဂျိုးဖြူရစ်(ဂ်)"တို့က စစ်ဆေးလျက် ရှိသည်။ ဖြူရစ်(ဂ်)သည် ကိုယ်လုံးထွားကျိုင်းပြီး အောက်ဘက် မျက်ခွံအိတ်ကြီးများ တွဲကျနေသည့်လူ ဖြစ်သည်။ ဟယ်ရီက သူတို့နှစ်ဦးစလုံးကို ခေါင်းညိတ်ပြ နှုတ်ဆက်ပြီး ခင်ထိုင်နားထောင်သည်။

"မင်း ဒိုင်းနမိုက် ဘယ်ကရသလဲ"

အင်ဒါဆင်က မေးသည်။

"ဘာ ဒိုင်းနမိုက်လဲ၊ ခင်ဗျားတို့ကို ကျုပ် ဘယ်နှစ်ခါ ပြောရမလဲ၊ ဘာ ဒိုင်းနမိုက်မှ မသိပါဘူးဆိုမှဘဲ"

"မင်း ညာပြောနေတာ၊ မင်း ညာပြောမှန်း ငါတို့ သိတယ်၊ ဒီတော့ မင်း ဆက်ပြီး မညာချင်နဲ့တော့"

"ကျုပ် မညာပါဘူး၊ ခင်ဗျားတို့ ကျုပ်ကို သက်သက် ဒုက္ခပေးချင်ရတာလဲဗျာ" ညှဉ်းဆဲနေတာပဲ၊ ကျုပ်ကို ဘာလို့ ဒုက္ခပေးချင်ရတာလဲဗျာ"

ဟင်နရီလီ၏ မျက်နှာမှာ ချွေးပြန်နေသည်။

"ငါတို့ သိချင်တာတွေ ရှိလို့ပေါ့ကွ၊ ဆိပ်ကမ်းတံတား အမှတ် (၅၀)က ဖောက်ထွင်းမှု အကြောင်းမျိုးပေါ့၊ အဲဒီ အမှုမှာ မင်းနဲ့အတူ အခြား ဘယ်သူတွေ ပါသေးလဲ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ငါတို့သိတယ်၊ သူတို့တွေရဲ့နာမည်တွေ မင်း ပြောပြစမ်း”

ဟင်နရီလီသည် တုန်ယင်စွာဖြင့် ရယ်လိုက်သည်။

“ခင်ဗျားတို့ ဘာတွေလာပြောနေတာလဲ၊ ကျုပ် ဘယ်ဖောက်ထွင်းမှုကိုမှ မသိဘူးဗျ၊ ကျုပ်နဲ့လည်း ဘာမှမဆိုင်ဘူး”

“အဲဒီ ဖောက်ထွင်းမှုမှာ လူသုံးယောက်တောင် သေသွားတယ် ရဲဘော်၊ အစောင့်တစ်ယောက်နဲ့ ရဲနှစ်ယောက်၊ အဲဒီတစ်ဦးချင်း သေဆုံးမှုဟာ လူသတ်မှု ပထမဒီဂရီအရ သီးခြားစီ အပြစ်ဒဏ် ချမှတ်ပေးလို့ရတယ်၊ ဟောဒီပြည်နယ်မှာ ရဲတွေကိုသတ်ရင် သေဒဏ်ပေးတယ်ဆိုတာ သိရဲ့လား”

ဟင်နရီလီသည် တံတွေးမျိုချပြီး စုံထောက်နှစ်ဦးအား မျက်နှာလွှဲလိုက်လေသည်။

“ဘာလဲ၊ ဒီအမှုတွေအားလုံးအတွက် မင်းတစ်ယောက်တည်း တရားခံဖြစ်ချင်လို့လား၊ အဲဒါဆို မင်း မလွယ်ဘူးနော်၊ မင်း ငါတို့ကို ကူညီမယ်၊ တခြားတရားခံတွေရဲ့ နာမည်တွေကို မင်းဖွင့်ပြောမယ်ဆိုရင်တော့ ငါတို့ ခရိုင်ရှေ့နေနဲ့ တရားသူကြီးကို ပြောပေးလို့ရ...”

“သွားသေလိုက်၊ ခင်ဗျားတို့ ပုလိပ်တွေကို ကျုပ် မကြောက်ဘူး၊ ခင်ဗျားတို့ သိပ်လည်လှပြီပေါ့။ ခင်ဗျားတို့ ထင်သလောက် မလည်သေးပါဘူး၊ ဒီကိစ္စ မပြီးပြတ်ခင်မှာ ကျုပ်က ငှက်တစ်ကောင်လို လွတ်လွတ်လပ်လပ် သွားလာခွင့်ရမှာပါ၊ ကျုပ်ရဲ့ အပေါင်းအသင်းတွေက ကျုပ်ကို ဒီမှာ



ထားခဲ့မထားကြပါဘူး၊ ဘာလဲ ကျုပ်ကို လူသတ်မှုနဲ့ စွဲချက်တင်မလို့လား၊ လုပ်လေ...ရပါတယ်၊ ကြိုက်သလိုလုပ်၊ ကျုပ်ဂရုမစိုက်ပါဘူး”

ဟယ်ရီက ဖြည်းညင်းစွာ မတ်တတ်ထလိုက်သည်။

“မင်းမှာ တို့အတွက် အဖြေအားလုံးရှိတယ် မဟုတ်လား”

“သွားသေလိုက်”

ဟင်နရီလီက ဟယ်ရီ၏ ကြီးမားသော ကိုယ်လုံးကြီးကို စိတ်မသက်မသာဖြင့် ကြည့်သည်။

“မင်းဟာ ကောလိပ်ကျောင်းသားတစ်ယောက်လို စကားပြော ကောင်းသားပဲကွ”

ဟယ်ရီသည် ဟင်နရီလီ၏ ထိုင်ခုံဘောင်သို့ သူ့ကုလားထိုင်ကို ဆွဲကပ်လိုက်ပြီး ထိုင်ချသည်။ ဟယ်ရီ အသက်ရှူရာမှ ထွက်နေသော အခိုးအငွေ့များသည် ဟင်နရီလီ၏ မျက်နှာဆီသို့ လာထိနေ၏။

“ဒီမှာ နားထောင်စမ်းမအေပေး၊ မင်းသတ်ပစ်ခဲ့တဲ့ ရဲနှစ်ယောက်ဟာ ငါ့အသိတွေပဲ၊ အဲဒီထဲက တစ်ယောက်ဆိုရင် ငါ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်တယ်၊ နှစ်ပေါင်းများစွာကတည်းက ပေါင်းခဲ့ကြတာ”

ဟယ်ရီက ပြုံးပြီး ဟင်နရီလီ၏ ပခုံးကို လက်မောင်းတစ်ဖက်ဖြင့် သိုင်းဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခု ငါပြောချင်တာက မင်းကို ကူညီခဲ့တဲ့ကောင်တွေဟာ ဘယ်သူတွေလဲဆိုတာ ငါ့ကို မပြောပြရင် မင်း ဖင်က မစင်တွေ ထွက်ကုန်တဲ့အထိ ငါ မင်းကိုယ်ပေါ် တက်ခုန်ရလိမ့်မယ်။ ငါပြောတာ ကြားလား"

"ခင်ဗျား ကျုပ်ကို ဘာမှလုပ်လို့မရပါဘူး၊ ကျုပ်မှာ ရပိုင်ခွင့်တွေရှိတယ်"

ဟင်နရီလီသည် မာန်မလျှော့သေးသော်လည်း အတော်လေး စိုးရိမ်ကြောက်လန့်နေလေပြီ။

"ရပိုင်ခွင့် ဟုတ်လား၊ ငါ ဒီဝေါဟာရ မကြားဖူးသေးဘူးကွ၊ ငါ လုံးဝနားမလည်ဘူး၊ မင်းကို ငါ တစ်ခုပြောပြဦးမယ်။ မင်း အခု အဖမ်းခံရာက လွတ်သွားပေမယ့်လည်း ငါကတော့ ရှိနေဦးမှာပဲ၊ မင်း ဘယ်သွားသွား ငါ မင်းကို လိုက်ရှာမှာပဲ၊ အဲ...ငါ ရှာဖွေတဲ့အခါကျရင် မင်းလည်ချောင်းထဲ သေနတ်ပြောင်းကြီး ထိုးသွင်းပြီး မင်းဦးနှောက်တွေကို ဖောက်ထုတ်ပစ်မယ်၊ မင်းကို ငါ ရှင်းပစ်ပြီးတဲ့အခါကျမှ မင်းရဲ့အလောင်းက အကြွင်းအကျန် အပိုင်းအစတွေကို သူတို့က ရော်ဘာအိတ်ထဲ ကောက်ထည့်ပြီး သင်္ဂြိုဟ်ပေးကြလိမ့်မယ်"

ဟယ်ရီက ခပ်တိုးတိုး ပြောလိုက်သည်။

"ကျုပ်ကိုပြန်လွှတ်ပေး၊ ခင်ဗျားတို့ ကျုပ်ကိုမခြောက်ပါနဲ့"

ဟင်နရီလီသည် ဟယ်ရီ့အနားမှ အနည်းငယ်ဆုတ်ခွာရန် ကြိုးစားသည်။



ဟယ်ရီက သူ့အား ဆုတ်ခွင့်မပေးချေ။

"ကဲ...မင်း ငါတို့ကိုကူညီပါ၊ မင်း ဒိုင်းနမိုက်တွေ ဘယ်ကရသလဲ ပြောစမ်း"

"ကျုပ် မသိဘူး"

ဟယ်ရီက အံကြိတ်လိုက်သည်။

"ဩော်...ဟုတ်လား၊ မင်းအဖြေက ရှင်းသားပဲ"

ဟယ်ရီသည် ရုတ်တရက်ပင် ဟင်နရီလီ၏ ကုလားထိုင်ခြေထောက် တစ်ချောင်းကို သူ့ခြေထောက်နှင့် ချိတ်ဆွဲယူလိုက်သည်။ ကုလားထိုင် လဲကျသွားသည်။ ဟယ်ရီသည် ဟင်နရီလီ၏ လည်ပင်းကို ဖမ်းကိုင်ပြီး နံရံနှင့် ဖမ်းဆောင့်လိုက်သည်။

"မင်း ဒိုင်းနမိုက် ဘယ်ကရလဲ"

"ကျုပ် ဘာမှမသိဘူး"

ဟယ်ရီက ဟင်နရီလီ၏ခေါင်းကို နံရံနှင့် ခပ်ပြင်းပြင်းဆောင့်လိုက်ပြန်၏။ နံရံမှ ပလတ်စတာစများ ကွာကျပြီး အနည်းငယ် ချိုင့်သွား၏။

"ဒိုင်းနမိုက်တွေ ဘယ်ကရလဲ၊ ပြောစမ်း သူတောင်းစား"

"ကယ်ကြပါဦးဗျို့"

ဟယ်ရီသည် ဟင်နရီလီအား ခေါင်းနှင့်နံရံ ခပ်မှန်မှန်ဆောင့်ပေးလျက် ရှိလေပြီ။ အင်ဒါဆင်နှင့် ဖြူရက်(ဂ်)တို့ ထ,လာပြီး ဟယ်ရီအား ဝိုင်းဆွဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ဟယ်ရီ၊ သူ သေသွားဦးမယ်"

"သူတို့ ဘယ်သူတွေလဲ ပြောစမ်း"

"ဒိန်း...ဒိန်း၊ ခွပ်...ခွပ်"

"ဘယ်သူတွေလဲကွ"

"ခွပ်...ခွပ်"

အခန်းတံခါး ဝုန်းခနဲပွင့်လာပြီး နံရံနှင့် ပြန်ရိုက်မိ၏။

"ဘာဖြစ်နေကြတာလဲကွ ဟော..."

ဒု-ရဲမှူး ဘရက်ဆလာက မေးသည်။

ဟယ်ရီက ဟင်နရီလီ၏ ဦးခေါင်းကို ပြန်လွှတ်လိုက်သည်။

သူက ဘရက်ဆလာအား ပခုံးတွန့်ပြသည်။

"ဘာမှမဖြစ်ပါဘူးဆရာ၊ ကျွန်တော်တို့ မသက်သာ ဖြစ်နေတဲ့ တရားခံဟာ သူ့ဘာသာလိမ့်ကျပြီး ဒဏ်ရာရသွားတာပါ"

ဟယ်ရီက ဟင်နရီလီအား ပြုံးပြလိုက်သေးသည်။

"မင်း...သတိထားမှပေါ့ သူငယ်ချင်းရာ၊ တော်ကြာ ဒဏ်ရာကြီးကြီးမားမား ရသွားရင် မကောင်းဘူး"

ဟင်နရီလီသည် ဟယ်ရီအား ကြောက်လန့်စွာဖြင့် ကြည့်ရင်း ဘာမှ မပြောဘဲနေလျှင် ပိုကောင်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဘရက်ဆလာသည် ဟယ်ရီ၏စကားကို တစ်ခွန်းမျှ ယုံကြည်ပုံမရပေ။



"ဟယ်ရီ မင်း ငါ့ရုံးခန်းကို အခုလိုက်ခဲ့စမ်းကွာ"

ဟယ်ရီသည် ဟင်နရီလီအား မကျေမချမ်းနှင့် လှမ်းကြည့်ပြီး အခန်းထဲမှ ထွက်သွားလေသည်။

ဟယ်ရီ ဘရက်ဆလာ၏ အခန်းထဲ ဝင်လာလာချင်း ဘရက်ဆလာက ဆီး၍ပြောသည်။

"ဟယ်ရီ၊ မင်း မလိုအပ်ဘဲနဲ့ ဘာဖြစ်လို့ အဲသလိုလုပ်ရသလဲ"

"မလိုအပ်ပေမယ့်လည်း ကျွန်တော့်စိတ် သက်တောင့်သက်သာ ဖြစ်သွားတယ်"

ဟယ်ရီက ပြန်ဖြေသည်။

ဘရက်ဆလာက ခေါင်းခါလိုက်၏။

"မင်းဟာ အမှတ်သညာမရှိတဲ့ကောင်ပဲ ဟယ်ရီ၊ ဒီကိစ္စလေးကို မက်ကေးကြားရင် မင်းကို ဒီဌာနကဖြုတ်ပြီး ချမှုခ်ဝတံတားကြီးမှာ ယာဉ်ထိန်းရဲဘဝနဲ့ အရိုးထုတ်ရအောင် တာဝန်ပြောင်းပစ်လိုက်မယ်ကွ"

ဟယ်ရီသည် သူ့လည်စည်းကို ဆွဲဆန့်ပြီး ကုတ်အင်္ကျီ ရင်ဘတ်စကို အနည်းငယ်ဖိချလိုက်သည်။

"ကျွန်တော်တို့အဖို့ အချိန်ကုန်သက်သာစေအောင် ကျွန်တော် လုပ်ကြည့်တာပါဆရာ"

ဘရက်ဆလာသည် စားပွဲကိုပတ်၍ လျှောက်ပြီး ဗိုင်တွဲ တစ်ခုထဲမှ အဝါရောင်စာရွက်တစ်ခုကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ပတ်သက်တဲ့ နောက်ကြောင်းရာဇဝင်ကို တို့ရထား ပြီ၊ သူ့နာမည်က ဟင်နရီလီကယ်(လ်)ဝဲ(လ်)၊ သူ အဖမ်း ရတဲ့ အကြိမ်ပေါင်းက မနည်းဘူးကွ၊ အပြစ်လည်း နှစ် လောက် အပေးခံရတယ်၊ "ဆိုး(လ်)"ဒက် အကျဉ်းထောင် အကျဉ်းကျခဲ့ဘူးတယ်၊ "အူဟူးရှူး"ဆိုတဲ့ လူမည်း နိုင်ငံရေး တစ်ယူသန်ဝါဒီ ဂိုဏ်းကလေးတစ်ခုမှာ အဖွဲ့ဝင်ဖြစ်တယ်"

"အူဟူးရှူးဆိုတာ ဘာလဲ"

ဟယ်ရီက မျက်မှောင်ကြုတ်၍ မေးသည်။

"ဆွာဟီလီဝေါဟာရပဲ၊ "လွတ်မြောက်ရေး"ဆိုတဲ့ အဓိပ္ပာယ် ရှိတယ်"

"ကြားဖူး သလိုလိုပဲ"

ဘရက်ဆလာက ဟယ်ရီအား အဝါရောင်စာရွက်ကို လှမ်းပေးသည်။

"သူတို့ဌာနချုပ်က ဖိ(လ်)မို(ရ်)ရပ်ကွက် ဆပ်သာလမ်း က ဆံသဆိုင် အပေါင်းကြီးတစ်ခုမှာ ဖွင့်ထားတယ် ခေါင်းဆောင်က "အက်(ဒ်)မိုဟာမက်ကြီး"ဆိုတဲ့ ငနဲပဲ"

ဟယ်ရီသည် သူ့မေးစေ့ကို ပွတ်လိုက်သည်။

"ကျွန်တော်တို့ကို သိသားပဲ။ သူတို့က ရဲတွေကို မုန်း ပေမယ့် ခုလို အကြမ်းဖက် သွေးထွက်သံယိုကိစ္စတွေမှာ မပါ ဝင်တတ်ဘူး"

"အေး ဒါပေမယ့် ဒီလိုကောင်တွေကို အကြွင်းမဲ့ယုံကြည်



လို့ မဖြစ်ဘူးကွ၊ အေးလေ မက်ကေးကတော့ မင်းကို အဲဒီ အူဟူးရှူးဌာနချုပ်ကို သွားစစ်ဆေး အကဲခတ် ကြည့်စေချင် သတဲ့"

ဒီဖောက်ခွဲမှုကို လူမည်းနိုင်ငံရေးဝါဒီတွေက စီစဉ် ပေးတယ်လို့ သူယူဆထားတယ်၊ အူဟူးရှူး ဌာနချုပ်ကိုဝင်ပြီး ရှာဖွေဖို့ ဝရမ်းတွေတောင် တောင်းခံထားတယ်၊ အဲဒီမှာက သေနတ်တွေနဲ့ ဒိုင်းနမိုက်တွေ ဝှက်ထားမယ်လို့လည်း သူယူဆ တယ်၊ မင်းနဲ့ ကိတ်မိုး(ရ်)တို့နှစ်ယောက် အရင်ဆုံးသွားနှင့် ကြကွာ"

ဟယ်ရီက ဘေးဘီလှည့်ကြည့်ပြီး . . .

"ဦးနှောက်မပါတဲ့ ကျွန်တော့်တွဲဖက် စုံထောက်မလေး ဘယ်ရောက်နေပါလိမ့်၊ ကျွန်တော် အသုံးလိုလို့ လှည့်ကြည့် တိုင်း သူပျောက်နေတာချည်းပဲ"

"သူ့ကို လွန်ခဲ့တဲ့ ၁၀ မိနစ်က ငါ စကားပြောပြီးပြီ၊ သူအိမ်သာ သွားတယ်ထင်ပါရဲ့"

ဟယ်ရီက လည်ချောင်းရှင်းလိုက်သည်။

"သွားပြန်ပြီလား၊ သူဘာလုပ်တတ်သလဲ၊ အိမ်သာထဲ မှာပဲ သူ အိမ်လုပ်ပြီးနေသလား"

"ဒီမယ် ဟယ်ရီ၊ မင်း သူ့ကို တွဲဖက်အဖြစ် လက်ခံရတာ သိပ်ဘဝင်မကျမှန်း ငါသိပါတယ်"

"တော်ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက လူတိုင်းကို မုန်းတာကိုး၊ မင်း သူ့အပေါ်တော့ နည်းနည်း သက်ညှာစေချင်တယ်ကွာ၊ မင်း သူ့ကို အခွင့်အရေး နည်းနည်း ပေးကြည့်စမ်းပါလား"

ဟယ်ရီ တုတ်တုတ်မလှုပ်။

"သူ သစ်ခုတ်သမားလုပ်ချင်ရင် တခြားယောက်ျား တွေလိုပဲ သစ်ပင်တော့ တကယ်တတ်ရမယ်၊ မဟုတ်ဘူးလား"

"အေးပါ ဟုတ်ပါတယ်"

"ကောင်းပြီလေ"

ဟယ်ရီက တံခါးပေါက်ဆီ လျှောက်သွားရန်ပြင်သည်။

"မင်းဟာလေ တကယ် ရှာမှရှားတဲ့ လူညစ်ပတ် လူကြမ်းကြီး တစ်ယောက်ပဲ"

ဘရက်ဆလာက လှမ်းပြောလိုက်သည်။

ဟယ်ရီက တံခါးဆွဲဖွင့်ရင်း သွားသုံးဆယ့်နှစ်ချောင်း ပေါ်အောင် ဖြဲပြကာ "ဟုတ်တယ် အဲဒါ ကျွန်တော်သိသားပဲ" ဟု ပြောလိုက်လေသည်။

○ ○ ○

ယခုအခါ "အူဟူးရှူး" ဌာနချုပ်အဖြစ် ပြောင်းလဲခဲ့ပြီဖြစ်သော ဆဲသဆိုင်အဟောင်းကြီးသည် ဖိ(လ်)မီးရုပ်ကွက် အနီး ဆပ်သာ လမ်းပေါ်တွင် စုတ်ချာသော အိမ်ဟောင်း တိုက် ဟောင်းများ၏ ကြားတွင် တည်ရှိလေသည်။



ဟယ်ရီသည် ကားကို ခပ်လှမ်းလှမ်းတွင် ရပ်ထားသည်။ မိမိကားကို ထိုရပ်ကွက်ထဲမှလူများ မသင်္ကာမဖြစ်မိစေရန် သိုသည်။ ဖိ(လ်)မိုကဲ့သို့ ရပ်ကွက်ကြီးမျိုးတွင် ရဲများကို ဘစ်မိုင်အကွာကပင် အနံ့ခံနိုင်သူများ ရှိကြသည်။ ဟယ်ရီသည် ယခုအခါ၌ လျှို့ဝှက်စွာ ချဉ်းကပ်ရန် ကြံရွယ်ထားသည် မဟုတ်ပါလား။

ကိတ်သည် ဟယ်ရီနှင့်အတူ ကားပေါ်မှ တိတ်ဆိတ်စွာဆင်းပြီး ညစ်ပတ်ပေရေနေသော တိုက်ခွေးများ၊ ပလက် ဖောင်းများပေါ်မှ အမှိုက်သရိုက်များ၊ အိမ်တံခါးပေါက်များ၊ မှောင်ရိပ်များအောက်မှ အမူးသမားများကို ကြည့်မိသည်။

"မင်း ဝန်ထမ်းရေးရာမှာ လုပ်တုန်းက ဒီလိုနေရာမျိုး တွေ များများစားစား တွေ့မှာ မဟုတ်ဘူး"

ဟယ်ရီက ခနဲ့လိုက်သည်။

"ကျွန်မ "မုဆိုးအငူစွန်း" ရပ်ကွက်၊ အင်ဂေါ(လ်၊စ်) လမ်းမှာ ကြီးပြင်းခဲ့တာပါ၊ ဒီလိုပုံစံမျိုးပါပဲ၊ ကျွန်မ ကွက်လပ် ကြီးတွေနဲ့ လမ်းမတွေပေါ်မှာပဲ ကစားခဲ့ရတယ်"

ဟယ်ရီ အံ့သြသွားသော်လည်း မျက်နှာထားမပြောင်းဘဲ နေလိုက်၏။

"ဘာလဲ ငါအထင်ကြီးအောင် ပြောလိုက်တာလား"

"ဟင့်အင်း၊ ကျွန်မကို ရှင်အထင်ကြီးအောင် ကျွန်မ ဘယ်နည်းနဲ့မှ လုပ်လို့မရနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး...မင်းတော်တယ်"

"အူဟူးရှူး"ဌာနချုပ်၏ မျက်နှာစာမှာ အနက်ရောင် ဆေးသုတ်ထားသည်။ တံခါးပေါ်တွင် "အူဟူးရှူး"ဟူသော စာလုံးကို အနီ၊ အဖြူ၊ အစိမ်းရောင်တို့ဖြင့် ရေးဆွဲထားသည်။ တံခါး၏ တစ်ဖက်တစ်ချက်စီရှိ ဆေးနက်သုတ်ထားသော မှန်ပြတင်းချပ်များပေါ်တွင် ငှင်းဆေးရောင်သုံးမျိုးပါသော လူမည်း အမျိုးသားအလံကို ရေးဆွဲထားသည်။ တံခါးဝတွင် အရောင်အသွေး စုံလင်သော "ဒါရှိကီ ဝတ်ရုံရှည်ပွပွကြီးများ ဝတ်ဆင်ထားသည့် လူမည်း လူငယ်နှစ်ဦး မတ်တတ်ရပ်နေ သည်။ ဟယ်ရီနှင့်ကိတ်တို့ ချဉ်းကပ်လာသည်ကို တွေ့သော အခါ ထိုလူနှစ်ဦးသည် ဖြတ်ခနဲ တိုက်ထဲဝင်သွားသည်။

"ငါတို့လာတဲ့အကြောင်းအရင်း သွားကြေညာပေးမလို့ ထင်တယ်၊ လူဖြူ အနည်းစုရှိတဲ့ ဖိ(လ်)မိုး(ရ်) ရပ်ကွက် ပိုင်းက သင့်အား ကြိုဆိုပါတယ်တဲ့"

ကိတ်က မျက်ခုံးပင့်ကြည့်လိုက်သည်။

"မင်း အပြင်မှာ နေခဲ့လို့တော့ မသင့်လျော်ဘူးထင်တယ် ကိတ်"

"မစိုးရိမ်ပါနဲ့ မစ္စတာကယ်လဟန်"

"မစိုးရိမ်ပါဘူး၊ တစ်ခုတော့ မမေ့နဲ့၊ မင်း အကူအညီ လိုရင် ငါ့ကို လိုက်မရှာနဲ့"

"စိတ်ချပါ၊ ကျွန်မသိပါတယ်"



"အူဟူးရှူး"ဌာနချုပ်၏ အတွင်းပိုင်းမှာ ဟောင်းနွမ်း အိုမြည့်နေပြီး ပျက်စီးယိုယွင်းနေသည်။ နံရံများပေါ်တွင် လူမည်းတော်လှန်ရေး ပိုစတာများနှင့် ဟူဝီနယူတန်၊ မယ်(လ်) ကွမ်အိပ်(ဖ်)၊ ဘော်ဘီဆီး(လ်)၊ မားကပ်(စ်)ဂါဗေး အစရှိသော လူမည်း ခေါင်းဆောင်တို့၏ ဓာတ်ပုံကြီးများကို ချိတ်ဆွဲထား သည်။ နောက်ဘက် နံရံပေါ်တွင်ကား အာဖရိကတိုက် မြေပုံ ကို ကောက်ကြောင်းမျဉ်းဖြင့်ရေးပြီး တောင်အာဖရိကနှင့် ရိုဒီးရှားနိုင်ငံတို့ကို ဆေးဖြူဖြင့် ရေးခြယ်ထားသည်။ ထိုမြေပုံ အောက်တွင်–

"တောင်အာဖရိကနှင့် ရိုဒီရှားအား လွတ်လပ်ရေး ဆးလော့"

"လူမည်းတို့အတွက် မဟူရာအာဖရိက" ဟူသော ဆောင်ပုဒ်များ ရေးထားသည်။

ပင်ကိုဆံပင် ကောက်ကောက်ပွပွများကို ဘီးနှင့် ဖြီးထား ပြီး မုတ်ဆိတ်ထူများ ပါရှိသော လူမည်း လူငယ်အများစုသည် ဘီလိယက်ထိုးနေကြသည်။ အခြားလူမည်းများမှာ သူတို့ အနီးတွင် ဖဲကစားနေသည်။

ဟယ်ရီနှင့် ကိတ်တို့ ဝင်လာသည်နှင့် စကားပြောသံများ ရှတ်ခြည်းတိတ်သွားသည်။

လူမည်းများသည် လူဖြူစုံတွဲနှစ်ဦးအား စိမ်းကားစွာဖြင့် ထိုင်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...လူဖြူအရှင်သခင်ကြီးတို့ ဘယ်ကကြွလာကြပါသလဲ၊ မိန့်တော်မူပါ"

ကိုယ်လုံးအသေးငယ်ဆုံး လူမည်းတစ်ဦးက မတ်တတ်ထလိုက်ပြီး ဟယ်ရီနှင့်ကိတ်တို့ဆီ လျှောက်လာသည်။

"ဒီအဆောက်အအုံထဲမှာ လူဖြူတွေ လက်မခံဘူးဗျ"

နားသယ်မွေးထူထူနှင့် လူမည်းကြီးတစ်ဦးက ပြောသည်။

"ဟုတ်တယ်ဗျ ဒီမှာ ကပ္ပလီတွေပဲ လက်ခံတယ်"

လူမည်းကလေးက ထပ်ပြောသည်။

"ငါ အက်(ဒ်)မိုဟာမစ်ကို လာရှာတာ"

"ဆောရီးဗျာ ခင်ဗျားကို အလိုမရှိဘူး၊ ဟောဒီက အမျိုးသမီးတော့ နေချင်နေခဲ့ပါ"

"ခင်ဗျား သိသားနဲ့ဗျာ၊ ကျွန်တော်တို့ အဆင့်အတန်းမြှင့်တင်နေကြတာ"

ဟယ်ရီက မလှုပ်။

"မင်းတို့ စကားကြည့်ပြောကွ"

ကပ္ပလီကလေးက ဟယ်ရီရှေ့တိုးကပ်လာပြီး မျက်နှာကို စေ့စေ့ကြည့်သည်။ ကပ္ပလီလေးက စပ်ဖြဲဖြဲနှင့်ပြောသည်။

"အို...ခင်ဗျားကို ရေကူးကန်ထဲက မစင်တုံးတစ်တုံးလိုပဲ၊ ဘယ်သူကမှ လက်မခံချင်ကြဘူးဗျ၊ ဟား...ဟား...ဟား"

အခြားလူမည်းများလည်း ကျယ်လောင်စွာ ဝိုင်းရယ်ကြသည်။



"ဒီတော့ ခင်ဗျား အိမ်ပြန်တာ အကောင်းဆုံးပဲ"

လူမည်းကြီးက အကြံပေးသည်။

အခြား လူမည်းများ သူတို့နှစ်ဦးဆီ ဝိုင်းကပ်လာကြစဉ် ဟယ်ရီက သူ၏ ရင်ထိုးတံဆိပ်ကို ဆတ်ခနဲ ထုတ်ပြသည်။

"ဟောကောင်တွေ၊ ငါတို့ ရဲတွေကွ"

ကပ္ပလီကလေး ခေါင်းညိတ်သည်။

"အပါး တယ်ဟုတ်ပါကလား၊ ကျွန်တော်တို့ဥပဒေ အကြောင်း နားလည်တယ် ကိုယ့်လူ၊ ခင်ဗျားမှာ ဝရမ်းတွေဘာတွေ ပါရဲ့လား"

"ငါတို့ ဟင်နရီကယ်(လ်)ဝဲ(လ်)ကို ဖမ်းထားတယ်ကွ"

"သူ့ကို ကျွန်တော်တို့ မကြားဖူးဘူး၊ ကဲ... ကျွန်တော်တို့ စိတ်မတိုခင် ခင်ဗျားကြီး ဒီက မြန်မြန်ထွက်သွားဗျာ"

"အဗ္ဗဒူ(လ်)...ကိုဘလို"

ဟယ်ရီနှင့်ကိတ်တို့အား ဝိုင်းထားသော လူမည်းအုပ်စု၏ နောက်မှ ကျယ်လောင်သောအသံကြီး ဟိန်း၍ပေါ်ထွက်လာသည်။ လူမည်းများ နောက်ဆုတ်ပြီး အုပ်စုကွဲသွားကြသည်။

ကိုယ်လုံး အင်မတန်ကြီးမားလှသော ကျည်ဆန်ထိပ်ဖူးကဲ့သို့ နက်ပြောင်သော ခေါင်းတုံးနှင့် လူမည်းကြီးသည် မည်သူမျှ မသိဘဲနှင့် တိတ်တဆိတ် ဝင်ရောက်လာခဲ့ခြင်းဖြစ်၏။ သူသည် အရပ် ခြောက်ပေငါးလက်မခန့် အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ရှိသူ ဖြစ်ပြီး ကိုယ်အလေးချိန် ပေါင်နှစ်ရာငါးဆယ်ခန့် ရှိမည်။ သူက ဟယ်ရီနှင့် ကိတ်တို့အား အေးစက်သော သံမဏိ ဘောလုံးကြီးများနှင့်တူသည့် မျက်လုံးကြီးများဖြင့် ခြေဆုံး ခေါင်းဆုံး ကြည့်သည်။

"ဟင်နရီလီ တစ်ယောက် ဘာတွေလျှောက်လုပ်လို့လဲ"

သူ့အနားကို လူမည်းကြီးကပ်လာသောအခါ ဟယ်ရီသည် ပထမဆုံးအကြိမ် တစ်ပါးသူ၏အမေးကို မဆိုင်းမတွ ပြန်ဖြေလိုက်မိလေ၏။

"သူ ဒိုင်းနမိုက်တွေနဲ့ လျှောက်ဆော့နေလို့ဗျ၊ မတော်တဆ လက်ချောင်းတွေ ပြတ်ကုန်မှဖြင့်"

လူမည်းကြီးက ပခုံးတွန့်လိုက်သည်။

"ဘဝဆိုတာ စွန့်စားမှုအပြည့်ပါပဲ"

"အက်(ဒ်)မိုဟာမစ်ဟာ ခင်ဗျားလား"

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

"ဒီပုလိပ်စုတ်တွေ သက်သက် ပြဿနာလာရှာနေတာ"

ကပ္ပလီအသေးလေးက မှကျေမချမ်းနှင့် ဝင်ထောက်သည်။

"ကျုပ်တို့ နည်းနည်းပါးပါး မေးစရာရှိလို့ပါ"

ဟယ်ရီက ပြောသည်။

မိုဟာမစ်က ခေါင်းညိတ်သည်။

"မင်း ဒေါသသိပ်မကြီးနဲ့ အဗ္ဗဒူ(လ်)၊ သူတို့ ဘာလိုချင်သလဲဆိုတာ ငါ မေးကြည့်ပါဦးမယ်"



လူမည်းကြီး မိုဟာမစ်သည် နောက်ဘက်ခြမ်းရှိ သူ့ရုံးခန်းသို့ မေးထိုးပြပြီး...

"ကဲ...ကျုပ်ရုံးခန်းထဲ လိုက်ခဲ့ပါ။ ဒါပေမယ့် ခင်ဗျား တစ်ယောက်ပဲလာပါ"

မိုဟာမစ်က ဟယ်ရီ့ကိုသာ လက်ညှိုးထိုးပြသည်။ ကိတ်ကို အလိုမရှိပေ။

ဟယ်ရီသည် ဝိုင်းအုံနေသော လူမည်းများအား ဘုကြည့်ကြည့်နေသော ကိတ်အား လှမ်းကြည့်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့ပုလိပ်၊ သူ့ကို ကျုပ်တို့မပျင်းရအောင် ဧည့်ခံထားပါ့မယ်"

အဗ္ဗဒူ(လ်)က ပြောသည်။

"ကျေးဇူးတင်ပါတယ် ရဲဘော်"

ဟယ်ရီက ပြန်ပြောပြီး မိုဟာမစ်ရုံးခန်းထဲသို့ ဝင်လိုက်သွားသည်။ ကိတ်သည် ကပ္ပလီများအား အမျိုးသမီးရဲဝန်ထမ်း တစ်ဦးအား စော်ကားမော်ကားပြုခြင်းနှင့် ပတ်သက်သော ဥပဒေပုဒ်မများ၊ အပြစ်ဒဏ်များကို သတိပေး ရှင်းပြရင်း အပြင်၌ ကျန်ရစ်ခဲ့လေသည်။

မိုဟာမစ်၏ရုံးခန်းမှာ အာဖရိက အနုပညာပစ္စည်းမ ဖြင့် အလှဆင်ထားသည်။

လူမည်းကြီး မိုဟာမစ်သည် လုပစ္စာ ပုံထွင်းထုလု သည့် ကုလားထိုင်၌ ထိုင်ချပြီး ဟယ်ရီအား ကု တစ်လုံးဆီသို့ လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ကယ်လဟန်"

ဟယ်ရီသည် မိမိနာမည်အား မိုဟာမစ် သိနှင့်ပြီးဖြစ် ခြင်းကြောင့် အံ့သြသွား၏။

"ခင်ဗျားနဲ့ ကျုပ် ဘယ်တုန်းက သိဖူးလို့လဲ"

"ခင်ဗျားက ကျုပ်ကိုမသိပေမယ့် ကျုပ်က ခင်ဗျား သိပါတယ်။ ကဲ...ဘာသောက်မလဲပြော"

မိုဟာမစ်သည် သူ၏ကုလားထိုင်ကို နံရံတွင်ဖော တပ်ဆင်ထားသော အရက်ပုလင်း ဗီရိုကလေးဘက် လှည့်လို သည်။

ဟယ်ရီက ခေါင်းခါပြသည်။

မိုဟာမစ်သည် ဘာသွန် အရက်တစ်ပုလင်းကို ကော ယူပြီး ဖန်ခွက်တစ်လုံး၌ ငှဲ့ထည့်သည်။

"ခင်ဗျား တွေ့တဲ့အတိုင်းပဲ၊ ဒီရပ်ကွက်မှာ လူဖြူတွေ သိပ်မကြည်ကြဘူးလေ၊ အထူးသဖြင့် ရဲတွေဆိုရင် ပိုဆိုး တယ်။ ကဲ...ဟင်နရီလီ တစ်ယောက် ဘာတွေလုပ်လို့ ဆိုပါဦး"

မိုဟာမစ်က အရက်အနည်းငယ် မော့ပြီး မေးလိုက် သည်။

"ဘာလဲ ခင်ဗျား တကယ်မသိဘူးလား၊ ဒါတော့ကျု သိပ်မယုံဘူးဗျို့"

"မယုံလဲနေပေါ့၊ သူ ဒီကိုမလာတာ ကြာပြီလေ"



"ခင်ဗျားတို့အဖွဲ့ထဲမှာ အရေးပါတဲ့ လူတစ်ယောက် ဟုတ်လား"

"အခုတော့ မဟုတ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဒီကောင်က ရမ်းတယ်၊ ကျုပ်တို့အဖွဲ့အစည်းမှာ ဆုံးကမ်းတင်းကျပ်တယ်၊ သူက အကြံကြီးတဲ့ လူဖြူတစ်ချို့နဲ့ သွားပေါင်းတတ်တယ်၊ ကျုပ်ပြောပါပကော၊ ဒီမှာ လူဖြူတွေ ကို ကျုပ်တို့ မျက်နှာသာမပေးပါဘူးလို့၊ ဒါနဲ့ သူ နုတ်ထွက် သွားတယ်၊ ဘာလဲ သူ မဟုတ်မဟပ်တာတွေ လုပ်ပြန်ပြီလား ဗျာ"

"တံတားအမှတ် (၅၀)က ကုန်ရုံဖောက်ထွင်းမှုမှာ သူပါနေတယ်"

"ကျုပ် ကြားသားပဲ"

"ဘယ်လို ကြားလဲ"

မိုဟာမစ်က သွားဖြီပြသည်။

"လမ်းပေါ်က သတင်းတွေက ပျံ့နှံ့မှု မြန်ဆန်လှပါ တယ်၊ နောက်ပြီး ကျုပ်မှာ သတင်းပေးမယ့်သူတွေ ပေါတယ် လေ"

"ကေ့နှ ခင်ဗျားလည်း ဒီအမှုမှာ ပါနေလို့ ခုလိုသိ နေမှာပေါ့၊ ဒီမှာ လူသတ်မှုကြီး သုံးခု ပါနေတယ်နော်၊ အပြစ်ဒဏ်ကလည်း မသေးဘူး၊ ခင်ဗျား ပါသွားချင်သလား၊

www.burmeseclassic.com



ခင်ဗျားက တရားခံကို ရှင်းပင်းကူညီသူ၊ ထောက်ပံ့သူ မှူးပေါင်းကြံစည်သူအဖြစ် အရေးယူခံချင်လို့လား”

“တော်စမ်းပါ ကယ်လဟန်၊ ခင်ဗျား လူမှားနေပြီ ကျုပ်နဲ့ ကျုပ်တပည့်တွေ ဒီကိစ္စမှာ ဘာမှမဆိုင်ဘူး၊ ဘာမှလည်း မသိဘူး၊ နောက်ပြီး ကျုပ်တို့က အကြမ်းဖက်မှုလည်း ဝါသနာမပါဘူးဗျ”

“ဒါဖြင့် ခင်ဗျားတို့က ဘာလုပ်သလဲ”

“စောင့်နေရုံပဲ”

“ဘာကို စောင့်တာလဲ”

“ခင်ဗျားတို့ လူဖြူတွေ တစ်ယောက်ကိုတစ်ယော သတ်ဖြတ်ရင်း အကုန်သေတဲ့အထိ စောင့်နေမယ်၊ ကျုပ် အလျှင်မလိုဘူး။ ခင်ဗျားတို့အချင်းချင်း သတ်တာကို လက်ပိုက် ကြည့်နေမယ်။ အားလုံးသေကုန်ရင် ကျုပ်တို့တက်ပြီး အုပ်ချု ရုံပဲ”

“ကောင်းသားပဲ၊ ဒါပေမယ့် စိတ်တော့ ရှည်ရှည်ထား ဗျာ။ ခင်ဗျားတို့ထင်တာထက် ကျုပ်တို့က သက်ဆိုးပိုရှည်ခဲ ရှည်နေမှာ”

“ကိစ္စမရှိဘူး၊ ကျုပ်တို့ စောင့်နိုင်ပါတယ်”

ဟယ်ရီက ရှေ့တိုးလိုက်သည်။

“ဟင်နရီလီနဲ့ သူ့အပေါင်းအသင်း လူဖြူတွေအကြောင်း ပြောပြစမ်းပါ၊ အဲဒီကောင်တွေက ဘယ်သူတွေလဲ”



“သူနဲ့ ပေါင်းတဲ့ထဲမှာ တစ်ကောင်နှစ်ကောင်က ဗီယက် မ် စစ်ပြန်တွေပဲ”

ဟယ်ရီက သူ့အိတ်ထဲမှ မက်ကေးပေးလိုက်သော ဆက်သွယ်သူများ စာရင်းကို ထုတ်ပြသည်။

“ဒီထဲမှာ ခင်ဗျားသိတဲ့လူ ပါသလား”

မိုဟာမစ်က စာရင်းကို ဖတ်ကြည့်သည်။

သိတယ်၊ ဘော်ဘီမက်(ခ်)ဝဲ(လ်)ဆိုတာ သူတို့ခေါင်း ောင်ပဲ”

“ခင်ဗျား သူနဲ့သိလား”

“အလကားကောင်ပါ”

မိုဟာမစ်က စာရင်းစာရွက်ကို ဟယ်ရီ့အား ပြန်ပေး ည်။

“ဘာလို့လဲ”

“ဒီကောင်က ငါးဒေါ်လာပေးမယ်ဆိုရင် ကိုယ့်အမေ တောင် လည်ပင်းလှီးသတ်မယ့် ကောင်စားမျိုး၊ အရင်က ဘော့ ခိမ်ခေါင်း လုပ်ဖူးတယ်၊ တစ်ခါကလည်း သူ့ ည့်တန်ဆာမလေးတစ်ယောက် သူ့ကို နှစ်ဒေါ်လာလောက် သေးဘဲ ဖြတ်သုံးထားလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြီး သတ်ပစ်လိုက်တယ်လို့ ပြောကြတယ်၊ ဒီကောင့် ချုပ်က အဲဒီလိုပဲ”

“အင်း... အဲဒီအမှုကို ကျုပ်လိုက်ရသေးတယ်၊ တရားခံ

www.burmeseclassic.com

www.burmeseclassic.com



ရှာလို့မရဘူး၊ ခု ဒီကောင့်ကို ကျုပ် ဘယ်မှာလိုက်ရှာရင် တွေ့နိုင်မလဲ"

"ကျုပ် စုံစမ်းပေးမယ်။ ဒါပေမယ့်...ကျုပ် မလုပ် ပေးချင်ဘူး၊ ကျုပ်က ပုလိပ်တွေကို ကူညီလေ့ မရှိဘူးလေ"

ဟယ်ရီသည် မိုဟာမစ်၏ လေသံကို သဘောပေါက်သွား၏။ မိုဟာမစ်သည် ဟယ်ရီလိုချင်သောသတင်းကို အလကား ပေးချင်ပုံမရ။ တစ်စုံတစ်ခု ပြန်လိုချင်ဟန်တူ၏။ အလဲအလှယ် လုပ်မည့်သဘော။

"ခင်ဗျားကျောကို ကျုပ်ကုတ်ပေးရင် ကျုပ်ကျောကုန်း ကိုလည်း ခင်ဗျားကုတ်ပေးမယ်ပေါ့ ဟုတ်လား"

"ဆိုပါတော့၊ ကျုပ်တို့ အဖွဲ့သား တစ်ယောက် ကုတ်ကင်း လက်ဝယ်တွေ့ရှိမှုနဲ့ အဖမ်းခံထားရတယ်၊ အမိပွားယ်မရှိပါဘူး၊ ကျုပ်တို့အဖွဲ့သားတွေကို မူးယစ်ဆေး သုံးခွင့်မပြုဘူး၊ ခုတော့ အဲဒီကောင်လေး အပြစ်ဒဏ်ပေးခံ ရတော့မယ်၊ သူ့နာမည်က ရိုဒီဖရန်ကလင်၊ ကျုပ် ခင်ဗျား အတွက် သတင်းအစအန စုံစမ်းပေးမယ်၊ ခင်ဗျားက ရိုဒီကို အပြစ်ဒဏ် လျှော့ပေါ့ပေးဖို့ ခရိုင်ရှေ့နေနဲ့ စကားပြောပါ၊ ဘယ့်နှယ့်လဲ"

ဟယ်ရီက ခေါင်းညိတ်သည်။

"ခင်ဗျား ကျုပ်ကိုပေးမယ့်သတင်းက အရေးပါမယ်ဆို ရင်တော့ ကျုပ်လုပ်ပေးရမှာပေါ့ဗျာ"



"ကျုပ်ပြောပကော၊ ကျုပ်မှာ သတင်းစာစ်မြစ်တွေ များကြီး ရှိပါတယ်ဆိုမှ၊ ကျုပ် အော်ဘီမက်(ခ်)ဝဲ(လ်)ကို ာနေတယ်ဆိုတဲ့စကားသာ လွှင့်လိုက်ရင် တစ်ရက်နှစ်ရက် အတွင်းမှာ သတင်းထူးရမှာပဲ"

ဟယ်ရီက မတ်တတ်ထရပ်လိုက်သည်။

"ကျုပ် သတင်းထူးမြန်မြန်သိချင်တယ်၊ ကျုပ် သူ့ကို ာနေတယ်ဆိုတာ မက်(ခ်)ဝဲ(လ်) သိလို့မဖြစ်ဘူး၊ ဒီကိစ္စက င်ဗျားနဲ့ ကျုပ်ကလွဲလို့ ဘယ်သူမှ မသိစေနဲ့"

"ကျုပ် နားလည်ပါတယ်"

ဟယ်ရီက သူ့အိတ်ထဲမှ ကတ်ပြားကိုထုတ်ပြီး စားပွဲ ပေါ် ပစ်တင်ပေးလိုက်သည်။

"ကျုပ်ကို အဲဒီဖုန်းနံပါတ်နဲ့ ဆက်သွယ်နိုင်တယ်"

ဟယ်ရီက တံခါးဆီသို့ ခြေလှမ်းလိုက်သည်။

"ခင်ဗျား ဒီတစ်ခါ ဘာကိမှားနေပြီ ကယ်လဟာန်"

ဟယ်ရီက ရပ်လိုက်ပြီး မိုဟာမစ်အား ပြန်လှည့်ကြည့် သည်။

"ခင်ဗျား ဘယ်လိုသိသလဲ"

မိုဟာမစ်က သူ၏ကြီးမားသော လက်ဖဝါးကြီးများကို ဆောင်ပြလိုက်သည်။

"ခင်ဗျားကို ဟောဒီလမ်းတွေပေါ်မှာ ဘယ်သူမှ လက်မခံ ချင်ကြဘူး ကယ်လဟာန်၊ ဘာပဲပြောပြော ခင်ဗျားဟာ သူတို့

www.burmeseclassic.com



အဖို့ ပုလိပ်စုတ်တစ်ယောက်ပဲ၊ ခင်ဗျားကို သူတို့ သိပ်မုန်းတယ်"

"ကျုပ် သူတို့အတွက် လုပ်ပေးနေတာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့အတွက်လဲ"

ဟယ်ရီက တံခါးဖွင့်လိုက်သည်။

"ကျုပ် ပြောပြရင် ခင်ဗျားယုံမှာမဟုတ်ဘူး"

ဟယ်ရီက မိုဟာမစ်ရုံးခန်းထဲမှ ထွက်သွားသည်။

အပြင်၌ ကိတ်အား ကပ္ပလီများ ဝိုင်းအုံ၍ နောက်ပြောင်နေကြသည်ကို ဟယ်ရီတွေ့ရသည်။

ကိတ်သည် လက်တစ်ဖက်ဖြင့် ကပ္ပလီများအား တွန်းဖယ်ကာ နောက်သို့ဆုတ်သွားသည်။ သူမ၏ အခြား လက်တစ်ဖက်ဖြင့် ခြောက်လုံးပြူးဒင်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ရှင်...ရှင်တို့အားလုံး နောက်ဆုတ်လိုက်၊ ကျွန်မအလကားပြောနေတာ မဟုတ်ဘူး။ ကျွန်မသေနတ် ဆွဲထုတ်လိုက်ရင် ရှင်တို့ တစ်ယောက်မဟုတ် တစ်ယောက် သေသွားနိုင်တယ်၊ သိရဲ့လား"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့က ခင်ဗျားနဲ့ စကားပြောရုံတင်ပါ"

အဗ္ဗဒူ(လ်)က အေးတိအေးစက် ပြောသည်။

"ပျော်ရဲ့လား အင်စပက်တော်ကြီးရဲ့"

ဟယ်ရီက ကိတ်အားလှမ်းပြောသည်။ ဟယ်ရီရှေ့တိုး



လာသောအခါ လူမည်းများ နောက်သို့ ညင်သာစွာ ဆုတ်သွားကြသည်။

"ကျွန်တော်တို့ မိတ်ဖွဲ့နေကြတာပါ၊ မိမိရပ်ကွက်က ရဲများနဲ့ လက်ပွန်းတတီးနေကြပါလို့ ဆိုရိုးစကားရှိတယ် မဟုတ်လား"

ဟယ်ရီက အဗ္ဗဒူ(လ်)အား ဂရုမစိုက်ဘဲ ကိတ်ကို စိုက်ကြည့်သည်။

"ကဲ ကိတ်၊ မင်းရဲ့လူမှုဆက်ဆံရေးကိစ္စ ပြီးပြီဆိုရင် သွားကြရအောင်၊ တို့ အလုပ်ရှိသေးတယ်"

ဟယ်ရီက ကိတ်နှင့်ကပ္ပလီအုပ်စုဘေးမှ ဖြတ်သွားသည်။ ကိတ်က သူ့နောက်သို့ ကပျာကယာ လိုက်သွားသည်။

"နောက်အားတဲ့အခါ ပြန်လာခဲ့ဦး အချစ်ရေ"

အဗ္ဗဒူ(လ်)က လှမ်းအော်သည်။ အခြားကပ္ပလီများက ခွက်ထိုးခွက်လှန် ရယ်ကြသည်။

"ရှင် စောစောက ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ၊ ကျွန်မလုပ်ရပ်က ကျွမ်းကျင်မှုမရှိတဲ့ သဘောလား"

ဟယ်ရီက ရပ်လိုက်ပြီး...

"ဒီမယ် ကိတ်၊ ခုကတည်းက ရှင်းရှင်းပြောရဦးမယ်၊ အလုပ်ကို ဘာမှအနှောင့်အယှက် မဖြစ်သမျှတော့ မင်းဘာပဲလုပ်လုပ် ငါ သောက်ဂရု မစိုက်ဘူး၊ မင်းခေါင်းနဲ့ နံရံနဲ့ ဝင်ဆောင့်လည်း ငါ ဘာမှမပြောဘူး၊ ဒါပေမယ့် ငါက မင်းကို မျက်ခြည်မပြတ် ကြည့်နေပြီး မင်းပြဿနာကြုံရင် လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာယ်ဆာယ်ဖို့ထက် ပိုအရေးကြီးတဲ့ အလုပ်ကိစ္စတွေ တစ်ပုံကြီး ရှိနေသေးတယ်၊ မင်းအတွက်ကတော့ ခုဟာ ကစားနည်း တစ်မျိုး ဖြစ်ချင်ဖြစ်မယ်"

ငါ့အဖို့တော့ ဒါ အလုပ်ပဲ"

"ကျွန်မကိုယ် ကျွန်မ တာဝန်ယူပါတယ်"

ကိတ်က ဒေါနှင့်မောနှင့် ပြန်အော်သည်။

"အေး ငါမြင်သားပဲ၊ ဟိုမှာ မင်းလုပ်ခဲ့ပုံက အတော် ထိရောက်သားပဲ"

"နေစမ်းပါဦး...နေစမ်းပါဦး"

"တော်တော့ ..."

ဟယ်ရီက အမိန့်ပေးလိုက်သည်။ ကိတ်ပါးစပ် မပိတ်ပြီး

ဟယ်ရီက သူမအား ဖမ်းဆွဲပြီး အနီးရှိ တံခါးပေါက်ဆီသို့ တွန်းကပ်လိုက်သည်။

"ရှင် ဘာလုပ်တာလဲ"

"ကြည့် ..."

ဟယ်ရီက လက်ညှိုးထိုးပြသည်။ ကိတ်က သူညွှန်ပြရာကို လိုက်ကြည့်သည်။ ခပ်လှမ်းလှမ်းတွင် ရဲကားများက လမ်းကို ပိတ်ဆို့ထားကြောင်း တွေ့ရသည်။ သူမ ဆန့်ကျင်ဘက်အရပ်သို့ ကြည့်လိုက်ပြန်သည်။ အလားတူပင် ရဲကားများဖြင့် လမ်းပိတ်ထားသည်။

"ဘာလုပ်ကြတာလဲ"



"မက်ကေး လက်ချက်ပေါ့၊ မိုဟာမစ်တို့ လူမည်းအုပ်စုတွေ ကုန်လှောင်ရုံ ဖောက်ထွင်းမှုမှာ ပါတယ်လို့ မက်ကေးက ယုံကြည်ထားတယ်၊ အခု လူမည်းဌာနချုပ်ကို ဝင်ရှာဖို့ ရေမ်းယူလာခဲ့ပြီ ထင်ပါရဲ့၊ ဒါကြောင့် မက်ကေးဟာ အကုန်သုံး ကမောက်ကမဖြစ်အောင် လုပ်တော့မယ်လေ"

ထိုအခိုက် ....

ရဲကားငါးစီးသည် လမ်းပိတ်ထားသော ရဲကားများကို ဖြတ်ကျော်၍ ဝင်လာသည်။ အူဟူးရူးဌာနချုပ် အဆောက်အအုံရှေ့ တည့်တည့်တွင် ကျွီခနဲ ဘရိတ်အုပ် ရပ်လိုက်ကြသည်။

တိုက်ခိုက်ရေးတပ်ဖွဲ့ဝတ်စုံများ ဝတ်ဆင်ထားကြသည့် သူများ ထိုရဲကားများထဲမှ ခုန်ဆင်းလာကြပြီး ကားများနောက်တွင် အကာအကွယ် ယူလိုက်ကြသည်။ သူတို့အားလုံး နေရာယူပြီးသောအခါ မက်ကေးသည် နောက်ဆုံးရဲကားပေါ်မှ ဆင်းလာသည်။ သူ့လက်တစ်ဖက်၌ လျှပ်စစ်အော်လန်တစ်ခု ကိုင်ထားသည်။

"ကိုင်း ဟေ့ မိုဟာမစ်၊ ခုပြောနေတာ ရဲမှူးမက်ကေးပဲ၊ ဆန့်ဖရန့်စစ္စကို ရဲတပ်ဖွဲ့ကတွ၊ မင်းတို့ လက်နက်ချပြီး အေးအေးဆေးဆေး ထွက်လာခဲ့ကြ၊ မင်းတို့အားလုံးကို တို့ဝိုင်းထားပြီ၊ မင်းတို့ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး ထွက်ခဲ့ကြ"

ထိုနောက် မက်ကေးသည် ကားနောက်တွင်ပြေးကာ စောင့်နေလိုက်သည်။ ဟယ်ရီသည် ကိတ်အားဆွဲခေါ်ကာ

www.burmeseclassic.com

www.burmeseclassic.com



မက်ကေးရှိနေရာ လမ်းတစ်ဖက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

"ကယ်လဟန် မင်း ဒီမှာဘာလုပ်နေတာလဲ"

"ရဲစုံထောက် ကိတ်မိုး(ရ်)နဲ့ ကျွန်တော် ဒီမှာ မိုဟာမစ်နဲ့ စကားလာပြောနေတာပါ၊ မိုဟာမစ်တို့အဖွဲ့ဟာ ကုန်ရုံဖောက်ထွင်းမှုနဲ့ ဘာမှမဆိုင်ပါဘူးဆရာ"

ဟယ်ရီက မက်ကေးအား ပြောလိုက်သည်။

"ငါတော့ မယုံဘူးကွာ၊ မိုဟာမစ်ဟာ ဒီအမှုရဲ့ ခေါင်းဆောင်ပဲ"

"နေပါဦးဆရာ"

"တော်စမ်း; ကယ်လဟန်၊ ငါ မင်းရဲ့ထင်မြင်ချက် မလိုချင်ဘူး"

စက္ကန့်အနည်းငယ် အကြာတွင် အူဟူးရူးဌာနချုပ်၏ တံခါးပွင့်လာပြီး မိုဟာမစ်သည် လက်မြှောက်၍ ထွက်လာသည်။ သူ့နောက်မှ သူ့တပည့်များ တန်းစီ၍ တစ်ဦးချင်း ထွက်လာကြသည်။ မက်ကေးသည် အော်လန်ကြီးကို ကားစက်ဖုံးပေါ်တင်ပြီး မိုဟာမစ်ဆီ ချဉ်းကပ်သွားသည်။

"မင်းနဲ့ မင်းတပည့်အားလုံးကို ငါဖမ်းချုပ်လိုက်ပြီ"

မက်ကေးက မိုဟာမစ်အား ပြောပြီး ရဲသားများအား ခေါင်းညိတ်ပြသည်။ အူဟူးရူးဂိုဏ်းဝင်များအား လက်ထိတ်ခတ်လိုက်စေ၏။

ဟယ်ရီနှင့် ကိတ်တို့ မတ်တတ် ထ,လိုက်ကြသည်။



မိုဟာမစ်က လှည့်ကြည့်ရာ ဟယ်ရီအား တွေ့သွားသည်။

မိုဟာမစ်သည် ဟယ်ရီအား မျက်စောင်းခဲကြည့်လိုက်သည်။

"အလကား သောက်သုံးမကျတဲ့ငနဲကြီးပဲ၊ လာ သွားစို့"

ဟယ်ရီက မက်ကေးအားရည်ရွယ်၍ ပြောလိုက်သည်။ လမ်းအစွန်တွင်ရပ်ထားသော ကားဆီသို့ ကိတ်နှင့်အတူ လျှောက်သွားသည်။

ကိတ်သည် ရဲကားများပေါ်သို့ ဖမ်းခေါ်သွားခြင်းခံရသော လူမည်းကြီးများအား ကြည့်ပြီးနောက် ဟယ်ရီ့နောက်သို့ ပြေးလိုက်သွားသည်။

"ကဲ...ကျွန်မတို့ အခုဘာလုပ်ကြမလဲ"

"ရုံးပြန်ပြီး ထိုင်ငိုက်နေကြရုံပေါ့ကွာ"

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဟယ်ရီနှင့်ကိတ်တို့ ရောက်သွားသောအခါ မြို့တော်ဝန်၏ ရုံးခန်းရှိ အပြင်ဘက် ဧည့်ခန်းဆောင်တွင် သတင်းထောက်များနှင့် ဓာတ်ပုံဆရာများ ပြည့်ကျပ်နေသည်။ သူတို့နှစ်ဦး လူအုပ်များကြားထဲမှ တိုးဝှေ့သွားစဉ် လူအုပ်၏ရှေ့တွင် ဒု-ရဲမှူး ဘရက်ဆလာ၊ ရဲမှူးမက်ကေးတို့နှင့်အတူ ရပ်နေသော မြို့တော်ဝန်ကြီးအား တွေ့ရလေသည်။ မက်ကေးသည် ပီတိဖြာလျက် ပြုံးနေသည်။ မြို့တော်ဝန်ကြီးက မက်ကေး၏ ပခုံးတစ်ဖက်ကို ဖက်ထားသည်။ ခွေးပြိုင်ပွဲ၌ ပထမဆုရသော ခွေးဘီလူးပိုင်ရှင်နှင့် ဆုရခွေးဘီလူးတို့ အတွဲနှယ်ဖြစ်၏။ တကယ်တော့လည်း မက်ကေးသည် ခွေးဘီလူးနှင့် သိပ်မခြားနားလှဟု ဟယ်ရီတွေးရင်း ပြုံးမိလေသည်။

"ဘာရယ်တာလဲ"

ကိတ်က မေးသည်။

"ခု ဖြစ်နေတာတွေဟာ ရယ်စရာကောင်းလို့"



ဟယ်ရီက မြို့တော်ဝန်အုပ်စုနဲ့ သတင်းထောက်များ ယောက်ယက်ခတ်နေပုံကို လက်ပြ၍ ပြောလိုက်သည်။

"ရွေးကောက်ပွဲ နီးပြီလေ၊ မြို့တော်ဝန်ကြီးအဖို့ ထောက်ခံမဲ ပေးမယ့်သူတွေရှေ့မှာ မျက်နှာကောင်းရအောင် လုပ်တာ အပြစ်မတင်သင့်ပါဘူး မစ္စတာကယ်လဟန်ရယ်၊ နိုင်ငံရေးဆိုတာ ဒီလိုပါပဲ"

"နိုင်ငံရေးကို ငါမုန်းတယ်၊ ဒီနေ့အထိ ရဲတစ်ယောက်ရဲ့ ဘဝကို နားလည်တဲ့ နိုင်ငံရေးသမား တစ်ယောက်မှ ငါမတွေ့ဖူးသေးဘူး၊ သူတို့သိတာက အခွန်တွေ တိုးမြှင့်ဖို့နဲ့ အစိုးရအဖွဲ့အစည်းကို ဒုက္ခပေးဖို့ပဲ"

"ရှင်ဟာ သူများတကာကို လွယ်လွယ် အပြစ်တင်တတ်တဲ့ လူတစ်ယောက်ပါကလား"

သူတို့နှစ်ယောက် ပရိသတ်၏ရှေ့သို့ ရောက်သည့်အထိ တိုးထွက်သွားကြသည်။

"ဆန်ဖရန်စစ္စကိုမြို့တော်ကြီးရဲ့ မြို့တော်ဝန်အနေနဲ့ ကျွန်တော် ဒီဟာကို တရားဝင်ကြေညာချက်အဖြစ် ပြောပြပါရစေ။ စာနယ်ဇင်းလောကမှ လူကြီးမင်းများခင်ဗျာ ဟောဒီလူက ရှာမှရှားတဲ့ ရဲတစ်ဦးပါပဲ၊ အခု အင်မတန်ခက်ခဲတဲ့၊ အန္တရာယ်များတဲ့ အမှုကြီးကို ဖော်ထုတ်အရေးယူပေးနိုင်ခဲ့တဲ့ ရဲမှူး ဘရက်(ဒ်)ဖို့မက်ကေးဟာ ဟောဒီပုဂ္ဂိုလ်ပါပဲခင်ဗျား"

"ထွီး"

ဟယ်ရီက တံတွေးထွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ၏ ရှုတ်ချသံမှာ ကင်မရာခလုတ်နှိပ်သံများနှင့် ဖလက်(ရှ်)ဂန်းမီးသီး တဖျပ်ဖျပ် လင်းသံများကြားဝယ် ပျောက်ကွယ်သွား၏။

မြို့တော်ဝန်ကြီးသည် သူ၏ နိုင်ငံရေးကိစ္စရပ်များ၌ အောင်မြင်မှုရတိုင်း ပြုံးနေကျ မျက်နှာထားမျိုးဖြင့် တစ်နှစ်လျှင် ဒေါ်လာ ထောင်ပေါင်းများစွာ အကုန်ခံပြုပြင်ထား၍ လုပနေသော သွားများပေါ်အောင် ပြုံးနေလေသည်။ မြို့တော်ဝန်ကြီးသည် ပရိသတ်၏ ဘေးအစွန်တွင် ရပ်နေကြသော ကိတ်နှင့် ဟယ်ရီတို့အား တွေ့သောအခါ ပို၍သွားဖြဲလိုက်သည်။

"ဟော်ဒီမှာ နှစ်ယောက်ကျန်ပါသေးတယ်"

မြို့တော်ဝန်သည် သူ၏လက်ထောက် ဝေါ(လ်)တာမာတင်အား စကားတိုးတိုးလှမ်းပြောသည်။ မာတင်က ခေါင်းညိတ်ပြီး ကိတ်နှင့် ဟယ်ရီတို့ဆီ လျှောက်သွားကာ နှစ်ယောက်စလုံးအား တံတောင်ဆစ်မှကိုင်၍ ဆွဲခေါ်လာသည်။

"လူကြီးမင်းများခင်ဗျား ကယ်(လ်)ဝဲ(လ်)ကို ဖမ်းဆီးပေးခဲ့တဲ့ ရဲစုံထောက်နှစ်ဦးဖြစ်တဲ့ ဟယ်ရီကယ်လဟန်နဲ့ ကိတ်မိုး(ရ်)တို့ဟာ ဟော်ဒီပုဂ္ဂိုလ်နှစ်ဦးပဲ ဖြစ်ပါတယ်ခင်ဗျား"

ဝေါ(လ်)တာမာတင်က ခပ်ကျယ်ကျယ် ပြောလိုက်သည်။ မာတင်သည် ရုပ်မြင်သံကြားမှ ဉာဏ်ကစားပွဲတစ်ခု၏ အခမ်းအနားမှူးကဲ့သို့သော ဟန်ပန်များ လုပ်လေ့ရှိသူဖြစ်သဖြင့် ဟယ်ရီသူ့ကို ကြည့်မရပေ။ ပရိသတ်ကြီးအလယ်



သို့ လျှောက်သွားကြစဉ် ဟယ်ရီသည် ခြေချော်ချင်ယောင်ဆောင်ပြီး မာတင်၏ခြေထောက်ကို တက်နင်းချလိုက်သည်။ မာတင်မျက်နှာ မဲ့သွားပြီးမှ ဟန်မပျက် ပြန်၍ ပြုံးနေလိုက်၏။ ဟယ်ရီက ပခုံးတွန့်ပြပြီး "ဆောရီး" ဟု အသံမထွက်အောင် ပြောလိုက်သည်။

မာတင်က ဟယ်ရီ့အား ဘုကြည့် ကြည့်သည်။

"ကဲ.... ရဲဘော်တို့ ကျုပ်နဲ့ ရဲစုံထောက်မိုး(ရ်)နဲ့ တွဲပြီး ဓာတ်ပုံတစ်ပုံလောက် ရိုက်လိုက်ပါဦး"

မြို့တော်ဝန်ကြီးက သတင်းထောက်များအားပြောပြီး ကိတ်အား သူ့ဘက်အနည်းငယ်ဆွဲခေါ်ပြီး ရပ်လိုက်သည်။ သူက ဟယ်ရီ့အား လှမ်းကြည့်ပြီး ...

"ကယ်လဟန် မင်းလည်း ဝင်ရိုက်လေကွာ"

ဟယ်ရီ့အား မာတင်က မြို့တော်ဝန်ဘေးသို့ တွန်းပို့လိုက်ရာ မြို့တော်ဝန်က သူ့ပခုံးကို အားရပါးရ ဖက်လိုက်လေသည်။

ဓာတ်ပုံရိုက်မီးလုံးများ တစ်ဖျပ်ဖျပ်နှင့် လင်းလက်သွားရာ ဟယ်ရီမျက်စိ တဒင်္ဂမျှ ကျိန်းစပ်သွားသည်။ သူ့မျက်လုံးထဲ၌ ရုတ်တရက် အနီနှင့်အပြာရောင် အစက်အပြောက်ကလေးများသာ မြင်ရသည်။

"ရဲစုံထောက် မိုး(ရ်)ဟာ ဒီနိုင်ငံမှာ လူသတ်မှုစုံစမ်းစစ်ဆေးရေးဌာနရဲ့ ပထမဦးဆုံး အမျိုးသမီး စုံထောက်ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန်ကြီး ပြောဆိုသံကို ဟယ်ရီကြားရသည်။ တစ်ဖန် မြို့တော်ဝန်သည် ဟယ်ရီမပါဘဲ ကိတ်မိုး(ရ်)နှင့် နှစ်ယောက်တွဲ ဓာတ်ပုံတစ်ပုံ သီးခြားရိုက်ရန် ဟန်ပြင်နေသည်။

"ဒါကြောင့် ကိတ်မိုး(ရ်)ရဲ့ အံ့သြဖွယ်ရာ လုပ်ငန်းဆောင်ရွက်မှု ကျွမ်းကျင်မှုအတွက် ကျွန်တော်တို့အားလုံး ဂုဏ်ယူမိကြောင်း၊ ဒီမှာ တစ်ခါတည်း ဖွင့်ပြောချင်ပါတယ်၊ ဒီအမှုမှာ ကိတ်မိုး(ရ်)ရဲ့ လုပ်ဆောင်မှုဟာ အမျိုးသမီးတစ်ဦးအနေနဲ့ရော၊ ရဲဝန်ထမ်းတစ်ဦးအနေနဲ့ပါ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းလုပ်နိုင်ကြောင်း သက်သေထူလိုက်ပါပြီ၊ လူကြီးမင်းများ ထောက်ခံတယ် မဟုတ်ပါလားခင်ဗျာ"

မြို့တော်ဝန်၏ နောက်ဆုံးမေးခွန်းက မက်ကေးနှင့် ဟယ်ရီတို့အား ရည်ရွယ်ချင်းဖြစ်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

မက်ကေးက ထောက်ခံလိုက်သည်။ ဟယ်ရီကတော့ ဘာမှမပြော နှုတ်ဆိတ်၍သာနေသည်။ သူ့မျက်နှာက ခပ်မဲ့မဲ့။

မြို့တော်ဝန်ကြီး၏ တောင်းဆိုချက်အရ ဓာတ်ပုံများ ထပ်မံရိုက်ကြသည်။ သူနှင့်ပတ်သက်သမျှ ပုဂ္ဂိုလ်အသီးသီးနှင့် ဓာတ်ပုံတွဲရိုက်ပြီးသောအခါ ဤသို့ပြောပြန်သည်။

"ခုလိုပူးပေါင်းကူညီကြတဲ့အတွက် ခင်ဗျားတို့အားလုံးကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားတို့နဲ့ ခုလို တွေ့ဆုံခွင့်ရတာလည်း အမြဲဝမ်းသာပါတယ်။ ကဲ… ဟောဒီက ရဲအရာရှိမင်းများနဲ့ လွတ်လွတ်လပ်လပ် စကားပြောစရာရှိသေးလို့ ခွင့်ပြု



ကြပါဦး၊ နောက်ပြီးရင်လည်း ရုပ်မြင်သံကြားမှ ပုဂ္ဂိုလ်တွေ ကို တွေ့ဆုံခွင့်ပေးရပါဦးမယ်"

သတင်းထောက်များ ခန်းမဆောင်ကြီးထဲသို့ ရွေ့သွား ကြသည်။ ရုပ်မြင်သံကြားဌာနမှ လူများသည် ပစ္စည်းပစ္စယ များ၊ မီးဆလိုက်များကို တပ်ဆင်ကြသည်။

ထိုအချိန်တွင် မြို့တော်ဝန်ကြီးသည် ရဲစုံထောက်နှစ်ဦး အား သူ့ဘေးသို့ အသာလေးခေါ်လိုက်သည်။

"ဒီဥစ္စာ လွယ်လွယ်ကလေးပါ၊ မင်းတို့နှစ်ယောက်ကို ဒါက ဂုဏ်ပြုလက်မှတ် ချီးမြှင့်နေပုံကို ရုပ်မြင်သံကြားရိုက်မှာ ကလေးပါပဲ။ ဟော… ဝေါ(လ်)တာ ဂုဏ်ပြုလက်မှတ်တွေ င်း ယူလာခဲ့ပြီလား"

ဝေါ(လ်)တာဝမာတင်က သူ့အိတ်ထဲမှ ခေါက်သိမ်းထား သော စာရွက်များကို နှိုက်ယူလိုက်သည်။

"ပါလာပါတယ် မြို့တော်ဝန်မင်းခင်ဗျ။ ဒီစာရွက်တွေက ကယ်တော့ ကျေးဇူးတင်လွှာတွေပဲ။ ဒါပေမယ့် လောလော ယ်တော့ ကင်မရာရှေ့မှာ လက်ကမ်းပေးစရာ စာရွက် တမ်း တစ်ခုခုအဖြစ် သုံးလို့ရပါတယ်"

မြို့တော်ဝန်သည် စာရွက်များကို ဖတ်မကြည့်ဘဲ ယူလိုက် သည်။

"ကောင်းပြီ၊ ငါတို့ မင်းတို့ဆီကို ဂုဏ်ပြုလက်မှတ် စ်တွေ တစ်ရက်နှစ်ရက်အတွင်း ပို့ပေးလိုက်မယ်။ ဒုံးအလုပ် လည်း အတော်များသားကလား"

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန်သည် ခစ်ခနဲ ရယ်လိုက်သေး၏။

"ကဲ…ရုပ်မြင်သံကြားရိုက်တဲ့အခါကျရင် ပထမဆုံး ငါက မင်းတို့ကို ပရိသတ်နဲ့ မိတ်ဆက်ပေးမယ်၊ နောက်ပြီး မင်းတို့ကို ဂုဏ်ပြုလက်မှတ် ချီးမြှင့်မယ်၊ လက်ဆွဲနှုတ်ဆက်မယ်၊ ပြီးတော့ မင်းတို့က ထွက်သွားရုံပဲ"

"ကင်မရာမြင်ကွင်းရဲ့ အပြင်ဘက်ရောက်အောင် ဘယ်ဘက်ကို လျှောက်သွား၊ ဟိုနံရံနားအထိပေါ့"

"ဟုတ်တယ်၊ ပြီးရင် ငါက ရဲအဖွဲ့နဲ့ မြို့တော်ဝန် အုပ်ချုပ်ရေးအဖွဲ့ လက်တွဲမညီဘူးလို့ ထင်နေတဲ့ လူတွေကို ချေပဖို့ စကားနည်းနည်း ပြောရမယ်"

ရုပ်မြင်သံကြား အဖွဲ့မှ လက်ပြလိုက်သည်။ လူတစ်ယောက်က လက်နှစ်ချောင်းထောင်ပြသည်။

မာတင်က ထိုလူ့အား ခေါင်းညိတ်ပြသည်။

"နှစ်မိနစ်ပဲ လိုတော့တယ်တဲ့ မြို့တော်ဝန်မင်း"

မာတင်က ပြောသည်။

"ငါသိပါတယ်"

မြို့တော်ဝန်က ရဲအရာရှိလေးဦးအား ပြုံးပြလိုက်ပြီး…

"ကဲ…အားလုံး အသင့်ဖြစ်ကြပြီလား၊ ဘာမှမကြောက်ပါနဲ့"

"တစ်ခုတော့ရှိတယ် မြို့တော်ဝန်မင်းခင်ဗျာ"

ဟယ်ရီက ပြောသည်။

"ဆိုပါ"



ဘရက်ဆလာက ဟယ်ရီ့အား "သတိထားပြော" ဟူသော အဓိပ္ပာယ်နှင့် လှမ်းကြည့်သည်။ ဟယ်ရီက မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

"ကျွန်တော်တို့ အခုလက်ခံယူရမယ့် ဂုဏ်ပြုလက်မှတ်တွေက ဘာအတွက်လဲခင်ဗျ"

"ဟယ်ရီ၊ မင်း ဒါတွေ နောက်မှ မေးစမ်းပါကွာ"

ဘရက်ဆလာက ကြားဖြတ်၍ ပြောသည်။

"ခုသိချင်တယ်"

မက်ကေးလည်း ဝင်ပါလာတော့သည်။

"ဟော့ကောင်…ကယ်လဟန်၊ မင်း မြို့တော်ဝန်ကို စကားကောင်းကောင်း ပြောပါ"

ဟယ်ရီသည် အလျှော့ပေးမည့်သူ မဟုတ်ချေ။

"ကျွန်တော်တို့ ဒီမှာ ဘာလာလုပ်နေကြတာလဲဆိုတာ သိချင်လို့ပါ"

"ရပါတယ်ကွာ…ရပါတယ်၊ ဟယ်ရီကယ်လဟန် အနေနဲ့ သူဘာအတွက် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရတယ်ဆိုတာ သိခွင့်ရှိပါတယ်၊ ငါတောင်းပန်ပါတယ် ကယ်လဟန်၊ ခု အဖြစ်အပျက်က မထင်မှတ်ဘဲ မြန်မြန်ဆန်ဆန် ဖြစ်သွားတော့ ငါ မင်းကို ရှင်းပြချိန် မရလိုက်ဘူး၊ ငါတောင်းပန်ပါတယ်"

ဟယ်ရီက သူလိုချင်သော အဖြေရအောင် ဆက်လက်ဆောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆန်ဖရန်စစ္စကိုမြို့တော်ကြီးကို အကျပ်ကိုင်ခြိမ်းခြော
ပြီး ဒေါ်လာနှစ်သန်း တောင်းဆိုထားတဲ့ အကြမ်းဖက်သမား
အုပ်စုကို ဖြိုခွင်းနှိမ်နင်းရာမှာ အဓိကပါဝင်ခဲ့တဲ့အတွ
မင်းကို ဂုဏ်ပြုတာပဲကွ"

"ဒါဆိုလည်း နေပါစေတော့ဗျာ၊ ကျွန်တော် ဘ
အကြမ်းဖက် ဂိုဏ်းကိုမှ မနှိမ်နင်းခဲ့ရသေးဘဲ"

ဟယ်ရီ၏စကားကြောင့် မြို့တော်ဝန်ကြီး အလွန်အံ့အ
သင့်သွား၏။

"မင်း ဘာပြောတာလဲ"

"မကြားဖူးလား"

"မိုဟာမစ်နဲ့ အူဟူးရူး ဂိုဏ်းဝင်တွေအားလုံး ထောင
ရောက်သွားပြီ။ ကယ်(လ်)ဗဲ(လ်)ကိုလည်း တရားရုံးချုပ်ထဲ
ဗုံးဖောက်မှုအတွက် ဖမ်းထားပြီ။ အမှုပြီးသွားပြီ မဟုတ်လား"

"ကျန်တဲ့ ဒိုင်းနမိုက်တွေ၊ သေနတ်တွေ၊ ကျည်ဆန်
လော့(စ်)ရော့ကက်တွေကို ကျွန်တော်တို့ အခုထိ ရှာမတွေ့
သေးတာကို မေ့နေပြီလား၊ အူဟူးရူးဌာနချုပ်မှာ ဘာလက်န
မှ ကျွန်တော်တို့ ရှာမတွေ့ခဲ့ဘူးလေ။ အဲဒါကို အရေး
တယ်လို့ ဘယ်သူကမှ မယူဆကြဘူးလား"

"ငါတို့ဆက်ပြီးရှာမှာပေါ့၊ အူဟူးရူး ဂိုဏ်းဝင်အား
ရဲ့ အိမ်တွေကို ရှာဖွေဖို့ ဝရမ်းတွေယူပြီး သွားရှာကြ
တစ်ယောက်ယောက်ရဲ့ အိမ်မြေအောက်ခန်းမှာ၊ ဒါမှမဟု
နံရံကပ် အဝတ်ဗီရိုကြီးထဲမှာ လက်နက်တွေ ဝှက်ထားတာ



မကြာခင် ရှာတွေ့မှာပဲ၊ တရားခံတွေအားလုံးကို ဖမ်းထားပြီး
ပြီမို့ အချိန်အနည်းငယ်အတွင်း ရှာတွေ့မှာပါ၊ မပူပါနဲ့"

"ခင်ဗျားလုပ်တာ သိပ်မှားသွားပြီ၊ ဒီအမှုမှာ အူဟူးရူး
ဂိုဏ်း လုံးလုံးမပါဘူး၊ ကယ်(လ်)ဗဲ(လ်)ဟာ ဒီဂိုဏ်းက
ထွက်သွားတာ ကြာပြီ၊ သူဟာ သူ့ရဲ့ ဗီယက်နမ်စစ်ပြန်
သူငယ်ချင်းဟောင်းတွေနဲ့ ပေါင်းနေတာ၊ ဒီကောင်တွေဟာ
ခုဆို လွတ်လပ်နေတုန်းပဲ၊ ကျွန်တော်တို့ တစ်ယောက်ကို
တစ်ယောက် ချီးမွမ်းခန်းဖွင့်နေတုန်း ဒီကောင်တွေက ဟောဒီ
မြို့ကြီးကို ဗုံးခွဲဖျက်ဆီးဖို့ အသင့်ဖြစ်နေကြတယ်ဗျ"

မက်ကေး ဒေါသအကြီးအကျယ် ထွက်နေလေပြီ။

"တော်လောက်ပြီ ကယ်လဟန်၊ ဒီလောက်ဆို တော်ရော
ပေါ့ကွာ၊ မင်းကို ငါအမိန့်ပေးနေတယ်၊ တော်တော့"

သူတို့တစ်စု အော်ဟစ် စကားပြောသံများ ကျယ်လာ
သဖြင့် ရုပ်မြင်သံကြား အဖွဲ့သားများပင် ဝိုင်းကြည့်ကုန်ကြ
သည်။

ဟယ်ရီသည် ရုပ်မြင်သံကြား ကင်မရာများဆီသို့
လက်ညှိုးဆောင့်ထိုးပြလိုက်ပြီး ...

"ဒီမယ် မြို့တော်ဝန်မင်းခဗျာ၊ ခင်ဗျားဘာသာ စိတ်ပြေ
လက်ပျောက် ရုပ်မြင်သံကြား သွားရိုက်ချင်ရိုက်ပါ၊ ကျွန်တော့်
အလုပ် မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကိုတော့ အဲ့
မထည့်ပါနဲ့ဗျာ"

"ကိုင်း ဟုတ်ပြီ ကယ်လဟန်၊ မင်းကို ငါ အမိန့်ပေးထား

www.burmeseclassic.com



လျက်နဲ့ မင်းလုပ်တယ်၊ မင်းကို ဒီနေ့ကစပြီး ရက်ပေါင်း (၆၀) ရာထူးခေတ္တ ချလိုက်ပြီဟေ့”

မက်ကေးက အော်လိုက်သည်။

“ရက်ကိုးဆယ် လုပ်လိုက်ပါဗျာ”

ဟယ်ရီက အပြုံးမပျက် ပြောလိုက်လေသည်။

“ရက်ပေါင်း တစ်ရာ့နှစ်ဆယ် လုပ်လိုက်မယ်၊ ကိုင်း မင်းရဲ့ ရင်ထိုးတံဆိပ် ငါ့ပေး။ ခုချက်ချင်းပေးစမ်း”

မက်ကေးက လက်ဖြန့်တောင်းသည်။

ဟယ်ရီက သူ့အိတ်ထဲမှ ရင်ထိုးတံဆိပ်ကို နှိုက်ထုတ်ပြီး မက်ကေး၏ လက်ဝါးပေါ် ဖြန်းခနဲရိုက်၍ ထည့်ပေးသည်။

“ရော့ ဆရာ၊ ဆရာ့အတွက် စပါယ်ရှယ် ဝမ်းချုပ်ဆေးတောင့်”

မက်ကေးမျက်နှာ ပန်းရောင်သမ်းသွား၏။

“မင်း ဘာပြောတာလဲ”

“ခင်ဗျားဖင်ထဲ ထည့်ထားလိုက်လို့ ပြောတာ”

ဟယ်ရီ ထိုသို့ပြောပြီး လှည့်ထွက်သွားသည်။ တံခါးဝ၌ ရပ်မြင်သံကြားအဖွဲ့ဝင်များအား တွန်းထုတ်သွား၏။

ဝေါ(လ်)တာမာတင်သည် မြို့တော်ဝန်ကြီးထံ ခပ်သုတ်သုတ် ပြေးလာ၏။

“စ ရိုက်တော့မယ် မြို့တော်ဝန်မင်းခင်ဗျား”

မြို့တော်ဝန်ကြီးသည် ဟယ်ရီအား တံခါးပေါက်မှ ပျောက်သွားသည်အထိ မကျေမချမ်း လိုက်ကြည့်နေ၏။



ထို့နောက် သူ့လက်ထဲမှ ဂုဏ်ပြုလက်မှတ်အတု အပိုတစ်စောင်ကို မာတင်အား ထိုးပေးပြီး ကိတ်၊ မက်ကေးနှင့် ဘရက်ဆလာ တို့အား ဝင်းပစွာ ပြုံးပြသည်။

မြို့တော်ဝန်မင်းသည် ယခုကြုံတွေ့ရသော အဖြစ်အပျက် များကြောင့် ငြိုငြင်သွားသည့်တိုင် အပြုံးမပျက်ပါပေ။

“ကိုင်း လုပ်စရာရှိတာ စ,လုပ်ကြစို့”

ကိတ်က မက်ကေးအား ဝေခွဲမရသော မျက်နှာထားဖြင့် လှမ်းကြည့်သည်။

“ခဏလောက် ခွင့်ပြုပါရှင်”

ကိတ်က မြို့တော်ဝန်အား မပွင့်တပွင့်ပြောပြီး သူမဆီသို့ ချဉ်းကပ်လာနေသော အမျိုးသမီး သတင်းထောက်နှစ်ဦးကြားမှ ဖြတ်၍ထွက်သွားသည်။ ကိတ်သည် သူတို့နှစ်ယောက်၏ မေးမြန်းချက်များကို လုံးဝ ဂရုမစိုက်ဘဲ စင်္ကြံလမ်းမကြီးထဲ ခပ်သွက်သွက် လျှောက်သွား၏။

ဟယ်ရီသည် လှေကားမှ လျှင်မြန်စွာ ဆင်းသွားလျက်ရှိ၏။

“ဟယ်ရီ နေဦး”

ဟယ်ရီက လှေကားတစ်ဝက်အရောက်တွင် ရပ်ပြီး လှည့်ကြည့်သည်။ ကိတ်အားတွေ့သဖြင့် ဆက်လက်ဆင်းသွားသည်။ ကိတ်သည် ဟယ်ရီ့အား တံခါးမကြီးနားတွင် မိသွား၏။

“ခဏလေး နေပါဦးလားရှင်”

www.burmeseclassic.com



ဟာယ်ရီ ရပ်လိုက်သည်။

"ဘာကိစ္စလဲ"

"ဘာမှ မဟုတ်ဘူး၊ ရှင်နဲ့ စကားပြောချင်လို့"

"မင်း အပေါ်ထပ်မှာ နိုင်ငံရေးသမား လူပြက်ကြီး
အဖွဲ့နဲ့အတူ ဂုဏ်ပြုလက်မှတ် တက်ယူရမှာ၊ ဘာလို့
လိုက်လာတာလဲ၊ မင်းက အိမ်သာ ခဏခဏသွားတဲ့လူ
တော့ အဲဒီလက်မှတ်လည်း မင်းအဖို့ အသုံးဝင်မှာပေါ့"

ဟာယ်ရီသည် တံခါးကိုဆောင့်တွန်းဖွင့်ပြီး အပြင်ထွ
သည်။

ကိတ်က နောက်မှ လိုက်လာသည်။ လှေကားမှဆ
သည်။

"ရှင် ဘယ်တော့မှ မလျှော့ဘူးနော်"

ဟာယ်ရီသည် ခြေတစ်လှမ်း လှေကားနှစ်ထစ်နှ
ဆင်းနေသည်။

"တစ်ခါတလေတော့လည်း လျှော့တာပေါ့"

"ဟင့်အင်း၊ ရှင်မလျှော့ပါဘူး။ သူများတကာတွေဆို
တော့ တစ်ခါတလေ အလျှော့ပေးတတ်တယ်။ ရှင်
အလျှော့ပေးတာကို လုံးဝ နားမလည်တဲ့ လူတစ်ယောက်"

လှေကားခြေရင်းသို့ ရောက်လာကြသည်။

ဟာယ်ရီ ရပ်လိုက်ပြန်သည်။ ကိတ်အား အေးစက်
ကျောသော မျက်လုံးများဖြင့် ကြည့်နေသည်။

"ဒီမယ် ငါ့အရေးတကြီး သွားစရာရှိသေးတယ်



လုပ်စရာတွေလည်း ရှိတယ်။ မင်း ပြောစရာရှိရင် အခုပြော
စမ်း"

ကိတ်က နှုတ်ခမ်းကို သွားနှင့် အသာလေး ဖိကိုက်
လိုက်ပြီး...

"ရှင် ဖိုင်တွဲတွေ မှတ်တမ်းတွေကြည့်ဖို့ အကူအညီ
လိုမယ်၊ တခြား ဘာကိစ္စဖြစ်ဖြစ် လိုအပ်ရင် ကျွန်မကိုပြောပါ၊
အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ ဖုန်းဆက်ပြောလိုက်ပေါ့။ ကျွန်မ
လုပ်ပေးပါ့မယ်၊ ကတိပေးပါတယ်၊ အဲဒါ ပြောချင်လို့"

ဟာယ်ရီ၏ မျက်နှာထား အနည်းငယ် ပျော့သွားသည်။
ကိတ်၏ မျက်လုံးများကို စိုက်ကြည့်နေပြီး ညင်သာစွာ
ခေါင်းညိတ်သည်။

"အေး... ကောင်းပြီ၊ ငါ မှတ်ထားပါ့မယ်"

ကိတ်က ဝမ်းသာစွာဖြင့်ပြုံးသည်။

"ကောင်းပြီနော်၊ အချိန်မရွေးပြောပါ၊ ကျွန်မကိုဘယ်မှာ
ဆက်သွယ်ရမယ်ဆိုတာ ရှင်သိသားပဲ"

"အေး... သိတယ်၊ ဪ... ဒါနဲ့ ငါတစ်ခုပြောဦးမယ်"

"ဘာလဲ"

"မင်းနဲ့ နောက်ထပ်တွဲရမယ့် လူသစ်တစ်ဦးကတော့
ငါ့ထက်ဆိုးမှာ သေချာတယ်"

"ကျေးဇူးတင်ပါတယ်"

"ငါ့ကို ကျေးဇူးမတင်နဲ့၊ မင်းအဖို့လောကမှာ မသိသေး
တတ်တာတွေ အများကြီး ကျန်သေးတယ်၊ အေး... ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းအလုပ်ကြိုးစားရင် အဆင်ပြေသွားမှာပါ။ နေဦး… မင်း ငါနဲ့လိုက်ပြီး တစ်ခုခုသောက်ဦးမလား”

“အိုကေ၊ ကုတ်(ခ်)သောက်ရအောင်လေ”

“အေး…ကောင်းသားပဲ”

○ ○ ○

သူတို့နှစ်ဦး Golden Gate တံတားပန်းခြံသို့ ကား မောင်းသွားကြသည်။ ဟယ်ရီက ပန်းချီနှင့် အနုပညာပြတိုက် ကြီး၏ အပြင်ဘက်ရှိ စားသောက်ဆိုင်၌ ကုတ်(ခ်)ဘူးများ ဝင်ဝယ်သည်။ ထိုဆိုင်ကလေး၏ ပိုင်ရှင်မှာ ဟယ်ရီသိခဲ့သ ကာလပတ်လုံး ထိုအလုပ်ဖြင့်သာ အသက်မွေးနေသူ အဘိုးအို ကြီး တစ်ယောက် ဖြစ်၏။

ကိတ်က ဟယ်ရီ့အား ကျေးဇူးတင်ကြောင်းပြောသည်။

“လမ်းလျှောက်ဦးမလား”

ဟယ်ရီက မေးသည်။

ကိတ်က ကုတ်(ခ်)ကို ပိုက်ဖြင့်စုပ်သောက်ရင်း ခေါင်း ညိတ်ပြသည်။

“ကောင်းသားပဲ၊ ကျွန်မဒီနေ့ နေ့ခင်းပိုင်း ဂျူတီမရှိဘူး လေ၊ ရှင်နဲ့ကျွန်မ နှစ်ယောက်အတူ ခုလိုထွက်ပြေးလာတော့ မြို့တော်ဝန်ကြီး နှလုံးရောဂါ ခိုက်သွားရှာပြီ”

“အို …စိတ်မကောင်းလိုက်တာ”



သူတို့နှစ်ဦး ပိုလို ကစားကွင်းများဆီသို့ လမ်းကျဉ်းငယ် းတစ်ခုမှ လျှောက်သွားသည်။

“ရှင် ဒီကို မကြာမကြာ လာတတ်သလား”

“ဟင့်အင်း၊ မလာပါဘူး။ ငါ့ဇနီးနဲ့သာ လာတာ”

ဟယ်ရီ၏ နဖူးပေါ်မှ အရေးအကြောင်းများက ပိုမိုနက် င်းသွားကြ၏။

“ရှင့်မှာ အိမ်ထောင်ရှိမှန်း ကျွန်မ မသိဘူး”

“ကြာပါပြီ”

“ဘယ်လိုဖြစ်တာလဲ”

“သူ ကားတိုက်မှုနဲ့ မတော်တဆ သေသွားတယ်”

ဟယ်ရီ၏မျက်လုံးများသည် အတိတ်မှ အဖြစ်အားလုံး ကို အသေးစိတ် ပြန်လည်မြင်ယောင်နေသကဲ့သို့ ရီဝေသွား သည်။

သူ၏လေသံမှာ ခါးသီးနာကျည်းမှုမရှိ။ ဆုံးရှုံးနစ်နာ သာရှိ၏။

“သူက အိမ်ပြန်လာတာ။ ကား ကိုယ်တိုင်မောင်းလာ တယ်။ အဲ…ပစ်ကပ် ထရပ်ကားမောင်းလာတဲ့ ငနဲတစ်ယောက တော့ အရက်မူးလာကြတယ်။ ဒီကောင်တွေ မီးနီကို မရပ်ဘဲ မောင်းချသွားတော့…”

ဟယ်ရီ့အသံက ဆက်မထွက်လာတော့ချေ။

“ ကျွန်မ စိတ်မကောင်းပါဘူး ဟယ်ရီ”

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး အတန်ကြာသည်အထိ စကားမပြောဘဲ လမ်းလျှောက်ကြသည်။

"ကျွန်မလည်း အိမ်ထောင်ရှိခဲ့ဖူးတယ်။ ကျွန်မ ဆယ့်ခြောက်နှစ်သမီးတုန်းကပေါ့။ ကျွန်မခင်ပွန်းက အသက်ဆယ့်ခုနစ်နှစ်။ နှစ်ယောက်စလုံး အထက်တန်းကျောင်းက ထွက်ခါစ။ အိမ်ထောင်က ခြေ ာက်လပဲ ခံတယ်။ တစ်နေ့တော့ ကျွန်မတို့နှစ်ယောက် ရာသက်ပန် မပေါင်းသင်းနိုင်တော့ဘူးဆိုတာ သိလာကြတယ်လေ။ ဒါနဲ့ ကွာရှင်းလိုက်ကြတယ်။ စိတ်လည်း မဆိုးကြပါဘူး။ ဝမ်းလည်းမနည်းကြဘူး။ နှစ်စဉ်နှစ်တိုင်း သူ ကျွန်မဆီ ခရစ္စမတ်ကတ်ပြားလေးတွေ ပို့ပေးတယ်။ အင်း... ရယ်စရာကောင်းသား။ ကျွန်မတို့လက်ထပ်ခါစက သူက ဗိသုကာ လုပ်မယ်၊ ကျွန်မက ရှေ့နေလုပ်မယ်ပေါ့၊ ခုတော့ သူက လောင်းဘိ(ချ်)မြို့မှာ အာမခံလုပ်ငန်းအရာရှိ၊ ကျွန်မက ဆန်ဖရန်စစ္စကိုမှာ ရဲအဖွဲ့ဝင်တစ်ဦး ဖြစ်နေကြတယ်လေ၊ ကျွန်မတို့နှစ်ယောက်စလုံး ဖြစ်ချင်တာဖြစ်မလာကြဘူး"

"မင်း ရှေ့နေဖြစ်အောင် ဆက်လုပ်လို့ရသေးတာပဲ"

ဟယ်ရီက ပြောသည်။

"ကျွန်မ စဉ်းစားကြည့်ပြီးပါပြီ။ တကယ်ပြောတာ အမှန်ပြောရရင်တော့ အခုကျွန်မ ရှေ့နေလုပ်ချင်စိတ် မရှိတော့ဘူး၊ တရားရုံးတွေ အလုပ်လုပ်ပုံကို မြင်လာပြီးတဲ့နောက် အဲလကားပဲလို့ ထင်မိတယ်"



ဟယ်ရီ သွားဖြဲလိုက်၏။

"မင်းက အပြစ်တင်လွယ်တာကိုး၊ မင်း... ငါ့လေသံနဲ့ လာပြီ"

နှစ်ယောက်စလုံး ပြိုင်တူရယ်ကြသည်။

ပိုလို ကစားကွင်းထဲရှိ မြင်းဇောင်းများဆီသို့ လျှောက် ားကြသည်။ သီတင်းပတ် ကြားရက်ဖြစ်သဖြင့် ယနေ့ သို့ ကစားပွဲ မရှိချေ။ ကောင်လေးနှစ်ယောက် ကွင်းထဲ၌ ာ့(စ်) ဘော်(လ်) ကစားနေကြသည်။ ဟယ်ရီနှင့် ကိတ်တို့က ူတို့အား ခဏကြာကြည့်နေပြီး မြင်းဇောင်းများရှိ မြင်းများကို ားကြည့်ကြသည်။

"သိပ်လှတဲ့ မြင်းတွေပဲနော်"

ကိတ်က မြင်းထိန်းတစ်ဦး အမွေးသပ်ပေးနေသော ြင်းတစ်ကောင်ကို ကြည့်ရင်း ပြောသည်။

"မင်း မြင်းတွေကို သဘောကျတယ်လား"

သူမ ခေါင်းညိတ်သည်။

"ကျွန်မ ငယ်ငယ်တုန်းက စတော့(ခ်)တွန်မြို့နားမှာ နေတဲ့ ကျွန်မအဒေါ်ရဲ့ခြံကို သွားတတ်တယ်၊ တင်ပါးတွေ တဲ့အထိ ကုန်းနှီးမပါဘဲ တစ်နေကုန် လျှောက်စီးတယ်၊ အဲဒီနွေရာသီနှစ်တွေဟာ ကျွန်မအဖို့ ပျော်စရာအကောင်းဆုံး ာလတွေပဲ၊ ကျွန်မ မြင်းပေါ်က တစ်ခါလိမ့်ကျတော့ ခြေထောက်မှာ နှစ်နေရာတောင် ကျိုးသွားတယ်၊ ပလာစတာ ည်းစွာပြီးရော အဲဒီမြင်းကို ချက်ချင်းပြန်စီးတာပဲ၊ တစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ပေါ့၊ ဒီတစ်ခါတော့ မြင်းက ကျွန်မကို ခါမချဝ့်တော့ဘူး၊ ကျွန်မ ငယ်ငယ်က သိပ်ခေါင်းမာတာ”

“ခုထိ ခေါင်းမာတုန်းပါပဲ”

“ဟုတ်တယ်၊ ရှင်လည်း အတူတူပဲ၊ နှစ်ယောက်စလုံး ခေါင်းမာကြတယ်၊ ဒါကြောင့် ကျွန်မရှင့်ကို သဘောကျတာပေါ့”

နောက်ဆုံးစကားကြောင့် ဟယ်ရီ မျက်နှာထား တင်းသွား၏။

ကိတ်သည် အခြေအနေကို ရိပ်စားမိသဖြင့် ဤသို့မေး လိုက်သည်။

“ကျွန်မပြောတာ အမှားပါသွားသလားဟင်”

ဟယ်ရီက ဖြည်းညင်းစွာခေါင်းခါသည်။

“ဟင့်အင်း၊ ငါက ငါ့တွဲဖက်တွေနဲ့ မရင်းနှီးအောင် အမြဲကြိုးစားနေတတ်လို့ပါ”

“သိပြီ၊ ကျွန်မ နားလည်သွားပြီ”

သူတို့ လမ်းဆက်လျှောက်ကြသည်။ နောက်ဆုံး၌ ဟယ်ရီက လက်ပတ်နာရီကို ကြည့်သည်။

“တို့ ပြန်ကြစို့”

သူတို့နှစ်ယောက် လာလမ်းအတိုင်း ပြန်လှည့်ကြသည်။

“မင်း မြင်းပွဲရော သွားဖူးသလား”

အတန်ကြာသောအခါ ဟယ်ရီကမေးသည်။

“ရှင်ရော သွားဖူးသလား”



“အရင်တုန်းကတော့ သွားတယ်၊ နောက်တော့ အကျင့် ဖျောက်ပစ်လိုက်တယ် ဆိုပါတော့၊ တစ်နေ့နေ့ကျ မင်း Golden Gate မြင်းပြိုင်ကွင်းကို မင်းသွားကြည့်ပါလား။ ခင်းအားတဲ့ တစ်နေ့ပေါ့”

ဟယ်ရီက သူ့ဘောင်းဘီအိတ်များထဲသို့ လက်ထိုး သွင်းရင်း ပြောသည်။

“သိပ် သွားချင်တာပေါ့”

“ဒါဖြင့် နောက်စနေနေ့ သွားမလား။ မင်းလိုက်နိုင်ပါ့ မလား”

“လိုက်မယ် စိန်လိုက်”

✧ ✧ ✧

www.burmeseclassic.com

## အခန်း (၁၂)

လေတဖြူးဖြူး တိုက်ခတ်နေသော ကင်ဒယ်(လ်)စတာ(ခ်) ပန်းခြံ၌ ဘော့(စ်)ဘော(လ်)ပြိုင်ပွဲရာသီအသစ် စတင်ဖွင့်လှစ်သည့်နေ့ ဖြစ်လေသည်။

"ဘီလူးများ"အသင်းနှင့် ဟူစတန် အဲက်(စ်)ထရီး အသင်းတို့၏ပွဲကို လာကြည့်သည့် ပရိသတ်မှာ ၅၂၀၀၀ခန့် ရှိသည်။ မြို့တော်ဝန်သည် ဖွင့်ပွဲနေ့အခမ်းအနား၌ လုပ်ရိုးလုပ်စဉ်အတိုင်း ဘောလုံးကို ပစ်ပေါက်ပေး၍ ကွင်းဖွင့်ပေးသည်။ ဓာတ်ပုံဆရာများက မှတ်တမ်းတင် ဓာတ်ပုံများ မလွတ်တမ်း ရိုက်ယူကြ၏။

မြို့တော်ဝန်ကြီးသည်ဘော့(စ်)ဘော(လ်)ကို မုန်းတီးသူဖြစ်၏။ ၎င်းကစားနည်းသည် အဓိပ္ပာယ်မဲ့သော၊ ပျင်းစရာကောင်းသော ကစားနည်းတစ်ရပ်ဖြစ်သည်ဟု သူ့ယူဆထားသည်။ သူ့မှာ ထိုင်ကြည့်ချင်စိတ် လုံးဝမရှိ။

ဘော့(စ်)ဘော(လ်) ဝါသနာအိုးများစွာတို့သည် လက်မှတ်



ရဖို့ နာရီပေါင်းများစွာ တန်းစီစောင့်ပြီး ကျဉ်းကျပ်သော ထိုင်ခုံတန်းများတွင် လာထိုင်ကာ လူကြီးတစ်စုက ဘောလုံးကို ဘုတ်တံဖြင့် ရိုက်ကစားပုံကို ဒုက္ခခံကြည့်ရှုတတ်ကြခြင်းကို သူ နားမလည်နိုင်ပေ။ လုံးဝအဓိပ္ပာယ်မရှိ။ အချိန်ဖြုန်းခြင်း တစ်မျိုးသာဖြစ်၏။

သို့သော် သူ့အနေနှင့် ကစားပွဲပြီးဆုံးသည်အထိ ထိုင်ပေးနေရဦးမည်တည်း။ ကွင်းဖွင့်ပွဲနေ့တွင် ကစားပွဲမပြီးမီ မြို့တော်ဝန်ကြီး ထပြန်ရန် လုံးဝမသင့်ပေ။

အင်း .... တစ်နေကုန်တော့ ထိုင်ပေးရဦးမှာပေါ့။ တခြားသော အရှုံးအပေါ်များလိုပဲ။ ဟောလား ဝါးလားနှင့် အော်ဟစ်အားပေးရဦးမှာပေါ့။ အချိန်တွေ နှမြောဖို့ကောင်းပါပေ့။ ဒါလည်း ရုံးအလုပ် တစ်မျိုးပေကိုး၊ မြို့တော်ဝန်ကြီး စိတ်ထဲက ပြောနေမိသည်။

"ဘီလူများ"အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရနေချိန်ဝယ် ဝေါ(လ်)တာမာတင်သည် မြို့တော်ဝန်ဘက်လှည့်ပြီး–

"ကျွန်တော်တို့ ပွဲပြီးလို့ ပရိသတ်ကြားမှာ ပိတ်မိမနေချင်ရင် ခုကတည်းက ထွက်နိုင်ရင် ကောင်းမယ်ဆရာ၊ ညနေ လေးနာရီထိုးတော့မယ်၊ ခြောက်နာရီမှာ ကောင်စီအစည်းအဝေး ရှိတယ်၊ ခုပြန်သွားမှဆရာ မှတ်စုတွေ ဘာတွေ သေးနည်းပါးပါး ပြန်ကြည့်ထားဖို့ အချိန်ရမယ်"

"အေး ... ဟုတ်တယ် ဝေါ(လ်)တာ"

မြို့တော်ဝန်ကြီးဝမ်းသာစွာဖြင့် ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘော့(စ်)ဘော(လ်)ပွဲကို အပြီးထိ ထိုင်ကြည့်ရမည့်ဒုက္ခမှ လွတ်ကင်းတော့မည်မို့ တော်သေးသည်ဟု သူ စိတ်ထဲက ပြောမိသည်။ အခမ်းအနား သိမ်းပွဲထိလည်း နေစရာမလို တော့။ သို့မဟုတ်က သူပျင်းလို့ သေရတော့မည် မဟုတ်လား။

"ကဲ....သွားစို့"

မြို့တော်ဝန်ကြီးသည် သူ့ဘေးနားရှိ မိတ်ဆွေသင်္ဂဟများ အား နှုတ်ဆက်ပြီး အုတ်အော်သောင်းတင်း အားပေးကြည့်ရှု နေကြသော ပရိသတ်ကြီးကြားမှ မာတင်နှင့်အတူ အသာလေး တိုးထွက်ခဲ့ကြလေသည်။

o o o

သုံးနာရီ ငါးဆယ့်ရှစ်မိနစ်။

ဘော်ဘီမက်(ခ်)ဝဲ(လ်)သည် ယမန်နေ့ညက မြို့လယ် ပိုင်းရှိ ကားရပ်ကွက်လပ်ကြီး တစ်ခုထဲမှ ခိုးယူလာခဲ့သော "ဗို့(ဒ်)အီကိုနိုလိုင်း" ဗင်ကား၏ ယာဉ်မောင်း ထိုင်ခုံတွင် ခါးလျှောချ၍ ထိုင်နေသည်။

သူသည် ပင်မ ဂိတ်ဝကြီးရှေ့၌ ရပ်ထားသော မြို့တော် ဝန်၏ အနက်ရောင် ကယ်ဒီလက်ကားကြီးကို စောင့်ကြည့် နေခြင်းဖြစ်၏။ အသက်ခပ်ငယ်ငယ်ဖြစ်သူ ယာဉ်မောင်းသည် ယာဉ်မောင်းသမား ဝတ်စုံအပြည့်နှင့်ဖြစ်ပြီး ကယ်ဒီလက်ကား ကြီး၏ ဖင်ဒါကို မှီရပ်ကာ လက်ပိုက်ပြီး ဦးထုပ်ကို နေရောင်မှ



သက်သာစေရန် မျက်နှာအပေါ် ခပ်ငိုက်ငိုက် ဆောင်းထား သည်။

ကစားကွင်းကြီးထဲမှ အော်ဟစ်သံများကို ဘော်ဘီကြား ရသည်။ သူ့ကားထဲမှ ရေဒီယိုကို ဖွင့်လိုက်သည်။ ဘော့(စ်) ဘော(လ်)ပွဲသတင်း ကြေညာပေးနေ၏။

ဘော်ဘီသည် ဗင်ကား၏ နောက်ပိုင်းသို့ လှည့်ကြည့် သည်။ လာလိုသည် အေအာ(ရ်)–၁၅ ရိုင်ဖယ်၏ ငှက်ပျော သီးပုံ ကျည်ကတ်ကြီးအတွင်း ကျည်ဆန်တောင့်များ ထိုးထည့် နေသည်။ ကား(လ်)သည် လော့(စ်)ရှော့ကက်ကို အထုပ်ဖြေနေ သည်။ သူတို့နှစ်ဦးသည် ထိုလက်နက်များကို ကောင်းစွာ ကိုင်တွယ်နိုင်ရန် ကျင့်သားရပြီးသူများသဖွယ် လှုပ်ရှားနေကြ သည်။

"မြို့တော်ဝန်ကြီး ပွဲမပြီးခင် ထွက်လာမှာပဲ သိပ်မကြာ ဘူး၊ လာခါနီးပြီဟေ့"

ဘော်ဘီက သူ့တပည့်များအား ပြောလိုက်သည်။

လာလိုသည် အေအာ(ရ်)–၁၅ ရိုင်ဖယ်တွင် ကျည်ကတ် ကြီးကို ဖြောင်းခနဲ စွပ်လိုက်သည်။ ထို့နောက် ရိုင်ဖယ်ကို တယုတယ လက်နှစ်ဖက်ဖြင့် ပိုက်ထားသည်။

"ငါ ဒါမျိုးစောင့်စားနေတာကြာပြီ။ ဗီယက်နမ် တုန်းကလို ပြန်ဖြစ်ဦးတော့မှာပဲ ထင်ပါရဲ့၊ ဟီး....ဟီး...."

လာလိုက စိတ်တက်ကြွစွာဖြင့် ပြောလိုက်သည်။

"မင်းပြောတာ ငါ သဘောပေါက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီက ပြောသည်။ သူ့အသံက တည်ငြိမ်လှပြီး ခံစားချက် ကင်းမဲ့လှ၏။ ဘော်ဘီသည် လာလိုကဲ့သို့ မိမိ၏ စိတ်ကို လူသိအောင် မလုပ်ပြတတ်ပေ။ သူ့စိတ်ထဲ၌ ဘာတွေ ဖြစ်နေသည်ကို မည်သူမျှ အကဲခတ်၍ မရနိုင်ပေ။ သူသည် အခြေအနေ မည်မျှတင်းမာနေစေ အေးအေးဆေးဆေးပင် နေတတ်၏။

"ဒီနေ့ အလုပ်အဆင်ပြေသွားရင် ငါတို့တစ်သက်လုံး အေးချမ်းသွားပြီ မှတ်ပေတော့ဟေ့"

ဘော်ဘီက ဆက်ပြောသည်။

"ခေါ်လာနှစ်သန်း။ အမေလေးလေး မနည်းပါလား နော်။ ဒီပိုက်ဆံတွေအကြောင်း စဉ်းစားလိုက်တိုင်း စိတ်ထဲမှာ ရွစိရွစိ ဖြစ်လာတယ်။ ကျွန်တော် သူဌေးဖြစ်တော့မှာပါကလား။ ဟဲ ဟဲ။ ကိုယ်လိုချင်တဲ့ ပစ္စည်းမှန်သမျှ ဝယ်နိုင်တဲ့သူဌေးကြီး တွေလို ဖြစ်ချင်နေတာကြာပြီ။ ခုတော့ ကိုယ်တိုင်ကြုံတွေ့ တော့မှာလေ။ ဟား ဟား"

လာလိုက ပြောလိုက်သည်။

ဘော်ဘီသည် ဝေါက်ခနဲ ခေါင်းထောင်လာပြီး မျက်မှောင်ကြုတ်၍ ကြည့်သည်။ မြို့တော်ဝန်ကြီးနှင့် သူ့ လက်ထောက် တပည့်တို့ပင် ဂိတ်မှထွက်လာသည်။ မြို့တော် ဝန်သည် သူ့ယာဉ်မောင်းအား တစ်စုံတစ်ခုပြောပြီး ကားနောက် ခန်းသို့ ဝင်သွားသည်။ သူ့ဘေးသို့ သူ့တပည့်က ဝင်ထိုင်သည်။

"အပိုင်ပဲဟေ့၊ ကဲ စ,ကြစို့"



ဘော်ဘီက ရေဒီယိုကို ပိတ်ပစ်လိုက်ရင်း ပြောသည်။

"ရဲဘော် သတိ၊ ဟဲ ဟဲ"

လာလိုက နောက်ရွတ်ရွတ်နှင့်ပြောသည်။ သူသည် အေအာ(ရ်)-၁၅ ရိုင်ဖယ်၏ မောင်းထိန်းခလုတ်ကို ဖွင့်လိုက် သည်။ သူ့စိတ်က အလွန်တက်ကြွလှုပ်ရှားလျက် ရှိနေလေပြီ။

ဘော်ဘီသည် ဗင်ကားပေါ်မှဆင်းပြီး ဆယ်ပေခန့် အကွာရှိ အများသုံး ဖုန်းရုံကလေးဆီသွားသည်။ ပိုက်ဆံ အကြွေတစ်စေ့ထည့်ပြီး ဂဏန်းများကို လှည့်သည်။ တစ်ဖက် တွင် ခေါင်းလောင်းနှစ်ကြိမ် မြည်ပြီးမှ ဖုန်းကိုင်သည်။

"ပြောပါ"

လည်ချောင်းသံကြီးနှင့် ဝင်ဒါ၏ထူးသံဖြစ်၏။

"ဘော်ဘီပါ"

"ပြောလေ"

"တို့ရဲ့လူ လာနေပြီ"

"ကောင်းတယ်"

"မင်းတို့ဘက်က အသင့်ပဲလား"

"အသင့်ပဲ"

"အိုကေ ငါတို့ ထွက်ခဲ့မယ်"

"တော်ကြာဆုံကြမယ်လေ"

"အေး ဒါပဲ"

ဘော်ဘီက ဖုန်းပြန်ချပြီး ဗင်ကားထဲသို့ ပြန်ဝင်သည်။ မြို့တော်ဝန်၏ ဇိမ်ခံကားကြီးသည် ကားရပ်ကွက်လပ်သိမှ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြူထွက်လာသည်ကိုတွေ့ရ၏။ ဂိတ်ဝကြီးမှ မြို့တော်ဝန်ကား မောင်းထွက်သွားသောအခါ ဆော်ဘီက ကားစက်နှိုး လိုက်သည်။

ဘောလုံးကွင်းကြီးထဲမှ ပရိသတ်များ၏ အော်ဟစ်သံများကို ကြားနေရဆဲ။ ပွဲအတော် ကောင်းနေပုံရ၏။

ဆော်ဘီ ပြုံးလိုက်သည်။

ပရိသတ်များသည် သူ့ကို အားပေးနေကြသည်နှင့် တူလှပါကလား။

○ ○ ○

သုံးနာရီ ငါးဆယ့်ကိုးမိနစ်။

ဝင်ဒါသည် တတိယလမ်းရှိ "ရှုပတ်မရိန်း" လှေဆိပ်သို့ ဝင်ပေါက်နားရှိ ဖုန်းရုံကလေးထဲ၌ ရပ်နေသည်။ ထိုဝင်ပေါက်မှကြည့်လျှင် "ချိုင်းနားဘောဆင်" ပင်လယ်ဝကို ဖြတ်သန်းသော ခေါက်တံခါးကြီးကို တွေ့နိုင်သည်။

သူမက လက်ပတ်နာရီကိုကြည့်သည်။ ဘောလုံးကွင်းမှ ပင်လယ်ဝအထိ မြို့တော်ဝန်ကားသည် အနည်းဆုံး ဆယ်မိနစ်ခန့် မောင်းရမည်။ မနေ့က သူတို့တွေ နှစ်ကြိမ်တိုင် အချိန်မှတ် အစမ်းလေ့ကျင့်ခဲ့ကြသည်။

ဝင်ဒါသည် မယ်သီလရှင်ဝတ်ရုံကို ကျကျနန ပြင်ဝတ်ပြီး ဖုန်းရုံကလေးထဲမှထွက်ကာ အနီးတွင်ရပ်ထားသော ပစ်ကပ်



ထရပ်ကားဆီ လျှောက်သွားသည်။ တက်(ဒ်)သည် ယာဉ်မောင်းခုံ၌ထိုင်နေပြီး ရေဒီယိုမှလာသော "လော်ရက်တာလင်း(န်)"၏ သီချင်းအတိုင်း စည်းချက်လိုက်၍ တံခါးပေါင်ကို လက်နှင့် တဒေါက်ဒေါက် ခေါက်နေသည်။

"သူတို့လာနေပြီ"

ဝင်ဒါကပြောသည်။

"ကောင်းပြီ"

တက်(ဒ်)သည် ရေဒီယိုကိုပိတ်ပြီး ကားဒက်(ရှ်)ဘုတ်မှ အံဝှက်ကို ဆွဲဖွင့်သည်။ အထဲ၌ ဒသမ ၄၅ ပစ္စတိုနှစ်လက် ရှိ၏။ တစ်လက်ကို နှိုက်ယူပြီး ဝင်ဒါအား လှမ်းပေးသည်။ သူမက ပြတင်းပေါက်မှယူပြီး ဝတ်ရုံအတွင်း၌ ထိုးသွင်း၍ ဝှက်ထားလိုက်၏။ ဒုတိယပစ္စတိုကို တက်(ဒ်)က သူသုံးရန် ယူထားလိုက်ပြီး ကျည်ကတ်ကို စစ်ဆေးကာ ဘောင်းဘီခါးပတ်ကြား ထိုးသွင်းထားလိုက်သည်။

"ခေါက်တံခါးကို မ,ပြီး ဆွဲတင်တဲ့အချိန်ကို မမေ့နဲ့နော်"

ဝင်ဒါက သတိပေးသည်။

"အင်းပါ"

ဝင်ဒါသည် လှေဆိပ်ဝင်ပေါက်မှ ထွက်ပြီး လမ်းတစ်ဖက်သို့ ဖြတ်ကူးသည်။ ကားတစ်စီးက သူမအား ဟွန်း ဆောင့်တီးလိုက်၏။ သူမက ယာဉ်မောင်းအား လှမ်းဆဲချင်သော်လည်း စိတ်ထိန်းပြီး အသာလေး ရပ်စောင့်ကာ ပြုံးပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မအေးပေး ကားသမားဟု စိတ်ထဲက မေတ္တာပို့လိုက်သေး၏။

ခေါက်တံခါးကြီးကို အဖွင့်အပိတ်ထိန်းချုပ်သည့် အိမ်ငယ်ကလေးမှာ မြစ်ဝနှင့် ပင်လယ်အော်ကို ကောင်းစွာ တွေ့နိုင်စေရန် သတ္တုစင်တစ်ခုပေါ်တွင် တည်ဆောက်ပေးထားသည်။ ဝင်ဒါသည် မတ်စောက်သော သတ္တုလှေကားမှ ထိန်းချုပ်ရုံငယ်လေး၏ တံခါးနားအရောက် ဝတ်ရုံရှည်ကြီးကို မ,ကာ တက်သွားသည်။ ရှည်လျားသော၊ မှုအိုက်သော ဤဝတ်ရုံကြီးကို သူမ စိတ်ပျက်မိသည်။ ပေါ်ကြောင်ကြောင် ဆန်သည်ဟု ထင်မိ၏။ သို့သော် ဘော်ဘီ၏ အစီအစဉ်အရ ဖွဲ့လုပ်ရခြင်းဖြစ်သည်မို့ မငြင်းပေ။ ရယ်စရာကောင်းသည်။

လှေကားထိပ် ရောက်သောအခါ ဝင်ဒါသည် တံခါးကို အသာလေးခေါက်လိုက်သည်။ ပြတင်းပေါက်မှ အထဲသို့ ချောင်းကြည့်ရာတွင် အသက်(၅၅)နှစ်ခန့်ရှိ တံတားအစောင့်ကြီးအား တွေ့ရသည်။ ၎င်းသည် မှတ်တမ်းတစ်ခုကို ရေးနေရာမှ သူမအား မော့်ကြည့်လိုက်သည်။ ပြီးတော့ ထလာပြီး သူမအား တံခါးဖွင့်ပေးသည်။ သူမအား စိတ်ဝင်တစားကြည့်မိသည်။ မယ်သီလရှင်တစ်ပါး ငါ့ဆီ ဘာလာလုပ်တာပါလိမ့်။

"ဟဲလို စစ္စတာ၊ ကျွန်တော် ဘာကူညီရမလဲ ပြောပါ"

ဝင်ဒါက သူ့ကိုပြုံးပြပြီး...

"တစ်ခုလောက် ကူညီနိုင်မလားရှင်"



"ပြောပါ၊ အလှူငွေထည့်ရမှာလား၊ ဘယ်လောက်လိုချင်လို့လဲ၊ ငါးဒေါ်လာဆို တော်ပြီလား"

အဘိုးကြီးသည် သူ့ဘောင်းဘီ ဖင်ကပ်အိတ်ထဲမှ ပိုက်ဆံကို နှိုက်ထုတ်သည်။

"အလှူခံတာ မဟုတ်ပါဘူး"

"ဗျာ...ဒါဖြင့် ဘာကိစ္စ"

"တံတားကို ခေါက်တင်ပေးဖို့ပါ"

အဘိုးကြီး အူကြောင်ကြောင် ဖြစ်သွားသည်။ ဒီမှာ သီလရှင် ငါ့ကို လာနောက်နေတာများလား။ သူက ရယ်လိုက်သည်။

"တံတားကို ဆွဲတင်ပေးရမယ် ဟုတ်လား။ ဘာလို့ ကျွန်တော် အဲဒါ လုပ်ပေးရမှာတုန်း စစ္စတာရယ်"

ထိုအခိုက် ဝင်ဒါက သူမ၏ ဝတ်ရုံထဲမှ ဒသမ.၄၅ အော်တိုမက်တစ် ပစ္စတိုကြီးကို ဆွဲထုတ်လိုက်သည်။

"ဘာလို့ဆိုတော့ ကျွန်မက အမိန့်ပေးလို့ပေါ့"

အဘိုးကြီး မျက်လုံးပြူးသွား၏။

"နေ...နေပါဦး"

"ကဲ...အထဲပြန်ဝင်စမ်း၊ ဒါမှမဟုတ် ရှင် ဦးနှောက်ထွက်သွားချင်သလား"

ဝင်ဒါက သေနတ်ဖြင့် တကယ်ပစ်တော့မည့်အလား ခြောက်၍ အမိန့်ပေးသည်။

ဒီမယ်သီလရှင်၊ ငါ့ကိုနောက်နေတာတော့ မဟုတ်တော့

www.burmeseclassic.com



သေချာပြီ။ အဘိုးကြီး ဤသို့ယူဆပြီး လက်မြှောက်ကာ ထိန်းချုပ်ခန်း ရုံးငယ်လေးထဲ ပြန်ဝင်သွား၏။

"အိုကေ...အိုကေ"

ဝင်ဒါက သူ့နောက်က လိုက်လာသည်။ သူမသည် သေနတ်ပြောင်းကို အဘိုးကြီး၏ မျက်နှာပေါ် ချိန်ထားသည်။ သူမသည် အခြားလက်တစ်ဖက်ဖြင့် တံခါးပြန်ပိတ်ပြီး ချက်ထိုးလိုက်သည်။ သူမ လက်ပတ်နာရီကိုကြည့်ပြန်သည်။ ၄း၀၅ နာရီ။

နောက်ငါးမိနစ် စောင့်ရဦးမယ်။ ပြီးရင်အားလုံး အကောင်အထည် ပေါ်လာလိမ့်မည်။ သူမက အဘိုးကြီးအား ပြုံးပြသည်။ အဘိုးကြီးကတော့ ပြန်မပြုံးပြနိုင်ရှာပေ။

○ ○ ○

လေးနာရီ ဆယ့်ငါးမိနစ်။

တတိယလမ်းနှင့် တပ်မတော်လမ်းသို့ ရောက်အောင် မြို့တော်ဝန်၏ ကားသည် ဆယ့်သုံးမိနစ်ကြာ မောင်းရသည်။ ထိုနေရာမှာ "တတိယလမ်း" တံတားကြီးနှင့် တစ်မိုင်ခန့်ကွာ ဝေးသည်။ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားနေသောကြောင့် မြောက်ဘက်သို့သွားသော ယာဉ်ကြောအား နှောင့်နှေးစေလေသည်။ စိတ်မရှည်သော ယာဉ်မောင်းများသည် ကားဟွန်းများ တပွမ်ပွမ်နှင့် တီးနေကြသည်။



ဘော်ဘီသည် သူ့ဗင်ကားကို ရှုပ်ထွေးနေသော မော်တော်ကားများကြားမှ ဖြတ်ကျော်ကာ မြို့တော်ဝန်ကြီး၏ ကားနောက် ကပ်လျက် ရောက်အောင်မောင်းသွားသည်။ သူတို့စီစဉ်ထားသည်ထက် အချိန်နောက်ကျနေသော်လည်း အောင်မြင်လိမ့်မည်ဖြစ်ကြောင်း သူသိသည်။ စိတ်ငြိမ်ငြိမ်ထားပြီး သည်းခံစောင့်လျှင် မုချအောင်မြင်ရမည်။ လာလိုသည် ဗင်ကား ရှေ့ခန်းသို့ လာပြီး ပိတ်ဆို့ ရှုပ်ထွေးနေသော ယာဉ်များကို ဘော်ဘီ၏ ပခုံးပေါ်မှ ကျော်၍ လှမ်းကြည့်သည်။

"ဘာတွေဖြစ်နေတာလဲ"

"ရှေ့မှာ ယာဉ်တိုက်မှု ဖြစ်လို့ ကားတစ်စီးရဲ့ ဖင်ကို နောက်ကကားက ဝင်တိုက်တယ်ထင်ပါရဲ့ကွာ၊ ဒါကြောင့် ကားတွေ နောက်ပြန်ဆုတ်ရလိမ့်မယ်"

"ကျွန်တော်တို့ နောက်ကျကုန်တော့မယ်။ ခုပဲ လေးနာရီ ဆယ့်ငါးရှိပြီ"

"ငါ သိပါတယ်"

ဘော်ဘီသည် တစ်ချက်ကလေးမျှ ကူခြွေမပျက်။ တစ်ဖက်တွင် ဝင်ဒါ့အနေနှင့် မျက်စိလျှင်လျှင်ထားတတ်ပြီး သိမ္မာပါးနပ်စွာ လုပ်ကိုင်တတ်ပါက မိနစ်အနည်းငယ်မျှ နောက်ကျခြင်းအားဖြင့် မိမိတို့ အစီအစဉ် ပျက်သွားမည် မဟုတ်။

"စိတ်အေးအေးထားပါကွာ။ ငါတို့အကြံအောင်မှာပါ"

ဘော်ဘီက ရှေ့မှ မြို့တော်ဝန်ကားကို မေးလိုက်ပြသည်။

www.burmeseclassic.com



"နောက်ပြီး ငါတို့လူကလည်း တို့နဲ့အတူ ရှိနေပြီပဲ။ ဒေါ်လာနှစ်သန်းအကြောင်းသာ မင်းစဉ်းစားနေပါကွာ"

"ကောင်းပြီဗျား"

ရှေ့မှ မြို့တော်ဝန်၏ ကားနက်ကြီးသည် တိုက်ထားသော မော်တော်ကားနှစ်စီးကို ကွေ့ပတ်၍ ကျော်တက်ပြီး အရှိန်မြှင့်၍ မောင်းသွားသည်။ ဘော်ဘီသည် ကားသမားနှစ်ဦး မည်သူမှန်သည်နှင့် ငြင်းခုံစကားများနေသည်ကို တွေ့ရ၏။ သူလည်း ထိုကားနှစ်စီးကို ကျော်တက်ကာ လီဗာကို ဖိနင်းချပြီး မြို့တော်ဝန်ကားနောက်သို့ အမီလိုက်သွားသည်။

○ ○ ○

လေးနာရီ ဆယ့်ခြောက်မိနစ်။

သူတို့ ဘယ်ရောက်နေပါလိမ့်။ ဝင်ဒါသည် လက်ပတ်နာရီကို ကြည့်လိုက်ပြန်၏။ မြို့တော်ဝန်၏ ကားကြီးသည် ခုထိ ပေါ်မလာသေး။ အတော်နောက်ကျနေပြီ။ ဘော်ဘီလည်း နောက်ကျနေသည်။ သူမသည် ပြတင်းပေါက်မှနေ၍ တံတားဆီသို့ ရွေ့လျားလာနေသော တတိယလမ်းမကြီးဘက်မှ မော်တော်ကားများကို လှမ်းကြည့်သည်။

ထိုကားများကြား၌ ဇိမ်ခံကားကြီးသော်လည်းကောင်း ဘော်ဘီ၏ ဗင်ကိုလည်းကောင်း အရိပ်အရောင်မျှ မတွေ့ရသေး။ ဘာတွေဖြစ်ကုန်ပြီလဲ။ အတိမ်းအစောင်း အမှားအယွင်းတွေ



ဖြစ်ကုန်ပြီလား။ မိမိတို့ နောက်ကျနေခဲ့သော် စိုးရိမ်ထိတ်လန့်မနေနှင့်ဟု သူမအား ဘော်ဘီက ကြိုတင်မှာခဲ့၏။ လေးနာရီခွဲအထိတော့ သူမ စောင့်ရမည်။ ထိုအချိန်ထိ မြို့တော်ဝန်ကြီး ပေါ်မလာလျှင် တံတားစောင့် အဘိုးကြီးကို သတ်ပစ်ပြီး တက်(ခ်)နှင့်အတူ တစ်ကြိုးတည်းလစ်ပြေးရမည်တဲ့။ လေးနာရီခွဲမှသာ လုပ်ရမည်။ အချိန်အများကြီးလိုသေးသည်။ ဆယ့်လေးမိနစ် လိုသေးသည်။ မြို့တော်ဝန်၏ ကားကြီး ပေါ်လာရမည်။ လာကိုလာရမည်။ မလာလို့မဖြစ်။

"ဒီမယ် အမျိုးသမီး မင်း ဘာလုပ်မလို့တုံး"

အဘိုးကြီးကမေးသည်။ သူ စိတ်မရှည်တော့။ သူသည် ဝင်ဒါနှင့် သူမ၏ သေနတ်ကြီးကို သိပ်မကြောက်ချင်တော့ပေ။

"ရှင့်အပေါက် ပိတ်ထားစမ်း အဘိုးကြီး"

ဝင်ဒါက ခပ်မာမာပြောသည်။ သူမသည် အဘိုးကြီး၏ ၁,အစ်သော ချွေးသီးနေသောမျက်နှာကြီးကို စိတ်ပျက်စွာဖြင့် ကြည့်နေသည်။ အချိန်ကျလျှင် သူ့ကို သတ်ပစ်ရမှာ သူမ မျှော်မိသေး၏။ မြို့တော်ဝန် လာသည်ဖြစ်စေ၊ မလာသည် ဖြစ်စေ၊ အချိန်ကျလျှင်တော့ သူ့ကို သတ်ပစ်ခဲ့ရမည်ပင်။ အလကား ဆန်ကုန်မြေလေးကြီး။ လူ့ပြည်မှာ မရှိသင့်တာ ကြာပြီပဲ။

သူမသည် လမ်းမကို ဆက်လက်မျှော်နေ၏။

လေးနာရီ ဆယ့်ရှစ်မိနစ်။

မြို့တော်ဝန်ကြီးသည် ဖလအေးစက်ဖွင့်ထားသော သူ၏

www.burmeseclassic.com

www.burmeseclassic.com



ခိမ်ခကားကြီးထဲ၌ အေးအေးဆေးဆေးထိုင်၍ လိုက်လာသည်။ သူသည် ဆန်ဖရန်စစ္စကိုမြို့တော်အတွင်း ကားနှင့် သွားလာရခြင်းကို နှစ်သက်၏။ သူသည် မြို့တော်ဝန်မဟုတ်လား။ ဤမြို့တော်သည် သူ၏မြို့တော်ဖြစ်၏။ ထို့ကြောင့် သူနှစ်သက်ရမည်ပင်တည်း။

"အိုကေ ဝေါ(လ်)တာ၊ ဒီည ကောင်စီအစည်းအဝေး အကြောင်း ငါ့ကိုပြောပြစမ်းပါဦး"

ဝေါ(လ်)တာမာတင်သည် သူ့လက်ဆွဲအိတ်ထဲမှ စာရွက်များကို အထပ်လိုက် ဆွဲထုတ်ယူပြီး မြို့တော်ဝန်ကြီး၏ မှတ်စုမှတ်တမ်းများကို ဖတ်ပြသည်။

မြို့တော်ဝန်ကြီးသည် ခပ်လှမ်းလှမ်းတစ်နေရာသို့ အာရုံစိုက်ကြည့်နေရင်း မာတင်၏ရှင်းပြချက်များကို စိတ်ဝင်စားတစ်ချက်၊ မဝင်စားတစ်ချက်ဖြင့် နားထောင်နေသည်။ အခြားကိစ္စများသည် သူ့ခေါင်းထဲ၌ ဝင်နေ၏။ ယခုတော့ သူသည် သူ၏အနာဂတ်အရေးကို တွေးနေသည်။ သူသည် မြို့တော်ဝန်ဘဝဖြင့် မတင်းတိမ်နိုင်တော့ပေ။ နောက်နှစ်ကျလျှင် ဘုရင်ခံအဖြစ် အရွေးခံရေးအတွက် ကြိုးပမ်းရလိမ့်မည်။ ဘုရင်ခံလုပ်ဖို့ သင့် မသင့်ကို သူ အပြန်ပြန် အလှန်လှန် စဉ်းစားနေခဲ့သည်မှာ ကြာပြီ။

လာမည့်နွေဦးပေါက်ရာသီတွင် သူ၏ ဘုရင်ခံလုပ်ရန် ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာမှုဖြစ်မည်။ မိမိဘက်က ထောက်ခံမည့် အင်အား လိုအပ်သလောက်ရမည်သာဆိုလျှင် အရွေးခံရမှာ သေချာသည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ ဘုရင်ခံဖြစ်လာလျှင် မိမိ၏ဘဝမှာ များစွာပြောင်းလဲ တိုးတက်ဖို့ သေချာ၏။ ထိုမှတစ်ဆင့် တက်မည်ဆိုလျှင် ဟဲ.... ဟဲ....လွှတ်တော်အမတ်။ ထိုမှ....။

သူ့အသက် သိပ်မကြီးသေး။ သိပ်မအိုသေးပါ။ အများကြီး ကြိုးစား၍ ရသေးသည်။ သူ သေသေချာချာ ဆုပ်ကိုင်မည်ဆိုလျှင် သမ္မတလောင်းစာရင်း၌ပင် ပါသွားမည်။

ဤကိစ္စကို စေ့စေ့စပ်စပ် စဉ်းစားရမည်။

မြို့တော်ဝန်ကြီးသည် နောက်ပြတင်းပေါက်မှနေ၍ အနည်းငယ် ငဲ့စောင်းကြည့်ရာ မိမိကားနောက်မှ ကပ်ပြီးလိုက်လာနေသော အပြာရောင် ဗင်ကားတစ်စီးကို သတိပြုမိလေသည်။

မြို့တော်ဝန်ကြီး မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ထိုကားကို မိမိတို့ ဘောလုံးကွင်း ကားရပ် ကွက်လပ်မှ ထွက်ခါစတွင် မိမိတို့နောက်မှ ထွက်လိုက်လာခဲ့သည်ကို ပြန်သတိရသည်။ တိုက်ဆိုင်မှုပေများလား။ သို့မဟုတ် အရောင်ဆင်တူ ပုံသဏ္ဌာန်ဆင်တူ အခြားဗင်ကား တစ်စီးလား။ ဆန်ဖရန်စစ္စကိုမြို့မှာ ဤကဲ့သို့သော ဗင်ကားများက ရာနှင့်ချီ၍ ရှိသည်ပဲ။ သို့တစေ...။

"ဒွေ(ဗ်)"

မြို့တော်ဝန်ကြီးသည် မာတင်၏ရှင်းပြချက်ကို ခဏရပ်စေကာ ယာဉ်မောင်း၏ပခုံးကို လက်တို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"ငါတို့နောက်က အပြာရောင် ဗင်ကားဟာ တို့နောက်က ကပ်လိုက်နေတာများလားကွာ"

ယာဉ်မောင်းသည် သူ၏ နောက်ကြည့်မှန်ထဲ လှမ်းကြည့်ပြီး–

"ဟုတ်တယ်ဆရာ။ သူ့ကို ကျွန်တော် ကျော်တက်ခွင့်ပေးမလို့ လုပ်နေတာ"

ယာဉ်မောင်းသည် ပြတင်းပေါက်မှလက်ပြ၍ ကျော်တက်ခွင့်ပေးသော်လည်း ဗင်ကားသည် မြို့တော်ဝန်ကားနောက်မှသာ လိုက်လာနေသည်။

"ကျွန်တော်တို့ဘေးက ကျော်မတက်ချင်ဘူး ထင်ပါရဲ့ ဆရာ"

မာတင်က နောက်ပေါက်မှ လှမ်းကြည့်ပြီးပြောသည်။

မာတင်သည် စာရွက်စာတမ်းများကို လက်ဆွဲအိတ်ထဲ ပြန်ထည့်သည်။ မြို့တော်ဝန်ကြီးသည် သိပ်စိတ်ဝင်စားပုံမပေ။ မြို့တော်ကောင်စီရှေ့မှောက်တွင် အူလည်လည်ဖြစ်နေလျှင်လည်း သူ့အပူသာဖြစ်လိမ့်မည်။ မိမိ၌ တာဝန်မရှိ။ မိမိသည် အလုပ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူဖြစ်သော်လည်း တခါတရံ အလွန်ခက်ခဲစွာဖြင့် လုပ်ရတတ်သည်ဟု မာတင် တွေးမိသည်။

"ဒီနေ့ ကားမမောင်းတတ်ဘူး ထင်ပါတယ်ကွာ"

မြို့တော်ဝန်ကြီးက မှတ်ချက်ချသည်။ သူထင်သည့်အတိုင်း ဖြစ်ပါစေဟု ဆုတောင်းမိသည်။ ထိုကားကြောင့် မိမိစိုးရိမ်စိတ်ဝင်ရခြင်းကို မိမိဘာသာ အံ့သြမိသည်။ သူ သနုတလော သိပ်အလုပ်လုပ်သည်။ သိပ် အပင်ပန်းခံသည်။ တစ်ရက်နှစ်ရက်တော့ အနားယူဖို့သင့်သည်။ ဂေါက်ကွင်းဆောင်းမှာ ဂေါက်သွားရိုက်လျှင် ကောင်းမည်။ စိတ်လက်ပြေသာစရာတွေ လုပ်ပေးဖို့လိုသည်။

မြို့တော်ဝန်ကြီးသည် သူ့အတွေးဖြင့် သူကျေနပ်သွားပြီး ချက်လုံးမှိတ်ထားလိုက်သည်။ သောက်သုံးမကျတဲ့ အစည်းအဝေး မတိုင်မီ တစ်ရေးလောက် မှေးလိုက်ဦးမှပါပဲ။

◎ ◎ ◎

လေးနာရီ ဆယ့်ကိုးမိနစ် ...

ဝင်ဒါသည် လေးဘာလောက်အကွာမှ လာနေသော မြို့တော်ဝန်ကားကြီးနှင့် ၎င်းနောက်မှ ကပ်လျက်ပါလာသော အပြာရောင်ဗင်ကားတို့ကို တွေ့သွားသည်။ ဘာပြဿနာမှ ရှိပုံမရ။

ယာဉ်ကြောရှုပ်ထွေးမှုကြားမှာ ညပ်နေ၍ အချိန်လင့်သွားပုံရ၏။ မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာခဲ့သည်ဖြစ်စေ အရာအားလုံး အဆင်ပြေသွားပေတော့မည်။ သူတို့ ရောက်လာကြပြီ မဟုတ်လား။

ဝင်ဒါသည် တံတားစောင့်အဘိုးကြီး၏ ဗိုက်ကို သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းနှင့် ထိုးလိုက်သည်။ အဘိုးကြီး အတော်လေး တုန်လှုပ်သွားသည်။ သူ့မျက်လုံးများက သူ၏ ကြောက်လန့်မှုကို ဖော်ပြနေကြသည်။ ဝင်ဒါ ကျေနပ်သွားသည်။

"တံတားကို ဆွဲတင်လိုက်တော့။ ခုလုပ်စမ်း"

အဘိုးကြီးသည် လက်နှေးနေ၏။ ဝင်ဒါသည် အဘိုးကြီး၏ နှေးကွေးမှုကို စိတ်မရှည်သဖြင့် နားထင်ကို သေနတ်ပြောင်းဖြင့် ထုလိုက်သည်။ အဘိုးကြီး အော်လိုက်သည်။ နားထင်မှ သွေးများ စီးကျလာသည်။ သူသည် သွေးစီးနေသော ခေါင်းကို လက်နှင့် အုပ်ကိုင်ရင်း နောက်သို့ ယိုင်သွားသည်။ လဲကျခါနီး၌ တံတားထိန်းချုပ် ခလုတ်ခုံကို လှမ်း၍ အားပြုထားလိုက်ရရှာ၏။

"ကဲ...အဘိုးကြီး မြန်မြန်လုပ်လေ"

အဘိုးကြီးသည် ခလုတ်တစ်ခုကိုနှိပ်ပြီး မောင်းတံများကို တစ်ခုပြီးတစ်ခု ဆက်တိုက် ဆွဲလိုက်သည်။ တံတားလမ်းဆုံတွင် အချက်ပြမီးနီ လင်းသွားသည်ကို သူမ တွေ့ရသည်။ အနီနှင့်အဖြူရောင် စပ်ကြား ဆေးသုတ်ထားသည့် သစ်သားတန်းကြီးတစ်ခုသည် တံတားကို ဖြတ်သန်းသွားမည့် မော်တော်ကားများအား တားထားလိုက်၏။ အချက်ပြ မီးနီနှင့်ပြိုင်တူ အချက်ပေး လျှပ်စစ်ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။

"ဒီမယ်အမိ၊ မင်းဘာလုပ်မှန်း ငါမသိဘူး၊ သိလည်း မသိချင်ဘူး၊ မင်းခိုင်းတာ ငါလုပ်ပေးပါ့မယ်၊ ငါ့ကိုသေနတ်နဲ့ မပစ်ပါနဲ့ ဟုတ်လား"



အဘိုးကြီးက နဖူးပေါ်မှ သွေးသုတ်ရင်း တောင်းပန်သည်။

ဝင်ဒါသည် ယခုအခါ၌ ယဉ်ကျေးသိမ်မွေ့သည့်စိတ် လုံးဝမရှိပေ။

"ရှင့်ပါးစပ် မပိတ်ထားနိုင်ရင် ကျွန်မ ပစ်ရလိမ့်မယ်၊ ရှင့်မျက်နှာ ရှေ့ဘက်တည့်တည့် လှည့်ထားစမ်း"

◎ ◎ ◎

ဗင်ကားသည် မြို့တော်ဝန်ကားကို ကျော်မတက်ဘဲ နောက်မှ ကပ်လိုက်နေဆဲ ဖြစ်သည်။ မြို့တော်ဝန်ကြီးသည် မိမိသွားမည့်လမ်းမှ တံတားကြီးဆွဲတင်လိုက်သည်ကို တွေ့ရသည်၊ မော်တော်ကားများကို လမ်းပိတ်ထားသည်၊ မိမိကား နောက်တွင် ဗင်ကားက ကပ်၍လိုက်လာသည်။

သူ ဘဝင်မကျ၊ သူ လုံးဝ ဘဝင်မကျပါ။

"ငါတော့ သိပ်မသင်္ကာဘူး ဆေ့(မ်)ရေ၊ ဘယ်လိုဖြစ်တာလဲကွ"

"ကျွန်တော်လည်း သိပ်မသင်္ကာဘူးဆရာ"

ရဲဝန်ထမ်း တစ်ဦးဖြစ်သော ယာဉ်မောင်းက ပြန်ပြောသည်။

"ဒါဖြင့် ရှေ့လမ်းထောင့်မှာ ညာဘက်ချိုးပြီး "အာမင်" လမ်းအတိုင်း မောင်းသွားကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းက ခေါင်းညိတ်ပြီး ကားကိုကွေ့ရန်ပြင်သည်။

"နောက်က ကားက ဘာလို့ ကျွန်တော်တို့နောက်လိုက်နေတယ်လို့ ထင်သလဲ"

မာတင်က တုန်ယင်စွာဖြင့်မေးသည်။

မြို့တော်ဝန်က ဘာမှ မဖြေ။ အကြောင်းတစ်ခုခုတော့ ရှိမည်။ မည်သို့ရှိစေ၊ ထိုအဖြေတစ်ခုခုမှာ ကြောက်မက်ဖွယ်ကောင်းသော အဖြေ ဖြစ်ပေလိမ့်မည်။

မြို့တော်ဝန်၏ကား ကွေ့၍ထွက်မည်အပြု ပစ်ကပ်ထရိုင်ကားတစ်စီးသည် ဘွားခနဲ မောင်းဝင်လာပြီး မြို့တော်ဝန်ကားလမ်းထောင့်မှ ချိုးကွေ့၍မဝင်နိုင်အောင် ပိတ်၍ရပ်လိုက်သည်။ တစ်ပြိုင်တည်း၌ နောက်မှ ဗင်ကားသည် ဘယ်ဘက်မှ ရှူးခနဲ ကျော်တက်လာသည်။

"ဒေ့(ဗ်) ငါ့ကို ဒီကလွတ်အောင် လုပ်ပေးစမ်း"

ယာဉ်မောင်းသည် ဆီလွှတ်ခြေနင်း(ကလပ်)ကို ဖိနင်းပြီး လက်ကိုင်ဘီးကို ချာလပတ်လည်အောင် ဆွဲလှည့်သည်။ မြို့တော်ဝန်၏ကားသည် မိမိရှေ့၌ ဘရိတ်ဆောင့်အုပ်၍ ရပ်လိုက်သော ဗင်ကားနှင့် မတိုက်မိစေရန် ရပ်စောင့်လိုက်ရသည်။

မြို့တော်ဝန်၏ကားသည် ဗင်ကားကို ကွေ့ရှောင်၍ ဆက်လက်မောင်းထွက်မည်အပြု ဘော်ဘီက ၎င်းကို အားရ



ပါးရ ဝင်တိုက်လိုက်သည်။ မြို့တော်ဝန်၏ကားသည် ဘီးနှစ်လုံး မြေကြီးနှင့်လွတ်ပြီး မှောက်သွားသည်။

သူတို့နောက်တွင် နောက်တွဲယာဉ် တပ်ထားသော ထရပ်ကားကြီးတစ်စီး ထိုးရပ်လိုက်ပြန်၏။

ထရပ်ကားမောင်းလာသူ ဗလတောင့်တောင့်နှင့် ကပ္ပလီကြီး တစ်ယောက်သည် ဘီးဖြုတ်သံကောက်ကြီးကို ကိုင်၍ ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

ဘော်ဘီက ဗင်ကားပေါ်မှ ဆင်းလာသည်။

"ဘာတွေဖြစ်ကုန်တာလဲ"

ထရပ်ကားသမား ကပ္ပလီကြီးက ဒေါသတကြီးဖြင့် မေးသည်။

ဘော်ဘီက ကပ္ပလီကြီးဘက် ချာခနဲလှည့်ကြည့်သည်။

သူ့ဂျာကင်အောက်မှ သေနတ်ကို တစ်ပါတည်းဆွဲထုတ်ပြီး ကပ္ပလီကြီး၏ မျက်နှာကို ပစ်ထည့်လိုက်သည်။ကပ္ပလီကြီးသည် နောက်သို့လွင့်ထွက်သွားပြီး ကတ္တရာလမ်းမပေါ် လဲကျသွားသည်။ သူ ပွဲချင်းပြီး သေသွား၏။

ထိုအချိန်ပိုင်းအတွင်း၌ တက်(ခ်)သည် ပစ်ကပ်ထရပ်ကားပေါ်မှ ခုန်ဆင်းလာသည်။ မှောက်သွားသော မြို့တော်ဝန်၏ကား ပြတင်းပေါက်မှ ယာဉ်မောင်းသမား ဒေ့(ဗ်)လည်း ထွက်လာသည်။ ဒေ့(ဗ်)သည် ဒယီးဒယိုင်နှင့် မတ်တတ်ထ, လိုက်သည်။ သူ့ဆီပြေးလာသော တက်(ခ်)ကို မြင်မြင်ချင်း ဒေ့(ဗ်)က သူ့ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တက်(စ်)က ယာဉ်မောင်းအား နှစ်ချက်လှမ်းပစ်သည် ယာဉ်မောင်းသည် နောက်သို့ လွင့်ထွက်ပြီး မှောက်နေသေ စိမ်းခံကားကြီးကို ကျော့နှင့်ဝင်ဆောင့်မိလေသည်။

ဗင်ကား၏ နောက်တံခါးများ ဂုန်းခနဲ ပွင့်လာသည် အမ်–၁၆ ရိုင်ဖယ်ကိုင်ထားသော လာလို ခုန်ထွက်လာသည် ကား(လ်)ကတော့ "လော့(စ်)ရော့ကက်ကို ကိုင်ထားသည်

ဆော်ဘီသည် ထရပ်ကားနှင့် နောက်တွဲယာဉ်၏ အခြား တစ်ဘက်ဆီသို့ လက်ညှိုးထိုးပြသည်။

"တတိယလမ်းကို ပိတ်ထားလိုက်"

ကား(လ်)က ခေါင်းညိတ်ပြီး ရော့ကက်လောင်ချာ အဆင်သင့်ပြင်သည်။ ယောကျ်ားတစ်ယောက်နှင့် ကလေ နှစ်ယောက်ပါသော စတေရှင်ဝက်ဂွန်းတစ်စီး တတိယလမ်း ပေါ်မှ မောင်းလာသည်။ ကား(လ်)က ထိုကားကို လောင်ချာ နှင့် ချိန်၍ပစ်သည်။

စတေရှင်ဝက်ဂွန်းကား မီးလောင်ပေါက်ကွဲသွားသည် ကား၏ အစိတ်အပိုင်းများနှင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်း များ လမ်းမပေါ် လွင့်စင်ကျသွားသည်။

ဆော်ဘီသည် မှောက်နေသော မြို့တော်ဝန်ကားကြီး အခြား တစ်ဖက်သို့ ပြေးသွားကာ နောက်ခန်းတံခါးကို ဖွင့်သည်။ ကားထဲမှ မြို့တော်ဝန်ကြီးနှင့် မာတင်တို့ ထိတ်လန့်စွာဖြင့် ဆော်ဘီအား မော့ကြည့်လိုက်ကြသည်။



"ကဲ.... ကျုပ်နဲ့ လိုက်ခဲ့ကြစမ်း"

ဆော်ဘီက သေနတ်နှင့်ချိန်၍ အော်ပြောသည်။

"ဘယ်ကိုလဲ"

မာတင်က မေးသည်။

"မင်း မပါပါဘူးကွ"

ဆော်ဘီက စပ်ဖြဲဖြဲလုပ်ပြီး မာတင်၏ မျက်နှာကို သေနတ်ပြောင်းကပ်ပြီး ခလုတ်ဆွဲလိုက်သည်။ မာတင်၏ ငယ်ထိပ် ပွင့်ထွက်သွားလေသည်။ မာတင်၏ခန္ဓာကိုယ် ကြီး သည်ကား နောက်ပြန် လဲကျသွားပြီး သွေးစက်များ သည် မြို့တော်ဝန်တစ်ကိုယ်လုံး စဉ်ကုန်သည်။ မြို့တော် ဝန်ကြီးသည် ကြောက်လန့်ပြီး နောက်သို့ တွန့်ဆုတ်သွား သည်။

"ကဲ...ထွက်စမ်း ခွေးသားကြီး"

"ဟင့်အင်း...မင်းတို့ ဘာကောင်တွေလဲ"

ဆော်ဘီက မြို့တော်ဝန်ကြီးအား ရှပ်အင်္ကျီကော်လာမှ ဆုပ်ကိုင်ကာ ကားထဲမှ အပြင်သို့ ဆွဲထုတ်သည်။ မြို့တော် ဝန်ကြီးအား ကားကိုယ်ထည်နှင့် ပစ်ဆောင့်ပြီး ပူလောင်နေ သော သေနတ်ပြောင်းဖြင့် ပါးစပ်ကို ဖြတ်၍ ရိုက်ချသည်။ မြို့တော်ဝန်ကြီး၏ ပါးစပ်မှ သွေးများစီးကျလာပြီး သွား တစ်ချောင်း ချွတ်ခနဲ ကျိုးသွားသည်။

ဆော်ဘီ့ဆီသို့ တက်(စ်)ရောက်လာသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မြို့တော်ဝန်ကြီးအား လက်မောင်းတစ်ဖက်ဆီမှ ကိုင်ကာ လှေဆိပ်သို့ ဆွဲယူသွားကြသည်။

လာလိုနှင့် ကား(လ်)တို့ နောက်ကလိုက်သွားကြ၏။

○ ○ ○

တံတားထိန်းချုပ် ရုံငယ်လေးအတွင်း၌ကား ဝင်ဒါသည် အပြင်မှ ဖြစ်ပျက်သမျှအားလုံးကို လှမ်းကြည့်သည်။ သူမသည် ပီတိဖြာလျက် ပြုံးနေသည်။ ဆောက်ဘီဟာ သိပ်တော်တဲ့ လူတစ်ယောက်ပါကလား။ ဘုရားစူး တော်ပါပေတယ်။ သူပြောတဲ့အတိုင်း ဖြစ်အောင်လုပ်နိုင်သားပဲ။ ကျန်တဲ့အစီအစဉ် အားလုံးလဲ အောင်မြင်သွားမှာ သေချာတယ်။ ငါတို့ချမ်းသာတော့မယ်။ ငါတို့ကို ဘယ်သူမှ တားဆီးလို့ မရတော့ဘူးဟု ဝင်ဒါ့စိတ်ထဲက တွေးနေသည်။

"လူယုတ်မာတွေ"

တံတားစောင့် အဘိုးကြီးက ဒေါသတကြီးနှင့် ရေရွတ်လိုက်၏။ သူက ဝင်ဒါအနား အံတင်းလျက် ရှေ့သို့တစ်လှမ်း တိုးလာသည်။

"အရိုင်းအစိုင်းသတ္တဝါတွေ"

ဝင်ဒါက အဘိုးကြီးဝမ်းဗိုက်သို့ သေနတ်နှင့် နှစ်ချက်ကပ်၍ပစ်ထည့်သည်။ အဘိုးကြီး အံ့အားသင့်လျက် ဗိုက်ကို လက်နှင့်ဖိရင်း ကြမ်းပေါ် လဲကျသွားသည်။ သူ အသက်



မထွက်သေး။ သူက ဝင်ဒါအား မော့်ကြည့်သည်။ သူ့နှုတ်ခမ်းများ လှုပ်နေသည်။ တစ်စုံတစ်ခု ပြောရန် ကြံသော်လည်း ဘာသံမှ ထွက်မလာ။ ဝင်ဒါက အဘိုးကြီး၏ဦးခေါင်းကို အသေအချာ ချိန်၍ ပစ်ထည့်လိုက်ပြန်လေသည်။

○ ○ ○

တက်(ခ်)သည် မြို့တော်ဝန်ကြီးအား ကြိုးချည်ထားသော မော်တော်တစ်စင်းဆီ ဆွဲသွားပြီး မော်တော်ပေါ် ပစ်ချလိုက်သည်။ မြို့တော်ဝန်ကြီးသည် ထိတ်လန့် တုန်ယင်စွာဖြင့် လဲကျသွားရှာ၏။ သူ့ပါးစပ်မှ သွေးများ စီးကျနေဆဲရှိသည်။

"အောက်ကိုဆင်းစမ်း"

တက်(ခ်)က သေနတ်နှင့်ညွှန်၍ အမိန့်ပေးသည်။

မြို့တော်ဝန်ကြီးသည် ကုန်းပတ်ပေါ် လေးဘက်ထောက်သွားရင်း လှေကားသို့ သွားသည်။ သဘော်ခန်းအတွင်းသို့ ခပ်သွက်သွက် ဆင်းသွား၏။

ဆောက်ဘီသည် လာလို၊ ကား(လ်)တို့နှင့်အတူ မော်တော်ပေါ်သို့ တက်လာသည်။ ဆောက်ဘီသည် စက်ခန်းသို့ တက်သည်။ စက်နှိုးခလုတ်ကိုနှိပ်သည်။ မော်တော်အင်ဂျင် ညင်သာစွာဖြင့် အသက်ဝင်လာသည်။

"ဝင်ဒါ တယ်ရောက်နေလဲ"

ဆောက်ဘီက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါပြီ၊ ကျွန်တော်တို့နောက်က ပါလာပါတယ်"

လာလိုက ဖောတံတားဆီ မေးထိုးပြ၍ ပြောသည်။ ဝင်ဒါသည် လေ့ဆိပ်ဂိတ်ဝမှ သူမ၏စကတ်ကြီးကို ဒူးဆစ်ထိ မ,ရင်း သုတ်ခြေတင် ပြေးလာလျက်ရှိ၏။

"တကယ်ထဲမှပဲတော်...ဒီဟာကြီးတွေ ဝတ်ရတာ မလွယ်ပါလား"

ဝင်ဒါသည် သီလရှင် ဝတ်ရုံရှည်ကြီးကို ခေါင်းပေါ်မှ ဆွဲချွတ်ရင်း ပြောသည်။ ပြီးတော့ မော်တော်ကုန်းပတ်ပေါ် ပစ်တင်သည်။

"ကဲ...ကြိုးဖြုတ်လိုက်"

ဘော်ဘီက အော်သည်။

တက်(ခ်)သည် တံတားပေါ်မှ ခုန်တက်ပြီး မော်တော် ထိန်းကြိုးကို ဖြေပေးသည်။ ဘော်ဘီက တက်(ခ်)အား မော်တော်ပေါ် ပြန်ခုန်တက်လာသည်အထိ စောင့်ပြီးနောက် စက်ရှိန်မြှင့်လိုက်သည်။ မော်တော်သည် ဆိပ်ကမ်းမှ လျှင်မြန်စွာ ထွက်ခွာပြီး ပင်လယ်အော်ဆီသို့ ဦးတည်သွားလေသည်။

စတေရှင်ဝက်ဂွန်းကား၏ မီးခိုးလုံးများမှာ ကောင်းကင်သို့ လွင့်တက်လျက် ကျန်ရစ်ခဲ့၏။

✧ ✧ ✧

## အခန်း (၁၃)

ညနေ ခြောက်နာရီတွင် ထိုအဖြစ်အပျက်သည် တစ်နှစ်တာအတွင်း အထူးခြားဆုံးသော သတင်းတစ်ပုဒ် ဖြစ်သွားလေသည်။

ဆန်ဖရန်စစ္စကို မြို့တော်ဝန်ကြီး ပြန်ပေးဆွဲခံလိုက်ရပြီ။ နေ့ခင်းကြောင်တောင် ကင်ဒဲ(လ်)စတစ်ပန်းခြံ ဘောလုံးကွင်း ဖွင့်ပွဲမှ အိမ်သို့အပြန် လမ်းမလယ်ကောင်တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ ပြန်ပေးမှုတွင် လူခုနစ်ဦး ရက်စက်စွာ သတ်ဖြတ်ခံရသည်။ (၁၀)နှစ်အောက် ကလေးနှစ်ယောက်ပါ သေဆုံးရသည်။ ပြန်ပေးသမားများသည် စက်သေနတ်များ၊ ဘုံးကာများကို ကိုင်ဆောင်ခဲ့ကြသည်။ ယောကျ်ား လေးယောက် မိန်းမတစ်ယောက် ပါဝင်သည်။ ယခုအချိန်အထိ ၎င်းတို့သည် လက်နက်များနှင့်အတူ လွတ်မြောက်လျက်ရှိသည်။ အလွန် ကြောက်စရာကောင်းသူများ ဖြစ်ကြသည်။

နာရီပိုင်းအတွင်း၌ ရဲတပ်ဖွဲ့ဝင်အားလုံးကို တာဝန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ချပေးရန် ခေါ်ယူခဲ့သည်။ ရှိသမျှ ရဲဝန်ထမ်းအားလုံးကို ထို အမှု၌ ပါဝင်ဆောင်ရွက်စေသည်။

ရဲမင်းကြီးကိုယ်တိုင် ဤအမှု စုံစမ်းရေးကို တာဝန်ယူထားသည်။ ဆန်ဖရန်စစ္စကိုမြို့တော်၏ သမိုင်းကြောင်း၌ အကြီးကျယ်ဆုံး "ပိုက်ကွန်"ဖြန့်ကြက်ချထားမှုကြီး ဖြစ်ပေါ်လာသည်။ တရားခံများကို "ပိုက်ကွန်"ထဲမှာမိဖို့ အရေးကြီးလှသည်။

အက်(ဖ်)ဘီအိုင်နှင့် ကယ်လီဖိုးနီးယား အဝေးပြေးလမ်းယာဉ်ထိန်းရဲတပ်ဖွဲ့တို့ကလည်း ပူးပေါင်းကူညီကြသည်။ ရဲမှတ်တမ်းများမှာ နာမည်စာရင်းရှိနေသည့် တစ်ယူသန်များ နိုင်ငံရေးသမား၊ ပုန်ကန်ရေးသမား၊ အစွန်းရောက်ဝါဒီများ စစ်ဝါဒီများအားလုံးကို မြင်မြင်သမျှ ခေါ်ယူစစ်ဆေးသည်။ သဲလွန်စ အသေးအဖွဲကလေး တစ်ခုမျှပင် ရသည်နှင့် မဆိုင်းမတွ အမြစ်ပေါ်အောင် တူးဆွစစ်ဆေးကြသည်။

ဤမျှ အင်အားကြီးမားလှသော ရဲတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးနေခြင်းကြောင့် ပြန်ပေးသမားများသည် သိပ်ကြာကြာ လွတ်နိုင်မည် မဟုတ်ပေ။ ခပ်စောစောပိုင်း ဖမ်းဆီးရမိသူ မသင်္ကာဖွယ်ရာ ပုဂ္ဂိုလ်များမှာ တရားခံ အစစ်အမှန် မဟုတ်ကြပေ။

သတင်းထောက်များနှင့် နိုင်ငံရေးသမားများအဖို့ ထိုနေ့သည် ပွဲကြီးပွဲကောင်း ဖြစ်သွား၏။

ပြည်နယ်ဘုရင်ခံက ဤဖြစ်ရပ်သည် မိမိတို့ လူမှုရေး



အဆောက်အအုံ၏ကျင့်ဝတ် ယုတ်ညံ့ကျဆင်းခြင်း၏ သာဓက ဖြစ်ကြောင်း၊ သေနတ်များ ကိုင်ဆောင်မှု ပညတ်ချက်ဥပဒေများ တင်းကျပ်သင့်ကြောင်း ပြောသည်။ လော့(စ်)အိန်ဂျလိ(စ်) မြို့တော်ဝန်ကလည်း မိမိထံသို့ ပြန်ပေးဆွဲမည့် ခြိမ်းခြောက်မှုများ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ ရောက်လာတတ်ကြောင်း၊ မိမိသည် ၂၄ နာရီ ပတ်လုံး ရဲအဖွဲ့ဝင်များဖြင့် သက်တော်စောင့် ထားရှိနေရကြောင်းတို့ကို ပြောသည်။

ဒုတိယသမ္မတကြီးကလည်း မိမိလွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ချင်ယောင် ဆောင်နေကြသည်။ နိုင်ငံရေးသမား ပုဂ္ဂိုလ်များအား ရှုတ်ချပုတ်ခတ် ပြောဆိုသည်။

ဘာကလီ"ဘာ့(ခ်)" သတင်းစာက ပြန်ပေးဆွဲမှုကို ထောက်ခံလိုက်သည်။ ဖက်ဆစ်ဖိနှိပ်ရေးသမားများကို ပြည်သူလူထု၏ တော်လှန်ရေး ထိုးနှက်ချက်တစ်ရပ် ဖြစ်သည်ဟု ဆို၏။ နယူးယောက်တိုင်း(မ်းစ်) သတင်းစာကြီးကမူ ရှည်လျားပြီး နိဂုံးချုပ်စကား မပါရှိသော ခေါင်းကြီးပိုင်းကိုသာ ဖော်ပြလိုက်သည်။

လူတိုင်းလူတိုင်းသည် ပြန်ပေးဆွဲမှုကြောင့် ပွဲကြီးပွဲကောင်း တွေ့နေ၏။ ထိုလူများထဲ၌ မပါသူများကား ပင်စင်လစာ ဆုံးရှုံးဖွယ်ရှိသော၊ အလုပ်ပြုတ်ကိန်းရှိသော၊ ပင်ပန်းနွမ်းနယ် နေပြီဖြစ်သော ရဲအဖွဲ့ဝင်များ ဖြစ်ပေသည်။

ဤပြန်ပေးမှုကြီး ပြီးသွားလျှင် အလုပ်ပြုတ်ကြဦးမည့်သူ ဦးရေ အတော်များလိမ့်မည်။ ယခု ကတည်းကပင် အချို့

www.burmeseclassic.com

www.burmeseclassic.com



လူများက လက်ညှိုးထိုး အပြစ်တင်ဖို့ လူများစွာ ရှာဖွေနေကြပြီ။ မိမိကို အပြစ်တင်လျှင် ပြန်ပြီးလက်ညှိုးထိုးပြစရာ "ဓားစာခံ"များကို ရှာနေပြီ။

နောက်တစ်နေ့သို့ ကူးသွားသည်။

မြို့တော်ဝန်ရော၊ ပြန်ပေးသမားများပါ အစအန ရှာမရသေး။ အင်တိုက်အားတိုက် ရှာဖွေနေသော ရဲတပ်အဖို့ သဲလွန်စ လုံးဝမရ။

ဘယ်သူ့လက်ချက်လဲ၊ ဘာလို့ ပြန်ပေးဆွဲရသလဲ၊ သူတို့ ဘယ်ပျောက်သွားကြသလဲ။

"ပင်လယ်အော်"ရပ်ကွက်တစ်ပိုက်၌ ရာဇဝတ်မှုများ ကျဆင်းသွားသည်။ ရဲအဖွဲ့၏ အစွမ်းထက်မြက်စွာ ရှာဖွေစစ်ဆေးမှုများကြောင့် ဖြစ်၏။ ရာဇဝတ်သမား အကောင်ကြီးကြီးများကား မြေလျှိုးသွားကြ၏။

ပြန်ပေးသမားများသည် ကယ်လီဖိုးနီးယားပြည်နယ်မှ ထွက်ခွာသွားကြပြီ။ အမေရိကန် ပြည်ထောင်စုမှပင် စွန့်ခွာသွားလောက်ပြီဟု စာနယ်ဇင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုစသည်တို့က ယူဆတင်ပြကြသည်။ သူတို့တစ်စုအား အခြားနိုင်ငံတစ်ခုခုသို့ ဝင်လာသည်ကို တွေ့လိုက်ကြောင်း သတင်းများရရှိသည်။ ဘောကားစဖီး(လ်၊ဒ်)မြို့အနီးရှိ ဟိုတယ်တစ်ခုသို့ မြို့တော်ဝန်ကြီးနှင့် ခပ်ဆင်ဆင်ဖြစ်သူ လူတစ်ဦးအား မသင်္ကာဖွယ် လူတစ်ဦးက ခေါ်ဆောင်လာသည်ကို မျက်မြင်သက်သေတစ်ချို့က တွေ့ရကြောင်း သတင်းပေးသည်၊



တစ်ချိန်တည်း၌ လာ့(စ်)ဗေးလား(စ်)မြို့ ကုန်စုံဆိုင်တစ်ခု၌ အမျိုးသမီးငယ်တစ်ဦးကလည်း မြို့တော်ဝန်ကြီးအား တွေ့လိုက်ရကြောင်း၊ ဆီယက်တဲ(လ်)မြို့တွင် စတေးရှင်ဝက်ဂွန်း ကားတစ်စီးထဲ၌ မြို့တော်ဝန်ကြီးအား လင်မယားနှစ်ဦးက တွေ့လိုက်ကြောင်း၊ ဖီးနစ်(ခ်)မြို့မှ စတိုးဆိုင်ပိုင်ရှင် တစ်ဦးကလည်း မြို့တော်ဝန်ကြီးအား ရေအိမ်သုံးစက္ကူတစ်လိပ်ပင် ရောင်းချလိုက်ကြောင်း၊ ဖလော်ရီဒါမြို့တွင် လူအတော်များများက မြို့တော်ဝန်ကြီးအား ကိုယ်ပိုင်လေယာဉ်ငယ်တစ်စီးပေါ် တက်သွားသည်ကို တွေ့ရကြောင်း သတင်းအမျိုးမျိုး ပေးပို့ကြသည်။ အဆိုပါ လေယာဉ်ငယ်မှ လေယာဉ်မှူးသည် ကျူးဘားနိုင်ငံသားတစ်ဦး၏ လေသံမျိုးဖြင့် စကားပြောကြောင်းလည်း ထွက်ဆိုကြသည်။

ရဲအဖွဲ့ကြီးအနေဖြင့် ပြန်ပေးသမားများ ဘယ်အရပ်သို့ သွားကြောင်း လုံးဝ မရိပ်မိသေးကြောင်း ဌာနတွင်း၌ ဖွင့်ပြောကြသည်။ ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာရာတွင် မိမိတို့သည် အရေးပါသော သဲလွန်စများကို စေ့စေ့စပ်စပ် လိုက်လံစုံစမ်းနေပြီး မကြာမီအချိန်အတွင်း အဖြေပေါ်လာဖွယ်ရှိကြောင်း ပြောသည်။

ထို့နောက် တိပ်ခွေလေးတစ်ခွေ ရောက်လာ၏။

ဆန်ဖရန်စစ္စကိုမြို့ရှိ ပုဂ္ဂလိကအသံလွှင့်ဌာနငယ်လေးတစ်ခုမှ အမျိုးသမီးတစ်ဦးအား တစ်စုံတစ်ယောက်က ဖုန်းဆက်၍ ၎င်းအသံလွှင့်ရုံ၏ လမ်းတစ်ဖက်ရှိ ဖုန်းရုံထဲ၌

www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူ့တိုက်ခိုက်ရေးတပ်ဖွဲ့"၏ တောင်းဆိုချက်များကို တိပ်ခွေတစ်ခွေ၌ စာရင်းပြုစုဖော်ပြထားကြောင်း၊ ထိုတိပ်ခွေကို သွားယူစေလိုကြောင်း အသိပေးသည်။ ၎င်းတိပ်ခွေကို ရှာတွေ့သောအခါ ရေဒီယိုမှ ထုတ်လွှင့်ပေးလိုက်သည်။

ပြန်ပေးသမားများသည် မြို့တော်ဝန်ကြီးအား ဒေါ်လာနှစ်သန်းရမှသာ ပြန်လွှတ်ပေးမည်ဟု ကြေညာသည်။ ပြန်ဆေးရွေးခငွေကို လာပေးရမည့်နေရာနှင့် အချိန်တို့ကို ရဲတပ်ဖွဲ့သို့ ထပ်မံဆက်သွယ် အသိပေးမည်။ ညွှန်ကြားချက်များကို တစ်သဝေမတိမ်း တိကျစွာ လိုက်နာရမည်။ သို့မဟုတ်ပါက မြို့တော်ဝန်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တစ်စစီ၊ တစ်ပိုင်းစီ ဖြတ်တောက်ထုပ်ပိုးပြီး ပြန်ပို့လိုက်မည်ဟု ခြိမ်းခြောက်လိုက်ကြသည်။

ရဲအဖွဲ့ကြီးသည် ထိုတိပ်ခွေကို အသံလွှင့်ဌာနငယ်လေးမှ အပြေအလွှား လာရောက်သိမ်းပိုက်သည်။ သို့သော် ၎င်းတိပ်ခွေကို မိတ္တူတိပ်ခွေပွားပြီး အခြားအသံလွှင့်ဌာနများသို့ ရောင်းစားပြီးမှသာ လာသိမ်းယူနိုင်ခြင်း ဖြစ်လေသည်။

ထိုအချိန်အတွင်း ရဲမင်းကြီး မြို့တော်ကောင်စီနှင့် မြို့တော်ဝန်ကြီး၏ မိသားစုတို့ အထူးအစည်းအဝေး ထိုင်ကြသည်။

ဒေါ်လာနှစ်သန်းကို စုစည်းရန် စီစဉ်ကြသည်။

o o o



ရှရှကုန်းမြင့်အနီး ဂျက်ဆန်လမ်းပေါ်မှ တိုက်ခန်းအဆောက်အအုံ ဟောင်းကြီးသည် တစ်ချိန်တုန်းကတော့ ဆွဲဆောင်မှုရှိသော ဗိတိုရိယခေတ် တိုက်ပုံစံ အိမ်ကြီးတစ်လုံးဖြစ်သော်လည်း နှစ်ကာလများက အသွင်သဏ္ဌာန် ပြောင်းလဲသွားစေခဲ့လေသည်။ ယခုတော့ ဆန်ဖရန်စစ္စကို မြို့တော်ရှိ အခြား အဆောက်အအုံများကဲ့သို့ပင် ဂုဏ်ယူဖွယ်ရာ အတိတ်ကာလ လက်ကျန်ပစ္စည်းဟောင်း တစ်ခုသာ ဖြစ်နေတော့၏။

ရဲမှူးမက်ကေးသည် ထိုတိုက်ကြီးအတွင်း မီးမှိန်မှိန်ထွန်းထားသော အဝင်ခန်းမထဲတွင် မတ်တတ်ရပ်ကာ မီးခြစ်ခြစ်ယင်း စာတိုက်ပုံးကလေးများပေါ်မှ နာမည်များကို ဖတ်ကြည့်နေသည်။

"ဒီကောင့်နာမည် မတွေ့ဘူးကွ၊ သူအိမ်ပြောင်းသွားပြီထင်တယ်"

မက်ကေးက နောက်ဆုံး၌ ပြောလိုက်သည်။ မီးခြစ်ဆံကို သူ့လက်ချောင်းများ မီးမစွဲမီ ငြိမ်းသတ်လိုက်သည်။

"မဟုတ်ဘူး၊ ဒီအိမ် သေချာတယ် ဆရာ၊ ကျွန်တော် ဒီကို မကြာခဏ ရောက်ဖူးသားပဲ၊ သူ အိမ်မပြောင်းသွားသေးပါဘူး၊ သူ့စာတိုက်ပုံးပေါ်က သူ့နာမည်ကို ဖြုတ်ပစ်ထားလို့ထင်တယ်၊ သူ့ဆီ ဘယ်ကစာမှ မလာတော့ဘူးလို့ သူပြောဖူးတယ်၊ သူ့ဆီလာတဲ့ စာတွေက အလကား အသုံးမကျတဲ့ စာတွေပဲ လာသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တံခါးပွင့်လာပြီး စီးကွက်မျက်နှာနှင့် အိမ်ရှင်အဘွားကြီး ခေါင်းပြူထွက်ကြည့်သည်။

"ဘာကိစ္စလဲ"

သူမက အသံစူးစူးကလေးနှင့် မေးသည်။

"ဟယ်ရီကယ်လဟန်ကို လာရှာတာ"

မက်ကေးက ဖြေသည်။

"ဘာလုပ်မလို့လဲ"

မိန်းမကြီးက ရေချိုးဝတ်ရုံကြီးကို လည်ပင်းတစ်ဝိုက် ခပ်တင်းတင်း ဆွဲစေ့ရင်းပြောသည်။

မက်ကေးက ရင်ထိုးတံဆိပ်ကြယ်ကို ထုတ်ပြသည်။

"ကျွန်တော်တို့က ရဲအဖွဲ့ဝင်တွေပါ။ သူ့ကို အရေးကြီးတဲ့ကိစ္စရှိလို့ လိုက်ရှာနေတာ"

အိမ်ရှင်အဘွားကြီးသည် မက်ကေး၏ တံဆိပ်ကို သိပ်အရေးစိုက်ပုံမရပေ။ သူမက နှာခေါင်းရှုံ့လိုက်သည်။

"သူ ဘာလို့ ရဲအဖွဲ့က အထုတ်ခံရသလဲ"

"သူ အလုပ်ဖြုတ်မခံရပါဘူး၊ ခဏ ရာထူးချထားခံရတာပါ၊ သူ့ကို အမှုစစ်စရာရှိလို့ပါ"

အဘွားကြီး နှာခေါင်းရှုံ့ပြန်သည်။

"ရာထူးချတာနဲ့ အလုပ်ဖြုတ်တာ အတူတူပါပဲ"

"မတူပါဘူး"

"အတူတူပဲ မောင်ရင်"



အဘွားကြီးသည် မည်သို့မျှ အလျှော့ပေးချင်ပုံမရပေ။

"သူ့ကို ဘယ်မှာလိုက်ရှာရင်တွေ့မလဲ၊ ပြောနိုင်မလား"

မက်ကေးက မေးသည်။

"ပြောနိုင်တယ် ဆိုပါစို့"

ခဏတိတ်သွားသည်။

"ဒါဖြင့် ပြောပြပါလားဗျာ၊ ကျွန်တော်တို့ကို ကူညီစေချင်တယ်"

သူမက မက်ကေးအား ခြေဆုံးခေါင်းဆုံးကြည့်သည်။

"ဒီဗီဆာဒီရိုလမ်းက ကယ်လီဆိုင်မှာ သွားကြည့်၊ ဘီလီယက်ခန်းလည်း ရှိတယ်၊ သူ တစ်ခါတစ်လေ အဲဒီသွားတယ်"

မက်ကေးက သူမအား ကျေးဇူးတင်စကား ပြောမည်အပြု အဘွားကြီးက တံခါးပိတ်သွားသည်။

"အတော် ဖော်ရွေသားပဲ"

မက်ကေးက လှေကားမှဆင်းသွားစဉ် မှတ်ချက်ချသည်။

ဘရက်ဆဲလာက ပခုံးတွန့်ပြသည်။

"သူဒီမှာ ဘာလို့နေတယ်ဆိုတာ ခင်ဗျားသိပြီလား"

○ ○ ○

ဟယ်ရီကယ်လဟန်သည် ဘီလီယက်ထိုးခြင်းကို နှစ်ခြိုက်သူဖြစ်၏။ အကြောင်းမှု ဤကစားနည်းသည် သူ့တစ်

www.burmeseclassic.com



ယောက်တည်း လွတ်လွတ်လပ်လပ် ကစားနိုင်သောကြောင့်ပင်တည်း။ အုပ်စုအသင်းအဖွဲ့အလိုက် ကစားနည်းများကို ဟယ်ရီစိတ်မဝင်စားပေ။ သူသည် အခြားသူများနှင့် ဘိလိယက်ထိုးခဲလှ၏။

သူသည် သူ့ကံကို စမ်းလိုသဖြင့် ဘိလိယက်ခုံနှင့်သာ ယှဉ်ပြိုင်လေ့ရှိသည်။ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ သူ့အရည်အသွေးကိုသာ စစ်လိုသည်။

ယနေ့ည သူ၏ တစ်ကိုယ်တော်ပွဲ စ,နေပြီ။ သူ ဆက်တိုက် နှစ်ချက်လွဲသွားသည်။ ခက်ခဲသော ထိုးချက်များမဟုတ်။ သူထိုးနေကျ ပုံစံမျိုးသာ။ သူ အာရုံစိုက်မှု သိပ်မကောင်း။ ဤကား ပြဿနာဖြစ်၏။ သူ့စိတ်က တစ်နေရာ ရောက်နေသည်။

ရှေ့ဘက်ကောင်တာပေါ်ရှိ လက်ဆွဲရုပ်မြင်သံကြားစက်ကလေးက အသံကျယ်လွန်းနေသည်။ စက်ပိုင်ရှင်သည် ရုပ်မြင်သံကြားကို မကြည့်ဘဲ ကုလားထိုင်၌ အိပ်ပျော်နေသည်။

ညနေ ၆နာရီသတင်းများ ကြေညာနေပြီ။ သတင်းကြေညာသူက မြို့တော်ဝန် ပြန်ပေးမှုကြီး သတင်းဖတ်ကြားနေသည်။ ဘာမှထူးခြားမှုမရှိသေး။ ရဲအဖွဲ့သည် အလာမေဒါနှင့် ကွန်ထရာကို(စ်)တာ မြို့နယ်များသို့ပါ "ပိုက်ကွန်" ဖြန့်လျက်ရှိသည်။ ရဲမှူးကြီးသည် မြို့တော်ဝန်ကြီး အန္တရာယ်ကင်းစွာဖြင့် ပြန်ရောက်လာမည်ဟု ယုံကြည်ထားကြောင်း ပြောသည်။ တစ်နည်းအားဖြင့် မည်သူမျှ ဘာမျှသိပုံမရပေ။



ပြန်ပေးရွေးခ တောင်းဆိုခြင်းနှင့် ပြန်ပေးရွေးခ ပေးရန် အချိန်နှင့် နေရာတို့နှင့် ပတ်သက်၍ ဘာမျှပြောမသွားပေ။

"ဟယ်လို ဟယ်ရီ"

ဟယ်ရီသည် ဘိလိယက်ထိုးရန် ကုန်းနေရာမှ ဘိလိယက်ခုံဆောင်း၌ လာရပ်နေသော ဘရက်ဆလာနှင့် မက်ကေးတို့အား မော့ကြည့်လိုက်မိသည်။

ဘရက်ဆလာ မလာဘဲ နေမည်မဟုတ်မှန်း သိထားသဖြင့် ဟယ်ရီ မအံ့သြသွားပေ။ မက်ကေးပါလာခြင်းကတော့ အံ့သြစရာကောင်းသည် ဆိုရမည်။ မက်ကေးကိုယ်တိုင် သူ့ကိုလာတွေ့သဖြင့် အရေးကြီးသည့်ကိစ္စ တစ်ခုခုဖြစ်ဖို့ သေချာသည်။

ဟယ်ရီသည် ဘိလိယက်ခုံပေါ်ပြန်၍ကုန်းပြီး နောက်တစ်ချက်ထိုးရန် ချိန်သည်။ မက်ကေးနှင့် ဘရက်ဆလာတို့အား မကြည့်ဘဲ မေးလိုက်သည်။

"ကျွန်တော် ခင်ဗျားတို့အတွက် ဘာလုပ်ပေးရမလဲ"

ဘရက်ဆလာက ဟယ်ရီ့အား မချိသွားဖြဲ ပြုံးပြသည်။

"မင်းနဲ့ စကားပြောချင်လို့ ဟယ်ရီ"

"ခုလည်း ပြောနေတာပဲ မဟုတ်လား"

ဟယ်ရီက နံပါတ်(၆) ဘောလုံးကို ခုံထောင့်အိတ်ထဲသို့ အသာလေး ပစ်သွင်းလိုက်သည်။

မက်ကေးက လည်ချောင်းရှင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါတို့ပြောတဲ့ကိစ္စကို ဂရုစိုက်နားထောင်စေချင်တယ်ကွာ"

မက်ကေးအသံ ခပ်ဆတ်ဆတ်။

ဟယ်ရီက မက်ကေးကို ကျော်ပေး၍ ဘီလီယက်ခုံတစ်ဖက်သို့ လှည့်လိုက်သည်။

"ကျွန်တော် နားထောင်နေတယ်"

မက်ကေး မျက်နှာကြီးနီစပြုလာ၏။ သို့သော် သူစိတ်ထိန်းထားလိုက်သည်။ စကားမပြောရသေးမီပင် အငြင်းအခုန် ထဖြစ်နေလို့ မသင့်တော်သေး။

"မြို့တော်ဝန် ပြန်ပေးဆွဲမှုနဲ့ပတ်သက်ပြီး မင်းမှာရှိတဲ့ သတင်းအချက်အလက်အားလုံး ငါလိုချင်တယ်"

"ကျွန်တော့်မှာ ဘာလို့ အဲဒါတွေ ရှိရမှာလဲ"

"ဒီမယ် ငါတို့ တစ်ယောက်ကိုတစ်ယောက် လှိမ့်နေလို့ မဖြစ်ဘူး။ ဒီပြန်ပေးသမားတွေဟာ ဒီကျော်ဂျီယိုကို သတ်သွားတဲ့ ကောင်တွေမို့ မင်းစိတ်ဝင်စားနေကြောင်း ငါတို့အားလုံးသိတယ်၊ မင်းအကြောင်း ငါသိတယ် ကယ်လဟန်၊ မင်း ဒီကောင်တွေ လွတ်သွားတာကို လက်ပိုက်ကြည့်မနေနိုင်ပါဘူးကွ"

"ဟုတ်ပါ့မလား၊ ကျွန်တော်က ရာထူး ချခံထားရတဲ့လူပဲ"

ဟယ်ရီက နံပါတ်(၃)ဘောလုံးကို ထောင့်သို့ပစ်ပြီး နံပါတ်(၉)ဘောလုံးကို ဘေးသို့ ရောက်သွားစေသည်။



"ခင်ဗျားတို့ဟာ အရပ်သားတစ်ဦး အေးအေးဆေးဆေး ဘီလီယက်ထိုးနေတာကို ဘာလို့ လာနှောင့်ယှက်နိုင်ကြရတာလဲဗျာ"

"ဒီမယ်ဟယ်ရီ မင်း လမ်းပေါ်မှာလိုက်ပြီး သတင်းစုံစမ်းနေတယ်ဆိုတာ ငါတို့သိတယ်၊ မြို့တော်ဝန်ကိုဆွဲသွားတဲ့ငနဲတွေနဲ့ပတ်သက်တဲ့သတင်း လိုချင်တယ်လို့ မင်းကြေညာထားတယ်။ မင်း ဘာသဲလွန်စ ရထားသလဲ၊ တို့ကိုပြောပြပါ"

ဟယ်ရီက ခါးပြန်မတ်ပြီး ဘီလီယက်တံ၏ ဖင်ကို ကြမ်းပေါ် ချလိုက်သည်။ မက်ကေးအား ဘုကြည့်ကြည့်သည်။

"ခင်ဗျားတို့ အဲဒီကောင်တွေကို ဖမ်းပြီးပြီမဟုတ်လား၊ လူမည်းတစ်ယူသန်ဝါဒီတွေဆိုဗျ၊ ခင်ဗျားတို့ရဲ့တွေ အကင်းပါးပါ့ဆို၊ အက်(ဒ်)မိုဟာမစ်နဲ့ သူ့တပည့်တွေ မဟုတ်လား၊ နောက်ပြီး နေပါဦး ခင်ဗျားစုံထောက်လုပ်တာ တော်လွန်းလို့ ဂုဏ်ပြုလက်မှတ်တောင် ရသေးတယ် မဟုတ်လား၊ အခုလူစွမ်းကောင်း ရဲကြီးတစ်ဦးကို ကျွန်တော်က ဘာပြောစရာကျန်ဦးမှာလဲ"

မက်ကေး မျက်နှာပိုနီလာသည်။ သုံးဦးသား ဆက်မပြောဖြစ်။

"ကောင်းပြီ ကယ်လဟန် ငါမှားသွားတယ်"

မက်ကေးသည် အံတင်း၍ ခဲရာခဲဆစ် ဝန်ခံဖွင့်ဟလိုက်၏။ ဟယ်ရီက တုတ်တုတ်မျှမလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မှားမှန်းသိပါတယ်၊ ခင်ဗျားအခုလို အမှားကို မြင်တယ်ဆိုတာ သိရတာလည်း ကျွန်တော် ဝမ်းသာပါတယ်။ ခင်ဗျားဟာ ဝါရင့်တဲ့ ရဲတစ်ဦးဖြစ်လို့ နေမှာပေါ့၊ ခင်ဗျား မှားတာတော့ဟုတ်ပါပြီ၊ အဲဒီလို မှားကြောင်းကို မအေးပေး တွေသတ်လို့ သေသွားတဲ့ လူခုနစ်ယောက်ကို သွားပြောပါလား၊ ဒါမှမဟုတ်လဲ သူတို့တွေရဲ့ သင်္ချိုင်းအုတ်ဂူတွေပေါ်မှာ "စခန်းမှူး ဘရက်ဖို့(ဒ်)မက်ကေးက သူမှားသွားလို့ဝမ်းနည်းပါကြောင်း"ဆိုတဲ့ ကမ္ပည်းစာတန်း ထိုးပေးရမလား။ ဒါဆို သူတို့ဖို့ ပိုစိတ်ချမ်းသာသွားမယ်"

"မင်းမှာ သတင်းအစအနတွေ ရှိသေးရင် ငါလိုချင်တယ် ကယ်လဟန်၊ မင်းရဲ့"သတင်းပေး"တွေက ဘာပြောလိုက်ကြ သလဲ သိချင်တယ်"

"ဒီကိစ္စ ကျွန်တော့်ဘာသာလုပ်မယ်။ ဒီတော့ ခင်ဗျားကို ဘာတစ်ခုမှ မပြောနိုင်ဘူး"

"ငါတို့ လက်တွဲ လုပ်မှဖြစ်မယ် ကယ်လဟန်"

ဟယ်ရီက ရယ်သည်။

"ကျွန်တော်တို့ လက်တွဲလုပ်ကြတုန်းက ကျွန်တော် ကန့်ထုတ်ခံခဲ့ရတယ်"

"မင်းကို မပြောချင်ရင် ပြောအောင် ငါလုပ်လို့ရတယ် ကယ်လဟန်"

"စမ်းကြည့်ပေါ့ဗျာ...၊ ကျွန်တော်က သိပ်စမ်းကြည့် စေချင်တာ၊ အတော်ပဲ"



မက်ကေးက ဟယ်ရီနှင့် မျက်နှာချင်းဆိုင် ကပ်လိုက် သည်။

"ဒါဖြင့် မင်း သေသေချာချာ နားထောင်စမ်း၊ မင်း ဒီအမှုမှာ ဝေးဝေးရှောင်နေ၊ ငါတို့အလုပ်ထဲ ဝင်မနှောင့်ယှက်နဲ့ ဒါပဲ"

"ခင်ဗျားဘာသာ ဒီအမှုကို ကိုးရိုးကားယားဖြစ်အောင် လုပ်ပြီးပြီပဲ၊ ကျွန်တော် ဒီနေရာမှာ ခင်ဗျားကို လက်မြှောက် အရှုံးပေးပါတယ်"

မက်ကေးသည် စိတ်ထိန်းထားဆဲ ဖြစ်၏။

"ညှိနှိုင်းမှုအခြေအနေက ခုချိန်မှာ အထွတ်အထိပ်ရောက် နေပြီ၊ မင်းဘာသာ မင်းလုပ်မှဖြင့် ပိုဆိုးရွားကုန်မယ်"

ဟယ်ရီက မက်ကေးကို သုန်မှုန်စွာကြည့်သည်။

"ဘာလဲ ခင်ဗျား ဟိုမအေးပေးတွေကို ပိုက်ဆံပေးမလို့ လား၊ ဒေါ်လာနှစ်သန်းကိုထိုးပေးပြီး လွှတ်ပေးလိုက်မယ်ပေါ့။ မယုံနိုင်စရာပဲ၊ ခင်ဗျား ဟုတ်မှလည်း လုပ်ပါဗျာ"

"မြို့တော်ဝန်ရဲ့ မိသားစု ဆွေမျိုးတွေက ချမ်းသာတယ်။ သူတို့ပေးနိုင်ပါတယ်"

ဘရက်ဆလာက ဝင်ထောက်သည်။

"ပိုက်ဆံက အကြောင်းမဟုတ်ဘူး၊ သေသွားတဲ့လူတွေ ကိုရော မေ့ထားလား၊ ရဲတွေရော၊ စတောရှင်ဝက်ဂွန်းထဲက ချာတိတ်တွေရော၊ မာတင်ဖွေ့ကုမ္ပဏီက လူတွေရော ဒါတွေ ဟာ လူသတ်မှု မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မက်ကေးသည် ဒေါသကို မနည်းချုပ်တည်းပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

"ခုပြောနေတာ လူသတ်မှု မဟုတ်ဘူး၊ မြို့တော်ဝန်ကြီး ဆောမသီ ရန်မခ ပြန်လွှတ်မြောက်ဖို့သာ အဓိကကျတယ်၊ မင်း ဒီအမှုထဲ ဝင်မပါနဲ့လို့ ငါပြောနေတာ"

"ခင်ဗျားပြောနေတာ ကမ္ဘာကြီးကို ဒီသူတောင်းစား ကလေကချေ ကောင်တွေလက်ထဲ ပုံအပ်တော့ဖို့ ဆန္ဒရှိနေ တယ်ဆိုတဲ့ အကြောင်းပဲဗျ၊ ဒီခေတ်ကြီး ဘယ်လိုဖြစ်သွားပြီလဲ၊ လူတစ်ဦးကို မားစားခံလုပ်နိုင်တဲ့ ငနဲတစ်ဦးဦးဟာ ကိုယ်လိုချင် တာ တောင်းယူပြီး အေးအေးဆေးဆေး လစ်ပြေးသွားနိုင် နေပါပြီရောလား၊ ဒီကောင်တွေ ခုတစ်ခေါက် ဒီလိုလုပ်လို့ ရမှန်းသိရင် နောက်တစ်ခါ ထပ်လုပ်ဦးမှာပဲ၊ ခင်ဗျားတို့ အရူးအမဲသားကျွေးသလို ဖြစ်သွားမယ်၊ တခြားကောင်တွေ လည်း လိုက်လုပ်ကြတော့မှာပဲ၊ သူတို့ကို ရပ်တန်းက မရပ် နိုင်းမချင်း လုပ်နေမှာပဲ"

"မင်း ဒီအမှုမှာ ဝင်မရှုပ်နဲ့၊ မင်း လက်ရောခြေပါ ပါလာတာ ငါကြားရင် ဒီမြို့မှာ မင်း တစ်သက်လုံး ရဲအဖွဲ့ က ထုတ်ပယ်ခံရမယ် မှတ်ပေါ့၊ မင်း လက်တည့်စမ်းချင် စမ်းကြည့်၊ ငါ မင်းကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ချက်ချင်း ဖမ်းပြီး ထောင်ချပစ်မယ်၊ မှတ်ထား"

မက်ကေးက အော်ပြောသည်။



ဟယ်ရီက ဘီလီယက်တံကို အစိမ်းရောင် ဘီလီယက် ခုံပေါ် ချလိုက်သည်။

"ကျွန်တော်တစ်ခု ပြောပါရစေ"

"ပြော … ပြော"

"ခင်ဗျားသုံးတဲ့ ပါးစပ်အနံ့အသက် ပျောက်ဆေးက အာနိသင် မရှိတော့ဘူးဗျ"

ထိုနောက် ဟယ်ရီသည် ဘီလီယက်ခန်းထဲမှ ထွက်သွား လေသည်။

○ ○ ○

နေသာသော နေ့ဖြစ်သည်။

ဟယ်ရီသည် Golden Gate ပန်းခြံကြီးအတွင်းရှိ "စတိုးရေကန်ကြီး"အနီးရှိခုံတန်းလျားတစ်ခုတွင်ထိုင်ရင်း တစ်စုံတစ်ယောက် တစ်ဝက်တစ်ပျက်စားပြီး ပစ်ချထားသော "မြေပဲထောပတ်" ဆင်းဒဝစ်ပေါင်မုန့်ကို လာရောက် နမ်းရှုပ် ကြည့်နေသော ရှဉ့်ကလေးတစ်ကောင်အား လှမ်းကြည့်နေ သည်။ ရှဉ့်ကလေးသည် အတန်ကြာသောအခါ ပေါင်မုန့် အပိုင်းအစကို လျစ်လျူရှုကာ အခြား စားစရာတစ်ခုခု ရှာ ဖွေရန် ထွက်သွားလေသည်။

ဟယ်ရီသည် မိမိထံသို့ လာနေသော လူမည်းကြီး တစ်ဦးကို သတိပြုမိသည်။

www.burmeseclassic.com



အလို ထိပ်ပြောင်ပြောင်ကြီးနှင့် အက်မိုဟာမစ်(ဒ်) ပါလား။

မိုဟာမစ်(ဒ်)သည် တောက်ပြောင်သော အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး သူ၏ရင်ဘတ်အိတ်မှ အရောင်တောက်သော လက်ကိုင်ပဝါတစ်ထည်ကို အစထောင်၍ ထုတ်ထားသည်။

မိုဟာမစ်(ဒ်)သည် ဟယ်ရီ့ဘေးတွင် အားရပါးရ ဝင်ထိုင်ချလိုက်သည်။

"ခင်ဗျား ကျုပ်ကိုလိုက်ရှာနေတယ် ကြားတယ်၊ ကျုပ်တော့ နာမည်ပျက်တော့မှာပဲ"

"ကျုပ် ခင်ဗျားအပေါ် ညှာတာပါတယ်လို့ ပြောပြလိုက်"

"ကျုပ် ခင်ဗျားကို ဘာလုပ်ပေးရမလဲ"

"သတင်းလိုချင်တယ်၊ မြို့တော်ဝန်ကို ဆွဲသွားတဲ့ မသာတွေနဲ့ပတ်သက်ပြီး သိချင်တယ်"

မိုဟာမစ်(ဒ်)၏ ကြီးမားသော ပါးစပ်ကြီးက ရှေ့မြင်းကြီးလို ဖြဲလိုက်သည်။ မိုဟာမစ်(ဒ်) ပြုံးခြင်းဖြစ်သည်။

"ခင်ဗျားက မေးလိုက်မှဖြင့် ကြီးကြီးကျယ်ကျယ်ချည်းပဲ။ ကျုပ် ဘာသိထားတယ် ထင်လို့လဲ"

"ခင်ဗျား အရင်ကပြောဖူးသားပဲ၊ ခင်ဗျားမှာ သတင်းရမယ့် "ဇာစ်မြစ်"တွေ ရှိတယ်ဆို၊ ခင်ဗျား ဘာမဆိုသတင်းရတဲ့လူ မဟုတ်လား"



ထားပါတော့၊ ဒါပေမယ့် ကျုပ်ဘာလို့ ခင်ဗျားကို ကူညီရမှာတုန်း၊ ခင်ဗျား ရာထူးချခံထားရတယ်လို့ ကြားတယ်။ ခင်ဗျား ကျုပ်ကို အရင်လို မကူညီနိုင်တော့ဘူး၊ နောက်ပြီး ကျုပ် ခင်ဗျားတို့ ပုလိပ်တွေကို ဘာကျေးဇူးမှ ဆပ်စရာမရှိဘူး။ အထူးသဖြင့် ခင်ဗျားတို့ ကျုပ်ကို ဖမ်းပြီးကတည်းက ပေါ့"

"အဲဒါ ကျုပ်နဲ့မဆိုင်ဘူး မက်ကေးလက်ချက်"

မိုဟာမစ်(ဒ်)က ခေါင်းငဲ့ကြည့်လိုက်သည်။

"ဟုတ်ပြီ၊ ကျုပ်မှတ်မိပြီ။ မက်ကေးဟာ အလကားလူပဲ" ကျုပ်သူ့ကို လူညစ်ပတ်စာရင်းထဲမှာ သွင်းထားတယ်"

"သူ့ကို လူမုန်းများပြီးသားပဲ"

"ကဲ ကျုပ်က ဘာလို့ခင်ဗျားကို ကူညီရမှာလဲ၊ ပြောစမ်းပါဦး ကယ်လဟန်ရယ်"

"ခင်ဗျားမကူရင် ကျုပ် သတင်းဖြန့်လိုက်မယ်၊ ခင်ဗျားဟာ ရဲသတင်းပေးသမားတစ်ယောက် ဖြစ်တယ်ဆိုတဲ့အကြောင်း"

မိုဟာမစ်(ဒ်)သည် ဟယ်ရီ့အား ခပ်တည်တည်ကြည့်နေသည်။

"ခင်ဗျား အဲဒါတော့ လျှောက်မပြောပါနဲ့ဗျာ။ နောက်သလို ပြောင်သလိုတောင် မပြောလိုက်ပါနဲ့"

ဟယ်ရီက မျက်နှာထားတင်းတင်းဖြင့် ဆက်ပြောသည်။

"ကျုပ် နောက်နေတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိုဟာမစ်(ဒ်)က ဟယ်ရီ့အား အကဲခတ်နေပြီးနောက် အားရပါးရ ရယ်သည်။

"ခင်ဗျားဟာ တကယ့်ကို ညစ်စုတ်တဲ့ လူပေပဲ ကယ် လဟာန်"

"ဟုတ်တယ် အညစ်ပတ်ဆုံးပဲ"

"အေးပါ ကျုပ်မှတ်ထားပါ့မယ်၊ အိုကေ ကျုပ်သိသမျှ ပြောပြမယ်၊ သိပ်တော့ မရှိလှပါဘူး၊ ခင်ဗျားအတွက် အသုံး ဝင်ချင်လည်း ဝင်ပေမယ်ပေါ့"

"ပြောလေ"

မိုဟာမစ်(ဒ်)သည် သူ၏ အရောင်စုံ ပိုးသားလက်ကိုင် ပဝါအိတ်ထဲမှ ဆွဲထုတ်ပြီး သူ၏ ချွေးပြန်နေသော ခေါင်းတုံး ပြောင်ကြီးကို သုတ်လိုက်သည်။

"ဘော်ဘီမက်(ခ်)ဝဲ(လ်)ရဲ့ ကောင်မလေးတစ်ယောက် ဟာ ပြည်သူ့တော်လှန်ရေးတိုက်ခိုက်ရေးတပ်ဖွဲ့ဆိုတဲ့ အုပ်စုဝင် တစ်ချို့နဲ့ ပေါင်းသင်းနေတယ်လို့ သတင်းကြားတယ်။ပြန်ပေး ဆွဲမှုကြီးမှာ အဲဒီကောင်မ ပါတယ်ဆိုလားပဲ"

"သူ့နာမည်သိလား"

"ဝင်ဒါတဲ့၊ ဒီတစ်လုံးပဲသိတယ်၊ ဝင်ဒါဆိုတာတော နာမည်ရင်း ဟုတ်ချင်မှဟုတ်မှာ၊ နောက်ပြီး အဲဒီ တော်လှန်ရေး တပ်ဖွဲ့ဆိုတဲ့နာမည်နဲ့ အုပ်စုကလည်း အလကား လုံကြ အဖွဲ့ပဲ၊ ဘယ်တိုင်းသူပြည်သားကိုမှ ကိုယ်စားပြုခဲ့တဲ့အဖွဲ့ မဟုတ်ဘူး၊ သောက်ရေးလည်း မစိုက်ကြဘူး၊ ဒီငနဲတွေ



ိုက်ဆံလိုချင်လို့ စတန့်ထွင်ကြတာ၊ သူတို့လိုချင်တာက ဒေါ်လာနှစ်သန်း ဒီလို တော်လှန်ရေးတပ်ဖွဲ့ဆိုတဲ့ အကြမ်းဖက် နိုင်ငံရေးဂိုဏ်း နာမည်မျိုးတပ်ပြီး လုပ်တာက ဘော်ဘီမက်(ခ်) ဲ(လ်)ရဲ့ စိတ်ကူးပဲ၊ သူက နိုင်ငံရေးသမား တစ်ယူသန် နဲ့တွေဆီက အထောက်အပံ့ အားပေးမှု ရမယ်ထင်လို့ပေါ့၊ ိုက်ဆံရရင် ဝေစုခွဲပြီး ဒီနိုင်ငံကနေ လစ်ကြလိမ့်မယ်"

"အဲ့ဒီ ဝင်ဒါဆိုတဲ့ကောင်မကို ဘယ်လိုက်ရှာရမလဲ"

နောက်ဆုံးသတင်း ကြားတာကတော့ ဘရော့(ဒ်)ဝေးလမ်းမ အားက မြောက်ဘက်ကမ်းခြေ ရပ်ကွက်ထဲက အကြောနှိပ်ခန်း တစ်ခုမှာ အလုပ်လုပ်တယ်တဲ့၊ အကြောနှိပ်ခန်းဆိုပေမယ့် ဒေါ်လာငါးဆယ်ပေးရင် "ဟဟ"လုပ်ခွင့်ပါပြုတဲ့ ဆိုင်မျိုး ပါ။ သိတယ်မဟုတ်လား။ ဒီကောင်မက ကိုယ်လုံးထွားကျိုင်း တယ်။ ဆံပင်ကအနက်။ ညဥ့်ငှက်မ ဘော်ဘီရဲ့လက်အောက် မှာ နှစ်နှစ်လောက် အဲဒီအလုပ် လုပ်ဖူးတယ်၊ တစ်ခု ရယ် ရာကောင်းတာက ဘော်ဘီကလွဲရင် ဒီကောင်မက တခြား ယောကျ်ားတွေနဲ့ မအိပ်ဘဲ မိန်းမချင်းပဲ အိပ်တတ်တယ်"

"ဟုတ်လား၊ ဒါပဲလား"

"ကျုပ်သိတာ အကုန်ပဲ"

ဟယ်ရီက မတ်တတ်ထသည်။

"အိုကေ ကျေးဇူးတင်တယ်၊ ခင်ဗျားကို ကျုပ် တစ်နေ့ နေ့ ပြန်ကူညီနိုင်ဦးမှာပေါ့"

"ကျုပ်လိုတဲ့အခါ ပြောမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ဟယ်ရီသည် သူကားထားရစ်ခဲ့ရာ ကွက်လပ်ဆီသို့ လျှောက်သွားလမ်းကလေးအတိုင်း လျှောက်သွားသည်။

"ကယ်လဟန်"

ဟယ်ရီ လှည့်ကြည့်သည်။

မိုဟာမစ်(ဒ်)က ပြုံးပြီး လက်သီးဆုပ်ပြ၍ အလေး လိုက်သည်။

"အရေးတော်ပုံ အောင်ပါစေဗျား"

✧ ✧ ✧

## အခန်း(၁၄)

ယမင်းရုပ်စံအိမ် အမည်ရှိ အကြောနှိပ်ခန်းသည် ဘာရော့(ဒ်)ဝေးလမ်းအနီး အပြာရုပ်ရှင်ရုံတစ်ရုံ၏ အပေါ်ထပ်ဖြစ်သော ဒုတိယထပ်တွင် တည်ရှိလေသည်။

အကြောနှိပ်ခန်း၏ တံခါးကို ဆေးရောင်စုံ သုတ်ထားသော်လည်း အပေါ်စား အဏ္ဏမြူ မီးစုန်းဆေးရောင်များမှာ အတော်လေး ဆေးပြယ်၍ မှုန်ကုန်ကြလေပြီ။ ထိုတံခါးမှ ဝင်သော် မတ်စောက်ကျဥ်းမြောင်း မှောင်မည်းသော လှေကားကလေးသည် အပေါ်သို့ ထောင်တက်ပြီး တစ်ဆစ်ချိုးထားသည်။ တံခါးပေါ်တွင် ဆိုင်းဘုတ်ကတ်ပြားတစ်ချပ်ကို သံနှင့်ရိုက်၍ လမ်းညွှန်ပြထားသည်။

ဟယ်ရီသည် လီဗိုင်း(စ်)ဂျင်း(န်)အဟောင်း တစ်ထည်နှင့် သားရေဂျာကင်အဟောင်းတို့ကို ဝတ်ထားသည်။ ဆိုင်းဘုတ်ကို ဖတ်ပြီးပြုံးသည်။ ယခုခေတ်အခါ၌ ကာမကိစ္စကို အခြားသော တရားဝင် စီးပွားရေးလုပ်ငန်းများကို ဖန်းပြ၍ လုပ်ကားနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကိုယ့်ခါတ်ပုံ ကိုယ့်ဘာသာ ရိုက်ယူနိုင်သော အော်တိုမက်တစ် ဓာတ်ပုံရိုက်သည့် ရုံငယ်ကလေးများ၊ မိမွေးတိုင်း၊ ဖမွေးတိုင်း အဝတ်ချွတ်၍ ဆည်းပူးရသည့် စိတ်ရောဂါနည်းပြသင်တန်းများ၊ လိင်ပြဿနာနှင့်ဆက်နွယ်သော စိတ်ရောဂါကု သင်တန်းများ စသည်အားလုံးတို့မှာ မည်သို့ပင် အမည် တပ်တပ် တစ်မျိုးတစ်စားတည်းဖြစ်သည်။ အထဲဝင်လာ ပိုက်ဆံပေးပြီး ကာမဆက်ဆံဖို့သာ ဖြစ်၏။

ဟယ်ရီသည် လှေကား ကျဉ်းကျဉ်းကလေးထဲမှ တက်သွားပြီး တစ်ဖက်သို့ ချိုးလိုက်သောအခါ လှေကားထက် သိပ်မကျယ်လှသော ဧည့်သည်စောင့်ဆိုင်းခန်းကို တွေ့ရသည်။ သကြားချောင်း စက္ကူဖတ်များကဲ့သို့ အနီနှင့်အဖြူ မျဉ်းကြောင်း အစင်းများကို နံရံပေါ် ရေးခြယ်ပြီး ပရိဘောဂ အသုံးစားများဖြင့် အခန်းကို ပြင်ဆင်ခင်းကျင်းထားသည်။ အခန်းထဲရှိ အလင်းရောင်မှာ လှေကားမှာထက် ပိုလင်းသော်လည်း ညနေဆည်းဆာ၏ အလင်းရောင်မျိုး ဖြစ်လေသည်။

ဆေးဆိုးထားသော ရွှေရောင်ဆံပင်၊ ဘောင်းဘီတိုနံ့နံ့နှင့် ရင်ဘတ်၌ အစနစ်ဘက် ထုံးချည်ထားသော ရှပ်အင်္ကျီ ခါးပြတ်ကလေးတို့ကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးသည် အနောက်ဖက်အခန်းထဲမှနေ၍ ပုလဲပုတီးကန့်လန့်ကာကြားမှ တိုးထွက်လာသည်။ သူမ အသက်က (၃၀)ကျော်ကျော်။ ခါးနှင့်ပေါင်လုံး တုတ်တုတ်။ ရင်သားနှစ်မြွှာက ဖောင်းအစ်နေသည်။ သူမက ဟယ်ရီ့အား မခို့တရို့ ပြုံးပြသည်။



"ဟဲလို...ကျွန်မနာမည် ဂျင်နီပါ၊ ဘာဖြစ်နေတာလဲ၊ ရှင် အ,နေလား၊ စကားမပြောတတ်ဘူးလား"

ဒါ ယမင်းရုပ်စံအိမ်လား"

ဟယ်ရီက အခန်းကို မသင်္ကာစွာဖြင့် အကဲခတ်နေသည်။

တကယ်တော့ ဤအခန်းသည် အကြောနှိပ်ခန်းတစ်ခုထက် ဆံသဆိုင် အစုတ်ပလုတ်တစ်ခုနှင့် ပိုတူနေသည်။

"ဟုတ်တယ်ရှင့်၊ အထဲဝင်ခဲ့လေ၊ လာပြီးဖိမ်ခံလှည့်စမ်းပါ၊ ရှင့်လို ချစ်စရာကောင်းတဲ့ လူကြီးတစ်ယောက်ကို ကျွန်မတို့ ပေးစွမ်းစရာတွေ အများကြီးရှိပါတယ်"

"အင်း...အဲ...ဟို...ကျွန်တော့် အစ်ကိုတစ်ယောက် ဟိုအပတ်တုန်းက ဒီကိုလာသွားတယ်၊ အရပ်မြင့်မြင့် ရွှေရောင်ဆံပင်နဲ့ ထိပ်နည်းနည်းပြောင်တယ်။ နာမည်က ဘရက်(ဒ်)ဖို့ မက်ကေးတဲ့၊ ခင်ဗျားသူ့ကို မှတ်မိလား"

"အိုး...မှတ်မိတာပေါ့"

သူမသည် မမှတ်မိဘဲနှင့် ဟန်ဆောင်ပြောခြင်းဖြစ်ကြောင်း ဟယ်ရီသိ၏။ သူမသည် နောက်ဆုံး "ဧည့်သည်" ယောကျ်ား တစ်ဦး၏ မျက်နှာကိုပင် မှတ်မိမည့်လူသားမျိုး မဟုတ်။

ဟယ်ရီက ပါးစပ်ဟပြီး သူ့ရှေ့သွားကို လက်ညှိုးထိုးပြသည်။

"သူ့မှာ ရှေ့က ရွှေသွားတစ်ချောင်းပါတယ်၊ ခင်ဗျား မှတ်မိနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူမှသူပဲ"

အမျိုးသမီးသည် ဟယ်ရီ့နားကပ်လာပြီး လက်မောင်းချင်းချိတ်ကာ တင်ပါးဖြင့် အသာလေး ပွတ်နေသည်။

"ရှင့်လို ယောကျ်ားထွားထွားကြီးမျိုး ဘာကြိုက်တတ်သလဲဆိုတာ ကျွန်မသိပါတယ်ရှင်၊ ဟင်း...ဟင်း..."

"အဲ...အင်း...ဟုတ်ကဲ့၊ ဒါပေမယ့်...နေဦး၊ ကျွန်...ကျွန်တော် ကောင်မလေးတစ်ယောက်ကို လာရှာတာပါ၊ ကျွန်တော့်အစ်ကိုက ပြောတယ်၊ အဲဒီကောင်မလေးက သိပ်တော်တာပဲတဲ့"

"အို...ဒီမှာ အဲသလို ကောင်မလေးတွေ တပုံကြီးပဲ၊ အားလုံးပညာတော်တယ်၊ သဘောသိပ်ကောင်းတယ်"

ဂျင်နီအမည်ရှိ အမျိုးသမီးသည် ဟယ်ရီ၏ ရှပ်အင်္ကျီကြယ်သီးများကို စ,၍ဖြုတ်ပေးနေ၏။ သူမသည် ဟယ်ရီ့အား စိတ်ထကြွအောင် လုပ်နေခြင်းဖြစ်သည်။

"သူ့နာမည်က ဝင်ဒါတဲ့"

"ရှင်ကြိုက်တဲ့ ကောင်မလေး ရစေရမယ်"

"အဲ...ကျွန်တော် သူ့ကို လိုချင်တယ်၊ ကျွန်တော့်အစ်ကိုက ဝင်ဒါကို သိပ်ချီးကျူးတာကိုး"

"ဟုတ်တယ်၊ ဒီမယ်အချစ် ရှင့်ကို ကျွန်မယုံလို့ဖြစ်ပါ့မလား"

ဂျင်နီက ဟယ်ရီ့နား ကပ်ပြီးမေးသည်။

ဟယ်ရီက ငူတူတူ၊ အ,တတ ဟန်ပန်ဖြင့် ကြည့်သည်။



"ယုံနိုင်ပါတယ်၊ ခင်ဗျား ဘာပြောချင်လို့လဲ"

"အဲသလို တစ်ဦးတည်း သီးသန့် စပယ်ရှယ်လိုချင်ရင် (၇၅)ဒေါ်လာ ပေးရမယ်နော်"

"၇၅ ဒေါ်လာ ဟုတ်လား၊ မများဘူးလားဗျာ ကျွန်တော့်အစ်ကိုပြောတော့ ငါးဆယ်ဆိုလား...."

"ဟုတ်ပါတယ်၊ "အစုံ"လုပ်ပေးမှာမို့ပါ"

ဟယ်ရီက မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး...

"အစုံ ဟုတ်လား"

"ဟုတ်တယ်၊ အားလုံးအစုံပေါ့၊ သိတယ်မဟုတ်လား"

"ဟင့်အင်း...မသိဘူး"

ဂျင်နီက မျက်နှာကြက်ကို တစ်ချက်မော့ကြည့်ပြီး...

"အင်း...ကျွန်မတို့ ဒါမျိုးလုပ်ခွင့် မရှိပါဘူး၊ ဒါပေမယ့် ရှင့်အစ်ကိုလည်း ဒီလာသွားဖူးတော့ ရှင့်ကိုတော့ ကျွန်မ စိတ်ချရမယ် ထင်ပါရဲ့"

သူမက တစ်စုံတစ်ယောက်များ ချောင်းနားထောင်နေသလားဟု ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဟယ်ရီက ခေါင်းကို လေးလေးကြီး ညိတ်ပြသည်။

"အို...ဪ ဪ အင်း၊ ၃၂ မျိုး ဟုတ်လား၊ ၃၂မျိုး တောင် ရှိသလား သိပါဘူး"

"ဒီတော့ ရှင် နေရာမှန်ကို တန်းတန်းမတ်မတ်ရောက်လာပြီလေ၊ ရှင် စိတ်မကူးဖူးတဲ့ဟာတွေတောင် ကျွန်မတို့ သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းကောင်းသားပဲ"

ပုတီးစေ့ ကန့်လန့်ကာကြားမှ တီရှပ်ဝတ်ထားသော လူထွားကြီးတစ်ယောက် ထွက်လာသည်။ ဤလူကြီးသည် အကြောနှိပ်ခန်း၌ သူများတကာကို နှောင့်ယှက်တတ်သော ဒုက္ခပေးတတ်သော လူများအား "ခပ်ကြမ်းကြမ်းကလေး ကိုင်တွယ်"နှင်ထုတ်ရန် ငှားရမ်းခြင်း ခံထားရသူဖြစ်သည်။ သူက ဟယ်ရီ့အား ကြည့်လိုက်သည်။

"အဲဒီအတွက် ၇၅ဒေါ်လာ လက်ငင်းငွေချေရမယ်"

ဂျင်နီ၏ လေသံက ချက်ချင်းပြောင်းလဲသွားသည်။ အလုပ်သဘောဆန်သွား၏။ စောစောကလို ညုတုတုမဟုတ်တော့။ လူကြမ်းကြီး ထွက်ပေါ်လာခြင်းမှာ ဂျင်နီက ဧည့်သည်အား ခပ်မြန်မြန် ဆုံးဖြတ်ချက်ချစေသည့် လက္ခဏာဖြစ်သည်။

"ကဲ ရှင် ပိုက်ဆံ အရင်ပေးပါ"

ဟယ်ရီက သူ့အိတ်ထဲမှ ငွေစက္ကူအထပ်လိုက် ဆွဲထုတ်ပြီး ၇၅ဒေါ်လာ ရေတွက်၍ ဂျင်နီ့အား ပေးလိုက်သည်။ ဂျင်နီက ဗီရိုအံဆွဲတစ်ခုထဲရှိ ဆေးပြင်းလိပ်ဘူးကလေးထဲသို့ ထည့်သည်။

"ကဲ ဒီဘက်ကိုကြွပါ"

ဂျင်နီကပြောသည်။ လူကြမ်းကြီးကဘေးတစ်ဖက်သို့ လမ်းဖယ်ပေးသည်။ ဂျင်နီက ပုတီးစေ့ ကန့်လန့်ကာကြားသို့ တိုးဝင်သွားသည်။ ဟယ်ရီသည် တံခါးချပ်များ တန်းစီရှိသော



စင်္ကြံလမ်းရှည်ကြီးအတိုင်း နောက်ကလိုက်သွားသည်။ အခန်းကလေးတစ်ခုထဲသို့ ဝင်သွားကြ၏။

"ကဲ ... ရောက်ပါပြီ"

ဟယ်ရီက အခန်းကို လေ့လာသည်။ အခန်းထောင့်တွင် ခုတင် ခပ်သေးသေးတစ်လုံးရှိသည်။ ခုတင်ပေါ်တွင် တကာယ်လူ အရွယ်အစားရှိ လေထိုးသွင်းထားသော ပလတ်စတစ်မိန်းမ အရုပ်တစ်ရုပ် တင်ထားသည်။ ဟယ်ရီ ရှေ့တိုးသွားကြည့်ရာ ပန်းချီ မတောက်တစ်ခေါက် ရေးတတ်သူတစ်ဦးဦးသည် အရုပ်ပေါ်တွင် ပိုမိုသဘာဝကျစေရန် မိန်းမခန္ဓာကိုယ် အစိတ်အပိုင်းများကို ဆော့(ဖ်)ပင် တစ်ခုဖြင့် လက်ဆော့ထားကြောင်း တွေ့ရသည်။ ရော်ဘာအရုပ်၏ ဦးခေါင်းတွင် ဆံပင်တု တစ်ခုပါ စွပ်ပေးထားခြင်းကြောင့် ပို၍ အော့နှလုံးနာစရာ ကောင်းလှသည်။

ဂျင်နီနှင့် လူမိုက်ကြီးတို့က ဟယ်ရီအား ထိုအရုပ်နှင့် အတူ ထားရစ်ပြီး အခန်းထဲမှ ထွက်သွားကြသည်။

ခဏအကြာ၌ အခန်းတံခါးပွင့်လာပြီး မလုံ့တလုံ ကြိုးသိုင်းဘီကီနီ ဝတ်ထားသော ကောင်မလေးတစ်ယောက် စီးကရက်သောက်ရင်း ဝင်လာသည်။ သူမသည် မခို့တရို့နှင့် ချစ်စဖွယ်ကောင်းသည်။ ရွှေရောင်ဆံပင်နှင့် ပုညက်ညက် ကိုယ်လုံးတို့ကြောင့် သူမသည် ဝင်ဒါမဟုတ်နိုင်ကြောင်း ဟယ်ရီ သိလိုက်သည်။

"ဟိုင်း...."

www.burmeseclassic.com



သူမက တံခါးချပ်ကြီးကို စကား လှမ်းပြောသည့်အလား နှုတ်ဆက်သည်။

"မင်း ဝင်ဒါ မဟုတ်ပါလား"

"ရှင်..."

သူမသည် ခုတင်ဆီသို့သွားပြီး အရုပ်ကို ကောက်ယူကာ လှုပ်ခါလိုက်သည်။

"ရှင့်ကောင်မလေး လေကောင်းလေသန့် ရှူချင်နေတယ်။ ဒီလိုပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။ ရှင်မသိဘူးမဟုတ်လား။ ကျွန်မက ကြုံဖူးလို့ပြောတာ"

သူမသည် သူမပြက်လုံးကို သူမဘာသာ တခစ်ခစ် ရယ်နေ၏။ ဟယ်ရီသည် တစ်ချက်မျှ မပြုံးသေးကြောင်း သူမ တွေ့သွားသည်။

"ရှင်...ဘာလို့ အဝတ်အစား မချွတ်သေးလဲ၊ ရှင့်မှာ နာရီဝက်ပဲ အချိန်ရှိတယ်နော်..."

သူမက စီးကရက်ကိုချပြီး ခုတင်စောင်းတွင် ထိုင်ချကာ အရုပ်၏ ခြေထောက်တွင်ရှိသော လေသွင်းပေါက်မှနေ၍ ပါးစပ်ဖြင့် လေမှုတ်သွင်းသည်။

"ဝင်ဒါ ဘယ်မှာလဲ၊ ငါ ဝင်ဒါကို လိုချင်တယ်"

ကောင်မလေး လေမှုတ်သွင်းရာမှ ရပ်သွား၏။

"ဩော်...ဒုက္ခပါကလား။ ကျွန်မ ဒီမှာအလုပ်လုပ်တာ မကြာသေးပါဘူး။ ရှင် စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မကို ဝင်ဒါလို့ ခေါ်နိုင်ပါတယ်။ ဒါမှမဟုတ် မေမေလို့ပဲခေါ်ခေါ်၊



ကင်းကောင်လို့ပဲခေါ်ခေါ် ရပါတယ်။ ကိစ္စမရှိပါဘူး၊ရှင်က ၇၅ ဒေါ်လာတောင် ပေးထားတာပဲ၊ ရှင် စိတ်ချမ်းသာဖို့ အဓိက မဟုတ်လား အချစ်ရယ်"

သူမက အရုပ်ကို ဆက်၍လေမှုတ်သွင်းပြန်သည်။ ဟယ်ရီက သူမ၏ စီးကရက်ကိုကောက်ယူပြီး ရော်ဘာအရုပ်ကို မီးစနှင့်ထိုးလိုက်သည်။ ရော်ဘာအရုပ်သည် ဖောင်းခနဲ မြည်၍ ပေါက်သွားသည်။

ကောင်မလေး လန့်ပြီးထခုန်သည်။ ဒေါနှင့် မောနှင့် ရော်ဘာရုပ်ကို ကြမ်းပေါ် ပစ်ပေါက်ချလိုက်သည်။ ပြီးမှ လက်သီးနှစ်ဖက်ဆုပ်ကာ ခါးထောက်ရပ်ပြီး ဟယ်ရီ့ကို ရန်တွေ့သည်။

"ရှင် ဘာလုပ်တာလဲ။ ရှင် ပိုက်ဆံထပ်ပေးရမယ်။ အဲဒီအရုပ်ဟာ နှစ်ဆယ့်ငါး ဒေါ်လာတောင် ပေးရတာရှင့်"

ဟယ်ရီက ကောင်မလေးအား ဆံပင်မှ ဆောင့်ဆွဲလိုက်သည်။ နံရံသို့ မျက်နှာတွန်းကပ်ထားပြီး ဟယ်ရီကိုယ်တိုင် သူမနှင့် မျက်နှာချင်း ကပ်လိုက်သည်။

ကောင်မလေး အတော်တုန်လှုပ်သွား၏။

"ကျွန်မအော်လိုက်ရင် ဟူဗီဝင်လာပြီး ရှင့်ကို တစ်စစီ ဆုတ်ဖြဲပစ်လိမ့်မယ်"

"ငါ နောက်တစ်ခေါက်ထပ်မေးမယ် ချာတိတ်မ၊ ဝင်ဒါ ဘယ်မှာလဲ"

ဟယ်ရီက ညင်သာစွာမေးသည်။

www.burmeseclassic.com



ကောင်မလေး တံတွေးမျိုချသည်။

"မသိဘူး၊ တကယ်ပါ ကျွန်မ မသိဘူး၊ သိရင်ပြော ပြမှာပေါ့။ သူ ဒီဆိုင်က အလုပ်ထွက်သွားတာ နှစ်ပတ်လောက် ရှိသွားပြီ။ သူ ဒီမှာမလုပ်တော့ဘူး"

ဟယ်ရီက သူမဆံပင်ကို ပိုမိုတင်းမာစွာ ဆွဲလိုက်သည်။

"ငါသူ့ကို ဘယ်လိုက်ရှာရမလဲ"

"ဘူရှင်းစကီးကို မေးကြည့်၊ သူကဒီဆိုင်ပိုင်ရှင်"

"သူ ဘယ်မှာနေလဲ"

"နောက်ဘက်မှာ သူ့ရုံးခန်းရှိတယ်"

ဟယ်ရီက သူမဆံပင်ကို ပြန်လွှတ်ပေးသည်။

"မင်း မအော်နဲ့နော်...၊ နို့မို့ရင် ငါပြန်လာပြီး မင်းခေါင်းကို ဘောလုံးလုပ်ကန်ပစ်မယ်"

ဟယ်ရီ အခန်းထဲမှ ထွက်သွားသည်။ ကောင်မလေး နံရံကိုမှီလျက် တောင့်တောင့်ကြီး ကျန်ရစ်ခဲ့သည်။

ဟယ်ရီသည် အဆောက်အအုံ၏ နောက်ဘက်ခြမ်းသို့ ဝင်္ကပါဆန်ဆန် စင်္ကြံလမ်းများမှ ဖြတ်လျှောက်သွားသည်။ စင်္ကြံလမ်း၏အဆုံးရှိ အခန်းကျယ်ကြီးတစ်ခုထဲ ဝင်လိုက်သော အခါ အုံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို မြင်တွေ့ရလေသည်။

အဘွားကြီး အယောက်နှစ်ဆယ်ကျော် သုံးဆယ်ခန့်သည် စားပွဲရှည်ကြီးနှစ်လုံးတွင် ထိုင်နေကြသည်။ သူတို့ တစ်ဦးချင်းစီ၏ ရှေ့မှောက်တွင် အပြာရောင် စာရေးစက္ကူများ အထပ် လိုက် ပုံထားပြီး နှုတ်ခမ်းနီတောင့်များ ခွက်တစ်ခွက်စာ



အပြည့်ထည့်ထားသည်။ အဘွားကြီးများအားလုံးသည် အခန်း အစွန်တွင်ရှိသော ကျောက်သင်ပုန်းကြီးပေါ်မှ စာများကို စာရေးစက္ကူများပေါ်သို့ ထိုင်ကူးရေးနေကြသည်။ ဟယ်ရီက ကျောက်သင်ပုန်းမှ စာကို ဖတ်ကြည့်လိုက်သည်။

**အချစ်ရေ ...**

ကျွန်မနာမည်က အင်ဂရစ်လို့ခေါ်တယ်၊ ကျွန်မအခန်း ဖော် သူငယ်ချင်းတွေနဲ့ ကျွန်မဟာ ဒိန်းမတ်နိုင်ငံက လာခဲ့ ကြပြီး ကယ်လီဖိုးနီးယားမှာ ရုပ်ရှင်မင်းသမီးလုပ်မလို့ ရည်ရွယ် ခဲ့ကြတာပေါ့။ ဒါပေမယ့် ကျွန်မတို့ ကံသိပ်မကောင်းဘူးလေ။ ဒါကြောင့် ကျွန်မနဲ့ အခန်းဖော်သူငယ်ချင်းနဲ့ အချစ်တို့ ပုရိသ ယောကျ်ားတွေရဲ့စိတ်ကို ထကြွစေမယ့် ရုပ်ရှင်ကားလေး တစ်ကား အတူပူးတွဲရိုက်လိုက်ကြတယ်။ သိပ်ရှားပါးလှတဲ့ အဲဒီရုပ်ရှင်ကား ဖလင်ထုပ်ကလေးကို လိုချင်ရင် ကျွန်မတို့ ဆီ ဒေါ်လာ(၅၀)ပို့ပေးလိုက်ပါ။ အဲဒီရုပ်ရှင်ကားကိုအချစ်ဆီ ပြန်ပို့ပေးပါ့မယ်။

အနမ်းပေါင်းများစွာဖြင့် ....

**အင်ဂရစ်**

ဟယ်ရီသည် ထိုစာများကို အူကြောင်ကြောင်နှင့် ဖတ် ကြည့်နေရာမှ ထိုစာကို ဝိုင်းကူးရေးနေကြသော အဘွားကြီးများ အား ကြည့်လိုက်ပြန်သည်။ တစ်ခဏအကြာ၌ အဘွားကြီး တစ်ဦးသည် စာကူး၍ပြီးသွားရာ သူမ၏နှုတ်ခမ်းကို နှုတ်ခမ်းနီ ဆေးဆိုးပြီး စာရေးစက္ကူ၏ အောက်ပိုင်းနားတွင် နှုတ်ခမ်းနီ

www.burmeseclassic.com

www.burmeseclassic.com



ရာကြီး ထင်သွားအောင် ဖိကပ်နမ်းလိုက်သည်။ ထိုစာရွက်ကို သေးချပြီးနောက် စာရေးစက္ကူတစ်ရွက် ထပ်ယူပြီး စောစောက အတိုင်း စာကူးရေးပြန်၏။

“ဒီမယ် အဒေါ်ကြီး၊ ခင်ဗျား ဒီလိုလုပ်တာ ပိုက်ဆံ ဘယ်လောက်ရသလဲ”

ဟယ်ရီက သူနှင့်အနီးဆုံး အဘွားကြီးအား မေးလိုက်သည်။

“တစ်နာရီကို တစ်ဒေါ်လာရတယ်”

အဘွားကြီးက ပြုံး၍ဖြေသည်။

“ဟာ.... နည်းလှချေလားဗျ”

“ဒီမယ် သူငယ်၊ မင်း လူမှုမှုလုံးရေး ထောက်ပံ့ငွေနဲ့ ထိုင်စားဖူးသလားဟင်”

“ဟင့်အင်း”

“အဲဒါဆို မင်း ဘာမှထပ်မမေးနဲ့တော့”

ဟယ်ရီက အံ့အားသင့်စွာဖြင့် ခေါင်းခါလိုက်လေသည်။

သူ့နောက်ကျောဘက်မှ တံခါးဖွင့်သံကြားရသည်။ ဟယ်ရီလှည့်ကြည့်ရာ ဥရောပတိုက်သားတစ်ဦးနှင့်တူသော နှုတ်ခမ်းမွေး သပ်သပ်ရပ်ရပ်နှင့် လူကြီးတစ်ယောက် သူ့အား လှမ်းကြည့်နေသည်ကို တွေ့ရ၏။

“ခင်ဗျား ဘယ်သူလဲ”

“ခင်ဗျားက ဘူရှင်းစကီးလား”

“ဒီမယ်...ခင်ဗျား ခွင့်ပြုချက်မရဘဲ သူများအလုပ်ရုံ



ထဲဝင်လာတယ်၊ ဒါ ပိုင်နက်ကျူးကျော်မှုပဲ”

“ခင်ဗျားက ရှေ့နေလား”

“ဟုတ်တယ်၊ ကျုပ်ရှေ့နေပဲ၊ ခင်ဗျားဟာဒီက အဒေါ်ကြီးတွေကိုရော ကျုပ်ကိုပါ နှောင့်ယှက်သလိုဖြစ်နေပြီဗျ”

“မဟုတ်ပါဘူး”

“ဒီမယ်ကိုယ့်လူ ခင်ဗျားကို ကျုပ်သတိထားနေတာ။ ခင်ဗျား ဒီက မြန်မြန်ထွက်သွားပါ။ နို့မို့ရင် ကျုပ်အပေါင်းအသင်း တစ်ယောက်ယောက်ကိုခေါ်ပြီး ကန်ထုတ်ခိုင်းရလိမ့်မယ်”

ဟယ်ရီက ရှေ့တိုးသွားသည်။

“ကျွန်တော် ဆံပင်နက်နက်နဲ့ အရပ်မြင့်မြင့် ဝင်ဒါဆိုတဲ့ အမျိုးသမီး တစ်ယောက်ကို လာရှာတာပါ၊ သူ အရင် ဒီမှာ လုပ်ဖူးတယ်”

“ဟင်...”

“သူ့ကို ဘယ်မှာသွားရှာရမလဲသာပြော။ ကျွန်တော် ခုချက်ချင်း ခင်ဗျားအလုပ်ရုံထဲက ထွက်သွားပါ့မယ်ဗျာ။ ဒါမှမဟုတ်ရင်တော့ ကျွန်တော် ဒီနားတစ်ဝိုက် နည်းနည်း ကြာကြာလေး နေရဦးမှာပဲ”

“ဒီမယ် ကလေးကချေကောင်ရဲ့၊ ဒီအလုပ် ဒီနေရာက ကာကွယ်မှုယူထားတဲ့ လုပ်ငန်းဖြစ်တယ်၊ မင်း ဒီမှာလာပြီး စွာကျယ်လုပ်ဝံ့ လုပ်ကြည့်စမ်း၊ မင်း ခေါင်းနဲ့ကိုယ် အိုးစား ကွဲသွားမယ် သိလား”

www.burmeseclassic.com

www.burmeseclassic.com



"ဩော်….ခင်ဗျားက ကျွန်တော့်အသား နာအောင် လုပ်တော့မယ်ပေါ့ ဟုတ်လား။ ကျွန်တော် သိပ်ကြောက်သွားပြီဗျာ"

ဟယ်ရီက ခေါင်းတစ်ချက်ညိတ်ပြရင်း ပြောသည်။

"ကဲ…ထွက်သွားစမ်းပါ ရဲဘော်။ ဒီမှာ လူလည်လာမကျချင်နဲ့။ ငါ့ဖိနပ်တစ်ရံဖိုးဟာ မင်းတစ်ပတ်စာ ဝင်ငွေထက် ပိုများတယ် မှတ်ထား"

"ဩော်…ခင်ဗျားက လူဆိုးဂိုဏ်းကြီးတွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုတဲ့သဲ‌ဘော ပြောနေတာလား။ ခင်ဗျားမှာ သိပ်သြဇာအာဏာရှိတယ်ပေါ့"

"သိပ်ဟုတ်သပေါ့ကွာ။ငါ ဖုန်းတစ်ချက်ဆက်ရုံနဲ့ မင်းဗိုက်ဟာ ကျည်ဆန် ဆန်ခါပေါက်ဖြစ်သွားမယ်၊ ကဲ ကြွတော်မူပါ"

ဟယ်ရီက ဘူရှင်းစကီး၏ ရှပ်အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်သည်။

"ဒီမယ်အမျိုးယုတ်ကြီး ကျုပ်ပြောဦးမယ်။ ခင်ဗျားဟာ လေညစ်ညမ်းတဲ့ ခါတ်ပုံနဲ့ ရုပ်ရှင်တွေရောင်းစားနေတဲ့ သူတောင်းစားသာသာ လူယုတ်လူညံ့ တစ်ကောင်ပဲလို့ ကျုပ်မြင်တယ်"

ထိုအခိုက် ဟူဝီအမည်ရှိ လူမိုက်ကြီး ဘွားခနဲရောက်လာသည်။ သူ၏ကြီးမားသော လက်ကြီးတစ်ဖက်၌ ဘော့(စ်) သော ရိုက်တံတုတ်တစ်ချောင်း ကိုင်ထားသည်။



"ကျွန်တော် ဒီကလေကချေကို ကြည့်ရှင်းလိုက်မယ် ဆရာ"

လူမိုက်ကြီးက ဘူရှင်းစကီးအားပြောပြီး ဟယ်ရီကို ကောက်ကျစ်စွာ ပြုံးပြသည်။

"မင်း ရော်ဘာရုပ်နဲ့ ဆက်နေလိုက်ရင် အကောင်းသား၊ ခုတော့ မင်း ရုပ်ပျက်ဆင်းပျက် ဖြစ်ရတော့မယ်"

ဟယ်ရီက ဘူရှင်းစကီး၏ ရှပ်အင်္ကျီကိုလွှတ်ကာ ဟူဝီအား မျက်နှာချင်းဆိုင်လိုက်သည်။ ဘူရှင်းစကီးသည် သူ့ရုံးခန်းထဲ ကပျာကသီဝင်သွားပြီး တံခါးပိတ်လိုက်၏။ စာကူးရေးနေသော အဘွားကြီးများအားလုံး အလုပ်ရပ်ပြီး ဖြစ်ပျက်နေသော အရာအားလုံးကို ထိတ်လန့်စွာဖြင့် ကြည့်နေကြသည်။

ဟူဝီက ဟယ်ရီ့အား ခေါင်းကို ရိုက်တံနှင့် လွှဲရိုက်သည်။ ဟယ်ရီက ဘေးတစ်ဖက်တိမ်းပြီး ဘယ်ဘက်လက်သီး တစ်လုံး ဟူဝီ၏ဗိုက်သို့ ပစ်သွင်းသည်။ လည်ကုတ်ကို တရာဘော လက်ဝါးစောင်းတစ်ချက် ခုတ်ချသည်။ ဟူဝီသည် အရှိန်လွန်ပြီး နံရံနှင့်ဝင်တိုက်ကာ လဲကျသွားသည်။ ပြန်မထနိုင်ပေ။

"အလကား ဝိတ်ပေါကြီး"

ဟယ်ရီက ရေရွတ်လိုက်သည်။ ဟယ်ရီ ဘူရှင်းစကီး ရုံးခန်းတံခါးကိုဖွင့်သည်။ သော့ခတ်ထား၏။ ဟယ်ရီက ခြေထောက်နှင့် သော့ကိုကန်ဖွင့်သည်။ တံခါးကျိုးပြီး ပတ္တာ တစ်ခု ပြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီသည် ဘူရှင်းစကီးအခန်းထဲ ဝင်လာသည်။ ဘူရှင်းစကီး နောက်သို့ ဆုတ်သွားသည်။ ရေအိမ်ထဲသို့ ဝင်ပြေးမည်အပြု ဟယ်ရီက ခုန်အုပ်လိုက်သည်။ ဘူရှင်းစကီးသည် ရေအိမ်တံခါး ပြတင်းပေါက်ကို တွန်းဖွင့်ပြီး ဆိုအပေါက်မှကျော်၍ ထွက်ရန်ပြင်သည်။ ဟယ်ရီက သူ့လည်ကုပ်ကို ဖမ်းကိုင်ပြီး အထဲသို့ ပြန်ဆွဲခေါ်ကာ နံရံတစ်ဖက်နှင့် တစ်ဖက်သို့ တစ်လှည့်စီ ကိုင်ဆောင့်ပေးလိုက်သည်။ ဘူရှင်းစကီးသည် အခန်းထောင့်၌ ပုံလျက်ကလေး ကျသွားသည်။ ဟယ်ရီက ဘူရှင်းစကီးအား ဆွဲထူလိုက်သည်။

"ဘယ်သွားမလို့လဲ"

ဘူရှင်းစကီးသည် မျက်လုံးများကျွတ်ထွက်လုမတတ် ပြူးနေသည်။

"ဟူဝီ…ဟူဝီရေ… လာပါဦးကွ"

"ဟူဝီ မလာတော့ဘူး။ သူ ကြမ်းပေါ်အိပ်ချင်လို့တဲ့"

ဟယ်ရီက ဘူးရှင်းစကီး၏ခေါင်းကို နံရံနှင့် ဒိုင်းခနဲ တိုက်ပေးလိုက်ပြန်သည်။

"ကဲ…မင်းနဲ့ငါ အမေးအဖြေလုပ်ကြစို့၊ ဝင်ဒါဘယ်မှာလဲ ပြောစမ်း"

"သွားသေလိုက်ပါလား သူတောင်းစားရဲ့၊ ဘယ်က ဝင်ဒါမှ ငါမသိဘူး"

"ယုံပါဘူး"

ဟယ်ရီသည် ဘူရှင်းစကီးအား ဆံပင်မှ ဆုပ်ကိုင်ပြီး



ကြမ်းပြင်ပေါ် ဆွဲချကာ အိမ်သာ ကမုတ်ထဲသို့ ခေါင်းစိုက်တွန်းချသည်။ ဘူရှင်းစကီး၏ ခေါင်းမှာ ရေထဲမြုပ်သွား၏။ ဟယ်ရီသည် ဘူရှင်းစကီး ခေါင်းမထောင်နိုင်ရန် ခပ်တင်းတင်းဖိထားသည်။

အတန်ကြာမှ ပြန်ဆွဲထုတ်ပြီး နံရံဆီသို့ တစ်ကိုယ်လုံး တစ်တွန်းလိုက်သည်။

ဘူရှင်းစကီးသည် ရေများကို ချောင်းဆိုးရင်း ပြန်ထွေးထုတ်နေသည်။ အသက်ရှူကျပ်နေသည်။

"မင်း သေသေချာချာမှ နားမထောင်ပဲကိုး။ ကဲ… ကဲ… ပြန် စ,ကြရအောင်၊ ဝင်ဒါဘယ်မှာရှိလဲ"

"သွားသေလိုက်"

ဟယ်ရီက ဘူရှင်းစကီး၏ မျက်နှာကို အိမ်သာကမုတ်ထဲသို့ နှစ်ချပြန်၏။ ယခုတစ်ခေါက် ပိုကြာသည်။ ဟယ်ရီ ပြန်ဆွဲထုတ်လိုက်သောအခါ ဘူရှင်းစကီးမျက်နှာမှာ ပြာနှမ်းနှမ်း ဖြစ်နေလေပြီ။

"ကဲ…ငါ စကားတစ်ခွန်းကို ထပ်ခါထပ်ခါ မပြောချင်ဘူး။ နောက်တစ်ကြိမ်မေးဦးမယ်၊ ဝင်ဒါဘယ်မှာလဲ"

"ကျုပ် ဘာမှ မပြောနိုင်ဘူး"

"မင်း မပြောရင် ငါ မင်းတစ်ကိုယ်လုံး အိမ်သာထဲ ဆင်းချလိုက်ရလိမ့်မယ်"

ဟယ်ရီက ဘူရှင်းစကီးအား ခေါင်းမှဆောင့်ဆွဲခါ အမှတ်ခွက်ဆီသို့ ခေါ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေ... နေပါဦး၊ ပြောပါ့မယ် ... ပြောပါ့မယ်

ဟယ်ရီက ဘူရှင်းစကီးဆံပင်ကို လွှတ်ပေးလိုက်သည်။

"အေး ... ဒီလိုမှပေါ့၊ ကဲ ... ပြောစမ်း"

"သူ ဒီက အလုပ်ထွက်သွားတာ နှစ်ပတ်လောက် ရှိသွားပြီ။ သူ ဒီမှာ အလုပ်မလုပ်ချင်တော့လို့တဲ့။ သူ သူ့သူငယ်ချင်း ဆော်ဘီမက်(ခ်)ဝဲ(လ်)ဆိုတဲ့ ဓိမ်ခေါင်းဆီ ပြန်သွားမလို့၊ ဆိုလားပဲ။ ဆော်ဘီနဲ့ သူနဲ့က ပိုက်ဆံအများကြီးရမယ့် အလုပ်တစ်ခု စီစဉ်ထားတယ်တဲ့ဗျ"

"သူတို့ကို ဘယ်လိုက်ရှာမလဲ"

"လိပ်စာမသိဘူး"

"ဘာ..."

ဟယ်ရီက ဘူရှင်းစကီးမျက်နှာကို ကမှတ်ထဲ ဆွဲနှစ်ရန် ဟန်ပြင်လိုက်သည်။

"နေ.... နေဦး၊ ဂါဗေလမ်းက ဘုရားရှိခိုးကျောင်းနား တစ်ဝိုက်မှာ ဝင်ဒါရှိတတ်တာလောက်ပဲ ကျုပ်သိတယ်။ ဘုရားကျောင်း နာမည်က စိန့်အမ်ဘရို့(စ်)တဲ့။

"စိတ်အမ်ဘရို့(စ်)ဆိုပါကလား။

ဤနာမည်ကြားကြားချင်း ဟယ်ရီသည် မိုးကြိုးပစ် လိုက်ရသလို ဖြစ်သွားသည်။ ဟင်နရီလီကယ်(လ်ဒ်)ဝဲ(လ်) အား နောက်ဆုံးဖမ်းဆီးခဲ့သော နေရာပင်ဖြစ်၏။ ဟုတ်ပါပြီ သတိမမူ ဝူမမြင်ခြင်း ဖြစ်သည်။

ကယ်(လ်ဒ်)ဝဲ(လ်)အား ထိုဘုရားကျောင်း၌ ဖမ်းမိခြင်း



မှာ မတော်တဆ တိုက်ခိုက်မှုမျိုးမဟုတ်။ ဟင်နရီလီသည် ဝါကူအညီသွားတောင်းရန် ကြံစည်ခဲ့ခြင်းဖြစ်မည်။ မိမိအား သင်မေးမြန်းသော ဘုန်းကြီးကိုယ်တိုင် သူတို့နှင့် ကြံရာပါ ဖြစ်မည်။

ဟယ်ရီက ဘူရှင်းစကီးဆံပင်ကို ပြန်လွှတ်လိုက်သည်။

"ခင်ဗျား ရေမိုးချိုးလိုက်ပေဦးတော့ဗျို့၊ လုံးဝ ကျက်သရေ မရှိတော့ဘူး"

"မင်း ပြေးမလွတ်ပါဘူး"

"အိုး ... ခုပဲ ပြေးတော့မှာပါ"

ဟယ်ရီသည် အိမ်သာထဲမှထွက်ပြီး ရုံးခန်းတံခါးဆီ လျှောက်သွားသည်။ ဟူဝီအမည်ရှိ လူမိုက်ကြီးက ဆော့(စ်) ဆော်(လ်)ရိုက်တံကြီးကို ကိုင်လျက် အပေါက်ဝမှ ပိတ်၍ ယ်စောင့်နေသည်။

"ကဲ မင်း လူလောကကြီးကို စွန့်ခွာဖို့ ပြင်ပေတော့ဟေ့"

ဟူဝီသည် ယခုတစ်ကြိမ်တော့ သင်ခန်းစာရပြီးခဲ့ပြီမို့ ဟယ်ရီဆီ သတိနှင့် ချဉ်းကပ်လာသည်။

ဟယ်ရီက အိမ်သာဆီသို့ ပြန်ဆုတ်သွားသည်။

ဘူရှင်းစကီးသည် နံရံကိုမှီ၍ ထိုင်နေဆဲရှိသည်။ ဟယ်ရီက ၎င်းအား လက်မောင်းတစ်ဖက်မှ ဆွဲမ,ပြီး ဟူဝီဆီသို့ တွန်းပို့လိုက်သည်။ လူမိုက်ကြီးသည် သူ့အလုပ် ရှင်ကို အိမ်သာစက္ကူတစ်ရွက်သဖွယ် ဘေးသို့ တွန်းထုတ်ပစ် လိုက်ပြီး ဟယ်ရီ့ဆီသို့ ဆက်တိုက်တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီသည် မိမိပတ်ဝန်းကျင်ကို အလျင်အမြန် အကဲခတ်လိုက်ရာ အိမ်သာပိုက်ဆေးသော တုတ်တံတစ်ချောင်းကို လက်ဆေးခွက်အနီး၌ တွေ့သွားသည်။ ဟူဝီ ပြေးဝင်အလာ၌ ဟယ်ရီက အိမ်သာပိုက်ဆေးတံကြီးကို ကောက်ယူပြီး ဟူဝီ ရိုက်ချလိုက်သော ရိုက်တံကို ခုခံလိုက်၏။ တစ်ဖန် ပိုက်ဆေးတံကြီးဖြင့် ဟူဝီ၏ အရိုက်ကို ဆောင့်ထိုးပြီး မျက်နှာကို တစ်ချက် လွှဲရိုက်ချလိုက်သည်။ ဟူဝီ့နှာခေါင်း ကျိုးသွားသည်။ နှာခေါင်းမှ သွေးများပန်းထွက်လာပြီး ကြမ်းပေါ် လဲကျသွား၏။

ဟယ်ရီက သက်ပြင်းမှုတ်ထုတ်လိုက်ရင်း ဤသို့ပြောသည်။

"တစ်ချို့လူများ တယ်ခေါင်းမာကြတာပဲ"

ဟယ်ရီက ပိုက်ဆေးတံကြီးကို ဟူဝီ၏ မျက်နှာပေါ်သို့ ပစ်ချလိုက်သည်။

ရုံးခန်းတံခါးပေါက်တွင် ဟယ်ရီတို့၏ အဖြစ်အပျက်ကို ဝိုင်းအုံကြည့်နေကြသော အဘွားကြီးများသည် မျက်လုံးလေးများ ကလည်ကလည်နှင့် ပြည့်ကျပ်နေသည်။

"တကယ်တော်တဲ့ လူပဲ"

အဘွားကြီးတစ်ယောက်က ချီးကျူးသည်။

"ဒါ အသေးအဖွဲပါပဲဗျာ"ဟု ဟယ်ရီက ပြောလိုက်လေသည်။

○ ○ ○

## အခန်း(၁၅)

ဟယ်ရီသည် ဂါဗေလမ်းရှိ စိန့်အမ်ဘရို့(စ်)ဘုရားကျောင်းနှင့် မျက်နှာချင်းဆိုင် မှောင်ကုပ်ကုပ် အရက်ဆိုင်ကလေးတစ်ခုအတွင်း၌ ဘီယာတစ်ခွက်ကို နည်းနည်းချင်း သောက်ရင်း နံရံပေါ်မှ ရုပ်မြင်သံကြားကို ကြည့်နေသည်။ မထူးခြားလာသော မြို့တော်ဝန် ပြန်ပေးဆွဲမှု သတင်းများကိုသာ ကြေညာနေသည်။ ဘယ်နေရာ သွားသွား လူတိုင်း ဤအကြောင်းသာ ပြောဆိုနေကြသည်။ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာ မျက်နှာဖုံးများတွင် ဤသတင်းသာ အရေးတယူ ဖော်ပြထုတ်လွှင့်နေကြသည်။

ဟယ်ရီသည် လူထုဆက်သွယ်ရေး လုပ်ငန်းများကို လုံးဝ အထင်မကြီးပေ။

သူတို့သည် လူထုအားကစား အမိုက်သရိုက်များ ခွံ့ကျွေးပြီး အမြတ်ခွန်များကို ရယူနေကြသူများ ဖြစ်သည်။ ဒို့သော် သူတို့ကို အပြစ်မဆိုသာ။ သူတို့သည် လူထုအကြိုက်ကိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



၍ လုပ်နေကြခြင်းဖြစ်သည်။ စိတ်ညစ်စရာကိစ္စကို ရယ်ရွှင်စရာကိစ္စထက် လူပိုစိတ်ဝင်စားသည်။ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်က ကြည်နူးဆွတ်ပျံ့ဖွယ်ရာအဖြစ်ထက် လူကြိုက်ပိုများသည်။ စစ်သတင်းသည် ငြိမ်းချမ်းရေးသတင်းထက်ပို၍ စိတ်တက်ကြွဖွယ် ကောင်းသည်။ သေဆုံးခြင်းသည် အသက်ရှင်ခြင်းထက် ပိုမိုအံ့ဩ ရင်ဖိုဖွယ်ကောင်းသည်။ လူထုဆက်သွယ်ရေး လုပ်ငန်းများသည် လူထု လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးလေ့ရှိ၏။

"ဆန်ဖရန်စစ္စကို မြို့တော်ဝန်ကြီးကို နေ့ခင်းကြောင်တောင်မှာ ပြန်ပေးဆွဲသွားပြီးလို့ လေးဆယ့်ရှစ်နာရီကြာသွားပြီဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့မနက် သတင်းထောက်"လင်ဒါဝေါင်း"ဟာ ရဲမှူး ဘရခက်ဖို့(ဒ်)မက်ကေးနဲ့ တွေ့ဆုံရာမှာ ပြန်ပေးသမားများဆီက နောက်ထပ် တိပ်ခွေတစ်ခွေ ရောက်ရှိလာခဲ့ကြောင်း သိရပါတယ်"

ရုပ်ပုံကွက်၌ မက်ကေး၏ ရုပ်ပုံပေါ်လာသည်။ မက်ကေး၏ မျက်နှာမှာ ကြမ်းတမ်းခက်ထန်နေသည်။ သို့သော် ဟယ်ရီ မှတ်မိသလောက် ပြောရလျှင် မက်ကေးသည် တစ်ခါမှ ယခုတစ်ကြိမ်ကဲ့သို့ လူသားစစ်စစ်ဆန်သော သွင်ပြင်ဟန်မျိုး မရှိခဲ့ဖူးချေ။

ကောင်းပါ့။ မက်ကေးတစ်ယောက် ခုမှပဲလူ့အကြောင်း၊ လောကအကြောင်း သိပေတော့တယ်ဟု ဟယ်ရီ မှတ်ချက်ချသည်။



မက်ကေး၏ နောက်ဘက်တွင် ၎င်း၏ ရုံးခန်း၏ အပြင်ဘက်ရှိ ဗဟိုတရားရုံးချုပ် ခန်းမဆောင်၏ စင်္ကြံလမ်းကြီးကို တွေ့ရသည်။ မက်ကေးသည် ဘရက်ဆလာနှင့် အထူးသတင်းထောက်အုပ်စုကြီးကြားမှ အတင်းတိုးဖောက် ထွက်လာလျက်ရှိသည်။ မက်ကေးမျက်နှာနားသို့ မိုက်ခွက်တစ်ခုကပ်လာသည်ကို ဟယ်ရီတွေ့ရ၏။ မက်ကေးက မိုက်ခွက်ကို မိမိအား အန္တရာယ်ပြုမည့် လက်နက်တစ်ခုသဖွယ် ငုံ့ကြည့်သည်။ မက်ကေးသည် နှစ်ရက်တာအတွင်း စာနယ်ဇင်းနှင့် သတင်းကြေညာမှုကိစ္စများကို အတော်စက်ဆုပ်သွားကြပြီဟု ဟယ်ရီ ယူဆသည်။

"ရဲမှူးကြီးမက်ကေး၊ ရဲမှူးကြီးမက်ကေး၊ ရဲအဖွဲ့ကို ပြည်သူ့တော်လှန်ရေး တိုက်ခိုက်ရေးတပ်ဖွဲ့ဆိုတဲ့ အုပ်စုဆီက တိပ်ခွေတစ်ခွေ ထပ်ပို့လိုက်တယ်ဆိုတာ ဟုတ်ပါသလားရှင်"

မိုက်ခွက်ကိုင်ထားသူ ချစ်စဖွယ် တရုတ်လူမျိုး သတင်းထောက်မကလေးက မက်ကေးရှေ့အရောက် တိုးကပ်သွားရင်း ခပ်သွက်သွက်မေးသည်။

မက်ကေးက ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ဒီမနက်ပဲ စာပေးစာယူဌာနမှာ လက်ခံရရှိခဲ့ပါတယ်"

မက်ကေးက လူအုပ်ကြားမှ တိုးထွက်ပြီး စင်္ကြံရှည်ကြီးအတိုင်း ဆက်လျှောက်သွားပြန်သည်။ သတင်းထောက်မ

www.burmeseclassic.com

www.burmeseclassic.com



တလေးနှင့်ကင်မရာမင်းတို့လည်း မက်ကေးနောက်မှ အမီပြေးလိုက်သွားသဖြင့် ရုပ်ပုံများလှုပ်ခါသွားသည်။

"မြို့တော်ဝန်ကြီး ခုချိန်ထိ ဘေးမသီရန်မခ ရှိကြောင်း ရဲတပ်ဖွဲ့က သိထားပါသလား"

"မြို့တော်ဝန်ကြီး ခုထိအန္တရာယ်မဖြစ်သေးပါဘူးလို့ ယုံကြည်ပါတယ်"

"ဘာကြောင့်လဲ"

"သူတို့ပြောလို့ပါပဲ"

"သူတို့ပြောတာ ယုံတယ်ပေါ့"

"မယုံလို့လည်း ဘာမှ မတတ်နိုင်ပါဘူး"

"ဒါဖြင့် မြို့တော်ဝန်ကြီးကို သတ်ပစ်လိုက်ကြရင်ကော"

"ဘာမှ မပြောပါရစေနဲ့"

"မြို့တော် ကောင်စီက ပြန်ပေးရွေးခ သွားပေးမှာလား"

"ပေးမယ် ဒါပေမယ့် မြို့တော်ဝန်ကို ကျွန်တော်တို့ကိုယ်တိုင် ဘေးမသီရန်မခ အကောင်းပကတိ မတွေ့မမြင်ရသေးသရွေ့တော့ ပြန်ပေးသမားတွေကို ငွေပေးဖို့ရော၊ ဒီတိုင်းပြည်က ထွက်ခွာဖို့အစီအစဉ်တွေကိုပါ လုံးဝဆောင်ရွက်မှာ မဟုတ်ပါဘူး"

"ဒါဖြင့် ပြန်ပေးသမားတွေကို ထွက်ပြေးခွင့်ပေးမယ်ပေါ့"

"ဒါသူတို့ရဲ့ တောင်းဆိုချက်တွေထဲက တစ်ခုပါ။



ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ကျွန်တော်တို့ ဒီကိစ္စမှာ ဘာမှ ရွေးချယ်ခွင့် မရှိဘူး။ ပြန်ပေးသမားတွေဟာ ငွေနဲ့အတူ လေယာဉ်ပေါ်ရောက်မှသာ မြို့တော်ဝန်ကို ပြန်လွှတ်ပေးကြမယ်တဲ့"

အခြား သတင်းထောက်တစ်ဦးသည် မက်ကေးနားတိုးဝင်လာပြီး မိုက်ခွက်ကို ထိုးကပ်၍မေးသည်။

"ရဲမှူး မက်ကေးခင်ဗျာ၊ ရဲအဖွဲ့ကြီးဟာ မြို့တော်ဝန်ကို ထားရှိရာနေရာ သိလျက်နဲ့ အသက်အန္တရာယ် စိုးရိမ်လို့ ဘာမှ မလုပ်ဘဲနေတယ်လို့ ကောလာဟလ သတင်းထွက်နေပါတယ်။ အဲဒါဟုတ်ပါသလား"

"မဟုတ်ပါဘူး။ အလကား ထင်ရာလျှောက်ပြောကြတာပါ။ ကျွန်တော်တို့ ဒီနေ့ ပြန်ပေးငွေပေးဖို့ အချိန်နဲ့နေရာကို ပြောမယ့်တိပ်ခွေ၊ သို့မဟုတ် ဆက်သွယ်မှုကို စောင့်နေကြပါတယ်"

"ရဲမှူးကြီးမက်ကေး"

"ဝမ်းနည်းပါတယ်၊ ကျွန်တော့်မှာ အချိန်မရှိတော့လို့ ခွင့်ပြုပါဦး"

မက်ကေးနှင့် ဘရက်ဆလာတို့သည် လူအုပ်ကြားမှ ထွက်ပြီး ခပ်ငယ်ငယ် ရဲအစောင့် ရဲသားတစ်ဦး တံခါးအသင့်ဖွင့်ပေးထားသော ဓာတ်လှေကားထဲသို့ ဝင်ကြသည်။ တံခါးပိတ်သွားသောအခါ ရုပ်သံဌာနမှ သတင်းကြေညာသူ၏ ရုပ်ပုံ ဖြန့်ပေါ်လာသည်။

www.burmeseclassic.com



"ယနေ့ညနေ အခြားပြည်နယ်များမှ သတင်းများကို ဆက်လက် တင်ပြရမယ်ဆိုရင် အရှေ့အလယ်ပိုင်းမှာ တိုက်ပွဲများ ထပ်မံဖြစ်ပွား..."

ဟယ်ရီက သူ့ဘီယာကို အကုန်မော့ချလိုက်သည်။

"ကျုပ်သဘော ပြောရရင် အဲဒီမြို့တော်ဝန်ကို ပြန်မပေးသမားတွေ ပြန်မလွှတ်လည်း ကိစ္စမရှိပါဘူး"

အရက်ရောင်းသူ လူကြီးက ပြောလိုက်သည်။ သူက ကောင်တာပေါ် ခပ်ကုန်းကုန်းရပ်ပြီး ဟယ်ရီ့အား စိုက်ကြည့်သည်။

"သူ့ကို ကျုပ် ထောက်ခံမဲ မပေးခဲ့ဘူး။ ကျုပ်က ဒီမိုကရက်တစ်ပါတီ ထောက်ခံသူပဲဗျ။ ဒီငနဲကြီး မြို့တော်ဝန်ဖြစ်သွားကတည်းက ဟောဒီမြို့ကြီး ပျက်စီးတော့တာပဲ။ ကျုပ်တို့ လင်မယား ဟောဟိုလမ်းထောင့်မှာ အိမ်ပိုင်တစ်လုံးနဲ့ နေတာ။ သုံးနှစ်အတွင်း အိမ်ခွန်နှစ်ဆတိုးလာတယ်။ ကျုပ်တို့အတွက် ဘာမှတိုးတက်မှုလည်းမရှိပါဘူး။ ကျုပ်နေသမျှကာလပတ်လုံး အဲဒီအိမ်ကို ဘာမှပိုကောင်းအောင် မပြုပြင်နိုင်ပါဘူး။ ဘာလို့ အိမ်ခွန်က ပိုတိုးမြင့်လာရတာလဲဗျာ။ ကဲ...အဲဒါ မြို့တော်ဝန်ကြောင့်ပေါ့။ ဒါ သူနဲ့ဆိုင်တယ်။ သူ့အပြစ်မဟုတ်ရင် ဘယ်သူ့အပြစ်ဖြစ်မလဲ။ ဟော ခုတော့ သူ့ကို ဒေါ်လာ နှစ်သန်းပေးပြီး ပြန်ရွေးရဦးမယ်လေ။ တကယ်ဆို အဲဒီငွေတွေ ကို ပြန်ပေးသမားတွေလက်ထဲအပ်ပြီး ဒီငနဲကြီးကို ပင်လယ်ထဲသာ ပစ်ချလိုက်လို့ ပြောလိုက်ရင်



ပိုကောင်းမယ်၊ ဒါမှ ဒေါ်လာနှစ်သန်း ပေးရကျိုးနပ်မယ်။ ဗျို့ ..ဆရာ။ နောက် တစ်ခွက်ချဦးမလား"

အရက်ရောင်းသော လူကြီးသည် ခဏနားပြီး ဟယ်ရီ့ဆီမှ စကားပြောနိုး စောင့်သော်လည်း ဟယ်ရီက တစ်ခွန်းမှ မဟာသဖြင့် ထပ်မေးလိုက်ခြင်းဖြစ်သည်။

"အေးဗျာ ပေးစမ်းပါ"

အရက်ရောင်းသူသည် ဟယ်ရီ့ဖန်ခွက်လွတ်ကို ယူသွားသည်။ အရက်ဆိုင်တံခါး ပွင့်လာသည်။ အပြင်မှ စူးရှသော နေရောင်ခြည်က ဖြတ်ခနဲ ထိုးဝင်လာသည်။ ကိတ်သည် ဆိုင်ထဲဝင်လာရင်း ဟယ်ရီ့ကို ရှာတွေ့သည်နှင့် ဟယ်ရီ့ဘေးရှိ ထိုင်ခုံရှည်တစ်လုံး၌ ဝင်ထိုင်သည်။

အရက်ရောင်းသူသည် ဟယ်ရီ့အား မျက်ခုံးပင့်ပြပြီး လက်ညှိုးနှစ်ချောင်း ထောင်ပြသည်။

"နှစ်ခွက် ထည့်ယူခဲ့ရမလား"

ဟယ်ရီက ခေါင်းညိတ်ပြသည်။ အရက်ရောင်းသူလူကြီးသည် ဒုတိယ ဘီယာခွက်ကိုဖြည့်ပြီး ဟယ်ရီ့ထံမှ ပိုက်ဆံ ကောက်သိမ်းသွားသည်။

ကိတ်သည် ဘားကောင်တာအစွန်း၌ မိမိတို့နှစ်ဦးတည်းသာ ကျန်ရစ်သည်အထိ စောင့်နေ၏။

"ဟဲလို ... ဟယ်ရီ"

ဟယ်ရီက ခေါင်းညိတ်ပြသည်။

"ကျွန်မ နောက်ကျသွားတယ်။ ကျွန်မ[illegible]တာထက်

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှတ်တမ်းတွေ ရှာရတာ ပိုကြာသွားလို့ပါ။ ဆန်ဖရန်စစ္စကိုမြို့မှာ ဗော့(စ်)ဆိုတဲ့ နာမည်ပိုင်ရှင် ဘယ်နှစ်ယောက်ရှိသလဲ သိလား"

ကိတ်သည် သူမ၏ ပိုက်ဆံအိတ်ထဲမှ မနီလာ စာအိတ်ထူကြီး တစ်အိတ်ကိုထုတ်ပြီး ကြေးပြားချိတ်ကလေးများကို ဖြုတ်ကာ စာရွက်ထပ်ကြီးကို ဆွဲထုတ်သည်။

"ဘာတွေထူးလဲ"

"ရှင် စိတ်ဝင်စားမယ် ထင်တာပဲ။ စိန့်အမ်ဘရို့(စ်) ဘုရားကျောင်းက ဘုန်းကြီးနာမည်က "ဖာသာဂျွန်ဗော့(စ်)" ဟုတ်လား။အဲ...သူက တစ်ယူသန်ဝါဒီတစ်ယောက်ပဲ။ အကျဉ်းထောင်ပြုပြင်ရေးစနစ်မှာ ထိပ်ပိုင်းက လှုပ်ရှားတယ်။ သူဟာ ကယ်လီဖိုးနီးယားပြည်နယ်က အကျဉ်းထောင်တွေကို ဓာမန်သုံးသပ်တဲ့ ပြည်နယ်ဘုရင်ခံ ကိုယ်တိုင် ပါတဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုမှာ ဦးဆောင်သူဖြစ်တယ်။ အဲဒီဒေသတစ်ချို့မှာ ပြန်လည်ပျိုးထောင်ရေး ဆွေးနွေးပွဲတွေ သူ ကျင်းပပေးတယ်။ ထောင်မှူးတွေက သူ့ကို သိပ်မကြိုက်ဘူး။ ဒါပေမယ့် သူဟာ အဲဒီဆွေးနွေးပွဲတွေကို ဖြစ်မြောက်အောင် လုပ်နိုင်လောက်တဲ့ ဩဇာအာဏာရှိတဲ့ အဆက်အသွယ်ကောင်းကောင်း ရှိထားပုံရတယ်"

ကိတ်သည် စာရွက်ကြီးထဲမှ တစ်ရွက်ကို ရှာဖွေဆွဲထုတ်သည်။ ဟယ်ရီက သူမ ရှာနေစဉ် ဘီယာကို တစ်ဝက်မော့ချသည်။ ကိတ်က စာရွက်လှမ်းပေးသည်။



"ရှင် အကြိုက်တွေ့မှာ ဒီစာရွက်ပဲ။ဗော့(စ်)ရဲ့ ဆွေးနွေးပွဲတွေကို တက်ရောက်တဲ့ အကျဉ်းသားနာမည် စာရင်းပေါ့။ အဲဒီထဲမှာ ဘော်ဘီမက်(ခ်)ဝဲ(လ်)ပါတယ်လေ"

ဟယ်ရီသည် ဘော်ဘီ၏နာမည်ကို တွေ့အောင် စာရင်းထဲ၌ ရှာကြည့်သည်။

"ဒီကောင် ထောင်ကျဖူးတယ်ပေါ့"

ဟယ်ရီက အံ့အားသင့်စွာဖြင့်မေးသည်။

ကိတ်က ခေါင်းညိတ်ပြသည်။

"အင်း...၁၉၇၂ ကနေ ၁၉၇၄အထိ။ ဂိုယာရီလမ်းက ဓာတ်ဆီဆိုင်ကို လက်နက်ကိုင်ပြီး ဓားပြတိုက်မှုနဲ့ပေါ့။ သူ့ရဲ့ ပထမဆုံး ရာဇဝတ်မှုဖြစ်တဲ့အတွက် ပြစ်ဒဏ် လျှော့ပေါ့ပေးလိုက်တယ်။ အဲဒီနောက်ပိုင်းတော့ သူ ဝါရင့်လာခဲ့ပုံရတယ်။ မြို့တော်ဝန်ကို ပြန်ပေးဆွဲတာဟာ ကြီးမားတဲ့ အကြံအစီ တစ်ခုပဲ။ သူ လောဘတက်လာတယ် ထင်ပါရဲ့"

ဟယ်ရီက ဘီယာကို အကုန်မော့ချလိုက်၏။

"ဟုတ်မှာပါပဲ၊ ဒီဘုန်းကြီး ဗော့(စ်)ဟာ သူတို့ကို အကာအကွယ် လုပ်ပေးနေတယ်၊ ဒါကို မျက်စိရှေ့မှာ ရှိနေလျက်နဲ့ ငါသတိမထားမိဘူး၊ ကောင်းရော"

"ရှင် တစ်ယောက်တည်း မဟုတ်ပါဘူး၊ အားလုံး အတူတူပါပဲ"

"ဒီတော့ ငါ ဖာသာဂျွန်ဗော့(စ်)ကို သွားတွေ့ပြီး နှစ်ယောက်တည်း ဆွေးနွေးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိတ်က စာရွက်များကို စာအိတ်ကြီးထဲ ပြန်ထည့်သည်။

"ကျွန်မ လိုက်ခဲ့ရမလား"

ဟယ်ရီက မတ်တတ်ထသည်။

"မလိုက်နဲ့၊ မင်းနေခဲ့၊ ခုဟာက နှစ်ကိုယ်ကြား ပြောဆိုရမယ့်ကိစ္စ၊ မင်း ဒီမှာသာ ဆက်ထိုင်ပြီး အေးအေးဆေးဆေး သောက်နေခဲ့ချေ"

"ကျွန်မ ဘီယာမကြိုက်ဘူး"

"ကုတ်(ခ်)သောက်ပေါ့"

"ရှင် ဘယ်တော့မှ မပြောင်းလဲပါကလား။ ဘာလဲ ရှင့်ကို ကျွန်မ လိုက်နှောင့်ယှက်ဦးမှာပဲလို့ ထင်နေတုန်းပဲမဟုတ်လား"

"ဘယ်ဟုတ်မလဲ။ ရာထူးခေတ္တချခံထားရတဲ့ ရဲအရာရှိတစ်ဦး ဥပဒေ စည်းကမ်းတစ်ချို့ကို ဖောက်ဖျက်ပြီး လုပ်ကိုင်နေတဲ့ အခါမှာ မင်း ပြဿနာ အများကြီး ရင်ဆိုင်ရလိမ့်မယ်။ အထူးသဖြင့် အဲဒီ အရာရှိဟာ "ညစ်စုတ်တဲ့ ဟယ်ရီ" ဆိုတဲ့လူ ဖြစ်နေရင် ပိုဆိုးမယ်မှတ်"

"ကျွန်မ အဲဒါကို ဂရုစိုက်တယ်ထင်လို့လား"

"ငါကတော့ ဂရုစိုက်တယ်ကွ"

○ ○ ○



ဟယ်ရီသည် ဖာသာဗော့(စ်) ဘုရားရှိခိုးကျောင်းတွင်းရှိ ပလ္လင်ရှေ့တွင် ဒူးထောက်ဆုတောင်းလျက်ရှိသည်ကို တွေ့ရ၏။

"ဟဲလို.... ဖာသာဂျွန်"

ဖာသာဂျွန်ဗော့(စ်)က ဟယ်ရီ့အားတုန်လှုပ်စွာဖြင့် မော့ကြည့်သည်။

"ဘုရားသခင်ထံ ခွင့်လွှတ်ဖို့ ဆုတောင်းနေတာလား"

ဟယ်ရီ့ကို မြင်မြင်ချင်း ဖာသာဂျွန်၏ မျက်လုံးများမှာ ဒေါသ၏ အရိပ်အယောင်များ ယှက်သန်းသွားကြသည်။

"ဩော်...မောင်ရင်ကိုး၊ ဘာကိစ္စလဲ"

"မှတ်မိတယ်မဟုတ်လား ဖာသာ"

"အင်း...သိပ်မှတ်မိတာပေါ့။ ခင်ဗျားဟာ ဟို... သနားစရာ သူငယ်ကို ဖမ်းသွားတဲ့ ရဲအရာရှိပေပဲ။ နောက်ပြီး အကြောင်းမဲ့သက်သက် ရိုက်နှက်လိုက်သေးတယ်လေ"

"အကြောင်းမဲ့ မရိုက်ပါဘူး ဖာသာ။ သူက ဗဟိုတရားရုံးချုပ်မှာ အပြစ်မဲ့ ပြည်သူတွေ သေသွားအောင် ချိန်ကိုက်ဗုံးထောင်ထားခဲ့တာပဲ။ ဖာသာလည်း သူနဲ့ကြံရာပါ မဟုတ်လား။ လွန်ခဲ့တဲ့ နှစ်ရက်က သူ့သူငယ်ချင်းတွေဟာ မြို့တော်ဝန်ကြီးကို ပြန်ပေးဆွဲသွားကြတယ်။ အဲဒီမှာလည်း ဖာသာပါတာပဲ။ ဖာသာဟာ သူတို့ဂိုဏ်းနဲ့ တစ်ကြိုတ်တည်း တစ်ဉာဏ်တည်းပဲ"

ဖာသာဂျွန်သည် ငေါက်ခနဲ မတ်တတ် ထ,လိုက်ပြီး ဟယ်ရီ့အား စားတော့ ဝါးတော့မတတ် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို ငါ့ဘုရားကျောင်း ပိုင်နက်မှာ ဘာကိစ္စလာပြီးဗော်ကားမော်ကား ပြောတာတုံး၊ ဒါမှမဟုတ် မင်းဟာ မင်းရဲ့ ခြောက်လုံးပြူးထက် ဩဇာ အာဏာရှိတဲ့ လူတွေကို မသိတော့ဘူးလား"

"ဖာသာဟာ သေနတ်အကြောင်း တယ်ပြောချင်ပုံရတယ်နော်...၊ အေးလေ...ဖာသာရဲ့ သူငယ်ချင်းတွေ သတ်ပစ်ခဲ့တဲ့ လူတွေလည်း မနည်းလှဘူးကိုး။ ဖာသာနဲ့ ကျွန်တော်တို့ရဲ့ ဉာဏ်ကစားပွဲတွေ တော်လောက်ပါပြီ။ မြို့တော်ဝန်အကြောင်း၊ ဆော်ဘီမက်(ခ်)ဝဲ(လ်)အကြောင်းတွေပဲ ကျွန်တော် သိချင်တယ်။ ဒါပဲ"

ဖာသာဗော့(စ်)က ဟယ်ရီကို တွန်းဖယ်၍ထွက်သည်။

"မင်းမေးခွန်းတွေ၊ စွပ်စွဲချက်တွေ ငါမဖြေနိုင်ဘူး။ မင်းမေးချင်ရင် ဝရမ်းယူလာခဲ့"

ဖာသာဗော့(စ်) မင်းလမ်းမှ လျှောက်စဉ် မယ်သီလရှင်တစ်ပါး ဝင်လာပြီး ဝတ်ပြုထိုင်ခုံတန်းကြားတစ်ခုသို့ ဝင်ထိုင်ကာ ခေါင်းငိုက်စိုက်ချ၍ ဝတ်ပြုလေသည်။

ဟယ်ရီက ဗော့(စ်)၏ နောက်သို့ ပြေးလိုက်လာကာ လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ပြီး သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"နေပါဦး ဖာသာ၊ ကျွန်တော် ဖာသာနဲ့ စကားပြောလို့ မပြီးသေးဘူး"

"ငါ ရှင်းရှင်း ပြောပြီးပြီပဲ။ ငါ မင်းနဲ့ ပြောစရာ ဘာမှမရှိဘူး။ ငါ့ဘုရားကျောင်းထဲ ပိုင်စိုးပိုင်နင်း ဝင်တာပဲ လွန်နေပြီ။ မင်းကို ငါ လက်မခံနိုင်ဘူး။ မင်း အထက်လူကြီးတွေဆီ ဖုန်းဆက်ပြီး မတိုင်တန်းခင် ဒီထဲက ထွက်သွားပါ"

"ကောင်းပြီ ခင်ဗျားက တိုင်ချက်ဖွင့်ချင်ရင် တိုင်လိုက်ပေါ့။ မက်(ခ်)ဝဲ(လ်)နဲ့ သူ့အပေါင်းပါတွေဟာ ကျုပ်ရဲ့ သူငယ်ချင်းကို သတ်သွားကြတယ်၊ ဒီကောင်တွေကို ကျုပ် မိအောင်လိုက်ဖမ်းရမှာပဲ"

"မောင်ရင် ခြိမ်းခြောက်တာ လွန်လွန်းပြီ၊ ကဲ ....ဒီက မြန်မြန် ထွက်သွားစမ်းပါ"

ဟယ်ရီက နံရံတစ်ဖက် ကပ်လျက်ရှိသော အာပတ်ဖြေဝန်ခံစကား ဖွင့်ဟပြောကြားရသည့် ရုံငယ်လေးဆီ မေးထိုးပြသည်။

"အဲဒါ အာပတ်ဖြေဖို့ထားတဲ့ ရုံလေးမဟုတ်လား"

"ဟုတ်တယ်၊ ဘာလုပ်မလို့လဲ၊ မင်း အပြစ်တွေကို ဘုရားသခင်ဆီ ဝန်ခံဖွင့်ပြောပြီး အာပတ်ဖြေမလို့လား"

"ခင်ဗျား အရင် ဝန်ခံပါလားဗျ၊ ကဲ...ဆော်ဘီမက်(ခ်)ဝဲ(လ်) ဘယ်မှာရှိလဲ"

"အံမာ...မင်းမေးတာ ငါဖြေမယ် မှတ်နေလား"

ဟယ်ရီလည်း စိတ်မထိန်းနိုင်တော့ပေ။

"ဖြေရမှာပေါ့၊ ခင်ဗျား မက်(ခ်)ဝဲ(လ်)ကို ဘာအတွက် ကာကွယ်ပေးနေတာလဲ၊ မက်(ခ်)ဝဲ(လ်)ဟာ လူသတ်ကောင် တစ်ယောက်ပဲ။ ခင်ဗျားဟာ ဘုရားသခင်ရဲ့ သားတပည့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ သမ္မာကျမ်းစာထဲမှာ လူသားအချင်းချင်း မသတ်ရလို့ ဆိုထားတယ် မဟုတ်လား။ ခင်ဗျားဒါကိုမေ့ထားလား။ မက်(ခ်)ဝဲ(လ်)တို့ အုပ်စု သတ်ခဲ့တဲ့လူ ဘယ်နှစ်ယောက်ရှိပြီလဲ သိလား။ နောက်ထပ်လည်း သတ်ကြဦးမှာပဲ။ ဘာအတွက် သတ်ကြမှာလဲ။ ဒီနိုင်ငံကနေ ထွက်ပြေးပြီး ဒေါ်လာနှစ်သန်း ဝေစုခွဲပြီး တခြားမှာ သူဌေးလို ဓိမ်ခံနေကြဖို့ပေါ့။ ကဲ...ဘယ်လိုလဲ ဖာသာ"

"တစ်ခါတစ်လေတော့လည်း စွန့်စားမှု ၊ အနစ်နာခံမှု ဆိုတာ ရှိရစမြဲပါပဲ။

"အနစ်နာခံမှု ဟုတ်လား"

ဟယ်ရီက ဒေါသအကြီးအကျယ် ထွက်သွား၏။

"ဟုတ်တယ်။ ငြိမ်းချမ်းမှုအတွက် စွန့်လွှတ်ခြင်း"

"ဩော်...စတေရှင်ဝက်ဂွန်းကားထဲမှာ မီးလောင်ပြီး သေသွားရတဲ့ ချာတိတ်လေးတွေဟာ ငြိမ်းချမ်းရေးအတွက် စတေးခံသွားကြတာလား။ အောင်နိုင်မှုရဖို့ ဒီလိုဟာမျိုးတွေ လုပ်ရမယ်ဆိုရင် ခင်ဗျားဟာ ခင်ဗျားကူညီနေတဲ့ ကောင်တွေထက်တောင် ပိုဆိုးရွားယုတ်ညံ့သေးတယ်ဗျာ"

ဖာသာဂျွန်၏ မျက်နှာမှာလည်း တင်းမာလာ၏။

"မင်းကို ရှင်းပြလို့လည်း နားလည်မှာ မဟုတ်ဘူး၊ သူတို့တွေဟာ တိုက်ပွဲဝင်နေကြတယ်"

"ကျုပ်လည်း တိုက်ပွဲဝင်နေတာ၊ အဲဒီစစ်ပွဲမှာ ခင်ဗျားဟာ ပထမဆုံးကျ ဆုံးရတဲ့ ရန်သူတစ်ဦး ဖြစ်လိမ့်မယ်"



"မင်းကို ငါ မကြောက်ဘူး"

"မကြောက်ဘူးလား"

ဟယ်ရီက ဖာသာဗော့(စ်)အား အာပတ်ဖြေ ရုံငယ်လေးထဲသို့ နောက်ပြန်ဝင်သွားအောင် တွန်းထုတ်လိုက်သည်။

ဟယ်ရီသည် မဂ္ဂနမ်သေနတ်ကြီးကို ဆွဲထုတ်ပြီး ဖာသာဗော့(စ်)၏ မျက်နှာကို ချိန်ထားသည်။

"ကောင်းပြီ ဖာသာ။ ခင်ဗျား ခုပြောရင်ပြော မပြောရင်တော့..."

"မင်း ဘယ်အတွင့်ရဲပါကလား၊ ဘုရားသခင်ရဲ့ ကျောင်းတော်ထဲမှာ သေနတ်ကြီး တကားကားနဲ့ပါလား၊ မင်းမှာ ဘုရားကျောင်းရဲ့ ဆိတ်ငြိမ်မှုကို ယုံကြည်အလေးထားမှု လုံးဝ မရှိဘူးလား"

ဘုရားကျောင်း နောက်ဘက်ခြမ်းသို့ လှမ်းကြည့်ရာ ဝတ်ပြုခုံတန်းများကြားမှ မယ်သီလရှင် မတ်တတ်ထလိုက်သည်ကို ဟယ်ရီတွေ့ရသည်။ သူမသည် မိမိတို့အား ကြည့်နေခြင်းဖြစ်သည်။ သူမသည် မိမိတို့ရှိရာ မင်းလမ်းမှ တည့်တည့် လျှောက်လာနေသည်။

"ဘုရားသခင်ဟာ ငါ လုပ်တဲ့ကိစ္စတွေကို နားလည်ပြီးသားလို့ ယုံကြည်တယ်"

ဟယ်ရီက ဖာသာဗော့(စ်)အား ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ ခင်ဗျားနဲ့ တရားအကြောင်း ဆွေးနွေးငြင်းခုံဖို့ အချိန်မရှိသေးဘူး၊ ကဲ ဆော်ဘီမက်(န်)ခဲ(လ်) ဘယ်မှာလဲ ပြောစမ်း၊ မပြောရင် ကျုပ် ဟောဒီသေနတ်ကို သုံးရလိမ့် မယ်ဆိုတာ ဘုရားမှာ ကျိန်ပြောရဲတယ် သိလား"

"သုံးဝံ့ သုံးစမ်း"

"ခင်ဗျားသိချင်ရင် လွယ်လွယ်နဲ့တော့မရဘူး"

"... ... ..."

မယ်သီလရှင်သည် သူမ၏ သီလရှင်ဝတ်ရုံကြီးအောက်မှ တစ်စုံတစ်ရာကို နှိုက်ယူနေသည်။ ထိုလှုပ်ရှားမှုကို ဟယ်ရီ ရိပ်ခနဲ မြင်လိုက်သည်။ ဟယ်ရီက လှည့်ကြည့်သည်။ သေနတ်သံ တစ်ချက်ထွက်ပေါ်လာသည်။

ဘုရားကျောင်းဝင်းအတွင်း၌ ဗုံးပေါက်ကွဲသလို မြည်ဟည်းသွား၏။

သီလရှင်၏ နောက်ဘက် ဘုရားကျောင်း ဝင်ပေါက်ဝကြီးတွင် ကိတ်သည် ခြေနှစ်ချောင်းကို ကားရပ်လျက် ယမ်းငွေ့တစ်လူလူထွက်နေသော ခြောက်လုံးပြူးကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဘုရား ... ဘုရား"

ဖာသာဗော့(စ်)သည် ကြောက်အားလန့်အားနှင့် အော်လိုက်သည်။ သူသည် ဟယ်ရီ့အား အာပတ်ဖြေ ရုံငယ်လေးထဲမှ တွန်းထုတ်၍ လဲကျသွားသော သီလရှင်ဆီသို့ ပြေးသွားသည်။

ဟယ်ရီက နောက်ကလိုက်သွားသည်။



"မင်း ဘယ်လိုလုပ်လိုက်တာလဲ။ မင်း သူ့ကို သတ်လိုက်ပြီကော"

ဖာသာဗော့(စ်)က ဘုရားကျောင်းထဲ ဝင်လာသော ကိတ်အား ပြောလိုက်သည်။

ကိတ်က ခြောက်လုံးပြူးကို ဖြည်းညှင်းစွာ ချလိုက်သည်။ သူမ၏ လက်များ တုန်ယင်နေသည်။ သူမ၏ မျက်နှာမှာ ဖြူရော်ပြီး သွေးမရှိသလို ဖြစ်နေသည်။

"လက်သည်းနီဆေးဆိုးထားတဲ့ မယ်သီလရှင်မျိုး တွေ့ဖူးကြသလား"

ကိတ်က တုန်ခါနေသော အသံဖြင့် မေးလိုက်သည်။

ဟယ်ရီက ရှေ့သို့ ကုန်းပြီးလဲကျနေသော မယ်သီလရှင်ကြီး၏ ခန္ဓာကိုယ်ကြီးကိုရော ဝတ်ရုံကြီးကိုပါ ပက်လက်ဆွဲလှန်လိုက်သည်။ သူမသည် အရပ်မြင့်သော ဆံပင်အနက်ရောင်နှင့် မိန်းမတစ်ဦးဖြစ်သည်။ သူမ၏ လက်သည်းများမှာ ရှည်ပြီး ဆေးနီဆိုးထားသည်။

ဝတ်ရုံအောက်တွင် ခေါင်းစွပ်ရှပ်အင်္ကျီနှင့် အပြာရောင် ဂျင်း(န်)ဘောင်းဘီတို့ကို ဝတ်ထားသည်။ သူမ၏ ဝတ်စုံအောက်တွင် တစ်စုံတစ်ခုကို ဝှက်ထား၏။ ဟယ်ရီက ကောက်ယူလိုက်သည်။ နှစ်လုံးပြူးသေနတ် တစ်လက်ပါကလား။

"သူက ရှင့်ကို ပစ်သတ်တော့မလို့ ဟယ်ရီ၊ ကျွန်မ တစ်ခါမှ လူတစ်ယောက်ကို ပစ်မသတ်ဖူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူက ငါတို့နှစ်ယောက်စလုံးကို ပစ်သတ်မလို့ကွ။ ခင်ဗျားပါ ပါတယ် ဖာသာ၊ သူဒီကို ဘာလာလုပ်နေတယ် မှတ်သလဲ၊ခင်ဗျားက သူတို့ဂိုဏ်းအကြောင်း အတော်များများ သိထားပြီလေ၊ ခင်ဗျားကို သူတို့ စိတ်မချကြတော့ဘူး၊ မယုံကြတော့ဘူး"

ဖာသာဗော့(စ်)သည် ဟယ်ရီအား အသက်မဲ့သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူသည် မယ်သီလရှင် အယောင်ဆောင်ခဲ့သူ မိန်းမပျို၏ အလောင်းဘေးသို့ ဒူး ထောက်ချလိုက်သည်။

"ဖြစ်ရလေ ဝင်ဒါရယ်"

ဗော့(စ်)သည် တိုးတိုးလေး ရေရွတ်ရင်း အသက်မဲ့ နေသော လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

သူ့မျက်လုံးများ မျက်ရည်ဝဲနေသည်။

"သူတို့ကို လူမသတ်ဖို့ ညွှန်ကြားထားပြီးသားပါ၊ သူတို့ကလည်း ဒီကိစ္စမှာ ဘယ်သူ့မှ မထိခိုက်စေရဘူးလို့ ကျုပ်ကို ကတိပေးခဲ့ကြတယ်"

ဗော့(စ်)က ခပ်တိုးတိုးပြောသည်။

"သူတို့ ဘာတွေလုပ်နေတယ်၊ ဘာတွေဖြစ်နေတယ် ဆိုတာ တစ်ချိန်လုံး ခင်ဗျားသိနေခဲ့တာပဲ"

ဟယ်ရီကပြောသည်။

"ဟုတ်တယ်၊ ကျုပ်သိပါတယ်"



ဗော့(စ်)သည် မျက်လုံးမှိတ်ပြီး သူ့ရင်ဘတ်ပေါ် လက်ညှိုးဖြင့် ခရော့(စ်)လုပ်သည်။

"ကောင်းကင်ဘုံမှ ထာဝရဘုရားသခင် ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ"

ဟယ်ရီက ဖာသာဗော့(စ်)အား လည်ကုပ်မှဆွဲကိုင်ပြီး မတ်တတ်ရပ်စေသည်။

"ဒီတစ်ခါ ခင်ဗျားမျက်လုံး မှိတ်ထားလို့ မရတော့ဘူး ဖာသာ။

ကဲ...သူတို့တွေ မြို့တော်ဝန်ကို ဘယ်မှာ ဖမ်းထား ကြသလဲ"

ဖာသာဗော့(စ်)သည် ရုတ်တရက် စကားမပြောနိုင်ပေ။ ခဏကြာမှ ခြောက်ကပ်သော၊ အသက်ကင်းမဲ့လှသော အသံကြီးဖြင့် ဖြေလိုက်သည်။

"သူတို့တွေ အယ်(လ်)ကာထရာ့(ဇ်)မှာ ရှိနေတယ်"

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

အေဒီ ၁၇၇၅ ခုနှစ်တွင် စပိန်လူမျိုး ခရီးသည်များသည် ဆန်ဖရန်စစ္စကို ပင်လယ်အော်သို့ ပထမဆုံးအကြိမ်ဝင်ရောက်လာကြသောအခါ ပင်လီကင်ငှက်များ ပြည့်လျှံနေသည့် ကျွန်းငယ်ကလေးတစ်ကျွန်းကို တွေ့ရှိခဲ့ကြလေသည်။ ထိုကျွန်းကို "အယ်(လ်)ကာထရာ့(ဇ်)ကျွန်း" (စပိန်ဘာသာဖြင့် ပယ်လီကင်ကျွန်း)ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ ၁၈၄၈ ခုနှစ်တွင် ထိုကျွန်းကို အမေရိကန်အစိုးရသို့ ဒေါ်လာ ၅၀၀၀ ဖြင့် ရောင်းချလိုက်ကြပြီး မကြာမီ၌ စစ်တပ် ခံတပ်တစ်ခုကို စစ်ဘက်မှ အင်ဂျင်နီယာများက တည်ဆောက်လိုက်ကြသည်။ ထိုကျွန်းကို စစ်ဘက်မှ ပိုင်ဆိုင်ခဲ့ပြီး ၁၉၃၄ခုနှစ်တွင် စစ်ဘက်ဆိုင်ရာဝန်ကြီးဌာနက ကာကွယ်ရေးအတွက် အသုံးမလိုတော့ဟု ဆုံးဖြတ်ကာ တရားရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

ပင်လယ်အော်၏ အလယ်တစ်နေရာတွင် ဟုစ်ခုတည်း



ထီးထီးတည်ရှိနေခြင်းကြောင့် ၎င်းကျွန်းကို လုံခြုံရေးအဆင့်အတင်းကျပ်ဆုံးသော အကျဉ်းထောင်ကြီးအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြသည်မှာ အနှစ်သုံးဆယ်ကြာသည်အထိ ဖြစ်လေသည်။ ထိုထောင်ကို "ကျောက်ဆောင်ကြီး"ဟု ခေါ်ကြပြီး အဆိုးဆုံး၊ အမိုက်ဆုံး၊ အကြမ်းဆုံး ရာဇဝတ်ထောင် အကျဉ်းသားများကို ပို့ထားလေ့ရှိ၏။

အယ်(လ်)ကာထရာ့(ဇ်) အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းများတွင် ရှာမတွေ့နိုင်သေးပေ။ ထောင်ဖောက် ထွက်ပြေးရန် ကြံစည်မှုများကားရှိခဲ့ပါ၏။

အယ်(လ်)ကာထရာ့(ဇ်)မှ အကျဉ်းသား တစ်ဦးသည် Golden Gate တံတားကြီး၏ အောက်ခြေရှိ "ဖို့(တ်)ပွိုင့်" သို့ပင် ရောက်အောင် ထွက်ပြေးနိုင်ခဲ့သည်။ သူသည် ကိုယ်လုံးတီးနှင့် ဖြစ်ပြီး ရေကူးပြေးရာမှ ခြေကုန်လက်ပန်းကျနေခြင်းကြောင့် ဆက်မပြေးနိုင်မီ ပြန်လည် အဖမ်းခံခဲ့ရလေသည်။

ယနေ့တိုင် အယ်(လ်)ကာထရာ့(ဇ်)မှ ထွက်ပြေးသွားသူ အကျဉ်းသားငါးဦးကို ပြန်မဖမ်းမိသော်လည်း ကျွန်းပတ်လည်ရှိ အလွန်ကြောက်မက်ဖွယ်ကောင်းသော ရေစီးကြောင်းကြီးများကြားဝယ် ရေကူးရင်း ရေနစ်သေဆုံးသွားခဲ့ကြသည်ဟု ယူဆထားကြပေသည်။

၁၉၆၃ ခုနှစ်တွင် အယ်(လ်)ကာထရာ့(ဇ်) အကျဉ်းထောင်အဖြစ် ထားရှိရာမှ ရုပ်သိမ်းလိုက်သည်။ ၁၉၆၉ ခုနှစ်အထိ

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ လာရောက်နေထိုင်ခြင်း မရှိခဲ့သော်လည်း ထိုနှစ်တွင် တစ်ယူသန်ဝါဒီ အမေရိကန် လူရိုင်းအုပ်စုတစ်စုက ၎င်းကျွန်းမှာ အသိအမှတ်ပြုခြင်း မခံခဲ့ရသော မိမိတို့ လက်ဆောင်ရရှိခဲ့သည့် မြေကွက်တစ်ခု ဖြစ်သည်ဟုဆိုကာ တက်ရောက်သိမ်းပိုက်လိုက်ကြလေသည်။ ထိုအကျဉ်းထောင်ဟောင်းကြီးကို "လူနီရိုင်းယဉ်ကျေးမှုရိပ်သာ"အဖြစ် တည်ထောင်ရန် ရည်မှန်းချက်ရှိသော်လည်း ၁၉၇၁ ခုနှစ်တွင် အမေရိကန် ပြည်နယ်ရဲမှူးများက ၎င်းတစ်ယူသန် လူရိုင်းအုပ်စုအား ကျွန်းပေါ်မှ ဖယ်ရှားနိုင်ခဲ့ကြသည်။ ထိုနောက်ပိုင်းတွင် အယ်(လ်)ကာထရာ့(ဇ်) "အကျဉ်းထောင်တွင် မည်သည့်လူသားမျှ လာရောက်နေထိုင်ခြင်း မရှိတော့ဘဲ အမေရိကန်နိုင်ငံ၏ သမိုင်းတွင် အတိတ်ကာလမှ "အကျည်းတန်သော သမိုင်းဝင်ပစ္စည်း"တစ်ခု အဖြစ်သာ ဆက်လက် တည်ရှိနေလေတော့သည်။

○ ○ ○

ဟယ်ရီနှင့် ကိတ်တို့သည် (ဘာဘာရီကို့(စ်)"အမည်ရှိ ရဲတပ်ဖွဲ့ပိုင် မီးသတ်မော်တော်၏အထက် ကုန်းပတ်ပိုင်းမှ နေ၍ တဖြည်းဖြည်း နီးကပ်လာသော အယ်(လ်)ကာထရာ့(ဇ်) ကျွန်းကြီးကို ငေးကြည့်နေကြသည်။

"ကျွန်တော်တို့ကို ကူညီဖို့ ရဲသားတွေ ထပ်ခေါ်ဖို့ လိုဦးမလား ကယ်လဟန်"



မီးသတ်မော်တော်၏ ရေယာဉ်မှူးဖြစ်သူ ဗလတောင့်တောင့်နှင့် လူကြီးက မေးသည်။

"ကျွန်တော့်ကို ကျွန်းပေါ်သာ ရောက်အောင်ပို့ပေးပါ။ အကူအညီခေါ်လို့လည်း ဘာမှလုပ်ပေးဖို့အချိန်ရမှာ မဟုတ်ဘူး"

ဟယ်ရီက ပြန်ပြောသည်။

"အိုကေ ... ခင်ဗျားသဘောပဲ"

ရေယာဉ်မှူးသည် စက်ခန်းထဲ ပြန်ဝင်သွားသည်။

"ဟုတ်သားပဲ၊ ကျွန်မတို့တွေ ဒီကိစ္စကို ရဲအဖွဲ့ကို အကြောင်းကြားပြီး ဆက်လက် ဆောင်ရွက်စေသင့်တယ် ရှင့် ..."

ကိတ်က ရေယာဉ်မှူး ထွက်သွားသောအခါ ဟယ်ရီ့အား ပြောသည်။

"သူတို့ ဘာလုပ်ရမှာလဲ၊ သူတို့ကို ဒီသူတောင်းစားတွေကို ဒေါ်လာနှစ်သန်းပေးပြီး လွှတ်ပေးဖို့တောင် စီစဉ်ထားပြီးပြီပဲ၊ ငါကလည်း အဲဒါကို လုံးလုံးအဖြစ်မခံနိုင်ဘူး"

"ကျွန်မတို့လုပ်တာ လွဲချော်သွားရင်ကော မြို့တော်ဝန်ကြီး အသက်ခံရရင် ဘယ့်နှယ်လုပ်ပါ့၊

သူတို့ မြို့တော်ဝန်ကို မသတ်ရဲဘူး၊ မြို့တော်ဝန်ကြီးဟာ သူတို့ရဲ့ ဖဲချပ်တစ်ချပ်ပဲ၊

ဒါမှ သူတို့လွတ်နိုင်မှာ၊ မြို့တော်ဝန် သေသွားရင် သူတို့ ပြေးလို့မရတော့ဘူး၊ ပိုက်ဆံလည်း ရမှာမဟုတ်ဘူး၊

www.burmeseclassic.com



သူတို့ မသတ်ရဲပါဘူး၊ ဒီကောင်တွေ ဒီလောက်မတုံးဘူး၊ သူတို့ဟာ မြို့တော်ဝန်ကို လက်ထဲက အလွှတ်ခံမှာ မဟုတ်ဘူး"

"ကျွန်မတို့နှစ်ယောက် အသတ်ခံရရင်ကော"

"မင်းမပါဘူး၊ သေစရာရှိရင် ငါတစ်ယောက်တည်း သေမှာပါ၊ မင်း မလိုက်ရဘူး"

"ဒါပေမယ့်"

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့၊ ဒီကိစ္စက ပုဂ္ဂလိကရေးရာကိစ္စ။ နောက်ပြီး မင်းမှာ အတွေ့အကြုံနည်းသေးတယ်၊ လူမသတ်ဖူးသေးပါဘူးဆို"

"ကျွန်မသာ ဟိုဘုရားကျောင်းထဲ ရောက်မလာခဲ့ရင် ခုဆို ရှင်သေနေပြီ"

"မင်း ဝင်ကယ်တာ ငါလေးစားပါတယ်၊ ကျေးဇူးတင်ပါတယ်။ ဒါကို ငါမကဲ့ရဲ့ပါဘူး၊ မင်းလုပ်တာ တာဝန်ကျေတယ်၊ ဒါပေမယ့် ခု ဒီကောင်တွေက ဝါရင့်လူဆိုးတွေ၊ လူသတ်သမားတွေ၊ ဗီယက်နမ်မှာ စစ်အတူတူ တိုက်ခဲ့ကြတဲ့ကောင်တွေ၊ ပြောက်ကျားစစ်ဆင်ရေးကို ကောင်းကောင်း နားလည်ကြတယ်၊ မင်းကိုငါ ဘာမှ မဖြစ်စေရအောင် လိုက်ကြည့်ပေးနေရရင် ငါ့အလုပ် ဖင့်နေမယ်၊ အဲဒီအတွက် နှစ်ယောက်စလုံး သေသွားနိုင်တယ်၊ မင်းအဲဒါ အဖြစ်ခံမလား၊ ငါ့အဖို့ မြို့တော်ဝန်အတွက်ပဲ အတော်ဂရုစိုက်လုပ်ရဦးမယ်၊ သူတို့က မြို့တော်ဝန်ကို ဒိုင်းတစ်ခုလို အကာအကွယ်ယူ အသုံးချရင်



ခုက္ခ၊ ငါ ဒါကိုလည်း အဖြစ်မခံနိုင်ဘူး၊ ညနေ လေးနာရီကျ ဟိုရဟတ်ယာဉ်ရောက်လာရင် ကမ္ဘာမီးလောင်ပြီမှတ်"

"ကျွန်မ လိုက်လာတော့ ပိုမကောင်းဘူးလား၊ သေနတ်နှစ်လက်ဟာ တစ်လက်ထက် ပိုမထိရောက်ဘူးလား"

ဟယ်ရီက ခေါင်းခါသည်။

"ဟင့်အင်း၊ မင်းမလိုက်ရဘူး၊ ဒါပဲ"

ကိတ်သည် သူမမျက်နှာပေါ်မှ ဆံနွယ်စများကို လက်ဖြင့် သပ်လိုက်သည်။

"ကောင်းပြီ ဒါဖြင့် ကျွန်မ မေးဦးမယ်၊ ရှင့်ကို ရာထူးခေတ္တချထားတယ်။ ခု...ရှင်လုပ်တာ မက်ကေး သိသွားရင် ရှင်မလွယ်ဘူး။ ကျွန်မက တာဝန်ပေးအပ်ထားတဲ့အတိုင်း လုပ်နေရတာ"

"အဲဒါကြောင့် မင်းမလိုက်ခဲ့နဲ့လို့ ပြောနေတာပေါ့။ ငါလုပ်တာ မအောင်မြင်ဘဲ ငါမသေခဲ့ရင် မက်ကေးက ငါ့ကို ဆော်မှာပဲ၊ ဒီတော့ မင်း ဒီပြဿနာထဲ ပါမလာစေချင်ဘူး"

ကိတ်က ပြုံးသည်။

"ကောင်းပါပြီတဲ့ရှင်"

○ ○ ○

ကဲ.. ငါတို့ နောက်ဆုံးတိပ်ခွေကိုရပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကြီးက မက်ကေးနှင့် ဘရက်ဆလာတို့အား ပြောလိုက်သည်။ သူတို့နှစ်ယောက် ရဲမင်းကြီး၏ အတွင်းကျသော ရုံးခန်းထဲ၌ မတ်တတ်ရပ်နေကြသည်။ နံရံကပ်နာရီက သုံးနာရီခွဲရှိပြီဖြစ်ကြောင်း ညွှန်ပြနေသည်။

"ဘယ်လို အပေးအယူ လုပ်ကြသလဲ"

"မြို့တော်ဝန်ကို အယ်(လ်)ကာထရာ့(ဇ်)ကျွန်းပေါ်မှာ သူတို့ ဖမ်းထားကြတယ်။ နာရီဝက်အတွင်း ငါတို့ငွေသွားပို့ပေးရမယ်တဲ့"

"ကျွန်တော်ကိုယ်တိုင် သွားမယ်ဆရာ"

မက်ကေးက ပြောသည်။

"အေး.... မင်းပဲ သွားပို့ချေ"

မက်ကေးသည် ပြုံးချင်သော်လည်း မျက်နှာကို တည်တည်ထားလိုက်သည်။ သတင်းစာမျက်နှာဖုံးများမှ မိမိ၏ နာမည်ကို စိတ်ထဲ ကြိုတင်မြင်ယောင်မိသည်။ သတင်းစာမှာ ပါလျှင် မက်ကေးဘဝ၌ ရှေ့ဆက် တက်လမ်းရှိဦးမည်။ နောက်တစ်နေ့ လက်ရှိရဲမင်းကြီး အငြိမ်းစားယူသွားသောအခါ ၎င်းအရိုက်အရာဆက်ခံမည့် လူသစ်တစ်ဦးကို ရွေးချယ်တော့မည်ဆိုပါက မိမိ၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းတွင် ချီးကျူးထိုက်သော တာဝန် ထမ်းဆောင်ချက်များကို တွေ့ရပေလိမ့်မည်။

"အပေါ်ထပ်မှာ ရဟတ်ယာဉ် အသင့်စောင့်ဆိုင်းထားတယ်။ ပိုက်ဆံတွေလည်း ဒီမှာရောက်နေပြီ"



ရဲမင်းကြီးက စားပွဲပေါ်မှ အနက်ရောင်ကြိုးသိုင်းအိတ်နှစ်လုံးကို မေးငေါ့ပြသည်။

"မင်းတို့ ကျွန်းပေါ်ကဖြတ်ပြီး ပျံသန်းရမယ်။ ရဟတ်ယာဉ်က မင်းကို အကျဉ်းထောင်ရဲ့ ကာယလေ့ကျင့်ခန်းလုပ်တဲ့ ကွက်လပ်တည့်တည့်မှာ ချပေးလိမ့်မယ်၊ အဲဒါ ကျွန်းရဲ့ မြောက်ဘက်အစွန်းမှာ၊ ပြီးရင် ရဟတ်ယာဉ် အပေါ်ပြန်တက်သွားမယ်။ မင်း ပြန်ပေးသမားတွေနဲ့တွေ့ပြီး မင်းကို သူတို့က မြို့တော်ဝန်ဆီ ခေါ်သွားပြလိမ့်မယ်၊ မြို့တော်ဝန်ကြီးဘေးမသီ ရန်မခရှိကြောင်းတွေ့ရရင် မင်းက ရဟတ်ယာဉ်ကို အချက်ပြလိုက်၊ မင်းတို့အားလုံးရဟတ်ယာဉ်စီးပြီး "အုတ်ကလင်းမြို့" လေဆိပ်မှာဆင်းရမယ်၊ အုတ်ကလင်းလေဆိပ်ကို တို့ရွေးချယ်ထားတာက လူရှင်းလို့ပဲ၊ အဲဒီမှာ ၇၀၇-ဘိုးရင်းဂျက်ကြီး တစ်စင်း အသင့်စောင့်နေမယ်၊ ပြန်ပေးသမားတွေ သွားလိုရာကို လိုက်ပို့ပေးမယ်"

ရဲမင်းကြီး မျက်လုံးများရီဝေသွားကြသည်။

"ဘာဖြစ်လို့လဲ ဆရာ"

မက်ကေးက မေးသည်။

"ငါတို့လုပ်တာတွေ အားလုံးမှန်ကန်သင့်မြတ်ပါစေလို့ ဆုတောင်းရတာပဲကွာ"

"ရင်ဆိုင်နေရတဲ့ အခြေအနေအရတော့ ကျွန်တော်တို့မှာ တခြားရွေးစရာ လမ်းမရှိဘူးဆရာ"

ရဲမင်းကြီးသည် ပြတင်းပေါက် အပြင်ဘက်သို့ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ သူရပ်နေရာမှ အပြင်ဘက်ရှိ ပိရမစ်ပုံ သဏ္ဍာန် "ထရန့်(စ်)အမေရိက" ရုံးအဆောက်အအုံကြီးကို ကောင်းကောင်း မြင်ရသည်။ ထိုအဆောက်အအုံကြီး၏ အဝေးတစ်ဖက်တွင် မျဉ်းဖြောင့်တစ်ခုလို ဖြစ်နေသော အယ်(လ်)ကာထရာ့(ဇ်)ကျွန်းကို မြင်နိုင်ပေသည်။

○ ○ ○

မြို့တော်ဝန်ကြီးသည် မိမိ၏အကျဉ်းခန်း ပြတင်းပေါက်မှနေ၍ အပြင်ဘက်ရှိ ကောင်းကင်ပြာပြာမှအပ တခြားမည်သည့်အရာကိုမျှ မတွေ့မြင်နိုင်ရှာပေ။ ညဘက်တွင်မူ ကျောက်တုံး ကျောက်ဆောင်ကြီးများကို တိုးဝင်ရိုက်ပုတ်နေသော လှိုင်းသံများကိုသာ ကြားရ၏။ ထိုလှိုင်းသံများကြောင့် မိမိသည် အယ်(လ်)ကာထရာ့(ဇ်) အကျဉ်းထောင်ဟောင်းကြီး အတွင်း ရောက်ရှိနေကြောင်း သိရပေသည်။

လွန်ခဲ့သော သုံးရက်က မော်တော်ဘုတ်တစ်စင်းပေါ်သို့ မိမိအား အတင်းအဓမ္မ တင်ဆောင်လာကြပြီးနောက် တစ်ကိုယ်လုံး ကြိုးစုပ်၊ ပါးစပ်အဝတ်ဆို့၊ မျက်လုံးအဝတ်စည်း ခံခဲ့ရသည်။ ထိုကိစ္စများကို လုပ်ဆောင်သူကား တက်(ဖ်)အမည်ရှိ တောင်ပိုင်းပြည်နယ်သား စကားသံဝဲဝဲ ပြောဆိုသူ ပြန်ပေးဂိုဏ်းဝင် တစ်ဦးဖြစ်သည်။ မိမိအား ဤအကျဉ်းခန်းသို့ ရောက်မှသာ မျက်လုံးမှ အဝတ်ကို ဖြုတ်ပေးကြသည်။



သို့သော် မိမိ ဤမျှ မထုံ မအ,သေး။ မော်တော်နှင့်သွားသော ခရီးသည် ဆယ့်ငါးမိနစ်ခန့်သာကြာပြီး ဤအကျဉ်းခန်းကလေးသို့ မိနစ်အနည်းငယ်မျှသာ လျှောက်လာခဲ့ရ၏။ အယ်(လ်)ကာထရာ့(ဇ်)အကျဉ်းထောင်ပင် ဖြစ်ရမည်။ တစ်ခြားနေရာမဟုတ်နိုင်။

လူသူကင်းမဲ့သော၊ အထီးကျန်ဆန်လှသော၊ ဝင်ရန်ခက်၊ ထွက်ရန်ခက်သော ခံတပ်ကြီးတစ်ခု။

ပြန်ပေးသမားများအဖို့ ပြန်ပေးရွေးငွေ မရမချင်း ပုန်းအောင်းရန် အသင့်တော်ဆုံးနေရာ။

မိမိအား ပြန်မလွှတ်ဘဲ နေကြမည်မဟုတ်။ ဒါတော့ သေချာ၏။ မိမိ၏ မိသားစုဆွေမျိုးများသည် ပြန်ပေးရွေးခကို ထုတ်ပေးကြလိမ့်မည်။ ပြန်ပေးသမားများသည် မိမိအား သတ်ပစ်စရာအကြောင်းမရှိ။ ၎င်းတို့သည် ၎င်းတို့လွတ်မြောက်ရေးအတွက် မိမိအား လဲလှယ်ရေး ကုန်စည်တစ်ခုအဖြစ် အသုံးပြုကြလိမ့်မည်။ ပိုက်ဆံရပြီးသည့်တိုင် ၎င်းတို့ အသက်ဘေး ချမ်းသာရာရဖို့ မိမိအား အသက်အန္တရာယ်မဖြစ်စေရအောင်တော့ ထားရှိကြရဦးမည်ဖြစ်၏။ ၎င်းတို့ လေယာဉ်ပေါ် ရောက်သွားမှသာ မိမိအား ပြန်လွှတ်ပေးမည်ဟု ပြောပြသည်။ ထိုစကားကို မိမိယုံကြည်သည်။ ဆက်လက်စောင့်ဆိုင်းရုံသာရှိ၏။

ပြန်ပေးသမားတို့၏ အစီအစဉ်ကို ယုံကြည်ထားသည့်တိုင် မြို့တော်ဝန်ကြီး ရင်ထဲ၌ တင်းကျပ်နေသည်။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



"ဘော်ဘီ" ဟုခေါ်ကြသော ခေါင်းဆောင်သည် ကြောက်စရာကောင်းလှ၏။ ၎င်းသည် အရှူးတစ်ယောက်ဖြစ်၏။ ၎င်း၏ မျက်လုံးများသည် အဝေးတစ်နေရာသို့ ရောက်နေတတ်သည်။ စိတ်မနှံ့သူတို့၏ အကြည့်မျိုးဖြစ်၏။ ဘော်ဘီက ၎င်းအား ကြည့်သောအခါ အလွန်ဆာလောင်မွတ်သိပ်နေသော ဝံပုလွေတစ်ကောင်က သတ်ပစ်မည့် သိုးငယ်တစ်ကောင်အား ကြည့်သကဲ့သို့ ရှိသည်။ လိုအပ်လျှင် ဘော်ဘီသည် ၎င်းအား မဆိုင်းမတွ သတ်ရဲသည့် လူစားမျိုး။ လူသတ်ရခြင်းကို အရသာတွေ့မည့် ရာဇဝတ်ကောင်မျိုး။

မြို့တော်ဝန်ကြီးသည် လက်ဝါးနှစ်ဖက်ယှက်ပြီး ဘုရားသခင်ထံ ဆုတောင်းလေသည်။

○ ○ ○

ရဲတပ်ဖွဲ့ မော်တော်သည် အယ်(လ်)ကာထရာ့(ဇ်)ကျွန်း၏ ကိုက်တစ်ရာအကွာမှ ဖြည်းညင်းစွာ ပတ်နေသည်။ တောင်ဘက်အငူမှ ကွေ့လိုက်သောအခါ ဆိပ်ခံဖောတံတားကို မြင်ရသည်။

"ကျွန်တော့်ကို အဲဒီမှာချပေး"

ဟယ်ရီက ရေယာဉ်မှူးကို ပြောသည်။

ရေယာဉ်မှူးက ပဲ့ထိန်းကို အမိန့်ပေးလိုက်သည်။



မော်တော်ကြီး၏ ဦးပိုင်းသည် ဖောတံတားဆီသို့ ဦးတည်သွားသည်။

○ ○ ○

အကျဉ်းထောင် ပင်မ အဆောင်ကြီးအနီးရှိ မီးပြတိုက်ပေါ်မှနေ၍ ကြည့်သောအခါ တက်(ဒ်)သည် ၎င်း၏ရှေ့တွင် ကျွန်းကြီးတစ်ခုလုံးကို ကောင်းစွာမြင်ခွင့်ရပေသည်။ သူသည် ကျွန်းနားမှကပ်၍ ဖြည်းညင်းစွာဖြတ်မောင်းသွားသော မော်တော်ဘုတ်ကို သိပ်အလေးမထားဘဲ ကြည့်နေမိသည်။ သုံးရက်တိုင်တိုင် မျှော်စင်ကင်းစောင့်တာဝန်ကို ယူခဲ့ရသောကြောင့် တက်(ဒ်) အဖို့ ကျွန်းပတ်ဝန်းကျင်တစ်ဝိုက် ခုတ်မောင်းသွားလာကြသော မော်တော်များ၊ လှေများ၊ သင်္ဘောများကို အမြင်ရိုးနေ ပြီဖြစ်၏။ ဘာမှစိုးရိမ်စရာမရှိ။ ည လေးနာရီ ထိုးခါနီးပြီ။

မိနစ်အနည်းငယ်အတွင်း ရဟတ်ယာဉ်ရောက်လာပြီး ပြန်ပေးရွေးခပေးလိမ့်မည်။ မိမိတို့တစ်စု ရှေ့သို့ ခရီးဆက်နိုင်လိမ့်မည်။ ယခုအချိန်အထိ အစစအရာရာ အဆင်ချောနေသည်။ ဘော်ဘီ စီမံထားသည့်အတိုင်း ဖြစ်မြောက်သည်ချည်းပင်။ နောက်ပိုင်းအဆီအစဉ်များလည်း ချောမောမည်ဟု တက်(ဒ်) ယုံကြည်၏။ ရဟတ်ယာဉ်သည် မိမိတို့အား ဆလဆိပ်ရှိ အသင့် စောင့်နေသော ဂျက်လေယာဉ်ကြီးဆီသို့

www.burmeseclassic.com



ပို့ဆောင်ပေးလိမ့်မည်။ ဘော်ဘီက လေယာဉ်မှူးအား လမ်းညွှန်ချက် တိကျစွာပေးမည်။ မွန်တာနာပြည်နယ် အပေါ်မှ ဖြတ်သန်းသောအခါ လမ်းခုလတ်တွင် လေယာဉ်သည် အရှိန်လျှော့ပြီး ပေတစ်ထောင်အမြင့်သို့ ဆင်းမည်။ ၎င်းတို့အားလုံး လေထီးကိုယ်စီနှင့် သစ်တော အုပ်ထဲသို့ ခုန်ဆင်းကြမည်။ မည်သူမျှ တစ်သက်လုံး လိုက်ရှာ၍ တွေ့နိုင်မည် မဟုတ်တော့ပေ။

မွန်တာနာတောင်ပိုင်းတွင် ဘော်ဘီ့သူငယ်ချင်း တစ်ယောက် ရှိသည်။ ကိုယ်ပိုင်လေယာဉ်တစ်စီး ကျွမ်းကျင်စွာ မောင်းတတ်သည်။ ထိုလူ့ကိုရှာပြီး ဒေါ်လာနှစ်သောင်းပေးကာ ကနေဒါသို့ ပို့ပေးခိုင်းရုံသာရှိ၏။ ထိုမှတစ်ဆင့် ဥရောပသို့ သွားပြီး သုံးလ၊ လေးလခန့် လျှိုနေကြမည်။ ထိုနောက်ပိုင်းမှာမှ မိမိတို့အသီးသီး လိုရာခရီးသို့ လမ်းခွဲထွက်ကြရုံသာ။

တက်(ဒ်)သည် စီးကရက်ဘူးကို ရှပ်အင်္ကျီထဲမှ နှိုက်ယူသည်။ စီးကရက် တစ်လိပ်ဆွဲပြီး မီးညှိသည်။ အားရပါးရ ဖွာသည်။ တက်(ဒ်)သည် ပိုက်ဆံများအကြောင်းသာ တွေးနေချင်သည်။ ဒေါ်လာနှစ်သန်းကို ဝေစုငါးစုခွဲလျှင် တစ်ယောက်ကို အနည်းဆုံး ဒေါ်လာလေးသိန်းရမည်။ ထိုမျှသော ငွေရင်းဖြင့် တောင်အမေရိကနိုင်ငံတွင် ခြံဝယ်ပြီး စိုက်ပျိုးရေးအလုပ်ဖြင့် သူဌေးလို နေနိုင်မည်။

တက်(ဒ်)သည် တစ်စုံတစ်ခုကို အာရုံစိုက်မိ၏။



ဘာပါလိမ့်။

မီးသတ်မော်တော်။

မော်တော်သည် ကျွန်းဆီသို့လှည့်လာပြီး ဆိပ်ခံတံတားသို့ ကပ်တော့မည်။

ဘုရား၊ ဘုရား။

○ ○ ○

ဟောင်းနွမ်းဆွေးမြည့်နေသော အင်္ဂတေနှင့် လုပ်ထားသော ဆိပ်ခံတံတားဘေးသို့ မော်တော်ကပ်လိုက်သည်နှင့် ဟယ်ရီသည် ပင်မကုန်းပတ်ကြီးသို့ လှေကားမှဆင်းပြီး သင်္ဘောလက်ရန်းကို ကျော်တက်ကာ ကမ်းပေါ်သို့ ခုန်ချလိုက်သည်။ နောက်လှည့်ကြည့်ရာ စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် မိမိအား လှမ်းကြည့်နေသည့် ကိတ်ကို အထက်ကုန်းပတ်တွင် ရပ်လျက်တွေ့ရ၏။

"သတိထားနော် ဟယ်ရီ"

သူမက အော်ပြောသည်။

ဟယ်ရီက သူမအား ပြုံးပြပြီး ကျွန်းဘက်သို့ မျက်နှာပြန်လှည့်သည်။ ဟယ်ရီ၏ ရှေ့နားတွင်ကား ကြီးမားသော လေးထပ်တိုက်အရွယ် ထောင့်မှန်စတုဂံပုံကျကျ အဆောက်အအုံကြီး ထီးထီးမားမား တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးသတ်မော်တော်တွင် အယ်(လ်)ကာထရာ့(စ်)ကျွန်း မြေပုံကို ဟယ်ရီကြည့်ရှုလာခဲ့ပြီး ဖြစ်သဖြင့် ဤအဆောက်အအုံ သည် ထောင်စောင့်များ၏ တန်းလျားများဖြစ်ကြောင်း ဟယ်ရီ ရိပ်မိသည်။ ထိုအဆောက်အအုံ၏ နောက်ဘက်တွင် ကျွန်းအလယ်ကောင်ရှိ တောင်ကုန်းလေးတစ်ခုရှိသည်။ တန်းလျားများကို ကျော်သွားလျှင် ခပ်စောက်စောက် ကုန်းလျှော တစ်ခု ရှိပြီး သံမဏိဂိတ်တံခါးကြီး တပ်ထားသော မုခ်ဝတစ်ခု ရှိသည်။ ရှေးအခါက ရိက္ခာပို့သောသင်္ဘော ကမ်းကပ်သော အခါ အကျဉ်းသားများ ထွက်မပြေးနိုင်ရန် ၎င်းသံမဏိဂိတ်တံခါးကို ပိတ်ထားလေ့ရှိသည်။ ထိုဂိတ်၏ နောက်ဘက်တွင်မှ ဟောင်းနွမ်းနေသော အပန်းဖြေရိပ်သာရှိသည်။ လမ်းသွယ် တစ်ခုကို တောင်ကုန်းပေါ်သို့ ဖြတ်၍ ဖောက်ထားသည်။

ထိုတောင်ကုန်းထိပ်ပေါ်တွင်ကား ပင်မ အချုပ်ဆောင်နှင့် မီးပြတိုက်တို့ ရှိသည်။ ထိုအဆောင်တွင် မြို့တော်ဝန်အား ချုပ်နှောင်ထားကြခြင်းဖြစ်မည်ဟု ဟယ်ရီယူဆသည်။

ဟယ်ရီသည် မီးသတ်မော်တော်ကို နောက်ဆုံးတစ်ချက် လှည့်ကြည့်ပြီး လမ်းအတိုင်း လျှောက်သွားသည်။

တက်(ဖ်)သည် မီးသတ်မော်တော်ပေါ်မှ သားရေကုတ်အင်္ကျီနှင့် လူထွားကြီးတစ်ယောက် ခုန်ချလိုက်သည်ကို တွေ့ရသည်။ ထိုလူသည် ခဏရပ်နေပြီးမှ တန်းလျားဟောင်းများနှင့် လူသွားလမ်းဆီသို့ စ,တင်လျှောက်လာသည်။

ထိုနောက် လူထွားကြီးသည် သူ့ ကုတ်အင်္ကျီအောက်မှ ပြောင်းရှည်ခြောက်လုံးပြူးတစ်လက်ကို ဆွဲထုတ်လိုက်သည်ကို တက်(ဖ်)တွေ့ရသည်။

ဘုရား၊ ဘုရား။

ပုလိပ်စုတ် တစ်ကောင်ပါလား။

တက်(ဖ်)သည် ခြေထောက်နားရှိ အေအာ(ရ်)၁၅- ရိုင်ဖယ်ကို သူ့ကြမ်းပြင်ပေါ်မှ ကောက်ယူသည်။ လူထွားကြီးသည် အစောင့်တန်းလျားဟောင်းများနောက်၌ ပျောက်ကွယ်သွားသည်။

တက်(ဖ်)သည် စက္ကန့်ပိုင်းမျှ စောင့်ဆိုင်းပြီး စီးကရက်ကို ပစ်ချကာ ခြေဖနောင့်နှင့် ဖိခြေလိုက်သည်။

အော်တိုမက်တစ် ရိုင်ဖယ်၏ စလွယ်သိုင်းကြိုးကို သူ၏ လက်မောင်းတစ်ဖက်တွင်ပတ်၍ စစ်သားတစ်ဦးကဲ့သို့ သေနတ်ချိန်ရွယ်ရာ၌ တည်ငြိမ်မှုရရှိစေရန် ပြုလုပ်သည်။

တက်(ဖ်) ဆက်လက်စောင့်ဆိုင်းနေသည်။

⚙ ⚙ ⚙

ကိတ်သည် မီးသတ်မော်တော်၏ လက်ရန်းနားတွင် ရပ်ကာ ဟယ်ရီ့ကို မျက်စိတစ်ဆုံး ငေးကြည့်နေသည်။

"ကဲ.... ကမ်းကစ္စာဖို့ အသင့်ပြင်ကြ"

ရေယာဉ်မှူးက အမိန့်ပေးသည်။

"ခဏနေဦး၊ ကျွန်မ ဆင်းဦးမလို့"



www.burmeseclassic.com

www.burmeseclassic.com



ကိတ်သည် လှေကားမှ ခပ်သုတ်သုတ်ဆင်းပြီး တံတားပေါ်သို့ ခုန်ချလိုက်သည်။

မီးသတ်မော်တော်၏ အင်ဂျင်များ ကျယ်လောင်စွာ အသံမြည်လာသည်။ မော်တော်ကြီးသည် အင်္ဂတေ တံတားဘေးမှ တဖြည်းဖြည်းခွာထွက်လာသည်။ မကြာမီ ပင်လယ်အော်ဆီသို့ ဦးတည်ထွက်သွားလေသည်။

ကိတ်သည် သူမ၏ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ကျည်ဆန်ဆုံလည်အိမ်ကိုဖွင့်၍ ကျည်ဆန်ခွံအဟောင်းတစ်ခုကို ထုတ်ပစ်ကာ ကျည်ဆန်အသစ်တစ်တောင့် ထိုးထည့်သည်။

သူမက တောင်ကုန်းလေးပေါ်သို့ မျက်မှောင်ကြုတ်၍ မျှော်ကြည့်သည်။

ယခုအချိန်မှ စပြီး သူမနှင့်ဟာယ်ရီတို့ နှစ်ယောက်တည်း စစ်တပ်၊ တစ်တပ်နှင့် တိုက်ပွဲဝင်ကြရတော့မည်။

⚬ ⚬ ⚬

တောင်ကုန်း၏ထိပ်တွင် မီးလောင်ထားသော ထောင်မှူးကြီး၏ အိမ်အကြွင်းအကျန်နှင့် ပြန်လည်ပြုပြင်ထားသော မီးပြတိုက်တို့ကို ဟာယ်ရီ ပထမဦးစွာ မြင်ရသည်။ ၎င်းအဆောက်အအုံ နှစ်ခုစလုံးမှာ ၁၉၇၀ပြည့်နှစ်က လူနီရိုင်းတို့ လက်ချက်ဖြင့် မတော်တဆ မီးလောင်ခံခဲ့ရ၏။ ယခုအခါ မီးပြတိုက်ကို အလိုအလျောက် မီးပြစနစ်ဖြင့် ထားရှိသည်။



ဟာယ်ရီသည် ခဏရပ်ပြီး မီးပြတိုက်မျှော်စင်သို့ လှမ်းကြည့်သည်။ ဘော်ဘီမက်(ခ်)ဝဲ(လ်)သည် ဉာဏ်ကောင်းသူဖြစ်ပါက ထိုနေရာ၌ ကင်းစောင့်တစ်ယောက်ထားရှိမည်မှာ သေချာ၏။ သို့ဆိုလျှင် မိမိရောက်ရှိလာကြောင်း ၎င်းတို့ သိလောက်ပြီ။

စက္ကန့် အနည်းငယ်အကြာတွင် ထိုအချက်ကို အကြွင်းမဲ့ယုံကြည်လောက်စရာ ဖြစ်သွား၏။

အော်တိုမက်တစ်ရိုင်ဖယ်မှ ကျည်ဆန်များသည် ဟာယ်ရီ၏ ရှေ့ ကတ္တရာလမ်းပေါ်သို့ တဒက်ဒက်နှင့် အဆက်မပြတ် ပြေးဝင်လာကြလေသည်။

ဟာယ်ရီက ကျည်ဆန်များလာရာလမ်းမှ လွတ်အောင် တစ်ဖက်သို့ ဒိုင်ဗင်ထိုးချလိုက်သည်။ ထောင်မှူးအိမ်၏ထောင့်သို့ လိမ့်ဝင်ပြီး မှဆိုးထိုင် ထထိုင်သည်။

ဟာယ်ရီသည် အသံမကြားအောင် ထောင်မှူးအိမ်ဘေးမှ ပတ်၍ လျှောက်သွားသည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့သည်နှင့်အမျှ ထောင်မှူးအိမ်နှင့် မီးပြတိုက်အောက်ခြေတစ်ဝိုက်တွင် မှော်ပင်များ၊ ရေညှိများ အပြည့်ပေါက်နေကြသည်။ ဟာယ်ရီသည် ထောင်မှူးအိမ်၏ အခြားထောင့်တစ်ဘက်သို့ အရောက်တွင် မီးပြတိုက်၏ ထိပ်ဆုံးလှေကားတွင် လှုပ်ရှား သွားလာနေသော အေအာ(ရ်) ၁၅ ရိုင်ဖယ်နှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ဟာယ်ရီသည် သူ၏မဂ္ဂနမ်သေနတ်ကြီးနှင့် မီးပလိုက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးဆီ ချိန်ထားသည်။ စောစောက ကင်းစောင့်သည် ဟယ်ရီ့အား ကွက်လပ်ပြင်၌ တွေ့လိုတွေ့ငြား လိုက်ရှာရင်း ဖြန့်ပေါ်ထွက်လာသည်။

ဟယ်ရီက ခလုတ်ဆွဲလိုက်သည်။

"ဒိုင်း"

တက်(ခ်)သည် မီးပြတိုက်ထိပ်တွင် လေထဲ၌ ယိမ်းထိုးလျက် မတ်တတ်ကြီးရပ်နေသည်။ ထိုနောက် ခေါင်းငိုက်စိုက်ကျပြီး လက်ရန်းပေါ်မှကျော်၍ အောက်သို့ ပြုတ်ကျသွားသည်။

ဟယ်ရီ ရပ်နေရာမှ ကိုက်တစ်ဒါဇင်အကွာ ကတ္တရာပြင်ပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျသည်။ ခြေကားရား လက်ကားရားနှင့် အသက်ထွက်သွားလေပြီ။

ဟယ်ရီသည် တက်(ခ်)၏ အလောင်းကို စစ်ဆေးခြင်း မပြုတော့ပေ။ ဤသို့ ပြုတ်ကျခြင်းသည် ပွဲချင်းပြီးမသေနိုင်စရာ အကြောင်းမရှိချေ။ ဟယ်ရီသည် ပင်မအချုပ်ဆောင်ကြီး၏ ဝင်ပေါက်ဆီသို့ ပြေးသွားသည်။

❂ ❂ ❂

အုပ်ချုပ်ရေးရုံးခန်းထဲတွင် ရှိကြသော ဘော်ဘီ၊ လာလိုနှင့် ကား(လ်)တို့သည် အပြင်မှ သေနတ်သံကို ကြားလိုက်ရသည်။

"ဟဲ့ သောက်ခွေး၊ တက်(ခ်)လက်ချက်ပဲကွ။ ကျွန်းပေါ်တစ်ယောက်ယောက် ရောက်လာပြီထင်တယ်ဟေ့"



"ပုလိပ်စုတ်တွေပဲနေမှာ"

လာလိုကပြောသည်။

ဘော်ဘီက တံခါးဆီ လက်မနှင့်ထိုးပြပြီး

"ကား(လ်) မင်းအပြင်သွားကြည့်စမ်း။ လာလို မင်းမြို့တော်ဝန်ကို သွားခေါ်ခဲ့။ ငါက ဟောဒီ ရေဒီယိုစက်နဲ့ ရဟတ်ယာဉ်ကိုဆက်သွယ်ပြီး ဘာဖြစ်တာလဲဆိုတာ မေးကြည့်ရမယ်"

ကား(လ်)သည် အေအာ(ရ်) ၁၅ ရိုင်ဖယ်ကို မ,ယူပြီး ကျည်ကတ်ကို စစ်ဆေးကာ ထွက်သွားသည်။

❂ ❂ ❂

ဟယ်ရီသည် ပင်မအဆောင်ထဲရှိ ဝက်ပါဆန်ဆန် စင်္ကြံလမ်းများနှင့် လမ်းမကြီးများကြားမှာ လျှောက်ရှာသော်လည်း ဘာမှ မတွေ့သေး ပေ။ ရှေ့နားတွင် လှေကားတစ်ခုကို တွေ့ရ၏။ ထိုလှေကား အရောက်တွင် မြေအောက်ခန်းမှ ပြေးလာသော ခြေသံများကို ကြားရသည်။ ဟယ်ရီ ခဏရပ်ပြီး မြေအောက်ခန်းသို့ ဆင်းသွားသည်။

လှေကားခြေရင်း ရောက်သောအခါ မှောင်ရိပ်လွှမ်းသော ရေချိုးခန်းဆီသို့ ရှည်လျားသော စင်္ကြံလမ်းကျယ်ကြီးမှ လျှောက်သွားသည်။ တံခါးဝတွင် တန့်ခနဲရပ်ပြီး အခန်းကို ရှာသည်။ ဤမြေအောက်ခန်းတွင် ပုန်းအောင်းနေသူသည်

www.burmeseclassic.com

www.burmeseclassic.com



မှောင်မည်းသော နေရာပေါင်း တစ်ဒါဇင်ခန့်အနက် ကြိုက်ရာ တစ်နေရာရာ၌ ပုန်းနေနိုင်သည်။ ဟယ်ရီသည် သတိထားလျက် နံရံအားမှ ကပ်လျှောက်သွားသည်။

ခပ်တိုးတိုး အသံတစ်ခုက ဟယ်ရီ့အာရုံကို ဖမ်းစားလိုက်သည်။ ဟယ်ရီက လှည့်ကြည့်လိုက်ရာ မိမိနောက်ဘက် တံခါးပေါက်တွင် ကား(လ်)အား တွေ့ရသည်။ ကား(လ်)၏ အေအာ(ရ်)၁၅ရိုင်ဖယ်မှ ကျည်ဆန်များ ပလူပျံထွက်လာသည်။ ကျည်ဆန်များသည် ဟယ်ရီ၏ ဦးခေါင်းအားမှ ဖြတ်သွားကြသည်။ ဟယ်ရီ့နောက်ဘက်ရှိ နံရံကို ချိုးဖဲ့ဖျက်ဆီးပစ်ကြသည်။

ဟယ်ရီသည် လေးဘက်ထောက်ချလိုက်သည်။ မဂ္ဂနမ် သေနတ်ကို လက်နှစ်ဘက်ဖြင့် အုပ်ကိုင်ပြီး ဝမ်းလျားထိုးသွားသည်။ ဟယ်ရီ၏ လှုပ်ရှားမှုကို မမျှော်လင့်ထားမိသော ကား(လ်)သည် အေအာ(ရ်) ၁၅ကို ပြန်ဆွဲယူကာ ချိန်ပစ်ရန် ကြံသည်။

ဟယ်ရီက တစ်ဖက်သို့လှိမ့်ပြီး ခလုတ်နှစ်ချက်ဆွဲသည်။ ကျည်ဆန်များသည် ကား(လ်)၏ ရင်အုပ်ထဲဝင်သွားရာ တံခါးပေါက်မှ နောက်သို့ ယိုင်ထွက်သွားလေသည်။ သူ၏ အော်တိုမက်တစ် ရိုင်ဖယ်ပြောင်းမှာ မိုးပေါ်ထောင်သွားပြီး ကျည်ဆန်များပါ ပြေးထွက်သွားကြသည်။ ကျည်ကတ်မှ ကျည်ဆန်များ ကုန်သွားမှသာ သေနတ်သံ တိတ်သွား၏။

ဟယ်ရီသည် မတ်တတ်လူးလဲထပြီးနောက် မျက်လုံးပွင့်လျက် ပက်လက်လန်ကျ၍ သေနေသော ကား(လ်)၏ အလောင်းကို သွားကြည့်သည်။ ကား(လ်)၏ နှုတ်ခမ်းက



မပြုံးတုံ့ပြုံးတုံ့ ဖြစ်ပုံရ၏။ မိမိ အပစ်ခံလိုက်ရခြင်းသည် ဟယ်ရီ၏ ကျီစယ်မှု တစ်ခုဟု ယူဆလိုက်သည့် အဓိပ္ပာယ်များလား။

ဟယ်ရီသည် စင်္ကြံလမ်းကျယ်ကြီးအတိုင်း ပြန်လျှောက်သွားသည်။

ဤအဆောက်အအုံတွင်း တစ်နေရာမှ သနတ်သံများ ကြားရပြန်ပြီး သူ လှေကားဆီ ပြေးသွား၏။

○ ○ ○

လာလိုသည် မြို့တော်ဝန်ကြီးရှိသော အချုပ်ခန်းတံခါးကို သော့ဖွင့်လိုက်သည်။ ရိုင်ဖယ်ကို လွယ်ထားရာမှ ဖြုတ်ပြီး မြို့တော်ဝန်၏ ရင်ဘတ်ကို ပြောင်းနှင့်ဆောင့်ထိုးသည်။

"ကဲ ... ထ၊ သွားမယ်"

မြို့တော်ဝန်ကြီး လန့်ပြီး အခန်းထောင့်သို့ ပြေးကပ်သည်။

"ဘယ်သွားမှာလဲ"

"ပျော်ပွဲစား ထွက်မလို့ပေါ့"

လာလိုက ခနဲ့လိုက်သည်။

သူက မြို့တော်ဝန်အား ကုတ်အင်္ကျီမှဆွဲထူပြီး အချုပ်ခန်းပြင်သို့ ခေါ်ထုတ်သွားသည်။ တံခါးပြန်မပိတ်ပဲ မြို့တော်ဝန်အား ရှေ့တွန်းထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားလေ"

သူတို့နှစ်ဦး အုပ်ချုပ်ရေးခန်းများရှိရာသို့ စင်္ကြံလမ်းမှ လျှောက်သွားကြသည်။

ရုတ်တရက် သူတို့နောက်မှ မိန်းမသံတစ်ခု ထွက်လာသည်။

"ရဲအဖွဲ့ကဟော့ လက်မြှောက်ကြစမ်း"

မြို့တော်ဝန်ကြီးနှင့် လာလိုတို့သည် စင်္ကြံလမ်း အဆုံးနားမှ ခြောက်လုံးပြူးချိန်ရပ်နေသော ကိတ်မိုး(ရ်)အား လှည့်ကြည့်ကြသည်။

လာလိုက ကိတ်အား အေးစက်သောမျက်လုံးများဖြင့် မလှုပ်မယှက် စိုက်ကြည့်နေသည်။

"လက်နက်ချလိုက်စမ်း၊ ငါနောက်တစ်ခါ ထပ်မပြောတော့ဘူး"

လာလိုသည် ရိုင်ဖယ်ပြောင်းကို ဖြည်းညင်းစွာ အောက်သို့ နှိမ့်ချလိုက်သည်။

ထိုနောက် ပြောင်းကို ရုတ်ခြည်း ပြန်ထောင်သည်။

ကိတ်က လာလိုအား မချိန်ဘဲ လက်တန်းပစ်လိုက်သည်။ ကျည်ဆန်က လာလို၏ ဗိုက်ကို ထိမှန်ပြီး နောက်လန်သွားသည်။ လာလိုသည် သေနတ်လွတ်ကျပြီး ကြမ်းပေါ် ပုံလျက် ကျသွားသည်။ လာလို လုံးဝမလှုပ်နိုင်တော့။

"ဩော်... စုံထောက်မိုး(ရ်)ပါကလား။ ခင်ဗျား ရောက်



လာလို့ တော်ပါ့ သွားရဲ့၊ သူတို့ ကျုပ်ကို သတ်ပစ်ကြတော့မယ်ထင်နေတာ"

မြို့တော်ဝန်ကြီးသည် ကျေးဇူးတင်ဝမ်းမြောက်မှု၊ စိတ်ကယောင်ချောက်ချားဖြစ်မှုတို့ ရောထွေးနေ၏။

ကိတ်က ၎င်းအား လက်မောင်းမှကိုင်ပြီး စင်္ကြံလမ်းဆီ ခေါ်သွားသည်။

"ကျွန်မနဲ့ လိုက်ခဲ့ပါ မြို့တော်ဝန်မင်းရှင်၊ ကျွန်မတို့ နှစ်ယောက်စလုံး ဒီကလွတ်တော့မှာပါ"

သူတို့နှစ်ယောက် စင်္ကြံလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်သွားသည်။ တံခါးဝ၌ ဘော်တီမက်(ခ်)ဝဲ(လ်)ပေါ်လာသည်။ ကိတ်က သူ့ကို မြင်မြင်ချင်း ခြောက်လုံးပြူးကို မြှောက်လိုက်သည်။ သူမ လက်နှေးသွား၏။

ဘော်တီ၏ အော်တိုမက်တစ် ရိုင်ဖယ်ကျည်ဆန်များက ကိတ်၏ကိုယ်ထဲ ဖြတ်သန်းသွားကြသည်။ ကိတ် ဒူးညွှတ်ကျသွားသည်။ တစ်ကိုယ်လုံး သွေးများရွှဲသွား၏။ သူမသည် မြို့တော်ဝန်အား နားမလည်သောအကြည့်ဖြင့် မော့ကြည့်ပြီး ကြမ်းပေါ် မှောက်လျက် လဲကျသွားသည်။

မြို့တော်ဝန်ကြီး လန့်အော်သည်။ ဘော်တီက မြို့တော်ဝန်ကြီး ဆက်မအော်နိုင်စေရန် အေအာ(ရ်) ၁၅ ရိုင်ဖယ်ဒင်ဖြင့် မျက်ခွက်ကို ဖြတ်ရိုက်သည်။ မြို့တော်ဝန်ကြီး ယိုင်ပြီး အချုပ်ခန်း၏ သံတိုင်များကိုမှီလျက် ပုံလျက်သား ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီး ကလီကမာမလုပ်နဲ့ ခေါင်းပြတ်သွားမယ် မှတ်"

ဘော်ဘီက အကျည်းတန်စွာ၊ ရက်စက်ရိုင်းစိုင်းစွာဖြင့် ပြောလိုက်သည်။ သူက မြို့တော်ဝန်ကြီးအား ဆံပင်မှဆုပ်ကိုင်ပြီး နားထင်နှင့် သေနတ်ပြောင်း တေ့ကပ်လိုက်သည်။

"ကျုပ်ကို မသတ်ပါနဲ့"

မြို့တော်ဝန်ကြီးက တုန်လှုပ်စွာဖြင့် ညည်းတွားသည်။

"လာစမ်း... ထစမ်း၊ ခင်ဗျားမိတ်ဆွေတွေ နောက် ငါးမိနစ်အတွင်း ပိုက်ဆံလာမပေးရင် ခင်ဗျားဦးနှောက်ကို ဟောဒီကျွန်းပေါ် ဖြန့်ကျဲပစ်ရလိမ့်မယ်"

ဘော်ဘီက မြို့တော်ဝန်အား တံခါးဆီ ဆွဲခေါ်သွားသည်။

BURMESE CLASSIC

ဟယ်ရီသည် ပင်မအချုပ်ဆောင်အတွင်း၌ ကိုတက်၏ ခန္ဓာကိုယ်ကို တွေ့သွား၏။ သူက သူမဆီး ဒူးထောက်ပြီး သူမကို ပွေ့ယူသည်။ သူမ၏ မျက်လုံးများသည် ရီဝေနေလေပြီ။ သူမ အသက်ထွက်ခါနီးပြီ။

"ဟယ်ရီ"

သူမက တိုးတိုးလေးခေါ်သည်။

ဟယ်ရီက မလှုပစွာ ပြုံးပြသည်။



"ဟယ်ရီပါပဲ"

သူမက ပြုံးပြရန် ကြိုးစားသော်လည်း ပြုံး၍မရရှာပေ။

"ကျွန်မ မညံ့ပါဘူးနော်"

ဟယ်ရီကအံကြိတ်ထားသည်။

"အေး... မင်းမညံ့ပါဘူး၊ မင်းတာဝန်ကျေပါတယ်"

သို့သော် ကိုတ်သည် ဟယ်ရီ့စကားကို မကြားတော့ပေ။ သူမ အသက်ထွက်သွားလေပြီ။

ဟယ်ရီသည် သူမ၏အလောင်းကို ကြင်နာယုယစွာဖြင့် ကြမ်းပေါ် အသာလေး ချပေးလိုက်သည်။ သူက လာလို၏ အလောင်းကို လှမ်းကြည့်သည်။

ဒါဆို တစ်ကောင်ကျန်သေးသည်။

ဘော်ဘီမက်(ဖ်)ဝဲ(လ်)ဆိုတဲ့ မိစ္ဆာတစ်ကောင် ကျန်သေးသည်။

ဘော်ဘီသည် မြို့တော်ဝန်ကြီးအား "တိုက်"ခန်းရှိရာ စင်္ကြံလမ်းကျဉ်းကလေးတစ်လျှောက် ဆွဲခေါ်သွားပြီး အပြင်ထွက်သည့် တံခါးပေါက်မှ ဖြတ်သန်းထွက်လာသည်။ လေကားထစ် တစ်ဒါဇင်ခန့်ဆင်းသော် မြင့်မားသော ကွန်ကရစ်နံရံကြီးများ ပတ်လည်ကာထားသည့် အကျဉ်းသားများ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ရာ ကွက်လပ်ကြီးသို့ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီသည် ထိုကွက်လပ်တွစ်လျှောက် ရှာဖွေကြည့်ရာ သူလိုချင်သော အရာတစ်ခုကို တွေ့သွားသည်။

ယင်းကား ထောင့်စွန်းရှိ အစောင့်မျှော်စင် ကင်းတဲလေးတစ်ခု။

"ကဲ…လာစမ်း နွားကြီး၊ ခင်ဗျားကို သူတို့မြင်နိုင်မယ့်နေရာကို ပို့ထားမယ်"

ဘော်ဘီသည် မြို့တော်ဝန်အား ကင်းတဲအောက်ခြေနားသို့ ဆွဲခေါ်သွားသည်။ ထိုကင်းတဲတွင် ကာယလေ့ကျင့်ခန်းလုပ်သော အကျဉ်းသားများအား အပေါ်စီးမှ စောင့်ကြည့်နိုင်စေရန် လှေကားဖြင့်တက်ရသည့် မျှော်စင်ရှိသည်။

"ကဲ…အပေါ်တက်စမ်း"

ဘော်ဘီက မြို့တော်ဝန်ကြီးကို တွန်းပို့သွားသည်။ သူတို့နှစ်ဦး လှေကားထစ် အနည်းငယ်မျှ တက်သွားကြသည်။ မြို့တော်ဝန်ကြီးသည် လက်ရန်းပေါ် ကုန်းကာ အော့အန်လေသည်။

"လှေကားပေါ်ဆက်တက်စမ်း၊ မတက်ရင် ကျုပ် ပစ်သတ်မယ်နော် ဒါပဲ"

မြို့တော်ဝန်ကြီး အော့အန်ပြန်သည်။

"ကျုပ် မတတ်နိုင်တော့ဘူး"

မြို့တော်ဝန်ကြီးက စိတ်ချောက်ချားစွာဖြင့် ပြောသည်။

ထိုအခိုက် ရဟတ်ယာဉ်၏ စက်သံနှင့် ပန်ကာ ဒလက်သံတို့ကို ကြားရသည်။



အသံက တဖြည်းဖြည်းနှင့် ကျယ်လာသည်။

"ဟော…လာနေပြီကြားလား၊ သူတို့ ပိုက်ဆံလာပို့ပြီ" ဘော်ဘီက အသံကိုနှိမ့်ချ၍ ပြောသည်။

သူသည်မြို့တော်ဝန်ကြီးအား ပစ်ထားခဲ့ပြီး မျှော်စင်ထိပ်သို့ လှေကားမှ ပြေးတက်သွားသည်။ မျှော်စင်ပေါ်ရောက်သော် ချဉ်းကပ်လာနေသော ရဟတ်ကို လက်ဝှေ့ယမ်းပြသည်။

"ဟော့…မက်(ခ်)ဝဲ(လ်)"

ဘော်ဘီက မိမိနာမည် ခေါ်သံကြားသဖြင့် မျှော်စင်အောက် ငုံ့ကြည့်သည်။ သူ့ကို ကျောက်တုံးလှေကားထစ်များပေါ်တွင် ရပ်နေသော လူထွားထွားကြီးတစ်ဦးကို တွေ့ရ၏။

"မင်း တပည့်တွေ အကုန်သေပြီ။ အခု မင်းအလှည့်ပဲကွ သူတောင်းစားရဲ့"

လူထွားကြီးက အော်ပြောသည်။

ဘော်ဘီက ထိုသူစိမ်း ယောကျ်ားကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ ထိုပုဂ္ဂိုလ်သည် တစ်စုံတစ်ခုကို ကိုင်ထား၏။ ရှည်မျောမျော အစိမ်းရောင် ပြွန်ချောင်းကြီးတစ်ခု။

ဘော်ဘီသည် သူ၏ တစ်သက်တာတွင် ပထမဆုံးအကြိမ် ကြောက်လန့်သွားမိ၏။

ထို သူစိမ်း၏ လက်ထဲမှ အရာဝတ္ထုကား လော့(စ်)ရော့ကက် လောင်ချာပင် မဟုတ်ပါလား။

မိမိအား ချိန်ရွယ်ထားသည် မဟုတ်ပါလား။

"မ…မ…မပစ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက လောင်ချာပြောင်းဝကို အပေါ်အနည်းငယ်မြှင့်ကာ ခလုတ်ဆွဲလိုက်သည်။

ဒုံးပျံသည် ဘော်ဘီရှိရာ မျှော်စင်ထိပ်ပိုင်းကို မီးလောင်ပေါက်ကွဲသွားစေသည်။ ဘော်ဘီ၏ ခန္ဓာကိုယ်အပိုင်းအစများ လေထဲ၌ ဥက္ကာပျံအပိုင်းအစလေးများနှယ် လွင့်စင်ကျလာကြ၏။

ဟယ်ရီက လောင်ချာကို ပစ်ချလိုက်သည်။

မြို့တော်ဝန်ကြီးသည် ဟယ်ရီ့ဆီ ဒယီးဒယိုင်ဖြင့် ပြေးလာပြီး နှုတ်ဆက်သည်။

"ကယ်လဟန်...ကယ်လဟန်၊ မင်းကယ်ပေလို့ပေါ့၊ မင်းကို ဒီအတွက် ဂုဏ်ပြုလက်မှတ်တစ်စောင် ထပ်ပေးဦးမယ်ကွ"

မြို့တော်ဝန်ကြီးသည် ဟယ်ရီ၏ ခါးသီးစက်ဆုပ်သော အကြည့်ကို သတိပြုမိသဖြင့် ခြေလှမ်းတုံ့သွားသည်။ သူဘာမှ ဆက်မပြောဘဲနေမှ။

ရဟတ်ယာဉ်စက်သံက နားကွဲလုမတတ် ဆူညံလှသည်။ ဟယ်ရီသည် သတ္တုပြင်ကြီးတစ်ကောင်ပမာ ဝဲပျံဆင်းလာနေသော ရဟတ်ယာဉ်ကြီးကို မော့ကြည့်သည်။ ရဟတ်ယာဉ်၏ စက်ခန်းမှ လူတစ်ယောက် အော်လန်ကိုင်ပြီး ကိုယ်တစ်ပိုင်းပြူထွက်လာသည်။

"တော်လှန်ရေးသမားအုပ်စုကို ခေါ်နေပါတယ်"

မက်ကေး၏အသံဖြစ်ကြောင်း ဟယ်ရီ ရိပ်မိသည်။



"ရဟတ်ယာဉ်မှ တော်လှန်ရေးသမားအုပ်စုသို့ ဆက်သွယ်လိုပါတယ်။ ကျွန်တော်တို့ ရဟတ်ယာဉ် မြေပေါ်ဆင်းရန်အသင့်ပါပဲ။ ငွေတွေလည်း ပါလာတယ်"

ဟယ်ရီက အဆောက်အအုံအတွင်းသို့ ပြန်ဝင်လာသည်။ ကိတ်၏အလောင်းကို ပြန်တွေ့ရ၏။

သူမ မျက်လုံးမှိတ်ထားသည်။ သူမမျက်နှာမှာ အသက်မရှိသော်လည်း ငြိမ်းချမ်းမှုအသွင်ကိုဆောင်၏။

ဟယ်ရီသည် ဒူးထောက်ချကာ ကိတ်၏အလောင်းကို ပွေ့ယူလိုက်သည်။

သူ့မျက်လုံးများ မျက်ရည်ဝဲနေ၏။ ။

စိုးသီဟ

www.burmeseclassic.com